PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည့်တော်သာခရီး

ဒုတိယပိုင်း

ဦးသန့် ရေးသည်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည့်တော်သာခရီး

ဒုတိယပိုင်း

ရေးသူ-ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

တချို့ စာမျက်နှာများ အနည်းငယ် ဂါးနေပါသဖြင့်

သည်းခံ ဖတ်ပေးကြပါရန်

ကြိုတင်အသိပေး မေတ္တာရပ်ခံပါသည်။

မြည့်တော်သာစရိုး

ဒုတိယပိုင်း

ရေးသူ-ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

အမှောင်ခွင်း၍အလင်းဆောင်မှာ

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ပဌမနှိပ်ခြင်း ၁၉၆၁ ခု မေလ။

စာပေဗိမာန်ပုံနှိပ်တိုက်၊ ၃၆၁ ပြည်လမ်းတွင်ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံထုတ်ဝေသည်။

စကားပလ္လင်

ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့မှ စ၍ အချုပ်အချာ အာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့သော်လည်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ် တော်လှန်ရေးကဏ္ဍ၊ နိုင်ငံရေး ဒီရေလှိုင်းကြီးများကို ပြန်လည်သုံးသပ်လျက် ပြုစုရေး သားထားသော ကျမ်းတစောင်တဖွဲ့မျှ မရှိသေးသည့်အတွက် ၁၉၅၄ ခုနှစ်အတွင်းက နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ယခုစာရေးသူအား ပစ္စုပ္ပန် မြန်မာနိုင်ငံသမိုင်း သဘော သက်ရောက် သော ဗမာ့ကြိုးပမ်းမှု ကျမ်းတစောင်ကို ရေးသားပြုစုရန် ညွှန်ကြားခဲ့လေသည်။

ထိုသို့ညွှန်ကြားထားချက်အရ၊ ကိုးကားဖွယ် စာရွက်စာတမ်းများ၊ ပုံနှိပ်ပြီး စာအုပ်များ၊ မိန့်ခွန်းများ၊ အစီရင်ခံစာများကို ရနိုင်သမျှ စုဆောင်းပြီးလျှင် အလုပ်မှ အားလပ်သည့် အချိန် များတွင် အထက်ဖော်ပြပါ အချက်အလက်များအတိုင်း၊ ဤ(ပြည်တော်သာခရီး) အမည်ရှိ ကျမ်းကို ပြုစုရေးသားခဲ့၏။ ၁၉၅၄ ခု အလယ်လောက်တွင် ပဌမတွဲကို ရေးသားပြုစုပြီးရာ၊ ဝန်ကြီးချုပ်၏ ဆန္ဒအရ၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တော်လှန်ရေး ဆောင်ရွက်မှု လုပ်ငန်းကြီး များတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြသော နိုင်ငံရေး ခေါင်းဆောင်ကြီးအချို့နှင့် စစ်ဖက် ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်ကြီးအချို့အား စာမူကို တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြရာတွင် အရေး အသားနှင့် စပ်လျဉ်း၍သော်၎င်း၊ အချက်အလက်နှင့် စပ်လျဉ်း၍သော်၎င်း အဖိုးတန်သော အကြံဉာဏ်များ ပေးကြသော ဝန်ကြီး ဦးဝင်းမောင်(ယခု နိုင်ငံတော် သမ္မတကြီး)၊ ဝန်ကြီး ဦးကျော်ငြိမ်း၊ ဝန်ကြီး သခင်တင်၊ ဝန်ကြီး ဦးတင်၊ ဝန်ကြီး ဦးခင်မောင်လတ်၊ ဝန်ကြီး ဦးထွန်းဝင်း၊ ဝန်ကြီးသခင်သာခင်၊ ဝန်ကြီး ဗိုလ်မင်းခေါင် အစရှိသည့် ပုဂ္ဂိုလ်ကြီးများအား အထူးကျေးဇူးဉပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ထို့နောက် ၁၉၅၄ ခု နောက်လများနှင့် ၁၉၅၅ ခုနှစ်အတွင်း၌ စာရေးသူသည် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတကာလှည့်လည်ရာတွင် လိုက်ပါရပြီးနောက် ပြန်လည်ရောက်ရှိလာသော အခါ ဆက်လက်ရေးသားခဲ့ရာ၊ ဒုတိယတွဲကို ၁၉၅၆ ခုနှစ်အတွင်း ရေးသားပြီးစီးလေသည်။ ထို့နောက်တတိယတွဲကို ဆက်လက်ရေးသားနေစဉ်ပင် နယူးယော့မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖြစ်၊ နိုင်ငံတော်အစိုးရက ရွှေ့ပြောင်းအမှုထမ်းစေခဲ့ ၏။ ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းများကို၎င်း၊ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဟောပြောခြင်း

ပြည်တော်သာခရီး

အသံလွှင့်ခြင်း စသည်တို့ကိုရင်း ဆောင်ရွက်နေရခိုက်တွင်၊ အားလပ်သည့်အခါများ၌ ဆက်လက်ရေးသားခဲ့ရာ၊ ၁၉၅၈ ခုနှစ်မကုန်မီ တတိယတွဲကို ရေးသားပြီးစီးလေသည်။

ဤ (ပြည်တော်သာခရီး) အမည်ရှိသော ကျမ်းကို ပြုစုရေးသားရာ၌၊ ဗမာ့ကြိုးပမ်းမှုလုပ်ငန်းကြီးတရပ်လုံးကို တိတိကျကျ ပြည့်ပြည့်စုံစုံ တင်ပြရန် မဖြစ်နိုင်သည်ကို ဝန်ခံပါသည်။ ထိုသို့ပြည့်စုံစွာ ပြုစုနိုင်ရန်အတွက် နိုင်ငံကြီးများတွင် တွေ့နိုင်သော စာပေစုဆောင်းမှု ဌာနများ၊ မာတိကာတပ်၍ ရှာဖွေရန် လွယ်ကူသည့် ခေတ်စာကြည့်တိုက် စသည်များ၊ ဌာနအသီးအသီးနှင့် မပြတ်ဆက်သွယ်၍ အချက်အလက် ဖလှယ်မှုများ၊ ဝိုင်းဝန်းကူညီ ရှာဖွေပေးမည့် သုတေသီများ အပြည့်အစုံနှင့် ဆောင်ရွက်ပါမှသာလျှင် ပြီးမြောက်အောင်မြင်နိုင်မည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။ ထို့ကြောင့် ဤကျမ်းတွင် အကြောင်းအရာများ အပိုအလိုရှိခဲ့သော်၊ အချက်အလက်များပေါ်တွင်မှီး၍ အဓိပ္ပါယ်ကောက်ရာ၌ ချွတ်ယွင်းခဲ့သော်၊ စာရေးသူ၏တာဝန် လုံးလုံးသာဖြစ်ပါသည်။

ဤကျမ်းကိုပြုစုရာ၌ တခုတည်းသော အာသီသမှာ၊ ဗမာ့ကြိုးပမ်းမှု လုပ်ငန်းကြီးကို မပိုမလို မြန်မာပြည်သူလူထုကြီးရှေ့မှောက်သို့ တင်ပြရန်သာ ဖြစ်ပါသည်။ ထိုသို့သော ကြိုးပမ်းမှုကြီး၏ အာနိသင်ကို ကောင်းစွာ သဘောပေါက်ကြလျက်၊ ဗမာ့ပန်းတိုင်ကိုလည်း မျက်ခြည်မပြတ်ကြည့်ရှုနိုင်ကြပါရန်ရည်ရွယ်ချက်ရှိပါသည်။ ထိုသို့ကြိုးပမ်းမှု၏ အကျိုးအာနိသင်ကိုရင်း၊ ပန်းတိုင်၏ သဘာဝကိုရင်း ကောင်းစွာ သဘောပေါက်နိုင်ကြလျှင်၊ စည်းလုံးမှု၏ အင်အားနှင့် မှန်ကန်သောဝါဒ၏ ဆွဲဆောင်မှု အင်အားတို့ကို သဘောပေါက်နိုင်ကြပေမည်။ ဤကျမ်းကို ဖတ်ရှုသူတို့သည် ထိုကဲ့သို့ သဘောပေါက်လာကြလျှင်၊ စာရေးသူ၏ အဓိက ရည်ရွယ်ချက်သည် ပြည့်ဝ အောင်မြင်မည် ဖြစ်ပါသည်။

မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေသတည်း။

မောင်သန့်

ကမ္ဘာ့ကုလသမဂ္ဂ
နယူးယော့မြို့
၁၉၅၈ - ခု ဒီဇင်ဘာလ ၂၂ - ရက်

မာတိကာ

ခေါင်းစဉ် — စာမျက်နှာ

(က) အဖျက်လုပ်ငန်းများ ၄

ကွန်မြူနစ်ပါတီ၏ နောက်ခံကား ၄
ဖ ဆ ပ လ အဖွဲ့ချုပ်မှ ထုတ်ပြန်သည့် ပဌမကြေညာချက် ၁၀
" " ဒုတိယ ကြေညာချက် ၁၄
ဗိုလ်ချုပ်မိန့်ခွန်း (ကောက်နုတ်ချက်) ၁၉
သခင်နု၏ အဆို ၂၃
ဆုံးဖြတ်ချက် ၂၅
ကာလကတ္တား ကွန်ဖရင့် ၃၅
ဆုံးဖြတ်ချက်များ ၃၆
တပ်မတော်မှ သစ္စာဖောက်တော်ခိုသူများ ၄၁
ဆူပူမှုနှင့်သပိတ်များဖန်တီးခြင်း ၄၃
တော်လှန်ပုန်ကန်မှုများ ၄၄
ညှိနှိုင်းရွေးမှုများ ၄၈
လုပ်ငန်းစဉ် ၁၄ ချက် ၅၀
သတင်းစာများ၏ ကောက်နုတ်ချက်များ ၆၀
ဆာဦးသွင်၏ ငြိမ်းချမ်းရေးအဖွဲ့ ၆၆

(ခ) ကေ အင် ဒီ အို သောင်းကျန်းမှုများ ပေါ်ပေါက်လာခြင်း ၇၃

ကရင်အမျိုးသားသမိုင်း ၇၃
စစ်မဖြစ်မီခေတ် ၇၄
ဂျပန်ခေတ် ၇၆
စစ်ပြီးခေတ် ၇၉
ပုန်ကန် သောင်းကျန်းခြင်း ၈၆
ကရင်နီနယ်များ ၈၆

မာတိကာ

ခေါင်းစဉ် | စာမျက်နှာ

အစိုးရ ကျေညာချက် ၈၈
ကေ အင် ယူ အဖွဲ့၏မေတ္တာရပ်ခံချက် ၉၀
(၁) ကရင်နှင့်လွတ်လပ်ရေးစာစောင်သစ်မှ ကောက်နုတ်ချက်များ ၉၃
(၂) ကရင်နှင့် နိုင်ငံရေးပြဿနာမှ ကောက်နုတ်ချက်များ ၉၅
(၃) လွတ်လပ်ရေး လမ်းစဉ်မှ ကောက်နုတ်ချက်များ ၁၀၃
ကင့်ဗဲလ်နှင့် တူးလောက်.... .... ၁၀၈
သထုံနှင့်မော်လမြိုင်တို့ကို အငိုက်တွင် ဝင်ရှစီးခြင်း ၁၁၂
ကေ အင် ယူ ညီလာခံ ဆုံးဖြတ်ချက်များ.... .... ၁၁၅
စောဘဦးကြီး၏ ပြောဆိုချက် ၁၁၉
အထူး အမိန့်ပြန်တမ်း ၁၂၄
တွံတေးတွင် ရက်စက်ကြမ်းကြုတ်စွာ ပြုမူနေကြခြင်း ၁၂၅
အင်းစိန်ခံတပ် ၁၂၇
မန်းဝင်းမောင်၏ သံကြိုး ၁၂၉
ရှစ်ဦးကော်မီတီ ၁၃၀
သောင်းကျန်းမှုအတွက် အကြောင်းပြချက် ၁၃၂
မေဂျာဝုဒရော ဝိုင်ယက်၏ အသံလွှင့်ပြောကြားချက် ၁၃၄
ကေ အင် ဒီ အိုသောင်းကျန်းမှုကြီး ၁၃၉
လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း.... .... ၁၄၂
သတင်းစာများ၏ အာဘော် ၁၄၃
ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစိုးရကျေညာချက် ၁၄၉
ကရင်ပြည်နယ်အတွက် တိုက်ပွဲများ ၁၅၃
ဧပြီလ ငြိမ်းချမ်းရေး စေ့စပ်မှုများ ၁၅၄
မိတ္ထီလာ အထူးအမြန် ၁၅၅
ကရင်စစ်တပ် သစ္စာဖောက်ခြင်း ၁၅၆
လက်နက် ခဲယမ်းမီးကျောက်များ ရရှိကြပုံ ၁၅၇
သစ္စာရှိ ကရင်များ.... .... ၁၅၉
အမှုထမ်းများ၏ သပိတ် ၁၆၀
နေထိုင်မှု စရိတ်ပြဇယား (ရန်ကုန်မြို့) ၁၆၄
ရန်ကုန်မြို့လုံးဆိုင်ရာ မဟာသံဃ အဖွဲ့ပေါင်းစုံ၏ မေတ္တာရပ်ခံချက် ၁၆၇

မာတိကာ

ခေါင်းစဉ် | စာမျက်နှာ

(ဂ) နိုင်ငံခြား အမြင် ၁၇၂

လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များ ၁၈၅
ဝန်ကြီးချုပ်၏ အသံလွှင့်မိန့်ခွန်း ၁၈၆
တပ်မတော်နှင့် ပြည်သူလူထု၏ ပူးပေါင်းချက် ၁၉၃

(ဃ) ကွန်မြူနစ် ရက်စက်မှုကြီးများ.............. .... ၂၀၂
၃-၅-၅၁ ရက်နေ့ထုတ် ပါဘီဘွင်းစာစောင်မှ ကောက်နုတ်ချက်များ.... .... ၂၀၇
၁၁-၇-၅၁ ရက်နေ့ထုတ် ပါတီတွင်းစာစောင်မှ ကောက်နုတ်ချက် ၂၀၈
၂၆-၇-၅၁ ရက်နေ့ထုတ် ပါတီတွင်းစာစောင်မှ ဖော်ပြချက် ၂၁၀
ကိုကျောက်လုံးသိတဲ့ ဒီမိုကရေစီ တော်လှန်ရေး ၂၁၀
ကွန်မြူနစ် တပ်သားကလေးများ၏ ဒုက္ခ ၂၂၆
ကွန်မြူနစ် ကြီးကြီးဗိုလ်တွေရဲ့ အကျင့်အကြံများ ၂၂၆
ကွန်မြူနစ်တို့၏ ဟန်ဆောင်ပေါင်း ငြိမ်းချမ်းရေး ၂၂၇
စစ်မာနတွေဝင်နေတဲ့ ကွန်မြူနစ်တွေတဲ့.... .... ၂၂၈
ကွန်မြူနစ် တပ်တွင်းမှ အပုပ်နံ့ကြီး ၂၃၁
ကွန်မြူနစ်တို့၏ ဟန်ဆောင် ငြိမ်းချမ်းရေး ၂၃၃
ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစုဗဟိုစည်းရုံးရေး ကော်မီတီနှင့် ဗမာပြည်
ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီတို့၏ ပူးတွဲကျေညာချက်.... .... ၂၃၄
ကွန်မြူနစ်သူပုန်တို့၏ မြေပေါ် မြေအောက် စစ်ရေးနှင့် နိုင်ငံရေးပရိယာယ်များ
ကို သုံးသပ်ချက်.... .... ၂၃၈

(င) ကေ အမ် တီ ကျူးကျော်မှု ၂၄၅
ကုလသမဂ္ဂသို့ တင်ပြခြင်း ၂၅၁
(စ) စစ်ဆင်မှုများ.......... .... ၂၅၆
(၁၉၅၁- ခု နိုဝင်ဘာလမှ ၁၉၅၂ ခု ဖေဖော်ဝါရီလအထိ)
(ဆ) ကွန်မြူနစ်တို့၏ လျှာနှစ်ခွ လမ်းစဉ်....... .... ၃၃၀
ပြည်တွင်းစစ်ရပ်စဲရေး ကြွေးကြော်သံများ ၃၃၄
ကွန်မြူနစ်တို့၏ လက်သီးပုန်း ၃၄၁

(က) အဖျက်လုပ်ငန်းများ

ကွန်မြူနစ်ပါတီ၏ နောက်ခံကား

ပြည်တော်သာ ခရီး အခန်း (၁) တွင် လွတ်လပ်ရေး ကြိုးပမ်းမှုကို ဖော်ပြခဲ့ရာ ဂျပန်လက်အောက်တွင် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာပုံနှင့် ဖ ဆ ပ လ ခေါင်းဆောင်၍ လွတ်လပ်ရေး ကြိုးပမ်းမှုတို့ကို ဖော်ပြခဲ့ ပြီးလေပြီ။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဖ ဆ ပ လ ပြည်သူ့တပ်ဦး၏ အင်အားစုတရပ် အနေဖြင့် မူလကပင် ပါဝင်ခဲ့၍ အခြားအင်အားစုများ နည်းတူ လွတ်လပ်ရေး ကြိုးပမ်းမှု လုပ်ငန်းများတွင်လည်း အထိုက်အလျောက် ဆောင်ရွက်ခဲ့သည်ကို မဖော်ပြ၍ မဖြစ်ပေ။ သို့ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိပြီးနောက် သုံးလမျှမကြာသေးမီ ကွန်မြူနစ်များ တောခို၍ ပုန်ကန်သောင်းကျန်းကြခြင်းကို ဤအခန်းတွင် ဖော်ပြပေအံ့။ ထိုသို့ မဖော်ပြမီ ကွန်မြူနစ်ပါတီ၏ နောက်ခံ အကြောင်း များကိုလည်း ဖော်ပြရန် အရေးကြီးပေသည်။

ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးတွင် ကွန်မြူနစ်ပါတီသည် အင်အားစု တခုအနေဖြင့် ပါဝင်စဉ်ကပင် ခေါင်းဆောင်များ အချင်းချင်း မသင့်မတင့်ကြပေ။ အထူးသဖြင့် မြေအောက်၌ လျှို့ဝှက်၍ စခန်းသွားရင်း သာ အချိန်ကုန်ခဲ့သော သခင်စိုးနှင့် ဂျပန်ခေတ်က ဝန်ကြီး တဦးဖြစ်ခဲ့ဘူးသော သခင်သန်းထွန်းတို့သည် တဦးနှင့် တဦး အာဃာတ များစွာ ထားခဲ့ကြ၏။ သခင်စိုး၏ အယူအဆကား ကွန်မြူနစ်ပါတီသည် တော်လှန်ရေး ပါတီတခုသာ ဖြစ်သဖြင့် တော်လှန်ရေး လမ်းစဉ်ကို လိုက်သူတို့သာလျှင် တကယ့်ခေါင်းဆောင်မှုကို ပေးနိုင်မည်ဟုဆို၏။ ရာထူးစည်းစိမ်ကို မက်မောသူတို့မှာ ခေါင်းဆောင်မှု ပေးနိုင်ခြင်း မရှိဟု သခင်စိုးက အတည့် အလင်း ပြောဆို ရေးသားခဲ့၏။ သခင်သန်းထွန်းကမူ နိုင်ငံရေးဆိုသည်မှာ ပရိယာယ်နှင့် တော်လှန်ရေးတို့ ယှဉ်တွဲနေသော လောင်းကစားမှု တမျိုး ဖြစ်၍ တော်လှန်ရေးတခုတည်းသာ လျှင် အဓိက မှတ်ကျောက် မဟုတ်ဟု ဆို၏။ ထိုကဲ့သို့ လုပ်ငန်း အယူအဆချင်း ကွဲပြားသော သူနှစ်ဦးသည် ကွန်မြူနစ်ပါတီအတွင်း၌ မူလကပင် ပဋိပက္ခ ဖြစ်ခဲ့ ကြရလေသည်။

ထို့နောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီတွင် သခင်စိုး၏ နောက်လိုက်

ဦးရေပို၍ ထားရမည်။သို့မဟုတ် သခင်သန်းထွန်း၏ နောက်လိုက်ဦးရေပို၍ထား ရမည်ဟူသော အချင်းဖြစ်ပွါး၍ သခင်စိုးနှင့် ဘက်တော်သားတို့သည် ၁၉၄၆ ခု မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှခွဲထွက်ပြီးလျှင် ကွန်မြူနစ်ပါတီဗမာပြည် (အလံနီ)အဖွဲ့ကိုတည်ထောင်လိုက်ကြလေသည်။ထိုကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန်အနေဖြင့် ၎င်း ပါတီတွင်းအာဏာလုမှုကြောင့်၎င်း ခွဲထွက်ကြပြီးနောက် တဖက်နှင့်တဖက် အပြန်အလှန် ရှုတ်ချရေးသားကြသော စာများသည် ငယ်ကျိုး ငယ်နာများကို ရက်ရက်စက်စက် ဖော်ပြသောစာများဖြစ်သည်ကို တွေ့ရလေသည်။ဥပမာအား ဖြင့်ဖော်ပြရလျှင်သခင်စိုးကသခင်သန်းထွန်းအားဂျပန်တော်လှန်ရေးကိစ္စအတွက် စုဆောင်းထားသော ရွှေများကို ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်သည်ဟု စွပ်စွဲလေသည်။ထို့ပြင်ဂျပန်ခေတ်ဝန်ကြီးဖြစ်စဉ်ကဖျာပုံမှလယ်ပိုင်ရှင်သူဌေးကြီး တဦး၏ သမီးကို မိမိနှင့်လက်ဆက်ထိမ်းမြားရန်စကားကမ်းလှမ်းခဲ့ဘူးကြောင်း။ ထိုသို့စကားကမ်းလှမ်းသောအခါ သခင်သန်းထွန်းအား (ဂျပန်လုပ်ရွှေကြာပင်) ဟု ပြောလှောင်လိုက်ကြောင်းစသည်တို့ကိုဖော်ထုတ်၍ သခင်သန်းထွန်းသည် ဣတ္ထိ ယ သိုက်တူးသမားဖြစ်သည်ဟု သခင်စိုးက စွပ်စွဲရေးသားလေသည်။ သခင်သန်း ထွန်းကလည်း တုံ့ပြန်လက်စားချေသောသဘောဖြင့် သခင်စိုးအား ပဌမမယား ကြီး၏ညီမကို အဓမ္မကြံ၍ယူပြီးနောက်ညီမနှင့်ရပြီးလျှင် တတိယမယားကိုသူပြီး တဖန် ထိုတတိယမယားကို စွန့်ပစ်၍မိမိ၏ ပါတီဝင်တဦးလက်မှ အမျိုးသမီးတဦး အားယူပုံအကြောင်းများကိုဖော်ထုတ်၍ လူယုတ်မာတဏှာရူးဟုပြန်လှန်စွပ်စွဲခဲ့ ၏။ထိုသို့အပြန်အလှန်စွပ်စွဲကြပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကွန်မြူ နစ်ပါတီ ဗမာပြည်တို့သည် အကွဲကြီးကွဲခဲ့ကြလေသည်။ ထိုပါတီနှစ်ခုကို ကွဲပြား ခြားနားစေခြင်းငှါ အလံဖြူကွန်မြူနစ်ပါတီနှင့် အလံနီကွန်မြူနစ်ပါတီဟု ခေါ် စမှတ်ပြုကြ၏။

သခင်စိုးသည် စာဖတ် စာရေး အလွန်ဝါသနာပါသူ ဖြစ်၍ မကြောက်မရွံ့ ရဲရဲ ဝံ့ဝံ့ ဝါဒဖြန့်သည့် အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်၏။ ကိုယ်ကျင့် တရားလုံးဝကင်းမဲ့၍ အလွန်ရက်စက်ကြမ်းကြုတ်ပြီးလျှင် သည်းခံခြင်းတရားကို တလုံးတပါဒမျှ နားမလည်ပေ။ သူ၏ဝါဒမှာ ကွန်မြူနစ်ဝါဒဟု အမည်တပ်ထား သော်လည်းမင်းမဲ့ဝါဒသာဖြစ်လေသည်။ ဆင်းရဲသားလူတန်းစားတို့သည် ချမ်း သာကြွယ်ဝသောသူများထံမှ လုယက်ခိုးဝှက်တိုက်ခိုက်ပြီးနောက် မိမိတို့၏ ဘဝ သစ်ကို ဖန်တီးရမည်ဟူသော ဝါဒပင်တည်း။သူ၏ နောက်လိုက်များမှာ အများ အားဖြင့် ပညာကင်းမဲ့၍ အကြမ်းနည်းအားဖြင့် မိမိတို့၏ စားဝတ်နေ ပြဿနာ

ကြီး သုံးရပ်ကို ဖြေရှင်းလိုကြသူများ ဖြစ်လေသည်။ မူလက သခင်စိုး၏ ပါတီတွင် အသင်းဝင်ဟူ၍ ၃၀ လောက်သာ ရှိ၍ လုယက် တိုက်ခိုက်ရန် ဝါသနာပါသူ နောက် လိုက် သုံးလေးရာခန့်သာ ရှိလေသည်။ သူ၏ ပါတီဩဇာညောင်းသော ဒေသများ မှာသူ၏ဟောပြောချက်ကိုယုံကြည်ကြသူများ နေထိုင်ရာဒေသများဖြစ်လေသည်။ သခင်စိုးတွင် မအူပင်၊ ဖျာပုံနှင့် ဟံသာဝတီ ခရိုင်များ၌ မြန်မာ နောက်လိုက်ငယ် သားနှင့် ကရင်နောက်လိုက်ငယ်သား အတော်အတန်ရှိ၍ ပခုက္ကူနှင့်အောက်ချင်း တွင်း ခရိုင်များတွင် မြန်မာနောက်လိုက်ငယ်သားများရှိလေသည်။ သူ၏ထူးဆန်း သော နိုင်ငံရေး ဝါဒတရပ်မှာ စောဘဦးကြီး၏ ကေအင်ဒီအိုများကို မိမိ၏ အလံ နီကွန်မြူနစ်များနှင့် ပူးပေါင်း၍ အစိုးရကို ပုန်ကန်ရန် တဖက်တွင် အားသွန်၍ ကြိုးစားသော်လည်း အခြားတဖက်တွင် စောဘဦးကြီးသည် နယ်ချဲ့သူလျှို တဦး ဖြစ်သည်ဟု မကြာခဏ စွပ်စွဲပုတ်ခတ် လေသည်။ ထို့ကြောင့် ကေအင်ဒီအိုများ သည် အလံနီ ကွန်မြူနစ်များနှင့် တခါတရံ ပူးပေါင်း၍ တခါတရံ သီးခြား ခွဲထွက် နေကြသည်ကို တွေ့နိုင်ပေသည်။

သခင် သန်းထွန်း ခေါင်းဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီသည် ဂျပန် ကို တော်လှန်သော ခေတ်တွင် အခြား အင်အားစုများနှင့် အတူ ဖ ဆ ပ လ တပ်ဦး ကြီးကို ခိုင်ခံ့အောင် တည်ဆောက်ခဲ့သည်။ သို့ရာတွင် ကိုယ်ကျိုးရှာမှု၊ ရာထူးလုမှု ပြင်ပမှ ပယောဂများ ပူးဝင်မှုတို့ကြောင့် သူတို့၏ ခြေလှမ်းကို ဖ ဆ ပ လ ခေါင်း ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြား ဖ ဆ ပ လ ခေါင်းဆောင်တို့သည် စိတ်မချမ်း မသာ ဖြစ်ခဲ့ ကြရလေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် ဖ ဆ ပ လ အင်အားစု တခု ဖြစ်ခဲ့သော်လည်း ထိုအဖွဲ့ချုပ်ကြီးကို ခွ၍ ကြိုးကိုင်လို၏။ ချယ်လှယ်လို၏။ သူတို့နှင့် အယူအဆချင်းမတူသော လုပ်ဖော် ကိုင်ဖက်များကိုပင် မညှာမတာ ဝေဖန်ခဲ့၏။ ဆဲရေးပုတ်ခတ်ခဲ့၏။ ထိုမျှသာမကသေး၊ ခေါင်းဆောင် ကြီး ဗိုလ်ချုပ် အောင်ဆန်းကိုပင် နယ်ချဲ့လက်ကိုင်တုတ် လက်ပါးစေဟူ၍ ကွန်မြူ နစ်လူထုတရားပွဲများတွင် အတည့်အလင်း ကြွေးကြော် လာကြ၏။ ကွန်မြူနစ်ပါ တီ၏ အာဘော်ဖြစ်သော 'ပြည်သူ့ အာဏာ' ဂျာနယ်တွင် ၁၉၄၆ ခုနှစ်က စ၍ ဖ ဆ ပ လ ဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၏ လုပ်ငန်းစဉ် တို့ကိုပင် အတည့်အလင်း ပြင်းပြင်း ထန်ထန် ဝေဖန်ထားသည်ကို တွေ့ရ၏။ ဗိုလ် ချုပ် အောင်ဆန်း ပြောသော မိန့်ခွန်းများသည် ဖ ဆ ပ လ ၏ အာဘော်မဟုတ်၊ မိမိတဦးတည်း ထင်မြင်ချက်မျှသာ ဖြစ်သည်ဟု အတည့်အလင်း စွပ်စွဲထားသည်ကို လည်း တွေ့ရ၏။

ထိုနောက် ထိုနှစ်အတွင်း၌ပင် ဖ ဆ ပ လ အထွေထွေ အတွင်းရေးမှူး နေရာအတွက် ဗိုလ်ချုပ် အောင်ဆန်းက ဦးကျော်ငြိမ်းအားအရွေးခံရန် အဆိုတင်သွင်းခဲ့ရာ သခင်သန်းထွန်းက အားစမ်းသော အနေဖြင့် ဦးသိန်းဖေ (တက်ဘုန်းကြီး) ကို ယှဉ်ပြိုင်၍အဆိုသွင်း၏။ ဗိုလ်ချုပ်အောင်ဆန်းသည် သခင်သန်းထွန်း၏ အဆိုကို ရုပ်သိမ်းပါရန် မေတ္တာရပ်ခံ၏။ သို့ရာတွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် အင်အားပြိုင်လိုသော သခင်သန်းထွန်းသည် မိမိ၏အဆိုကို မရုပ်သိမ်းဘဲအတင်းမဲခွဲ စေ၏။ ထို့နောက်ဗိုလ်ချုပ်အောင်ဆန်းအဆိုသွင်းသည့် ဦးကျော်ငြိမ်းပင်လျှင် ဖ ဆ ပ လ အထွေထွေ အတွင်းရေးမှူးနေရာတွင် အရွေးခံရလေသည်။ သို့ရာတွင် သူတို့၏အဆိုတင်သွင်းချက် ရှုံးနိမ့်သွားသော်လည်း ဒီမိုကရေစီဝါဒ အရ ဖ ဆ ပ လ အတွင်းရေးကိစ္စများကို မျိုသိပ်၍ မထားနိုင်ဘဲ ဗိုလ်ချုပ် အောင်ဆန်းအား ဝေဖန်ချက်သည် ပိုမိုပြင်းထန်၍ သာလာခဲ့လေသည်။

ထိုကဲ့သို့ ကွန်မြူနစ်တို့သည် မိမိတို့ပါဝင်ဆောင်ရွက်လျက်ရှိသော ဖ ဆ ပ လ အဖွဲ့ကြီးကိုသော်၎င်း၊ ဖ ဆ ပ လ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုသော်၎င်း၊ အတည့်အလင်း ရှုတ်ချဝေဖန်လျက်ရှိခဲ့ရာ ဖ ဆ ပ လ အဖွဲ့ချုပ် ဗဟိုအမှုဆောင် အဖွဲ့က ၁၉၄၆ ခု အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီအား ထုတ်ပယ်လိုက်ရလေသည်။ ဖ ဆ ပ လ အမှုဆောင်အဖွဲ့၏ ကြေညာချက်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဖ ဆ ပ လ အဖွဲ့ချုပ်မှ ထုတ်ပြန်သည့်
ပဥ္စမကြေညာချက်

(၁) ဂျပန်များ ဗမာပြည်တွင် ရှိစဉ် ဗိုလ်ချုပ်အောင်ဆန်း၏ အကြံဥာဏ်ပေးချက်အရ ဖ ဆ ပ လ အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပေသည်။ ထိုသို့ ဖွဲ့စည်းစဉ်အခါက ကွန်မြူနစ်များသည် ဖ ဆ ပ လ တခုလုံးနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် အခြားအဖွဲ့ချုပ်ဝင်များကိုအသိမပေးဘဲ ပုဂ္ဂိုလ်အချိနာမည်ရမှုအတွက် ပြုမူခဲ့ပေသည်။ ထင်ရှားသော ဥပမာ တခုကို ပေးရမည်ဆိုလျှင် အိန္ဒိယပြည်သို့ မဟာမိတ် စစ်ဌာနချုပ်က လူငယ်များ ပို့ပေးရေး ကိစ္စတွင် ကွန်မြူနစ် သခင်သန်းထွန်းသည် သူတဦးတည်းသဘောဖြင့် ဆောင်ရွက်ခဲ့ပေသည်။

(၂) ရန်ကုန်မြို့ကို မဟာမိတ် စစ်တပ်များ သိမ်းပိုက်ပြီးနောက် ဖ ဆ ပ လ

အဖွဲ့ချုပ်ကို လူသိနတ်ကြားကြေညာ၍ တတိုင်းတပြည်လုံး၏ အားပေးထောက်ခံမှု ပါဝင်ဆောင်ရွက်မှုကို ရရှိအောင် ဆောင်ရွက်ခဲ့ပေသည်။ ထိုအခါ ကွန်မြူနစ်များသည် သွေးနထင်ရောက်ကာ မှောက်မှားသောလမ်းစဉ်များကိုလိုက်၍ ယခုအခါ ဆိုရှယ်လစ်ဆိုသူများနှင့် ပဋိပက္ခဖြစ်မှုကို ပြင်းထန်စေခြင်းအားဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်၏ရန်သူများကို အားတက်စေခဲ့သည်။

(၃) ထို့နောက် ဖ ဆ ပ လ အဖွဲ့ချုပ်ကို နေသူရိန်အစည်းအဝေးတွင် သဘောထား စည်းကမ်းများ ထပ်မံ ရှင်းလင်း သတ်မှတ်၍ တိုးချဲ့ဖွဲ့စည်းခဲ့လေသည်။ ကွန်မြူနစ်များသည် ဦးကြွ ဗိုလ်ချုပ်အောင်ဆန်း၏ နာမည်ကို၎င်း၊ ဖ ဆ ပ လ အဖွဲ့ချုပ်၏ နာမည်ကို၎င်း အလွဲသုံးစားပြုကာ မလိမ့်တပတ် နည်းများဖြင့် တိုင်းပြည် လူထုအချို့ကို သူတို့ပါတီ အတွင်းသို့ သိမ်းသွင်းခဲ့လေသည်။ ထို့ပြင်လည်း ဖ ဆ ပ လ အဖွဲ့ချုပ်တွင် တာဝန်ခံအဖြစ် ဆောင်ရွက်နေကြသော ကွန်မြူနစ်များသည် ဖ ဆ ပ လ လုပ်ငန်းများထက် ပါတီလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဖ ဆ ပ လ ဆုံးဖြတ်ချက်များကို ကောင်းစွာ မလိုက်နာဘဲ အတွင်းကြိတ်အားဖြင့် တမျိုးလုပ်ကိုင်ခြင်း စသည်အားဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်၏ လုပ်ငန်းများကို၎င်း၊ အင်အားကို၎င်း ပျက်စီး စေခဲ့ပေသည်။

(၄) ဖ ဆ ပ လ အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များကို လိုက်နာရမည် ဆိုသော စည်းကမ်းချက်ကိုလည်း ကွန်မြူနစ်များသည် အကြိမ်ကြိမ် အဖန်ဖန် ဖောက်ပြန်ခဲ့ပေသည်။

(၅) ဖ ဆ ပ လ ဗဟိုအလုပ်အမှုဆောင် အဖွဲ့တွင် ပါဝင်သော ကွန်မြူနစ်ခေါင်းဆောင်များသည်လည်း အတွင်းတမျိုး အပြင်တဖုံ ဆောင်ရွက်၍ အခြား ဖ ဆ ပ လ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို တိုင်းပြည်က အထင်မှား အမြင်မှားအောင် အတွင်းရေးများကို မိမိတို့လိုရာသို့ဆွဲငင်၍ ထုတ်ဖော်ရေးသားခဲ့ပေသည်။

(၆) ဦးကြွ ဗိုလ်ချုပ်အောင်ဆန်းကို၎င်း၊ ဖ ဆ ပ လ အဖွဲ့ချုပ်ကို၎င်း တိုးတိုးတဖုံ ကျယ်ကျယ် တမျိုး ကွန်မြူနစ်များသည် မဟုတ်မတရား စွပ်စွဲပြောဆိုကြပေသည်။

ယခုနောက်ဆုံး ဖ ဆ ပ လအဖွဲ့ချုပ်ကအစိုးရအဖွဲ့သို့ဝင်ရောက်ရေးကိစ္စများကို ဆွေးနွေးကြစဉ် အခါ၌လည်း ကွန်မြူနစ်ခေါင်းဆောင်များသည် ပဥ္စမတွင် ရာထူး

နေရာတောင်းခဲ့ပေသည်။ သို့သော် ရာထူး ၂ နေရာ မရနိုင်ဟု သိမြင်သည့် အခါ ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးများကိုရံဖန်ရံခါ တဦးမျှမတက်ဘဲ ရံဖန်ရံခါ တဦးတလေမျှသာ တက်ခဲ့လေသည်။ ဤကဲ့သို့ မမှန်တမှန်တက်ပြီး အစည်းအဝေးများက ဆုံးဖြတ်ချက်များ ချမှတ်ပြီးသည့်အခါရင်း၊ ဆုံးဖြတ်ပြီး၍ အတော်ဆောင်ရွက်ပြီးသည့်အခါရင်း၊ ဟိုဟာ ပြင်ချင်၊ သည်ဟာ ဖြည့်စွက်ချင် အစရှိသည်ဖြင့် ဖ ဆ ပ လ ကို ခြေထိုးမှုများ ပြုလုပ်ခဲ့ကြသည်။

လွန်ခဲ့သော သပိတ်ကိစ္စတွင် ကျေနပ်လောက်အောင် မရရှိခဲ့လျှင် ဖ ဆ ပ လ ဝန်ကြီးများသည် မည်သို့ ဆောင်ရွက်ရမည်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ရှိပြီးဖြစ်လျက်နှင့်ပင် သပိတ်သမားများ၏ တောင်းဆိုချက်များအားလုံးကို ပေးပါမည်ဆိုသည့် ဘုရင်ခံထံမှ ကတိကိုတောင်းရမည်ဟု ကွန်မြူနစ်အမှုဆောင်များက တိုက်တွန်းပြန်လေသည်။ အထက်ပါ ဆုံးဖြတ်ချက်မချမီ အစည်းအဝေးမှန်မှန်တက်၍ သူတို့ အကြံပေးချက်များကို တင်ပြဆွေးနွေးလျှင် သူတို့အကြံပေးချက်များကို အလုပ်အမှုဆောင် အဖွဲ့က လက်ခံဆွေးနွေးခြင်းမပြုနိုင်စရာအကြောင်းမရှိ။ သို့ရာတွင် သူကို့ ကက်ရောက်လိုသည့် အခါမှ တက်ရောက်ကြပြီး သူတို့ တင်သွင်းလိုသည့် အဆိုအတွက် အလုပ်အမှုဆောင် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပစ်ရမည်ဆိုသည့်သဘောမျိုးကိုကား ဖ ဆ ပ လ အလုပ်အမှုဆောင် အဖွဲ့သည် မည်သည့် နည်းနှင့်မျှ လက်ခံ စဉ်းစားနိုင်မည် မဟုတ်ပေ။

ဤသို့ ခြေထိုးမှုများ ပြုလုပ်ခဲ့သော်လည်း ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များသည် အမှုဆောင်အဖွဲ့ အစည်းအဝေးမှ စဉ်းစားရန် အချိန် အနည်းငယ်တောင်းပြီး အခန်းပြင်ဖက်တွင် ထွက်၍ ဆွေးနွေးပြီးနောက် သဘောတူ ရာထူးလက်ခံမည်ဟု အစည်းအဝေးတွင် သူတို့ဆုံးဖြတ်ချက်ကို ပြောကြားခဲ့ကြသည်။ ဤသို့ ပြောသည့်အတိုင်းလည်း အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ရာထူးလက်ခံကြသောအခါ ကွန်မြူနစ်အတွက် ရထားသော ဝန်ကြီးတနေရာကို ငြင်းပယ်ခြင်းမပြုဘဲ လက်ခံခဲ့လေသည်။ သို့ပင် ဖြစ်လင့်ကစား ကွန်မြူနစ်ပါတီ ပိုလစ်ဗျူရို၏ ထုတ်ပြန်ကျေညာချက်တွင် ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့အား ထင်ယောင်ထင်မှား ဖြစ်စေမည့် တဖက်သတ်စကားရပ်များ ထည့်သွင်းရေးသားခဲ့ပေသည်။ ထို့ပြင် သပိတ်သမားများ၏ အရေးများကို ဖြေရှင်းရာ၌ ကွန်မြူနစ်ဝန်ကြီးပါ အားလုံး သဘောတူဆောင်ရွက်ပေးခဲ့ပါလျက် ဖ ဆ ပ လ ဥက္ကဋ္ဌအားရင်း၊ ဖ ဆ ပ လအဖွဲ့ချုပ်အားရင်း လူထုက ထင်ယောင် ထင်မှား ဖြစ်အောင် ပြည်သူ့ အာဏာသတင်းစာတွင် ရေးသားခဲ့ပေသည်။ သို့ဖြစ်ရာ ဤထိခိုက်သည့် စကားရပ်များကို အတည့်

အလင်း ရုပ်သိမ်း၍ ဖ ဆ ပ လ ဥက္ကဋ္ဌအား တောင်းပန်ရန် ဖ ဆ ပ လ အမှုဆောင်အဖွဲ့က တောင်းဆိုသည့်အခါ ကွန်မြူနစ်ပါတီမှ ရုပ်သိမ်းရန် ငြင်းဆိုခဲ့ပေသည်။

(၇) ကွန်မြူနစ်များ သည် ဖ ဆ ပ လ အဖွဲ့ချုပ်တွင် သဘောတူ လက်ခံခဲ့သော ဆုံးဖြတ်ချက်များကို ဖောက်ဖျက်ကာ သူတို့သဘောနှင့် ထင်ရာစိုင်းခဲ့သဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကို ထိခိုက်သည့် သာဓကများလည်း ရှိသေးသည်။ တခါက အင်္ဂလိပ် စစ်အုပ်ချုပ်ရေး ကက်စဗီနှင့် ပင်း၍ ထိုစဉ်က ဖ ဆ ပ လ အဖွဲ့ချုပ်၏ အပါအဝင်ဖြစ်သော တပ်မတော်နှင့် ဆိုရှယ်လစ်များကိုပင် ဒုက္ခရောက်သွားအောင် ကွန်မြူနစ်များ ကြိုးစားခဲ့သည်မှာ သက်သေအခိုင် အလုံရှိသည်။

သူတို့၏ မှောက်မှားမှုများမှာ ဖ ဆ ပ လ အဖွဲ့ချုပ် အပေါ် သို့ပင် ကျရောက်ခဲ့သော်လည်း ဖ ဆ ပ လ အဖွဲ့ချုပ်သည် နယ်ချဲ့စနစ်ကို တိုက်ဖျက်ရေးတွင် ကွန်မြူနစ်များလည်း ပါဝင်လိုသူများဖြစ်ပြီး သူတို့ မှားပင် မှားသော်လည်း စိတ်ရှည်လက်ရှည် သည်းခံကာ ပြုပြင်လျှင် ရနိုင်မည်ဟု အထင်ရှိကာ အမှားများပြုတိုင်း သူတို့အား ထိရောက်စွာ အရေးမယူခဲ့ဘဲ အကြိမ်ကြိမ် သတိပေးခဲ့သည်။ ယခု နောက်ဆုံး အခြေအနေတွင်ကား သူတို့သည် ပြုပြင်၍ ရမည့်သူများ မဟုတ်သည့်အပြင် ဖ ဆ ပ လ အဖွဲ့ချုပ်၏နာမည်ပျက်ရာပျက်ကြောင်းကို ခါးပိုက်တွင်းသို့ဝင်၍ ပေါက်ရန် ကြံနေသော မြွေပွေးကဲ့သို့ ကြံစည်ကြိုးစားနေကြောင်း ထင်ထင်ရှားရှား တွေ့ရှိရသဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သည် ကွန်မြူနစ်များ အပေါ်တွင် အရေးယူလိုက်ရခြင်းဖြစ်သည်။ ဤအရေးကိစ္စတွင် ဆက်လက်အရေး မယူဘဲထားလျှင် အဖွဲ့ချုပ်ကြီးကိုပါ ထိခိုက်မည်ဖြစ်သဖြင့် ကွန်မြူနစ်များအား ဖ ဆ ပ လ အဖွဲ့ချုပ်အတွင်း အမှုဆောင် အဖွဲ့နှင့် ဦးစီး အဖွဲ့များမှရင်း၊ တာဝန်ခံ ရာထူး အဖွဲ့အသီးအသီးမှရင်း ထုတ်ပယ်ရန် အလုပ်အမှုဆောင်အဖွဲ့ကသဘောတူညီကြသည်။ ထိုသဘောတူညီချက်ကို ဖ ဆ ပ လ အဖွဲ့ချုပ် ဗဟိုဦးစီး အဖွဲ့ အစည်းအဝေးသို့ အတည်ပြုရန် တင်ပြမည်ဖြစ်သည်။

(၈) ဖ ဆ ပ လ ဝန်ကြီးများအားလူထုကအရမ်းထောက်ခံခြင်းကို ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့က အလိုမရှိ။ စည်းကမ်းတကျ ဝေဖန်မှုများနှင့် လမ်းညွှန်မှုများကိုအလုပ်အမှုဆောင်အဖွဲ့က ဝမ်းမြောက်ဝမ်းသာ လက်ခံမည်ဖြစ်သည်။သို့ရာတွင် ဖ ဆ ပ လ အဖွဲ့၏အရိပ်ကိုခိုလှုံပြီး ဖ ဆ ပ လ အပေါ်တွင် တိုင်းပြည်က အကြည်ညိုပျက်အောင် ဟူသောသဘောနှင့် လည်ဆယ်၍ရင်း၊ ကိုယ်လိုရာသို့ ဆွဲယူ၍ရင်း တမင်သက်သက် မတရား

လှုံ့ဆော်ပေးခြင်း စသည့် ခါးပိုက်တွင်းက မြွေပွေးစံနစ်မျိုးကိုကား အလုပ်အမှုဆောင်အဖွဲ့သည် အနည်းငယ်မျှ သည်းခံမည် မဟုတ်ပေ။ ထိုသို့ ခါးပိုက်တွင်းက မြွေပွေးအကျင့်မျိုးကို မကျင့်တမ်းဟူ၍လည်း မူလက ဖ ဆ ပ လ အဖွဲ့ချုပ်၏အတွင်း အဖွဲ့အသီးအသီးက တာဝန်ခံ ပုဂ္ဂိုလ် အသီးသီးသည် သဘောတူ ဆုံးဖြတ်ပြီး ဖြစ်သည်။

(၉) ဖ ဆ ပ လ အဖွဲ့ချုပ်သည် နိုင်ငံရေးကိုပဋ္ဌမ၊အဖွဲ့နှင့်ပုဂ္ဂိုလ်များကို ဒုတိယ ထား၍ နိုင်ငံအကျိုးနှင့် ပါတီ အကျိုး ပုဂ္ဂိုလ်အကျိုး ယှဉ်ပြိုင်လာ လျှင် နိုင်ငံ၏ အကျိုးကို အဓိကထား၍ ပြုလုပ်ရမည်ဟု သဘောတူ ဆုံးဖြတ်ပြီး ဖြစ်သည်။

(၁၀) ကွန်မျူနစ်များသည် ဤသဘောတရားများနှင့် ဆန့်ကျင်ပြီးလျှင် ကွန် မျူနစ်ပါတီသည် ပဋ္ဌမ၊ နိုင်ငံနှင့်အမျိုးသည် ဒုတိယထားကာ ကာယကံ မြောက် လုပ်ကိုင်နေသည်ကို တွေ့ရပေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး အား ဆန့်ကျင်လျက်ရှိသော သတင်းစာအချို့ အဖွဲ့အချို့၏ လမ်းကို လိုက်မှားလျက်ရှိသည်။

ဤသို့လျှင် ကွန်မျူနစ်များသည် ဗမာတပြည်လုံး၏ အကျိုးသာမက ကွန်မျူ နစ်ပါတီ၏ တကယ့်အကျိုးစစ်ကိုပင် ထိခိုက်လျက် မှောက်မှားနေကြပြန်ရာ ဖ ဆ ပ လ အဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့သည် အထက်ပါ ဆုံးဖြတ်ချက်မှတပါး အခြားဆုံးဖြတ်ချက်ကို ချမှတ်ရန် မရှိတော့သည့် အတိုင်း ဤကြေညာချက် စာ တမ်းကို တိုင်းပြည်သို့ ထုတ်ပြန်လိုက်ရပေကြောင်း။

ဖ ဆ ပ လ အဖွဲ့ချုပ်မှထုတ်ပြန်သည့်

ဒုတိယ ကြေညာချက်

(၁) နယ်ချဲ့စံနစ်ကို တတိုင်းပြည်လုံး အင်အားနှင့်ချီ၍တိုက်ဖျက်ကာ မြန်မာ ပြည်၏ လွတ်လပ်ရေးကို အရယူရန် ညီညွတ်ရေးတပ်ဦးကို ဖ ဆ ပ လ အမည်နှင့် ဖွဲ့စည်းခဲ့ရာ၌ မူလ ဖ ဆ ပ လ ယာယီ အမှုဆောင် အစည်း အဝေးမှ ဖ ဆ ပ လ ဝါဒပါတီဂိုဏ်းဂဏများအား ညီညွတ်ရေးကိုရှေ့ရှု သောအားဖြင့် ပါတီဆိုင်းဘုတ်များကို တင်သင့် မတင်သင့် ဆွေးနွေး ရာတွင် ဆုံးဖြတ်ချက် မကျသေးမီ ပါတီဆိုင်းဘုတ်များကို ကွန်မျူနစ် ပါတီက တင်ခဲ့ကြလေသည်။

(၂) ဖ ဆ ပ လ အဖွဲ့ရှိသမျှတွင်ကြိုးကိုင်နေရာများကို ကွန်မျူနစ်များကသာ လက်ရ သိမ်းပိုက်ရယူရန် လျှို့ဝှက်သော ညွှန်ကြားချက်များဖြင့် ဖ ဆ ပ လ ကို လက်ဝါးကြီးအုပ်ရန် နည်းအမျိုးမျိုး သုံးလျက် တောက် လျှောက်ကြိုးစားလုပ်ခဲ့ကြသည်။

(၃) ဖ ဆ ပ လ ညီလာခံတွင် ဗိုလ်ချုပ်ကို ဖြုတ်ချလျက် ကွန်မျူနစ် ဥက္ကဋ္ဌ တင်ရန်အတွက် မဲအခြေအနေကို အချို့ကွန်မျူနစ်များ လိုက်လံသွေး ထိုးစမ်းခဲ့လေသည်။

(၄) ဖ ဆ ပ လ အဖွဲ့က အဖွဲ့အဖြစ်ဖြင့်ခံယူရရှိသောလူထု၏ထောက်ခံချက်ကို ဖ ဆ ပ လ အကျိုးမဟုတ်ဘဲ သူတို့ပါတီ၏ အကျိုးအတွက်သာလျှင် အလွဲသုံးစားပြု၍ ပါတီအင်အား ကြီးမားရေးကို ဆင်ဖြူတော်မှီပြီး ကြံစုတ်သကဲ့သို့ အမြဲလုပ်ကိုင်လာခဲ့လေသည်။

(၅) ဖ ဆ ပ လ အတွင်းမှနေလျက် ဖ ဆ ပ လ၏ လူထုကို သိမ်းသွင်းအုပ်စီးမိ ရန်အတွက် လျှို့ဝှက်သော ညွှန်ကြားလွှာများ ပေးပို့ကာ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဖ ဆ ပ လ အဖွဲ့ဝင်များအပေါ် တိုင်းပြည်က အကြည် ညို ပျက်အောင် သူတို့ငယ်သားများအား လှုံ့ဆော်ခိုင်းခဲ့လေသည်။ သူတို့လျှို့ဝှက်၍ ထုတ်ဝေသော ညွှန်ကြားလွှာ အမှတ် ၆ သည် ထင်ရှား သော သက်သေခံကြီး ဖြစ်ခဲ့၏။

(၆) သူတို့ပါတီကိုအကင်ကြီးစေလျက် ဖ ဆ ပ လ အဖွဲ့ချုပ်အားအထင်သေး အောင် အမှုဆောင် အဖွဲ့အတွင်းမှ ဆွေးနွေးဆုံးဖြတ်ချက်များကို အမှန် အတိုင်းမဟုတ်ဘဲ လိုရာဆွဲ၍ သူတို့သတင်းစာမှ ဖော်ထုတ်ရေးသားခဲ့ကြ လေသည်။ ယခင်က သခင်သန်းထွန်းရေးသားချက်များ ပြန်လည် ရုပ်သိမ်းရခြင်းနှင့်သခင်သန်းထွန်း ဖ ဆ ပ လ အထွေထွေအတွင်းရေးမှူး ရာထူးမှ ထွက်ရခြင်းတို့သည် သက်သေခံကြီး ဖြစ်ခဲ့၏။

(၇) ဤသို့ မတရားသောနည်းအားဖြင့် ကွန်မျူနစ်ပါတီ အင်အား အတော် အတန် တောင့်တင်းလာသောအခါ ဖ ဆ ပ လ နှင့် အားစမ်းခြင်းဟု အတည့်အလင်းပြောကာ အထွေထွေအတွင်းရေးမှူးရာထူးကို ဥက္ကဋ္ဌဖြစ် သူ ဗိုလ်ချုပ်က အဆိုတင်သွင်းသော ကိုကျော်ငြိမ်းနှင့် ကိုသိန်းဖေတို့ ယှဉ်ပြိုင်၍ ဦးစီးအဖွဲ့ညီလာခံတွင် အရွေးခံခဲ့လေသည်။

(၈) ကွန်မျူနစ်ပါတီ ဂိုဏ်းသားတို့သည် အမြို့မြို့အနယ်နယ်တွင် ရပ်ရွာတွင်း တို့၌ ဖ ဆ ပ လသည် ရေသာခိုလမ်းသို့ လိုက်နေလျက် ကွန်မျူနစ်တို့က

သာ တကယ်နယ်ခဲ့ချုံစံနစ်ကိုအနစ်နာခံကာ တိုက်နေသည်ဟု တီးတိုးဝါဒဖြန့်စံနစ်ကို သုံးလျက် ဗိုလ်ချုပ်နှင့် ဖ ဆ ပ လ ကို ရှုတ်ချခြင်း၊ နံရံသတင်းစာများကပ်ခြင်း၊ အချို့နေရာတို့တွင် အတည့်အလင်း ပြောခြင်းများကို ပြုလုပ်လာခဲ့ကြလေသည်။

(၉) ဖ ဆ ပ လ မှ လူထုအကျိုးဆောင်လုပ်ငန်းများကိုလုပ်ဆောင်ရာ၌ ဖ ဆ ပ လ အလုပ်မဖြစ်စေဘဲ ကွန်မြူနစ်၏ လုပ်ငန်းများအဖြစ် အသားယူလျက် သူတို့လုပ်သော အလုပ်များ မှားယွင်း၍ နာမည်ပျက်ဖွယ် ဖြစ်လျှင် ဖ ဆ ပ လ အပေါ်သို့ လွှဲ၍ ချလေ့ ရှိလေသည်။

(၁၀) ဖ ဆ ပ လ အား အသိမပေးဘဲမဟုတ်မလျားသော မက်လုံးများပြခြင်း၊ ကတိပေးခြင်းများပြု၍ ဆင်းရဲလှသော တောသူ တောင်သားများကို သူတို့ပါတီ အကျိုးအတွက် အင်အားပြအဖြစ် လက်နက်သဖွယ် သုံးခဲ့ခြင်းဖြင့် တောသူ တောင်သားတို့မှာ များစွာ နစ်နာကြရလျက် ဖ ဆ ပ လ က ငွေအားဖြင့် မကြာခဏ ကူညီဖြေရှင်း ပေးခဲ့ရလေသည်။

(၁၁) ဖ ဆ ပ လ ဦးစီးအဖွဲ့ဝင်တို့မှာ တဦးနှင့်တဦး ပုဂ္ဂလဓိဋ္ဌာန်ဖြင့် စွပ်စွဲရေးသားခြင်း မပြုရဟု စည်းမျဉ်းချထားသော်လည်း ထိုစည်းမျဉ်းကို မလိုက်နာဘဲ အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြလေသည်။

(၁၂) ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့က တစုံတရာမဆုံးဖြတ်ရသေးမီ မည်သည့် ကိစ္စကိုမဆို ပါဝင်သော ပါတီများက တိုက်တွန်းပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် လုံးဝရှိသော်လည်း ဆုံးဖြတ်ချက် ချပြီးသောအခါ ထိုဆုံးဖြတ်ချက်မှာ တသင်းတဖွဲ့၏ ဆုံးဖြတ်ချက် မဟုတ်ဘဲ ညီညွတ်ရေး တပ်ဦး၏ ဆုံးဖြတ်ချက် ဖြစ်သွားသောကြောင့် ပါဝင်သောပါတီတို့က ဝေဖန်ပိုင်ခွင့်၊ ခုခံရေးသားပိုင်ခွင့်မရှိစေရဟု အတည့်အလင်း စည်းမျဉ်းပညတ်ချက် ရှိပါလျက် ကွန်မြူနစ်ပါတီသည် ထိုစည်းမျဉ်းကို မလေးစားဘဲ အမြဲလိုလိုပင် ဖောက်ဖျက်ကျူးလွန်ခဲ့လေသည်။

(၁၃) ကွန်မြူနစ်တို့သည် မိမိတို့ ပါတီ အင်အားကြီးရေး အတွက် ဖ ဆ ပ လ အဖွဲ့ဝင် အခြား အင်အားကြီးသော ပါတီများကို ဖြိုဖျက် ပစ်လိုသဖြင့် ကက်စဗီ စစ်အုပ်ချုပ်ရေး လက်ထက်က ဗမာ့ တပ်မတော်နှင့် ဆိုရှယ်လစ် ပါတီကို ဒုက္ခရောက်သွားအောင် စစ်အုပ်ချုပ်ရေးနှင့် ပေါင်း၍ ကြံစည်ခဲ့သည်အထိ ဖ ဆ ပ လ အတွင်း ရဲဘော်များအပေါ်သို့ သစ္စာဖောက်ခဲ့လေသည်။

(၁၄) ဖ ဆ ပ လ အား ထောက်ခံလျက် ရှိသော အဖွဲ့အသင်း လူထုအသင်း အစည်းအရုံး အရပ်ရပ်တို့ကို ကွန်မြူနစ်များသည် သိမ်းသွင်း ယူရန် အကြံအစည်နှင့် ဖောက်ထွင်းသောစံနစ်ကို သုံးစွဲကာ မိမိတို့၏ သူလျှိုများကို အဆိုပါအဖွဲ့အသင်းအစည်းအရုံးများတွင်းသို့ သွတ်သွင်းခြေထိုးစေခဲ့သဖြင့် ဖ ဆ ပ လ အား ထောက်ခံလျက်ရှိကြသော လူငယ်အစည်းအရုံး၊ ဗမာ မူဆလင် အစည်းအရုံး၊ ကရင် လူငယ်အစည်းအရုံး၊ အမျိုးသမီးအစည်းအရုံး၊ ကျောင်းဆရာများ အစည်းအရုံး စသည်တို့တွင် စည်းလုံးညီညွတ်မှုများ ချွတ်ယွင်းကာ စိတ်ဝမ်းကွဲပြားမှုပြဿနာ အမျိုးမျိုးကို ဖြစ်ပေါ်စေခြင်းဖြင့် ဖ ဆ ပ လ ၏ နယ်ချဲ့ တော်လှန်ရေး ညီညွတ်မှု အင်အား မဏ္ဍိုင်ကြီးကို အတွင်းမှ ခြဝင်၍ စားသကဲ့သို့ ဖြစ်စေခဲ့လေသည်။

(၁၅) ဖ ဆ ပ လ ၏ဝါဒမှာ နိုင်ငံလွတ်လပ်ရေးဆိုင်ရာ နိုင်ငံလုံး ကိစ္စများဖြစ်သည်။ ဖ ဆ ပ လ ကိစ္စသည် (၁)၊ ပါတီကိစ္စတို့သည် (၂) ဟု ထားရှိ၏။ ကွန်မြူနစ်တို့သည်ကွန်မြူနစ်ပါတီကို(၁)၊ ဖ ဆ ပ လ၏ လူယူ ကိစ္စကို (၂) ဟူသော ဝါဒကိုသာ လက်ကိုင်ထားခဲ့ခြင်းဖြင့် အရပ်ရပ် အနယ်နယ်တွင် ရှုပ်ထွေးမှုများကိုဖြစ်စေလျက် ဖ ဆ ပ လ ၏ သစ္စာဖောက်သမားများ တာဝန်ကို ယူလာ ခဲ့ကြလေသည်။

(၁၆) ဖ ဆ ပ လ သည် အဖွဲ့အသင်း အစည်းအရုံးများ ပါဝင်သော ညီညွတ်ရေးတပ်ဦး ဖြစ်သည့် အတိုင်း တဖွဲ့တသင်း၏ သဘောဖြင့် အလုပ်မလုပ်ဘဲ ဒီမိုကရေစီ ဝါဒအရ အများသဘောဖြင့်သာ ဆုံးဖြတ်၍ အလုပ် လုပ်ခဲ့လေသည်။ ကွန်မြူနစ်ပါတီသည် ထိုဝါဒကို မူလကလက်ခံခဲ့သော်လည်း လက်တွေ့အလုပ် လုပ်ရာ၌ သူတို့ပါတီတွင် အလျင်တင်ကြို ဆုံးဖြတ်ပြီးသမျှကို ဖ ဆ ပ လ အမှုဆောင် အဖွဲ့အား မလုပ် မနေရအောင် အတင်း အကြပ် တိုက်တွန်းခြင်း၊ ဖ ဆ ပ လ အမှုဆောင် အဖွဲ့က အများသဘောနှင့် ဆုံးဖြတ်ချက် ချလိုက်သောအခါ သူတို့ အလိုနှင့် မကိုက်ဆိုင်က ဖ ဆ ပ လ အား သူတို့၏ သတင်းစာမှရင်း၊ အခြား သတင်းစာတို့မှရင်း မဟုတ် မလျား စွပ်စွဲရေးသား၍ အနှောင့် အယှက် အတိုက်အခံ ပြုခြင်း စသည်တို့ကို လုပ်ခဲ့ခြင်းဖြင့် ဖ ဆ ပ လ ၏ ညီညွတ်ရေးကို အမြဲနှောင့်ယှက် ဖျက်ဆီး လာခဲ့လေသည်။

ဖ ဆ ပ လ အဖွဲ့သည် နယ်ချဲ့သမားတို့ ဝမ်းသာစေမည့် အဖြစ်သို့ ရှောင်နိုင်သမျှရှောင်ရန် ကွန်မြူနစ်တို့ သစ္စာဖောက်သမျှ ခြေထိုးသမျှကို သည်းခံ၍ လာခဲ့သည်။ သို့ရာတွင် ယခုနောက်ဆုံးကွန်မြူနစ်တို့၏ ခြေလှမ်းမှာ သည်းမခံနိုင်သော အခြေသို့ ရောက်ခဲ့၏။ လောလောဆယ် ဖြစ်ပေါ်နေသော တတိုင်းတပြည်လုံး သဃ်္ဘာစင်ပါ မှောက် သွားစေမည့်

(၁) သပိတ် ပြဿနာကြီးကို အမြန်ဆုံး ဖြေရှင်းရေး။

(၂) ဖိနှိပ် ချုတ်ချယ်သော ဥပဒေများ ရုပ်သိမ်းရေး။

(၃) နိုင်ငံရေး အကျဉ်းသမားများကို အမြန်လွှတ်ရေး။

(၄) နေသူရိန် ဆုံးဖြတ်ချက်အရ အာဏာ လုံးဝရှိသော ယာယီ အမျိုးသား အစိုးရအဖွဲ့ ဖြစ်ပေါ်လာရေး။

(၅) တိုင်းပြု ပြည်ပြု လွှတ်တော်ကို ရွေးရှုသော ရွေးကောက်ပွဲ အမြန်ဖြစ်မြောက်ရေး တို့ကို ဖ ဆ ပ လ ဦးစီးအဖွဲ့ ညီလာခံက ဆုံးဖြတ်ခဲ့သည့် အတိုင်း အညီအညွတ် အားတိုက် ခွန်တိုက် ဆောင်ရွက် ကြရန်၊ ဖ ဆ ပ လ က ကြားဖြတ်အစိုးရအဖွဲ့အတွင်းသို့ သဘောတူဝင်ရောက်ခဲ့ကြသည်ကို တိုင်းပြည်က ဖ ဆ ပ လ နှင့် ဥက္ကဋ္ဌ ဗိုလ်ချုပ် အပေါ်၌ အထင် အမြင် လွဲမှားလာအောင် ကွန်မြူနစ်တို့က မဟုတ် မမှန် လည်ဆယ်လှည့်ဖြား စွပ်စွဲခဲ့ကြသည်။ထိုမျှမကသေး၊ ဖ ဆ ပ လ ၏ အမိန့်ကို နာခံကာ ခိုင်းစေသမျှ ဆောင်ရွက်ရန် ကြားဖြတ် အစိုးရအဖွဲ့အတွင်းသို့ ဝင်ရောက်သော ဝန်ကြီးများအား အလုပ် လုပ်၍ မဖြစ်အောင် ခြေထိုးခြင်းဖြင့် ဗိုလ်ချုပ်နှင့်တကွ ဖ ဆ ပ လ ကိုဖြိုဖျက်ရန် ကွန်မြူနစ်တို့ ခြေလှမ်းများမှာ မကွယ် မဝှက် ဘွားဘွား ပေါ်လာခဲ့ သဖြင့် ဖ ဆ ပ လ မှာ ကွန်မြူနစ်ပါတီကို ထုတ်ပစ်လိုက် ရပေသည်။ ဤသို့ ထုတ်ပစ်ခြင်း မပြုက ဖ ဆ ပ လ အဖွဲ့ကြီးသာ ပြိုကွဲလျက် မြန်မာပြည်သည် လွတ်လပ်ရေးတံခါးဝသို့ ရောက်မှ ကျွန်သက် ထပ်ရှည်ရမည်သာ မဟုတ်သေးဘဲ၊ ဆင်းရဲသား လူထုတို့မှာ နယ်ချဲ့ သမားများ၏ လက်ပါးစေတို့၏ နှိပ်စက် ညှဉ်းပန်းခြင်း အမျိုးမျိုးကို ခံရတော့မည်မှာ မလွဲပေ။

ထိုသို့ ထုတ်ပယ် လိုက်သော အကြောင်းရင်းများကို ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် မိန့်ကြားချက် အတိုင်း ကောက်နုတ်ချက်များကို အောက်တွင် ပြန်လည် ဖော်ပြ လိုက်ရပေသည်။

ဗိုလ်ချုပ်မိန့်ခွန်း (ကောက်နုတ်ချက်)

၁၃၀၈ ခု သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၈ နာရီခွဲ အချိန်တွင် ရွှေတိဂုံ စေတီတော် အနောက်ဖက်ခြေတော်ရင်း၌ ဖ ဆ ပ လ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက ဖ ဆ ပ လ အဖွဲ့ချုပ်မှ ကွန်မြူနစ်အား အဘယ်ကြောင့် ထုတ်ပစ်ရသည့် အကြောင်းကို ရှင်းလင်း အစီရင်ခံပွဲ ကျင်းပရာ ပရိသတ်ဘသိန်းကျော် ကြွရောက် နားထောင် ကြလေသည်။

ယနေ့ အစည်းအဝေးကတော့ အားလုံး သိတဲ့အတိုင်းဘဲ (ဖ ဆ ပ လ) က ကွန်မြူနစ်တွေကို ဘာပြုလို့ ထုတ်ပစ်ရတယ် ဆိုတဲ့ အကြောင်း ရှင်းပြဘို့ပါဘဲ။ ဒီအကြောင်းတွေ ပြောရမယ် ဆိုယင် အများကြီးဘဲ။ ကျုပ်လဲ စီကာ စဉ်ကာ ပြောဘို့ အချိန် မရဘူး။ ခင်ဗျားတို့လဲ နေပူမှာ သိပ်ကြာကြာ နေနိုင်မှာ မဟုတ်ဘူး။ နောက်ကြောင်း တွေကိုလဲဘဲ ပြန်ပြော သင့်သလောက် ပြောရမယ်။

ဖ ဆ ပ လ အဖွဲ့ချုပ်ဟာ အားလုံး သိပြီး ဖြစ်ကြမှာဘဲ။ ဂျပန်ခေတ်ထဲမှာ တိတ်တိတ်ပုန်း ပေါ်လာတယ်။ ဒီအဖွဲ့ချုပ်ကြီးရဲ့ဝါဒ လုပ်ငန်းစဉ် အရပ်ရပ် ကို ကျွန်တော်ဘဲ စတင် စီမံပြီး ကျွန်တော်နဲ့ တပ်မတော်ရဲ့ ကောင်းမှုကြောင့် ဂျပန်တွေကို ပြန်ချဘို့ ဆိုတဲ့လုပ်ငန်းဟာ အဲဒီကျမှဘဲ ကျကျ နန လာဖြစ်တော့တယ်။

အစတုန်းကဆိုယင်ကွန်မြူနစ်တွေ ဆိုတာလဲ မပြောပလောက်ပါဘူး။ အလုပ် လဲဘဲ တကယ်မရှိပါဘူး။ ပြီးတော့ သူတို့ ဝါဒကလဲ အင်္ဂလိပ် လာယင် လက်နက်ချလိုက်ဆိုတဲ့ ဝါဒလောက်ဘဲ ရှိတယ်။

အဲဒါနဲ့ ကျုပ်တို့နဲ့ တွဲမိမှ ဒီလိုမဖြစ်နိုင်ဘူး။ ဂျပန်ကို တော်လှန်ဘို့ အပြင်းအထန် စီစဉ်ရမယ်။ လူထု လုပ်ငန်းတွေလဲ ထက်ကြပ်လုပ်နိုင်အောင် စီစဉ်ရမယ်။ ဗမာ လူထု တွေ ဖွဲ့စည်း နိုင်သလောက် ဖွဲ့စည်းပြီး လက်နက်ရနိုင် သလောက် လက်နက်စွဲကိုင် ခိုင်းပြီး လုပ်ထားမှ ဂျပန်ကို ချပြီးတဲ့နောက် လွတ်လပ်ရေး အင်အားစု ဖြစ်လာ နိုင်မယ်။ ဒီလို မဟုတ်ယင် ပခုံးပြောင်းတဲ့ အလုပ်လောက်သာ ဖြစ်မယ်လို့ ကျုပ်တို့ ပြောခဲ့တယ်။

အဲဒီတော့မှ သူတို့ လုပ်ငန်းစဉ် နဲနဲ မှန်လာတယ်။ ဒါတောင် တကယ့် တကယ် လုပ်ကြစတမ်း ဆိုတဲ့ အရေးကျတော့ ဆန့်ငင် ဆန့်ငင်နဲ့ မလုပ်ရဲ မကိုင်ရဲ ဖြစ်ပြီး လက်နက်နဲ့ ထကြွပုန်ကန်ဘို့ အပြင်းအထန် စီစဉ်ရမယ်လို့ ကျုပ်ပြောတာကို သခင်သန်းထွန်းနဲ့ ကွန်မြူနစ်ခေါင်းဆောင် အချို့က ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ အနုပဋိလောမ ဝါဒနဲ့ မကိုက်ဘူးလို့ ပြောကြသေးတယ်။ ဒါနဲ့ ကျုပ်တို့ လုပ်ကြတော့မှ

ကျုပ်တို့ရဲ့လူအား ငွေအား လက်နက်အား ဥာဏ်အားတွေနဲ့ ဂျပန်ချမဲ့ လုပ်ငန်းအစီအစဉ်များ တွင်ကျယ် လာတယ်။ ဒီလို ဖြစ်လာတယ် ဆိုယင်ဘဲ နားချောင်းရောင်ကြောင့် ပါးပြောင်ဆိုတာလို ကွန်မြူနစ်တွေကလဲ တက်လာရတာဘဲ။ ကျွန်တော်တို့ကလဲ ကွန်မြူနစ်ဝါဒကို မပစ်ပယ်တော့ သူတို့ ဒီလို တက်လာတာကိုလဲ ဘာမှ မနာလို မရှိပါဘူး။သူတို့ချည်း ဟိုဟာ ဒီဟာတွေ လုပ်သလို အသား ယူသွားတာတွေကိုလဲ ဘာမှ မချေပပါဘူး။ သူတို့ ညစ်တာတွေ ခြေထိုးတာတွေ ကလိမ်ကျတာတွေကို အများကြီး မကျေနပ်ပေမဲ့ အချင်းချင်းသာ အတွင်းရေးလောက်ဘဲ ပြောကြတယ်။ အပြင်ကို မထုတ် ပါဘူး။ သူတို့ကတော့ ဒီလို မဟုတ်ဘူး။ ပေးထားတဲ့ ကတိတွေဖျက်၊ အတူတူဆုံးဖြတ်တော့ တမျိုး။ လုပ်တော့ တမျိုး။ ဒါတင်မကဘူး။ မဟာမိတ်တွေဆီကို လူလွှတ်ဘို့ဘဲ ဖြစ်ဖြစ် မဟာမိတ်တွေဆီက ရတဲ့ လက်နက်နှင့် ရွှေ ငွေ အကူအညီတွေကို သူတို့ချည်းဘဲ ကြိတ် လုပ်ကြတယ်။ အဲဒါနဲ့ မပြီးသေးဘဲနဲ့ ကျွန်တော်တို့ကိုဘဲ မျက်ကန်းမျိုးချစ်တွေ၊ သွေဖီရေးသမားတွေ၊ ဖက်ဆစ် သမားတွေ အစရှိသဖြင့် တိုးတိုး တမျိုး ကျယ်ကျယ် တဖုံ ကျုပ်တို့ ကွယ်ရာမှာ ဆဲသေးတယ်။

အထူးသဖြင့် အင်္ဂလိပ် စစ်ပယ်ပေတွေ ပြန်ဝင်လာတဲ့ အခါ ဆိုရှယ်လစ်တွေက လက်နက်စုတယ်။ တပ်မတော်က ဘာတွေ လုပ်နေတယ်။ အင်္ဂလိပ်ကို ပြန်ချဘို့ လုပ်နေတယ်လို့ စာရေး ဝေလိုဝေ။ စစ်အုပ်ချုပ်ရေးနဲ့ ပင်းလိုပင်း လုပ်ကြတယ်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ ဗမာ့တပ်မတော် ဆိုလို့ရှိယင် ဖျက်ဘို့ တိုက်တွန်းကြတယ်။ ကျုပ်ဆီမှာ သခင်စိုးက ရေးပြီး သခင်သန်းထွန်း လက်မှတ်ထိုးထားတဲ့ စာတစောင် ရှိသေးတယ်။ အဲဒါ တွေလဲ ကျုပ်တို့ အင်မတန် သည်းခံရတယ်။ သူတို့ အလိုလိုက်ပြီး လက်နက်ချရမယ် ဆိုလို့ လက်နက်တွေ ချလိုက်ရတယ်။ ကျုပ်တို့ ကန္ဒီသွားတုန်းကဆိုယင် ကိုသိန်းဖေက တပ်မတော်ကိစ္စနှင့်ပတ်သက်ပြီး ခင်ဗျားတို့ လက်နက်အားကိုးမလုပ်စေချင်ဘူး။ အေးအေးချမ်းချမ်း ပြုပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို လုပ်ဘို့ လိုတယ်။ လွတ်လပ်ရေးကို အေးချမ်းသာယာစွာဘဲ အရယူဘို့ ပြောသေးတယ်။ အဲဒီလို သူတို့က ဗမာတိုင်းပြည်ကို သစ္စာဖောက်ခဲ့တဲ့ အင်္ဂလိပ်ရဲ့ အလိုတော်ရိလမ်းတွေကို လိုက်ခဲ့လို့ ခုထိ ကျုပ်တို့လိုက်ပြီး ဗမာပြည်နိုင်ငံရေးကို ဆယ်နေရတုန်းဘဲ၊အင်္ဂလိပ်တွေဝင်လာစက ကျုပ်သာလက်နက်ကိုင်ပြီး သူပုန်ထချင်ယင် မခက်ခဲပါဘူးလို့ ဘုရင်ခံဟောင်း ဆာ-ဒေါ်မန်စမစ်က လွန်ခဲ့တဲ့ ၁၀ ရက်လောက်က ဗိလတ်မှာပြောခဲ့တယ်။ကျုပ်ရဲ့အကြံအစည်တွေဟာလဲ ဒီတုန်းက ဘယ်လို ရှိတယ် ဆိုတာဟာ စာရွက် စာတမ်းတွေ ရှိတန်သလောက် ရှိပါသေး

တယ်။ အခုန် ဒေါ်မန်စမစ် ပြောသလို လက်နက်နဲ့ ထချဘို့ မခဲယဉ်းဘဲနဲ့ ကျုပ်တို့ ဘာလို့ မလုပ်သလဲ ဆိုတာကိုသာ ဆာဒေါ်မန် စမစ် သိခဲ့ယင် သူ့ မိန့်ခွန်းထဲမှာ ဖြတိသျှ အင်ပါယာကြီးက သခင်စိုး၊ သခင် သန်းထွန်း၊ ကိုသိန်းဖေ တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်း တင်အုံးမှာဘဲ။

အဲဒီလို သစ္စာဖောက် လုပ်ငန်းတွေကတဖက် ကျုပ်တို့ အလုပ်လုပ်တဲ့ အချင်းချင်းတွေကို ခြေထိုးတာတွေ ကလိမ်ကျတာတွေကတဖက် အဲဒီဟာမျိုးတွေ လုပ်ပြီး သူတို့ပါတီကြီးပွါးအောင် လက်ဦးယင်ပြီးရောဆိုပြီး ဟိုဆိုင်းဘုတ်ဒီဆိုင်းဘုတ်တွေတင်၊သူတို့လူတွေက နေရာတကာမှာဝင်ပြီး ကြိုးကိုင်ထား။ဒီပြင်လူတွေကိုကန်ထုတ်သလိုလုပ်။ ဖ ဆ ပ လ တို့ ကျုပ်နာမည်တို့ကို ရောင်တော်ပြန် သုံးစွဲပြီး သူတို့အားစုတာနဲ့ လူထု အစည်းအရုံး စင်ပြိုင်တွေပေါ်။ လူထုထဲမှာလဲ ရှုပ်ရှုပ် ထွေးထွေးဖြစ်။ ပါတီတွေကလဲ ဟိုကပေါ် ဒီကပေါ်။ ဖ ဆ ပ လ လုပ်ငန်းဆိုလဲဘဲ ဖ ဆ ပ လ ထဲမှာ သူတို့တတွေ အများအပြား ရာထူးယူထားပေမဲ့ ဘာမှ မလုပ်ဘူး ပစ်ထားတယ်။ သူတို့ပါတီ လုပ်ငန်းတွေကိုဘဲ လုပ်ကြတယ်။ အဲဒါနဲ့ ဖ ဆ ပ လ လုပ်ငန်းတွေဟာ မတွင်ကျယ်ဘူး။ ဘာဘဲဖြစ်ဖြစ် သူတို့သာ မှန်တယ်။ ဒီပြင် လူတွေက မမှန်ဘူး ဆိုပြီး နေရာတကာမှာ တင်စီးတင်စား လုပ်တယ်။ အဲဒါနဲ့ ကျုပ် သူတို့ကို မေတ္တာနဲ့ဘဲ အကြိမ်ကြိမ် အခါခါ သတိပေးတယ်။ ခင်ဗျားတို့ ဒါမျိုးလုပ်ယင် ဖ ဆ ပ လ ကြီးကွဲလို့ ခင်ဗျားတို့ တက်မယ် ထင်လို့လား။ ခင်ဗျားတို့ကို အင်္ဂလိပ်က စစ်တိုက်တုန်း သုံးပေမဲ့ စစ်ပြီးတဲ့ အခါ ဆော်လိမ့်မယ်။ ကျုပ်တို့ အချင်းချင်း မညီညွတ်မဲ့ အလုပ်တွေ မလုပ်ပါနဲ့လို့ ကျုပ် အကြိမ်ကြိမ် ပြောခဲ့တယ်။ မရဘူး လုပ်မြဲလုပ်တာဘဲ။ ဆိုရှယ်လစ်တွေကို ကြံဖန် အပြစ်ရှာပြောရေး၊ လက်ဝဲ ညီညွတ်ကိုလုပ်ပြီး ပြန်ဖျက်၊ ဖ ဆ ပ လ ကြီးကို ကွန်မြူနစ်ပါတီအတွက် အလွဲ သုံးစားလုပ်၊ တရားသဖြင့် သူတို့ အလုပ် လုပ်လို့ ဖ ဆ ပ လ ထဲမှာ ကွန်မြူနစ်တွေ တွင်ကျယ်လာတယ် ဆိုယင်လဲ ဟုတ်ပါရဲ့။ ကျုပ်တို့ကလဲ ကြည်ဖြူပါတယ်။

အခုတော့ ဒီလိုမဟုတ်ဘူး။ဖ ဆ ပ လ ရာထူးတွေကိုတော့ လက်ခံ ထားတယ်။ ဖ ဆ ပ လ အလုပ်ကိုတော့ ကောင်းကောင်း မလုပ်ဘူး။ နာမည်ရစရာ ရှိပြီဆိုယင် ကွန်မြူနစ် ပါတီနာမည်နဲ့လုပ်တယ်။ လုပ်လို့ မဟာန်ဘူးဆိုလျှင် ဖ ဆ ပ လ ကိုလာထိုးအပ်ပြီ။အဲဒါမျိုးတွေချည်းဘဲကျုပ်တို့ကလဲ ခံနိုင်သလောက်သည်းခံပြီးလုပ်ပေးတာဘဲ။ပဲခူး ဖက်မှာ အငတ်ပြဿနာတွေ ဖြေရှင်း ကြတယ်။ ပဌမ သူတို့ အသာရမည် ထင်တုန်းက သူတို့ပါတီ နာမယ်နဲ့ လုပ်တယ်။ ကိုးယိုးကားယားဖြစ်တော့မှ ဖ ဆ ပ လ ကိုလာအပ်တယ်။

ဖ ဆ ပ လ ဆုံးဖြတ်ပြီး အလုပ်တွေကို ဖ ဆ ပ လ နာမည်နဲ့သာ လုပ်ရမယ်လို့ သူတို့ရော ကျုပ်တို့ရော သဘောတူ စည်းကမ်း သတ်မှတ် ထားတယ်။ ဒါတွေ ဖောက်ဖျက်ပီး သူတို့ လုပ်တာဘဲ။ ဒါနဲ့ သူတို့တတွေ လုပ်ပုံတွေဟာကိုက မှုမမှန်တော့ မှားပြီးယင်း မှားယင်း ဖြစ်လာတယ်။ သူတို့ တတွေ အမှား ဖြစ်တာနဲ့ဘဲ ကျုပ်တို့ ဖ ဆ ပ လ မှာလဲဘဲ ခဏခဏ ဂယက်ရိုက်တယ်။ သူတို့ဟာက ခုတမျိုး ခုတမျိုးဘဲ။ ဘကြီးဘဖေဆိုလဲ သူတို့ဘဲ။ အင်္ဂလိပ် သူလျှိုဘဖေဆိုလဲ သူတို့ဘဲ။ ငြိမ်းချမ်း သာယာစွာ လွတ်လပ်ရေး ယူရန် ဆိုတာလဲ သူတို့ဘဲ။ ခုချက်ခြင်းဘဲ တော်လှန်ရေး လုပ်မယ်လို့ ပြောတာလဲ သူတို့ဘဲ။ လုပ်တော့ မလုပ် ပါဘူး။ လက်ဖဝါးလို မှောက်ချီ လှန်ချီ သိပ်နိုင်တဲ့ လူတွေဘဲ။ သူတို့ ဒီလို ပြောင်းလဲတာဟာ ဘာမှ ခြေခြေ မြစ်မြစ် မရှိဘူး။ တကယ်ချကြဘို့ဆိုလို့ စဉ်းစားတဲ့အခါ တော်ယိ ရော်ယိ လုပ်သွားတယ်။

ပြီးတော့ အပြင်ကျတော့ ကျုပ်တို့တတွေကဘဲ စေ့စပ်ရေးသမားတွေဖြစ်သလိုလို၊ သူတို့ကတော့ မဟုတ်သလိုလို၊ အတူတူ သဘောတူ ဆုံးဖြတ်ပြီး လုပ်ကြတာကို သူတို့ သဘောမတူလေဟန် သူတို့ဘဲ သတ္တိရှိလေဟန် မဟုတ် မမှန် ပြောကြသေးတယ်။ ဥပမာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ကိစ္စပေါ့နဲ့ပတ်သက်ပြီး စီတန်း လမ်းလျှောက်ပွဲ လုပ်တုန်းက အမိန့်ယူဘို့ ဘာဘို့ဆိုတာ ကွန်မျူနစ်တွေကဘဲ အဆိုသွင်းတာဘဲ တခြားလူတွေက ထောက်ခံတယ်။

ကျုပ်တို့ကတော့ အတွင်းသိ အစင်းသိတွေ ဖြစ်တော့ သခင်စိုး ဘယ်လောက် သတ္တိ ရှိတယ်။ ကိုသိန်းဖေ ဘယ်လောက် သတ္တိ ရှိတယ်။ သခင် သန်းထွန်း ဘယ်လောက် သတ္တိရှိတယ်။ ဒိပြင်လူတွေ ဘယ်လိုဆိုတာတွေ သိလို့ မလွမ်း ပါဘူး။ ဗမာပြည်ရဲ လွတ်လပ်ရေး လုပ်ငန်းတွေလဲ မပြီးသေးပါဘူး။ ဘယ်စခန်းအထိ လုပ်ရမယ်ဆိုတာလဲ မသိသေးပါဘူး။ ဗမာ့ လွတ်လပ်ရေး လုပ်ငန်းကို ဆက်လက်ပြီး အပြီးတိုင် လုပ်ကြတဲ့ နေရာမှာ ဘယ်သူဘယ်လို သတ္တိရှိလို့ ဘယ်သူ ဘယ်လို ခြေသာတယ် ဆိုတာတွေ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေကရော နောင်လာမဲ့အဖြစ်အပျက်တွေကရော သက်သေခံပါလိမ့်မယ်။ ကျုပ် ရဲရဲကြီး ပြောရဲပါတယ်။

ကွန်မျူနစ်တွေဟာ တိုင်းပြည် အပေါ် အလုပ် လုပ်တဲ့ လူအချင်းချင်း အပေါ် ညီညွတ်ရေး ပျက်ပြားရာပျက်ပြားကြောင်း လွတ်လပ်ရေး ကြန့်ကြာရာ ကြန့်ကြာကြောင်း သစ္စာဖောက် လုပ်ခဲ့တယ်။ သဘောတူ ဆုံးဖြတ်ခဲ့တဲ့အချက်တွေ ဖောက်ဖျက်ပြီး အတွင်းဆွေးနွေးတာတွေ အပြင်ထုတ်ပြော။ မဟုတ်မမှန်တာတွေ လုပ်ပြော၊ အချင်းချင်းအပေါ် ပုတ်ခတ်၊ သူတို့ ခေါင်းဆောင်ဖြစ် ပြီးရောဆိုပြီး သူတို့

ပါတီ ကြီးစိုးရေးကိုသာ ပဌမလုပ်တယ်။ ကျုပ်တို့က ဖ ဆ ပ လ ဟာ ညီညွတ်ရေး အင်အားစုကြီး၊ ဒီ အင်အားစုကြီးတည်တံ့မှ တိုးတက်မှ ဗမာပြည် လွတ်လပ်ရေး မြန်မြန်ရမယ်။ ကောင်းကောင်းရမယ်။ အဲဒီလို ကျုပ်တို့ယူဆတယ်။ သူတို့က အကြိမ်ကြိမ် အဖန်ဖန် သူတို့ရဲ့ အယူအဆတွေကို မရှော့ဘူး။ ဘာဆုံးဖြတ်ချက်ရှိတယ်လို့ဘဲ သူတို့ သဘောတူထားထား၊ သူတို့လုပ်ချင်ရာ လုပ်တယ်။ အဲဒီတော့ ကျုပ်တို့က သူတို့ကို ထုတ်ပစ်ရုံကလွဲလို့ တခြား ဘာနည်းလမ်းမှ မရှိတော့ဘူး။

အဲဒါနဲ့ ခင်ဗျားတို့ မေးချင် မေးကြမယ်။ ဒီလောက် ဆိုးနေတဲ့ လူတွေကို ဘာလို့ ဒီလောက်ကြာကြာထားရသလဲဆိုတာ မေးနိုင်တယ်။ ကျုပ်တို့က နယ်ချဲ့သမားတွေ တိုက်ဖျက်ရေး အင်အားနဲများသွားမလားလို့ ချိန်ဆနေတာက တကြောင်း၊ သူတို့အထဲမှာ တချို့ လူတော်တွေကို အားနာနေတာက တကြောင်း၊ မုဆိုးတို့ မည်သည် လက်နက်လေးမြားကောင်းကို ချစ်မြတ်နိုး ရမယ် ဆိုတဲ့ အတိုင်း လူကောင်းများကို ငဲ့ညှာသော အားဖြင့် သူတို့ပါတီကို ပြုပြင်လျှင် တဖြည်းဖြည်း ရလိမ့် အုံးမယ်လို ငုံးကလေးများလို တနေ့သော်လဲ အမြီးပေါက်နိုးနိုးနဲ့ စောင့်ဆိုင်းမျှော်လင့် နေခဲ့တာဘဲ။ အဲဒီ အကြောင်းတွေကြောင့် ဒီလောက် ကြာအောင် သည်းခံလာတာဘဲ။ ကျေနပ်လို့တော့ မဟုတ်ဘူး။

အခုတော့ သူတို့လုပ်တာတွေဟာ လွန်နေရုံ မကဘူး။ သူတို့နှင့် လုပ်ယင် မတိုးဘဲ နောက်ပြန်ဆုတ်မှာ စိုးရိမ်ရတဲ့ အတွက် သူတို့ကို ထုတ်ပစ်ရတာဘဲ။ တချို့က သူတို့ ထုတ်ပစ်တာ မစောဘူးလား။ ဦးစီး အဖွဲ့အစည်းအဝေးကိုတောင် မစောင့်နိုင်ဘူးလား ပြောကြတယ်။ ကျုပ်တို့ အယင်တုန်းက စောင့်ခဲ့တော့ ကျုပ်တို့ဘဲ ခံရတာဘဲ။ သူတို့က အင်မတန် ညစ်ပတ်တဲ့ လူတွေ။ အခုတော့ ကျုပ်တို့ သူတို့အယင် ဦးအောင် ချတာဘဲ။ ဒီလို မချယင် ဒီလူတွေနှင့် မဖြစ်ဘူး။

၁၉၄၆ ခု နိုဝင်ဘာလ ၁၊ ၂၊၃ ရက်နေ့များတွင် ဖ ဆ ပ လ အဖွဲ့ချုပ် ဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့လေသည်။ နိုဝင်ဘာလ တရက်နေ့ အစည်း အဝေးတွင် အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ သခင်နုက ဖ ဆ ပ လ အဖွဲ့မှ ကွန်မျူနစ်ပါတီအား ထုတ်ပစ်ရန် အမှုဆောင် အဖွဲ့၏ အရေးယူချက်ကို အတည်ပြုရန် အဆို တင်သွင်း ခဲ့လေသည်။ ထိုသို့ အဆိုတင်သွင်း ရာတွင် ပြောကြားသော မိန့်ခွန်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

သခင်နု၏အဆို

သခင်နုက ကွန်မျူနစ် ပါတီကို သီတင်းကျွတ် လပြည့်နေ့က ထုတ်ပစ်သည့်

ကျေညာချက် ၁၀ ချက်ကို ဖတ်ပြပြီးလျှင် ဆက်လက် ရှင်းပြပြောဆိုသည်မှာ ကွန်မြူနစ်ပါတီကို ထုတ်ပစ်တဲ့အကြောင်းမှာ ဒီ ၁၀ ချက်နဲ့ဘဲ လုံလောက်ပါတယ်။ ကျွန်တော်ဟာ မော်လမြိုင်က ပြန်လာပြီး ညီညွတ်ရေး တပ်ပေါင်းစု ဖြစ်နေတဲ့ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးကို မြင်ရတော့ အချောင်သမား ခေါင်းမထောင်နိုင်အောင် စည်းလုံး နေတာကို တွေ့တာနဲ့ ဝမ်းသာပြီး အသာ ထိုင်နေခဲ့တယ်။ ကျွန်တော် နယ်မှာ နေစဉ်က ကွန်မြူနစ်တွေဟာ ညီညွတ်ရေး အင်အား ပျက်ပြားအောင် လုပ်နေတာ တွေ့ရလို့ သခင်သန်းထွန်းကို စာရေး အကြောင်း ကြားခဲ့ဘူးတယ်။ ကွန်မြူနစ်တွေရဲ့ညွန့်ကြားလွှာ အမှတ် ၆ ကို တွေ့ရတော့ သူတို့အတွက် အထူး အံ့ဩမိတယ်။ ကွန်မြူနစ်တွေ အင်အား ပြပွဲမှာလဲ ဗိုလ်ချုပ်နဲ့ ဖ ဆ ပ လကို ကော်ဆဲနေတာသာ တွေ့ရတော့ ညီညွတ်ရေး အင်အားစုကို ဖြိုဖျက်နေသည်ဟု ယူဆမိတယ်။

ကိုသိန်းဖေ အယင် အစည်းအဝေးက ပြောသလို ဗိုလ်ချုပ် အောင်ဆန်းဟာ နယ်ချဲ့သမားကို တိုက်ဖျက်ဖို့ လက်နက်တခု ဖြစ်တယ်။ ဒီလက်နက်ကို ထက်အောင် သွေးပေးရမဲ့ အစား ကွန်မြူနစ်တွေက ပုတ်ခတ်ပြောဆို နေကြတာဟာ အလွန် စည်းကမ်းမဲ့တယ်။ ကျွန်တော်ဟာ ညီညွတ်ရေးကို အလွန်လိုလားတဲ့ သူဖြစ်လို့ အမျိုးမျိုး ရှင်းပြခဲ့တယ်။ ဇူလိုင်လ ၂၆ ရက်နေ့ ကွန်မြူနစ် အင်အား ပြပွဲ ကိစ္စဟာလဲ သတင်းစာတွေထဲမှာ ပါပြီးမှ ဖ ဆ ပ လ ကို အကြောင်းကြားလို့ ပယ်ခဲ့ ရပြီ။ ဖ ဆ ပ လ ကလဲ သတိပေးခဲ့တယ်။ ဒါတင် မကသေးဘူး။စက်တင်ဘာလ ၂၃ ရက်နေ့ အင်အားပြပွဲဟာလဲ ဒီအတိုင်းဘဲ လုပ်ပြန်လို့ အင်အား ပြပွဲကို ၃ ကြိမ်တိတိ ချည့်ချည့်နဲ့နဲ့ လုပ်ခဲ့ရတာ ကျွန်တော့်စိတ်မှာ အတော်ပင် ထိခိုက် ပါတယ်။ ကျွန်တော်ဟာ ကြားနေလူ ဖြစ်တယ်။ အလုပ်သမားများ ၂၃ ရက်နေ့သပိတ်မှောက် မည့်ကိစ္စမှာလဲ ကိုသိန်းဖေက အလုပ်အမှုဆောင် စည်းကမ်းကို ဖောက်ခဲ့တယ်။ ဖ ဆ ပ လ ရာထူး လက်ခံရန် ဆွေးနွေးစဉ်ကလဲ သူတို့က ကျေကျေနပ်နပ် ဖြစ် ပြီးလို့ ဘုရင်ခံထံမှာ စကားလွန်ပြီးမှ တမျိုးပြောလာပြန်တော့ ကျွန်တော် အတော်ဘဲခေါင်းရှုပ်သွားတယ်။ ဒီလိုလုပ်ပုံတွေဟာ ကိုယ့်သိက္ခာကို ကိုယ်စောင့် စည်းယင် ကိုယ့်ကိုယ်ကို ကိုယ်သတ်သေဘို့ ကောင်းတယ်။

ဗိုလ်ချုပ်က ခင်ဗျားတို့ဝင်ချင်ဝင် မဝင်ချင်နေလို့ ဆိုပြန်တော့လဲ သူတို့က ရာထူး လက်ခံကြတယ်။ ရာထူးကို ကျေကျေနပ်နပ် လက်ခံ ကြပြီးမှ ပေါ် လစ်ဗျူရိုအမည် နဲ့ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးကို သွားပုပ်လေလွင့် ဖြစ်အောင် ကျေညာချက် ထုတ် ပြန်တယ်။ အလုပ် အမှုဆောင်က ဒီကိစ္စနဲ့ ပတ်သက်လို့ ၃ ရက်အတွင်း ဥက္ကဋ္ဌကို

တောင်းပန်ရန် ဆုံးဖြတ်ပေမဲ့ သူတို့က လုံးဝ မတောင်းပန်ရုံမက နောက်ကိုလဲ ဝေဖန်အုံးမယ်လို့ စာပြန်ရေး ပြန်တယ်။အဲဒီလို ခဏ ခဏ ဖောက်ပြန်နေတဲ့ အတွက် ကွန်မြူနစ်နာမည်ကို အလွဲသုံးစား ပြုနေကြသည့် ကွန်မြူနစ်အချို့၏ ခေါင်း ဆောင်မှုကြီးသည် လျင်မြန်စွာ ပျက်စီး ပါစေလို့ ကြွေးကြော်ပြီး ဖ ဆ ပ လ အဖွဲ့ ချုပ်မှ ကွန်မြူနစ်ပါတီကို ထုတ်ပစ်ရန် ကျွန်တော်က အဆိုတင်သွင်း ပါတယ်ဟု သခင်နုက အကျယ်တဝင့် ပြောဆိုလျက် အောက်ပါအဆိုကိုတင်သွင်းရာ တောင်သူ လယ်သမား အစည်းအရုံး ဥက္ကဋ္ဌ သခင်တင်က ထောက်ခံလျက် ကန့်ကွက်သူ မရှိဘဲ အတည်ပြုကြကြောင်း။

ထိုသို့ ကန့်ကွက်သူ မရှိဘဲ အတည်ပြုလိုက်သော ဆုံးဖြတ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်၏။

ဆုံးဖြတ်ချက်

ကွန်မြူနစ်ပါတီသည် ဖ ဆ ပ လ အဖွဲ့ချုပ်၏ စည်းမျဉ်း ဥပဒေကို ကြိမ်ဖန် များစွာ ဖောက်ဖျက်လျက် ဗြိတိသျှ နယ်ချဲ့ ဆန့်ကျင်ရေး၏ အကြီးဆုံး လက်နက် ဖြစ်သော ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးအတွင်းမှ နေ၍ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၏ ပျက်စီးရာ ပျက်စီးကြောင်း ဆောင်ရွက် နေသည်မှာ ၎င်းတို့ပါတီ ခေါင်းဆောင်၏ စကား အရပင် ထင်ရှားသဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်မှ ကွန်မြူနစ်ပါတီအား အလုပ် အမှုဆောင် အဖွဲ့က ထုတ်ပယ်ခြင်းကို ဤဗဟို ဦးစီးအဖွဲ့အစည်းအဝေးကြီးကလက်ခံ အတည်ပြုကြောင်း။

ဤဆုံးဖြတ်ချက် အရ ဗဟိုဦးစီးအဖွဲ့တွင်၎င်း၊ ခရိုင်မြို့နယ်နှင့် မူလ အခြေခံ ဖ ဆ ပ လ အဖွဲ့ အသီးအသီးမှ၎င်း ကွန်မြူနစ်ပါတီဝင်များအား ထုတ်ပယ် လိုက် ရမည် ဖြစ်ကြောင်း။

ထိုကဲ့သို့ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက ဗမာပြည် ကွန်မြူနစ်ပါတီအား ထုတ် ပယ်လိုက်ရာ ကွန်မြူနစ်တို့၏ ခြေလှမ်းသည် ပိုမို ကြမ်းတမ်းလာသည်ကို တွေ့ရလေ သည်။ အခြေအနေမှန်ကို သိသာနိုင်ရန် အတွက် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကြွေးကြော်သံဖြစ်သော (ပြည်သူ့ အာဏာ) ဂျာနယ်မှ ကောက်နုတ်ချက်များကို အောက်တွင် ဖော်ပြပေအံ့။

ထုတ်ပစ်ခြင်း မခံရမီ ၂၈-၉-၄၆ ရက်နေ့ထုတ် ပြည်သူ့ အာဏာ ဂျာနယ်တွင် (တိုင်းပြည်ပြုလွှတ်တော်သို့ တိုက်ပွဲများ ပြင်းထန်စွာ ဆင်ခြင်းဖြင့် ချီတက်ရမည်) ဟူသော နှစ်မျက်နှာပြည့် ခေါင်းစဉ် စာလုံးမဲကြီးများဖြင့် ကွန်မြူနစ် ပါတီ၏ ထုတ်

ပြန်ကျေညာချက်ကို ထည့်သွင်း ဖော်ပြထားလေသည်။ ထိုကျေညာချက်တွင် အောက်ပါ အချက်များကို အဓိကထား၍ ဖော်ပြထား၏။

(၁) အသစ် ဖွဲ့စည်းလိုက်သော အမှုဆောင် ဝန်ကြီး အဖွဲ့သည် အမျိုးသား အစိုးရ မဟုတ်၊ ယာယီအစိုးရလည်း မဟုတ်၊ ကြားဖြတ် အစိုးရလည်း မဟုတ်။

(၂) ဗမာပြည်သည် လွတ်လပ်သော နိုင်ငံ ဖြစ်သည်ဟု ချက်ခြင်း ကျေညာရမည်။

(၃) ဗမာပြည်မှ နယ်ချဲ့ စစ်တပ်များ ရုပ်သိမ်းရေး ဟူသော ဆောင်ပုဒ်တို့ဖြင့် တတိုင်းပြည်လုံး အုံကြွလာစေရမည်။

(၄) နယ်ချဲ့ သမားတို့၏ သွေးခွဲရေး သေနင်္ဂဗျူဟာကို တိုက်ဖျက်ရမည်။

အထက်ပါ ကြွေးကြော်သံများကို တိုင်းပြည်သို့ ထုတ်ပြန်ကျေညာလိုက်ခြင်းသည် ကွန်မြူနစ်တို့၏လက်နက်ကိုင် ပုန်ကန်ရန် ပဋ္ဌမဆုံးအကြိမ် အတည့်အလင်း ကျေညာလိုက်ခြင်းပင် ဖြစ်လေသည်။

၁၂-၁၀-၄၆ ရက်နေ့ထုတ် ပြည်သူ့ အာဏာတွင် လယ်သမား တပ်နီများဖွဲ့ရန် စာမျက်နှာ အပြည့် ခေါင်းစဉ် စာလုံးမဲကြီးများဖြင့် ကျေညာချက် ထုတ်ကြပြန်လေသည်။ တဦးတည်းသော လယ်သမား အဖွဲ့အစည်း ဖွဲ့စည်းရန်နှင့်လယ်သမား တပ်နီများသည် ပြင်းထန်သော လူတန်းစား တိုက်ပွဲများကို အလျှော့မပေးဘဲ အတောမသတ် ဆင်နွှဲကြရမည်။ လုံးဝ လွတ်လပ်ရေးကို အမြန်ဆုံး ကျေညာရမည်။ ဗြိတိသျှ နယ်ချဲ့ စံနစ်ကို မြေမြှုပ်ကာဖို့ရမည်။ မနရှင် စံနစ်ကို အစတုံး သုတ်သင်ရမည် အစရှိသဖြင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးနှင့်အန်တု၍ အားသစ်စုရန် အတည့်အလင်းကျေညာကြပြန်လေသည်။ မိမိတို့၏ရည်ရွယ်ချက်ကိုပြင်းထန်သော တိုက်ပွဲများ ဆင်နွှဲခြင်းဖြင့်သာ ရရှိနိုင်လိမ့်မည်ဟု ဗမာပြည် တောင်သူလယ်သမား သမဂ္ဂမှ စွဲမြဲစွာ ယုံကြည်သည်ဟူ၍လည်း ဖော်ပြထား၏။ ဤကား ဗမာပြည် ကွန်မြူနစ်ပါတီ၏ အကြမ်းဖက်မှု ဝါဒစခန်းသို့ ခြေလှမ်းတိုးလာခြင်း ဖြစ်ပေသည်။

၁၉-၁၀-၄၆ ရက်နေ့ထုတ် ပြည်သူ့ အာဏာ ဂျာနယ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦး ဖြစ်သူ သခင် သန်းမြိုင်က (တပ်ပေါင်းစုအဟောင်း ချုပ်ငြိမ်းပြီ။ တပ်ပေါင်းစု အသစ် ပေါ်ထွန်းရမည်) ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး တစောင်ရေးသားရာတွင် ဖ ဆ ပ လ မှ ကွန်မြူနစ်ပါတီအား ထုတ်ပစ်လိုက်ပြီဟူသောသဘင်းသည် ဗြိတိသျှနယ်ချဲ့သမားအဖို့လက်ပန်းပေါက်ခတ်ကာ ရှင်မြူး၍ သွားမည်မှာကေန်မလွဲ ဖြစ်ပေတော့၏။ ဖ ဆ ပ လ သည် ကွန်မြူနစ်ပါတီကိုထုတ်

ပစ်လိုက်ခြင်းဖြင့် ဗြိတိသျှ နယ်ချဲ့သမား အလိုကျ အတိုင်း ဆောင်ရွက်လိုက်ခြင်း ဖြစ်သည် အစရှိသဖြင့် ရေးသားထားလေသည်။ ထိုဆောင်းပါးတွင် ပရိဂျက် စိမ်ကိန်းများနှင့်စပ်လျဉ်း၍ ဖ ဆ ပ လ အား အပြင်းအထန် ဝေဖန်ထားသည်ကိုလည်း တွေ့ရပေသည်။

ထိုစာစောင်၌ ကွန်မြူနစ်ခေါင်းဆောင် တဦးဖြစ်သူ သခင် သန်းဖေသည် (ဘိလူးစည်းလူစည်းကွဲသွားပြီ) ဟူသော ခေါင်းစဉ်ဖြင့် ဖ ဆ ပ လ ကို အပြင်း အထန်ဝေဖန်ထားသည်ကိုတွေ့ရ၏။သခင်သန်းဖေ၏ စွပ်စွဲချက်များအနက် အောက်ပါ အချက်များလည်း ပါဝင်ပေသည်။

(၁) ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားအရေးကို တာဝန်မဲ့ ပြုခဲ့ပြီ။

(၂) ဗိုလ်ချုပ်အောင်ဆန်းသည် လယ်သမား အရေးကို တာဝန်မဲ့ ပြုခဲ့သည်။

(၃) နံပါဘ်ကုန်နေသည့် ဖျက်ဆီးရေးသမားများ (ဖ ဆ ပ လ) က လယ်သမားတိုက်ပွဲများကို ဖျက်ဆီးနေသည်။

(၄) ဖ ဆ ပ လ တွင် များလှစွာသော လူယုတ်မာများ လွှမ်းမိုးနေသည်။

ထိုဆောင်းပါးသည် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးကိုသာမက ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အပြင်းအထန်ရှုတ်ချ ပုတ်ခတ်သော ဆောင်းပါး ဖြစ်လေသည်။

ထိုစာစောင်၌ပင် ကွန်မြူနစ်ပါတီ၏ကျေညာစာတမ်းတစောင်ကို ထည့်သွင်းပုံနှိပ်ထားပေသည်။ အောက်တိုဘာလ ၁၀ ရက်နေ့က ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့က ကွန်မြူနစ်ပါတီအား ထုတ်ပယ်လိုက်ခြင်းနှင့် စပ်လျဉ်း၍ ကွန်မြူနစ်ပါတီ၏ သဘောထားကို ကျေညာခြင်း ဖြစ်လေသည်။ ထိုကျေညာချက်၏ အချုပ်သဘောမှာ ထိုသို့ထုတ်ပယ်လိုက်ခြင်းသည် ဖ ဆ ပ လ က နယ်ချဲ့သမား၏အကြိုက်ကိုလိုက်လျောခြင်း ဖြစ်ကြောင်း၊လူထုတက်ကြွမှုကို ဖိနှိပ်ရန် အတွက် ဖ ဆ ပ လ ကို လက်ကိုင်တုတ်အဖြစ်အသုံးပြုရန် နယ်ချဲ့ သမားလက်သို့ဖ ဆ ပ လ အလုပ်အမှုဆောင်အဖွဲ့က အပ်လိုက်ခြင်းဖြစ်ကြောင်း၊ ဖ ဆ ပ လ သည် အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုအဖြစ်မှ နယ်ချဲ့သမား ရှေ့မှောက်တွင် ဒူးထောက်လာသည့် မနရှင် လူလတ်တန်းစား ပါတီအဖြစ်သို့ ကျဆုံးသွားကြောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီသည် တိုက်ပွဲများကို ဆက်လက် ဆင်နွှဲမည်ဖြစ်ကြောင်း အစရှိသည်ဖြင့် ဖော်ပြထားလေသည်။

၂၆-၁၀-၄၆ ရက်နေ့ထုတ် ပြည်သူ့အာဏာ ဂျာနယ်တွင် (နယ်ချဲ့ အလိုကျလုပ်ပေးသော ဗိုလ်ချုပ်အောင်ဆန်း) ဟူသော ခေါင်းစဉ်ဖြင့် မျက်နှာဖုံး ဆောင်း

ပါးတစောင်ပါလာလေသည်။ ထိုဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်၊ အချောင်သမား အစရှိသဖြင့် ပက်ပက်စက်စက် စွပ်စွဲ၍ ဖ ဆ ပ လ သည် ဗိုလ်ချုပ်အောင်ဆန်း ပါတီမျှသာ ဖြစ်လာကြောင်းကို ရေးသားထားလေသည်။ သုံးနှုန်းထားသော စကားများမှာလည်း အလွန်ရင့်သီးကြောင်းကို အောက်ပါ ကောက်နုတ်ချက်ဖြင့် သိသာနိုင်ပေသည်။ "တသက်လုံး ရာဇဝင်နှင့် ဖျက်လာခဲ့သောနိုင်ငံရေး စားဖားများ လူရေတတ် ကိုယ်စားလှယ်ဖြစ်သော နိုင်ငံရေး အဆွေးအမြေ့များနှင့် ပေါင်းကာ ဒိုမီနီယံလမ်းသို့ လှမ်းနေခြင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ မိုက်မဲမှုတွင် သရဖူဆောင်းလိုက်ခြင်း ဖြစ်၏။"

ထိုစာစောင်၌ပင် ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းမြိုင်သည် (အလုပ်သမားလူတန်းစား၏ ကျောကို ဓားနှင့် ထိုးသော ဖ ဆ ပ လ) ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစောင် ရေးသားရာတွင် "ဖ ဆ ပ လ သည် အလုပ်သမားတို့၏ အရေးကိုကြီးမားစွာသစ္စာဖောက်ခဲ့သည်။ဖ ဆ ပ လ သည်နယ်ချဲ့သမားနှင့်အရင်းရှင်ကုမ္ပဏီကြီးများအား ဒူးထောက်ခဲ့သည်။ ဖ ဆ ပ လ ၏ ဩဇာခံ သတင်းစာများကလည်း အလုပ်သမားသပိတ်များနှင့် စပ်လျဉ်းသော သတင်းများကို ရှောင်ကြဉ်ခဲ့ကြပြီးလျှင် သပိတ်များပျက်စီးစေမည့် သတင်းများကိုသာလျှင် တမင်ရွေးကာ ထည့်သွင်း ဖော်ပြကြသည်"ဟူ၍ စွပ်စွဲထားလေသည်။

၂-၁၁-၄၆ ရက်နေ့ထုတ် ပြည်သူ့အာဏာ ဂျာနယ်တွင် (ဂယောင် ချောက်ချားဖြစ်နေသော ဖ ဆ ပ လ) (လင်းရောင်နီပြေးနေသော တပ်ပေါင်းစု) အစရှိသော ခေါင်းစဉ်များဖြင့် ဆောင်းပါးတွင် ယခင်က ရေးသားခဲ့သည့် အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးကိုပြင်းထန်စွာ ဝေဖန်ထား၏။ကွန်မြူနစ်ခေါင်းဆောင်တဦးဖြစ်သူ သခင်ချစ်သည် (လာမည့်တိုက်ပွဲများအတွက်ပြင်ကြ) ဟူသော ခေါင်းစဉ်ဖြင့် တိုင်းပြည်သို့ ကြွေးကြော်လိုက်လေသည်။ ထိုစာစောင် အလယ်စာမျက်နှာတွင် (အလုပ်သမားနှင့် ပြည်သူတို့ အတွက် တပ်နီ ပေါ်လာပြီ) ဟူသော ခေါင်းစဉ်ဖြင့် ပြည်သူ့ရဲဘော် တပ်ဖွဲ့အင်အား ၅ သောင်းရှိသည့် အနက် ၃ သောင်း ၆ ထောင်မှာ တပ်နီ ဖြစ်လာပြီဟု ကျေညာလိုက်၏။ ထိုစာစောင်၌ပင်လျှင် ဗိုလ်ချုပ်အောင်ဆန်းအား လူထု၏ မျက်မှောက်တွင် လုံးဝတန်ဘိုး မရှိအောင် ရည်ရွယ်သော အရေးအသားမျိုးကိုလည်း စတင် တွေ့ရှိရလေသည်။ ဥပမာအားဖြင့် ရေးသားချက်တရပ်ကို အောက်တွင် ဖော်ပြလိုက်ပေအံ့။

"သခင်အောင်ဆန်းသည် မကြာမီက ကြိုးပေးခါနီးတွင် အဆိပ်သောက်ပြီး သေသွားသော နာဇီခေါင်းဆောင်ကြီး ဂိုးရင်းကိုလိုက်ပြီးပြိုင်နေကြောင်းသိရ၏။

ဟစ်တလာနှင့် ဂိုးရင်းတို့ အာဏာရလာပြီးသောအခါက ဂိုးရင်းသည် ကြီးကျယ်သောတရားပွဲကြီးကို ကျင်းပခဲ့၏။ ထိုအခါက ဂျာမနီ တပြည်လုံးမှာ ငတ်နေကြ၏။ ထို့ကြောင့် ဂိုးရင်းက ပရိသတ်ကြီးအား ဤသို့ ဆိုခဲ့၏။

"ခင်ဗျားတို့ ငတ်နေတယ် ဆိုတာ ကျုပ်သိပါတယ်။ ကျုပ်လဲဘဲ နေ့စဉ် ထမင်းတနပ်ထဲစားတာ ၃ နှစ်ရှိပါပြီ" ဟု ဗိုက်ပူကြီးကိုပွတ်ယင်းပြောခဲ့ရာ ပရိသတ်က သနားပြီး ကောင်းချီးပေးကြလေသည်။

သခင်အောင်ဆန်းကလည်း နိုင်ငံရေး ရှင်းပွဲကြီး၌-

"ကျုပ်ဟာ အဝတ်ဆိုလို့ တထည်ထဲဘဲရှိတယ်။ဒါတောင်မှ တခြားလူတွေက အမြင်မတော်လို့ အတင်းချုပ်ခိုင်းလို့ ဝတ်နေရတာပါ" ဟု ပြောခဲ့၏။

ပရိသတ်က သနားပြီး ကောင်းချီးပေးကြ၏။

သခင်အောင်ဆန်းနှင့် ဂိုးရင်း ဘာထူးသလဲ။

၁၉၄၆ ခု အောက်တိုဘာလ ၃၁ ရက်နေ့တွင် အလံနီဂိုဏ်း ခေါင်းဆောင် သခင်စိုးအား အစိုးရက ဖမ်းဆီးလိုက်ရာ တဦးနှင့်တဦး တဖက်နှင့်တဖက် တဇောင်းစေးနှင့် မျက်ချေး ဖြစ်ခဲ့သော သခင်သန်းထွန်းတို့၏ ဗမာပြည် ကွန်မြူနစ်ပါတီက သခင်စိုးအား ကာကွယ်၍ အစိုးရအား အပြင်းအထန် ကန့်ကွက်ပြစ်တင် ရှုတ်ချကြောင်း အထက်ပါ စာစောင်၌ပင် ထည့်သွင်း ဖော်ပြထားလေသည်။ ထိုကြေညာချက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် အလံနီ ဂိုဏ်းသားများနှင့် အလုပ်အတူ တွဲဖက် လုပ်ကိုင်သွားရမည် ဖြစ်ကြောင်း ဟူ၍လည်း ကြေညာထား၏။

၁၁-၁၀-၄၆ ရက်နေ့ထုတ် ပြည်သူ့အာဏာ ဂျာနယ်တွင် သခင်စိုး၏ အလံနီပါတီနှင့်လက်တွဲ၍ ဖ ဆ ပ လ ကို အပြုတ်တိုက်မည်ဟု ကျေညာပြီးနောက်ကွန်မြူနစ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံ အနှံ့အပြားသို့ ခရီးထွက်ကြလေသည်။ ထိုသို့ ခရီးမထွက်မီ ကျေညာချက်တရပ် ထုတ်ပြန်ရာတွင် (ဗမာပြည် လက်ရှိ နိုင်ငံရေးအခြေအနေကို ရှင်းလင်းရန်၊သမဂ္ဂပါတီများ ပြန်လည် စည်းရုံးရန်၊ တပ်နီများဖွဲ့စည်းရန်) ဟူ၍ ဖော်ပြထား၏။ ထိုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှစ၍ ကွန်မြူနစ်ခေါင်းဆောင်များသည် အောက်ပါ ခရိုင်များသို့ အစုခွဲ၍ ထွက်ခွါသွားကြလေသည်။

(၁) တနင်္သာရီတိုင်း၊ သထုံ၊ မော်လမြိုင်၊ ဓားဝယ်၊ မြိတ်။ ပါတီမှသခင်ဇင်၊ တပ်နီမှ ဗိုလ်လှမြိုင်။

(၂) ပျဉ်းမနား၊ မိတ္ထီလာ၊ မြင်းခြံ၊ ပခုက္ကူ။ ပါတီမှ သခင် တင်ထွန်းနှင့် တပ်နီမှ ဗိုလ်မျိုးမြင့်။

(၃) ကျောက်ဆည်၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊မုံရွာ။ပါတီမှသခင်သန်းဖေ၊
တပ်နီမှ ဗိုလ်သိန်းတန်။
(၄) ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား။
တပ်နီမှ ဗိုလ်ကျော်ဇံ။
(၅) ဟသာတ၊ ပုသိမ်။
တပ်နီမှ ဗိုလ်လှကြည်၊ ပါတီမှ ကိုဝင်းမောင်။
(၆) မြောင်းမြ၊ ဖျာပုံ၊ မအူပင်။ ပါတီမှ သခင်တင်ဖေ။
တပ်နီမှ ဗိုလ်အုန်းကျော်။
(၇) ပြည်၊ သရက်၊ မကွေး၊ မင်းဘူး။ ပါတီမှ ဗိုလ်ဖုန်းညွန့်။
တပ်နီမှ ဗိုလ်ပု။
(၈) တောင်ငူ၊ ပဲခူး။
ပါတီမှ ကိုသိန်းဖေနှင့် ကိုမောင်မောင်စိန်။
(၉) သာယာဝတီ၊ အင်းစိန်၊ ဟံသာဝတီ၊ ပဲခူး။
တပ်နီမှ ဗိုလ်အောင်မင်း၊ဗိုလ်သန်းရွှေ၊ဗိုလ်သာဒွန်းအောင်၊ ဗိုလ်ကြည်။
ပါတီမှ သခင်ချစ်။

ထိုကွန်မြူနစ်ခေါင်းဆောင်၊ တပ်နီ ခေါင်းဆောင်များသည် အထက်ပါအတိုင်း နယ်ခွဲ၍ ထွက်ကြပြီးနောက် တိုက်ပွဲအတွက် ပြင်ဆင်ရေးကို အပြင်းအထန် စိုင်းပြင်းခဲ့ကြလေသည်။ ထိုအချိန်တွင် ဗဟိုတပ်နီ ဌာနချုပ်ကလည်း အောက်ပါ ညွှန်ကြားချက် အမှတ် ၂ ကို ထုတ်ပြန်ကျေညာလိုက်၏။

"ကာယကံမြောက်အားဖြင့် နယ်ချဲ့သမား၏ လက်ရုံး လက်သီး ဓားသွားဖြစ်နေသော ဖ ဆ ပ လ နှင့် ပြည်သူ့ရဲဘော်တို့၏ လူမိုက်နည်း လူသတ်နည်းတို့ဖြင့် စော်ကားခြင်းများကို ငါတို့ ခံနေကြရသည်။ ငါတို့ ငုံ့ခံနေပါက သည်ထက်သည် ကြမ်းရမ်းလာကြပေလိမ့်မည်။ နယ်ချဲ့သမားက ဓားသွားဖြင့် တချက်ခုတ်လျှင် ငါတို့က အပိုင်းပိုင်း ပြတ်သွားအောင် ခုတ်ထစ် ချေမှုန်း ပစ်ကြရမည်။ သို့သော် သူတို့လို လူမိုက်နည်းဖြင့် မလုပ်၊ လူထုတိုက်ပွဲများဖြင့် အစတုံးစေရမည်။

လောလောဆယ်အားဖြင့် (၁) လူထု အစည်းအဝေးကြီးများ ခေါ်၍ တိုင်ကြားရမည်။ (၂) လူထု အစည်းအဝေးများမှ ပြင်းထန်စွာ ရှုတ်ချ အပြစ်တင်သော အဆိုများ ချမှတ်ကြရမည်။"

ဗဟိုဦးစီးအဖွဲ့
ဗဟိုတပ်နီဌာနချုပ်—ဗမာပြည်

နိုဝင်ဘာလ ၁၁ ရက်နေ့ထုတ် ပြည်သူ့အာဏာစာစောင်၌ပင် ကွန်မြူနစ်ခေါင်းဆောင် သခင်တင်ဖေက အောက်ပါ အတိုင်း ရေးသား ထားသည်ကို တွေ့ရ၏။

ကျောင်းသား သမဂ္ဂတွင် လုပ်ရည် ကြံရည်နှင့် အပင်ပန်း မခံရဘဲနှင့် အချောင်နာမည်ရခဲ့သော သခင်အောင်ဆန်း။

ဒို့ဗမာ အစည်းအရုံး၏ ပြည်ညီလာခံအပြီး နှစ်ခြမ်းကွဲကြစဉ် ဒိုင်ဗင်ထိုး နောက်ဂျမ်း ပစ်ပြီး ထိပ်တန်း ခေါင်းဆောင်မှုကို အချောင် ရခဲ့သော သခင်အောင်ဆန်း။

၁၉၄၂ ခုနှစ် အင်းစိန် ထောင်အတွင်းမှ ငါတို့၏ အပြင်းအထန် ကန့်ကွက်ရေးကို ဘေးချိတ်ပြီး ဖက်ဆစ်ဂျပန်၏ ပဥ္စမံတပ်ဗိုလ်ချုပ် အဖြစ်နှင့် အချောင်နာမည်ရခဲ့သော သခင်အောင်ဆန်း။

၁၉၄၅ ခုနှစ် ဖက်ဆစ် ဂျပန်အား တော်လှန်ရာတွင်လည်း သရက်နယ်တွင် သံကွန်ချာ အထပ်ပေါင်းများစွာ ကာရံပြီး ဇိမ်နှင့် စည်းစိမ် ယစ်ရာမှ အချောင်နာမည်ရခဲ့သော သခင်အောင်ဆန်း။

အထက်ပါ အရေးအသားများကို ထောက်၍ ကွန်မြူနစ်တို့၏ နည်းပရိယာယ်မှာ ဖ ဆ ပ လ ကို ဖြိုဖျက်ရန်ဖြစ်၍ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား နှစ်ပြားမတန်အောင် ရေးသားဟောပြောခြင်းဖြင့် ဖ ဆ ပ လ အပေါ်တွင် လူထု၏ ယုံကြည် ကိုးစားမှု လျော့နည်းလာလိမ့်မည်ဟု ယူဆကြခြင်း ဖြစ်ဟန် တူပေသည်။

၁၆-၁၁-၄၆ ရက်နေ့ထုတ် ပြည်သူ့အာဏာ ဂျာနယ်တွင် ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်ကို အကျယ်တဝင့် ထည့်သွင်း ဖော်ပြထားလေသည်။ ထိုလုပ်ငန်းစဉ်ကို အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပသော ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီ အစည်းအဝေးတွင် လက်ခံခဲ့သည်ဟု သိရ၏။ ထိုလုပ်ငန်းစဉ်သည် လောလောဆယ် လိုက်နာရန်သာမက ပါတီဝင်များအားလုံးဆွေးနွေးရန် ဖြစ်သည်ဟုလည်း ဖော်ပြထား၏။ ထိုကြေညာချက်၏ ကောက်နုတ်ချက်များကို အောက်တွင် ဖော်ပြပေအံ့။

(၁) ငါတို့ပါတီသည် မှောက်မှားသည့် အယူဝါဒတို့ကို ဆေးကြော သုတ်သင်ပြီး တော်လှန်ရေး လမ်းစဉ်ကို လိုက်ကာ နယ်ချဲ့သမားတို့၏ အလိုတော်ရိ ဩဇာခံများကို အတင်းဖြိုချရမည်။

(၂) ရွှေအဖို့တွင် လမ်းနှစ်လမ်းသာရှိသည်။ တလမ်းကား နယ်ချဲ့သမားသည် ဖ ဆ ပ လ ဟူသော မနေရှင်လူလတ်တန်းစား၏ ဩဇာကို အသုံးပြုကာ

လူထု၏ အုံကြွမှုကို ချေမှုန်းတော့မည်။ နောက်တလမ်းကား အလုပ်သမား လယ်သမားတို့၏ ပါတီသည် ရဲရဲရင့်ရင့် မားမားမတ်မတ်ကြီး ရပ်ကာ မှန်ကန်သော ရှေ့ဆောင်မှု၊ မှန်ကန်သော လုပ်ငန်းစဉ်၊ မှန်ကန်သော သေနင်္ဗျူဟာတို့နှင့် ရှေ့ဆောင်ရမည်။ လူထု၏ မကျေနပ်မှုတို့ကြောင့် ပေါက်ကွဲ သွားသည်တို့ကို ချေမှုန်း၍ အတောမသတ် တိုက်ပွဲဆင်နွဲကာဖြင့် လူထုနှင့် တလုံးတစည်းတည်း ဖြစ်စေရမည်။ လူထုတိုက်ပွဲတို့ဖြင့် နေရှင် ရှေ့ဆောင်မှုကို ဖြိုချရမည်။ ပြည်သူလူထုက တန်းခိုး အာဏာသိမ်းရေး အတွက် ပြင်ဆင်ကြရမည်။

အထက်ပါ ကျေညာချက်ကို ထောက်၍ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တပ်နီတို့သည် လူထုနည်းဖြင့် ဖ ဆ ပ လ ကိုဖြိုခွဲမရနိုင်ခဲ့သော် လက်နက်နည်းဖြင့် ဖြိုချ၍ နိုင်ငံရေး အာဏာကို သိမ်းမည်ဟု ကျေညာခြင်းပင် ဖြစ်ပေသည်။ ထိုကျေညာချက်၌ပင် (အသစ်ပြန်လည် ဖွဲ့စည်းခဲ့သော ဘုရင်ခံ အမှုဆောင် အဖွဲ့သစ်သည် နယ်ချဲ့သမားတို့၏ ရှေ့မှောက် ဒူးထောက်သော အစိုးရ ဖြစ်ကြောင်း တတိုင်းပြည်လုံးအား သိစေရမည်။ ထိုအမှုဆောင် အဖွဲ့တွင်းသို့ ငါတို့သည် နည်းပရိယာယ်မှား၍ ဝင်ခဲ့၏။ သို့ရာတွင် ချက်ခြင်းပင် ငါတို့သည် အမှားကိုမြင်ကာ အမှုဆောင် အဖွဲ့မှ နုတ်ထွက်ခဲ့လေသည်။ ဖ ဆ ပ လ ခေါင်းဆောင်များသည် ဘုရင်ခံ အမှုဆောင် အဖွဲ့အတွင်း၌ ရောက်နေရကား နယ်ချဲ့သမားတို့၏ ထောင်ချောက် အတွင်း နက်သထက် နက်အောင် ကျတော့မည်) စသည်ဖြင့် ဖော်ပြထားလေသည်။

ဆိုရှယ်လစ် ပါတီနှင့် စပ်လျဉ်း၍လည်း ကွန်မြူနစ်ပါတီ၏ ကျေညာချက်တွင် အောက်ပါ အတိုင်း ဖော်ပြထား၏။ (ဆိုရှယ်လစ်ပါတီသည် အမည်အားဖြင့် ဆိုရှယ်လစ် ဖြစ်စေကာမူ အလုပ်အားဖြင့် မြေရှင်ပါတီဖြစ်၏။ ကွန်မြူနစ် ဆန့်ကျင်ရေးလုပ်ငန်းတွင် လကျာ်ဂိုဏ်းတို့ထက် သာ၏။ လူတန်းစား အင်အားစုတို့ကို ဖြိုခွဲခြင်းဖြင့် ဖ ဆ ပ လ ဒူးထောက်သမားတို့ကို ကူညီနေ၏။)

လက်နက်ကိုင် တော်လှန်ရေး အတွက်လည်း တိုင်းပြည် လူထုသို့ သွေးထိုးပေးသော အောက်ပါ နှိုးဆော်ချက် ပါရှိပေသည်။

(တိုင်းသူပြည်သား အပေါင်းတို့၏ လူများစုသည် တော်လှန်ရေးဖက်သို့ သိမ်းသွင်းမိသည့် အခါမှသာလျှင် လက်ရှိတော်လှန်ရေး အုံကြွမှုသည် အပြီးသတ် အာဏာ သိမ်းပွဲနှင့် ဒိမိုကရေစီ တော်လှန်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ရေး အထိ တိုးတက်လာလိမ့်မည်ဟု ကွန်မြူနစ်ပါတီက ယုံကြည်ပေသည်။ ထို့အတွက် အလုပ်သမား၊ တောင်သူ လယ်သမား၊ ထို့ပြင် အလုပ်သမား၊တောင်သူလယ်သမားအကျိုး

ကို လိုလားသော မြို့နေလူလတ်တန်းစားတို့ကို တော်လှန်ရေး ဖက်သို့ သိမ်းသွင်းရမည်။

ထိုစာစောင် သတင်းနှင့် ဝေဖန်ချက်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းအား အပြင်းအထန် ဝေဖန် ထားသည်ကို ဖတ်ရှုရလေသည်။ အောက်ပါ ကောက်နုတ်ချက်ကို ကြည့်လေ။

"ငါတို့ ကွန်မြူနစ်များသည် တဦးချင်း သတ်ဖြတ်သော တော်လှန်ရေး ဝါဒကို မယုံကြည်။ လူထုတိုက်ပွဲကိုသာ ယုံကြည်သည်။ ခားပြတိုက်ခြင်းသည် ကွန်မြူနစ်ဝါဒဖြစ်သည်ဟူ၍ သခင်အောင်ဆန်းတို့၏ ဝါဒဖြန့်ခြင်းများသည် နိုင်ငံရေး လမ်းစဉ်အရ ကွန်မြူနစ်တို့ကို တိုက်ခြင်းမဟုတ်။ ညစ်ပတ်စုတ်ပဲ့သော နည်းဖြင့် တိုက်ခဲ့ခြင်းဖြစ်၏။ တနည်းအားဖြင့် နယ်ချဲ့သမား၏ ပုလိပ်၊ စစ်တပ်၊ လက်နက်တို့ကို အားကိုး၍ ရှေ့ဆောင်နေခြင်းသာ ဖြစ်ပေသည်။

ဂျပန်ကို တိုက်ရေး အတွက် သခင်အောင်ဆန်းက သူပါခဲ့သည်ဟု ဆို၏။ သို့သော် ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက နောက်သို့ ဆုတ်နေသော ဂျပန်များနှင့်အတူ လိုက်ရန် တခဲခဲ ကြံရွယ်ခဲ့သူမှာ သခင်အောင်ဆန်းပင် ဖြစ်၏။

သခင်အောင်ဆန်း၏ ပြောစကားများကို ဆင်ခြင်သုံးသပ်လျှင် ဗမာပြည်၌ ဖက်ဆစ် အသေကောင်ဖုတ်ဝင်လာခြင်း ဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရလေသည်။"

၃၀၊၁၁၊၄၆ ရက်နေ့ထုတ် ပြည်သူ့ အာဏာ ဂျာနယ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ ဆ ပ လ ကို ယခင်ကအတိုင်း ပြင်းထန်စွာ ရှုတ်ချ ဝေဖန် ထားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အစည်းအဝေး တခုတွင် ကွန်မြူနစ်များအား ခားပြများသာ ဖြစ်ကြောင်း ပြောဆိုခဲ့၏။ ဗိုလ်ချုပ်၏ မိန့်ခွန်းတွင် ပျဉ်းမနားဖက်၌ ကွန်မြူနစ်များသည် ခားပြတိုက်ခိုက် သောင်းကျန်းနေကြကြောင်း၊ ထိုနယ်ဖက်တွင်ရှိသော ကွန်မြူနစ်ခေါင်းဆောင်များသည် ကျပ်ပြည့်သောသူများ မဟုတ်ကြောင်း၊ သူတို့သည် ကွန်မြူနစ်ဝါဒကို ဘာမှမသိဘဲ ခားပြတိုက်ပြီး နယ်သူနယ်သားများကို အမျိုးမျိုးခြိမ်းချောက်နေကြကြောင်း ထုတ်ဖော် ပြောဆိုခဲ့လေသည်။

ထိုပြောဆိုချက်ကို အကြောင်းပြု၍ ကွန်မြူနစ်ပါတီသည် ဗိုလ်ချုပ်အောင်ဆန်းကို ရှေးကထက်ပင် ပြင်းထန်စွာ ရှုတ်ချဝေဖန်ကြပြန်၏။ ဗိုလ်ချုပ်အောင်ဆန်း၏ အပြောမျိုးသည် ရိုးသားသော နိုင်ငံရေးသမားတို့၏ အပြောမျိုးမဟုတ်ဘဲ လူမိုက်ဘို့၏ လမ်းပေါ်လျှောက်ဆဲသော အပြောမျိုးသာ ဖြစ်ကြောင်း။ ငါးစိမ်း

သည်ကဲ့သို့ ရန်ထောင်ခြင်း ဖြစ်ကြောင်း ပြန်လှန်ချေပကြ၏။ ထိုနောက် ပြည်သူ့အာဏာ ဂျာနယ်များနှင့် ဗမာပြည် ကွန်မြူနစ်ပါတီက ထုတ်ဝေဖြန့်ချိသော စာရွက် စာတမ်းများတွင် (ပုန်ကန်ထကြွမှုကို ကပျက်ကချော်မလုပ်ရ၊ သို့သော် စမိသည်နှင့် တပြိုင်နက် အဆုံးတိုင်အောင် တိုက်ခိုက်သွားရမည်)ဟူသော ကြွေးကြော်သံများဖြင့် ပြည့်နှက်လျက် ရှိလေသည်။

ကွန်မြူနစ်တို့၏ အတိုက်အခံပြုခြင်းကို သဲသဲမဲမဲခံနေရသော ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် မိမိ၏ မူလ လမ်းစဉ် ဖြစ်သော လွတ်လပ်ရေး ကြိုးပမ်းမှု အတွက် အားမပျက်ဘဲ ဆက်လက်၍ ဆောင်ရွက်ခဲ့သည်ကို အခန်း ၁ တွင် ဖော်ပြခဲ့သည့် အတိုင်း လွတ်လပ်ရေး မရမီကာလတွင် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည် နိုင်ငံရေး အာဏာကို ရနိုင်သမျှ အရယူ၍ လူထုစည်းရုံးမှုကိုသာမက ဗြိတိသျှ အစိုးရနှင့် ဆက်လက်၍ ပြင်းထန်စွာ အရေးဆိုခဲ့သည်။ ဗြိတိသျှ အစိုးရသည် လူထုတရပ်လုံး ထောက်ခံလျက်ရှိသော ဖ ဆ ပ လ အဖွဲ့ကြီးကို မလွန်ဆန် နိုင်သည့် အတွက် ဖ ဆ ပ လ ခေါင်းဆောင်များနှင့် မျက်နှာစုံညီဆွေးနွေးကြရ၏။ ထိုဆွေးနွေးချက်များမှ အောင်ဆန်းအက်တလီစာချုပ်နှင့် နုအက်တလီစာချုပ်တို့ ပေါက်ဖွားပေါ်ပေါက်လာလေသည်။ ထိုကဲ့သို့ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီး၏ ဆောင်ရွက်မှုများ အောင်မြင်လေလေ ကွန်မြူနစ်တို့ ပိုမို၍ မခံမရပ်နိုင် ဖြစ်လေလေ တွေ့ရ၏။ သူတို့သည် ဖ ဆ ပ လ ၏ လက်တွင်းမှ ခေါင်းဆောင်မှုကို လုယူရရှိရန် မျှော်လင့်ချက် မရှိတော့သဖြင့် ဖ ဆ ပ လ ကို အပြုတ်တိုက်ရန် တနည်းသာရှိတော့သည်ကို တွေ့ရလေသည်။

ထိုအခိုက်တွင် အိန္ဒိယပြည် ကွန်မြူနစ်ပါတီမှ “၁၉၄၈ ခုနှစ် တော်လှန်ရေး လမ်းစဉ်များ” ခေါင်းစဉ်ဖြင့် ကွန်မြူနစ် လုပ်ငန်းစဉ်ကို ဂိုရှယ်ခေါ် ရဲဘော် ဘာတင် ဆိုသူသည် အိန္ဒိယပြည်မှ အပြန်တွင် ယူလာခဲ့လေသည်။ ရရှိတော့မည် ဖြစ်သော ဗမာ့လွတ်လပ်ရေးသည် အစစ်မဟုတ် အတုမျှသာဖြစ်လျက် လွတ်လပ်ရေး အမည်ကို ဗန်းပြကာ ဗြိတိသျှ နယ်ချဲ့သမားများက မြန်မာပြည်၏ ကာကွယ်ရေးနှင့် စီးပွါးရေးတို့ကို ချုတ်ချယ် ထားလိမ့်မည်။ ဖ ဆ ပ လ အဖွဲ့ကြီးကလည်း ဤလွတ်လပ်ရေး အတုကို လက်ခံ သဘောတူခြင်းအားဖြင့် ဗြိတိသျှ နယ်ချဲ့တို့၏ လက်ကိုင်တုတ် အဖြစ်သာလျှင် မြန်မာ့စီးပွါးရေးတွင် ဗြိတိသျှတို့ ကြိုးကိုင်မှုကို အသာပေးနေသည်ဟု ပါရှိလေသည်။ မြန်မာနိုင်ငံတွင် ကွန်မြူနစ်များ တောခို၍ ပုန်ကန် ထကြွသော အဖြစ်အပျက်နှင့်စပ်လျဉ်း၍ ထိုစာတမ်းမှာ အရေးကြီးသဖြင့် ယင်းကို နောက်ဆက်တွဲ အဖြစ် ဖော်ပြလိုက်ရပေသည်။

ကာလကတ္တားကွန်ဖရင့်

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံသည် လုံးဝ အချုပ်အချာအာဏာပိုင် သမ္မတနိုင်ငံဖြစ်လာ၏။ ကွန်မြူနစ်တို့သည် ထိုလွတ်လပ်ရေးကို အစစ်မဟုတ်၊ ဖ ဆ ပ လ သည် လူထု၏မျက်စိကို သဲနှင့်ပက်သည်ဟု ကြွေးကြော်သံများဖြင့် ပြင်းထန်စွာ ဟစ်အော် ကြွေးကြော် ကြပြန်သည်။ ထိုအတောအတွင်း ဖေဖော်ဝါရီလတွင် အိန္ဒိယပြည်ကာလကတ္တားမြို့၌ အာရှအရှေ့တောင်ပိုင်း ကွန်မြူနစ်များ၏ ညီလာခံတရပ်ကိုကျင်းပရာမြန်မာနိုင်ငံမှလည်းသခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ် ကိုယ်စားလှယ် အဖွဲ့တဖွဲ့ တက်ရောက်ခဲ့၏။

ထိုညီလာခံကို (အရှေ့တောင် အာရှလူငယ် ညီလာခံ) ဟု အမည်ပေးထားလေသည်။ ညီလာခံကို ဦးစီး၍ ကျင်းပသည့် အဖွဲ့များမှာ ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်အဖွဲ့။ အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ အဖွဲ့ချုပ်နှင့် အိန္ဒိယပြည် ကွန်မြူနစ်ပါတီတို့ဖြစ်ကြ၏။ မြန်မာနိုင်ငံမှ တက်ရောက်ကြသော ကွန်မြူနစ်ကိုယ်စားလှယ်များမှာ သခင်သန်းထွန်း၊ သခင်လှမြိုင်ခေါ် ဗိုလ်ရန်အောင်၊ သခင်အောင်ကြီး၊ သခင် ဗသိန်းတင်၊ သခင်မ ဒေါ်ခင်ကြီးတို့ ဖြစ်ကြလေသည်။ မြန်မာပြည်လုံးဆိုင်ရာ အိန္ဒိယ လူငယ်အဖွဲ့မှလည်း မစ်စ်ဘီလာမူကာဂျီနှင့်အေအင်ဒေးတို့ တက်ရောက်၍ တရုပ် ဒီမိုကရက်တစ် အဖွဲ့မှ ဘီအော်ဖ်ချင်းတက်ရောက်၏။

မြန်မာကွန်မြူနစ် ကိုယ်စားလှယ်များသည် ထိုညီလာခံတွင် ကမ္ဘာ အရပ်ရပ်မှ ကွန်မြူနစ် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခွင့် ရကြလေသည်။ ထိုညီလာခံသို့ အောက်ပါ နိုင်ငံများမှ ကွန်မြူနစ် ကိုယ်စားလှယ်များလည်း တက်ရောက်ကြ၏။

(၁) ဆိုဗီယက် ရုရှား။
(၂) ယူဂိုစလားဗီးယား။
(၃) ဩစတြေလီးယား။
(၄) မလေးယား။
(၅) ဟောင်ကောင်
(၆) ဗီယက်နမ်။
(၇) တရုပ်ပြည်။
(၈) ဖိလိပိုင်။
(၉) အင်္ဂလန်။ ။

(၁၀) အိန္ဒိယ။
(၁၁) အင်ဒိုနီးရှား။

ကာလကတ္တား ညီလာခံ ပြီးဆုံးသော အခါ မတ်လ အတွင်း ကျင်းပမည့် ပျဉ်းမနား ညီလာခံသို့ တက်ရောက်ကြရန် မြန်မာ ကွန်မြူနစ်များက ဖိတ်ကြားသည့်အတိုင်း အင်္ဂလန်၊ အိန္ဒိယ၊ တရုပ် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ ဆက်လက်လိုက်ပါလာကြ၍ ညီလာခံတွင် တော်လှန်ရေး လုပ်ငန်းများကို ဟောပြောကြလေသည်။ ဆင်းရဲသား လူတန်းစားများ၏ ဘဝလွတ်မြောက်ရေး ကြိုးပမ်းမှုတွင် မိမိတို့နိုင်ငံများမှလည်း ကူညီပါမည်ဟု ကတိပြုကြ၏။

၁၉၄၈ ခု မတ်လတွင် ပျဉ်းမနား၌ ကျင်းပသော အလံဖြူ ကွန်မြူနစ်ပါတီ ကွန်ဖရင့်ကြီးက အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်ကြလေသည်။

ဆုံးဖြတ်ချက်များ

ပြဋ္ဌာန်းချက် ၁။ ။တိုင်းပြည်နှင့် တောင်သူလယ်သမား တို့အကျိုး အပြင်နယ်ချဲ့နှင့် မြေပိုင်ရှင် ကြီးများကို အမြစ်ပါမကျန် လှန်ပစ်ရေး အတွက် တိုက်ပွဲဝင်ပြီးလျှင် အသက်ဖြင့် ပူဇော်သွားကြသော ရဲဘော်များအား ဤအစည်း အဝေးကြီးက မှတ်တမ်း တင်ပါသည်။ ကျဆုံးသူ ရဲဘော်တို့ မပြီးမပြတ်ကျန်ရစ်ခဲ့သော တိုက်ပွဲကို အဆုံးသတ်အောင်မြင်သည်အထိ ဆက်လက် တိုက်ခိုက်သွားရန် ဤအစည်းအဝေးကြီးကကြိုးပမ်းမည်။

ပြဋ္ဌာန်းချက် ၂။ ။လွတ်လပ်ရေးရမှုအတွက် ဗြိတိသျှ၊ ဂျပန်၊ဆာငပေါ်ထွန်း အစိုးရနှင့် ဖ ဆ ပ လ အစိုးရတို့ကို ရဲရင့်စွာဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သော ရခိုင်လွတ်လပ်ရေး တိုက်ပွဲဝင်ရဲဘော်များ၏ သတ္တိကို လိုက်လိုက် လှဲလှဲ ချီးကျူးကြောင်း ဤအစည်းအဝေးကြီးက မှတ်တမ်း တင်ပါသည်။

ပြဋ္ဌာန်းချက် ၃။ ။ယခင်က အငှါး ချသော မြေယာအားလုံးကို အတင်းဝင်ရောက်ပြီးလျှင် မြေပိုင်ရှင်တို့က သဘောတူသည် ဖြစ်စေ မတူသည် ဖြစ်စေ ထွန်ယက်လုပ်ကိုင်ရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

ပြဋ္ဌာန်းချက် ၄။ ။ရန်ကုန်မြို့တွင် ဖြစ်ပွါးနေသော ဘီ အို စီ သပိတ်နှင့် အခြား သပိတ်များကို ဤအစည်းအဝေးကြီးက လုံးဝ ထောက်ခံသည်။

ပြဋ္ဌာန်းချက် ၅။ ။တောင်သူလယ်သမားများနှင့် လယ်ယာ အလုပ်သမားများလည်း ကိုယ်ပိုင် လယ်များ ရရှိစေရန် တောင်သူ လယ်သမားသမဂ္ဂများနှင့်

လယ်ယာ အလုပ် သမား သမဂ္ဂများ ဖွဲ့စည်းရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

ပြဋ္ဌာန်းချက် ၆။ ။ဖက်ဆစ်ဝါဒ (ဖ ဆ ပ လ)ကို မည်သည့်နည်းဖြင့်မဆို ချေမှုန်းဆုတ်သင် ပစ်ရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

ပြဋ္ဌာန်းချက် ၇။ ။တတိယအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား ညီလာခံ အစည်းအဝေးကို ပဲခူးမြို့တွင် ကျင်းပရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်။

အထက်ပါ ဆုံးဖြတ်ချက် များအရ ကျဆုံးသူ ရဲဘော်တို့ မပြီးမပြတ်ကျန်ရစ်ခဲ့သော တိုက်ပွဲကို အဆုံးသတ် အောင်မြင်သည်အထိ ဆက်လက် တိုက်ခိုက် သွားရန် ဤအစည်းအဝေးကြီးက ကြိုးပမ်းမည်ဟူသောစကားမှာ အနုနည်းနှင့်မအောင်မြင်လျှင် အကြမ်းနည်းဖြင့် ပုန်ကန်မည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်လေသည်။ ထိုမျှသာ မကသေး၊ ပြဋ္ဌာန်းချက် ၃ တွင်လည်း မြေယာအားလုံးကို အတင်း ဝင်ရောက်ပြီးလျှင် မြေပိုင်ရှင်တို့က သဘောတူသည် ဖြစ်စေ မတူသည် ဖြစ်စေ ထွန်ယက်လုပ်ကိုင်ရန် ဆုံးဖြတ်ချက်မှာ လွတ်လပ်ရေးရခါစ ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်လျက် ရှိရသော ဖ ဆ ပ လ အစိုးရကို ပြောင်စစ်ကျေညာလိုက်ခြင်းပင် ဖြစ်၏။

ပြဋ္ဌာန်းချက် ၆ မှာ သူပုန်ထရန် အတည့်အလင်း ဆုံးဖြတ်ထားခြင်းဖြစ်သည်။ ဖက်ဆစ် ဝါဒ ဖ ဆ ပ လ ကို မည်သည့် နည်းဖြင့်မဆို ချေမှုန်းသုတ်သင်ပစ်ရန် ဤအစည်းအဝေးကြီးက ပြဋ္ဌာန်းသည်ဆိုသော စကား များတွင် အဓိပ္ပါယ် ၂ မျိုး မရှိပေ။ လက်နက် စွဲကိုင်၍ တော်လှန် ပုန်ကန်ပြီးနောက် ဖ ဆ ပ လ ကို ဖြုတ်ချ၍ နိုင်ငံရေးအာဏာကို ရသည့် နည်းဖြင့် ယူတော့မည်ဟု သန္နိဋ္ဌာန် ပြုခြင်းမှာ ထင်ရှားပေသည်။

၁၉၄၈ ခု မတ်လ ၁၈ ရက်နေ့တွင် ပျဉ်းမနားမြို့၌ ကျင်းပသော ကွန်မြူနစ်ညီလာခံ ပြီးဆုံးခဲ့ရာ ဖ ဆ ပ လ အစိုးရသည် သွေးချင်း သားချင်း ဖြစ်ကြကုန်သော ဗမာကွန်မြူနစ်များကို မည်သို့ အရေးယူရမည်ဟု နက်နက် နဲနဲ စဉ်းစားရလေတော့သည်။ လက်နက် စွဲကိုင်၍ ပုန်ကန်တော့မည်ဟု အတည့်အလင်း မဆိုသော်လည်း ဖ ဆ ပ လ ကို ရှိသမျှသော နည်းမျိုးစုံဖြင့် ဖြုတ်ချရမည်ဟု ဆုံးဖြတ်ပြီးရှိနေရကား အရေးမယူ၍လည်း မဖြစ်ပေ။ အရေးယူလိုက်ပြန်လျှင်လည်း သွေးချင်း သားချင်း ဖြစ်သော တိုင်းရင်းသား များကို နှိပ်ကွပ်သည်ဟု အများက ယူဆကြမည် လောဟူသော ပြဿနာတို့နှင့် ရင်ဆိုင်လျက် ရှိခဲ့ရ၏။

ရက်အနည်းငယ် အတွင်းမှာပင် ကွန်မြူနစ်ပါတီ ခေါင်းဆောင်များသည်

တောခို၍ လက်နက်စွဲကိုင် ပုန်ကန် တော့မည် ဟူသော သတင်းကို ရရှိသည်နှင့် တပြိုင်နက် ၁၉၄၈ ခု မတ်လ ၂၈ ရက်နေ့နံနက်တွင် ကွန်မြူနစ်ခေါင်းဆောင်များ ကို ဖမ်းဆီးရန် အရေးယူရာတွင် လွန်ခဲ့သောညကပင် တောခိုသွားကြောင်း သိကြရလေသည်။ ထို့ကြောင့် ၁၉၄၈ ခု မတ်လ ၂၈ ရက်နေ့သည် လွတ်လပ်စ ပြည်ထောင်စုကြီးအား အဖျက်သမား များက စတင်၍ မီးရှို့သော အမင်္ဂလာ နေ့ကြီးဟူ၍ အသိအမှတ် ပြုသင့်ပေသည်။

ကွန်မြူနစ်များ တောခိုပြီးနောက် ကွန်မြူနစ်သံယောဇဉ် ကြီးမားလှသော ပြည်သူ့ရဲဘော် ပါတီဝင်အချို့တို့သည်လည်း လှုပ်လှုပ် ရွရွ ဖြစ်လာကြလေသည်။ ဤတွင် ပြည်သူ့ရဲဘော် အဖွဲ့နှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းရေးသားရန် လိုပေသည်။

ဖက်ဆစ် ဂျပန်တို့ စစ်ရှုံး၍ လက်နက် ချပြီးနောက် မြန်မာပြည်တွင် ရှေ့တန်းမှ ပါဝင် ဆင်နွှဲခဲ့ကြသော တော်လှန်ရေးအင်အားစု တပ်မတော်ကြီးကို နေရာချထား ရန် ကိစ္စကြီး တရပ် ပေါ်ပေါက် လာခဲ့ပေသည်။ ကန္ဒီစာချုပ် အရ ဗမာ့တပ်မတော် မှ ရဲဘော်အချို့ကို မြန်မာပြည် တပ်မတော်ကြီးတွင် ဆက်လက် ဝင်ရောက်အမှုထမ်း ဆောင်စေခဲ့သဖြင့် ဗမာ့တပ်မတော်မှာ အသစ်တဖန် ပြန်လည်၍ သန္ဓေတည်ပိခဲ့ သော်လည်း ကျန်ရှိသော ရဲဘော်များအတွက် နေရာချထား ထူထောင်ပေးရန် ကျန်ရှိ နေလေသည်။ ဗိုလ်ချုပ် အောင်ဆန်းသည် တကယ့်ခေါင်းဆောင်ကြီးပီပီ ဗမာပြည် တပ်မတော်ကြီးတွင် အမှုထမ်းရန် ဗြိတိသျှအစိုးရက ပေးအပ်သော ရာထူး ကြီးကို ငြင်းပယ်ကာ တိုင်းပြည် အတွက် ဆက်လက်၍ သက်စွန့်ကြိုးပမ်း ဆောင်ရွက်လိုသူ ရဲဘော်များ၏ လိုအင်ဆန္ဒပြည့်ဝမှု အတွက် ရဲဘော်များကို ပြန် လည်စည်းရုံးကာ ပြည်သူ့ရဲဘော် အဖွဲ့ကြီးကို တာဝန်ယူ၍ ဖန်တီးခဲ့လေသည်။

ပြည်သူ့ရဲဘော် အဖွဲ့ကြီးသည် ဒုတိယ ကမ္ဘာစစ်ကြီး၏ အမွေအနှစ် ဖြစ်လေ သည်။ စစ်ပြီးခေတ်တွင် နိုင်ငံတော် အရေးကြုံနေခိုက် စွန့်စွန့် စားစား ထမ်းရွက် လိုကြသော လူငယ် လူရွယ်များကို ပြန်လည် နေရာချထားပေးရန် အတွက် မြန်မာပြည်ကဲ့သို့ အခြား နိုင်ငံအများပင် တာဝန် ရှိကြရလေသည်။ စစ်ဒဏ်ကို နှစ်ကြိမ် တိုင်တိုင် ခံခဲ့ရသော မြန်မာပြည်တွင် အဆိုပါ လူငယ် လူရွယ် ရဲဘော် များအတွက် အိုးအိမ် အလုပ်အကိုင်များ ဖန်တီး၍ နေရာတကျ ဖြစ်အောင် စီမံပေးရမည့် တာဝန်မှာ လွယ်ကူလှသည့် လုပ်ငန်းမဟုတ်ချေ။ သူ တို့အား စုရုံးပြီး လျှင် ထိုက်သင့်သော အလုပ်အကိုင်များကို ရှာဖွေ ပေးနိုင်သည့် အစည်းအရုံးကြီး ဖွဲ့စည်း၍ ထားရန် နည်းလမ်းတလမ်းတည်းသာ ရှိပေတော့သည်။

ရိုးရိုး တပ်သား ရဲဘော်များအတွက် နေရာချထားရန် လွယ်ကူ ပေသည်။ သို့ရာတွင် တပ်မတော် အရာရှိ ဗိုလ်များအတွက်မူကား နေရာ ချထားရေး ကိစ္စမှာ မလွယ်ကူ လှချေ။ ပြည်သူ့ရဲဘော် အဖွဲ့တွင် ဤကဲ့သို့သော အမြဲတမ်း ဗိုလ်တစု သည် မကျေနိုင်သဖွယ် ရှိခဲ့ လေသည်။ ဗိုလ်ချုပ် အောင်ဆန်း လုပ်ကြံခြင်း ခံရပြီး သည်နောက် ပြည်သူ့ရဲဘော် အဖွဲ့တွင် ကျန်ရှိနေသည့် အဆိုပါ ဗိုလ်တစုသည် လျော့နေသော အဖွဲ့ကို အင်အားဖြည့်တင်းကာ ပြန်လည် ဖွဲ့စည်းခဲ့ကြလေသည်။ ထိုသို့ ဖွဲ့စည်းရာ၌ တော်လှန်ရေးတွင် ပါဝင်ခဲ့ဘူးသူ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ဝင်လိုသူဟူသရွေ့ကို အဖွဲ့အတွင်းသို့ သွတ်သွင်းခဲ့၏။ ယခင်က စည်းကမ်း တကျနှင့် သန့်ရှင်း ခဲ့ကြသလောက် ပြန်လည် ဖွဲ့စည်းလိုက်သော ပြည်သူ့ရဲဘော် အဖွဲ့သည် အွတ်အရောရော ကျောက်အရောရော ဖြစ်လျက် သန့်ရှင်းခြင်း မရှိတော့ ပေ။ ထို့ကြောင့် သူတို့အား ပြန်လည်နေရာချထားရေး ပြဿနာမှာ ဖြေရှင်း၍ မရ နိုင်သော အဖြစ်သို့ ရောက်ရှိ သွားလေသည်။

ရဲဘော်များနှင့် သူတို့၏ ဗိုလ်များသည် အများအားဖြင့် လိုအပ်သော ပညာ အရည်အချင်း မရှိကြဘဲ မိမိတို့ ဝတ်ဆင်ထားသော ယူနီဖောင်း၏ အရှိန်ဖြင့် ဘဝင် မြင့်နေသူများသာ ဖြစ်ကြလေသည်။ သူတို့၏ ယူဆချက်မှာ ယခင်တော်လှန်ရေး ခေတ်တွင် တန်ခိုးကြီးခဲ့သလို ရှေ့အဖို့တွင်လည်း အမြဲ တန်ခိုးကြီး နေရမည်ဟု ယူဆကြ၏။ ဤကဲ့သို့သော ဘဝင်မြင့်မှုမှလွဲ၍ သူတို့တွင် အခြား အရည်အချင်း များမရှိပေ။ နိုင်ငံရေး အခြေအနေကို လိုက်၍ တောင်လေလာလျှင် တောင်ကယိုင် မြောက်လေလာလျှင် မြောက်ကယိုင်သော သူများပင် ဖြစ်လေသည်။ များသော အားဖြင့်ပြည်သူ့ရဲဘော်ပါတီဝင်တို့သည်မိမိကိုယ်တိုင်တကယ့်စွမ်းရည်မရှိကြောင်း ကို သိရှိကြသဖြင့် အာဏာရရှိထားသော ပါတီအဖွဲ့ ဟူသရွေ့ကို မျက်မှန်းကျိုး နေကြလေသည်။ ပညာအရည်အချင်း မရှိသော်လည်း မျှော်မှန်းချက်များ အလွန် ကြီးမားလွန်းသဖြင့် ပြည်သူ့ရဲဘော်များပင် ကွန်မြူနစ်တို့၏ ပရိယာယ် ကြွယ်ဝ လှသော ထောင်ချောက်အတွင်းသို့ သက်ဆင်း ကျရောက် ကြလေသည်။ သို့သော် ပြည်သူ့ရဲဘော်အဖွဲ့ကြီး တဖွဲ့လုံး ကွန်မြူနစ်မှိုင်း မိသည်ဟု မဆိုနိုင်ပေ။ ထောင် သောင်း မကသော ပြည်သူ့ရဲဘော်တို့သည် အဖျက်သမားတို့၏သွေးဆောင်ဖြား ယောင်းသည့်ဖက်သို့ လုံးဝမယိမ်းမယိုင် ကြံ့ကြံ့ ခိုင်လျက် မိမိတို့သွေးနှင့်ရင်း ခဲ့ရသော လွတ်လပ်ရေးကြီး ခိုင်မြဲမှုကို ရှေးရှုကာ နိုင်ငံတော်အစိုးရကို သစ္စာရှိစွာ ဖြင့် ကူညီကြလေသည်။

ပြည်သူ့ရဲဘော် အဖွဲ့ကို အုပ်ချုပ်ပုံမှာ စစ်တပ် စည်းကမ်းအတိုင်း ဖြစ်လေ

သည်။ ခရိုင်တိုင်းတွင် ပြည်သူ့ရဲဘော် အဖွဲ့များနှင့် မြန်မာပြည် တပြည်လုံးအတွက် ရန်ကုန်မြို့တွင် ဗဟိုဌာနချုပ်ကြီး ရှိလေသည်။ နယ်များတွင်လည်း ပြည်သူ့ရဲဘော်အဖွဲ့ မရှိသော မြို့ဟူ၍ မရှိသလောက်ပင် ဖြစ်လေသည်။ သူတို့၏ လုပ်ငန်းမှာ မြို့ရွာများကို စားပြ လူဆိုးတို့၏ဘေးမှ ကာကွယ်ပေးခြင်း၊ လမ်းများနှင့် ဈေးပြင်ကနားများတွင် ဆိုးသွမ်းမှု ရှိက သက်ဆိုင်ရာသို့ လွှဲပေးခြင်း၊ လူထုကို လိုသည့် ဖက်မှ ကူညီပေးခြင်းများဖြစ်လေသည်။ ထိုအချိန်က နေရာဒေသအနှံ့ အပြားတွင် အချို့သော ပြည်သူ့ရဲဘော်များအား အစိုးရက လက်နက်များ ပေးအပ်ခဲ့၏။ များစွာသော ခရိုင်တို့တွင် ပြည်သူ့ရဲဘော်များသည် စည်းမဲ့ ကမ်းမဲ့ ပြုလုပ်ကြလေသည်။ ပြည်သူ့ရဲဘော်များ အထဲတွင် ဆိုးသွမ်း သူများမှာလည်း မနည်းလှပေ။

၁၉၄၈ ခုနှစ်ကုန်လောက်တွင် သစ္စာရှိ ပြည်သူ့ရဲဘော်ခေါင်းဆောင် အချို့က အဖွဲ့တွင်းရှိ လောက်ကောင်များကို ပိုက်စိတ်တိုက်၍ သုတ်သင်ရှင်းလင်းပစ်ကြရန် အထူးကြိုးစား ခဲ့သော်လည်း မအောင်မြင်သဖြင့် လွတ်လပ်ရေး ရရှိပြီးနောက် ပြည်သူ့ရဲဘော်တို့၏ အင်အားစုမှာ သိသိသာသာ ဆုတ်ယုတ် မှေးမှိန် သွားလေသည်။

ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း မရှိသည့်နောက်တွင် ပြည်သူ့ရဲဘော်တို့သည် ခေါင်းဆောင်ကြီးများ၏ လမ်းပြခြင်းကို မခံကြဘဲ ကွန်မြူနစ်တို့၏ သွေးဆောင်ချက်ကို အများအားဖြင့် လိုက်ပါ သွားကြလေသည်။ ၁၉၄၈ ခု မတ်လ ၂၈ ရက်နေ့တွင် ဖ ဆ ပ လ နှင့်ကွန်မြူနစ်တို့ စေ့စပ်ကြသည့်အခါ ပြည်သူ့ရဲဘော်ခေါင်းဆောင် အချို့သည် စေ့စပ်ရေးသမား အသွင်ဖြင့် ပါဝင် ခဲ့ကြ၏။ သို့သော် သူတို့သည် စေ့စပ်သူများ မဟုတ်ကြဘဲ ကွန်မြူနစ်ဖက်မှ လိုက်သော ရှေ့နေများသာ ဖြစ်ကြလေသည်။ ဖ ဆ ပ လ နှင့် ပြည်သူ့ရဲဘော်တို့၏ ဆက်ဆံရေးမှာလည်း ယခင်ကထက် ဆိုးရွားလာခဲ့လေသည်။

ယခင်က ပြည်သူ့ရဲဘော် အဖွဲ့သည် မည်သည့် အခါမျှ ဖ ဆ ပ လ နှင့် သဘောကွဲလွဲသည်ဟူ၍ မရှိခဲ့ပေ။ ၁၉၄၇ ခုနှစ်တွင် ပြုလုပ်သည့် အောင်ဆန်း-အက်တလီ စာချုပ်ကို ကွန်မြူနစ်တို့က ပြင်းထန်စွာ ရှုတ်ချခဲ့ကြသော်လည်း ပြည်သူ့ရဲဘော် ပါတီက ချင်းချက်မရှိ လက်ခံခဲ့ကြလေသည်။ ၁၉၄၇ ခု ဧပြီလတွင် ကျင်းပသော တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများတွင်လည်း ပြည်သူ့ရဲဘော်တို့သည် ဖ ဆ ပ လ ၏အင်အားစုတရပ် အနေဖြင့် ဝင်ရောက် အရွေးခံခဲ့ကြရာ အထိုက် အလျောက် အရွေးခံ ကြရလေသည်။ ဖ ဆ ပ လ က ဖွဲ့စည်းလိုက်သော ယာယီ

အစိုးရအဖွဲ့တွင်လည်း ပြည်သူ့ရဲဘော် အဖွဲ့သည် ဝန်ကြီး ၃ နေရာရရှိခဲ့၏။ သို့ရာတွင် ဗိုလ်ချုပ် အောင်ဆန်း ကွယ်လွန် အနိစ္စရောက်ပြီးနောက် ပြည်သူ့ရဲဘော်တို့သည် တစထက် တစ ကွန်မြူနစ်လမ်းစဉ်ကို လိုက်သွားကြ၏။ ထို့ကြောင့် ကွန်မြူနစ်များ တောခို၍ သောင်းကျန်းသော အခါ ပြည်သူ့ရဲဘော် အဖွဲ့ဝင် ရာခိုင်နှုန်း ၆၀ ခန့်တို့သည်လည်း ကွန်မြူနစ်များ နောက်သို့ လိုက်ပြီး တောခိုကြပြန်လေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးသည်သာလျှင် လွတ်လပ်ရေး ထိန်းသိမ်းနိုင်မည်၊ ပြည်ထောင်စုကြီးကို ခိုင်မြဲစုစည်းနိုင်မည်ဟု နှစ်နှစ် ကာကာ ယုံကြည်ကြသော ပြည်သူ့ရဲဘော် ရာခိုင်နှုန်း ၄၀ ခန့်မှာ မူကား ဖ ဆ ပ လ နှင့် ဥမကွဲ သိုက်မပျက် ကျန်ရစ်ခဲ့လေသည်။ ထိုအခါမှ စ၍ ပြည်သူ့ရဲဘော် ပါတီသည် နှစ်ခြမ်းကွဲခဲ့၏။ အမှတ်အသား အဖြစ် လက်တွင် ပတ်သော အဝတ်ရောင်ကို အစွဲပြု၍ တောခို ရဲဘော်များကို ရဲဘော်ဖြူ ဟူ၍၎င်း၊ ဖ ဆ ပ လနှင့် အတူ ကျန်ရစ်ခဲ့သော ရဲဘော်များကို ရဲဘော်ဝါဟူ၍၎င်း ထိုအခါကစတင်၍ ခေါ်ဝေါ် မှတ်သား ကြလေသည်။

တပ်မတော်မှ သစ္စာဖောက်တောခိုသူများ

ကွန်မြူနစ်များ တောခိုကြပြီးနောက် ပြည်သူ့ရဲဘော်ဖြူများ နောက်ယောင်ခံ၍ တောခိုခဲ့ကြသည်ကို ဖော်ပြပြီးလေပြီ။ သူတို့ နောက်သို့ တပ်မတော်မှ သစ္စာဖောက်များ ကောက်ကောက် ပါအောင် လိုက်သွားသည်ကို ဆက်လက် ဖော်ပြပေအံ့။

ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ် ဂျပန်တို့ကို မြန်မာနိုင်ငံတော်မှ မောင်းထုတ်ရန်အတွက် ဗမာ့တပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင်လိုက်သည့်အချိန်တွင် တပ်မတော်အတွင်း၌ မိမိတို့ဖာသာ သက်ဝင်ယုံကြည်ကြသော နိုင်ငံရေး ဝါဒအမျိုးမျိုး ရှိခဲ့လေသည်။ ထို့နောက် တော်လှန်ရေး တိုက်ပွဲများကို ဆင်နွှဲကြသည့် အချိန်နှင့် စစ်ကြီးပြီးဆုံးသည့် အချိန်များတွင် တပ်မတော် အတွင်းသို့ လူသစ်များ ဝင်ရောက် လာသည်တွင် အုတ်အရောရော ကျောက်အရောရော ဖြစ်လျက် နိုင်ငံရေးဝါဒအမျိုးမျိုးနှင့် ပါတီစိတ်ဓာတ်များသည် တပ်မတော်အတွင်းသို့ တစိမ့်စိမ့် တိုးဝင်ခဲ့လေသည်။ လွတ်လပ်ရေး ရခါစ အချိန်တွင် အသစ် စက်စက်ဖြစ်သော တပ်မတော်သည် တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး အတွက် ထူးချွန်စွာဆောင်ရွက်လိုက် ကြလေသည်။ လွတ်လပ်ရေး ရစဖြစ်သဖြင့် တပ်မတော် အတွင်း စည်းလုံး

ညီညွတ်ခြင်းလည်း ရှိ၏။ လွတ်လပ်ရေး ကျေညာလိုက်သောအခါ တပ်မတော်သားများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကျိုးကို မဆုတ်မနစ် သစ္စာတည်ကြည်စွာဖြင့် ထမ်းရွက်ပါမည်ဟု ပြည်ထောင်စုကြီး၏ သစ္စာကို ခံယူ ခဲ့ကြလေသည်။ ထို့ကြောင့် နေနှင့်လတို့ကို မျှော်မှန်းတောင့်တခဲ့ကြသော ကမ္ဘာဦးသူတို့သည် နေနှင့် လတို့ကို မြင်သည်နှင့် တပြိုင်နက် အားရရွှင်လန်း ရှိကြသကဲ့သို့ လွတ်လပ်စ ပြည်ထောင်စုအတွင်း၌ ငြိမ်းချမ်းမှုကို မျှော်လင့် တမ်းတခဲ့ကြသော ပြည်သူလူထုကြီးသည် သစ်လွင်သော တပ်မတော်၏ ပြည်ထောင်စု သစ္စာခံယူလိုက်ခြင်းကြောင့် အတိုင်းမသိ အားတက် ဝမ်းမြောက်ကြလေသည်။

ကွန်မြူနစ်များ တောခို ပုန်ကန်ကြသည့်အခါ နိုင်ငံရေး ဝါဒမှိုင်း အမျိုးမျိုး မိလျက်ရှိသောတပ်မတော်အတွင်း၌ တုန်လှုပ်၍သွားခဲ့လေသည်။ နိုင်ငံရေးတပိုင်း တပ်မတော်တပိုင်း ဖြစ်ကြသော အင်အားစုတို့သည် ကွန်မြူနစ်တို့၏ ဝါဒမှိုင်းမိ၍ တောခိုရန် စတင်ပြင်ဆင်ကြ၏။ တပ်မတော် ခေါင်းဆောင်ပိုင်း၌လည်း အာဏာ ငမ်းငမ်းတက် ကိုယ်ကျိုးရှာသမားများလည်း ပါကြ၏။ ဗိုလ်ချုပ် အောင်ဆန်းသည် တပ်မတော်ကိုမှီ၍ တန်ခိုးအာဏာရခဲ့၏။ ငါတို့လည်း တပ်မတော်ကို အသုံးပြု၍ အာဏာရအောင် ယူမည်ဟူသော တကိုယ်ကောင်း စိတ်ကူးများဖြင့် ရပြီးစ လွတ်လပ်ရေးကို ဖြိုဖျက်ရန် ကြံကြလေသည်။

လွတ်လပ်ရေး ရပြီးသည့်နောက် ဗမာ့တပ်မတော်တွင် ဝင်ရောက် ထမ်းရွက်သူတို့သည် မကြုံစဖူး နေ့ညမခြား ဆိုသလို ရာထူးကြီးများကို တက်၍ ရကြ၏။ တပ်မတော် အတွင်း၌ အရည်အခြင်း ပြည့်စုံကြွယ်ဝသော အရာရှိများလည်း ရှိ၏။ သို့ရာတွင် ထိုစဉ်အခါက အရည်အခြင်း လုံးဝမရှိသော ဖိုးသုညများလည်း ရှိခဲ့လေသည်။ အချို့သော တပ်မတော် အရာရှိများမှာ နိုင်ငံရေးသမားများနှင့် အတူ လွတ်လပ်ရေးတိုက်ပွဲကို ကြိုးပမ်းဆင်နွှဲခဲ့ကြသူများ ဖြစ်၏။ နိုင်ငံရေး သမားများ၏ လက်တွင် အာဏာကြီးများ ရောက်ရှိပြီးလျှင် ထင်ပေါ် ကျော်ကြားသည်ကို မြင်ကြသော အခါ တပ်မတော် အရာရှိ အချို့တို့သည် စစ်တပ်အတွင်း၌ ရာထူးကြီးများရရုံဖြင့် မကျေမနပ် ဖြစ်လာကြ၏။ ငါတို့နှင့် ကြိုးပမ်းခဲ့ချင်းတူညီခဲ့သော်လည်း ငါတို့ထက် ကြီးမားသော ရာထူးများတွင် နိုင်ငံရေးသမားများ ရောက်ရှိနေလျှင် အဘယ်ကြောင့် ငါတို့လည်း မရောက်နိုင်ရမည်နည်းဟု သူတို့ ယူဆဟန် ရှိလေသည်။

ထိုကဲ့သို့ ဉာဏ်ပညာ ကင်းမဲ့၍ နိုင်ငံရေး အမြင်မကျယ်ကြသော တပ်မတော် အရာရှိ အချို့တို့သည် ကွန်မြူနစ်တို့ တောခိုသွားသောအခါ ကွန်မြူနစ် အရေး

ကို အတည့်အလင်း ထောက်ခံ အားပေးလာကြလေသည်။ ထို့နောက် ရဲဘော်ဖြူတို့နှင့် မရှေးမနှောင်းပင် ဗမာ့တပ်မတော် တပ်ရင်းကြီး နှစ်တပ်သည် လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို သိမ်းယူ၍ တောခိုသွားကြပြန်လေသည်။ လွတ်လပ်ခါစ နုနယ်သောပြည်ထောင်စုကို ထိန်းသိမ်းရသည့်တာဝန်မှာ ဖ ဆ ပ လ အဖွဲ့ကြီး၏ ပခုံးပေါ်၌သာလျှင် လုံးဝကျန်ခဲ့လေသည်။ သို့ရာတွင် ဖ ဆ ပ လ သည် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သော လမ်းစဉ် အတိုင်း လွတ်လပ်ရေးကို အရယူခဲ့ပြီးလျှင် ရပြီးသော လွတ်လပ်ရေး တည်မြဲမှုနှင့် ပြည်ထောင်စုကြီး ခိုင်မြဲမှု အတွက် ဆက်လက်၍ကြိုးပမ်းရဦးမည်ဟူသော အဓိဋ္ဌာန်ဖြင့် သစ္စာဖောက် တောခို အဖျက်သမားတို့နှင့် စေ့စပ်ပြန်လေသည်။ သို့ရာတွင် သစ္စာဖောက် စစ်တပ်ခေါင်းဆောင်နှစ်ဦးတို့က မိမိတို့သည် တောခိုရာမှ အလင်းသို့ ပြန်လည် ဝင်ရောက်ကြပါမည်။ ထိုသို့ ဝင်ရောက်ရန် အတွက် ကာကွယ်ရေးဌာနနှင့် ပြည်ထဲရေးဌာန ဝန်ကြီး နှစ်နေရာကို မိမိတို့အား ပေးရမည်ဟု တောင်းဆိုကြခြင်းဖြင့် စေ့စပ်ရေးမှာ ပျက်ပြား၍ သွားခဲ့လေသည်။ သူတို့ တောင်းဆိုသည့် အတိုင်း တပ်မတော်မှ သစ္စာဖောက်သွားသူနှစ်ဦးကို ကာကွယ်ရေးနှင့် ပြည်ထဲရေး ဌာနများ လွှဲအပ်လိုက်ပါက ပြည်ထောင်စုကြီးသည် မည်သို့သော အခြေအနေသို့ ကျရောက်သွားမည်ကို မည်သူမျှ မျှော်မှန်းနိုင်လိမ့်မည် မဟုတ်ပေ။

ဆူပူမှုနှင့်သပိတ်များဖန်တီးခြင်း

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဂိုရှယ်စီမံကိန်းအရ ၁၉၄၈ ခုနှစ် ဧပြီလ လယ်လောက်မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံတော် တလျှောက်လုံး လက်နက်ကိုင် ထကြွသောင်းကျန်းရန် အချိန် သတ်မှတ်ထားရာ ကြိုတင်မှန်းထားသည်ထက် စော၍ တောခိုပုန်ကန်ကြသည်ကို တွေ့ရလေသည်။ ထိုသို့ တလစော၍ ပုန်ကန်သောင်းကျန်းကြခြင်း၏ အကြောင်းများကို အကျဉ်းချုံး၍ အောက်တွင် ဖော်ပြပေအံ့။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ အတွင်းတွင် သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ် ကိုယ်စားလှယ်တစုသည် အာရှတိုက် အရှေ့တောင်ပိုင်း ဒီမိုကရက်တစ် လူငယ်များ ညီလာခံသို့ တက်ရောက်မည်ဟု ဆိုကာ ကာလကတ္တားမြို့သို့ သွားရောက်ခဲ့လေသည်။ ကာလကတ္တားမြို့တွင် အဆိုပါ ကွန်မြူနစ် ကိုယ်စားလှယ်တစုသည် အိန္ဒိယပြည် နိုင်ငံလုံးဆိုင်ရာ ကွန်မြူနစ် ကွန်ဂရက် အစည်းအဝေးသို့ တက်

ရောက်၍ အိန္ဒိယ ကွန်မြူနစ် ပါတီဝင်များနှင့် လျှို့ဝှက်အစည်း အဝေးများပြုလုပ်ကြလေသည်။ မြန်မာနိုင်ငံသို့ပြန်၍ ချက်ခြင်းပင် ပုန်ကန်သောင်းကျန်းရေး လမ်းစဉ်ကို ပြုလုပ်ရန် ဆုံးဖြတ်ကြလေသည်။

သူတို့သည် ကာလကတ္တားမြို့သို့ မသွားမီ ဇန္နဝါရီလကပင် အပြင်းအထန် လှုံ့ဆော်မှုများကို ပြုကြ၏။ ရန်ကုန်မြို့ရှိ အလုပ်သမားလူတန်းစားများကို အားသွန်၍ လှုံ့ဆော်ပေးလေသည်။ ကွန်မြူနစ် ဩဇာခံဖြစ်လျက် ရန်ကုန်မြို့ရှိ အလုပ်သမားသမဂ္ဂများ အပေါ်တွင် အစောအစာန် ဩဇာ ညောင်းသော မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမား သမဂ္ဂသည် မသိမသာ ဝင်ရောက် ခြေထိုးမှုနည်းပရိယာယ်များကို လက်ကိုင်ပြုလျက် ဩရိဿနှင့် ဗီဟာနယ်များမှ အိန္ဒိယတိုင်းရင်းသား အများပါဝင်သော ဘီအိုစီ သစ်စက်နှင့် သဘောကျင်း အလုပ်သမားများကို သပိတ်မှောက်စေရန် လှုံ့ဆော် အောင်မြင်ခဲ့လေသည်။ သပိတ်များမှာ အလုပ်သမား အချို့အဝက်သာ ပါဝင်၍ လူထု၏ ထောက်ခံချက်ကို မရပေ။ လုပ်သားထုကြီး၏ အကျိုးဆောင် မဟုတ်ဘဲ ပါတီ တန်ခိုးကြီးမားမှု သက်သက်အတွက် သူတပါးခြေထိုးမှုကြောင့် ဖြစ်ပွါးသော သပိတ်များ ဖြစ်ရာ ထိုသပိတ်မျိုးကို လူထုက ထောက်ခံအားပေးခြင်း မရှိဘဲ ရှုံ့ရှာမုန်းတီး၍သာ လာကြလေသည်။ အစိုးရက ကွန်မြူနစ်တို့၏ လိုလားသည့် အတိုင်း လိုက်လျောမပေးဘဲ သပိတ်မှောက်မှု ပြဿနာကို အောင်မြင်စွာ ဖြေရှင်းလိုက်ကြလေသည်။

သခင်သန်းထွန်းနှင့် အဖွဲ့ဝင်များသည် ၁၉၄၈ ခုနှစ် မတ်လဆန်းတွင် ကာလကတ္တားညီလာခံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။ ပြန်ရောက်လျှင်ရောက်ခြင်းပင် အလုပ်သမား သပိတ်များ ပြန့်ပွါးလာအောင် နောက်ထပ်မီးထိုးပေးကြလေသည်။ သို့သော်လည်း ဤတကြိမ်တွင် အောင်မြင်ခြင်း မရှိတော့ချေ။ ထို့နောက် ကွန်မြူနစ် ခေါင်းဆောင်များသည် ပျဉ်းမနား ညီလာခံ အတွက် အစီအစဉ်များကို အဆောတလျင် ပြုလုပ်ကြပြီးလျှင် ရန်ကုန်တွင် သပိတ်လုပ်ငန်းများနှင့် ဆူပူမှု လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားခဲ့၍ ပျဉ်းမနားညီလာခံသို့ တက်ရောက်ကြလေသည်။ ခန့်မှန်းခြေအရ ပျဉ်းမနား ညီလာခံသို့ တောင်သူလယ်သမားပေါင်း (၇၅,၀၀၀) ခုနစ်သောင်း ငါးထောင်ခန့် တက်ရောက်သည်ဟု သိရ၏။ထိုမျှများပြားစွာ တက်ရောက်ခြင်းမှာ ညီလာခံ ကျင်းပသည့် မတ်လသည် တောင်သူ လယ်သမားများ စပါးရိတ်သိမ်း တလင်းကိုင် ရောင်းချပြီးစီးသည့် အချိန်ဖြစ်၏။ တောင်သူ လယ်သမားများ အတွက် ဘုရားဖူး ပွဲကြည့် အပျော်အပါးသက်သက်အချိန် ဖြစ်၏။ အစိုးရက စပါးဈေးကို တင်းတရာလျှင် (၂၇၅) ဈေး

သတ်မှတ်ပေးခြင်း၊ သီးထောက်ခကို လျှော့ပေးထားခြင်းများကြောင့် တောင်သူလယ်သမားများသည် မကြုံစဖူး ငွေကြေး ရှင်နေသည့် အချိန်ဖြစ်ပေသည်။ သူတို့၏ လက်ထဲတွင် ငွေပိုများရှိကြ၍ ညီလာခံ အစည်းအဝေးတွင် ပြပွဲပြိုင်ပွဲ လက်ဝှေ့၊ ပြဇာတ်၊ ရုပ်ရှင် စသည်တို့ကို အခမဲ့ ကြည့်ကြရန် စီမံထားလေရာ ပရိသတ် အမြောက်အမြား စုရုံးလာရောက်ကြခြင်းမှာ အံ့သြစရာ မရှိချေ။

ထိုကဲ့သို့ သူတို့ စီမံလိုက်သော ပျဉ်းမနား ညီလာခံသို့ တောင်သူ လယ်သမားများ အများအပြား တက်ရောက်သည်ကို မြင်ရသဖြင့် ကွန်မြူနစ်ခေါင်းဆောင်များသည် သူတို့၏ လုပ်ငန်းစဉ်ကို ထောက်ခံသော အင်အားစု အလွန်ကြီးမားသညဟု တွက်ချက်ဟန် တူ၏။ ဂိုရှယ်စီမံကိန်း ကာလကတ္တားညီလာခံနှင့် ပျဉ်းမနား ညီလာခံတို့သည် မြန်မာ ကွန်မြူနစ်များအား မိမိဘို့ကိုယ်ကို မိမိတို့ အထင်ကြီးမားစေ၏။ ထိုပျဉ်းမနား ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံခြားမှ ကွန်မြူနစ် ကိုယ်စားလှယ်များကလည်း ထိုမျှလူထုစည်းရုံးမှုကြီးကို တကြိမ်တခါမျှ မမြင်မတွေ့ခဲ့ရဘူးသဖြင့် အထူးပင် အံ့သြသွားကြလေသည်။ ဤကဲ့သို့သော လူထုကြီးကြောင့် ကွန်မြူနစ်တို့သည် မြန်မာနိုင်ငံ တနိုင်ငံလုံးကို လက်ဖျစ်တီးရုံနှင့် သိမ်းယူနိုင်လိမ့်မည်ဟူ၍လည်း ထင်ယောင်ထင်မှား ဖြစ်ကြလေသည်။

အစိုးရသည် ဤအကြောင်းကို ကောင်းစွာ သိသောအခါ သန်းထွန်းနှင့် သူ၏လက်ပါးစေများသည့် လက်နက်အားကိုးဖြင့် အာဏာသိမ်းယူရေးကို တစိမ့်စိမ့် အကြံထုတ်လျက် ရှိကြသည်ကိုလည်း ကောင်းစွာသိ၏။ အစိုးရသည် လက်နက်အားကိုး တိုက်ပွဲ ဖြစ်ရမည့် အရေးကို ရှောင်ရှား၍ အာဏာစိတ် မွှန်နေသော သခင်သန်းထွန်းနှင့်သူ၏လက်ပါးစေများကို နောင်တ သတိရစေလိုသော ဆန္ဒရှိ၏။ အထူးသဖြင့် လွတ်လပ်စသမွတနိုင်ငံတော်မှာ သုံးလသားမျှပင် မပြည့်သေးသဖြင့် အန္တရာယ်အပေါင်း ဝိုင်းရံလျက်ရှိသော ကမ္ဘာကြီး အကြား၌ တည်ရှိနေရသည့် အချိန်တွင် ထိုသို့သော အရေးမျိုးကို အထူးရှောင်ရှားလိုသဖြင့် အစိုးရက ထိုပျဉ်းမနား ကွန်ဖရင့်ကို လွတ်လွတ်လပ်လပ် ကျင်းပစေလေသည်။ သို့ရာတွင် သခင်သန်းထွန်းသည် မျက်မှောက်တွင် မြင်ရသော လူထုပရိသတ်ကြီးကိုကြည့်၍ အားတက်ကာ ဖ ဆ ပ လ ကို လက်စားချေမည်ဟူသောအဓိဋ္ဌာန်ဖြင့် တော်လှန်ပုန်ကန်ထကြွစေမှုကို အတည့်အလင်း ပြန်တမ်းများ ထုတ်ဆင့်လိုက်ခြင်း ဖြစ်ပေသည်။

ဖ ဆ ပ လ သည် စေ့စပ်ရန် ကြိုးစားသေး၏။ ဖ ဆ ပ လ ၏ လုပ်ငန်းစဉ်ကို သခင် သန်းထွန်း၏ ရှေ့သို့ ချပြ၏။ ထိုလုပ်ငန်းစဉ်သည် သခင် သန်းထွန်းကိုယ်တိုင် မူလကပါဝင်ခဲ့သော တော်လှန်ရေး သမားများ ချမှတ်ထားသော လုပ်

င်န်းစဉ်ပင်ဖြစ်လေသည်။ ထိုသို့ ချပြလိုက်ရာ ပဌမသော် သခင်သန်းထွန်းသည် တွေဝေသွား၏။ မိမိကိုယ်တိုင် ပါဝင်၍ ချမှတ်ထားသော လုပ်ငန်းစဉ်ကို ပယ်၍ မဖြစ်ပေ။ လက်ရှိ အခြေ အနေအရဆိုလျှင် ထိုလုပ်ငန်းစဉ်ထက် ကောင်းသော လုပ်ငန်းစဉ်ကို ခြကောင်ဖြစ်စေတတ်သော တော်လှန်ရေးသမားမှန်လျှင် မည်သူမျှ မမျှော်လင့်နိုင်ချေ။ သို့သော်ထိုလုပ်ငန်းစဉ်ကို လက်ခံလိုလျှင် ဖ ဆ ပ လ အတွင်း၌ မိမိသည် နေရာ အငယ်တွင်သာ နေရမည်ဖြစ်၏။ ပျဉ်းမနားတွင် ထိုမျှ မကြုံဘူး မကြားဘူး ကြီးမားလှသော လူထုကြီးက ထောက်ခံထားသော မိမိ၏ ပါတီသည် အဘယ်ကြောင့် ဖ ဆ ပ လ ၏ အတွင်း၌ နေရာငယ်ကလေးတွင် နေရမည်နည်းဟု အထင်ရောက်လျက် ရှိ၏။

ထိုအချိန်တွင် သတင်းစာများကလည်း ငြိမ်းချမ်းစေလိုသော သဘောဖြင့် မိမိတို့၏ ဆန္ဒကို ပွင့်ပွင့်လင်းလင်း မရေးကြဘဲ စေ့စပ်ရေး လုပ်ရန်သာ အပြင်း အထန်တိုက်တွန်းကြသည်။ ဤကဲ့သို့ တွေဝေနေသော အခြေအနေကို သခင် သန်းထွန်းသည် မိမိအတွက် ရဲရဲရင့်ရင့် ဆုံးဖြတ်ရန် အချိန် ဖြစ်သည်ဟု ယူဆဟန် တူ၏။ ထိုအချိန်တွင် ပြည်သူ့ရဲဘော်များ ကြားဝင်စေ့စပ်ရန် အတွက် သခင် သန်းထွန်းတို့ထံသို့ သွားရောက်ကြ၏။ သို့ရာတွင် သခင်သန်းထွန်းသည် ပြည်သူ့ ရဲဘော်များ၏ ကြားဝင်စေ့စပ်ချက်ကို လုံးဝလက်မခံဘဲ ပယ်ချလိုက်လေသည်။

ထိုကဲ့သို့ သွေးနထင်ရောက်နေသော သခင်သန်းထွန်းနှင့် အပေါင်းပါ ကွန်မြူ နစ်ခေါင်းဆောင်များသည် ၁၉၄၈ ခု မတ်လ ၂၇ ရက်နေ့၌ ရန်ကုန်မြို့ ဗန္ဓုလ ပန်းခြံ တွင် ပဌမ အကြိမ် ကွန်မြူနစ်တို့ ကြီးမှူးသည့် တော်လှန်ရေး နှစ်ပတ်လည် အခမ်းအနားတခုကို ဖ ဆ ပ လ နှင့်ယှဉ်ပြိုင်ကျင်းပကြပြီးနောက် ထိုအခမ်းအနား တွင် သခင်သန်းထွန်းသည် မကြားဝံ့ မနာသာ ခြိမ်းခြောက်သည့် မိန့်ခွန်းစကားကို ပြောကြားလေသည်။ ထိုကွန်မြူနစ်တို့ ကြီးမှူးကျင်းပသည့် တော်လှန်ရေး အခမ်း အနား၌ တက်ရောက်သော လူထုပရိသတ်မှာ သုံးထောင်ပင် မပြည့်ပေ။ ထို ပရိသတ်တွင်လည်း ၇၅ ရာခိုင်နှုန်းလောက်မှာ မြန်မာစကား မပြောတတ်သော အိန္ဒိယ အမျိုးသား အလုပ်သမားများပင် ဖြစ်လေသည်။ သခင်သန်းထွန်းသည် ထိုအခမ်းအနား၌ ဖ ဆ ပ လ အစိုးရကို တော်လှန် ပုန်ကန်ကြရန် ပြောင်သွေးထိုး ပေးရုံမက "ဗားကရာချောက်၌ ဆိုရှယ်လစ်များ၏သွေးဖြင့် ပြည့်လျှံသွားစေမည်" ဟု ခြိမ်းခြောက်လိုက်သေးသည်။ သို့ရာတွင် ဖ ဆ ပ လ သည် တုန်လှုပ်ချောက် ချားခြင်းမရှိဘဲ ၂၈ ရက်နေ့ ညအချိန်အထိ ကွန်မြူနစ် ခေါင်းဆောင်များနှင့် သွား၍ စေ့စပ်လျက်ရှိလေသည်။ သို့ရာတွင် တိမ်းရှောင်ရန် အစီအစဉ်များ ပြေ

လည်ရန်အတွက် စေ့စပ်ရေးကို အချိန်ဆွဲနေခြင်းသာဖြစ်သော သခင်သန်းထွန်းနှင့် အပေါင်းပါတို့သည် ထိုနေ့ညဉ့်ပင် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြ၏။ ထိုနေ့ညဉ့်ပင် မူလက ကြိုတင် စီမံထားသည့်အတိုင်း ပဲခူး၊ အင်းစိန်၊ ဟံသာဝတီ၊ တောင်ငူနှင့် စစ်ကိုင်း စသော နေရာအနှံ့အပြား၌ ကွန်မြူနစ်တို့သည် ရွာသား များထံမှ ကာကွယ်ရေးသေနတ်များနှင့် ကင်းရဲဌာနများမှ သေနတ်များကို ဝင် ရောက်လုယူကြလေသည်။

တော်လှန်ပုန်ကန်မှုများ

ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်ကို မူလကပင် အလံဖြူ ကွန်မြူနစ်တို့ အင်အားကြီးမားသည့်နေရာဟု အများက ယူဆကြ၏။ များစွာသော ကွန်မြူနစ် ခေါင်းဆောင်များမှာ ထိုနယ်သားများ ဖြစ်သည့်အတွက်ကြောင့် သော်၎င်း၊ ကွန်မြူနစ်ငယ်ကလေးများအား သင်တန်းပေးသည့် နေရာဖြစ်သည့် အပြင် ဂျပန် ခေတ်က ဘီ ဒီ အေ တပ်သားများကို သင်တန်းပေးခဲ့ဘူးသည့် အတွက်ကြောင့် သော်၎င်း ပျဉ်းမနားမြို့နယ်ကို ကွန်မြူနစ်နယ်ဟု ကင်မှတ်ကြဟန် တူပေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် မြန်မာပြည်တဝှန်းလုံးတွင် လက် နက်ပုန်းများ အမြောက်အမြားရှိခဲ့ရာ အခြားပါတီဝင်များက လက်နက်များကို ပြန်လည် အပ်နှံကြသော်လည်း ကွန်မြူနစ် ပါတီဝင်များသည် သူတို့၏ဌာနချုပ် အမိန့် အတိုင်း မိမိတို့၏ လက်နက်ပုန်းများကို အပ်နှံခြင်း မပြုခဲ့ကြချေ။ ထိုလက် နက်များသည် ကွန်မြူနစ်တို့၏ တော်လှန် ပုန်ကန်ရေးတွင် များစွာအသုံးကျပုံကို ဖော်ပြရန် မလိုပေ။

ပဲခူး၊ တောင်ငူ၊ မြင်းခြံနှင့် ပုသိမ် ခရိုင်တို့တွင် ကွန်မြူနစ်တို့၏ ပုန်ကန်သည့် လုပ်ငန်းများ လျှပ်စစ်လက်သလို အလွန်လျင်မြန်ပြီး အကာအကွယ် ကင်းမဲ့သည့် ကျေးရွာများကို ဝင်ရောက် စီးနင်းရာတွင်၎င်း၊ ရဲကင်းကလေးများမှ လက်နက် ခဲယမ်းမီးကျောက်များကို တိုက်ခိုက်လုယူရာ၌၎င်း၊ မီးရထားလမ်းနှင့် တန်တား များကို ဖောက်ခွဲ ဖျက်ဆီးရာ၌၎င်း၊ ကုန်းလမ်း အဆက် အသွယ်များကို နှောင့် ယှက်ဖျက်ဆီးရာ၌၎င်း၊ ရွာသူရွာသားများထံမှ ဆန်စပါး ရိက္ခာများနှင့် အဖိုးတန် ပစ္စည်းများကို တိုက်ခိုက်လုယူရာ၌၎င်း ပွဲဦးထွက်အောင်မြင်ကြ၏။ သို့ရာတွင် သူတို့ သိမ်းပိုက်ထားသည့် ဒေသများသည် အစိုးရကို ခုခံရန် ကြံ့ခိုင်သော နေရာ များ မဟုတ်ပေ။ အစိုးရတပ်များသည် သူတို့အား ရှုပ်ရှုပ်ချချ အင်တိုက်အား

တိုက် လိုက်လံ ဖြိုခွင်းသည့်အခါ သူတို့မှာ အစုခွဲ၍ ပြောက်ကျားများအသွင် ပြောင်းလဲသွားကြလေသည်။ ထိုအခါကစ၍ သူတို့သည် အစိုးရတပ်များနှင့် မျက်နှာချင်းမဆိုင်ဝံ့ဘဲ အထူးသတိထားကာ ပြောက်ကျား တိုက်ပွဲများကိုသာ အသုံးပြုကြ၏။ သူတို့သောင်းကျန်းပြီးသည့်မှစ၍ နှစ်လအတွင်း အစိုးရနှင့် အလှန် ဝေးကွာသည့် ဒေသများရှိ နေရာ အနည်းငယ်တို့ကိုသာ သိမ်းပိုက်နိုင်သည်ကလွဲ၍ ဗရမ်းဗတာ စည်းမဲ့ကမ်းမဲ့ ရက်စက် ကြမ်းကြုတ်သည့် အပြုအမူများကိုသာ ပြုကျင့်ကြလေသည်။

ကွန်မြူနစ်တို့သည် သူတို့ အားမပေးသည့် ရွာများကို လုယူဖျက်ဆီးပြီးလျှင် သူတို့ဩဇာမခံသူတို့ကို ဒဏ်ခတ်ကြ၏။ ရွာသူရွာသား လူကုံတံကလေးများထံမှ ပစ္စည်းများ အပြင် ကျေးရွာရှိ စပါးစက်ကလေးများ ဖြစ်စေ၊ သစ်စက်ကလေးများ ဖြစ်စေ သိမ်းပြီးနောက် ရရှိသည့်ပစ္စည်းများကို ပါတီရန်ပုံငွေအတွက် ထည့်ရမည်ဟု အတင်းသိမ်းယူကြ၏။ ကွန်မြူနစ်များသည် မိမိတို့၏ ပုန်ကန်ရေးကို လူထု အထင်ကြီးစေရန် အတွက် သူတို့အား နိုင်ငံခြား ကွန်မြူနစ်များကပင် အကူအညီ ပေးနေရုံသာမက နိုင်ငံခြား ကွန်မြူနစ် နိုင်ငံများကလည်း မြန်မာနိုင်ငံ အစိုးရ အား ဆူပူသောင်းကျန်းသူများကို စစ်တပ်ဖြင့်၎င်း၊ လေယာဉ်ပျံဖြင့်၎င်း နှိမ်နင်း ခြင်းကို ကန့်ကွက်သည်ဟုဝါဒဖြန့်ကြလေသည်။ ၁၉၄၈ခု မေလအလယ်လောက်သို့ ရောက်သောအခါ ကွန်မြူနစ်တို့၏ ဖျက်ဆီးမှုကြောင့် တိုင်းပြည်လူထုသည် အတိဒုက္ခရောက်ရှိကြလေရာ သတင်းစာများကလည်း အစိုးရနှင့် ကွန်မြူနစ်များ စေ့စပ်ရေးကို အပြင်းအထန် တိုက်တွန်းရေးသားကြပြန်လေသည်။ ထိုအချိန်တွင် ပြည်သူ့ရဲဘော်များက လက်ဝဲညီညွတ်ရေးမူဖြင့် တဖန် စေ့စပ်ကြပြန်၏။

ညီညွတ်ရေးမူများ

၁၉၄၈ ခု မတ်လတွင် အစိုးရက ကွန်မြူနစ်များကိုအချိန်မမှီ အရေးယူရန် စီစဉ်ပြီး ဖြစ်သော်လည်း ပြည်သူ့ရဲဘော်တို့၏ ဝင်ရောက် စေ့စပ်မှုကြောင့် နှောင့် နှေးသွားခဲ့ရဘူးလေသည်။ ထိုသို့စေ့စပ်ရေးပျက်ပြားသွားသဖြင့် ပြည်သူ့ရဲဘော်တို့ အနက် အချို့က ဖ ဆ ပ လ ကို အပြစ်တင်၍ အချို့က ကွန်မြူနစ်များကို အပြစ်တင် ကြလေသည်။ သို့ရာတွင် ပြည်သူ့ရဲဘော်တို့၏တွက်ကိန်းမှာ အထက်တွင် ဖော်ပြခဲ့ သည့် အတိုင်း ကွန်မြူနစ်တို့သည် မကြာမီ ပုန်ကန်မှုအောင်မြင်၍ နိုင်ငံရေး အာဏာရရှိတော့မည်ဟု ယူဆကြလေသည်။ ထိုနှစ် မေလဆန်းတွင် ပြည်သူ့ရဲဘော်

ခေါင်းဆောင် အချို့တို့သည် မြေအောက် ကွန်မြူနစ်ခေါင်းဆောင်များနှင့် ဆက် သွယ်သည့်သတင်းများကိုရရှိ၏။ ထိုအချိန်လောက်တွင် ငြိမ်းချမ်းမှုကိုလိုလားသော ဖ ဆ ပ လ အစိုးရသည် ကွန်မြူနစ်များနှင့်၎င်း၊ ပြည်သူ့ရဲဘော်များနှင့်၎င်း ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ရန် အတွက် လက်ဝဲညီညွတ်ရေး လမ်းစဉ်ကြီးတခုကို ချမှတ်လိုက်လေသည်။ ထိုလမ်းစဉ်သည် လက်ဝဲ အဖွဲ့အစည်းအားလုံး စုစည်းမိရန် လမ်းစပင် ဖြစ်၏။ အစိုးရအနေနှင့်လည်း ထိုလက်ဝဲ ညီညွတ်ရေးမှ အကောင် အထည်ဖော်ရေး အတွက် နိုင်ငံရေး ခေါင်းဆောင်များအား လိုအပ်သော အကူ အညီအားလုံးကိုပေးခဲ့လေသည်။ ကွန်မြူနစ်များ လက်နက်ကိုင်သောင်းကျန်းမှု မပြုလုပ်မီက ဖမ်းဆီးချုပ်နှောင်ထားခဲ့သည့် ကွန်မြူနစ်ခေါင်းဆောင် အချို့တို့ကို အခြားပါတီ ခေါင်းဆောင်များနှင့် ပူးပေါင်းပြီးလျှင် လက်ဝဲ ညီညွတ်ရေးမူကို လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်ရန် လုပ်ပေးခဲ့၏။

၁၉၄၈ ခု မေလ ၂၅ ရက်နေ့တွင် ဝန်ကြီးချုပ် သခင်နုက ဖ ဆ ပ လ ဥက္ကဋ္ဌအနေ နှင့် အချက် ၁၅ ချက်ပါဝင်သည့် လက်ဝဲ ညီညွတ်ရေးမူကို ထုတ်ပြန်ကျေညာလိုက် ၏။ ဝန်ကြီးချုပ်၏ ရှင်းလင်းချက်တွင် ထိုလက်ဝဲ ညီညွတ်ရေးမူကို မိမိတဦးတည်း ရေးဆွဲသည် မဟုတ်ဘဲ လက်နက်ကိုင် သောင်းကျန်းမှုကို မလိုလားသော ပြည်သူ့ ရဲဘော်များ၊ ဆိုရှယ်လစ်များ၊ ကွန်မြူနစ်များနှင့် ပါတီ သံယောဇဉ်ကင်းသော အခြားပုဂ္ဂိုလ်များ အတူတကွ ပူးပေါင်း ကြိုးစားပြီး ရေးဆွဲကြသည့် မူပင် ဖြစ်၏။

ထိုသို့ ဖ ဆ ပ လ ဥက္ကဋ္ဌသခင်နု၏မူကို တိုင်းပြည်သို့ ကျေညာလိုက်သောအခါ ပြည်သူ့ရဲဘော်တို့သည် အခြားမူတမူကို ကျေညာပြန်၏။ ထိုမူမှာ သခင်နုမူနှင့် ထူးခြားခြင်း မရှိဘဲ တသဘောတည်းလိုလိုပင် ဖြစ်သော်လည်း မနှစ်မြို့သော ပြဋ္ဌာန်းချက် တရပ်ပါလာ၏။ ထိုပြဋ္ဌာန်းချက်မှာ အစိုးရကို တိုက်ခိုက်နေသည့် အလံနီနှင့် အလံဖြူ ကွန်မြူနစ်များ မပါဘဲ လက်ဝဲညီညွတ်ရေး မအောင်မြင်နိုင် သဖြင့် အဆိုပါ သောင်းကျန်းသူ ခေါင်းဆောင်များကို လက်ဝဲညီညွတ်ရေး စေ့စပ်မှု အတွက် ချော့ယူရမည်ဟူသော အချက်ဖြစ်၏။ ဖ ဆ ပ လ ၏ သဘောမှာ အဖျက် လမ်းကို လိုက်မှားမိကြသော ကွန်မြူနစ်များသည် လက်နက်ချ၍ အလင်းသို့ ဝင်ရောက်လာပါက မျက်နှာစုံညီ ဆွေးနွေးမည်။ ထိုသို့ မဝင်ရောက်လာလျှင် သူတို့အား တန်းတူထား၍ ဖိတ်ခေါ်ရန် မဖြစ်နိုင်ကြောင်း ငြင်းပယ်လိုက်၏။ ထိုသို့ ငြင်းဖယ်သည့် အချိန်နှင့် တပြိုင်နက်ပင် ကွန်မြူနစ် တောခို ဌာနချုပ်က သူတို့သည်လက်ရှိ ဖ ဆ ပ လ ခေါင်းဆောင်များနှင့်ပူးပေါင်းလုပ်ကိုင်ရန် ယခုလည်း

သဘောတူမည်မဟုတ်၊ မည်သည့်အခါမျှလည်း သဘောတူမည်မဟုတ်ဟု အတည့်အလင်း ကျေညာလိုက်၏။ ထိုအခါမှစ၍ ပြည်သူ့ရဲဘော်တို့သည် ဖ ဆ ပ လ ခေါင်းဆောင်များကို မောင်းထုတ်ပစ်ရမည်ဟု အံ့အားသင့်စရာ ကျေညာလိုက်လေသည်။

သခင်နုမူကို ပဋ္ဌမအကြိမ် ကျေညာသော အခါ မြန်မာ သတင်းစာများနှင့် နိုင်ငံခြား သတင်းစာများက ဝေဖန်ရေးသားကြ၏။ အထူးသဖြင့် မာ့ခ်(စ်) ဝါဒ စာပေရေးသား လေ့လာမှု ပြန့်ပွါးရေးကို မာ့ခ်(စ်) ဝါဒသမားများကသာ လေ့လာဆည်းပူးရန် လိုသည်။ ညီညွတ်ရေး တပ်ပေါင်းစု၏ အလုပ်မဟုတ်ဟု အများအားဖြင့် ရေးသားကြ၏။ ဖ ဆ ပ လ အဖွဲ့ကြီး အတွင်း၌ပင် မာ့ခ်(စ်) ဝါဒကို ယုံကြည်သူများလည်း ရှိ၍ မယုံသည့် သူများလည်း ရှိရာ ထိုအချက်ကို ထည့်သွင်းထားခြင်းအားဖြင့် မလိုလားအပ်သော အဖြစ်အပျက်များ ပေါ်ပေါက်လာစရာ အကြောင်းရှိသည်ဟုလည်း ဝေဖန်ရေးသားကြ၏။ မည်သို့ပင် ဆိုစေကာမူ ထိုအခါက ပေါ်ပေါက်နေသော မြန်မာပြည်၏ အခြေအနေအရ သခင်နုမူထက် သင့်လျော်ကောင်းမွန်သောမူကို မည်သူကမျှတင်ပြခြင်း မပြုနိုင်ကြပေ။ ကွန်မြူနစ်တို့ အတွက်မှာမူကား သူတို့ကိုယ်တိုင် နိုင်ငံရေး အာဏာရရန် အချက်သည်သာလျှင် အရေးကြီးသဖြင့် မည်သည့် မူမျိုးကို တင်ပြစေကာမူ လက်ခံနိုင်မည် မဟုတ်ကြောင်းကို သတင်းစာများက ကောင်းစွာ သိရှိကြလေသည်။

၁၉၄၈ ခု ဇွန်လ ၁၃ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဘီအေအေ ဘောလုံးကွင်းကြီးတွင် လုပ်ငန်းစဉ်ကြီးတရပ် ချမှတ်ခဲ့ရာ အထက်တွင် ဖော်ပြခဲ့သော ဝိဝါဒ ကွဲကွာသည့် အချက်ကိုချန်လှပ်၍ လုပ်ငန်းစဉ် ၁၄ ချက်ကို လူမျိုးပေါင်းစုံ လူထုအစည်းအဝေးကြီးအား ရှင်းလင်းမိန့်ကြား၏။ နုမူ ၁၄ ချက်ကိုအောက်တွင် ဖော်ပြလိုက်ပါသည်။

လုပ်ငန်းစဉ် ၁၄ ချက်

(၁၉၄၈ ခု ဇွန်လ ၁၃ ရက်နေ့ ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်းကြီး၌ နိုင်ငံတော် ဝန်ကြီးချုပ် မြွက်ကြားသည့် မိန့်ခွန်းမှ ထုတ်နုတ်ချက်။)

(၁) အင်္ဂလိပ်အမေရိကန်တို့နှင့် ဆက်သွယ်ထားဘိသကဲ့သို့၊ ဆိုဗီယက် ရုရှား၊ အရှေ့ဥရောပ၊ ဒီမိုကရေစီသစ် နိုင်ငံများနှင့် နိုင်ငံရေး စီးပွါး အဆက်အသွယ်ယူရန်။

လွတ်လပ်တဲ့ နိုင်ငံတော်အဖြစ်နှင့် နိုင်ငံတကာနှင့် လွတ်လပ်စွာ ဆက်သွယ်ရမည်ဆိုဘာ နိုင်ငံတကာ့ ထုံးတမ်းစဉ်လာ တခုဘဲ ဖြစ်တယ်။

ကျွန်တော်တို့ပြည်ဟာ စစ်ဒဏ် အများဆုံး ခံခဲ့ရလို့ ကမ္ဘာ့ ငြိမ်းချမ်းရေး လိုချင်တယ်။ ကမ္ဘာမှာ နိုင်ငံကြီးတွေ အချင်းချင်း ဂိုဏ်းကွဲတာကို ကျွန်တော်တို့ မထောက်ခံဘူး။ အင်္ဂလိပ်၊ အမေရိကန်၊ ရုရှားစတဲ့ နိုင်ငံတွေရဲ့ ညီညွတ်ရေးကိုသာ ထောက်ခံတယ်။ ဒီနိုင်ငံကြီးတွေ ညီညွတ်မှ ကမ္ဘာချေမ်းမယ်။ ဒါကြောင့် ရုရှားနှင့် ဥရောပ အရှေ့ပိုင်း ဒီမိုကရေစီသစ် နိုင်ငံတွေနဲ့လဲဘဲ ကျွန်တော်တို့ ဆက်သွယ်ရမယ်လို့ ဆိုခြင်းဖြစ်တယ်။ နားလည်မှု ယူရမည်လို့ ဆိုခြင်းဖြစ်တယ်။ အင်္ဂလိပ် အမေရိကန် စသည်ဘို့ရဲ့ စံနစ်များ၊ နည်းများ၊ ယဉ်ကျေးမှုများကို လေ့လာရုံမဟုတ်ဘူး။ ရုရှားစသည်ဘို့ရဲ့ စံနစ်များ၊ နည်းများကိုလဲ လေ့လာရန် ဖြစ်တယ်။

ပြီးတော့ လွတ်လပ်တဲ့ နိုင်ငံ အဖြစ်နှင့် ကျွန်တော်တို့ တိုင်းပြည် ထွက်ကုန်ပစ္စည်းများ ဈေးကောင်းကောင်းနှင့် ရောင်းရဘို့ နိုင်ငံခြားမှ လိုချင်တာကို ဈေးပေါပေါနှင့် ရဘို့ လိုတယ်။ ဒီတော့ ကျွန်တော်တို့ဟာ တကမ္ဘာလုံးမှာ ဖောက်သည်ရှာနိုင်ရမယ်။ စီးပွါးရေး ဆက်သွယ်မှု နယ်ကျယ်စေရမယ်။ ဒါကြောင့် ရုရှား၊ ပိုလန်၊ ယူဂိုစလေးဗီးယား စတဲ့ နိုင်ငံတွေနှင့် နိုင်ငံရေး၊ စီးပွါးရေးစတဲ့ အဆက်အသွယ်တွေ ယူဘို့ ဖြစ်တယ်။

(၂) လက်ဝါးကြီးအုပ် ဓနရှင် လုပ်ငန်းများကို သိမ်း၍ တိုင်းပြည်ပိုင် လုပ်ရန်၊ တိုင်းပြည်ပိုင် လုပ်ငန်းများကို အစိုးရနှင့် အလုပ်သမားများ ပူးပေါင်းအုပ်ချုပ်ရန်၊ နေထိုင် စားသောက်လောက်သော အခကြေးငွေ၊ တနေ့ လုပ်ချိန် ၈ နာရီ၊ စည်းရုံးနိုင်ခွင့်၊ သပိတ်မှောက်နိုင်ခွင့်၊ အိုနာစာရန်ပုံတွေ စသော အခွင့်အရေးများကို ပေးရန်၊ သိမ်းပြီးမှ လျော်ကြေးကိစ္စကို ဆုံးဖြတ်ရမည်။

လက်ဝါးကြီးအုပ် ဓနရှင် လုပ်ငန်းကြီးများကို တိုင်းပြည်ပိုင် လုပ်ဘို့ ဆိုတာကတော့ အထူးပြောဘို့မလိုပါဘူး။ လူတိုင်းလက်ခံပြီးသားဘဲ။ ဖ ဆ ပ လ အစိုးရအနေနှင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီလုပ်ငန်းတွေကို သိမ်းပြီး တိုင်းပြည်ပိုင် လုပ်ပြီးပြီ။ သစ်တော သုံးပုံဘပုံနှင့် သစ်စက်တွေကို မက္ကရီကာ၊ ဖူးကား၊ ဘီဘီတီစီ စတဲ့ ကုမ္ပဏီများလက်မှ သိမ်းယူပြီး တိုင်းပြည်ပိုင် လုပ်ပြီးပြီ။

အထူးပြောလိုတာက အဲဒီလိုသိမ်းပြီး တိုင်းပြည်ပိုင် လုပ်လိုက်တဲ့ လုပ်ငန်းကြီးတွေကို အစိုးရ ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ်တွေ ပူးပေါင်း အုပ်ချုပ်တဲ့ စံနစ်ဖြစ်တယ်။ စည်းကမ်း ထိန်းသိမ်းခြင်း၊ အလုပ် တိုးတက်ပေးခြင်း၊

ခွင့်ပေးခြင်း စတဲ့ သာမန်အားဖြင့် မန်နေဂျာတယောက်ထဲ လုပ်နေတဲ့ အခွင့်အရေးတွေကို မန်နေဂျာနှင့် အလုပ်သမားများ ပူးပေါင်းပြီး၊ အုပ်ချုပ်တဲ့ စံနစ်ဖြစ်တယ် အလုပ်သမားတွေဟာ ဒီလိုဆိုတော့ တတိုင်းပြည်လုံးကိုယ်စား၊တိုင်းပြည်ပိုင်ပစ္စည်းတွေကို အုပ်ချုပ်နေကြသူတွေ၊ အလုပ်လုပ်နေကြသူတွေ ဖြစ်လာတယ်။ အဲဒီတော့ အလုပ်သမားတွေဟာ ပိုပြီးတော့ အားထုတ်လာမယ်။ ဉာဏ်ထုတ်လာမယ်။ စည်းကမ်း ကောင်းလာမယ်လို့ ယုံကြည်တယ်။

ဒီအချက်ကို မှီပြီး အလုပ်သမားတွေဟာ လုပ်ငန်းတိုင်း ဌာနတိုင်းမှာ အလုပ်သမား လူတန်းစား ညီညွတ်ရေး တည်ဆောက် ကြရလိမ့်မယ်။

(၃) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ထွက်ကုန် ဝင်ကုန် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးကို နိုင်ငံတော် အစိုးရက တိုက်ရိုက် လုပ်ရမည်။

တိုင်းပြည်မှာ အထည်အလိပ်၊ ပန်းကန်ခွက်ယောက် စတဲ့ ကုန်ချောနွန်းတွေ ကျဘို့လိုတယ်။ ပြီးတော့ ဗမာပြည်က ထွက်တဲ့ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ စတဲ့ ပစ္စည်းတွေကို နိုင်ငံခြားမှာ ဈေးကောင်းကောင်းနှင့် ရောင်းနိုင်ဘို့ လိုတယ်။ ဗမာ့ ပစ္စည်းနှင့် နိုင်ငံခြား ပစ္စည်းများကို အကျိုးရှိအောင် ဖလှယ်ဘို့ လိုတယ်။ အဲဒါတွေကို နေရှင်တွေ လက်မှာ ပစ်ထားလို့ မဖြစ်ဘူး။ သူတို့ အဆက်ရှိရာ အဆက်ရှိရာ ကူးသန်းကြယင် တိုင်းပြည်အကျိုးနစ်မွန်းပြီး သူတို့တဦးကောင်း တစုကောင်းသာ ဖြစ်စေတယ်။ တိုင်းသူပြည်သားအတွက် ကုန်ပေါရေးထက် သူတို့ အမြတ်များများရရေးကိုသာ ဖြစ်စေတယ်။ ဒါကြောင့် အစိုးရ ကိုယ်တိုင်က ထွက်ကုန် ဝင်ကုန်ကို လုပ်ဘို့လိုတယ်။

အချို့ သတင်းစာတွေက ဒီအချက်နှင့် ပတ်သက်ပြီး ဒီဟာ အစိုးရကတိုက်ရိုက် လုပ်ယင် နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်နေတဲ့ ဗမာကုန်သည်ကြီးတွေ ထိခိုက်နစ်နာမှာလို့ ရေးကြကန့်ကွက် ကြတယ်။ စင်စစ်တော့ နိုင်ငံခြားနှင့် ကူးသန်းနိုင်တဲ့ တိုင်းရင်းသားဆိုတာ ပြောပလောက်အောင်လဲ မရှိပါဘူး။ သို့သော် ဒီကိစ္စမှာ တပြည်လုံးအကျိုးကြည့်မလား၊ တစုအကျိုးကြည့်ပြီး တပြည်လုံးအတွက် လုပ်သင့်လုပ်ထိုက်တာ မလုပ်ဘဲနေမလား ဆိုတဲ့ ပြဿနာပေါ်လာတယ်။ ဗမာကုန်သည်ကြီးများနှင့် အချို့ သတင်းစာတွေကို ကျွန်တော်က တပြည်လုံး အကျိုးကြည့်ပြီး အနစ်နာခံကြပါလို့ မေတ္တာရပ်လိုက်ပါတယ်။ ပြီးတော့လဲ နိုင်ငံခြားနှင့် ကူးသန်းဘို့ အခွင့်မရကြပေမဲ့ ပြည်ဘွင်းကူးသန်းရေးမှ အခွင့်ရကြမှာ ဖြစ်တဲ့ အတွက် များစွာ နစ်နာစရာမရှိပါဘူး။

လုပ်ငန်းစဉ်မှာ ဒီအချက်ကတော့ နေ့ချင်း ညချင်း ကောက်လုပ်သွားနိုင်တဲ့ အချက် မဟုတ်ဘူး။ တဖြည်းဖြည်း လုပ်သွားရမှာ ဖြစ်တယ်။

(၄) လန်ဒန်တွင် ဆက်လက် ထားရှိသော ငွေရေး ကြေးရေး စီမံမှုကို မြန်မာပြည်သို့ ရွှေ့ပေးရမည်။

ဒီကိစ္စကတော့ အယင်ကိစ္စဟောင်းဘဲ။ မကြာခင် ဆောင်ရွက်ရန် အစိုးရက ဆုံးဖြတ်ထားပြီး ဖြစ်တယ်။

(၅) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွါးရေး၊ စစ်ရေး၊ သီးခြား ကင်းလွတ်မှုကို ထိပါးစေမည့် နိုင်ငံခြား အကူအညီ ဟူသရွေ့ ကို မယူရန်။

ဒါကတော့ ကြွေးတင် ကျွန်ဖြစ်ဆိုတဲ့ သက်ကြီးစကားကို နှလုံးသွင်းပြီး ဆောင်ရွက်ရမဲ့ အချက်ဖြစ်တယ်။ လွတ်လပ်တယ်ဆိုတာ စီးပွါးရေးရော၊စစ်ရေးရော၊ လွတ်လပ်မှ အစစ်အမှန် ဖြစ်တယ်။

ဒါကြောင့် ရက်ခရော့စ် [a] (ကြက်ခြေနီ) တို့လို ကုသိုလ်ဖြစ်ပေးတဲ့ အကူအညီမျိုးလား၊ သို့မဟုတ် တတိုင်းပြည်နှင့် တတိုင်းပြည် တရား မျှတစွာ အပြန်အလှန် အကျိုးပြုသော အားဖြင့် အကူအညီ ဖလှယ်တာမျိုးလား၊ သို့မဟုတ် အကူအညီ အကြောင်းပြုပြီး ကျွန်လုပ်ဘို့လား ဆိုတာတွေ သေသေ ချာချာ မဝေဖန်ဘို့ လိုတယ်။

တကယ်ဆိုတော့ ဗမာပြည်ဟာ မြေသြဇာကောင်းတယ်။ ဆန်စပါး ကျွန်းသစ် ပေါတယ်၊ ဓာတ်သတ္တုပေါတယ်၊ နိုင်ငံခြားလိုချင်တဲ့ ပစ္စည်းနဲ့ လဲလှယ်ယူနိုင်တယ်၊ ဘယ်သူ့ဆီမှ မျက်နှာငယ်နဲ့ အကူအညီအတွက် တောင်းပန်နေဘို့ မလို၊ ငွေချေးဘို့မလိုဘူး၊ ကိုယ့်အချင်းချင်း ချနေကြပြီး လူတွေ အလုပ်မလုပ်နိုင်ကြယင်ဖြင့် ဘာဆန်မှ မထွက်၊ ဘာသစ်မှ မထွက်တာကြောင့် ခက်မယ်။ သို့မဟုတ်ယင် ဗမာ့အတွက် အခက်ဆိုတာ မရှိဘူး။

(၆) ဗမာပြည်ထောင်စု တပ်မတော်ကို ပြည်သူ့ ဒီမိုကရေစီတပ်မတော်အဖြစ် ပြုပြင်ဖွဲ့စည်းရန်။ ဖ ဆ ပ လ ဒုတိယ ကွန်ဂရက် ဆုံးဖြတ်ချက် အမှတ် (၇) တွင် ပါဝင်သည့် ကာကွယ်ရေး အစီအစဉ်များကို ဆောင်ရွက်ရန်။

ဒီကိစ္စကိုတော့ ကျွန်တော်တို့ အသေးစိတ် လုပ်ငန်း မချကြရသေးဘူး။ မူအဖြစ်သာ သတ်မှတ်ထားတုန်း ဖြစ်တယ်။

(၇) မြေရှင်ကြီးစံနစ်ကို ဖျက်သိမ်းပြီး မြေယာလုပ်သားများကိုသာ ဝေငှချထားပေးရန်။

---

[a] Red Cross

မြေရှင်ကြီး စံနစ်ကို ဖျက်သိမ်း၍ မြေယာ လုပ်သားများကိုသာ ဝေငှ ချထားပေးရေး ဥပဒေကို လာမဲ့စက်တင်ဘာလ ပါလီမန်မှာ ဥပဒေ အဖြစ်နဲ့ တင်သွင်းတော့မယ်။ အဓိကအချက်ကြီးများကတော့ (၁) အဓိကအသက်မွေး ဝမ်းကျောင်း အဖြစ် ကိုယ်ထိလက်ရောက်မလုပ်ကိုင်သောမြေပိုင်ရှင်များ၏-လယ်ယာ ကိုင်းမြေ အားလုံးကို သိမ်းမယ်။ အဓိက အသက်မွေး ဝမ်းကျောင်း အဖြစ် ကိုယ်ထိလက်ရောက်လုပ်ကိုင်နေသည့်၊ သို့တည်းမဟုတ် အမှန်လုပ်ကိုင်မည့်လယ်ယာနှင့်ကိုင်းမြေများအနက် လယ်လုပ်သူ တအိမ်ထောင်လျှင် ဧက ၅၀၊ ယာလုပ်သူ တအိမ်ထောင်လျှင် ဧက ၂၅ နှင့် ကိုင်းလုပ်သူ တအိမ်ထောင်လျှင် ဧက ၁၀ ပိုင်ဆိုင်ခွင့် ပြုမယ်။ (၂) တအိမ်ထောင်လျှင် တတိုးထွန်စီ ဝေငှချထားမယ်။ (၃) အသီးအနှံစုပေါင်း ရောင်းချရေး၊ တောင်သူ လယ်သမားသုံး ပစ္စည်းများကို စုပေါင်း ရောင်းဝယ်ယူရေး၊ အရင်းအနှီး စုပေါင်း ချေးငှါးရေး စသည်တို့ အတွက် အထွေထွေ သမဝါယမများကို ကျေးရွာ အုပ်စုတိုင်းတွင် ဖွဲ့စည်းပေးရမယ်။ (၄) မြေသိမ်းရေး၊ ဝေငှ ချထားရေးနှင့် သမဝါယမ ကိစ္စများတွင် လုံးဝ အာဏာ အပ်နှင်းခြင်း ခံရသည့် မြေယာကော်မီတီကို မြေယာလုပ်သား အားလုံးတို့က ရွေးကောက် တင်မြှောက်ရမယ်။ (၅) လျော်ကြေး ပြဿနာများကို သိမ်းပြီးနောက်မှ သင့်လျော်သလို ဆုံးဖြတ်မယ်။

ဒီဥပဒေကြောင့် ငွေရေး ကြေးရေး အကြပ်အတည်းတွေမှာ မြေပိုင်ရှင်ကလေးများကို အစိုးရက တနည်းနည်း အကူအညီပေးဘို့ ဖြစ်တယ်။

(၈) တိုင်းပြည်တွင် စက်မှု လက်မှု ထွန်းကားရန် ကာလအပိုင်း အခြားနှင့် စီမံကိန်း တရပ်ဆွဲပြီး စတင် အလုပ်လုပ်ရန်။

ကျွန်တော်တို့ တိုင်းပြည်ဟာ တကယ့်ခေတ်မှီ နိုင်ငံဖြစ်မှာက စက်ရုံတွေ၊ လျှပ်စစ်မီးတွေ၊ မီးရထားတွေ အခုထက် အဆ ပေါင်း ရာထောင်ပိုများမှ ဖြစ်မယ်။ အဲဒီ အခါကျမှဘဲ သဘာဝပစ္စည်း ချမ်းသာကြွယ်ဝသလောက် လူတွေ ကြွယ်ဝမယ်။ ဒါကြောင့် စက်မှု လက်မှု ထွန်းကားဘို့ အခုထဲက ဆောင်ရွက် ကြရမယ်။ ထွန်းကားအောင် စီမံကိန်းတွေ ဆွဲပြီး အလုပ် လုပ်သွားဘို့ ဖြစ်တယ်။ အစိုးရက လုပ်လိုက်တဲ့ ၂ နှစ်စီမံကိန်းမှာလဲ ဒီလို ရည်ရွယ်ချက်နှင့် စတင် ဆောင်ရွက်တာ တွေ့ပါတယ်။

(၉) တောင်တန်း ဒေသများတွင် ပြည်သူ့ အစိုးရများ တည်ထောင်ရန်။

တောင်တန်း ဒေသတွေဟာ ကျန်ဗမာပြည်ထောင်စု ဒေသတွေနှင့် ယှဉ်ပေါင်တန်းပြီး တိုးတက်လာဘို့ လိုတယ်။ ခုလို အနှစ် နှစ်ရာ၊ အချုပ်နေရာမှာ တထောင်

နောက်ကျ ကျန်ရစ်ခဲ့တာကို ခေတ်မှီလာအောင် လုပ်ရလိမ့်မယ်။ တောင်တန်း ဒေသမှာ ရှိတဲ့ သဘာဝပစ္စည်းတွေဟာလဲ အများ ထုတ်ယူ ခံစားနိုင်အောင် လုပ်ပေးဘို့ လိုတယ်။ ပြည်ထောင်စု နိုင်ငံတော် တောင်တန်း ဒေသတွေ အောက်ကျ နောက်ကျ ဖြစ်ကျန်ရစ်ခဲ့ယင် လူတကိုယ်မှာ လက်သော်ရင်း ခြေသော်ရင်း မသန်မစွမ်း ဖြစ်နေတာနှင့် တူမယ်။

ဒီလို အောက်ကျ နောက်ကျ ဖြစ်နေမှုကို ပပျောက်အောင် လုပ်ပေးရမယ်။ ဒါကြောင့် ဒီမိုကရေစီ ခေတ်နှင့် ဆီလျော်သည့် ပြည်သူ့ အစိုးရများ တည်ဆောက်ရန်ဖြစ်တယ်။

(၁၀) ဗျူရိုကရေစီစက်ယန္တရားကြီးကို ဒီမိုကရေစီအုပ်ချုပ်ရေး စက်ယန္တရား ဖြစ်အောင် ပြောင်းလဲ ပစ်ရန်။

ဒီလုပ်ငန်းအတွက် အရှည် စီမံကိန်းတရပ် ရေးဆွဲပြီး ဖြစ်တယ်။ သခင်နု ညီညွတ်ရေးမူကို ဆွေးနွေးတဲ့ အစည်း အဝေးက လက်ခံပြီးတဲ့နောက် အဲဒီ စီမံကိန်းကို ကျွန်တော်ကိုယ်တိုင် အစိုးရအဖွဲ့မှာ အဆိုအဖြစ်နှင့် တင်သွင်းတော့ ကယ်ဘိနက်က မူအဖြစ်ဖြင့် လက်ခံပြီးပြီ၊ ဖ ဆ ပ လ အဖွဲ့ချုပ်က အဲဒီ အရှည် စီမံကိန်းကို နက်ဖြန် သဘာက်ဆိုသလို တိုင်းပြည်ရှေ့သို့ တင်ပြပါလိမ့်မယ်။

အဲဒီ အခါကျတော့ လူထုကို အာဏာပေးတဲ့ ဖ ဆ ပ လ လူထုအစိုးရ ဆိုတာ ဘာဆိုတာ သိကြရလိမ့်မယ်။

(၁၁) ဖိနှိပ်ချုပ်ချယ်ရေးဥပဒေများကို ပယ်ဖျက်ရန်၊ ဖ ဆ ပ လ အစိုးရဟာ ညှဉ်းပန်းမှု ဖိနှိပ်မှုတွေကို အင်္ဂလိပ် ဂျပန် စတဲ့ နယ်ချဲ့သမားတွေ လက်ထက်မှာ တွန်းကန်ပြီး အာဏာရယူလာတဲ့ အစိုးရဖြစ်တဲ့ အတိုင်း ညှဉ်းပန်းဖိနှိပ်မှုဟာ ဘယ်လောက် မကောင်းတယ် ဆိုတာ သိပါတယ်။ လူထုကို ဖိနှိပ်လို့ မရဘူး။ သူတို့အကျိုးဆောင်မှ အောင်တယ် ဆိုတာကိုလဲ သိပါတယ်။ ဖိနှိပ်ချုပ်ချယ်မှုကို မလိုလားရာမှာ ကျွန်တော်တို့ ထိပ်ဆုံးကလို့ ဆိုရဲပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ကြည့်မယ်ဆိုယင်လဲ ဒီအချက် ဒီဆန္ဒကို ထင်ရှားစွာ မြင်နိုင် ပါတယ်။

သို့ဖြစ်ယင် ဘာကြောင့် ဖိနှိပ်မှု ချုပ်ချယ်မှုရှိနေသလဲ။ ပဌမဆုံး အကြောင်းကတော့ မညီမညွတ်ခြင်း ဖြစ်ပါတယ်။ လက်ဝဲ အင်အားစုတွေ ညီညွတ်ယင် အချင်းချင်း ဖိနှိပ်မှု လူထုကို ဖိနှိပ်မှုဆိုတာတွေ လုံးဝမရှိနိုင်ဘူး။ အခုတော့ တဖက်က ဗိုလ်ချုပ်စတဲ့ ခေါင်းဆောင်တွေကို လုပ်ကြံခဲ့တဲ့ လက်ျာ အချောင်သမားတွေ ရှိ

တယ်။ လက်နက်ကိုင် ပုန်ကန်ပြီး ဖ ဆ ပ လ အစိုးရကို လုပ်ကြံနေတဲ့ လက်ဝဲ အချောင်သမားတွေ ရှိတယ်။ ဒါကြောင့် ဖိနှိပ်မှုတွေ ရှိနေရပါတယ်။

ဒါကြောင့် ဖိနှိပ်မှုမလိုလား သလောက် ညီညွတ်ရေး ဖြစ်အောင် လုပ်ကြပါလို့ တောင်းပန် ချင်ပါတယ်။

(၁၂) ဓနရှင်ကြီးများက အလုပ်သမားတို့၏ နေရေး ထိုင်ရေး အဆင့်အတန်း နှင့် အခွင့်အရေး များကို ထိပါးတိုက်ခိုက် နေသည်ကို ပူးပေါင်းတုံ့ပြန် တိုက်ခိုက်ရန်။ နေရေး ထိုင်ရေး စရိတ်ကြီးသည်နှင့် ကာမိသော စရိတ်ပေးရန်။ အစိုးရ အမှုထမ်း များ၏ အခွင့်အရေးများ အတွက် လည်း အခြား အလုပ်သမား များနည်းတူ ပူးပေါင်း ကာကွယ်ရန်။

(၁၃) မြို့နေ ဆင်းရဲသားများနှင့် အညှဉ်းဆဲခံလူလတ်တန်းစားများ အတွက် အိမ်ခွန် အိမ်ခလျှော့ရေး။ အိမ်နေရာ ချထားရေး။ သမဝါယမ ဖွဲ့စည်း ပေးရေး။ မှောင်ခိုဈေး တိုက်ဖျက်ရေးများတွင် ပူးပေါင်း ဆောင်ရွက် ရန်။

(၁၄) လူတိုင်း မသင်မနေရ ပညာ သင်ကြားရေး၊ ကိုယ်လက်ကျန်းမာရေး၊ ယဉ်ကျေးမှု စသည်များတွင် အစိုးရ အကူအညီယူပြီး လက်ဝဲ အဖွဲ့ အစည်းများက ဦးစီးကာ အခြားအဖွဲ့အစည်းအားလုံးနှင့် ပူးတွဲဆောင် ရွက်သွားရန်။

ဒီအချက်တွေက အထူး ရှင်းဘို့ မလိုပါဘူး။

ထိုကဲ့သို့ ဇွန်လ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ် တင်ပြလိုက်သော လုပ်ငန်းစဉ် ၁၄ ချက်သည် ပြည်သူ့ရဲဘော်အဖွဲ့ကို ဂယက်ရိုက်ခဲ့လေသည်။ အထက်တွင် ဖော်ပြ ခဲ့သည့်အတိုင်း ပြည်သူ့ရဲဘော် အဖွဲ့တွင် ကွန်မြူနစ်များ နိုင်ငံရေး အာဏာရ တော့မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ကြသူများသည် ထိုးတင်ပွဲအမှီ တောခိုကွန်မြူနစ် များနှင့် ပူးပေါင်း လိုက်ကြ၏။ ကွန်မြူနစ်များ၏ လမ်းစဉ် မှားယွင်းကြောင်းကို ကောင်းစွာ သိရှိကြသော ပြည်သူ့ရဲဘော် အဖွဲ့ဝင်များမှာမူကား ဖ ဆ ပ လ နှင့် ပူးပေါင်း၍ လွတ်လပ်ရေး တည်မြဲမှု ပြည်ဇထောင်စု စည်းရုံးမှုကို ဆက်လက် ကြိုးပမ်း လိုက်ကြပေသည်။ ထိုအယူအဆကွဲလွဲမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်၏ ညီညွတ် ရေး လုပ်ငန်းစဉ် ၁၄ ချက်ကို တင်လိုက်သောအခါ ပြည်သူ့ရဲဘော်များ အထဲ တွင် နှစ်ခြမ်းကွဲလေသည်။ အဝါပတ် ပြည်သူ့ရဲဘော်များက ဖ ဆ ပ လ သဘော တူသည့် သခင်နု မူကို ထောက်ခံ၍ အဖြူပတ် ပြည်သူ့ရဲဘော်များက မိမိတို့ကိုယ် တိုင် ရေးဆွဲထားသော တောခို ကွန်မြူနစ်များနှင့် မျက်နှာစုံညီ ဆွေးနွေးရန် မူကို

ထောက်ခံကြ၏။ ဖ ဆ ပ လ အဖွဲ့ချုပ်သည် သခင်နုမူနှင့် အဖြူပတ်ရဲဘော်တို့၏ မူကို ၁၉၄၈ ခု ဇူလိုင်လ ၂ ရက်နေ့တွင် ဂျူဗလီဟောတွင် အစည်းအဝေး ကျင်းပ ၍ ဝေဖန်ဆွေးနွေးကြလေသည်။ လူမသမာတို့၏ လက်ချက်ကြောင့် ကွယ်လွန်ရ၍ ယခုလ နီးပါးခန့် နိုင်ငံတော် ဈာပနအဖြစ် ထားသော ပြည်သူ့ ရဲဘော်များ နှင့် ဗမာ့လွတ်လပ်ရေး၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို ထိုအခါ က ဂျူဗလီဟော၌ပင် ထားရှိရာ ဗိုလ်ချုပ်၏ မျက်မှောက်တွင် မူနှစ်မူကို စဉ်းစားကြ သော သရုပ်ကို ဆောင်ပေသည်။ ဖ ဆ ပ လ ဦးစီးအဖွဲ့ဝင်တို့သည် ထိုမူ ၂ မူကို စေ့စပ်သေချာစွာ ဆွေးနွေးပြီးနောက် သခင်နုမူကိုလက်ခံအတည်ပြု၍ ရဲဘော်ဖြူ တို့၏ မူကို ပယ်ချလိုက်လေသည်။

သူတို့ကိုယ်တိုင် ပါဝင်သော ဖ ဆ ပ လ ဦးစီး အဖွဲ့က သူတို့၏မူကို ပယ်ချလိုက် သော်လည်း ရဲဘော်ဖြူတို့သည် ထိုဆုံးဖြတ်ချက်ကို လက်မခံဘဲ ပြည်သူလူထု၏ အဆုံးအဖြတ်ကို ယူမည်ဟူ၍ သူတို့၏မူကိုသာ ဝါဒဖြန့်ကြလေသည်။ ဖ ဆ ပ လ သည် သည်းခံ၍ ရဲဘော်ဖြူများနှင့် ဆက်လက် စေ့စပ်လေ၏။ အကယ်၍ ပြည်သူ့ ရဲဘော်တို့က ချမှတ် ထားသည့် လုပ်ငန်းအတိုင်း ဆောင်ရွက် လုပ်ကိုင် နိုင်မည် ဆိုလျှင် သူတို့အား ဖ ဆ ပ လ က အာဏာလွှဲပေးမည်ဟုပင် လက်ကမ်း လိုက်လေ သည်။ သို့ရာတွင် ပြည်သူ့ရဲဘော်တို့သည် မိမိတို့၏ အကြောင်းကို မိမိတို့ သိသူ များဖြစ်သည့် အတိုင်း နောက်ဆုံး ဇူလိုင်လ မကုန်မီ လက်နက်ကိုင် သောင်းကျန်းမှု ပြုလုပ်ရန် အတွက် တောခိုသွား ကြလေသည်။

ကွန်မြူနစ်များ တောခိုသွားစဉ်က တိုင်းပြည် ငြိမ်ဝပ်ပိပြားရန် အတွက် ဖ ဆ ပ လ အစိုးရသည် ရဲဘော်အမြောက်အမြား တို့အား လက်နက်များ ထုတ်ပေး ထားနှင့်ပြီး ဖြစ်သည့် အပြင် သစ္စာရှိစစ်တပ်များမှာလည်း သောင်းကျန်းသူများကို နှိမ်နင်း တိုက်ခိုက် နေရသဖြင့် ရဲဘော်များ တောမခိုမီ သူတို့ထံမှ လက်နက်များကို ထိရောက်စွာ ပြန်လည် မသိမ်းဆီးနိုင်ခဲ့ပေ။ ရဲဘော်ဖြူများသည် ပုသိမ်၊ မအူပင်၊ ဟံသာဝတီ၊ ပြည်နှင့် ပဲခူး ခရိုင်များ၌ ပွဲဦးထွက်တွင် အကြီးအကျယ် အောင်ပွဲများ ရလိုက်ပြီးနောက် မြို့ရွာ နယ်ပယ် အမြောက်အမြားကို သိမ်းပိုက် လိုက်၍ အစိုးရ ငွေတိုက် များမှ ငွေများနှင့် ပြည်သူ့ထောက်ပံ့ရေး ပစ္စည်းများကို အတင်း လုယူ ကြ၏။ အချို့သော မြို့နယ်များတွင် ရဲဘော်ဖြူတို့သည် စင်ပြိုင်သည့် အုပ်ချုပ်ရေး အဖွဲ့များကို တည်ထောင် ကြလေသည်။ များသော အားဖြင့် မြို့ဖက်နှင့် ရဲဖက် ဆိုင်ရာ အရာရှိများသည် ရဲဘော်များနှင့် ပူးပေါင်း လုပ်ကိုင်ရန် ငြင်းဆန်ကြ လျက် သူတို့ အာဏာစက်ပြန့်သည့်နယ်များမှ ထွက်ပြေးကြပြီးလျှင် အဆိုပါ နယ်

များတွင် ရဲဘော်ဖြူများ စည်းမဲ့ ကမ်းမဲ့ ဗရမ်းဗတာ အုပ်ချုပ်လျက် ရှိကြကြောင်းကို ထုတ်ဖော် ပြောဆိုကြ၏။

အရေခြုံ ရဲဘော်ဖြူတို့က ဤကဲ့သို့ အစိုးရ၏ နောက်ကျောကို ဓားနှင့် ထိုးလိုက်သည့်အတွက် စိတ်ဓာတ်များ ပျက်ပြား၍ ပြုတ်လုနီးပါး ဖြစ်နေသည့် ကွန်မြူနစ် သောင်းကျန်း သူများသည် အားတက်၍ လာကြပြန်လေသည်။ ကွန်မြူနစ်ခေါင်းဆောင်များသည် သူတို့၏ နောက်လိုက်ငယ်သား များအား အစိုးရတပ်များကို သိလျှင် တိုက်ခိုက်ခြင်း မပြုဘဲ ရပ်ဆိုင်း ထားရန်ရင်း၊ ရဲဘော်ဖြူများ သူတို့ဖက်သို့ ပါလာအောင် ပရိယာယ်သုံး၍ သွေးဆောင်ရန်ရင်း၊ အခွင့်သာလျှင် အဆိုပါ ရဲဘော်များထံမှ လက်နက်များကို သိမ်းဆီးရန်ရင်း အမိန့်ထုတ်ထား၏။ မည်သို့ပင် အမိန့်ထုတ်ဆင့်ထားသော်လည်း များမကြာမီပင် သောင်းကျန်းသူအချင်းချင်း သူတို့ သိမ်းပိုက်ထားသည့် နယ်များမှ ရရှိသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ မကြာခဏ သဘောကွဲလွဲကြပြီးလျှင် တိုက်ပွဲများဖြစ်ပွါး၏။ ရောင်စုံ သောင်းကျန်း သူများသည် သူတို့အာဏာစက် ပြန့်ပွါးရာ နယ်များကို အသီးအသီး သတ်မှတ်ပြီးလျှင် သူတလူ ငါတမင်း အုပ်ချုပ်လျက် ရှိခဲ့ကြလေသည်။

ထိုကဲ့သို့ ကွန်မြူနစ်များနှင့် ရဲဘော်ဖြူများ တောခို ပုန်ကန်သောင်းကျန်းကြခြင်းကို အစိုးရကလည်း အလျှော့မပေးဘဲ ထိထိ ရောက်ရောက် နှိမ်နင်းရန် အစီအစဉ်များ ပြုလုပ်နေသည့်အတောအတွင်း၌ပင် ဗမာ့ တပ်မတော် ထဲ၌ သစ္စာဖောက်မှုကြီးများ ပေါ်ပေါက် လာသည်မှာ အလွန် ဝမ်းနည်းဖွယ်ဖြစ်၏။ သရက်မြို့နှင့် မင်္ဂလာဒုံတွင် အသီးအသီး တပ်စွဲနေသည့် တပ်မတော် တပ်ရင်း (၁) နှင့် တပ်ရင်း (၃) မှ ကွန်မြူနစ်နှင့် ရဲဘော်မျိုင်းမိနေကြသည့် တပ်သားများသည် ၁၉၄၈ ခု ဩဂုတ်လဆန်းက တောခိုကြပြီးလျှင် အစိုးရကိုပုန်ကန်ကြပြန်လေသည်။

တပ်မတော်ထဲတွင် သစ္စာဖောက်များ ပေါ်ပေါက်လာခြင်းသည် ကွန်မြူနစ်များ၏ အပြင်းအထန် ဝါဒဖြန့်ချက်ကြောင့် ဖြစ်၏။ ကွန်မြူနစ်တို့၏ ဝါဒဖြန့်ချက်မှာ မြန်မာ နိုင်ငံ၌ ထိုအခါက ဖြစ်ပွါးနေသည့် အခြေအနေသည် ၁၉၁၇ ခုနှစ် ရုရှားပြည်၌ ဖြစ်ပွါးခဲ့သည့် အခြေအနေနှင့် မခြားဘဲ တသားတည်း ဖြစ်သည်ဟု ဖြေရှင်း၍ ဟောပြောကြ၏။ စစ်တပ်က အာဏာသိမ်းပြီးလျှင် နယ်ချဲ့ စံနစ်ကို အပြီးအပိုင်သုတ်သင်ရှင်းလင်းတော်လှန်ပစ်ရမည်ဟုဆိုကြ၏။ ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့တွင် ရရှိသော လွတ်လပ်ရေးမှာလည်း တကယ် လွတ်လပ်ရေးမဟုတ်၊ အရိုးလွတ်လပ်ရေးမျှသာဖြစ်သည်ဟု ဝါဒဖြန့်ကြလေသည်။ထိုသို့ ဝါဒဖြန့်ခြင်းကို အဟုတ် ထင်မှတ်ကြပြီးလျှင် မင်္ဂလာဒုံတွင် တပ်ချထားသည့် လက်နက်ကိုင်တပ်ရင်း

(၃) နှင့် သရက်မြို့တွင် တပ်ချထားသည့် လက်နက်ကိုင် တပ်ရင်း (၁) တို့သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် သစ္စာဖောက်၍ တောခိုသွားကြခြင်း ဖြစ်လေသည်။

တပ်မတော်တွင် သစ္စာဖောက်များ တောခို သွားသည်ဟု ဆိုရာ၌ လက်အောက် စစ်သားများမှာ များသောအားဖြင့် ဘုမသိ ဘမသိနှင့် လိုက်ပါသွား ကြခြင်းသာ ဖြစ်၍ ခေါင်းဆောင်အချို့သည် တပ်သားများအား ပစ္စည်းထုပ်ပိုး၍ စုရုံးစေပြီးလျှင် စခန်းမှ ထွက်ခွါရန် အမိန့်ပေးတော့၏။ စစ်တပ် စခန်းတခုတွင် ကွန်မြူနစ် မျိုင်းမိနေသည့် တပ်ရင်းမှူး တယောက်က သူ၏လက်အောက် တပ်သားများအား သိမ်းပြီးယုံကြည်အောင်ယုတ္တိယုတ္တာနှင့်သွေးဆောင်သည်မှာ ရန်ကုန်မြို့ကို စစ်ဖက်ဆိုင်ရာ အရာရှိများက သိမ်းပိုက်လိုက်ပြီ ဖြစ်၍ သူတို့သည် စစ်အုပ်ချုပ်ရေး တည်ထောင်ရန် အတွက် ရန်ကုန်မြို့သို့ ချီတက်ရန် ဖြစ်သည်ဟု ဆိုလေသည်။ ထိုသို့ အကြောင်းပြချက်ကို ယုံမှားခြင်း မရှိဘဲ လိုက်ပါ သွားသော လက်နက်ကိုင် ရဲဘော်အပြောက်အမြားပင် ရှိကြောင်းကို မကြာမီ သိရှိရလေသည်။

တပ်မတော် သစ္စာဖောက်နှစ်ဖွဲ့သည် သူတို့ တောင်းဆိုသည့် စည်းကမ်းချက်များကို အစိုးရထံမှ ပြင်းပြင်း ထန်ထန် တောင်းဆိုရန် ရန်ကုန်မြို့သို့ ပူးပေါင်း၍ ချီတက်ကြရန် ကြိုတင်၍ ညှိနှိုင်းထားကြလေသည်။ ထိုသို့ မချီတက်မီ သာယာဝတီ ခရိုင်တွင် တွေ့ဆုံပူးပေါင်း ကြရန် ကြိုတင်စီမံထားသည့် အတိုင်း ချီတက်လာကြ၏။ ထိုကဲ့သို့ ကွန်မြူနစ်များ၊ အရေခြုံ ရဲဘော်များနှင့် စစ်တပ်မှ သစ္စာဖောက်များက ဆူပူသောင်းကျန်းကြသော်လည်း စိတ်ဓာတ်ပျက်ပြားခြင်းမရှိသည့် ပြည်ထောင်စုစိတ် ရှိကြသော တိုင်းရင်းသား စစ်တပ်များသည် အစိုးရဖက်တွင် ကြန့်ကြန့်ခိုင်လျက်ရှိကြ၏။ ထိုသစ္စာရှိ အစိုးရတပ်များက သစ္စာဖောက် အဖျက်သမားများကို တိုက်ခိုက်နှိမ်နင်း လိုက်ကြရာ၌ ကြက်သီး မွေးညှင်းထဖွယ်ရာ တိုက်ပွဲအချို့ကို နောင်တွင် ဆက်လက်၍ ဖော်ပြပေအံ့။ သို့သော် ထိုကဲ့သို့ အဖျက် ဝါဒီများ ပိုမိုအင်အားများလာသဖြင့် တိုင်းပြည် လူထုသည် ကျီးလန့်စာစား ဖြစ်ကြရ၍ အစိုးရမှာလည်း အလွန်တရာ ကြီးကျယ်သော အခက်အခဲများကို ရင်ဆိုင်ကြရလေသည်။ ထိုအခက်အခဲများကြားမှာပင် အစိုးရသည် တနေ့ တခြား ပိုမိုဆိုးရွားလာသော ကေ-အင်-ဒီ-အို သောင်းကျန်းမှုများကို ဆက်လက်၍ ရင်ဆိုင် ရတော့မည်မှာ ထင်ရှား လာတော့၏။

ထိုကဲ့သို့ ၁၉၄၈ ခု ဩဂုတ်လ အတွင်း၌ ကွန်မြူနစ်များ၊ ရဲဘော်ဖြူများနှင့် သစ္စာဖောက် တပ်သားဟောင်းများက တဖက်။ ပြည်ထောင်စု သစ္စာကို စောင့်သည့်ရှိသေလျက် ရှိကြသော သစ္စာရှိ ပြည်ထောင်စု တပ်သားများနှင့် ရဲအဖွဲ့ ကာ

ကွယ်ရေး အဖွဲ့များကတဖက် အင်အားပြိုင်လျက် ရှိကြစဉ်တွင် ဖြစ်မှုအမျိုးမျိုးကို ထပ်တလဲလဲ ကျူးလွန်လျက် ရှိသည့် ကေ-အင်-ဒီ-အို များသည် ပိုမိုသောင်းကျန်း၍ လာကြလေသည်။ ကေ-အင်-ဒီ-အို ပြဿနာကို နောင်တွင် ဆက်လက်၍ ဖော်ပြအံ့။

ထိုကဲ့သို့ အလွန်ဆိုးရွားလာသော အခြေ အနေတွင် သတင်းစာများ အားလုံးက ပြည်သူ လူထုကြီးတရပ်လုံး၏ ဆန္ဒကို ရဲရဲရင့်ရင့် ဖော်ပြ ရေးသား ကြသည်မှာ အားတက်ဖွယ် ဖြစ်ပေသည်။ အောက်တွင် ဖော်ပြလိုက်သော ၁၉၄၈ ခု ဩဂုတ်လ အတွင်း ထုတ် သတင်းစာများ၏ သဘောကို ထောက်၍ ထိုအခါက သတင်းစာများသည် သောင်းကျန်းမှု အဖျက်ဝါဒများကို လုံးဝမလိုလားဘဲ လူထုစိတ် ချမ်းသာစေမည့် အပြုဝါဒများကိုသာ ထောက်ခံ ကြသည်ကို တွေ့ရပေမည်။

သတင်းစာများ၏ ကောက်နုတ်ချက်များ

၁၉၄၈ ခုနှစ် ဩဂုတ်လအတွင်းတွင် ထုတ်ဝေသော မြန်မာသတင်းစာ အမျိုးမျိုးတို့က သောင်းကျန်းမှုများနှင့် စပ်လျဉ်းသည့် ဝေဖန်ချက်များ

နိုင်ငံတော် အစိုးရသည် ထိုသို့ မဟုတ်က ဟုတ်က ထလုပ်နေကြသော အယူလွဲနေသူကလေးတို့အား လွတ်ထား၍မဖြစ်ဘဲ မထနိုင်မကြွနိုင်အောင် တုတ်နှောင်ထားမှသာလျှင် တိုင်းပြည်ကြီး ချမ်းသာလိမ့်မည်။

သမာဓိ (၁၉-၈-၄၈)

ရဲဘော် အဖွဲ့ပတ်များ သူပုန်များနှင့် ပေါင်းသွားပြန်ရာ ဒီမိုကရေစီ နည်းရှိလျက်နှင့် ထိုနည်းကို မသုံးခြင်း အတွက် အလွန် စိတ်ပျက်ဖွယ် ဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ ဒီမိုကရေစီ နိုင်ငံဖြစ်၍ ဒီမိုကရေစီ နည်းအတိုင်းသာ ဆောင်ရွက် ထိုက်ပေသည်။

သူရိယ(၇-၈-၄၈)

တိုင်းသူ ပြည်သား လူအများတို့၏ ဘေးအန္တရာယ်တို့ကို နေ့စဉ် နေ့တိုင်း ထိခိုက်စေသော လူဆိုးတို့ ဘေးရန်ကို သခင်နုအစိုးရသည် အမြန်ဆုံး တိုင်းပြည်ငြိမ်းချမ်းမှုအတွက် ဆောင်ရွက်ပေးရန် လေးနက်စွာတိုက်တွန်းလိုက်ရပေကြောင်း။

ယင်းသို့ လူဆိုးတို့ကို အစိုးရက နှိမ်နင်းရာတွင် တိုင်းသူ ပြည်သားတို့ကလည်း မိမိတို့တာဝန်ကျေပြွန်အောင် အစွမ်းကုန် အစိုးရအား ကူညီအားပေးကြစေလိုကြောင်း။

တိုးတက်ရေး(ခေါင်းကြီး)

သောင်းကျန်းမှုများ ကြာရှည်လေလေ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အင်အားသည် ဆုတ်ယုတ်လေလေ ဖြစ်၍ တနေ့နေ့၌ မြန်မာနိုင်ငံသည် အခြား နိုင်ငံတရစ်ကို ဒူးထောက်ရသော အဖြစ်မျိုးကို ရောက်စရာ လမ်းရှိသည်။ ဤအချက်ကို ကောင်းစွာ သဘောပေါက်ကြပါမှကား သောင်းကျန်းမှုများကို အမြန်ဆုံး ရပ်စဲငြိမ်းကြရန် များစွာ လိုလားအပ်ကြောင်း။

မြန်မာ့အလင်း (ခေါင်းကြီး)

ပြည်ထောင်စုကြီး၏တရားဝင်သော တကယ့်ဒီမိုကရေစီ အခြေခံဥပဒေ စည်းမျဉ်းကြီးကို သစ္စာဖောက်ကာ အဓမ္မနည်းဖြင့် လက်ရှိ အစိုးရကို ပုန်ကန်ကြခြင်းသည် ပြည်ထောင်စုကြီး၏ ရန်သူ နံပတ် ၁ စာရင်းဝင် ဖြစ်ပြီးသောကြောင့် ယခုသောင်းကျန်းသူတို့ အောင်မြင်၍ အစိုးရအာဏာရလျှင်လည်း တောင်ပေါ်သားများသည် မည်သည့် နည်းနှင့်မျှ ဒင်းတို့ "တိုင်းပြည် ရန်သူတရားခံများ" လက်အောက်၌ ဘုရားထူးကာ ကုပ်နေကြမည် မဟုတ်ကြောင်း။

ဗမာ့ခေတ် (၂၉-၈-၄၈) တောင်ပေါ်သား အမြင်ဆောင်း
ရေးသူ "ချင်း"

မိုးကြိုးတခု လူထုကို သတိပေးလိုတာကတော့ ယခု ပုန်ကန်နေတဲ့ သောင်းကျန်းသူများကို အစိုးရက မကြာမီ မီးကိုရေနဲ့သတ်သလို အပြီးသတ် နှိမ်နင်း နိုင်ပါလိမ့်မယ်။ ရန်ကုန်မြို့ကို သူပုန်က ဝင်စီးမယ်ဆိုတာလဲ ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေးဆိုတာလို မဖြစ်နိုင်ဘူးဆိုတာ တထစ်ချယုံကြည်ဘို့ဘဲ ခင်ဗျာ့။

ဗမာ့ခေတ် (၁၈-၈-၄၈) မိုးကြိုးရေး-စကားမစပ်

ဤသို့တောခိုသွားခြင်းတွင် ရဲဘော်များမှာ တော်လှန်ရန် ရည်ရွယ်ချက်မှတပါးအခြားရည်ရွယ်ချက် ရှိမည် မဟုတ်နိုင်။ တော်လှန်မည်ဆိုလျှင်လည်း တသီးပုဂ္ဂလအနေနှင့် မဟုတ်ဘဲ သောင်းကျန်းသူတို့နှင့် ပေါင်းစည်းမိရန်ကြိုးစားကြလိမ့်မည်။ ပေါင်းစည်းမိကြလျှင် အင်အားအလိုက် မူလသောင်းကျန်းနေသော

သူတို့၏ ကြဇာခံများအဖြစ်သို့ ရောက်သွားရပေတော့မည်။ ဗိုလ်ချုပ်မနစ်သက်သဖြင့် နှင်ထုတ်လိုက်သော ကွန်မြူနစ်တို့၏ လက်အောက်တွင် ဗိုလ်ချုပ်၏သားရဲဘော်တို့မှာ ကြဇာခံအဖြစ်ဖြင့် ထားရာနေ စေရာသွားရမည်ဆိုလျှင် များစွာအသည်း နာဖွယ်ကောင်းလေတော့သည်။

ဗမာ့ခေတ် (၁-၈-၄၈)

ကောဋ္ဌာဟလ သတင်းကြောင့် အကျိုးပျက်စီးခဲ့ရကြောင်း ရာဇဝင်ကပင် ထောက်ခံထားခဲ့၏။ လက်တွေ့အားဖြင့်လည်း ကောဋ္ဌာဟလသတင်းများကြောင့် စိတ်မချမ်းမြေ့ဖွယ် အခြင်းအရာများ အကြိမ်ကြိမ်ဖြစ်ပွါးခဲ့ရသည်မှာ ကျွန်ုပ်တို့ မျက်မြင် ကိုယ်တွေ့ပင် ဖြစ်ခဲ့လေသည်။ ယခု အခါ ပြည်တွင်းရေး မငြိမ်မသက်မှုများ ဖြစ်ပေါ်နေရာတွင် ကောဋ္ဌာဟလသတင်းများကို အထူးတလည် ဂရုစိုက်၍ သတိပြုရှောင်ကြဉ်သင့်ကြ၏။

သံတော်ဆင့် (၁၁-၈-၄၈)

ကွန်မြူနစ် အနီသော အဖြူသော ရဲဘော် အဝါသော အဖြူသော မည်သူပင် ဖြစ်ဖြစ် ပြည်ထောင်စု နိုင်ငံတော်ကြီး ဖျက်ဆီးရန် လက်နက် စွဲကိုင် သောင်းကျန်းလျှင် တိုင်းပြည်၏ ရန်သူပင် ဖြစ်သည်။

သံတော်ဆင့် (၆-၈-၄၈) မောင်ကကြီးမှတ်ချက်

ယခု ကွန်မြူနစ်ကို မကြိုက်သောသူတွေ ပြိုဆင်းလာပေပြီ။ "ထွက်ကတည်းက နည်းပရိယာယ်တွေနှင့် ညစ်ပတ်တာတွေသာ တွေ့ရတယ်။ ကောင်းတာတကွက်မှ မတွေ့ရဘူး" ဟူသော အသုံးအနှုန်းများကို သုံးစွဲစပြုလာကြပေပြီ။

ဟံသာဝတီ (၃၁-၈-၄၈)

မြန်မာနိုင်ငံရေး လေအဟုန် ဘယ်ကိုတိုက်နေသလဲ။ သတင်းထောက်တဦးထံမှ

ပြည်ထောင်စု၏ အန္တရာယ်ကို အသက်ပေး၍ ကာကွယ်မည်ဆိုသော ရဲဘော်များသည် ရပ်တန်းက ရပ်ပြီးသည်ကာလ ပြည်ထောင်စု၏ အန္တရာယ်ကို ကာကွယ်ရန် ပြည်ထောင်စုအလံတော်အောက်သို့ ဝင်ကြရန် သင့်ပြီဖြစ်၏။

ဟံသာဝတီ (၂၈-၈-၄၈) နိုင်ငံရေးသံသရာ- ရေးသူ နှစ်ဘက်ချွန်

မြန်မာတိုင်းရင်းသားတို့ ဖွဲ့စည်းထားသော အစိုးရကို အတိုက်အခံမပြုထိုက်ဘူးမဟုတ်။ အတိုက်အခံပြုထိုက်ကြပေသည်။ သို့သော် တရားဥပဒေ လမ်းကြောင်း အတွင်းမှနေ၍ အတိုက်အခံ ပြုထိုက်ပေသည်။

ဟံသာဝတီ (၁၇-၈-၄၈)

ယခုအခါ တိုင်းပြည်မှာ အဖက်ဖက်မှာပင်လျှင် နစ်နာနေပြီဖြစ်၍ သောင်းကျန်းမှုနှင့် စပ်လျဉ်း၍ စဉ်းစားသည့်အခါ နိုင်ငံတော် တိုးတက်ကြီးပွါးမှုကို လိုလားသူ မည်သူမဆို ပါတီမရွေး၊ ဂိုဏ်းဂဏမဖက်ဘဲ တုတ်မကျိုးစေဘဲ မြွေသေစေနိုင်သည့် နည်းလမ်းကိုသာလျှင် လိုက်ဘို့ရန် အချိန်ဖြစ်ကြောင်း ယူဆကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ရပေသတည်း။ ပြည်သူ့နေ့စဉ် (၆-၈-၄၈)

သောင်းကျန်းသူများနှင့် မပေါင်းသင်းသော ရဲဘော်များသည် မိမိတို့ ကိုင်ဆောင်သွားသော လက်နက်များနှင့်တကွ ပြန်လည်ဝင်ရောက်လာကြရန် သတိပြုသင့်ကြပေကြောင်း။

ပြည်သူ့နေ့စဉ် (၆-၈-၄၈) သတင်းနှင့် ဝေဖန်ချက်

လူထုကိုသနားသည်၊ လူထုအရေးကို ဆောင်ရွက်မည်ဟု အော်နေပြီး လူထုကို သတ်နေသည်။ လူထုကို နှိပ်စက်နေသည်။ ထိုစံနစ်သည် ဖက်ဆစ်စံနစ်သာ ဖြစ်သည်။ တဆိတ်ရှိလျှင် လက်နက်ကိုထ၍ ကိုင်လေ့ပြုခြင်းမှာ ဖက်ဆစ်စိတ်၊ ဖက်ဆစ်သဘောမှလွဲ၍ အခြားဝါဒ၊ အခြားစိတ်ထား မဖြစ်နိုင်၊ နိုင်ငံတွင် လွတ်လပ်စွာ ကျင့်သုံးရမည့် ဒီမိုကရေစီ စံနစ်ကြီးရှိပါလျက် ဒီမိုကရေစီ စံနစ်ကို မသုံးစွဲဘဲ ဖက်ဆစ်ဝါဒအတိုင်း လက်နက်ဖြင့် တော်လှန်ကြခြင်းမှာ ရပြီးသော လွတ်လပ်ရေးကို ပြာချ၍ သမုဒ္ဒရာတွင် မျှောပစ်သကဲ့သို့သာ ဖြစ်ပေသည်။

လမ်းညွှန်သတင်းစာ (၃၁-၈-၄၈)

ယခုအရေးကား အမြင်မှောက်မှားသူ လူတစု၏ လက်ချက်သာဖြစ်သည်။ အမြင်မှန်ကို မြင်ကြသူကား နိုင်ငံနှင့်အဝှန်းဖြစ်ပေသည်။ တနေ့ကပင် ဆမားဒူးဝါးခင်ဝါးနော်က တောင်တန်းသားတို့ ကိုယ်စား မြန်မာနိုင်ငံတော်ကြီးကို ထိလျှင်မခံဟု အားတက်ဖွယ်စကား ကြားသိရပေသည်။

လမ်းညွှန်သတင်းစာ (၃၁-၈-၄၈) (သိပ္ပံ ကျော်ထင်)

ပြည်တော်သာခရီး

လက်နက်ကိုင်၍ ပုန်ကန်တော်လှန်နေကြသဖြင့် ဒီမိုကရေစီ လုပ်ငန်းနှင့် ဆန့်ကျင်နေသည့်ပြင် ပုန်ကန်ထကြွတော်လှန်နေကြခြင်းကြောင့် တိုင်းပြည်လူထုသာလျှင် နစ်နာဆုံးရှုံးနေရပေ၏။

အိုးဝေ (၂၁-၈-၄၈)

ဤသူပုန်တို့သည် ၎င်းတို့၏ မိုက်မဲသော အပြုအမူအားဖြင့် ဗမာပြည်ကြီးအား အလွန်နက်ရှိုင်းလှသော "ချောက်အတွင်း" သို့ တွန်းချနေသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေသည်ဖြစ်ရာ ဤရာဇဝင် အိုးမဲသုတ်သူများကို အမြန်ဆုံး မနှိမ်နင်းနိုင်သည်နှင့် အမျှ ဗမာ့လူထုကြီး တရပ်လုံး ကြီးစွာသော ဒုက္ခကို ခံရပေတော့မည်။

ဤအတွင်းမီး မငြိမ်းသဖြင့် ဗမာပြည် ပတ်လည်မှာ ရန်တွေဝိုင်းလာမည်ကို သတိပြုဘို့လိုလာပြီ ဖြစ်ကြောင်းဖြင့် သတိပေးလိုက်ရပေသတည်း။

လယ်သမားအသံ (၂၆-၈-၄၈)

ဗမာကို ဗမာချင်းငယ်ဖို့ လည်မျိုကိုဓားတင်စင်းပြီး အချင်းချင်းနှံကြ အကြံနှယ်ဆိုး၊ သူခိုးမိုးမှောင်၊ တောကြောင်၊ ဓားပြ၊ အဓမ္မလူညစ်၊ လစ်နှင့် ဘော်ဖြူ၊ အတော်ဘဲဆူကြတယ်၊ ပူရသည့်နှလုံး ကျွဲနှစ်ကောင် အတည်ခတ်တော့ ပြည်ကျွတ်လို့ ဆုံးလိမ့်မယ်။

အရေးပေါ် ညနေသတင်း (၂၉-၈-၄၈)
အရေးပေါ်အသံလွှင့်ဌာန၊ ဒါရိုက်တာ ဦးမိုးလုံး

လွတ်လပ်ပြီးသောနိုင်ငံများ၌သာ တော်လှန်ပုန်ကန်သောနည်းဖြင့်မိမိတို့လိုဘကို ပြည့်ဝစေရမည်ဟူသော လက်ဝဲဝါဒ အယူအဆမှာကား လုံးလုံးမှားလေသည်။

အရေးပေါ် ညနေသတင်း (၂၆-၈-၄၈)

ရွှေတိုရွှေစလိုချင်တဲ့လူရယ်၊ အာဏာလိုချင်တဲ့လူရယ်၊ ငတ်ပြတ်နေလို့ အလုပ်အကိုင် ပါးရှားလို့ ဖြစ်ချင်တာဖြစ်ဆိုပြီး စိတ်နှလုံးချပြီး တိုက်ခိုက်တဲ့လူရယ်၊ တသက်လုံးက အလုပ်မလုပ်ဘဲ သူများတကာအပင်ပန်းအဆင်းရဲခံပြီး စုဆောင်းထားတဲ့ပစ္စည်းများကိုလုယူတိုက်ခိုက်စားတဲ့လူတွေစုပေါင်းပြီးလုပ်နေကြတာပေါ့ကွာ။

တိုင်းလုံးကျော် (၂၃-၈-၄၈) မီးခဲရေး-အရပ်စကား

အဖျက်လုပ်ငန်းများ

ပြည်တွင်းစစ်ဆရာတို့ အချင်းချင်းချလို့ ဗမာတွေသေရတာလဲ ဆုံးရှုံး ပြည်ပက အလစ်ချောင်းပြီး နေတဲ့လူတွေရဲ့ ကြိုက်လုံးလဲဖြစ်အောင် လုပ်နေကြတဲ့ အပြုအမူတွေကို လက်လွှတ်ကြဘို့ တော်ပါပြီ။

ရွှေဆောင် (၂၄-၈-၄၈) စွယ်စုံရေး-ကမောက်ကမလောက

ကွန်မြူနစ်တို့နှင့် တကွ တောခိုလျက် လက်နက်များ နယ်များသိမ်းခြင်း အမှုပြုလျက် ပြည်တွင်း ဆူပူသောင်းကျန်းမှုကို ဖြစ်စေလျက်ရှိသော ဗမာ နိုင်ငံရေးသမားများသည် ကျရောက်ဆဲဘေးကြီးမှာ မိမိတို့ပယောဂကြောင့် နီးကပ်လာပြီဖြစ်သည်ကို နားလည်ကာ အချိန်ရှိခိုက် ဆူပူသောင်းကျန်းမှုများကို ရပ်ဆိုင်း၍ ဗမာနိုင်ငံတော်ကြီး အကျိုးကို သည်ပိုးခြင်း၊ ကာကွယ်ခြင်း ပြုထိုက်ကြောင်း။

ရွှေဆောင် (၁၁-၈-၄၈)

ဤမျှဆူပူလှုပ်ရှားခြင်းအားဖြင့် ကျွန်ုပ်တို့ ပြည်ထောင်စု အဖွဲ့အစည်းကြီး၏ နိုင်မြဲတည်တံ့ရေးကို မထိခိုက်စေရန်နှင့် ကျွန်ုပ်တို့ ပြည်ထောင်စုကြီး၏ အခြေခံ အုပ်ချုပ်ရေး ယန္တရားကြီးကို မတိမ်းပါးစေရန် ကျွန်ုပ်တို့ တိုင်းရင်းသား ညီအစ်ကိုများဖြစ်သော အမျိုးသားအားလုံးက စိတ်ရော ကိုယ်ပါ ဝိုင်းဝန်း ထိန်းသိမ်းထားရန်သည် မရှောင်လွှဲနိုင်သော တာဝန်ကြီးပင် ဖြစ်ကြောင်း။

ရန်ကုန် (၁၈-၈-၄၈)

ထကြွတဲ့လူတွေဟာ နိုင်ငံခြားနှင့် အဆက်အသွယ်မရှိပါဘူး။ ဘယ်တိုင်းပြည်ကမှလဲ လက်နက်သွင်းပြီး သုံးဘို့ မရှိပါဘူး။ ရှိတဲ့လက်နက်ကလေးတွေနှင့် ဟိုသိမ်းဒီသိမ်း သိမ်းပြီး တိုက်နေတာဘဲ ကြားရတယ်။ အစိုးရမှာတော့ လက်နက်မျိုးစုံကို လိုချင်သလောက်ရနိုင်တယ်။ ဒါကြောင့် ဒီကိစ္စမှာ ကြာကြာကြီး ဖြစ်နေဘို့ မရှိဘူးလို့ စပ်စုထင်တာဘဲ။

ရန်ကုန် (၁၅-၈-၄၈) စပ်စုမောင်

ယခု ဆူပူသောင်းကျန်းမှုကို ခေါင်းဆောင်နေကြသော သူများသည် ပညာတတ်များဖြစ်ပါလျက်နှင့် ငြိမ်းချမ်းသော ဒီမိုကရေစီ စံနစ်များကိုမသုံးဘဲ အာဏာကို လက်နက်အားကိုး စံနစ်ဖြင့် သိမ်းယူရန် ကြံရွယ်ခြင်းသည် ဆိုးရွားလှသော မကောင်းကျိုးများ ပေါ်ထွက်လာမည့် အချက်ကို အဘယ်ကြောင့် မမြင်နိုင်ဘဲ ရှိကြရပေသနည်း။

နေရှင်းသတင်းစာ (၂၀-၈-၄၈)

အတန်ငယ် သုံးသပ်ကြည့်ရှုမှုဖြင့် သောင်းကျန်းသူတို့သည် မည်သည့် နည်းနှင့်မျှ ပြည်ထောင်စု အစိုးရကို မနိုင်နိုင် ဟူသော အချက်ကို တွေ့ရလေသည်။

အက်ဒဗန့်သတင်းစာ (၂၅-၈-၄၈)

မည်သို့ပင် သဘောပိုက်စေကာမူ သောင်းကျန်းသူတို့သည် စင်စစ်အားဖြင့်ဆိုလျှင် နိုင်ငံ၏ စီးပွါးရေး ပျက်စီးမှုကိုသာ ပြုလုပ်နေကြပေသည်။

နယူးတိုင်းအော့ဖ်ဘားမား (၂၆-၈-၄၈)

လွတ်လပ်ရေးရကတည်းက အရေးကြီးသော အမျိုးသား လိုလားချက်ကြီးများမှာ ပြည့်ဝပြီး ဖြစ်ရာ ကွန်မျူနစ်တို့သည် ယခုအထိ အမျိုးသားအုံကြွမှု ဖြစ်စေ၍ နိုင်ငံ၌ မကြီးစိုးနိုင်ကြသောကြောင့် နောက်ဆုံးတွင် ပုန်ကန်ကြခြင်း ဖြစ်လေသည်။

ဒေးလီးမေဒ်နီတာခေါင်းကြီး (၁-၈-၄၈)

ဆာဦးသွင်၏ ငြိမ်းချမ်းရေးအဖွဲ့

၁၉၄၈ ခု ဩဂုတ်လ အတွင်း၌ မြန်မာနိုင်ငံ၏ အခြေအနေသည် အထူးပင် တုန်လှုပ်ချောက်ချားလျက်ရှိရာ သောင်းကျန်းသူများ၏ အဖျက်ဝါဒကို သတင်းစာအားလုံးကပင် ပြစ်တင်ဝေဖန်သည်ကို အထက်တွင် ဖော်ပြခဲ့ပြီးလေပြီ။ ပြည်သူလူထုတရပ်လုံးကလည်းရခါစလွတ်လပ်ရေးအတွက် အားသွန်ကြိုးပမ်း၍လုပ်ကိုင်ကြတော့မည်ဟု အားခဲနေဆဲမှာပင် ကွန်မျူနစ်များ တောခိုခြင်း၊ ရဲဘော်ဖြူများက သူတို့ခြေရာကိုနင်းခြင်း၊ တပ်မတော်အတွင်း၌ပင် သစ္စာဖောက်များ ပေါ်ပေါက်လာခြင်း စသော အဖြစ်အပျက်များကို တခုပြီးတခု ဆက်ကာဆက်ကာ မြင်ကြရသဖြင့် ယူကြုံးမရဖြစ်ကြရလေသည်။ ထိုအတောအတွင်း၌ သီးခြားကရင်ပြည်နယ်ကို ချက်ခြင်းပေးရမည်ဟု ကေ-အင်-ဒီ-အို အမည်ခံယူကြသော ကရင်အမျိုးသားတစုကလည်း ကျေးရွာအနှံ့ အပြားတွင် လုယက်တိုက်ခိုက် မီးရှို့သတ်ဖြတ်ခြင်းများကို ကြောက်ခမန်းလိလိ ကျူးလွန်လျက်ရှိကြရာ ပြည်ထောင်စု၏ အနာဂတ်သည် မျှော်လင့်စရာ မရှိတော့ဟု အများကပင် ယူဆကြလေသည်။

ထိုအချိန်မှာပင် ရတနာသုံးပါးကိုင်းရှိုင်း၍ အလှူရေစက် လက်နှင့် မကွာနေသည့် ဆာဦးသွင် ခေါင်းဆောင်၍ နိုင်ငံရေး နှင့် လုံးဝမသက်ဆိုင်ဘဲ လူထု

ကောင်းကျိုးကို သည်ပိုးလိုကြသော ခေါင်းဆောင်ကြီးများက နိုင်ငံအတွင်း၌ ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် အတွက် ငြိမ်းချမ်းရေး အဖွဲ့တဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ထိုငြိမ်းချမ်းရေးအဖွဲ့၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု စည်းလုံး တည်မြဲရေးကို ထောက်ထားပြီးလျှင် အဓိကအားဖြင့် အစိုးရနှင့် ရဲဘော်ဖြူများကို စေ့စပ်ပေးရန် ဖြစ်လေသည်။

အဆိုပါ ဆာဦးသွင် ခေါင်းဆောင်သော ငြိမ်းချမ်းရေး အဖွဲ့က ရဲဘော်ဖြူကိုယ်စားလှယ်များနှင့် တွေ့ဆုံစည်းဝေးကြပြီးလျှင် လုပ်ငန်းကို ချက်ခြင်းစတင်လုပ်ကိုင်ခဲ့ရာ ငြိမ်းချမ်းရေး အဖွဲ့ဝင်များနှင့် ရဲဘော်ဖြူ ခေါင်းဆောင် သုံးဦးတို့ လက်မှတ်ရေးထိုးသည့် ကြားဖြတ်ကျေညာချက်တစောင်ကို ၁၉၄၈ ခု အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့၏။ ထိုကျေညာချက် အဆိုမှာ ငြိမ်းချမ်းရေး အဖွဲ့ဝင်တို့သည် ရဲဘော်ဖြူများနှင့် လုံးဝနားလည်မှု ရရှိပြီးဖြစ်၍ ပြည်ထောင်စု အကျိုးကို ထောက်ထားသောအားဖြင့် ရဲဘော်ဖြူများက အစိုးရထံ ချွင်းချက်မရှိ လက်နက်ချအပ်ရန် ဖြစ်လေသည်။ ရဲဘော်ဖြူများက အစိုးရထံ လက်နက်ချတော့မည်ဟု ဆိုသဖြင့် ပြည်သူ လူထုကြီးမှာ အလွန်အကျူးဝမ်းမြောက်ကြ၏။ သို့ရာတွင် ထိုသို့ ဝမ်းမြောက်ကြခြင်းမှာ တာရှည်ခြင်း မရှိလှပေ။ ငြိမ်းချမ်းရေး အဖွဲ့မှ ကျေညာချက်ကို ထုတ်ပြန်လိုက်ပြီးနောက် ရက်အနည်းငယ် အတွင်းတွင် ရဲဘော်ဖြူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ကျေညာချက်တရပ် ထွက်ပေါ် ၍ လာလေသည်။ ထိုကျေညာချက်တွင် ရဲဘော်ဖြူ အဖွဲ့ဝင် နောက်လိုက်ငယ်သားများသည် အစိုးရ တပ်များကို တိုက်ခိုက်ခြင်းမှ ရပ်စဲခြင်းမပြုရန်နှင့် သူတို့၏ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး အဖွဲ့နှင့် စေ့စပ်ရေးကို ဆွေးနွေးလျက် ရှိကြသော်လည်း စိတ်ဓာတ်မပျက်ပြားဘဲ ဆက်လက်၍ သောင်းကျန်း ပုန်ကန်ကြရန် နှိုးဆော်ထား၏။ စေ့စပ်ရေး စ၍ ပြုလုပ် ကတည်းကပင် ရဲဘော်ဖြူတို့မှာ အားတက်သရော မရှိလှဘဲ သူတို့သီးခြား ထုတ်ပြန်သည့် ကျေညာချက် အတိုင်းမှာလိုပင် စေ့စပ်ရေး ကိစ္စနှင့် စပ်လျဉ်း၍ ငြင်းဆိုခဲ့၏။ ယခင်က သူတို့ ထုတ်ပြန်ခဲ့သည့် ကျေညာချက်များတွင် ရဲဘော်ဖြူများ သောင်းကျန်းမှုကြောင့် ဒုက္ခအခက်အခဲနှင့် တွေ့ကြုံနေကြရသည့် လူထုအားထောက်ထားသောအားဖြင့် သူတို့သည် မိမိတို့၏ ကိုယ်ရေး ကိုယ်တာများ အနစ်နာခံပါတော့မည်ဟု အသံကောင်း ဟစ်ခဲ့ကြ၏။ ၁၉၄၈ ခု နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သူတို့ ထုတ်ပြန်လိုက်သည့် "ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ မြန်မာပြည်လုံးဆိုင်ရာ ပြည်သူ့ရဲဘော် အဖွဲ့ချုပ်၏ သဘော" ဆိုသော ကျေညာချက် တရပ်တွင် အစိုးရနှင့် စေ့စပ်ရေးအောင်မြင်ရန် အချက် ၁၃ ချက် တောင်းဆိုလိုက်၏။

ထိုတောင်းဆိုချက် ၁၃ ချက်မှာ အစိုးရက ဖမ်းဆီးထားသော ရဲဘော်အားလုံး ပြည်ထောင်စု စစ်ရဲတပ်သား အားလုံးနှင့် စစ်တပ် သစ္စာဖောက်အားလုံးတို့ကို လွတ်ပစ်ရမည်။ ရဲဘော် သောင်းကျန်းသူများနှင့် စစ်တပ် သစ္စာဖောက် အားလုံးတို့အား ချွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည်။ စစ်တပ် သစ္စာဖောက် အားလုံး သူတို့၏နေရာဟောင်းများတွင် ပြန်လည်ခန့်ထားပေးရမည်။ ရဲဘော်များနှင့် အစိုးရကို တိုက်ခိုက်နေကြသူ အားလုံးတို့အား လက်နက်ကိုင် တပ်များ အတွင်းသို့ သွတ်သွင်းပေးရမည် ဟူသော အချက်များ ဖြစ်လေသည်။

အဆိုပါ တောင်းဆိုချက်များကို မည်သည့် အစိုးရမျှ လိုက်လျောနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ဆရာဦးသွင် ကြီးမှူးသော ငြိမ်းချမ်းရေး အဖွဲ့က အဆိုပါ ပြဿနာကို ဖြေရှင်း၍ ရလိုရငြားဟူသော မျှော်လင့်ချက်ဖြင့်-ရဲဘော် ခေါင်းဆောင်များနှင့် ဆက်လက်၍ ဆွေးနွေးလေသည်။ ဤကဲ့သို့ စေ့စပ်ရေး ပြုလုပ်နေသည့် အတောအတွင်း၌ လက်နက်ချအပ်သော ရဲဘော်များကို လက်နက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ အရေးမယူဘဲ ဆိုင်းငံ့ထားရန်နှင့် အရေးပါ အရာရောက်သော ရဲဘော် ခေါင်းဆောင်များကို သူတို့၏ ခရိုင် ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးတိုင်ပင်ရန်အတွက် လွှတ်ပေးရန် ဟူသည့်အချက်များကို လိုက်လျောရန် ငြိမ်းချမ်းရေး အဖွဲ့က အစိုးရကို တိုက်တွန်းခဲ့လေသည်။ အစိုးရကလည်း ငြိမ်းချမ်းရေးကို ရှေးရှု၍ ဆရာဦးသွင် အဖွဲ့၏ တိုက်တွန်းချက်ကို လက်ခံလိုက်၏။ ဤကဲ့သို့ အစိုးရက လက်ခံ၍ ဆောင်ရွက်လိုက်သော်လည်း ရဲဘော်ဖြူများသည် ကျေညာချက် တရပ်ကို ထုတ်ပြန်လိုက်လေသည်။ ထိုကျေညာချက်တွင် သူတို့ တောင်းဆိုခဲ့သည့် ၁၃ ချက်ကို ပြန်လည်တောင်းဆို၍ မရက အစိုးရနှင့် စေ့စပ်၍ မဖြစ်နိုင်ပါဟု ပါရှိ၏။ သို့ပင်ဖြစ်သော်ငြားလည်း ဖ ဆ ပ လ အတွင်းရှိ ညီညွတ်ရေးကို အလွန်အမင်းလိုလားသော အင်အားစုများကမူကား ရဲဘော်များ စစ်တပ် သစ္စာဖောက်များနှင့် ဆက်လက် ဆွေးနွေးလျက်ပင် ရှိသေး၏။ သို့ရာတွင် ထမြောက်အောင်မြင်ခြင်း မရှိပေ။ ၁၉၄၉ ခုနှစ်တွင် ရဲဘော်ဖြူတို့သည် အချို့သောနယ်များတွင် ကွန်မြူနစ်သောင်းကျန်းသူများ၊ စစ်တပ် သစ္စာဖောက်များနှင့် ပူးပေါင်းပြီးလျှင် "ဒီမိုကရေစီတပ်ပေါင်းစု" ဟူသော အမည်သစ်ကို ခံယူကြ၏။ သို့သော် အချို့သော နယ်များတွင်မူကား သောင်းကျန်းသူ အချင်းချင်း အာဏာသုံးလျက် ပြင်းထန်စွာ တိုက်ခိုက်ကြ၏။ ထိုအခါကစ၍ သောင်းကျန်းသူများသည် သူတို့အစုလိုက် အဖွဲ့လိုက် တန်ခိုးကြီးသည့် နယ်မြေများတွင် အခွန်နှိပ်စက်ခြင်း၊ ဆက်ကြေးတောင်းခြင်း၊ လုယက်တိုက်ခိုက်ခြင်း စသောနည်းမျိုးစုံတို့ဖြင့် မင်းမူလျက် နေကြလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်လျက်ရှိရာတွင် နိုင်ငံရေး ဝါဒများကို တိုက်ခိုက်ခြင်း မဟုတ်ဘဲ လက်နက်ဖြင့် အစိုးရကို တော်လှန် ပုန်ကန်သော အဓမ္မဝါဒသမားများကိုသာ နှိမ်နင်းတိုက်ခိုက်လျက်ရှိကြောင်းကို နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခြားခေါင်းဆောင်ကြီးများသည် အခါအခွင့်သင့်တိုင်း ထည့်သွင်း မိန့်ကြားခဲ့ကြလေသည်။ နိုင်ငံရေး အာဏာကို ရယူရာတွင် လူထုနည်းဖြစ်သော ဒီမိုကရေစီနည်းနှင့် လက်နက်ကိုင် ပုန်ကန်သော သေနတ်နည်းဟူ၍ နည်းနှစ်နည်းရှိရာတွင် သောင်းကျန်းသူတို့သည် ပဌမနည်းကိုစွန့်ပယ်၍ ဒုတိယနည်းကို လိုက်နာသည့်အတွက် တိုက်ခိုက် ချေမှုန်းနေရခြင်းဖြစ်ပေသည်။ တိုင်းပြည်လူထုတရပ်လုံးနှင့် သတင်းစာများကလည်း သောင်းကျန်းသူများအား အလင်းသို့ထွက်လာ၍ ဒီမိုကရေစီနည်း (ဝါ) လူထုနည်းဖြင့် နိုင်ငံရေး အာဏာကို ယူနိုင်လျှင် ယူကြစေလိုသော ဆန္ဒ ပြင်းပြစွာရှိကြသည်။ သို့ရာတွင် ကွန်မြူနစ်များနှင့် ရဲဘော်ဖြူများသည် လူထုနည်းဖြင့် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင် အရွေးခံပါက မရှုမလှ အရေးနိမ့်မည့်အကြောင်း ကောင်းစွာသိရှိကြသဖြင့် လက်နက်နည်းဖြင့် ဖြေရှင်းခြင်း ဖြစ်ပေသည်။ ၁၉၄၇ ခုနှစ်တွင် ကျင်းပသော တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲများ၌ပင်လျှင် အရွေးခံရသော ကွန်မြူနစ်အမတ်ဦးရေမှာ ဖ ဆ ပ လအမတ်ဦးရေ၏ ၁၀ ပုံ ၁ ပုံမျှမရခဲ့ပေ။ ထိုကဲ့သို့ လူထု၏ ထောက်ခံမှုကို မရရှိခဲ့သော ကွန်မြူနစ်တို့သည် လက်နက်နည်းကို အားကိုး၍ သောင်းကျန်း ပုန်ကန်ကြရာ လူထုနှင့် သတင်းစာများ၏ ဆန္ဒအတိုင်း အလင်းသို့ ထွက်လာ၍ ဒီမိုကရေစီကို ကျင့်သုံးရန် မည်သည့်အခါမှ စိတ်မကူးခဲ့ပေ။

သူတို့သောင်းကျန်းသောဒေသများတွင် ဖ ဆ ပ လ အဖွဲ့ဝင်များကို ညှဉ်းဆဲသတ်ဖြတ်ကြ၏။ ဖ ဆ ပ လ အစိုးရဖွဲ့စည်းထားသော အဖွဲ့အစည်းများကို ဖျက်ဆီးပစ်ကြ၏။ ဒေသန္တရ ကိစ္စများတွင်လည်း ကွန်မြူနစ်တို့သည် ဥပဒေမဲ့ ဝင်ရောက်နှောင့်ယှက်ကြ၏။ ဥပမာအားဖြင့် ဖော်ပြရလျှင် ကွန်မြူနစ်တို့ အတော်ကြာအောင် ကြီးစိုးခဲ့သော မန္တလေးခရိုင်တွင် အင်းသမဝါယမက သတ်မှတ်ထားသည့် အင်းများကို သူတို့က ဘုံပစ္စည်းပြုလုပ်၍ မင်းမဲ့တိုင်းပြည်ပမာ လုပ်ချင်သူကို ဝင်၍လုပ်စေ၏။ သမဝါယမ တာဝန်ခံများမှာ အသက်ဘေး လွတ်အောင် ပြေးကြရ၏။ ကွန်မြူနစ်တို့၏ စီမံချက် အရ အင်းများကို စည်းမဲ့ ကမ်းမဲ့ ဗရမ်းဗတာ ဝင်ရောက်လုပ်ကိုင်ကြရာ အင်းလုပ်သည့် ပစ္စည်းကရိယာများ ပျက်စီး၍ ငါးများဆုံးရှုံးကြ၏။ အဆိုပါခရိုင်ရှိ ဆန်စက်ကလေးများကိုလည်း ဘုံပစ္စည်းလုပ်၍ စက်တွင်းရှိ ဆန်စပါး

များကို အပိုင်သိမ်းယူပြီးလျှင် စက်များကို အငှါး ချထားကြ၏။ ရသမျှငွေကို ပါတီ ရန်ပုံငွေဟု အမည်ပေး၍ သုံးပစ်ကြ၏။ လူလတ်တန်းစား၊ ကုန်သည်များ၊ ရောင်းဝယ် ဖောက်ကားလျက်ရှိသော ကုန်ပစ္စည်းများကိုလည်း အရင်းရှင်များ၏ ပစ္စည်းကို သိမ်းယူရမည်ဟူသော ဝါဒအတိုင်း အတင်းအဓမ္မသိမ်းယူကြ၏။

ကွန်မြူနစ်တို့ ကြီးစိုးသောဒေသများတွင် လူထု အုပ်ချုပ်ရေးအဖွဲ့ခေါ်သော အဖွဲ့များ၌ သူတို့ ကြိုက်ရာလူများကို ခေါ်၍ ခန့်ထားကြ၏။ ဒီမိုကရေစီ အသွင်ကို ယူ၍ လူထုအစည်းအဝေးများ စံပြုပြုလုပ်ပြီးလျှင် ခန့်ထားကြလေသည်။ သို့ရာတွင် အဆိုပါ လူထုအုပ်ချုပ်ရေး အဖွဲ့များတွင် အာဏာဟူ၍ အနည်းငယ်မျှမရှိဘဲ ဆိုင်ရာ ရပ်ကွက် စစ်ကောင်စီကသာလျှင် အာဏာဟူသရွေ့ကို လက်ဝါးကြီး အုပ်ထားလေသည်။ လူထုအုပ်ချုပ်ရေး အဖွဲ့မှာ စစ်ကောင်စီက ထုတ်ပေးသော အမိန့်တော်များကို နာခံဆောင်ရွက်ရသော လက်ပါးစေမျှသာ ဖြစ်လေသည်။စစ်ကောင်စီက ချပေးသမျှ အမိန့်များမှာလည်း ရန်သူ ပစ္စည်းကိုသိမ်းစေ၊ တပ်မတော် ပစ္စည်းကို သိမ်းစေဟူသော အမိန့်များမှ တပါး အခြားဘာမျှ မရှိပေ။ တိုက်ပွဲ အတွင်း မီးလောင်ပြာကျသွားသော ပြည်သူ့ အိုးအိမ် ပစ္စည်းများကို ပြန်လည် ထူထောင်ပေးရေး၊ ဒုက္ခသည်များကို ပြန်လည်နေရာချထားပေးရေး၊ အလုပ်အကိုင်များ စည်းရုံးပေးရေး၊ လူထုအတွက် ရိက္ခာ ပစ္စည်း စီမံထောက်ပံ့ရေး စသည့် ပြဿနာများကိုမူကား ကွန်မြူနစ်များက စိတ်ကူးထဲ၌ပင် မထည့်ကြပေ။

စီမံ ခန့်ခွဲမှု၌သာ ညံ့ဖျင်းသည်မဟုတ်။ သူပုန်ခေါင်းဆောင်များသည် အများအားဖြင့် ကိုယ်ကျိုးရှာသမားများ ဖြစ်ကြလေသည်။ ဥပမာအားဖြင့် သခင်စိုးသည် မိမိ၏ နောက်လိုက်ငယ်သားများအား ထောက်ထား ညှာတာသော စိတ်ကူးဟူ၍ အလျဉ်းမရှိပေ။ ဝေဖန်မှုကိုလည်း သည်းမခံချေ။ နောက်လိုက်ငယ်သားများမှာ တစုံတရာ တုန့်ပြန် ပြောခွင့် မရဘဲ ထားရာနေ သေဆိုသေကြ ရလေသည်။ သခင်သန်းထွန်း သည်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။ သူကိုယ်တိုင်ကမူကား တစုံတရာတီထွင်ခြင်း မရှိ။ သူတပါး တီထွင်သည့် လုပ်ငန်းများကိုလည်း ပါတီဝင်အများက လိုက်လျောခြင်း မရှိက သူ၏ ထင်မြင်ချက်များ မည်သည့်အခါမျှ ဖွင့်ဟ၍ မပြောပေ။ ကွန်မြူနစ်ပါတီ အတွင်း၌ ထူးထူး ချွန်ချွန် ကွန်မြူနစ်တဦး တယောက် ပေါ်ပေါက်လာလျှင် သခင်သန်းထွန်းသည် သူ့အား နေရာမပေးဘဲ တွန်းချခဲ့၏။ ပဌမ အတွန်းခံရသူမှာ သခင်စိုးဖြစ်၏။ ထို့နောက် သခင်သိန်းဖေ အတွန်းခံရ၏။ တောခိုပြီးနောက် ဂိုရှယ်ခေါ် ဘတင်ကို အောက်သို့ တွန်းချပြန်၏။ သခင်သန်းထွန်းသည် မြန်မာကွန်မြူနစ်လောက၌ မိမိသာလျှင် ထိပ်ဆုံး၌ ရှိနေရမည်။

မိမိနှင့်တန်းတူ ပခုံးချင်း ယှဉ်နိုင်မည့်သူများ မပေါ်စေရ ဟူသော အဓိဋ္ဌာန်ကို ထားရှိသူ ဖြစ်၏။

ရဲဘော်ဖြူခေါင်းဆောင်မှုနှင့် စပ်လျဉ်း၍မူကား သူတို့၌ ပညာမျက်စိ များစွာ မရှိသူများ ဖြစ်လျက် နိုင်ငံရေးတွင်သော်၎င်း၊ စီးပွါးရေးတွင်သော်၎င်း မည်သည့် နေရာဌာနကမှ ပါဝင်ခဲ့ဘူးသူများ မဟုတ်ချေ။ သူတို့သည် စစ်ကြောင့် ပေါ်ပေါက်လာခဲ့ရာ စစ်နည်းဖြင့်ပင်လျှင် မိမိတို့ အကျိုးကို ထူထောင်ထားရန် ကြံရွယ်သူများ ဖြစ်ကြပေသည်။ ကိုယ်ကျိုးရှာသူများလည်း ပြည့်နှက်လျက် ရှိသည်။ သရက်မြို့ နှင့် ရေနံချောင်း နယ်များရှိ ခေါင်းဆောင် ဆိုသူများသည် အဆိုပါ နယ်များကို သိမ်းပိုက်ပြီးသောအခါ ငွေတိုက်များမှ ငွေများကို ရသမျှယူ၍ သူတို့၏ ကိုယ်ကျိုး အတွက် သုံးစွဲကြ၏။ တပည့် တပန်းတချို့ကို ငွေမြောက်မြားစွာ ပေး၍ ရန်ကုန်သို့ တိတ်တဆိတ်စေလွှတ်ပြီးလျှင် သူတို့အတွက် ထယ်ဝါခန့်ညားသော အဝတ် အစား များနှင့် အရက်များ ဝယ်ခိုင်း လေသည်။ နောက်လိုက်ငယ်သား အတွက် မူကား လုံးဝ ပြန်လည်ကြည့်ရှုခြင်း မရှိပေ။

စစ်တပ်မှ သစ္စာဖောက် တောခိုသွားသော ရဲဘော်တို့သည် အထက်တွင် ဆိုခဲ့သည့်အတိုင်း ကွန်မြူနစ်များ နိုင်ငံရေး အာဏာရတော့မည်ဟု တထစ်ချယုံကြည်ကြတော့သည်။ ထိုသို့ အာဏာရလျှင် သူတို့အနက်မှ ခေါင်းဆောင် အချို့သည် ဝန်ကြီးများ ဖြစ်လာ၍ စစ်တပ်မှ စွန့်ခွါကြမည်ဟု ကြံရွယ်ထားသူများ ဖြစ်ကြလေသည်။စေ့စပ်ရေးကို စကားဆိုစဉ်၌ပင် စစ်တပ် သစ္စာဖောက်ခေါင်းဆောင်နှစ်ဦးတို့မှာ ကာကွယ်ရေးဌာန ဝန်ကြီးနှင့် ပြည်ထဲရေးဌာနဝန်ကြီး ရာထူးများကို လိုချင်ကြကြောင်း အတည့်အလင်း တောင်းဆိုလာ၏။ ဤအချက်ကို ထောက်၍ လက်နက်ကိုင် တော်လှန် ပုန်ကန်ကြသော အင်အားစုတို့သည် မည်သည့် ရည်ရွယ်ချက်ဖြင့် တောခို ပုန်ကန် ကြသည်ကို ကောင်းစွာ သိသာနိုင်ပေသည်။

၁၉၄၈ ခုနှစ် တနှစ်လုံးနှင့် ၁၉၄၉ ခုနှစ် ဧပြီလ အထိ ကာလအပိုင်းအခြား အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် သွက်သွက်ခါအောင် ချောက်ချား ခဲ့လေသည်။ ဒီမိုကရေစီဝါဒ ပြိုကွဲ၍ အဓမ္မဝင်မည့် အာဏာရှင်တစုတို့ တက်ရောက် ကြီးစိုးတော့မည်လော ဟူသော သံသယရှိခဲ့ ရလေသည်။ သို့ရာတွင် ဒီမိုကရေစီ ဝါဒကြီး အောင်မြင်စေရန် အတွက် ဒီမိုကရေစီ သမားတို့သည် အကြီးအကျယ် အနစ်နာခံ၍ကြိုးပမ်းကြရာ ၁၉၄၉ ခုနှစ် မေလသို့ရောက်သောအခါ သောင်းကျန်း ပုန်ကန်သူများသည် စတင်၍ အရေး နိမ့်လာသည်ကို တွေ့ရ၏။ ဤတွင် တိုင်းပြည် လူထုကြီးသည်လည်း အနည်းငယ် သက်ပြင်း ချနိုင်ကြလေသည်။

ဖ ဆ ပ လ အစိုးရ၏ ဆန္ဒမှာလည်း ဒီမိုကရေစီ ဝါဒကို စွဲစွဲ မြဲမြဲ ယုံကြည်ကြသော တိုင်းရင်းသားလူထုများကို စည်းလုံး၍ တန်ပြန်အင်အားစုရန်ဖြစ်လေသည်။ လူထုသည်လည်း အာဏာရှင် စံနစ်ကို လက်မခံကြဘဲ ဒီမိုကရေစီ ဝါဒကြီးကိုသာလျှင် စွဲစွဲမြဲမြဲ ယုံကြည်ကြသူများ ဖြစ်သည့် အတိုင်း သောင်းကျန်းမှု များကို အားမပေးကြပေ။ ၁၉၄၉ ခုနှစ် ဇွန်လအတွင်း ကျင်းပသော ပါလီမန် လွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော် ဝန်ကြီးချုပ်က (ဒီမိုကရေစီအတွက် နိုင်ငံ၏ အမျိုးသားတို့သည် မည်မျှ အနစ်နာခံ၍ ပင်ပန်းဆင်းရဲစေကာမူ ဆင်းရဲရကျိုး နပ်သည် ဖြစ်သောကြောင့် ဒီမိုကရေစီကို လိုလားမြတ်နိုးကြသော လူထုကြီးကသာ ဇွဲကောင်းကောင်း သဘောထား ကြီးကြီး အဓိဋ္ဌာန် စွဲစွဲမြဲမြဲနှင့် ကြိုးပမ်းလိုက် ကြမည်ဆိုလျှင် ယခု အမျိုးသားများ ရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားနိုင်ပေလိမ့်မည်။ ဒီမိုကရေစီ တော်လှန်ရေး အတွက် အရေးကြီးဆုံး အချက်မှာ လူတန်းစား အားလုံးနှင့် လူထုကြီး တရပ်လုံး စည်းလုံး ညီညွတ်မှု ဖြစ်သည်) ဟု မိန့်ကြားခဲ့လေသည်။

လူထုကြီး တရပ်လုံးသည် ငြိမ်းချမ်းရေးကို ပြင်းပြစွာလိုလားကြောင်းကို ဖ ဆ ပ လ အစိုးရသည် ကောင်းစွာ သိရှိသဖြင့် ၁၉၄၉ ခု ဇူလိုင်လ ၁၉ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့် ဒုတိယနှစ်ပတ်လည် အထိမ်းအမှတ်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်က လူထုငြိမ်းချမ်းရေး ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ချမှတ်ပြီးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ တနှစ်အတွင်း ငြိမ်းချမ်းရေး ရစေမည်ဟူသော ကြွေးကြော်သံဖြင့် တစည်းတလုံးတည်း ကြိုးပမ်း ကြရန် နှိုးဆော်လိုက်လေသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

(ခ) ကေအင်ဒီအို သောင်းကျန်းမှုများ ပေါ်ပေါက်လာခြင်း

ကရင်အမျိုးသားသမိုင်း

ရှေးပဝေဏီ အခါက ဝေးလံသော မြောက်ဖျား ဒေသ အာရှအရှေ့ပိုင်းမှ လူများသည် ဧရာဝတီ မြစ်ဝှမ်းသို့ သုံးစု သုံးကြောင်းဖြာ၍ ဝင်ရောက် လာကြ၏။ ထိုလူစုသုံးစုတို့ကား မြန်မာများ ပါဝင်သော "တိဗက်တိုမြန်မာ" အစု၊ မွန်များ ပါဝင်သော "မွန်ခမာ" အစု၊ ရှမ်း၊ ကရင်နှင့် အခြား လူမျိုးများ ပါဝင်သော "ထိုင်းရှမ်း" အစုတို့ဖြစ်ရာ သူတို့သည် ယခုအခါ မြန်မာတိုင်းရင်းသားများ ဖြစ်ကြလေသည်။

ဤသမိုင်း နောက်ခံ အကြောင်းကို ကြည့်ခြင်း အားဖြင့် မြန်မာ၊ မွန်၊ ရှမ်း၊ ကရင် စသည့် မူလပင်မကြီးတခုတည်းမှ ဆင်းသက် ပေါက်ဖွား လာသူတို့မှာ တမျိုးတဇာတ်တည်းသာ ဖြစ်ကြသည်ကို တွေ့ရပေသည်။ ကရင်များကိုပိုးကရင်၊ စကောကရင်၊ ဗွဲကရင် ဟူ၍ သုံးမျိုး သုံးစား ခွဲနိုင်၏။ ပိုးကရင်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် နေထိုင်လျက် စကောကရင်တို့သည် စစ်တောင်းမြစ်ဝှမ်း အရှေ့ဖက် တောင်ငူအထိ ရှိသည့် တောင်တန်းများနှင့် စစ်တောင်း မြစ်ဝှမ်း အနောက်ဖက် ပျဉ်းမနားအထိ ရှိသည့် တောင်တန်းများတွင် အခြေစိုက် နေထိုင်ကြသည်။ ဗွဲကရင် များသည် စစ်တောင်းနှင့် သံလွင်အကြား အနောက်ဖက် ကုန်းမြေမြင့်များတွင် နေထိုင် ကြသည်။

ကရင်များသည် ဧရာဝတီ မြစ်ဝှမ်းသို့ ဝင်ရောက် လာခါစ ကတည်းကပင် အလွန်သိုသိပ်တတ်သူများ ဖြစ်ကြရာ မိမိတို့ ကရင်အချင်းချင်းနှင့်သာ ပေါင်းသင်းနေထိုင် လိုကြပေသည်။ ထိုသို့ ကရင်များက မြန်မာများနှင့် ရောနှောယှက်သန်းခြင်း မပြုဘဲ သီးခြား နေထိုင် သည်ကိုပင် နိုင်ငံခြားသားတို့က မြန်မာတို့သည် ကရင်များကို နှိပ်စက်ကလူ ပြုမူကြသောကြောင့်သာ ကရင်တို့က မြန်မာများနှင့် ရောနှော နေထိုင်ခြင်း မပြုဟု အထင်မှတ် မှားကြ၏။ ကရင်များ ခရစ်ယာန်အယူကို တစတစ ပိုမိုသက်ဝင် ယုံကြည်လာကြ၍ရင်း၊ မြန်မာပြည်ရှိ ရှေးခရစ်ယာန်သာသနာပြုဆရာများက ကရင်များကို စုစည်းကာ ပြင်ပလူမျိုး များနှင့် ရောနှောယှက်တင်နေထိုင်ခြင်း မပြုရန် အားကြိုး မာန်တက် လှုံ့လထုတ်၍ ဆောင်ရွက်ခဲ့ခြင်းကြောင့်ရင်း ကရင်နှင့် မြန်မာတို့ သွေးကွဲစပြုလာကြလေတော့သည်။ သို့ရာတွင် ကရင်များ

သည် ခေတ်ပညာကို သင်ကြားတတ်မြောက် လာကြပြီးလျှင် ကျေးလက်များမှ မြို့များသို့ အများအပြား ကူးပြောင်း နေထိုင် လာကြခြင်းကြောင့် ပြန်လည် သွေးစည်းမိသလောက် သွေးစည်း သွားပြန်၏။ ဂျပန်ဝင်စတွင် အထူး သဖြင့် မြစ်ဝကျွန်းပေါ် ဒေသ၌ ကရင်နှင့် မြန်မာတို့ ဖြစ်ပွါးကြသော ကိစ္စမှာ စင်စစ် မကြီးကျယ်သော်လည်း ယင်းကိုပင် တစ်ိတ်ကို တအိတ်ချဲ့ထွင်ပြီး ပြောဆိုရေးသား ကြ၏။ ထိုအဖြစ်မျိုးမှာ တခေတ်မှ တခေတ်သို့ အကူးအပြောင်း ကာလမျိုး၌ မည်သည့် နိုင်ငံတွင် မဆို မလွဲတမ်း ဖြစ်ပွါးကြုံတွေ့ရမည်သာ ဖြစ်ပေသည်။ ဗြိတိသျှတို့ မြန်မာပြည်ကို အုပ်ချုပ်နေချိန်တွင် ကရင်တို့သည် ဗြိတိသျှတို့အား အမြဲ တစေ အင်တိုက် အားတိုက် ထောက်ခံ ခဲ့ကြ၏။ ဗြိတိသျှတို့က ကရင်များသည် ဖြောင့်မတ် မှန်ကန်၍ ဥပဒေကို စောင့်သိ ရိုသေလျက် ပေးသမျှ အမိန့်ကို ပြန်လှန် စောဒကတက်ခြင်း မရှိဘဲ နာခံသူများဟု သိရှိကြ၏။ ထို့ကြောင့်ပင် ကရင်များ အား စစ်တပ်၌လက်ခံကာ ပဌမကမ္ဘာစစ်ကြီး အတွင်းတွင် တည်ထောင်ဖွဲ့စည်း ခဲ့သော မြန်မာစစ်တပ်များကို ဖျက်သိမ်းခဲ့သော်လည်း ကရင်စစ်တပ်များကိုမူ ဆက်လက်ထားရှိခဲ့လေသည်။

စစ်မဖြစ်မီခေတ်

စစ်မဖြစ်မီခေတ်ကာလကကရင်အမျိုးသားတို့၏ နိုင်ငံရေးမှာအများအားဖြင့် နိုင်ငံရေးဆင်ဆင်ပါရှိသောအယူဝါဒရေးကိစ္စများသာဖြစ်၍ ကရင်ပညာတတ်များ ကသာလျှင် ဆောင်ရွက်ခဲ့သည်။ထိုသူများတွင်လည်း ကရင်ခရစ်ယန်များကပို၍ များ၏။ "ဒေါကလူ" အမည်ရှိသော ကရင်အစည်းအရုံးကို ၁၈၈၁ ခုနှစ်ကပင် တည်ထောင် ခဲ့သည်။ ထိုအသင်း၏ ရည်ရွယ်ချက်မှာ အယူဝါဒရေးနှင့် ပညာရေး သက်သက်သာ ဖြစ်သည်။ အသင်းသား အများမှာ ခရစ်ယန် ဘာသာဝင် စကော ကရင်များ ဖြစ်၍ အသင်း၏ ပဌမ ဥက္ကဋ္ဌမှာ ကွယ်လွန်သူ တီသံပြာ (အမ်အေ)ဖြစ် သည်။ အသင်းခေါင်းဆောင်များမှာ ဒေါက်တာ ရော်ဗတ်ဖိုးကော၊ ကွယ်လွန်သူ ဆာ စံစီဖိုး (စီ၊ ဘီ၊ အီး၊အမ်၊ဒီ)၊ကွယ်လွန်သူစောဒူမေဖိုးမင်း၊ ကွယ်လွန်သူ ဝတ်လုံ တော်ရ စောဘမောင်၊ကွယ်လွန်သူ စောဖဒွေး၊ ကွယ်လွန်သူ သရာစံဘော်၊ (အို၊ ဘီ အီး၊ ကေ၊ အိုင်၊ အိပ်ချ်) အစရှိသည့် ထင်ရှားသော ကရင် ပုဂ္ဂိုလ်ကြီးများ ပါဝင် လေသည်။ ဒိုင်အာကီ ခေတ်သို့ ရောက်သောအခါ မြန်မာနိုင်ငံတော် ဥပဒေပြု အဖွဲ့ ၌ ကရင်များအား နေရာ ၅ နေရာပေးသည်တွင် ဆာစံစီဖိုး ဥက္ကဋ္ဌပြုသော ဒေါကလူ

ကရင်အသင်းသည် နိုင်ငံရေးကို ကိုင်စပြုလာလေသည်။ သို့သော်လည်း ကရင် အမျိုးသား များသည် သူတို့၏ အကျိုးကို ကာကွယ်မှုနှင့် အခွင့်အရေးများ ပိုမို တောင်းဆိုမှုက လွဲ၍ အခြား နိုင်ငံရေးတွင် ပါဝင်ခြင်း မရှိခဲ့ကြချေ။ အရေးကြီး သော အမျိုးသား ကိစ္စနှင့် သက်ဆိုင်လာလျှင် ရာထူး ယူထားသော မြန်မာ နိုင်ငံ ရေးပါတီနှင့် တွဲ၍ အစိုးရဖက်က အမြဲနေလေ့ ရှိ၏။ ဤသို့ ဗြိတိသျှ ဗျူရိုကရက် အစိုးရကို မမှိတ်မသုံ ထောက်ခံအားပေးခဲ့ခြင်းကြောင့် ကရင်များအား ဖောက်ပြန် ရေးသမား များဟု အချို့က သမုတ်ခဲ့ကြလေသည်။

ယင်းသည့် နောက် မြန်မာနိုင်ငံတော်တွင် ပို၍ ကျယ်ဝန်းသော အုပ်ချုပ် ရေး ပြုပြင်ပြောင်းလဲမှု ပေါ်လာ လေသည်။ ဒိုင်အာကီ အစိုးရ လက်ထက်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး တိုးတက်မှု ရှိ မရှိ စုံးစမ်းရန် ဆာဂျွန်ဆိုင်မွန် ကော်မရှင် အဖွဲ့သည် မြန်မာပြည်သို့ လာရောက်ရာ ထိုအဖွဲ့ကို မြန်မာနိုင်ငံရေး ပါတီ အချို့က သပိတ်မှောက် ကြသော်လည်း စောဖဒွေး ခေါင်းဆောင်သော ဒေါကလူ ကရင် အသင်းမှ ကရင်များက မူကား ဥပဒေပြု အဖွဲ့တွင် ၁၄ နေရာတောင်းကြလေသည်။ သူတို့အား အဆုံးသတ်တွင် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေ ခံ အက်ဥပဒေအရ ဖွဲ့စည်းသော ဥပဒေပြု အဖွဲ့တွင် ၁၂ နေရာ ပေးလိုက်၏။

အခြား ကရင် အဖွဲ့အစည်း များအနက် ကွယ်လွန်သူ ဝန်ကြီးဟောင်း ဝတ်လုံ တော်ရ စောဖေသာ (ဘီအေ) တည်ထောင်ခဲ့သော "မြန်မာပြည် ကရင်အမျိုး သားအဖွဲ့"မှာ အထင်ပေါ် ဆုံးဖြစ်လေသည်။ ထိုအဖွဲ့ကို ယခုအခါ ဖျက်သိမ်းလိုက် ပြီး ဖြစ်သည်။ ကရင်ဗုဒ္ဓဘာသာ သဿာများ အဖွဲ့ကို စတင်တည်ထောင် ခဲ့သော ကရင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဦးပဏ္ဏဝံသနှင့် စောဘသက်ရွှေတို့၏ အကူအညီ ဖြင့် ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့၏။ ထိုအဖွဲ့ကြီးသည် နယ်များတွင် အဖွဲ့ ခွဲပေါင်း ၂၂ ဖွဲ့ကျော်မျှ ရှိပြီးလျှင် မြန်မာပြည်ဥပဒေပြု လွှတ်တော်တွင် ဒေါကလူ အဖွဲ့ကဲ့သို့ပင် ပါဝင် ဆောင်ရွက်ခဲ့လေသည်။ ခြားနားချက် တခုကား အဆိုပါ အဖွဲ့ဝင်များမှာ အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် အလျောက် သူတို့၏ ညီအစ်ကိုတော် ခရစ်ယန် ဘာသာဝင် ကရင်အမျိုးသားများထက် မြန်မာ လူမျိုးများနှင့် ပိုမိုရင်းနှီးမှုကို လိုလားကြ၏။ ထို့ပြင် ဝန်ကြီးဟောင်း တဦးဖြစ် သော တနသာ်ရီ ကရင်အမျိုးသားအဖွဲ့ ခေါင်းဆောင် စောဖိုးချစ် ဦးစီးတည် ထောင်သည့်အဖွဲ့၊ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌဟောင်း သထုံဦးလှဖေ ဦးစီးတည် ထောင်သည့် အဖွဲ့စသည်ဖြင့် ကိုယ်ပိုင်ဆင်ဆင် အဖွဲ့များလည်း ရှိကြသေးသည်။ စောဖိုးချစ်နှင့် ဦးလှဖေတို့သည် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ ဖြစ်လျက် ဦးလှဖေ

မှာဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော်၊ ကွယ်လွန်သူဗိုလ်ချုပ်အောင်ဆန်းနှင့် လက်ရှိဝန်ကြီးချုပ် ဦးနုတို့ ဦးစီးတည်ထောင်ခဲ့ကြသော ထိုစဉ်က မြန်မာ့အမျိုးသား တပ်ဦးကြီး ဖြစ်ခဲ့သည့် ထွက်ရပ်ဂိုဏ်းကြီးနှင့် ပူးပေါင်း ဆောင်ရွက် ခဲ့သူ တဦးလည်း ဖြစ်လေသည်။

ခရစ်ယန် ဘာသာဝင်တို့သာ အများဆုံး ပါဝင်လျက် ကရင်အမျိုးသား အားလုံး၏ ၁၅ ရာခိုင်နှုန်းမျှသာ ရှိသော ခေတ်ပညာတတ် ကရင်များကသာလျှင် နိုင်ငံရေးကို လုံးဝဂရုမစိုက်ဘဲ နေသည့် ကရင်လူထုတရပ်လုံး၏ ကိုယ်စား ပြောဆိုဆောင်ရွက်ခဲ့ ကြ၍ သူတို့၏ ပြောဆို ဆောင်ရွက်ချက်များကိုလည်း ကရင်လူထုကြီးက ထောက်ခံ အားပေးခြင်း ဟူ၍ရင်း၊ ဝေဖန် သုံးသပ်ခြင်းဟူ၍ရင်း မရှိသလောက် ရှားပါးခဲ့ပေသည်။

ဂျပန်ခေတ်

ဂျပန်နှင့် စစ်ကြီး စတင်ဖြစ်ပွါး၍ ဗြိတိသျှတို့ မြန်မာပြည်မှ ဆုတ်သွားရသည့် အချက်မှာ ကရင်များ အဖို့ အထူးထိခိုက် စေခဲ့လေသည်။ ကရင်တို့သည် ဗြိတိသျှတို့အား မှီခိုအားထားသူများ ဖြစ်ကြရကား ဗြိတိသျှတို့ ဆုတ်သွားသည့်နောက်တွင် မိမိတို့ချည်း မည်သို့ စခန်းသွားရမည်ကို မသိနိုင်အောင်ပင် ရှိကြလေသည်။ သူတို့၏ အစဉ်အလာ ထုံးစံအတိုင်း ဗြိတိသျှတို့အား သစ္စာစောင့်သိမြဲ စောင့်သိလျက် ဗြိတိသျှတို့သည် သူတို့အား ရန်သူတို့ လက်မှ လာရောက် ကယ်ဘင်လိမ့်မည်ဟု အစကနဦးကတည်းကပင် ယုံကြည် ကိုးစား နေကြ၏။ ထိုယုံကြည်ချက် အတိုင်းပင် ဂျပန်တို့၏ စစ်အင်အားကို အနှောင့်အယှက် ပြုရန် ကရင်နီ တောင်တန်းနယ်နှင့် မြစ်ဝကျွန်းပေါ် ဒေသတို့၌ မြေအောက်တော်လှန်ရေး လုပ်ငန်းများကို စတင်လုပ်ကိုင်ကြလေသည်။ သို့ရာတွင် သူတို့၏ မြေအောက် တော်လှန်ရေး လုပ်ငန်းမှာ အောင်ပွဲ ဆင်နွဲလျက်ရှိသည့် ဂျပန်တပ်မတော်နှင့် ယင်ပေါင်တန်း တိုက်ခိုက်လျက်ရှိသော ဘီ၊ အိုင်၊ အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ရင်ဆိုင်တိုး၍ တိုက်ပွဲများဖြစ်ပွါးကာ နှစ်ဦး နှစ်ဖက်လုံးမှ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့် ဖာပွန်နှင့် မြောင်းမြ အခင်းကိစ္စများ ဖြစ်ပေါ်ပြီးလျှင် ဂျပန်ခေတ်မြန်မာ့သမိုင်းတွင် အစွန်းထင်ရစ် ခဲ့ရလေသည်။

အခင်း ဖြစ်ပွါးပြီးဆဲနှင့် စစ်ပြီးခါစ အချိန်များတွင် ထိုကိစ္စများ၌ စိတ်ဝင်စားကြကုန်သော ပြည်တွင်း ပြည်ပ အကဲခတ် ပုဂ္ဂိုလ်တို့က တဖက်သတ်ဝါဒဖြန့်

ခြင်းများကို ပြန်လည်ချေပရမည်ဆိုလျှင် ဖာပွန်နှင့် မြောင်းမြကိစ္စများ ဖြစ်ပွါးရခြင်းမှာ ဗြိတိသျှတို့ ဆုတ်ခွါ သွားသဖြင့် အခြေအနေ ပျက်ပြားလျက် ရှိသောအတွက်မြန်မာပြည် ပြန်လည် အေးချမ်းရေး အတွက် အင်တိုက် အားတိုက် ဆောင်ရွက်လုံးပမ်းနေကြသော ဗိုလ်ချုပ်အောင်ဆန်း၊သခင်နုနှင့် ဗိုလ်လကျ်ာ အစရှိသည့် တာဝန်ခံ ခေါင်းဆောင်ကြီးများ အောက်မြန်မာပြည်၌ မရှိခြင်းကြောင့် ဖြစ်ရပေသည်။ အုပ်ချုပ်ရေးဖက်တွင် ဗဟုသုတနည်းပါးသေးသော လူငယ်များကို ဖာပွန်နှင့် မြစ်ဝကျွန်းပေါ် ဒေသများသို့ တိုင်းပြည် ပြန်လည်ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင်များ အဖြစ် စေလွှတ်လိုက်ခြင်းမှာ မှားယွင်းသော လုပ်ငန်း တရပ်ဖြစ်ကြောင်းကို ဝန်ခံ ရပေမည်။ ထို့ပြင် ငယ်ရွယ်၍ အကွပ်အထိန်း ကင်းမဲ့သော ဘီ၊ အိုင်၊ အေ တပ်ဗိုလ်များသည် တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး အမြန်ဆုံး ရရှိရေးကိုသာ စိတ်စေတနာ စောနေကြသဖြင့် အမှန်နှင့် အမှားကို ခွဲခြား၍ စဉ်းစားဆင်ခြင်ခြင်း မပြုနိုင်ကြသဖြင့်သာလျှင် နှစ်ဖက်လုံးမှ အသက်ပေါင်း များစွာ ဆုံးရှုံးကြရသည့် ထိုမနှစ်မြို့ဖွယ်ရာ ဖာပွန်နှင့်မြောင်းမြကိစ္စများ ပေါ်ပေါက်ခဲ့ရပေသည်။ တာဝန်ခံ ခေါင်းဆောင်များ အောက်မြန်မာပြည်သို့ ပြန်လည် ဆိုက်ရောက်လာကြသောအခါ အခင်း ဖြစ်ပွါးရာ ဒေသများသို့ ချက်ခြင်းပင် သွားရောက်ကာ ဘီ၊ အိုင်၊ အေ အဖွဲ့ထဲမှ မလိုလားအပ်သူများကို ရှင်းလင်းပစ် လိုက်ပြီးလျှင် မြန်မာ၊ ကရင် ချစ်ကြည်မှု ရရှိရန်နှင့် ထိုသို့ မတော်တဆ ဖြစ်ပွါးကြသည့် ကိစ္စများကို ကရင်တို့ မေ့ပျောက် သွားရန် အတွက် အားသွန် ကြိုးပမ်းကြလေသည်။

သို့ရာတွင် အချို့သော ကရင်တို့သည် အခဲ မကြေနိုင်ကြဘဲ ထိုသို့ မတော်တဆ ဖြစ်ပွါး ခဲ့ရသည့် ကိစ္စများကို ယိုးမယ်ဖွဲ့ အကြောင်းပြကာ မြန်မာတမျိုးလုံးကို ရန်ငြိုးဖွဲ့ပြီး မုန်းတီးရေးကို သွေးထိုးလှုံ့ဆော်ပေးကြလေသည်။ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့ကို တော်လှန် တိုက်ခိုက် ချေမှုန်းရန် မြန်မာနှင့် ကရင် လူငယ်များကို မိမိ၏ အလံအောက်၌ စုစည်း သိမ်းသွင်း ခဲ့လင့်ကစား ကရင်တစုသည် ဖာပွန်နှင့်မြောင်းမြမြို့များတွင်ကျဆုံးသွားသော ကရင်အမျိုးသားတို့အား ထာဝစဉ် သတိရစေရန် သီချင်းများ ရေးစပ်သီကုံးခြင်း၊ထိုသီချင်းများဖြင့် သူတို့၏စာသင်ကျောင်းများ၌ မသိမသာ သင်ကြားပေးခြင်း စသည့် နည်းများကို လက်စား ချေရန် ရန်မီးကို ဖွမီး ပမာ တငွေ့ငွေ့လောင်နေအောင် ဖန်တီးပေးလျက် ရှိလေသည်။မြောင်းမြမြို့နေ စောဖေသာ၏ဆွေမျိုး သားချင်းများအနက် အသက် မသေဘဲ ကျန်ရစ်သူတဦးသာရှိရာ ထိုသူသည် မြောင်းမြတွင် ကရင်များကို မြန်မာများက ရက်စက်စွာ သတ်ဖြတ်သည်ဟူသော အကြောင်းကို အစဉ်သတိ

ရနေကြရန် နှိုးဆော်သည့် အနေဖြင့် နှစ်စဉ် မေလ ၂၇ ရက်နေ့သို့ရောက်တိုင်း အင်္ဂလိပ် သတင်းစာ အချို့၌ သွားလေသူ တို့အား လွမ်းဆွတ်သတိရကြောင်း ထည့်သွင်း ဖော်ပြလေ့ ရှိ၏။

ဤအရေးကိစ္စနှင့်စပ်လျဉ်း၍ အိုင်၊ အင်၊ မော်ရစ်ဆင် ဆိုသူကသူရေးသားသော "ဂရင်း ဖားသား လောင်းလိုက်" အမည်ရှိ စာအုပ် စာမျက်နှာ ၇၂ အခန်း ၅ တွင် မည်သူ့ ဖက်မျှ မျက်နှာ မလိုက်ဘဲ တရားမျှတစွာ ဝေဖန်ချက်တခု ပေးထားရာ ထိုဝေဖန်ချက်ကို ကောက်နုတ်ဖော်ပြရမည် ဆိုလျှင်....

"ဤဝမ်းနည်း ကြေကွဲဖွယ်ရာ အခင်း ကိစ္စများအတွက် ဘီ၊ အိုင်၊ အေတို့၏ အပြုအမူ များမှာ လုံးဝတာဝန် ရှိပင် ရှိလင့်ကစား ကရင်များလည်း တာဝန် မကင်းခဲ့ပေ။တိုင်းပြည်ပျက်၍မင်းမဲ့ဖြစ်နေချိန်တွင် မြန်မာလူဆိုးများအဖို့ထင် ရာစိုင်းရန် အခွင့်ကောင်း တင်းပြည့်ကျပ်ပြည့်ရှိသည့်နည်းတူ ကရင်လူဆိုးများ အဖို့လည်း ထင်ရာစိုင်းရန် အခွင့်ကောင်း တင်းပြည့် ကျပ်ပြည့် ရှိသည်သာ ကည်း။စစ်အတွင်း ကရင်သမိုင်းမှာ လူသတ်မှု၊ တိုက်ခိုက်မှု၊ မီးရှို့မှု အစွန်းအ ကွက်များမှ မကင်းခဲ့ပေ"

မြန်မာပြည်အဖို့ ကံကောင်းသည့် အချက်မှာ အမြင်မှန်ကို ရရှိကြသော ဉာဏ် အမြော်အမြင် ကြီးသူ ကရင်ခေါင်းဆောင် အချို့တို့သည် တိုင်းပြည်၌ တစတစ ပေါ်လွင် ထင်ရှားလာသော လူမျိုးရေး စံနစ်၏ အန္တရာယ်များကို မြင်တွေ့ ကြသည့် အလျောက် မြန်မာနှင့်ကရင် တဦးနှင့်တဦး နားလည်မှုနှင့် ချစ်ကြည်မှု ရရှိရေး ရှေးရှုလျက် သူတို့အချင်းချင်း စုရုံးပူးပေါင်းကာ ဆာစံစီဖိုး၊သထုံ ဦးလှဖေ(ထို့ က ဒေါက်တာဘမော် အစိုးရအဖွဲ့ဝင် ဝန်ကြီး)၊စောဘဦးကြီး၊မစ္စတာ ဆစ်ဒနီလူ မန်းရွှေထွန်းကြာ (တော်လှန်ရေးတွင် ကျဆုံးသွားသော မြစ်ဝကျွန်းပေါ် ပြောက် ကျားခေါင်းဆောင် ဗုဒ္ဓဘာသာ ကရင်) နှင့် မန်းဘခင် အစရှိသည်ဖြင့် ခေါင်း ဆောင် ၁၂ ဦးပါဝင်သည့် ကရင်အမျိုးသား အဖွဲ့ကို တည်ထောင်ဖွဲ့စည်းကြလေ သည်။ စစ်ကြီးလည်း ဆက်လက်ဖြစ်ပွါးခဲ့သည်နှင့်အမျှ ဂျပန်ဖက်ဆစ် စံနစ်ဆိုးမှာ တနေ့တခြားပို၍ ပေါ်လွင် ထင်ရှားလာလေရာ မြန်မာ လူငယ်များနှင့် ကရင် လူငယ်များသည် အချင်းချင်း လက်တွဲ ပူးပေါင်းလျက် ရန်သူ ဂျပန်ကို တိုက်ခိုက် ချေမှုန်းရန် တော်လှန်ရေးကြိုးကိုင် ခေါင်းဆောင် ကွယ်လွန်သူ ဗိုလ်ချုပ် အောင် ဆန်း၏ အလံတော်အောက်သို့ ဝင်ရောက်လာကြကုန်၏။ ထိုသို့ဝင်ရောက် ကြသူ များအနက် စောပီ၊အိပ်ချ်၊ ကြာဒိုး။ စောစံဖိုးသင်နှင့် စောထွန်းစိန်တို့မှာ အရည် အခြင်းနှင့် အထူးပြည့်စုံ၍ သစ္စာစောင့်သိသော ရဲဘော်များ ဖြစ်ကြောင်းကို မြင်

တွေ့ရရာ သူတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ကောင်းမွန်စွာ လက်ခံ အသိ အမှတ် ပြုပြီးလျှင် စစ်ကြီး ပြီးဆုံးသွားသောအခါ သူတို့အား တပ်မတော်တွင် တာဝန်ခံ ရာထူးကြီးများ၌ ခန့်အပ်ချီးမြှင့်၍ သူကောင်း ပြုခဲ့လေသည်။

စစ်ပြီးခေတ်

၁၉၄၅ ခုနှစ်တွင် ဗြိတိသျှတို့ မြန်မာပြည်သို့ ပြန်လည် ဝင်ရောက်သောအခါ နိုင်ငံရေး အဖွဲ့ဟူ၍ မျိုးချစ်ဗမာ့တပ်မတော်ဟု ကျော်ကြားသော မြန်မာအမျိုး သား မြေအောက် တော်လှန်ရေးအဖွဲ့သာလျှင် ရှိပေသည်။ ကန္ဒီ စာချုပ် ချုပ်ဆိုပြီး သည့်နောက် စောဘဦးကြီး၊ သရာသာထိုနှင့် ကွယ်လွန်သူ မန်းဘခိုင်တို့ ခေါင်း ဆောင်သော ကရင် အမျိုးသားအဖွဲ့များကို စုစည်းသိမ်းသွင်းကာ မျိုးချစ် ဗမာ့ တပ်မတော်ကို ဖ ဆ ပ လ အမည်သို့ ပြောင်းလဲ လိုက်ပြီးလျှင် ဗြိတိသျှ အာဏာပိုင် တို့ထံမှ လွတ်လပ်ရေးကို ပူးပေါင်း တောင်းဆို ခဲ့ကြလေသည်။

ဗြိတိသျှတို့ပြန်ရောက်ပြီးနောက် နိုင်ငံရေးအသင်း ဆင်ဆင်ဖြစ်သော "ကရင်ဆို ရှယ်ဆားဗစ်ဆက်ကလပ်" ခေါ် ကရင့်ပေါင်းသင်း ဆက်ဆံရေး အသင်းက မြန်မာ တနိုင်ငံလုံးရှိ ကရင် လူထုအစည်းအဝေးကြီး တရပ်ကို ကျင်းပလေသည်။ တနင်္သာရီ တိုင်းမှာ ထိုစဉ်က ဂျပန့်လက်အောက်တွင်ပင် ရှိနေသေး၍ အစည်းအဝေး၌ မပါဝင် ခဲ့ချေ။ ထိုအစည်းအဝေး၌ ၁၉၄၅ ခု ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ ဆွေးနွေး ကြပြီးလျှင် နိုင်ငံရေး အားဖြင့် ကရင်အမျိုးသား ဟူသမျှ တို့ကို တစည်း တလုံးတည်း ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် "ကရင်ဗဟိုအစည်းအရုံး" မည်သော အဖွဲ့ အစည်းကို ဖွဲ့စည်းလိုက်ကြလေသည်။ ထိုအဖွဲ့က စစ်မဖြစ်မီက တည်ထောင်ထားသော မြန်မာနိုင်ငံ ကရင်အမျိုးသား အသင်းကို သူတို့ဖက်သို့ ပါရန် အမျိုးမျိုး ကြိုးစား ကြလေသည်။ သို့သော်လည်း မြန်မာနိုင်ငံကရင်အမျိုးသား အသင်းမှာ ဗုဒ္ဓဘာ သာအသင်း ဖြစ်၍ ကရင်ဗဟိုအစည်းအရုံးသည် ခရစ်ယာန် သာသနာပြု ဆရာများ ၏ အကြံအစည် ဖြစ်သည်ဟု သင်္ကာမကင်း ကြသော ကြောင့် သူတို့၏ ကြိုးစား ချက်များမှာ မအောင်မြင်ချေ။

၁၉၄၅ ခုနှစ် ဇူလိုင်လ အတွင်း ကျင်းပသည့် ညီလာခံတွင် ကရင်သီးခြားပြည် နယ် တည်ထောင်မှု ပြဿနာပေါ်ပေါက်လာ၍ ၁၉၄၆ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့ မှ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်ညီလာ ခံတွင် ကရင်ဗဟို အစည်းအရုံးက အဆိုပါ သီးခြား ကရင်ပြည်နယ် တည်ထောင်

ရေး အဆိုကို တင်သွင်း လေသည်။ အဆိုကို ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံ ကရင် ကိုယ်စားလှယ် လူကြီးများက ထိုကိစ္စမှာ စောလွန်း သေးသည်ဟု ယူဆကာ အပြင်းအထန် ကန့်ကွက် ကြလေသည်။ သို့သော်လည်း ညီလာခံ အစည်း အဝေး၌ ကရင် ဗဟို အစည်းအရုံးဝင်များက ဦးရေပိုမို များပြားသဖြင့် ထိုအဆို အတည် ဖြစ်သွားရာ တနိုင်ငံလုံးရှိ ကရင်အချင်းချင်း ကွဲသွား ပြန်လေသည်။ သို့သော်လည်း ကရင်ဗဟို အစည်းအရုံးက သီးခြား ပြည်နယ်ရရှိရေး လုပ်ငန်းစဉ်ကို ရှေ့သို့ တိုး၍ လုပ်ကိုင်လျက် ဗြိတိသျှ အစိုးရ၏ သဘောထားများကို စုံစမ်းရန် အင်္ဂလန်ပြည်သို့ ကိုယ်စားလှယ်များ စေလွှတ်၏။ ကိုယ်စားလှယ် အဖွဲ့တွင် စောဘဦးကြီး၊ မစ္စတာ ဆစ်ဒနီလူနီ၊ စောဘိုးချစ်၊ စောသာဒင် တို့ ပါဝင်၍ ၁၉၄၆ ခု ဇူလိုင်လ ၂၉ ရက်နေ့ တွင် အင်္ဂလန်ပြည်သို့ ထွက်ခွါသွားကြလေသည်။ အင်္ဂလန်ပြည်တွင် ထိုအဖွဲ့ က ဗြိတိသျှ ခေါင်းဆောင်ကြီး အချို့တို့နှင့် တွေ့ဆုံဆွေးနွေး ကြ၏။ သို့သော် ဗြိတိ သျှခေါင်းဆောင်များနှင့် ကရင်ကိုယ်စားလှယ်များ မည်သို့ ပြောဆို အချိန်းအချက် ရှိကြသည်ကို မူကား အတတ်ကေန် မသိရချေ။ သို့သော်လည်း ကရင်တို့က မြန်မာ များသည် သူတို့အား မျိုးပြုတ်အောင် ပြုလုပ်နေကြသည်။ ထို့ကြောင့် ဗြိတိသျှ ပါလီမန်က ကရင် နိုင်ငံတနိုင်ငံဖြစ်ပေါ် လာအောင် အထူး အက်ဥပဒေ ပြုလုပ်ပေး ပါဟု တောင်းဆိုသော စာတမ်း တခုကို ရိုက်နှိပ်ဝေငှခြင်း အားဖြင့် ကရင်တို့ အကြံ မှာ ဗူးပေါ် သလို ပေါ် လာလေသည်။ သို့သော်လည်း ကရင် ကိုယ်စားလှယ် အဖွဲ့ သည် အကြံမအောင်ဘဲ ပြန်လာခဲ့ရ၏။

ထိုကိုယ်စားလှယ် များက ကရင်များသည် ဂျပန်စစ်အတွင်းက ဗြိတိသျှ ဖက်မှ နေခဲ့ကြပါလျက် ယခုမူကား သူတို့ကို ဗြိတိသျှက သစ္စာဖောက်သည်ဟု ယူဆကာ ဗြိတိသျှအစိုးရအပေါ် တွင် စိတ်ပျက်စကားများကို အတည့်အလင်းထုတ်ဖော်ပြော ဆိုကြလေသည်။ ကိုယ်စားလှယ်အဖွဲ့ ပြန်ရောက် လာသည့်အခါ ကရင်ဗဟို အစည်း အရုံးက ရန်ကုန်မြို့တွင် ၁၉၄၇ ခုဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိညီလာခံ ကျင်းပပြီးလျှင် အင်္ဂလန်သို့ သွားသော ကိုယ်စားလှယ် အဖွဲ့ အကြံမအောင် ခဲ့ရပုံ ဆွေးနွေးပြီးလျှင် အောင်ဆန်း-အက်တလီစာချုပ်ကို ရှုတ်ချ၍ စောဘဦးကြီးအား ဘုရင်ခံ၏ အမှုဆောင် အဖွဲ့မှ နုတ်ထွက်စေရန် ဆုံးဖြတ်ကြလေသည်။ ကရင်ဗဟို အစည်းအရုံးဟူသော အမည်ကို ကရင်အမျိုးသား သမဂ္ဂဟု ပြောင်း၍ မှည့်ခေါ်ပြီး လျှင် ရွေးကောက်ပွဲကြီးကို သပိတ်မှောက်ရန် ဆုံးဖြတ်ကြ၏။ ထိုသို့ ဆုံးဖြတ်လိုက် သည်တွင် ယခင်က ကရင်ဗဟို အဖွဲ့နှင့် ဝါဒတူ တွဲဖက်ထားသော ကရင်လူငယ်များ အစည်းအရုံးသည် ထိုအဖွဲ့မှ ခွဲထွက်ပြီးလျှင် ၁၉၄၇ ခု မတ်လမှ စ၍ သီးခြား တည်

ထောင်ကြလေသည်။ ကရင် လူငယ် များ အစည်းအရုံးကို ကွယ်လွန်သူ ဝန်ကြီး မန်းဘခိုင်၊ ဝန်ကြီး မန်းဝင်းမောင်၊ စောကျော်စိန်၊ စောမြင့်သိန်းနှင့် စောထွန်း စိန်တို့က ခေါင်းဆောင်လေသည်။ စောထွန်းစိန်မှာ နောင်တွင် တပ်မတော်သို့ဝင်၍ ပြည်ထောင်စု စစ်ရဲမင်းကြီး ဖြစ်လာလေသည်။ ကရင်လူငယ်များ အစည်း အရုံး မှာ မြန်မာ နိုင်ငံလုံးဆိုင်ရာ လူငယ် အစည်းအရုံးကဲ့သို့ပင် ဝါဒစည်းမျဉ်း ထား၍ အဆိုပါ အဖွဲ့နှင့် ရင်းရင်း နှီးနှီး ဆက်ဆံသည့် အပြင် ကရင်ပြည်နယ် တည်ထောင် ရေးနှင့် စပ်လျဉ်း၍ အလယ်အလတ် ဝါဒထားရှိ လေသည်။ ကေ အင် ယူ က စ၍ ပုန်ကန် သောင်းကျန်းသည့် အခါ ကရင်လူငယ်အစည်းအရုံးက ကေ အင် ဒီ အို တို့၏ ကျူးလွန်ပြုမူချက်များကို သူတို့က မထောက်ခံသည့် အပြင် ထကြွ သောင်း ကျန်းခြင်းကို အတည့်အလင်း ရှုတ်ချပြီးလျှင် ပြည်ထောင်စု အစိုးရဖက်မှ ခိုင်မြဲစွာ နေလျက် သောင်းကျန်းမှု နှိမ်နင်းရေး အတွက် အစိုးရကို လိုသည့်ဖက်မှ ကူညီရန် ကတိပေး လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၈၀ တွင် ကရင်နီပြည်နယ် သံလွင်ခရိုင် တို့ပြင် နိုင်ငံတော်သမ္မတက ခန့်ထားသည့် အထူး ကော်မရှင် အဖွဲ့က သတ်မှတ်သော ကရင်အမျိုးသားများ နေထိုင် ကြသည့် ကရင်နီပြည်နယ်နှင့် သံလွင်ခရိုင်တို့၏ ဆက်စပ် ဒေသများကို ထိုဒေသသုံးခု၌ နေထိုင်ကြသူ များနှင့် တကွ ထိုဒေသမှ အပ ဖြစ်သော မြန်မာနိုင်ငံ၌ နေထိုင်ကြ သည့် ကရင်အမျိုးသားများ အနက် များရာက အလိုရှိခဲ့သော် ပြည်ထောင်စု နိုင်ငံ အတွင်းတွင် ပြည်ထောင်စု အဖွဲ့ဝင်တခု အဖြစ်ဖြင့် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စု အဖွဲ့ဝင်ကို ကရင်ပြည်နယ်ဟု ခေါ် ရမည့်အပြင် ရှမ်းပြည်နယ်၏ အဆင့်အတန်းမျိုး ကိုလည်း ရရှိစေရမည်ဟူ၍ ပြဋ္ဌာန်း ထားသည်။ အထက်ပါ ပုဒ်မ ခွဲတွင် ဖော်ပြ ထားသော ဒေသအသီးသီးရှိ လူအများ၏ ဆန္ဒအမှန်ကို စုံစမ်းရာ၌ လိုက်နာရန် ဖြစ်သော လမ်းတို့မှာ ပြည်ထောင်စု နိုင်ငံ၏ တရားဥပဒေက သတ်မှတ်ထားသည့် အတိုင်း ဖြစ်ရမည်။

ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၈၁ တွင်လည်း ပုဒ်မ ၁၈၀ အရ "ကရင်ပြည်နယ်" ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုရသေးမီ အတွင်း သံလွင်ခရိုင်နှင့် တကွ နိုင်ငံတော် သမ္မတက ခန့်အပ်သော ကော်မရှင် အဖွဲ့က သတ်မှတ်သည့် အဆို ပါ ခရိုင်နှင့် ဆက်စပ်လျက်ရှိသောနယ်မြေများကို လွယ်ကူစွာအုပ်ချုပ်နိုင်မှုအတွက် အစီအစဉ် အချို့ ထားလျက် "ကော်သူလေး" ဌာနဟု ခေါ် တွင်သည့် အထူး ဒေသ တရပ် ရှိစေရမည်ဟု ပြဋ္ဌာန်း ထားလေသည်။

အဆိုပါ ပြဋ္ဌာန်းချက် အရ ကရင်ရေးရာ ဌာနဝန်ကြီး (ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဝန်ကြီးတဦး) ခန့်ထား၍ ကရင်ရေးရာ ကောင်စီ အဖွဲ့ကို အထူးဒေသနှင့် စပ်လျဉ်း၍ ကိုယ်ပိုင် အုပ်ချုပ်ခွင့် အာဏာ များစွာ ပေးအပ်၍ ဖွဲ့စည်းပေးလိုက်လေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၁ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို ရုပ်လုံးဖော်ရန် နိုင်ငံတော်သမ္မတကြီးက ၁၉၄၈ ခု ဧပြီလ ၆ ရက်နေ့တွင် —

၁။ စောနော်တင်ဘွား၊ ပါလီမန်အမတ် (သဘာပတိ) (စကောကရင်) မော်လမြိုင်။
၂။ ဦးစံညွန့်၊ ပါလီမန် အမတ် (တောင်သူ)
၃။ သရာဒိုနေးရှင်း (ဖာပွန်ကရင်)
၄။ စောဂျွန်ဆင်ဒီဖိုးမင်း၊ ပါလီမန် အမတ် (စကောကရင်) တောင်ငူ
၅။ ဗိုလ်ခင်မောင်ကလေး၊ ပါလီမန် အမတ် (မြန်မာ)
၆။ ဗိုလ်ခင်မောင်၊ ပါလီမန် အမတ် (မြန်မာ)
၇။ သခင်ထွန်းမြင့်၊ ပါလီမန် အမတ် (မွန်မြန်မာ)
၈။ မွန်သန်း (မွန်)

တို့ ပါဝင်သော ကော်သူလေး နယ်သတ်မှတ်မှု ကော်မရှင် အဖွဲ့ဟု ခေါ်တွင်သော အထူးကော်မရှင် အဖွဲ့ကို ခန့်အပ်လိုက်၏။ ထိုကော်မရှင် အဖွဲ့၏တာဝန်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အခြေခံဥပဒေပုဒ်မ ၁၈၀ တွင်ပါရှိသော ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်ကို မဖွဲ့စည်းရသေးမီ အတွင်း သံလွင်ခရိုင်နှင့်တကွ သံလွင်ခရိုင်နှင့် စပ်လျက် ရှိသော ကရင် အမျိုးသားများ နေထိုင်သော ဒေသများကို (ကော်သူလေး) ဟု ခေါ်တွင် စေမည့် အထူး ဒေသတရပ်အဖြစ် နယ်နိမိတ် သတ်မှတ်ပေးရန် ဖြစ်လေသည်။

အထူး ကော်မရှင် အဖွဲ့က ကျိုက္ခမီခရိုင်နှင့် တကွ ဒေသအရပ်ရပ် တို့တွင် စုံစမ်းရေးများ ပြုလုပ်ပြီးလျှင် အရေးကြီးသည့် ကိစ္စအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ အားလုံး သဘောတူညီချက် ရရှိလေသည်။ သို့သော်လည်း သက်ဆိုင်ရာ ဒေသများတွင် သောင်းကျန်းမှုများ အနှံ့အပြား ဖြစ်ပွါးနေသဖြင့် ကော်မရှင် အဖွဲ့မှာစုံစမ်းမှုများကို ပြီးစီးအောင် ပြုလုပ်၍ အဆုံးသတ် အစီရင်ခံစာကို မတင်သွင်းနိုင်ခဲ့ချေ။

သို့ရာတွင် မြန်မာအစိုးရက အခြေခံ ဥပဒေ၌ ပြဋ္ဌာန်းချက် များကို အကယ်ဆောင်ရွက်မည့် လက္ခဏာမရှိဟူသော ဆင်ခြေဖြင့် ကေ၊ အင်၊ ယူက အခြေခံ ဥပဒေကြီးကို တထစ်ချ ပယ်ချလေသည်။ ၁၉၄၇ ခုနှစ် အလယ်လောက်တွင် ကေ၊ အင်

ယူက တပြည်လုံးရှိ သူတို့၏ နောက်လိုက် နောက်ပါ များကို လက်နက်ပေးပြီးလျှင် ကရင်အမျိုးသား ကာကွယ်ရေး အဖွဲ့ (ကေ၊ အင်၊ ဒီ၊ အို) ခေါ်သော စစ်တပ်သဘောပါဝင်သော အဖွဲ့ကို ဖွဲ့စည်းလေသည်။ ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် အစိုးရက လက်နက်များနှင့်စပ်လျဉ်း၍လွတ်ငြိမ်းချမ်းသာခွင့်ပေးသောအခါ ကေ အင် ယူနှင့် ကေ၊ အင်၊ ဒီ၊ အိုတို့က သူတို့လက်ရှိ လက်နက်ခဲယမ်းမီးကျောက်များစွာ တို့ကို မချမအပ် ငြင်းဆန် နေကြလေသည်။ ထိုအတွင်း ကေ၊ အင်၊ ယူက တနင်္သာရီတိုင်းအတွင်းရှိမွန်တို့ကို ကရင်နှင့်မွန်သီးခြားနယ်တည်ထောင်ရန်ဟုဆိုကာ ဖြားယောင်းသွေးဆောင်သောကြောင့် မွန်တို့က မော်လမြိုင်နှင့် သထုံခရိုင်များ အတွင်း ကေ အင် ယူ နှင့် ကေ အင် ဒီ အို အဖွဲ့များနှင့် အလားတူ “မွန်ညီညွတ်ရေး တပ်ဦး”နှင့် “မွန်အမျိုးသား ကာကွယ်ရေး အစည်းအရုံး” တို့ကို ဖွဲ့စည်းလိုက် ကြလေသည်။

၁၉၄၇ ခုနှစ် အဆုံးလောက်တွင် ကေ အင် ယူ ခေါင်းဆောင် များက မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းတို့တွင် အနှံ့အပြား လှည့်လည် သွားရောက်ကာ ကရင်သီးခြားပြည်နယ် ရရှိရေး တရားများကို ဟောပြောပြီးလျှင် အကယ်၍ များမကြာမီအတွင်း ကရင်သီးခြား ပြည်နယ် မရမရှိပါက အဆုံးအထိ တိုက်ပွဲဝင်ကြရန် အသင့် ပြင်ထားကြဟု ကရင် ရွာသူ ရွာသားဟူသရွေ့တို့ကို သွေးထိုးပေးကြလေသည်။

၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မြန်မာတနိုင်ငံလုံး လွတ်လပ်ရေး အောင်ပွဲကြီးကို ဆင်ယင်ကျင်းပကြရာ ကေ ဝိုင် အို (ကရင် လူငယ် များ အဖွဲ့) နှင့် ပြည်ထောင်စုကို သစ္စာစောင့်သိရိုသေသော အခြား ကရင်အမျိုးသား များက ပါဝင်ဆင်နွှဲကြသော်လည်း ကေ အင် ယူ က မပါဝင်ဘဲ နေသည့်အပြင် နိုင်ငံတော် တဝှန်းလုံး၌ ကရင် ဒေသဟူသရွေ့တွင် မေလ ၅ ရက်နေ့၌ မိမိတို့ဖာသာ လွတ်လပ်ရေးနေ့ကို ကျင်းပရန် သူတို့၏ နောက်လိုက် နောက်ပါ များကို ဆင့်ဆိုအမိန့်ပေးလေသည်။ ၁၉၄၈ ခုနှစ် တနှစ်လုံးပင် ကေ အင် ယူ က ကရင်သီးခြား ပြည်နယ် ရရှိရေးကို လှုံ့ဆော်ပြီးလျှင် ကရင်နီပြည်နယ် ကရင်လက်နက်ကိုင် တပ်များနှင့် ကရင်စစ်ရဲအဖွဲ့အထိ တဖြည်းဖြည်း သွေးထိုးပေးခဲ့လေသည်။ ထိုအတွင်း အစိုးရက ကေ အင် ယူ အား အမြင်မှန်ရစေရန်နှင့် သူတို့၏ သီးခြားပြည်နယ် လိုလားတောင့်တချက် များကို ဥပဒေစည်းကမ်းအရ ဆောင်ရွက် ကြရန် အစွမ်းကုန်နှိုးဆော် တိုက်တွန်းလေသည်။ အချို့သော ခရိုင်များတွင် လူမျိုးရေးကိစ္စများ စိုးရိမ်ဖွယ် ဖြစ်လာ၍ ဝန်ကြီးချုပ် ကိုယ်တိုင် ကေ အင် ယူ ခေါင်းဆောင် အချို့နှင့် အတူ ဖြစ်ပွါးသောနယ်များသို့ သွားရောက် ရှင်းလင်း ဟောပြောရ၏။

၁၉၄၇ ခုနှစ် အလယ်လောက်သို့ ရောက်သောအခါ ကေ အင် ဒီ အို တို့မှာ လူစေ့တက်စေ့ လက်နက် အပြည့်အစုံရကြပြီ ဖြစ်၍ တိုက်ရန်အဆင်သင့် ရှိနေကြလေသည်။ ဇူလိုင်လ ၃ ရက်နေ့တွင် သထုံ ကေ အင် ယူ က စတင်ပစ်ခတ်၍အုပ်ချုပ်ရေးကို အဓမ္မသိမ်းယူသည်တွင် သောင်းကျန်းမှု စ၍ ဖြစ်ပွါး လေသည်။ မော်လမြိုင် တွင်လည်း ကရင်စစ်ရဲများ၏ အကူအညီဖြင့် ဤနည်းပင် အငိုက်ဖမ်းမည်ကြံကြသော်လည်း အစိုးရ၏ ပါးနပ်ကျင်လျင်မှုကြောင့် ကျိုက္ခမီ၊ ထားဝယ်နှင့်မြိတ်ခရိုင် တို့သို့ သောင်းကျန်းမှု ကူးစက်ပြန့်ပွါး သွားမည့် အရေးကို တားမြစ်လိုက်နိုင်လေသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလ အလယ်လောက်တွင် မြန်မာ နိုင်ငံတော်သို့ ရောက်လာသော အလက်ဇန္ဒာကင့်ဖဲလ်ထံမှ ကာနယ်တူးလောက်ရေးသား ထားသောစာများကို ဖမ်းဆီးလိုက်သည်တွင် နိုင်ငံအပြင်အပမှ ငွေနှင့် လက်နက်ခဲယမ်း မီးကျောက် အကူအညီများ ရရန် ကရင်တို့၏အကြံသည် ဗူးပေါ်သလို ပေါ်၍ လာလေသည်။ ကင့်ဖဲလ်ကို ချက်ခြင်းပင် ဖမ်းဆီးပြီးလျှင် နိုင်ငံအပြင်ပသို့ နှင်ထုတ်လိုက်၏။

နိုင်ငံတော် အတွင်းရှိ လူနည်းစုတို့၏ ကိုယ်ပိုင် အုပ်ချုပ်သည့် ပြည်နယ် အဖြစ်ဖြင့်သော်ရင်း အခြားနည်းဖြင့်သော်ရင်း ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်မှု အခွင့်အရေးရရှိလိုသော ဆန္ဒများ ပြည့်ဝရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက စေတနာကောင်းမြတ် သန့်ရှင်းစွာ ထားရှိကြောင်းကို ထပ်မံ၍ အထင်အရှား သိရှိကြစေလိုသောကြောင့် ၁၉၄၇ ခု အောက်တိုဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားဝန်ကြီးချုပ် ဥက္ကဋ္ဌပြုလုပ်သော ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်မှု ကော်မရှင်ခေါ်သည့် အထူး ကော်မရှင် အဖွဲ့ကို ခန့်ထားလိုက်လေသည်။ ထိုကော်မရှင် အဖွဲ့သည် ကေ အင် ယူ ခေါင်းဆောင်များက ကရင်ပြည်နယ် အတွင်း၌ ထည့်သွင်း ပေးရမည်ဟု တောင်းဆိုသော ဒေသအချို့သို့ သွားရောက်၍ ထိုဒေသများရှိ လူမျိုးစုအဖွဲ့ ကိုယ်စားလှယ်များ၊ နိုင်ငံရေးအဖွဲ့ ကိုယ်စားလှယ်များ၊ လူမျိုးစုအသီးသီးမှ လူကြီးများ၏ သက်သေခံချက်များကို မှတ်တမ်း တင်ပြီးလျှင် ၁၉၄၉ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကြားဖြတ် အစီရင်ခံစာ တစောင်ကို ထုတ်ပြန်လေသည်။ ထိုအစီရင်ခံစာ၌ အခြားအကြောင်း အရာများ အပြင် အောက်ပါ အကြံပေးချက်များ ပါရှိ လေသည်။

"ကော်မရှင်က ယခုအထိ စုံစမ်း သိရှိခဲ့ရသော အချက်များ အပြင်

အဖွဲ့ဝင် လူကြီး အချင်းချင်းတို့ တိုင်ပင်နှီးနှောခဲ့သော အချက်များအရ ကရင် အမျိုးသားများအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ ကရင်ပြည်နယ် တနယ် ရှိသင့်သည်ဟု လူကြီးအားလုံးတို့ သဘောတူညီကြသည့် အဆင့်သို့ ရောက်ရှိခဲ့လေသည်။ ထို့ပြင် ကရင်ပြည်နယ် အတွင်းသို့ ကရင်နီ ပြည်နယ်က ပါဝင် ပူးပေါင်းလိုသော ဆန္ဒ ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ကရင် ပြည်နယ် တနယ်ကို ဖွဲ့စည်းသင့်သည် ဟူသောမှုကိုလည်း လူကြီးများ သဘောတူ ကြသည်။ ထို့ကြောင့် ကရင်နီပြည်နယ်က ကရင်နယ်နှင့် ပူးပေါင်းလိုသော ဆန္ဒရှိလျှင် အခြေခံ ဥပဒေကြီး ပုဒ်မ ၁၈၀ အရ၊ ကရင်ပြည်နယ်ကို ဖွဲ့စည်းရန်၊ အကယ်၍ ကရင်နီပြည်နယ်က ပူးပေါင်းရန် ဆန္ဒမရှိခဲ့သော် အခြေခံဥပဒေကြီး ပုဒ်မ ၂၀၀ အရ ဥပဒေ ပြုလုပ်အရေးယူရန် ကော်မရှင်က အစိုးရထံ ထောက်ခံ အကြံပေးရန် အဆင့် ရှိသည်။

ဖွဲ့စည်း ပေးရမည့် ကရင်ပြည်နယ် အတွင်း၌ မည်သည့် နယ်ပယ်ဒေသများ ပါဝင် စေသင့်သည် ဟူသော အကြံပေးချက် အမျိုးမျိုး တို့ကို ကော်မရှင်က ရရှိထား လေသည်။ သို့ရာတွင် ကော်မရှင်သည် ဒီမိုကရေစီသဘောတရားများကို စွဲမြဲလိုက်နာလျက် ကရင်ပြည်နယ် သတ်မှတ်သည့် လုပ်ငန်းကို သက်ဆိုင်ရာ ဒေသတွင် နေထိုင်သည့် နယ်သူ နယ်သား လူအများ၏ ဆန္ဒနှင့်အညီ တသွေမတိမ်း ဆောင်ရွက်လိမ့်မည် ဖြစ်ကြောင်းကို အထူး ဖော်ပြလိုပေသည်။ ဤမှုကို ကော၊ အင်၊ ယူ ဥက္ကဋ္ဌ စောဘဦးကြီး အစရှိသည့် ကရင် ခေါင်းဆောင်များ၊ မန်းဘိုးချို၊ နိုင်လှမောင်၊ မန်းထွန်းရင်နှင့် မန်းသန်း အစရှိသည့် မန်းခေါင်းဆောင်များက ချွင်းချက်မရှိ လက်ခံထားကြပြီး ဖြစ်လေသည်။"

သို့ရာတွင် ကော၊ အင်၊ ယူ က မြန်မာအစိုးရက ကောက်ယူသော သန်ကောင်စာရင်းသည် မမှန်ဟု စောဒက တက်ကြလေသည်။ ၁၉၃၁ ခုနှစ်က ဗြိတိသျှ အစိုးရပြုလုပ်ခဲ့သော သန်ကောင်စာရင်းကိုလည်း အမှန် မယူနိုင်ဟု ငြင်းဆိုကြ၏။ ၁၉၃၁ ခုနှစ် ဗြိတိသျှ အစိုးရလက်ထက်က ကောက်ယူ ခဲ့သော သန်ကောင် စာရင်းအရ ကရင်အမျိုးသား ဦးရေ ၁,၃၆၇,၆၇၃ ယောက်ရှိ၏။ သို့သော်လည်း ကေ အင် ယူက ယခုအခါ မြန်မာနိုင်ငံတော် အတွင်း၌ ကရင်ဦးရေ လေးသန်းကျော်ရှိသည်ဟု ငြင်းခုံကြလေသည်။ အမှန်မှာ မူကား မြန်မာနိုင်ငံအတွင်း မြန်မာလူမျိုးနှင့် အခြား တိုင်းရင်းသားတို့ထက် ကရင်တို့က လူဦးရေ သိသိ သာသာ ပိုမိုသော ခရိုင်

ဟူ၍ တခုမှ မရှိချေ။ လွန်ခဲ့သည့် ၁၇ နှစ်အတွင်း ကရင် ဦးရေသည် ထူးထူး ကဲကဲ ရာခိုင်နှုန်း ၂၀၀ တိုးတက် လာခဲ့ကြောင်း အထောက်အထားဟူ၍လည်း မရှိခဲ့ချေ။

ပုန်ကန်သောင်းကျန်းခြင်း

ကရင် သောင်းကျန်းမှုများ တပြိုင်နက် တချက်တည်း ဖြစ်ပေါ်လာခြင်းမှာ အတိုင်းထက် အလွန် ထူးခြားသော အချက် ဖြစ်ပေသည်။ အမှန် စင်စစ် ကရင် သောင်းကျန်းမှုမှာ တခုနှင့် တခု ဆက်စပ်သည့် လက္ခဏာ မရှိဘဲ ဟိုတကွက် ဒီတကွက် တခုနောက် တခု ပေါ်ပေါက်လာခြင်း ဖြစ်သည်။ တနေရာ တမျိုး၊ အစိုးရတွင် အခက်အခဲကြုံကြိုက် နေခိုက် စိတ်ထင်ရာ စိုင်းလိုက်ကြသည့် လက္ခဏာ ရှိပေသည်။ ထူးခြားသည့် အချက် တရပ်မှာ အစိုးရက သူတို့၏ လိုအင်ဆန္ဒကို လိုက်လျောမှုကိုပင် ကရင်သောင်းကျန်းသူများက အသားယူလျက် သူတို့ သောင်းကျန်းလိုသည့် ဒေသများတွင် တန်ခိုးအာဏာ ကြီးမားလာအောင် ဖန်တီးနိုင်ခြင်း ဖြစ်ပေသည်။ သူတို့သည် ရက်စက်ကြမ်းကြုတ်သော နည်းများကို အသုံး ပြုကြ၏။ သူတို့၏ ဗဟိုခေါင်းဆောင် များမှာလည်း အခြား သောင်းကျန်းသူများ ကဲ့သို့ပင် နယ်ခေါင်းဆောင်များ အပေါ်၌ ဩဇာအာဏာ မရှိသလောက်ဖြစ်၍ နယ်ခေါင်းဆောင်များက ဗဟိုဌာနချုပ်ကို အကြောင်း ကြားခြင်း မရှိဘဲ မိမိတို့ထင်သလို ဆုံးဖြတ်ပြုမူကြခြင်း ဖြစ်လေသည်။

ကရင်နီနယ်များ

မူလက ကန္တရဝတီဟု ခေါ်တွင်သော အရှေ့ပိုင်း ကရင်နီနယ်များနှင့် ကြယ်ဖိုးကြီး၊ ဘော်လခဲ၊ နောင်ပုလဲ၊ နမ့်ကုန်း ဟူ၍ ခေါ်တွင်သော အနောက် ပိုင်း ကရင်နီနယ်များ ရှိလေသည်။ အနောက်ပိုင်း ကရင်နီနယ်များနှင့် စပ်လျဉ်း၍ ၁၈၇၅ ခု ဇွန်လ ၂၁ ရက်နေ့တွင် မြန်မာမင်းအစိုးရဖက်မှ ကင်းဝန်မင်းကြီးနှင့် ဗြိတိသျှအစိုးရဖက်မှ ဆာဒေါက်ဂလပ်(ဆ်) ဖော်ဆစ်(သ်) တို့က စာချုပ် လက်မှတ် ရေးထိုး၍ ထိုနယ်များ၏ လွတ်လပ်ရေးကို အာမခံ ခဲ့ကြလေသည်။ စာချုပ်တွင် "အနောက်ပိုင်း ကရင်နီနယ်ကို သီးခြား လွတ်လပ်စွာ တည်နေစေ၍ ထိုနယ် အပေါ်တွင် အချုပ်အချာ အာဏာပိုင်မှုသော်၎င်း၊ အုပ်ချုပ်ရေးအာဏာပိုင်မှုသော်၎င်း မည်သည့် နည်းနှင့်မျှ တောင်းဆို ပြုလုပ်ခြင်း မရှိစေရဟု ဗြိတိသျှ အစိုးရနှင့် မြန်မာမင်း အစိုး

ရတို့က သဘောတူ ကြသည်" ဟူ၍ ပါရှိလေသည်။ (အထက် မြန်မာ နိုင်ငံတော်ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် နောင်ပုလဲနယ်နှင့် နမ့်ကုန်းနယ်တို့ကို ကန္တရဝတီနှင့် ပူးပေါင်း လိုက်လေသည်။) အဆိုပါစာချုပ်အရ ကရင်နီ နယ်များသည် ဥပဒေအားဖြင့် လွတ်လပ်သော်လည်း ထက်တွေ့အားဖြင့် မူကား ဗြိတိသျှတို့က ဗြိတိသျှမြန်မာနိုင်ငံတော် အတွင်းရှိရှမ်းပြည်နယ်များကဲ့သို့သော ဒေသများနှင့် အလားတူပင် အုပ်ချုပ် ခဲ့ကြလေသည်။

ဗြိတိသျှ တို့ အနှစ် ၁၀၀ ခန့်မျှ ကြီးစိုး နေစဉ် အတွင်း ထိုနယ်များမှာ၊ နိုင်ငံရေးဖက်၌ သော်၎င်း၊ စီးပွါးရေးဖက်၌ သော်၎င်း အပြောင်းအလဲဟူ၍ မရှိ သလောက် ဖြစ်ခဲ့၏။ သို့သော်လည်း မော်ချီ သတ္တုတွင်းများကို ဖွင့်၍ တောင်ငူနှင့် မော်ချီအကြား မော်တော်ကားလမ်း ပေါက်သည်တွင် ကရင်နီပြည်နယ်များသည် အပြင်အပနှင့် တိုက်ရိုက်ဆွေးနွေး ဆက်ဆံမှုများ ရှိလာသည်။ အများဆုံး ဆက်ဆံသူများမှာ ခရစ်ယန် သာသနာပြု ဆရာများ ဖြစ်၍ ဗုဒ္ဓဘာသာဝင်များနှင့် နတ်ကိုးကွယ်သူများ ဖြစ်သည့် ကရင်နီများ အနက် ၁၀၀ လျှင် ၂၅ ယောက်ခန့် တို့သည် မရင်ဂျီဂိုဏ်းနှင့် ဗက်ပတစ်ဂိုဏ်း ခရစ်ယန် ဘာသာသို့ ဝင်ရောက် ကြ၏။ ခရစ်ယန်ဘာသာနှင့် အတူ ကရင်ဖြူဟု အများခေါ်သော မြေညီ ကရင်တို့သည် ကရင်နီနယ်များအတွင်းသို့ လိုက်လာကြ၍ ဘော်လခဲနယ်၊ ကြယ်ဖိုးကြီးနယ်နှင့် မော်ချီ သတ္တုတွင်းများ အနီးတဝိုက်တွင် အခြေစိုက်၍ နေထိုင် ကြလေသည်။ ထိုသို့ ရောက်လာသော ကရင်ဖြူ များက ကရင်နီများ အပေါ်တွင် ကရုဏာ ထားကြ ယန် ပြုလျက် ကရင်နီများကို သူတို့၏ စော်ဘွားများက အောက်ကျ နောက်ကျ ဖြစ်အောင် နှိမ်ထား ကြသည်ဟု ပြောကာ သွေးထိုး ပေးကြ၏။

ကရင်ဖြူ ခေါင်းဆောင်များနှင့် စော်ဘွားအချို့တို့ သမီးပေး သားယူ အမျိုး ဖက်ကြရာမှ နိုင်ငံရေး အရှုပ်အထွေး အလုအယက်များ ဖြစ်ပေါ် လာပြီးလျှင် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် ပေါ်ပေါက်သည့် အရှုပ်အထွေးတို့သည် ကရင်နီ ပြည်နယ်များအထိ ကူးစက်ပျံ့နှံ့ သွား လေသည်။ ဤတွင် မြန်မာ နိုင်ငံ အစိုးရအမှုထမ်းငယ် တယောက် ဖြစ်ဘူးသော ကရင်ဖြူ ဦးဘိ ဆိုသူ လူလိမ်တယောက်သည် ကရင်နီနယ်သို့ ပေါက်လာ၍ ကရင်နီများအား မြှောက်ပင့် ပေးလေသည်။ ဦးဘိမှာအချောင်သမား သက်သက် ဖြစ်၏။ ကရင်နီနယ်များအတွင်း၌ နေထိုင် ကြသော ကရင်ဖြူများ အပေါ်တွင် နိုင်ငံရေး ဩဇာ ကောင်းသဖြင့် အဆိုပါ နယ်များမှ စော်ဘွားများဩဇာ လက်လွတ်အောင် ကြံပြီးလျှင် စစ်ပြီး စတွင် ကေအင် ယူနှင့် ပူးပေါင်း၍ နယ်မငြိမ်မသက် ဖြစ်အောင် လှုံ့ဆော် ပေး

လေသည်။ သို့သော် ဗရင်ဂျီ ဘာသာဝင် ကရင်နီ တယောက်ဖြစ်သူ သိုင်းဘဟန်မှာ သတ္တိပရိယာယ် အရာ၌ သူနှင့် အပြိုင် ဖြစ်နေသည်ကို တွေ့နေရလေသည်။ ဗက်ပ တစ်ဂိုဏ်းဝင် ကရင်ဖြူတို့ကတဖက်၊ ဗရင်ဂျီဂိုဏ်းဝင် ကရင်နီတို့က တဖက် တင်းမာနေကြရာမှ ၁၉၄၇ ခု စက်တင်ဘာလ ဆန်းတွင် အချင်း ဖြစ်ပွါးကြလေသည်။

လုလိမ် ဦးဘီက ဘော်လခဲ စော်ဘွားလက်မှ အုပ်ချုပ်ရေး အာဏာကို လုယူသဖြင့် သူ့ ကိုနှိမ်နင်းရန် ကရင်နီနယ်များသို့ အစိုးရစစ်တပ်များကို အဆောတလျင် စေလွှတ် ရလေသည်။ အစိုးရ စစ်တပ်များက အချင်းချင်း စေ့စပ်ပေးရန် အားထုတ်သော်လည်း နှစ်ဦး နှစ်ဖက် တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွါးပြီးနောက် အပြိုင်ဖြစ်နေကြသူ ဦးဘီနှင့် သိုင်းဘဟန်တို့ သေဆုံး ကြလေသည်။ ဤတွင် ကွယ်လွန်သူ ဦးဘီဖက်မှ ကေ အင် ယူခေါင်းဆောင်များက ဆက်လက် သောင်းကျန်း၍ ကရင်နီနယ်များအတွင်း အစောင့်ချထားသောကရင်စစ်ရဲများကိုသွေးဆောင်၍အစိုးရကို တော်လှန်ပုန်ကန်စေခဲ့လေသည်။အစိုးရငွေတိုက်များကို ဖောက်ယူသည်။သောင်းကျန်းသူများ ကြီးစိုးသည့် ဒေသများတွင် အုပ်ချုပ်ရေး ရပ်တန့် သွားလေသည်။ ကရင်သောင်းကျန်း သူများက ထိုဒေသများကို ဌာနချုပ် ပြုလျက် ထိုဌာနချုပ်မှ လူနှင့် လက်နက်များကို ပေးပို့ထောက်ပံ့လေသည်။ လက်နက် ခဲယမ်း မီးကျောက်များစွာတို့ကို ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွါးစမှစ၍ စုဆောင်းလာခဲ့ကြဟန်တူသည်။

အစိုးရကျေညာချက်

ကေ အင် ယူ အဖွဲ့ ခေါင်းဆောင်သော ကရင်အမျိုးသား အချို့တို့သည် မြစ်ဝကျွန်းပေါ်ဒေသ၌ရင်း တနင်္သာရီတိုင်း၌ရင်း ဆူပူလှုပ်ရှားလာခဲ့ ကြရာ ထိုအဖွဲ့၏ အာဘော် ဖြစ်သော (သုဝဏ္ဏတိုင်း) သတင်းစာ ကလည်း အစိုးရကို ပြင်းထန်စွာ ပုတ်ခတ်၍ ကရင်အမျိုးသားများကို မြှောက်ပင့် သွေးထိုး ပေးသည်ကို တွေ့ရှိရလေသည်။ မြစ်ဝကျွန်းပေါ် ဒေသနှင့် တနင်္သာရီတိုင်း အချို့သော ဒေသများတွင် ကေ အင် ယူ အဖွဲ့၏ လက်အောက်ခံ ကေ အင် ဒီ အို ခေါ် ကရင် လက်နက်ကိုင်တပ်ဖွဲ့ အဖွဲ့ဝင်များသည် သောင်းကျန်းမှုများကို ပြင်းထန်စွာ ပြုလုပ်ကြလေရာ ၁၉၄၇ ခု၊ ဇွန်လ ၁၇ ရက်နေ့တွင် နိုင်ငံတော် အစိုးရသည် အောက်ပါ ကျေညာချက် တရပ်ကို ထုတ်ပြန်ခဲ့ ရလေသည်။

၁။ ဗမာပြည် နိုင်ငံရေး အခြေ အနေ ထွေးလုံး ရစ်ပတ် ဖြစ်နေသည့် ယခု အချိန် အခါမျိုး၌ ကွန်မြူနစ် အဖြူ အနီနှင့် အချို့သော ဖ ဆ ပ လ အတိုက် အခံ

ဂိုဏ်းသားတို့သည် အခွင့်ကောင်းယူ၍ ကရင်နှင့်ဗမာ အထင်အမြင်လွဲအောင် နိုင်ငံရေး အားဖြင့် လှုံ့ဆော်လာသည်ကို အထင်အရှား တွေ့လာရပေပြီ။

၂။ ဆူပူ သောင်းကျန်း သူများ ဝေငှသော ကျေညာ စာတမ်းများတွင် ကရင်များက သူတို့နှင့် ပေါင်း၍ လက်ရှိ အစိုးရအား လက်နက်နှင့် တော်လှန် ပုန်ကန်မှ ကရင်အမျိုးသားများ၏ တောင်းဆိုချက်ကိုရမည်ဟု အတည့်အလင်း ဖော်ပြ ထားလေသည်။ ၁၉၄၅ ခုနှစ် မြောင်းမြနယ်တွင် ဖြစ်ပေါ်ခဲ့သော ကရင် ဗမာအဓိကရုဏ်း အနာဟောင်းကို ဆွပေးကြသေး၏။ ထို့ကြောင့် အချို့သော ကရင်အမျိုးသား အဖို့ တွေးတော ပူပန်စရာ ဖြစ်လာ လိမ့်မည် ကား မုချ ဖြစ်ပေမည်။တဖန် ယခုအချိန်အခါတွင် ကရင် လူဆိုးများကလည်း ဗမာတိုင်းရင်းသား များကို အချို့ ဒေသ များ၌ နှိပ်စက်ကြသေးသည်။ ဗမာလူမျိုး များကလည်း ကရင်တိုင်းရင်းသား များကို အချို့ ဒေသများ၌ နှိပ်စက် ကြသေးသည်။ ဤမှ တစတစ အချို့သော ရပ်ရွာ ဒေသများတွင် ကရင် လူကောင်းနှင့် ဗမာလူကောင်း တို့ပင် တဖက်နှင့် တဖက် မယုံနိုင်သော အခြေသို့ ရောက်ကြပြီးလျှင် တဦးအရိပ်အကဲ တဦးက စောင့်၍ ကြည့်နေကြတော့သည်။ မီးပွါးနှင့် တူသည့် လှုံ့ဆော်မှု ရှိလျှင် လူမျိုးရေး အဓိကရုဏ်းသည် အချိန်မရွေး မီးထလောင် နိုင်သည်။

၃။ အမှန် စင်စစ် ဆိုလျှင် သမိုင်း တလျှောက်လုံး ကရင်နှင့် ဗမာတို့သည် ဂျပန်ခေတ်မှ တပါး အခြား အချိန်များ၌ အဓိကရုဏ်း ဖြစ်ခဲ့ဘူးသော သူများ မဟုတ်ပေ။ ဂျပန်ခေတ် အတွင်း ကရင် ဗမာ အဓိကရုဏ်းဖြစ်ပွါးစဉ်ကပင် လျှင် ကရင်ဗမာ လူထုကြီးထဲမှ အနည်းငယ်မျှသော ကရင် ဗမာ အချို့တို့ သာလျှင် အဓိကရုဏ်း ဖြစ်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်သည်။ မြောက်မြားစွာသော ကရင် ဗမာ လူထုကြီးမှာ နေရာဒေသပေါင်း မြောက်မြားစွာတွင် တဦးနှင့် တဦး ယုံယုံ ကြည်ကြည် နေထိုင်ကြရုံမျှ မက တဦးဘေးရောက်မည်ကိုပင် အခြား တဦးက ကာကွယ် စောင့်ရှောက် ခဲ့သေး၏။

၄။ သို့ရာတွင် လူမသမာတို့၏ လက်ချက်သည် အောင်မြင်၍ အဆိုးဆုံး အခြေအနေသို့ ရောက်သည့် တိုင်အောင် အဓိကရုဏ်း ဖြစ်ခြင်း အားဖြင့် ကရင်များကလည်း ဗမာများကို နာလှန်မထူနိုင်အောင် ချေမှုန်းပစ်နိုင်မည် မဟုတ်။ ဗမာ များကလည်း ကရင်များကို နာလှန် မထူနိုင်အောင် ချေမှုန်း ပစ်နိုင်မည်မဟုတ်။ ကရင်တို့၏ ရှိသမျှ အင်အားနှင့် ဗမာတို့၏ ရှိသမျှ အင်အားတို့ကို အစအဆုံး တွက်ကြည့်ပြီးလေပြီ။ သို့ဖြစ်ရာ ဤကဲ့သို့ အဓိကရုဏ်း

ဖြစ်ခြင်း အားဖြင့် ကရင်များ၏ လိုလားချက်လည်း မည်သည့်နည်းနှင့်မျှ ပြည့်ဝ မည်မဟုတ်။ ဗမာတို့၏ လိုလားချက် များလည်း မည်သည့် နည်းနှင့်မျှ ပြည့်ဝမည် မဟုတ်။ အုတ်ရှစ်သီးနှစ်လုံး ထုသည့်အခါ ထုသည့် အုတ်ရှစ်သီးလည်းကွဲ ခံသည့် အုတ်ရှစ်သီးလည်း ကွဲသလို အဓိကရုဏ်း ဖြစ်သည့် ကရင်နှင့် ဗမာတွေ နှစ်ဦးစလုံး အလုပ်အကိုင်တွေပျက်၊ အိမ်တွေ ရွာတွေ မီးလောင် လူတွေ သေကြေ ပျက်စီးခြင်းသာ အဖတ်တင်လိမ့်မည်။ ဤသို့ အဓိကရုဏ်း ဖြစ်ခြင်းကြောင့် ကရင်နှင့် ဗမာတွေ နစ်နာခြင်းသာ အဖတ်တင်လိမ့်မည်။ ဘယ်နည်းနှင့်မျှ ကောင်းကျိုး အဖတ်တင်နိုင်မည် မဟုတ်သည်ကို အထူး ပြောနေစရာ မလို။ ၁၉၄၂ ခုနှစ်တွင် ဖြစ်ပွါးခဲ့သော ကရင်ဗမာ အဓိကရုဏ်း က အထူး သက်သေခံလိမ့်မည်။

၅။ သို့ဖြစ်သောကြောင့် ကရင်နှင့် ဗမာတို့သည် တဦးနှင့် တဦး ရင်းရင်း နှီးနှီး ဆက်ဆံ ပေါင်းသင်း ကြပြီးလျှင် လူမျိုးရေး အဓိကရုဏ်း များကို အထူး ရှောင်ရှား ကြရန် လေးနက်စွာ မေတ္တာရပ်ခံလိုက်ပါကြောင်း။

ထိုသို့ပင် ထုတ်ပြန် ကျေညာလိုက် သော်လည်း ကေ အင် ယူ အဖွဲ့၏ (သုဝဏ္ဏတိုင်း) သတင်းစာရေးသားချက်များမှာ တနေ့ထက်တနေ့ ပိုမိုပြင်းထန်လာသည်ကိုတွေ့ရှိရ၏။ ထိုစဉ်အခါက ကေ အင် ယူ ခေါ် ကရင်အမျိုးသား အဖွဲ့သည် ဖ ဆ ပ လ အစိုးရနှင့် ခေါင်းဆောင်ပိုင်းတွင် နားလည်မှုကို ယူလျက် စေ့စပ်နေသည့်အခါ ဖြစ်သဖြင့် နယ်တွင် နောက်လိုက် ငယ်သား များက မည်မျှပင် ဆူပူ သောင်းကျန်းလျက် ရှိသော်လည်း ကေ အင် ယူ ကရင်အမျိုးသား အဖွဲ့ချုပ်၏ ထုတ်ပြန် ကျေညာချက်များမှာ မူကား မေတ္တာစိတ်ဓာတ် မွေးမြူကြရန်နှင့် ကရင် မြန်မာ လက်တွဲ၍ အေးချမ်းစွာ ဆောင်ရွက် ကြရန် အတွက်ကိုသာလျှင် တိုက်တွန်း နှိုးဆော်ထားသည်ကို တွေ့ရလေသည်။ ကေ အင် ယူ အဖွဲ့ချုပ်၏ ၁၉၄၈ ခု ဇူလိုင်လ ၂၅ ရက်နေ့ထုတ် ကရင်အမျိုးသားများအား မေတ္တာရပ်ခံချက် တရပ်ကို နမူနာ အဖြစ်ဖြင့် အောက်တွင် ဖော်ပြလိုက်ရပေသည်။

ကေ အင် ယူ အဖွဲ့၏ မေတ္တာရပ်ခံချက်
(၂၅-၇-၄၈)

နိုင်ငံတော်၏ မရှင်း လင်းသော အခြေ အနေများကို အားလုံး ခြုံ၍ ကြည့်ပါလျှင် ကျွန်ုပ်တို့သည် စိုးရိမ်စရာ ကောင်းသော ခေတ်ကြီး ထဲတွင် ရောက်ရှိ နေသည်

ဟူသော အချက်ကိုရင်း၊ ထိုထက် သာလွန်ဆိုးရွားမည့် အခြေအနေများ ဖြစ်ပေါ်လာဦးမည်ကို စိုးရိမ်မကင်း ဖြစ်နေကြသည် ဆိုသည့် အချက်ကိုရင်း ငြင်းဆိုနိုင်ရန် ခဲယဉ်း ပေလိမ့်မည်။ ကမ္ဘာတဝှန်းလုံး၌ပင် အေးချမ်း သာယာမှုကို ဖျက်ဆီးလျက် ရှိသော အင်အား စုများသည် သဲသဲ မဲမဲ ထကြွသောင်းကျန်းလျက် ရှိကြရာ ကမ္ဘာ၏ တစိတ်တဒေသဖြစ်သော မြန်မာနိုင်ငံတော်သည်လည်း ထိုမငြိမ် သက်မှု ဝဲဩဃကြီးထဲတွင် မျောပါပြီးလျှင် ပြဿနာ အမျိုးမျိုးနှင့် ရင်ဆိုင် တွေ့နေရမည်မှာ မလွှဲမရှောင် ဖြစ်တော့သည်။ ထိုအမျိုးမျိုးသော ပြဿနာများကို ဖြေရှင်းရန်မှာ မလွယ်ကူချေ။ ခိုင်ခန့်သောသမာဓိ ကြီးမားသော ညှာတာထောက်ထားခြင်း ဖြင့် အဖျက်သဘောမဟုတ်၊ အပြုသဘောဖြစ်သော နိုင်ငံရေးကျွမ်းကျင်ပါးနပ်မှု (ဝါ) မကုတတ်လျှင် ငန်းမန်းလိုက်သွားအောင် ဖြစ်စေနိုင်သော နိုင်ငံရေး အနာဆိုးကြီးကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် နိုင်ငံရေး ကျွမ်းကျင်ပါးနပ်မှုတို့ဖြင့်သာလျှင် ယခု လက်ငင်း ပြည်ထောင်စု မြန်မာနိုင်ငံကြီး၏ မျက်နှာချင်းဆိုင် တွေ့နေကြရသောပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းနိုင်ပေမည်။

ယခုကဲ့သို့ ပြည်တွင်း ပြည်ပ မငြိမ်မသက်ဖြစ်နေသည့် အချိန်အခါကြီးတွင် လွတ်လပ်သော မြန်မာနိုင်ငံတော်၏ ပဌမအစိုးရအဖွဲ့သည် သတ္တိအရှိဆုံးသော ပုဂ္ဂိုလ်တို့ကိုပင်လျှင် ချောက်ချားစေနိုင်သည့် နိုင်ငံရေးတာဝန်ကြီးကို ထမ်းဆောင်လျက် ရှိနေရသည် ဟူသောအချက်ကို စိတ်ရိုး စေတနာရိုး ရှိကြသော နိုင်ငံသူ နိုင်ငံသား အားလုံးတို့သည် ဝန်ခံကြရပေလိမ့်မည်။ ကျွန်ုပ်တို့သည် နိုင်ငံတော် အစိုးရနှင့် ကိစ္စတိုင်းတွင် သဘောတူညီသည်ဟူ၍ကား မဆိုနိုင်။ ကွဲလွဲသည့် အချက်များတွင် ကွဲလွဲသည်ကိုကား ကျွန်ုပ်တို့ ဝန်ခံ၏။ သို့သော် မည်သည့် ကိစ္စ၌ပင် သဘောကွဲလွဲစေကာမူ တထိတ်ထိတ် တလန့်လန့်နှင့် ချူချူတဲ့တဲ့ နေရသောဘဝမှ လွတ်မြောက်ပြီးလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကို ကျွန်ုပ်တို့ နေထိုင်ရာ အရပ်ဒေသများတွင် စိတ်ချ လက်ချ လုပ်ကိုင်နိုင်ရန်အတွက် ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းတွင် နိုင်ငံတော် အစိုးရကို ကူညီရန် တာဝန်ရှိသည်ဟု ကျွန်ုပ်တို့ ယူဆသည်။

ကျွန်ုပ်တို့၏ သမိုင်း၌ ယခုလို အရေးကြုံနေသော အချိန်အခါကြီးတွင် အခွင့်ကောင်းကိုယူ၍ ကရင်အမျိုးသားများအား တကြိမ်ထပ်မံပြီး ကျွန်ုပ်တို့၏ သတိပေးချက်မှာကား အခြားမဟုတ်။ ကရင်ပြည်နယ် သီးခြား တောင်းဆိုရာ၌ရင်း၊ ကျွန်ုပ်တို့ ကရင် အမျိုးသားများကို တင်းပြည့် ကျပ်ပြည့် သီးခြားလူမျိုးကြီးတခု အဖြစ်ပေါ်လာရန် ကြိုးပမ်းရာ၌ရင်း၊ ကျွန်ုပ်တို့သည် နိုင်ထက်စီးနင်း ဝါဒကိုရင်း၊

အကြမ်းဖက်သော ဝါဒကိုရင်း ဘယ်နည်းနှင့်မျှ အသုံးမပြုရန် သစ္စာဓိဋ္ဌာန်ပြုထား ပြီးပြီဟူသော သတိပေးချက်ပင် ဖြစ်သည်။ ပြီးခဲ့သော ကမ္ဘာစစ်ကြီးတွင် နိုင်ထက် စီးနင်းပြုမှုနှင့် အကြမ်းဖက်မှု လက်နက်အားကိုးပြုမှုတို့သည် အချည်းနှီးအလဟဿ ဖြစ်ခဲ့ရသော သင်္ခန်းစာကို ကျွန်ုပ်တို့သည် အကျိုးရှိစွာ မှတ်သားကြပါစို့။ ယခုကဲ့ သို့ အရေးကြီးသော အချိန်တွင် ကရင်အမျိုးသားများသည် မျိုးရိုးအလိုက် ရိုးသား မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကို လိုလားကြသည့် အတိုင်း ကျွန်ုပ်တို့သည် ယင်းတို့နှင့် လျော်ညီစွာ ကျင့်ဆောင်ရန် အထူးပင်လိုလားအပ်ပေသည်။ ကျွန်ုပ် တို့၏ အမျိုး စာရိတ္တကြီးကို ထိန်းသိမ်းစောင့်ရှောက် မွေးမြူကြရန် ယခု အချိန်သည် ရှေးကထက်ပို၍ အထူးလိုလားအပ်သည်ကို ကျွန်ုပ်တို့နှလုံးသွင်းကြပါစို့။ တိုင်းရင်း သား လူထုအားလုံး၏ မေတ္တာနှင့် ယုံကြည်မှုကို ရရှိကြရန် ကျွန်ုပ်တို့ ကြိုးပမ်းကြပါ စို့။ ယခု အဖြစ်အပျက်များအရ မြန်မာနိုင်ငံတော်၏ အေးချမ်းမှု၊ တိုးတက်မှု၊ ဝပြောသာယာမှုတို့ကို အနေအမြန် ရရှိရေးသည် ကျွန်ုပ်တို့ ကရင်အမျိုးသားများ အပေါ်တွင် အထူးသဖြင့်တည်လျက်ရှိကြောင်း ကျွန်ုပ်တို့ စွဲစွဲမြဲမြဲယုံကြည်ပါသည်။

ထို့ကြောင့် လူတိုင်းလူတိုင်း မေတ္တာစေတ် မွေးမြူကြပြီးလျှင် အပြိုင်အဆိုင် ဆိုလျှင် အများကောင်းကျိုးအတွက် သူ့ထက်ငါ ပိုလုပ်ပြမည်ဟူသော အပြိုင် အဆိုင်မျိုးသာ ရှိတော့မည့် ဘဝသစ်ကြီးကို ကျွန်ုပ်တို့ဖန်တီးကြပါစို့။ လူမျိုးတမျိုး ကို ကြီးကျယ်မြင့်မြတ်သော အဆင့်အတန်းသို့ရောက်အောင် မြှင့်တင်ပေးနိုင်သော အရာသည်ကား ကိုယ်ကျိုးအတွက် နိုင်လိုမင်းတက် ပြုကျင့်မှု မဟုတ်ဘဲ တရားမျှတ မှုသာလျှင် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ အစဉ်ထာဝရ နှလုံးသွင်းကြပါစို့။

အလုပ်အမှုဆောင်အဖွဲ့
ကေ အင် ယူ အမျိုးသားအဖွဲ့ချုပ်

ထိုကဲ့သို့ ကေ အင် ယူ အဖွဲ့ချုပ်က လူသိနတ်ကြားကရင်အမျိုးသားများ အေး ချမ်းစွာ မြန်မာများနှင့်လက်တွဲဖြေရှင်းရန် ကျေညာချက် ထုတ်ပြန်နေစဉ် အတော အတွင်းကေ အင် ယူ အဖွဲ့၏အာဘော်ဖြစ်သော (သုဝဏ္ဏတိုင်း) သတင်းစာကမူကား ကရင်မြန်မာ ပဋိပက္ခဖြစ်ရေးကို လှုံ့ဆော်ရေးသားလျက် ရှိသည်ကို တွေ့မြင်ရလေ သည်။

ဥပမာအားဖြင့် အောက်ပါ ရက်စွဲများဖြင့် ထုတ်ဝေသော ထိုသတင်းစာ၏ ကောက်နုတ်ချက်များကို အကြောင်းအရာလောက်ကိုသာ ထုတ်နုတ်ဖော်ပြပေအံ့။

၅-၇-၄၈ ရက်နေ့စွဲထုတ် သတင်းတွင် "ပြေရှာပိုင် မရှယ်ဘဲနဲ့ စော်ကဲနော် မင်း

ဖြစ်ကိန်းမှာ ကျိန်းသေတဲ့လေး"ဟူသော တပေါင်ကို ဖော်ပြ၍ ကရင် အမျိုးသား များ အထွတ်အထိပ်သို့ ရောက်ရှိမည့် အကြောင်းကို ရေးသားထားသည်။

၂၀-၉-၄၈ ရက်နေ့ထုတ် သတင်းတွင် "တောင်ပေါ်က မင်းကလေး၊ လမ်းမသာ လို့ မလာသေး၊ ပင်လယ်ပြင်မှာကြေးနန်းသွယ်၊ ကရင်မင်းလာလိမ့်မယ်" ဟူသော တပေါင်ကို ဖော်ပြ၍ ကရင်လူထုသည် အခါမသင့်သေး၍ ပြည်ထောင်စုကြီးကို မသိမ်းပိုက်ရသေးပါ။ သို့သော် ကေ အင် ယူ တည်းဟူသော ကြေးနန်းရုံဖြင့် ဆက် သွယ်မိကြပြီဖြစ်သောကြောင့် ကရင်မင်းသား လာပါတော့မည် ဟူသော ယူဆ ချက်ကို ဋီကာချဲ့၍ ရေးသားထားသည်ကို တွေ့မြင်ရလေသည်။

အထက်ပါ နမူနာများ အတိုင်းပင် (သုဝဏ္ဏတိုင်း) သတင်းစာသည် အတိတ် တပေါင်များကို ဖော်ထုတ် စုဆောင်းပြီးလျှင် ကရင်အမျိုးသားများအား သွေး ကြွစေရန် အမျိုးမျိုးလှုံ့ဆော်ထားသည်ကို တွေ့ရလေသည်။

အထက်ပါ အတိုင်း ကေ အင် ယူ အဖွဲ့၏ အာဘော်ဖြစ်သော (သုဝဏ္ဏတိုင်း) သတင်းစာက ကရင်အမျိုးသားများအား လှုံ့ဆော်ရေးသားလျက်ရှိစဉ် ကေ အင် ယူ အဖွဲ့၏ ခေါင်းဆောင် အချို့ကလည်း စာအုပ်စာတမ်းများ ရိုက်နှိပ်ထုတ်ဝေ၍ ဖ ဆ ပ လ အစိုးရအပေါ်တွင် အကြည်ညိုပျက်စေရန်အမျိုးမျိုးလှုံ့ဆော်ရေးသား ကြသည်ကို တွေ့ရှိရပေသည်။ ထိုသို့ ရေးသားသောစာအုပ်များအနက် ကေ အင် ယူ ခေါင်းဆောင် သရာသာထိုက စာအုပ် ၃ အုပ်ကို ရေးသား ထုတ်ဝေ၍အနှံ့အပြား ဖြန့်ချိခဲ့လေသည်။ ထိုစာအုပ်များမှာ

(၁) ကရင်နှင့် လွတ်လပ်ရေး စာစောင်သစ်။
(၂) ကရင်နှင့် နိုင်ငံရေး ပြဿနာ။
(၃) လွတ်လပ်ရေး လမ်းစဉ်ဟူသော စာအုပ် ၃ အုပ် ဖြစ်လေသည်။

ထိုစာအုပ်များတွင် ရေးသားဖော်ပြချက်များမှာ ကေ အင် ယူ ခေါင်းဆောင် များက အစိုးရအပေါ်တွင် ထားရှိသော ဝါဒဖြစ်လေသည်။ ကေ အင် ယူ အဖွဲ့၏ ယူဆချက်များကို ထိုစာအုပ်များမှ ကောက်နုတ်ချက်များ ပြုလုပ်၍ အောက်တွင် ဖော်ပြလိုက်ရပေသည်။

(၁) "ကရင်နှင့်လွတ်လပ်ရေးစာစောင်သစ်" မှ ကောက်နုတ်ချက်များ

ဂျပန်တို့ မြန်မာပြည်ကို စိုးမိုးသောအခါ ကရင်လူဦးရေ အမှန်ကို အထူးဂရုစိုက်

၍ ယူကြ၏။ သူတို့၏ စာရင်းအရ ကရင်လေးသန်းခွဲ ရှိသည်ဟု ထင်ရှား၏။ ဂျပန်တို့၏ သန်ကောင်စာရင်းတွင် ကရင်လူဦးရေ အမှန်နှင့် အနီးဆုံးဟု ယူရမည်။ အကြောင်းကား ဘီ အိုင် အေ ခေတ်၌ကရင်မြန်မာအဓိကရုဏ်းကြီးသည် ကရင်နှင့်မြန်မာကို ခွဲခြားစေသဖြင့် ကရင်တို့သည် မြန်မာဟု အခေါ် မခံချင်ဘဲ အမှန်အတိုင်း ဖော်ပြကြ၏။ ကရင်များကို ဂျပန်က သူပုန်များ၊သူလျှိုများဟု ယူဆသဖြင့် မြန်မာများက မြန်မာစာရင်း၌ မထည့်လိုကြပေ။

ကရင်၏ အခွင့်အရေး မည်သူ ချုတ်ချယ်ထားသနည်း။ ထိုသို့ ချုတ်ချယ်ထားသော သူတို့သည် ကရင်၏ ရန်သူဖြစ်၏။ ကရင်တို့သည် အင်္ဂလိပ်ကို အားကိုးယုံကြည်ခဲ့၏။ အင်္ဂလိပ်တို့၏ ယခု သဘောထားကို ကြည့်၍ အချို့သော ကရင်တို့သည် များစွာ စိတ်ပျက်ကြ၏။ ယခု ကရင်တို့၏ အခွင့်အရေးကို မည်သူတို့ တောင်းဆို ဆောင်ရွက်ပေးမည်နည်း။ ကရင်တို့ကိုယ်တိုင် မိမိတို့၏ လိုလားချက်ကိုရရန် ဆောင်ရွက်ရမည်။ ဤကမ္ဘာပေါ်၌ လူမျိုးအသီးအသီးတို့သည် မိမိတို့၏ အခွင့်အရေးကို ဥာဏ်၊ သတ္တိ၊ ဇွဲ၊ ချွေးနှင့် သွေးတို့ဖြင့် တိုက်ခိုက်ယူရသည် မဟုတ်လော။ ကရင်တို့သည် တောင်းရုံနှင့် မပြီးသေးချေ။ အားလုံး တညီတညွတ်တည်း ကိုယ်ထိလက်ရောက် ဆောင်ရွက်မှသာ တောင်းဆိုချက်များကို ရလိမ့်မည်။ ကရင်အမျိုးသား အပေါင်းတို့ နိုးကြားကြလော့။ အမျိုးသားတို့၏ တိုးတက်ရာ တိုးတက်ကြောင်းတို့ကိုသာ ကြိုးစားကြလော့။

စည်းရုံးရေး၌ ကရင်တို့၏ “ဒေါ်ကလူ” ခေါ် ကရင် နေရှင်နယ် အစည်းအရုံးသည် ဗမာနိုင်ငံရေး အစည်းအရုံးမရှိခင် ၁၈၈၁ ခုနှစ်မှ ဒေါက်တာသံပြာ၊ ဦးလူနီ၊ ဒေါက်တာမြတ်စံ၊ ဦးစံလုံးနှင့် အခြားကရင် ခေါင်းဆောင်ကြီးများက တည်ထောင်ခဲ့သည်။ ထိုအစည်းအရုံးကြီး ဖွဲ့စည်းပြီးသည်နောက် အခြားကရင် အစည်းအရုံးများလည်း ပေါ်ထွက်လာ၏။ ပိုကရင် အစည်းအရုံး၊ စောဖေသာ၏ အစည်းအရုံး၊ တွန်မဆင်၏ အစည်း အရုံးမှစ၍ အခြားအစည်းအရုံး ငယ်များလည်း ပေါ်ထွက်လာ၏။

ဂျပန်တို့ လက်နက်မချမီ ၁၉၄၅ ခုနှစ် ဇွန်လ အတွင်း၌ လူထုအစည်းအဝေးက ဘာသာမရွေး၊ ပါတီမရွေး၊ ကရင် အမျိုးခွဲကလေးများ အားလုံး ပါဝင်နိုင်သော ကရင် အစည်းအရုံးကြီး တည်ထောင်ရန် ဆုံးဖြတ် အတည်ပြု၏။ ထိုအတည်ပြုချက်ကို မြန်မာတပြည်လုံး ကရင်ကွန်ဂရက် အစည်းအဝေး၌ ရေးဆွဲထားသည့် စည်းမျဉ်းဥပဒေကို အတည်ပြု၍ အစည်းအရုံးများကို ချက်ခြင်း တည်ထောင်ရန် ဆုံးဖြတ် အတည်ပြု၏။

ယခု ကရင်တို့ ရလျက်ရှိသော အခွင့်အရေးများကို ကရင်များက မကျေနပ်ကြောင်း အကြိမ်ကြိမ် ဖော်ပြခဲ့ပြီ။ မြန်မာပြည် လွတ်လပ်ရေးရလျှင် ကရင်တို့၏ အခွင့် အရေးများကို ရသင့် ရထိုက်သလို လူများစုကပေးမည် မပေးမည်ကား အလွန်အရေးကြီး၏။ ကရင်တို့ ရသင့်ရထိုက်သော အခွင့်အရေးကို လူများစု ဗမာများက ပေးလိမ့်မည်ဟု ယုံကြည်နိုင်သော အကြောင်း တစုံတခုမျှ မရှိချေ။ ရှေးလွန်ခဲ့သော အဖြစ်အပျက်များကို ကြည့်ခြင်းအားဖြင့် ကရင်တို့၏ မျှော်လင့်ခြင်း များစွာ မရှိကြောင်း ထင်ရှား၏။

လွတ်လပ်ရေး အစစ်အမှန်ကို တောင့်တနေသော ကရင်များက ဤနိုင်ငံရေးသမားများ၏ ရာထူးနှင့် အာဏာလုပွဲများကို ကြည့်ခြင်းအားဖြင့် စိတ်မသက်သာ။ ယခု အင်္ဂလိပ် အုပ်ချုပ်စိုးမိုးခြင်းအောက်၌ နေသော ဘဝကို အများက ကျွန်ဘဝဟုခေါ်ကြ၏။သို့ရာတွင် ရှေးဗမာမင်းများနှင့် ဂျပန်တို့၏လက်အောက်၌ နေရခြင်းထက် ကရင်များက ပိုမို၍ လွတ်လပ်စွာ နေရ၏။ မြန်မာပြည် လွတ်လပ်ရေးရလျှင် ယခုထက်များစွာ ပိုမို၍ လွတ်လပ်ခွင့် ရမည်ဟု ကရင်များက မျှော်လင့်ကြ၏။ ဤမျှော်လင့်ချက်အတိုင်း ရမည်ဟု မည်သူက အတည့်အလင်း ပြောနိုင်သနည်း။ ယခုထက်တိုင် ကရင်၏ အခွင့်အရေးများကို အမျိုးမျိုးချုတ်ချယ်ခြင်း ခံရ၏။ ကရင်လူမျိုးတို့သည် လွတ်လပ်ရေး အစစ်အမှန်ကို လိုလားသည်သာမက မိမိတို့ကြမ္မာကို မိမိတို့ အလိုအတိုင်း ဖန်တီးလိုကြ၏။

ယခုအခါတွင် ဗမာများသည် လူမျိုးစု တဦးတည်း အနေနှင့် တိုင်းပြည်အတွင်း၌ အထက်တန်းစား အခွင့်အရေး ဟူသမျှတို့ကို အကုန်လက်ဝါးကြီးအုပ်၍ နေသဖြင့် တိုင်းရင်းသား လူနည်းစုများသည် ကျေနပ်မှု မရကြပေ။ ထိုမှတပါး လူနည်းစုအထဲမှ ရာထူးကို ငမ်းငမ်းတက် တပ်မက်သော လူတစု၏ကျေနပ်မှုရရှိရုံလောက်သာ ရှုမြင်၍ မကျေနပ်မှု အမြောက်အမြားတို့ကိုကား လျစ်လျူရှုကာသာ နေကြ၏။ ထို့ထူးသဖြင့် ဒုတိယအကြီးဆုံးဟု ခေါ်နိုင်သော ကရင်လူထုသည် စိတ်ကျေနပ်မှုကို အလျဉ်းမရသေးချေ။

(၂) “ကရင်နှင့် နိုင်ငံရေးပြဿနာ” မှ ကောက်နုတ်ချက်များ

၁၉၄၇ခု ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသော ညီလာခံ သဘင်ကြီး၌ ဆုံးဖြတ် အတည်ပြုသည့် အရေးပါ အရာရောက်သော ဆုံးဖြတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) ဤညီလာခံ သဘင်ကြီးက နု-အက်တလီ စာချုပ်ကို အောက်ပါ အကြောင်းများကြောင့် လုံးဝ လက်မခံနိုင်ကြောင်း။

(က) မြန်မာပြည်၏ ကိုယ်စားလှယ်များတွင် ကရင် တဦးတယောက်မျှ မပါဝင်ကြောင်း။

(ခ) ပြုလုပ်မည့် တိုင်းပြု ပြည်ပြု လွှတ်တော်၌ ကရင်ကိုယ်စားလှယ် အလွန်နည်းလွန်းကြောင်း။

(ဂ) သီးသန့်လျက်ထားသော ကရင်အမျိုးသားစစ်တပ်များကို ဆက်လက် ထားရှိနိုင်လိမ့်မည် မဟုတ်ကြောင်း။

(ဃ) ကရင်များ တောင်းဆိုထားသည့် ကရင် သီးသန့်နယ် ပြဿနာ လုံးဝမပါကြောင်း။

(င) စာချုပ်လုပ်ဘို့ကိစ္စ၌ ကရင်ကို လုံးဝမေးမြန်းတိုင်ပင်ခြင်း မပြုခဲ့ကြောင်း။

အထက်ဖော်ပြပါ အကြောင်းပြချက်များကို ဗိလတ်နန်းရင်းဝန်ထံသို့ အကြောင်းကြား၍ ၁၉၄၇ ခု မတ်လ ၃ ရက်နေ့အထိ လိုက်လျောခြင်း မပြုခဲ့သော် ကရင်များက ရွေးကောက်ပွဲကို သပိတ်မှောက်မည် ဖြစ်ကြောင်း။

(၂) ညီလာခံ သဘင်ကြီး၏ တောင်းဆိုချက်များကို ဗိလတ်ပါလီမန်က မတ်လ ၃ ရက်နေ့ကို နောက်ဆုံးထား၍ လိုက်လျောခြင်း မပြုခဲ့သော် ဝန်ကြီးစောဘဦးကြီးသည် ကန့်ကွက်သည့် အနေနှင့် ရာထူးမှ နုတ်ထွက်ပေးရန်။

(၃) စောဘဦးကြီး၊ စောစံဖိုးသင်၊ စောသာဒင်၊ စောဘဲလေး၊ ဦးလှဖေနှင့် သရာသာထိုတို့ ပါဝင်သော ကိုယ်စားလှယ် အဖွဲ့သည် ဗိလတ်ပါလီမန် ကိုယ်စားလှယ် မစ္စတာဒေအ၊ ဗီ၊ဗော့တွန်မလေနှင့် တွေ့ဆုံ ဆွေးနွေးရန်။

ထိုအတောအတွင်း ဗဟိုအမှုဆောင်များ၏ အကြံပေးချက် အရ ကရင်ဗဟိုအဖွဲ့ချုပ် ကရင်လူငယ် အစည်းအရုံးနှင့် စောမြသိန်း၏ အဖွဲ့များမှ အမှုဆောင် အစည်းအဝေး ဖိတ်ခေါ် စည်းဝေးလျက် ကရင်အမျိုးသားများ၏ လိုလားချက်များကို ဆွေးနွေးကြလျက် တဖွဲ့လျှင် ကိုယ်စားလှယ် သုံးဦးကျစီ ရွေးကောက်ပြီး ဝန်ကြီးအဖွဲ့နှင့် တွေ့ဆုံရန် စေ့စပ်ကြလေသည်။ အဆိုပါအဖွဲ့သုံးဖွဲ့မှ အမှုဆောင်များသည် ဝန်ကြီးအဖွဲ့နှင့် တွေ့ဆုံအရေးဆိုဖို့ အောက်ပါ အချက်များကို သဘောတူညီကြလေသည်။

(၁) (က) ကရင်အတွက် သီးသန့်၍ မင်းတိုင်ပင် မရှိသေးသော အင်းစိန်၊

ပဲခူး၊ သာယာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ်ခရိုင်များအတွက် ကရင် တိုင်းပြုပြည်ပြု လွှတ်တော် အမတ် ၁၇ ဦး ပိုမိုထားရှိပေးရန်။

(ခ) ဝန်ကြီး အဖွဲ့၌ ကရင်ဝန်ကြီး ၂၅ ရာခိုင်နှုန်း ပါဝင်စေရန်။

(၂) လာမည့် ဥပဒေပြု လွှတ်တော်၌ ကရင်အမတ် ၂၅ ရာခိုင်နှုန်း ပါဝင်ရန်။

(၃) သီးသန့်လျက်ရှိသော ကရင်စစ်တပ်များကို ဆက်လက်၍ ထားရှိရန်။

(၄) ကရင်နယ်ထူထောင်ရေးကို မူအားဖြင့် လက်ခံရန်။

(၅) လာမည့် တိုင်းပြည် အုပ်ချုပ်မှုများတွင် ကရင်အမျိုးသားများအား ဌာနတိုင်းတွင် လူဦးရေ အချိုး အစားအလိုက် ခန့်ထားရန်။

(၆) တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းပြီးလျှင် ပြီးခြင်း လူဦးရေစာရင်း (ဝါ) သန်ကောင်စာရင်းမှန်ကို ကောက်ခံပေးရန်တို့ပင် ဖြစ်လေသည်။

ဥက္ကဋ္ဌ စောစံဖိုးသင်နှင့် အမှုဆောင်လေးဦးတို့ ထွက်သွားသည့် အပြင် အရေးကြီးသော ပြဿနာများ ပေါ်ပေါက်လာသဖြင့် လုပ်ငန်း စီစဉ်ရေးကောင်စီက ၁၉၄၇ ခု ဧပြီလ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် အရေးပေါ် ညီလာခံသဘင် ကျင်းပရန် ဆုံးဖြတ်ကြသည့် အတိုင်း ညီလာခံသဘင်ကြီးကို ခေါ်ယူကာ အောက်ပါ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ကြလေသည်။

(၁) ကရင်ပြည်ထူထောင်ရေး၌ ဖြစ်စေ ကရင့်ကံကြမ္မာကို ကရင်ကိုယ်တိုင် ဖန်တီးရေး၌ ဖြစ်စေ အားထုတ်လျက်ရှိသော ကရင်အမျိုးသား တဦးကို သူတပါးက စော်ကားခဲ့သော် ထိုအရေးကို ကရင် တမျိုးလုံး၏ အရေးဟု ယူဆရမည်။

(၂) (က) တိုင်းပြု ပြည်ပြု လွှတ်တော်သို့ ဝင်ရောက် အရွေးခံမည် ဖြစ်သော ကရင်အမတ်များသည် ကရင်လူထု၏ ကိုယ်စားလှယ်အစစ်အမှန်မဟုတ်သဖြင့် လွှတ်တော်၏အတွင်း၌ဖြစ်စေ၊ အပြင်အပ၌ဖြစ်စေ သူတို့ပြောဆိုဟောပြော ဆောင်ရွက်ချက်ဟူသရွေ့တို့သည် ကရင် လူထု၏ သဘောထားနှင့် လိုအင်ဆန္ဒဟု မယူဆကြရန်။

(ခ) လူထု၏ဆန္ဒအရ ဝန်ကြီး ရာထူးမှ နုတ်ထွက်သွားသော အမျိုးသားဝန်ကြီး စောဘဦးကြီးသည် ကိုယ်ကျိုးကို မငဲ့ရာ၌ မြန်မာ သမိုင်းတလျှောက်လုံးတွင် မကြုံဘူး မကြားဘူးလောက်အောင် လက်တွေ့စံပြစံနစ်ဖြင့် ဆောင်ရွက်သွားသဖြင့် ထိုအမျိုးသား ပုဂ္ဂိုလ်ကြီးအား ညီလာခံ သဘင်ကြီးက လေးစားစွာဖြင့် ချီးကျူးကြောင်း မှတ်တမ်းတင်ထားပါရန်။

(ဂ) လူထုဆန္ဒအရ ရွေးကောက်ပွဲသို့ ဝင်ရောက် အရွေး မခံကြသော အမျိုးသား ခေါင်းဆောင်များနှင့် မပေးခြင်း၌ ဝင်ရောက် အားပေး ဆောင်ရွက်ခြင်း မပြုသော ကရင် အမျိုးသားများအား ဤညီလာခံ သဘင်ကြီးက အထူးကျေးဇူးတင်ရှိပါကြောင်း။

(ဃ) ရွေးကောက် တင်မြှောက်ပြီးဖြစ်သော ဗဟိုအမှုဆောင် အဖွဲ့ကြီး အား ကေအမ်ယူ၏လုပ်ငန်းစဉ်နှင့် ညွှန်ကြားချက်အဝဝတို့ကိုရေးဆွဲရန် တာဝန် လွှဲအပ်ကြောင်း။

(၃) ဤညီလာခံ သဘင်ကြီးက လူနည်းစုများ၏ တပ်ဦးကို ဖွဲ့စည်း တည်ထောင်ရန် ဗဟို အမှုဆောင် များအား လုံးဝ တာဝန် လွှဲအပ်ကြောင်း။

(၄) ကေ အမ် ယူ အဖွဲ့ချုပ်၏ ကြေးကြော်သံအနေနှင့် အပတ်စဉ် သတင်းစာတစောင် အလျင်အမြန် ထုတ်ဝေရန် စသည်တို့ ဖြစ်ကြောင်း။

ကရင် ခေါင်းဆောင်များသည် အင်္ဂလိပ်နှင့် မြန်မာ နိုင်ငံရေးသမားများ၏ နိုင်ငံရေးကစားမှုတွင် ခုတုံးမဖြစ်လို၊ မိမိတို့၏ အခွင့် အရေးများကို တင်းပြည့်ကျပ်ပြည့် ရရန်အတွက်ကိုသာ လိုလားကြလေသည်။ ကရင်လူထု၏ အမြင်မှာ အင်္ဂလိပ်နှင့် ဗမာ နိုင်ငံရေးသမားများသည် မိမိတို့၏ အမျိုးသားများ ကောင်းစားရေးအတွက် ပရိယာယ် အမျိုးမျိုးကို သုံးကာ ဆန္ဒပြည့်ဝကြသောအခါ ကရင်များကို သတိမရကြတော့၊ လျစ်လျူရှုကြသည်ဟု ယူဆကြသည့်အပြင် ဗိုလ်ချုပ် အောင်ဆန်းနှင့် အခြား ဗမာ ခေါင်းဆောင်များနှင့် တကွ အင်္ဂလိပ်များကို စိုးစဉ်းမျှ အားမကိုးနိုင်ကြောင်းကို သိရှိရသောအခါ မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးရမည့် အကြောင်းကို ပိုမို သဘောပေါက်လာလေသည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် မော်လမြိုင်မြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင် အမျိုးသား ကွန်ဖရင့်ကြီး ကျင်းပရန် အရပ်ရပ်မှ နယ်ကိုယ်စားလှယ်တော်ပေါင်း ၇၀၀ ကျော်ခန့် တက်ရောက်လျက် အောက်ပါ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ကြလေသည်။

(၁) ကရင် ကိုယ်စားလှယ် အစစ်အမှန် မပါဝင်သော မြန်မာ တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုလိုက်သော စည်းမျဉ်း ဥပဒေများကို ကရင် လူထုက လက်မခံ။

(၂) သီးသန့်သော ကရင်ပြည် ထူထောင်ရေးကိစ္စကို ကမ္ဘာ့ ကုလသမဂ္ဂသို့ တိုင်ကြားရန်။

(၃) သီးသန့်သော ကရင်ပြည် အတွက် စည်းမျဉ်း ဥပဒေများကို ရေးဆွဲရန် ဗဟို အမှုဆောင်များအား တာဝန်လွှဲအပ်ကြောင်း။

(၄) ဗဟို အမှုဆောင် အဖွဲ့ဝင် အမှုဆောင် အားလုံးတို့အား လူထုက လုံးဝ အယုံအကြည်ရှိကြောင်း။

(၅) (က) တောင်ငူခရိုင် ပါဝင်သော တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်၊ ဟံသာဝတီခရိုင်နှင့် ညောင်လေးပင် တိုင်းခွဲ စသည်တို့ကို သီးသန့် ကရင်ပြည် အဖြစ် အသိအမှတ်ပြုရန်။

(ခ) မြန်မာပြည်ကြီး လွတ်လပ်သောအခါ သီးသန့်သော ကရင်နယ် အရေးကို ဗမာအစိုးရနှင့် အရေးဆိုရန်။

(၆) လက်နက်ပုန်း ရှိသော သူများကို သေဒဏ်ပေးမည် ဟူသော ဥပဒေကြမ်းကို ပြန်လည် ရုပ်သိမ်းရန်။

(၇) ယခု လက်ရှိ ကရင် အမျိုးသား အလံတော်ကို ကရင်တမျိုးသားလုံး၏ အလံဟု အသိအမှတ်ပြုရန် စသည်တို့ ဖြစ်ကြောင်း။

ကရင် အမျိုးသားများ၏ လိုလားချက်များကား (က) ကရင်ပြည် ချက်ချင်းပေး၊ (ခ) ပြည်တွင်းစစ် အလိုမရှိ၊ (ဂ) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ၊ (ဃ) ကရင် တကျပ်သား ဗမာ တကျပ်သား စသည်တို့ ဖြစ်ကြောင်း။

ကေအင်ယူ အမျိုးသားအဖွဲ့ချုပ်၏ နှစ်ပတ်လည် ညီလာခံသဘင်ကို ၁၉၄၈ ခု ဇူလိုင်လ ၃ ရက်နေ့မှ ၅ ရက်နေ့ အထိ ကျင်းပခဲ့၏။ ညီလာခံသဘင်ကြီးက ချမှတ်လိုက်သော အရေးပါ အရာရောက်သည့် ဆုံးဖြတ်ချက်များမှာ–

(၁) သီးသန့်သော ကရင် စစ်ရဲတပ်များကို မူလကကဲ့သို့ပင် ထားရှိရန်။

(၂) ယခု အတောအတွင်းတွင် ကိုယ်ပိုင် လိုင်စင်သေနတ်များနှင့် ကာကွယ်ရေး သေနတ်များကို ပြည်ထောင်စု အစိုးရက ပြန်လည် သိမ်းဆည်းခြင်း မပြုရန်။

(၃) ကရင်နီ နယ်ဘို့၏ ဦးစီးအဖွဲ့က မိမိတို့၏ နယ်များကို မြန်မာနိုင်ငံနှင့် မပူးပေါင်းရန် ဆုံးဖြတ် အတည်ပြုချက်ကို ကေအင်ယူက လုံးဝထောက်ခံကြောင်း။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် မိမိတို့၏ တိုင်းပြည်နှင့် ရှိပြီး၊ မိမိတို့ကိုယ်တိုင် အုပ်ချုပ်နိုင်သော အခွင့် အရေးကို လိုလားကြလေသည်။ အသေးငယ်ဆုံးသော လူမျိုးပင် ဖြစ်လင့်ကစား မိမိတို့၏ သီးသန့်သော တိုင်းပြည်နှင့် ပင် နေလိုကြလေသည်။ မြန်မာပြည်၌ လူမျိုးစုပေါင်း ၁၆ မျိုးထက်မနည်း ရှိရာတွင် ကရင်လူမျိုး

သည် ဒုတိယ အကြီးဆုံးသောလူမျိုးဖြစ်၍ လူဦးရေ ၃ သန်းနှင့် ၅ သန်းစပ်ကြားတွင် ရှိလေသည်။ ဤမျှလောက် လူဦးရေများပြားသော လူမျိုးတမျိုးသည် မိမိတို့၏ တိုင်းပြည်နှင့် နေထိုင်လိုကြမည်မှာ ယုံမှားဖွယ်ရာ မရှိပေ။

ပဌမဦးဆုံး ကရင်ပြည်နယ်ကို တောင်းဆိုခဲ့သော ကရင် အမျိုးသား ခေါင်းဆောင်ကြီးကား ဆာစံစီဖိုး (Kt.C.B.E,M.D.) ပင် ဖြစ်၏။ ၁၉၂၇ ခုနှစ်က ထုတ်ဝေသော မြန်မာပြည်နှင့် ကရင်များခေါ် စာအုပ်ထဲ၌ တနင်္သာရီတိုင်းကိုကရင်ပြည်ပြုလုပ်ရန်သင့်ကြောင်းနှင့် အတည့်အလင်း အကိုးအကားပြကာ ရေး သားခဲ့လေသည်။

၁၉၄၆ ခု၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့ အထိ ကျင်းပသော နယ်ကိုယ်စားလှယ် အစည်းအဝေးတွင် ဗိလတ်သို့ ကိုယ်စားလှယ် စေလွှတ်ရေးကိစ္စကို ထပ်လောင်း အတည်ပြုလျက် (၁) မစ္စတာစစ်ဒနီလူနီ (M.L.C.Bar-at-law)၊ (၂) စောဘိုးချစ် (B.A,Bar-at-law)၊ (၃) ဥက္ကဋ္ဌစောသာဒင်။ (၄) စောဘဦးကြီးတို့အား ကရင်လူထုကိုယ်စား ဗိလတ်သို့ သွားရောက်အရေးဆိုရန် ရွေးကောက်တင်မြှောက်ကြလေသည်။ ခေါင်းဆောင် ၃ ဦးတို့သည် ဗိလတ်သို့ သွားရောက်ရာတွင် ၄ လခန့်အတွင်း ကရင်ပြည် အရေးကို မနားမနေ ဆောင်ရွက်ကြလေသည်။ သူတို့သည် ကရင် မိတ်ဆက်အဖွဲ့ အဖြစ်ဖြင့် သွားရောက်ရခြင်းပင် ဖြစ်သော်လည်း သူတို့၏ ဆောင်ရွက်ခဲ့သည့် အဓိကလုပ်ငန်းမှာ ကရင်ပြည် ထူထောင်ရေး လုပ်ငန်းပင် ဖြစ်လေသည်။

ကရင်လဲဗမာ၊ ဗမာလဲ ကရင်ဟု အချို့သော မြန်မာများက ကြွေး ကြော်ကြသျက် ကရင်နှင့် ဗမာ တမိထဲပေါက်သည့် အနေနှင့် အသံကောင်းဟစ်ကြလေသည်။ အချို့သော မြန်မာများကမူ ကရင်နှင့် ဗမာတို့သည် မြောင်းမြ အရေးတော်ပုံမှ တပါး မည်သည့် အခါမျှ အချင်းမဖြစ်ပွါးခဲ့ကြဘူးချေဟုလည်း ဝါဒဖြန့်ခဲ့ကြလေသည်။ ကရင်ပြည်တောင်းဆိုခြင်းသည် အကြောင်းမဲ့ တောင်းဆိုခြင်း ဖြစ်သည်ဟူ၍လည်း အချို့က လွယ်လွယ်ကူကူနှင့်ပင် နားလည် ယုံကြည်ကြလေသည်။ သို့ရာတွင် ကရင်များ ကရင်ပြည်နယ်ကို တောင်းဆိုရခြင်း ကိစ္စတွင် အထောက် အထား အရင်းခံ အကြောင်း အရာပေါင်း မြောက်မြားစွာ ကို အခြေခံပြု၍ တောင်းဆိုခြင်း ဖြစ်ကြောင်းကိုမူ ဉာဏ်အမြော်အမြင် ရှိသော ကရင်အမျိုးသားတိုင်း နားလည်ပြီး ဖြစ်ပေလိမ့်မည်။

မွန်များသည် မြန်မာပြည်ကြီးကို နှစ်ပေါင်းများစွာ အုပ်ချုပ်မင်းလုပ် ခဲ့ပြီးနောက် မြန်မာများက လက်နက်အင်အား ပြုကာ ၉၅ နှစ်ခန့်မျှ ဆက်လက်မင်းမူခဲ့

ကြလေသည်။ ထိုနောက် အင်္ဂလိပ်များက နှစ်ပေါင်း ၁၀၀ ခန့် ထပ်မံ၍ အုပ်ချုပ်ခဲ့ကြလေသည်။ အတ္တလန္တိတ်စာချုပ်အရ အင်္ဂလိပ်များက မြန်မာများကို တိုင်းပြည်ပြန်လည် ပေးအပ်ခွင့် ရှိလျှင် မြန်မာများက ကရင်များကို တိုင်းပြည်ပြန်လည်အပ်နှင်းရေးအတွက် နှောင့်နှေးဖွယ်ရာ မဟုတ်ချေ။

ကရင်နှင့် မြန်မာသည် ဇာတိ ပကတိအားဖြင့် မျိုးမတူသော လူမျိုးကွဲများဖြစ်ကြောင်း ထင်ရှားလေသည်။ ဘာသာစကား၊ စိတ်နေသဘောထား၊ ယဉ်ကျေးမှုနှင့် ရိုးရာချင်း မတူသောလူဘမျိုးနှင့် တမျိုးတို့သည် မည်သည့် နည်းနှင့်မျှ လူမျိုးတမျိုးတည်း ဖြစ်သည်ဟု မစွပ်စွဲနိုင် (ဝါ) ဖြစ်အောင် မပြုလုပ်နိုင်။ မပြုအပ်ချေ။ ဗမာကို ကရင်ဖြစ်ရမည် ဟူ၍၄င်း၊ ကရင်ကို ဗမာဖြစ်ရမည်ဟူ၍၄င်း အတင်း သိမ်းသွင်းခြင်းငှါ မအပ်။ လူမျိုးသည် လူမျိုးသာ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းတထောင်ကျော်ခန့်က အတူတကွ နေထိုင်ခဲ့သော မြန်မာနှင့် ကရင်များသည် ယနေ့အထိ လူတမျိုးတည်း မဖြစ်နိုင် သေးသည်ကို ထောက်လျှင် နောင်ကိုလည်း မည်သည့်အခါမျှ လူတမျိုးတည်း ဖြစ်နိုင်ဖွယ်ရာ အကြောင်း မရှိချေ။ သို့ဖြစ်၍ မြန်မာသည် တိုင်းပြည်နှင့် ရှိသည် ဖြစ်က၊ ကရင်သည်လည်း တိုင်းပြည်နှင့် ရှိအပ်သည်ကို အမြော်အမြင် ကြီးသူတိုင်း ငြင်းကွယ်နိုင်ကြမည် မဟုတ်ချေ။

ကရင် အမျိုးသားများကို လူနည်းစု များဟု ယူမှတ်ကြသော်လည်း အမှန်မှာ ကရင်သည် လူနည်းစု မဟုတ်ချေ။ ဂျပန်ခေတ်က ကောက်ယူသော သန်ကောင်စာရင်းအရ ကရင်လူဦးရေမှာ ၄ သန်းခွဲမျှ ဖြစ်လေသည်။

၁၉၃၁ ခုနှစ် သန်ကောင်စာရင်းအရ ကချင်လူမျိုး ဦးရေသည် တသိန်းခွဲမျှရှိသော လူနည်းစုကလေးပင် ဖြစ်ခဲ့သော်လည်း ယခုအခါ ကချင်လူမျိုးသည် ပြည်ထောင်စု တခုနှင့် ရှိနေကြပြီ။ သို့ဖြင့် ကချင်အမျိုးသားများထက် အဆပေါင်းမြောက်မြားစွာ များပြားသော ကရင်လူမျိုးကို တိုင်းပြည်မရထိုက်ဟု အမြော်အမြင် နည်းသူများကသာ ဆိုနိုင်ကြပေသည်။ သို့ဖြစ်၍ ကရင်အမျိုးသားများသည် တိုင်းပြည်ကို မရမခြင်း ကျေနပ်မှုရကြလိမ့်မည် မဟုတ်ချေ။

ရှေးစဉ်အခါက ကျွန်သဘောက် ဘဝဖြင့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများကို ပြန်လည် သတိရရှိသော အမျိုးသားတိုင်း ဖြေမနိုင် ဆည်မရ မျက်ရည်ဖြိုင်ဖြိုင် စီးကျရတော့သည်။ အင်္ဂလိပ် အစိုးရလက်ထက် ရောက်ရှိသောအခါ ကရင်များ အသက်ရှူခွင့် ရကြသည် ဖြစ်သော်လည်း ယခင် ညှဉ်းပန်းနှိပ်စက်မှုတို့ကို မမေ့မပျောက် နိုင်ကြဘဲ တွေးမိတိုင်း အဲဆိုပါကျွန်ဘဝမျိုးကို ပြန်လည်ရောက်ရှိမည်ကို အထူးကြောက်ရွံ့ ကြလေသည်။

ထိုသို့ စိုးရိမ်နေကြစဉ်ပင် အင်္ဂလိပ်များ အိန္ဒိယပြည်သို့ ဆုတ်ခွါသွားလျှင် သွားခြင်း ဘီအိုင်အေ အမည်ခံ စစ်တပ်အချို့နှင့် သခင်အချို့တို့၏ ရမ်းကားမှုဖြင့် မြောင်းမြ ခရိုင်နှင့် ဖာပွန်ခရိုင်များတွင် ကရင် ဗမာ အဓိကရုဏ်းကြီး များ ပေါ်ပေါက်ခဲ့ပြန်လေသည်။ အဆိုပါ ဘီအိုင်အေ တို့၏ အပြုအမူများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ကျော်က လူရိုင်းများနှင့် ထပ်တူ ထပ်မျှပင် ဖြစ်တော့၏။

ဖော်ပြပါ အကြောင်း အရာများကို အထောက်အထား ပြုကာ ကရင်အမျိုးသားများသည် လုံခြုံမှုနှင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ရေး အတွက် ယခုကဲ့သို့ သီးသန့် ပြည်နှင့် နေထိုင်လိုသော စိတ်ဆန္ဒပြင်းပြကြရခြင်းပင် ဖြစ်လေသည်။

ဗမာနိုင်ငံတော်၏ လက်ရှိ အခြေအနေ အရ တိုင်းရင်းသား အားလုံးတို့သည် လွတ်လပ်ကြပြီး သာတူညီမျှ အခွင့်အရေး ရကြမည်ဟု အသံကောင်း လွင့်ကာ တိုင်းရင်းသားများအား အနည်းအတန် ဆိုသလို အခွင့်အရေး ပေးသည်ဟု ဆိုနိုင်သော်လည်း အုပ်ချုပ်မှုဆိုင်ရာ အထက်တန်းရာထူးများ၌ သော်၎င်း၊ နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်ရေးတို့တွင်၎င်း ကရင်နှင့် အခြား လူနည်းစုများ မပါသလောက်ပင် ဖြစ်သည်ကို တွေ့ရှိကြရခြင်းအားဖြင့် နောင်ရေး အတွက် မည်သို့ မည်ပုံ အပြောင်းအလဲရှိဦးမည်ကို မည်သူ ကဦးတယောက်မျှ ခန့်မှန်းနိုင်လိမ့်မည် မဟုတ်ချေ။ ဤနည်းဖြင့် ကရင်များသည် တိုင်းပြည် သီးသန့်၍ မရှိကြပါက လာမည့် အနှစ်တရာအတွင်းတွင် ကရင်အမျိုးသားများ ပျောက်ကွယ်ကောင်း ပျောက်ကွယ် သွားနိုင်ဖွယ် အကြောင်း ရှိသည်ဟု ယူဆ နိုင်လောက်ပေသည်။ ကရင်များ၏ လိုလားချက်များမှာ ကရင်များသည် လူမျိုးစု [၁] အနေမှ ကမ္ဘာကျော် လူမျိုးကြီး တမျိုး [၂] အဖြစ်သို့ ရောက်ရှိရန် ဖြစ်သည်။

ကရင်ကို မြန်မာက မယုံကြည်သလို မြန်မာကိုလည်း ကရင်က မယုံကြည်နိုင်သေးဟု ဆိုရပေမည်။ အကြောင်းမှာ မြန်မာ များသည် အင်္ဂလိပ်အရေး နိမ့်သောအခါ ဂျပန်ထံသို့ ခိုဝင်ပြီး ဂျပန်အရေး နိမ့်ပြန်သောအခါ အင်္ဂလိပ်ထံသို့ ဦးလှည့်ကာ ဂျပန်ကို ပြန်လည်တော်လှန်သောအားဖြင့် နိုင်ငံရေးပရိယာယ် ပေါများ ပွေလီလှသော လူမျိုးများဟုပင် ယူမှတ်ကြသဖြင့် ယနေ့အထိ ယုံကြည်မှု လုံလောက်အောင် ရပြီဟု မဆိုနိုင်သေးချေ။

ကရင်တို့သည် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးလိုကြောင်းနှင့် ကမ္ဘာသို့ ကျေညာပြီး ဖြစ်သည့် အတိုင်း မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီး နိုင်ရန်အတွက် စိုင်းပြင်းလျက် ရှိကြလေသည်။ ၁၉၄၇ ခု ဇန္နဝါရီလ ၄ ရက်

၁။ Race ၂။ Nation

နေ့ကစ၍ ဗမာနိုင်ငံကြီး လွတ်လပ်သွားပြီဖြစ်သဖြင့် တိုင်းရင်းသားတိုင်း လွတ်လပ်ကြပြီဟု ဆိုကြသော်လည်း ကရင်များသည် မိမိတို့ကိုယ်ကို မိမိတို့ လွတ်လပ်ကြပြီဟု ခံမခံ နိုင်ကြသေးချေ။ အကြောင်းမှုကား အရေးမပါ အရာမရောက်သော ရာထူးအချို့၌ ကရင်အမျိုးသား အနည်းငယ်မျှကိုသာ ခန့်ထားသည်ဟု သိရှိရသည်မှ တပါး အရေးပါ အရာရောက်သော ရာထူးကြီးများ၌ ကရင်များ မရှိသလောက်ပင် ဖြစ်၍ နေသဖြင့် လွတ်လပ်ရေး၏ အရသာကို ကရင်များ တင်းပြည့် ကျပ်ပြည့်ခံစားရပြီဟု မဆိုနိုင်သေးသဖြင့် ကရင်များ နစ်နာလျက်ပင် ရှိသေးသည်။

ကရင်အမျိုးသား ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ ကိုယ်စားလှယ်များသည် နှစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးပါသော်လည်း ကရင်ပြည်ကိုပေးရန် စည်းကမ်းဥပဒေ မရှိသောကြောင့် မပေးနိုင်ကြောင်းနှင့် အတည့်အလင်း ကျေညာခဲ့လေသည်။ ကရင်လူထုကြီး၏ သဘောထားကား ကရင်ပြည်ကို မရမခြင်း မဆုတ် မနစ် ဆောင်ရွက်သွားမည် ဖြစ်လေသည်။ ထိုမှ တပါး ကေအင်ယူ အဖွဲ့ချုပ်ကြီးကို အင်တိုက်အားတိုက် ထောက်ခံခြင်းအားဖြင့် ကရင်ပြည်ကို ရသည့်အထိ လူထုဆန္ဒ အရ တိုက်ယူ ကြလိမ့်မည် ဖြစ်လေသည်။ ကေအင်ယူ အဖွဲ့ချုပ်ကြီးကလည်း လူထု ဆန္ဒ အရ တသွေမတိမ်း စည်းကမ်း သေဝပ်စွာ ဆောင်ရွက်သွားမည့် အကြောင်းနှင့် ကြိမ်ဖန်များစွာ ကျေညာ ခဲ့လေသည်။

(၃)*"လွတ်လပ်ရေးလမ်းစဉ်" မှ ကောက်နုတ်ချက်များ

လွတ်လပ်ရေး၏လမ်းစဉ်ကား ဆူးညှောင့် ခလုတ်များဖြင့် ပြွမ်းသော လမ်းနှင့် သဏ္ဌာန် တူလေသည်။ လွတ်လပ်ရေး၏ အရသာကို ခံယူကြရသည်နှင့် အမျှ ကြီးလေးသော တာဝန်များလည်း ရှိနေပေသည်။ လွတ်လပ်ပြီး ဖြစ်သော ဗမာ နိုင်ငံကြီးသည် ယခုအခါ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်လျက် ရှိရာ ပြည်ပိုင်အစိုးရများကလည်း တတ်အားသမျှ ဖြေရှင်း ပေးရလေသည်။ အကယ်၍ အစိုးရသည် အခက်အခဲများကို ဖြေရှင်းပေးနိုင်စွမ်း မရှိပါမူ ပြည်သူ လူထုကပင် ပြန်လည် ဖြေရှင်း ပေးရပေလိမ့်မည်။

ကရင်အမျိုးသား အပေါင်းတို့သည် ဤစာစောင်ကို ဖတ်ရှု ကြရခြင်းအားဖြင့် တိုင်းပြည်၏ အခြေအနေမှန်ကို ဝေဖန် သိရှိသဖြင့် ကရင်လူထု လိုလား တောင့်တမျက်ရှိသော ကရင်သီးခြား ပြည်နယ်ရအံ့ဆဲဆဲ အခါ ဖြစ်သည့် အားလျော်စွာ

မိမိတို့၏အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ရနိုင်ရေးအတွက် မလျှော့သော လှုံ့လဖြင့် ရှေးရှုဆောင်ရွက် သွားနိုင်ကြစေသတည်း။

ကရင်များ အတွက်မူကား မထောင်းတာဘဲ ထူးခြားချက် တစုံတရာ မရှိချေ။ အကြောင်းမူကား မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင် အဆင့်အတန်း များ၌ ကရင်အရာရှိများ မရှိသလောက်ပင်၊ နိုင်ငံခြားသို့ ဗမာသံအမတ်များနှင့်တကွ အတွင်းဝန်များအပြင် ရုံးအလုပ်သမား များသည် လွတ်လပ်သော တိုင်းရင်းသားများ ပီပီ နိုင်ငံခြားသို့ သွားရောက်ပြီး တိုင်းတပါးသားများနှင့် ပခုံးချင်း ယှဉ်ကာ မိမိတို့၏ သက်ဆိုင်ရာ တာဝန်များကို ခွဲဝေ လုပ်ကိုင်လျက် ရှိကြပြီး ကမ္ဘာကလည်း ဗမာများကို လွတ်လပ်သော လူတမျိုးဟု အသိအမှတ် ပြုကြရပြီ။ ကမ္ဘာ့ ကုလသမဂ္ဂသို့လည်း ဗမာနိုင်ငံသည် ဝင်ခွင့် ရပြီ။ သို့ရာတွင် ဝမ်းနည်းဖွယ် အကြောင်းတရပ်ကား၊ နိုင်ငံခြားသို့ သံအမတ်များနှင့် အတွင်းဝန်များကို စေလွှတ် ကြရာတွင် ကရင်အမျိုးသား တဦးတယောက်မျှ မပါဝင်ခဲ့ခြင်းပင် ဖြစ်လေသည်။

ထိုမှတပါး လက်ရှိ ဗမာ နိုင်ငံအစိုးရသည် တနှစ်လျှင် နိုင်ငံခြားသို့ ပညာတော်သင် ၁၀၀ ကျော် စေလွှတ်နိုင်ရန် စီမံကိန်းများ ရေးဆွဲခဲ့ပြီ။ ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးကြီးများ၊ ကမ္ဘာ့ပြပွဲများနှင့် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲကြီးများသို့ ဗမာကိုယ်စားလှယ်များကို စေလွှတ် နိုင်ခဲ့ပြီ။ လူငယ်တစုကိုလည်း ကမ္ဘာ့ ဗဟုသုတကို ဆည်းပူးရေးအတွက် ကမ္ဘာလှည့်ရန် စေလွှတ်ခဲ့ပြီ။ သို့ရာတွင် အဆိုပါ ကိုယ်စားလှယ်များ၌ ကရင်များ မပါသေးချေ။ ဗမာများသည် ယခုအခါ လုံးဝလွတ်လပ်သော နိုင်ငံသူ နိုင်ငံသားများ ရရှိသော အခွင့်အရေးတိုင်းတို့ကို မြိန်မြိန်ရှက်ရှက်ကြီး ခံစား စံစားကြရလေပြီ။

လွတ်လပ်သော တိုင်းပြည် တပြည်သည် လူနည်းစု၏ ပြဿနာကို မဖြေရှင်းနိုင်လျှင် ထိုလွတ်လပ်ရေးသည် ကြာမြင့်စွာ တည်တံ့ ခိုင်မြဲနိုင်မည် မဟုတ်ချေ။ တိုင်းပြည်တိုင်း နိုင်ငံတိုင်း၌ လူနည်းစု အခွင့်အရေးဟူ၍ ရှိစမြဲပင် ဖြစ်ချေသည်။

ယခုအခါ ဗမာ များသည် လူမျိုးစု တဦးတည်း အနေနှင့် တိုင်းပြည်အတွင်းရှိ အထက်တန်းစား အခွင့်အရေး ဟူသမျှတို့ကို အကုန်လက်ဝါးကြီးအုပ်၍ နေသဖြင့် တိုင်းရင်းသား လူနည်းစုများသည် ကျေနပ်မှု မရကြပေ။

လူနည်းစု၏ ပြဿနာကို မဖြေရှင်း နိုင်လျှင် ဗမာပြည်သည် ကြာမြင့်စွာ လွတ်လပ်နိုင်လိမ့်မည် မဟုတ်။ အကြောင်း မူကား ကျေနပ်မှုကို မရကြကုန်သော လူနည်းစုတို့သည် ထွက်ပေါက်ကို ရှာကြလိမ့်မည်။ ဤအတောအတွင်းဝယ် ဗမာများအချင်းချင်း ကွဲနေကြပြန်လျှင် လူနည်းစုများက မိမိတို့ အခွင့်အရေးအတွက်

ကွဲနေသော ဗမာများနှင့် ပူးပေါင်းကာ အစိုးရအား အနှောင့်အယှက် ပေးနိုင်ဖွယ်ရာ အကြောင်း ရှိသည်။

ယခု အချိန်တွင် လက်ရှိ သံလွင်နယ်သူ နယ်သားများ၏ သဘောထားကို စုံစမ်းကြည့်သည့်အခါ သူတို့သည် ကေ အင် ယူ အဖွဲ့ချုပ်ကြီး၏ လုပ်ငန်းစဉ်များကို အကြောင်းမရှိ ထောက်ခံလျက် ကရင်သီးသန့် ပြည်ကို အူလှိုက်သဲလှိုက် အလိုရှိကြသည်ဟု သိရှိကြရ၏။

ကျွန်ုပ်တို့ သိရှိကြပြီး ဖြစ်သည့်အတိုင်း လယ်သီးစားခကို လယ်ခွန်တော်၏ နှစ်ဆပေးရမည်ဟု ဥပဒေ တရပ် ထွက်ပေါ်လာသဖြင့် လယ်ရှင်များသည် မိမိတို့၏ လယ်မြေကို ကိုယ်တိုင် ထွန်ယက်လုပ်ကိုင်ခြင်း မပြုလျှင် ထမင်းငတ်သွားမည့် အဖြစ်မျိုးနှင့် ကြုံကြိုက်ခဲ့ကြရလေသည်။ လယ်ဧက ၅၀ ရှိသော လယ်ပိုင်ရှင် တဦး၏ သီးစားခ ဝင်ငွေသည် ၂၀ဝ ကျပ်ထက်မများသဖြင့် သူတို့သည် မိမိတို့၏ အိမ်ထောင်အတွက် ဝမ်းစာစပါး လုံလောက်အောင် မဝယ်နိုင်ကြချေ။ လယ်ဧက ၂၀ ရှိသော လယ်ပိုင်ရှင်တဦးသည် လယ်သီးစားခ ဝင်ငွေ ၇၀ ကျပ်မျှသာ ရတော့သည်။ ဝမ်းစာစပါး ဝယ်နိုင်ဖို့ဝေးစွ ငြုတ် ဆား ဆီများကိုပင် တနှစ်စာ ဖူလုံအောင်ဝယ်နိုင်ဖို့ အတော် ခြိုးခြံကြရလိမ့်မည်။ သူတို့ စားသောက်ရန် အတွက်မူကား အခြား ငွေဝင်လမ်းမရှိက မဖြစ်နိုင်။ အခြား ဝင်ငွေလမ်း မရှိသော မုဆိုးမ သို့မဟုတ် သက်ကြီးရွယ်အိုများမှာ ကိုယ်တိုင် လယ်ထွန်ယက် လုပ်ကိုင်ခြင်း မပြုနိုင်သဖြင့် ထမင်းငတ်ရန် အတော်ပင် သေချာ လှ၏။

သို့သော်လည်း လက်ရှိ အခြေအနေအရ တွေ့မြင်ကြရသည်မှာ သူကြီးအပိုင်ပိုင်း၌ ဘုတ်အဖွဲ့များရှိပြီး ထိုဘုတ်အဖွဲ့ကို အစိုးရက အာဏာ လွှဲအပ်သည် ဖြစ်သဖြင့် သက်ဆိုင်ရာ အရေးပိုင်များ ကိုယ်တိုင် အဆိုပါ ဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ပြီးသော ကိစ္စများကို ထပ်မံ ပြင်ဆင်ရန် မလွယ်ကူလှချေ။ (ဝါ) မပြင်နိုင်ချေ။ ဖော်ပြပါ ဘုတ်အဖွဲ့ များသည်လည်း အထက်ပါ ဥပဒေများကို ကောင်းမွန်စွာ နားမလည်ကြသောကြောင့်၎င်း၊ မိမိတို့၏ပါတီအကျိုးကိုသာ ရှေးရှုကြသောကြောင့်၎င်း မိမိတို့လိုလားသည့် အတိုင်း တဖက်စီးနင်း ဆုံးဖြတ်သည်က များလေသည်။

လွန်ခဲ့သော နှစ်ပေါင်း များစွာက ရှိနှင့်ပြီးသော ကရင်ပြည် ပြဿနာသည် ယခုအတွက်ကြောင့် ပျောက်ကွယ်လုမတတ် ရှိရာမှ ၁၉၄၅ ခုဇွန်လ ၁၀ ရက်နေ့တွင် ထပ်မံပေါ်ပေါက် လာပြန်ကာ ယခု အထိ ဆင့်ကဲ ဆင့်ကဲ ပိုမို ပေါ်လွင်ထင်ရှားပြင်းထန် ရဖလသည်။ လွတ်လပ်ရေး မရမီ အခါက ကရင်အမျိုးသား ခေါင်းဆောင်များသည် ကရင်ပြည် ထူထောင်ရန် အတွက် အရေးဆိုတိုင်း ဗမာခေါင်းဆောင်

များက နယ်ချဲ့သမား အင်္ဂလိပ်တို့၏ ခြေထိုးမှု ပယောဂများကြောင့် တောင်း သည်ဟု စွပ်စွဲကြလေသည်။ အချို့သော အလိုတော်ရိ ကရင်များကပင် ကရင်ပြ ကို တောင်းဆိုသော ကေအင်ယူ ခေါင်းဆောင်များသည် အင်္ဂလိပ်များ၏ လက် ပါးစေဟု အမျိုးမျိုး စွပ်စွဲပြောဆို ကြလေသည်။

မြန်မာနိုင်ငံတော် လွတ်လပ်ပြီးသည့် နောက်၌မူကား ကရင်အမျိုးသား များ သည် မိမိတို့ဆန္ဒ ပြင်းပြကြသည့်အလျောက် အောက်မြန်မာပြည် တခွင်ဝယ် မြို့ကြီး ၄၂ မြို့မှ လူထုဆန္ဒပြလိုက်ရာတွင် အဆိုပါ ဆန္ဒပြပွဲသို့ တက်ရောက်သော ကရ အမျိုးသားပေါင်း (၄၅၀,၀၀၀) လေးသိန်းခွဲ ကျော်ရှိသဖြင့် ဖော်ပြပါ ဗမာ အမျိုး သားများနှင့်တကွ အလိုတော်ရိကရင်အမျိုးသား အချို့တို့၏ စွပ်စွဲချက် မမှ ကြောင်းကို လက်တွေ့ဖြေရှင်းရာသို့ ရောက်လေသည်။

လက်ရှိ အခြေအနေ အရ ကရင်လူထုကြီးသည် ကရင်ပြည်ကို မရမခြင်း ကျေနပ်မှုမရနိုင်ဟု အတည့်အလင်း ကြွေးကြော်လျက်ရှိကြပြီ။ ထို့မှတပါး မိမိတို့ လိုလားသော ကရင်ပြည်ရရှိရေး အတွက် မရမခြင်း နှလုံးရည်ဖြင့် တိုက်မည်ဟု အတည့်အလင်းကျေညာခဲ့ကြပြီ။ဗမာများကလည်း ကရင်များ၏ တောင်းဆိုချက် ကို လုံးဝလိုက်လျောခြင်း မပြုလိုကြသောကြောင့် ကရင်အမျိုးသားများ၏ အကူ အညီကို ရသင့်သလောက် မရနိုင်တော့ချေ။ ယခုတိုင် ကရင် အရေးသည် မတင် မကျ ဖြစ်၍ ကျေနပ်မှုများကို မရကြသေး။ ဤကဲ့သို့ အရေးများကို သက်ဆိုင်ရာ အာဏာပိုင်များသည် ဖြေရှင်းပေးနိုင်စွမ်း မရှိပါမူ ကရင်အရေးသည် မည်သည့် အခါမျှ အေးလိမ့်မည် မဟုတ်ချေ။

ဆိုရှယ်လစ် ပါတီသည် ဖ ဆ ပ လ အတွင်းတွင် အင်အားအတောင့်တင်းဆုံး အဖွဲ့ဖြစ်သောကြောင့် ဖ ဆ ပ လ အထဲ၌ပင် လက်ဝါးကြီးအုပ်လျက် ရှိ၏။

လယ်မြေများကို သိမ်းပိုက်လိုက်သည်ရှိသော် လယ်ပိုင်ရှင်ကလေးကို နစ်နာ စေမည် ဖြစ်သဖြင့် သူတို့၏ မကျေနပ်မှုတို့ကြောင့် ထိုဥပဒေကို တိုက်ဖျက်ရန် အတွက် ဆန့်ကျင်မှုများ ပေါ်ပေါက်လာနိုင်ဖွယ်ရာ ရှိလေသည်။

လယ်ယာမြေ ဝေငှရာ၌လည်း လွယ်ကူလှမည် မဟုတ်ချေ။ အကြောင်းမူကား လယ်မရှိသူတိုင်းကို လယ်ဆယ်ကေစီသာ ဝေပေးလျှင် အားလုံး အတွက် စေ့ငှ နိုင်လိမ့်မည် မဟုတ်သဖြင့် မကျေနပ်မှုများ ထပ်မံပေါ်ပေါက်လာမည့် အပြင် လယ် ကိုရပြီး ထွန်ယက်ရန်အတွက် ကျွဲ နွားမရှိသူများလည်း ထောင်သောင်း မကပေါ် ပေါက်လာပေလိမ့်မည်။

ဖော်ပြပါ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်ရှိသော် ပြည်ပိုင် အစိုးရသည်

တိုင်းရင်းသားအားလုံး တို့၏ ကျေနပ်မှုကို ရယူရန် ခဲယဉ်းမည်ဖြစ်သဖြင့် အကျိုးရှိ မည်ထက် အပြစ်က ပိုမို၍ နေပေလိမ့်မည်။ လယ်မြေသိမ်းခြင်း ကိစ္စနှင့် စပ်လျဉ်း၍ တိုယက်ရှုရှား တနိုင်ငံတည်းသာ ရှိသေးသည့်အပြင် ဤလယ်သိမ်းရေးနှင့် စပ် လျဉ်း၍ တိုင်းသူပြည်သား အသက်ထောင်သောင်းမက သေကြေပျက်စီး ခဲ့ရသည် ဟုလည်း ကြားဘူးကြရလေသည်။ သို့ဖြစ်၍ လယ်မြေသိမ်းသော စံနစ်သည် တ ကယ်ကောင်းသည်ဟု ကေန်မပြောနိုင်ကြသေးချေ။

ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းပြည် အခြေအနေနှင့် တိုင်းရင်းသား အားလုံးတို့၏ စိတ်ဓာတ်ကို သေချာစွာ စူးစမ်းဆင်ခြင်ခြင်း မပြု သည့်အပြင် နိုင်ငံရပ်ခြား တိုင်းတပါးသား များ၏ အပြောနှင့် (ဝါ) စာတွေ့ လောက်နှင့် (ရွှေလသာ၊ ရွှေညာလွှမ်း) ဟူသော စကားအရ ကိုယ်မရောက်ဘူး သော တိုင်းပြည်၏ဝါဒကို ကြားရရုံမျှနှင့် သဘောကျလေ့ရှိကြလေသည်။

ယခု လက်ရှိ ဗမာနိုင်ငံ အခြေ အနေအရ တိုင်းရင်းသား များသည် အကျိုးအကြောင်း အဆိုးအကောင်းကို ကောင်းမွန်စွာ ဝေခွဲနိုင်စွမ်း မရှိသေးဘဲ လျက်နှင့် လူတိုင်း လယ်ရ ရမည်။ လူတိုင်းလယ်လုပ်ရမည်။ လူတိုင်း သက်သာ ချောင်ချိရမည် ဆိုသော အပေါ်ယံက ဝါဒကလေးလောက်နှင့် သာပန်အားဖြင့် အကြိုက်တိုးကြကာ ကွန်မြူနစ် သို့မဟုတ် ဆိုရှယ်လစ် စသည်ဖြင့် မိမိတို့နစ်သက် ရာဖြစ်သွားကြဟန် လက္ခဏာရှိသည်။ သို့ဖြင့်ပင် ဝါဒအမျိုးမျိုးတို့၏ ဆွဲဆောင်မှု တို့ကြောင့် ဗမာလူထုကြီးသည် သူများယောင်လို့ ယောင်ရသည် အမောင်တောင် မှန်၊ မြောက်မှန်းမသိ ဟူသော စကားအရ အဆွဲသန်ရာ နီးစပ်ရာသို့ ပါသွားကြ သည်က များလေသည်။

ရှေးအခါက လယ်ပိုင်ရှင်နှင့် သီးစားသမား များသည် အတော်ပင် သင့်မြတ် ကြသည်ဟု ဆိုနိုင်လောက်သော်လည်း ယခု အခါ သူတို့အချင်းချင်း မသင့်မတင့် ဖြစ်ကြကာ ရန်သူသဖွယ် ဖြစ်ကြရသေးသည်။ ဤသို့ဖြစ်ရခြင်း အကြောင်းသည် မလာလောဆယ် ပေါ်ပေါက်လာသော သီးစားနှင့် လယ်ယာမြေ ချထားရေး ဥပဒေသစ် ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်ဟု လူတိုင်း ယုံကြည်ကြသည့် အတိုင်း တိုင်းရင်းသား အချင်းချင်းနှင့် ပြီးပြတ်နိုင်သော အချိန်တွင် အခက် အခဲ ရှိမှ များပြားလာအောင် ဖိတ်ခေါ်လိုက်ခြင်းနှင့် မခြားလှချေ။

အထက်ပါ ကောက်နုတ်ချက်များမှာ ကေအင်ယူ ခေါင်းဆောင် သရာ မာထို ရေးသားသော စာအုပ်များမှ ကောက်နုတ်ချက်များ ဖြစ်လေသည်။ ထို စာအုပ်များကို ပြည်ထောင်စုအတွင်းရှိ ကရင်အမျိုးသားများ၏ လက်သို့ အနှံ့

အပြားဖြန့်ဖြူးခဲ့ရာ ကေ အင် ယူ ခေါင်းဆောင်များနှင့် ဖ ဆ ပ လ ခေါင်းဆောင်များသည် ရှေးကထက်ပင် ပိုမို၍ သဘောထား အယူအဆများ ကွဲပြားလာသည်ကို တွေ့ရပေသည်။ ထိုသို့ ကွဲပြားလာသော်လည်း ဝန်ကြီးချုပ်သခင်နုသည် ကေ အင် ယူ ခေါင်းဆောင်များနှင့် မကြာခဏ တွေ့ဆုံ၍ ကရင် မြန်မာနားလည်မှု ရရှိရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့ လေသည်။ ထိုကဲ့သို့ ကြိုးစားနေစဉ်ပင် ပုန်ကန်ထကြွလိုကြသော ကရင်အမျိုးသား တစုအား ပြင်ပမှ နေ၍ သွေးထိုး လှုံ့ဆော်ပေးသော ဝင်ရောက်နှောင့်ယှက်မှုများကို တွေ့ရပြန်လေသည်။

ထိုသို့ ပြင်ပမှ ကရင် မြန်မာ သွေးကွဲစေရန်အတွက် ဝင်ရောက် ခြေထိုးသော ထင်ရှားသည့် သာဓက တခုကို အောက်တွင် ဖော်ပြပေအံ့။

ကင့်ဗဲလ်နှင့် တူးလောက်

၁၉၄၈ ခုနှစ် စက်တင်ဘာ လဆန်းလောက်တွင် မြန်မာနိုင်ငံရှိ ဗြိတိသျှ သံအမတ်ကြီးက ကာလကတ္တားတွင် ကာနယ်တူးလောက် ဆိုသူ တယောက်ရှိနေကြောင်း ပြည်ထောင်စု အစိုးရကို သတိပေးခဲ့လေသည်။ ထိုအချိန်မှာပင် ကရင်အမျိုးသား အချို့က အစိုးရအား လာရောက် သတင်းပေးကြသည်မှာ ကာနယ်တူးလောက်က အချို့ကရင်များကို သူပုန်ထရန် သွေးထိုးပေးနေကြောင်းပင်ဖြစ်၏။ စထရင်း ဟော်တယ်တွင် တည်းခိုနေသော လန်ဒန် ဒေလီမေ သတင်းစာတိုက်မှ အလက်ဇန္ဒာကင့်ဗဲလ် ဆိုသူက ၁၉၄၈ခု စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကာလကတ္တားမြို့ စပင့်(စ်)ဟော်တယ်၌ တည်းခိုနေသော ကာနယ်တူးလောက် ထံသို့ ပေးရန် ကြေးနန်းတစောင်နှင့် စာတစောင်ကို ဘီ အို အေ စီမှ လေယာဉ်သမား မစ္စတာ အိုင်ဒီဆိုင်းမွန်းဆိုသူအား လူကြုံပါးလိုက်လေသည်။ ထိုအခါတွင်မှ ဗူးပေါ်သလို ပေါ်လာတော့သည်။ ကြေးနန်းနှင့် စာထည့်သော စာအိတ်ကို ချိပ်ပိတ်ထားသည်။ သို့ရာတွင် နောက်တနေ့ လေယာဉ်ပေါ်၌ မစ္စတာ ဆိုင်းမွန်းက လိုလိုမယ်မယ် စာအိတ်ကိုဖောက်ကြည့်လိုက်သည်။ ကြေးနန်းနှင့် စာပါအကြောင်းများကို တွေ့သောအခါ ဖွန်စ္စာအဲ့အားသင့်သွား၍ မိတ္တူတစောင် ကူးထားလိုက်သည်။ ထိုမိတ္တူကို မိမိ၏အဖော်ဖြစ်သော ဘီ အို အေ စီမှ လေယာဉ်သမား ဟော့ဝပ်ကို မိတ္တူမှန်ဖြစ်ကြောင်း အသိသက်သေ အဖြစ် ပြလိုက်လေသည်။ ကာလကတ္တားသို့ရောက်သောအခါ မူရင်း စာနှင့် ကြေးနန်းကို လိပ်စာနှင့် ကာနယ်တူးလောက်သို့ ပေးအပ်ပြီးလျှင် မိတ္တူတစောင်ကို မစ္စတာ ဆိုင်းမွန်း ယူထားလိုက်သည်။

စာ၏ ရက်စွဲမှာ ရန်ကုန်မြို့ ၁၉၄၈ ခု စက်တင်ဘာလ ၉ ရက်ဟု ပါရှိပြီးလျှင် ကာနယ်တူးလောက်ကို "ချစ်ဆွေ ဟော့(ပ်)" ဟု ခေါင်းစဉ်တပ်၍ ရေးသားထားသည်။ အောက်ပါတို့မှာ စာ၏ ကောက်နုတ်ချက်များ ဖြစ်သည်။

"ခင်ဗျား၏ စာကို အခြား နှစ်ယောက် မရှိသဖြင့် ကျွန်တော် အက်(စ်)အက်(စ်) သို့ ပေးလိုက်ပါသည်။ နံပတ် ၁ သည် ယခုအိမ်တွင်ရှိ၍ ခင်ဗျားကို စောင့်နေပါသည်။ ပဌမအသုတ် ပို့လိုက်မည့် လက်နက်ခဲယမ်း မီးကျောက်များကိုလည်း စောင့်မျှော် နေကြသည်။ သူတို့က ထိုပစ္စည်းများ လမ်းတွင် ရောက်နေကြပြီဟု ထင်ကြပါသည်။ (ခင်ဗျား ပြောခဲ့သည့် ဘရစ်စဘိန်းက သင်္ဘော ၂ စင်း အကြောင်းကို အိုက သူတို့ကို ပြောပြပါသည်။) အခြေ အနေသည် သိပ်အရေးကြီးနေကြောင်း အက်စ်အက်စ်က ကျွန်တော့ကို ပြောပါသည်။ နောက်ထပ် ပစ္စည်းများမရရှိပါက ဤအတိုင်း ၁၄ ရက်ခန့်ထက်ပိုပြီး လုပ်ကိုင်သွားရန် ခဲယဉ်းပါသည်။ ရှာနချုပ်တွင် ကျွန်တော်နေ့ဝက်နေခဲ့ပြီး လာသမျှ အစီရင်ခံစာတွေကို ဖတ်ခဲ့ပါသည်။ အခြေအနေကို ကျွန်တော်တော့ သည်အတိုင်းဘဲ မြင်ပါသည်။ သူတို့မျှော်လင့်ထား ကြသော အခြားလူနည်းစု များထံမှလည်း ဘာမျှ အကူအညီ မရပါ။ ထိုသူများမှာ မိမိဒေသများ၌ပင် အခြေအနေကို စောင့်ကြည့်ယင်း အေးဆေးစွာ နေထိုင်လျက် ရှိကြပါသည်။ ကျွန်တော်တို့၏ တောင်ပေါ်မှ မိတ်ဆွေများသည်လည်း အချင်းချင်း သွေးကွဲနေကြသဖြင့် တောင်ဖက်သို့ ဆင်းလာနိုင်မည် မဟုတ်ပါ။ လောလောဆယ်တွင် သူတို့ထံမှ ဘာမျှ မျှော်လင့်စရာ မရှိပါ။

ရန်ကုန်မြို့ကိုတော့ ယခုလောလောဆယ်တွင်ရင်း၊ နောင်အချိန်များတွင်ရင်း တိုက်ခိုက်ရန် မဟုတ်ပါ။ ကျွန်တော် အထင်ကို ပြောရမည် ဆိုသော် ကေ တို့သည် ယခုလက်ရှိ သူတို့ သိမ်းပိုက်ထားသော နယ်မြေအားလုံးကို ပိုင်ဆိုင်ခွင့် ပြုက ကျေနပ်ကြလိမ့်မည်ဟု ထင်ပါသည်။ သူတို့သည် ထိုအချက်များနှင့် စပ်လျဉ်း၍ အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးရန် အဆင်သင့်ပင် ဖြစ်ကြပါလိမ့်မည်။ အမှန်မှာ ကျွန်တော့်ထင်မြင်ယူဆချက်ကိုသာ တင်ပြခြင်း ဖြစ်ပါသည်။ သူတို့ဖက်က စဉ်းစားပြီး ပြောရလျှင် ဤအခြေအနေ ဖန်တီးလာရသည်မှာ လက်နက်ခဲယမ်း မီးကျောက် မလုံလောက်မှုကြောင့်ပင် ဖြစ်ပါသည်။ သိပြီးဖြစ်သည့် အတိုင်း သူပုန်မထမီကပင် အစိုးရတပ်များက ကရင်များထံမှ လက်နက်များကို သိမ်းထားလိုက်ကြပါသည်။ ထို့နောက် ယခု အခြေအနေမျိုးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါသည်။ နောက်ပြီး သူတို့က ဤကိစ္စနှင့် စပ်လျဉ်း၍ လိုသမျှကို ခင်ဗျားက ထုတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားထားခဲ့ကြပါသည်။

မစ္စတာ ဆိုင်းမွန်းသည် ဗြိတိသျှ ဆိုရှယ်လစ်တယောက် ဖြစ်၍ မြန်မာနိုင်ငံ၌ ဗြိတိသျှ တိုင်းရင်းသားအချို့၏ ပြည်တွင်းဆူပူမှု လုပ်ငန်းများကို လွန်စွာ စက်ဆုပ်လေသည်။ ထို့ကြောင့် ကရာချိမြို့သို့ ရောက်သော အခါ မြန်မာ သံအမတ်ကြီး ဦးဖေခင်ထံသို့ မိတ္တူစာကို ပေးအပ်ယင်း အကျိုးအကြောင်းကို ရှင်းလင်း ပြခဲ့လေသည်။ ထိုက်သင့်သလိုအရေးယူနိုင်ရန် ဦးဖေခင်က ထိုစာကို မြန်မာနိုင်ငံတော် အစိုးရထံသို့ ပို့လိုက်၏။

၁၉၄၇ ခု နိုဝင်ဘာလ ၃ ရက်နေ့တွင် လန်ဒန်မြို့၌ မစ္စတာ အိုင်၊ ဒီ၊ ဆိုင်းမွန်းက မိမိလက်ထဲ စာရောက်ရှိလာပုံ အကြောင်းများကို ကျမ်းကျိန် ထွက်ဆိုသွားလေသည်။

မစ္စတာ ဒေ၊ ကင့်ဗဲလ်ကို ပြည်ထောင်စု အစိုးရက ဖမ်းဆီးလိုက်သောအခါ အရေးကြီးသော စာရွက်စာတမ်းများ သူ့ထံမှ ထပ်မံ သိမ်းဆီးရရှိပြန်သည်။ အောက်ပါတို့မှာ ကောက်နုတ်ချက်များ ဖြစ်သည်။

"ကျွန်တော်ရောက်ပြီး ရက်အနည်းငယ် အတွင်းမှာပင် အော်လီဗာ၏ သူငယ်ချင်းတယောက်နှင့် ဆက်သွယ်မိပါသည်။ သူ့ကို ကရင်ကလပ်တွင် နောက်ထပ်တွေ့ပါသည်။ ထိုသူမှာ အခက်အခဲမရှိဘဲ သူ၏ ဂျစ်ကားဖြင့် တိုင်းပြည် အနှံ့ အပြားသွားလာနေပါသည်။ ကာလကတ္တားတွင် ရှိသော ခင်ဗျားထံသို့ ရန်ပုံငွေများပို့ရန် မေတ္တာရပ်ခံထားသောစာကို ထိုလူသို့ ပေးလိုက်ပါသည်။ သူကလည်း စီစဉ်မည်ဟု ကတိပေးပါသည်။ နောက်နေ့တွင် သူတို့၏ ဌာနချုပ်နှင့် အသံလွှင့်ရုံတည်ရှိရာ အင်းစိန်သို့ သွားရန် ကျွန်တော့်ကို လာခေါ်မည်ဟု ပြောပါသည်။ သို့ရာတွင် နောက်တနေ့တွင် တယ်လီဖုန်းမှ နေ၍ သူမလာရောက်နိုင်ကြောင်း ပြောပါသည်။ ထိုအချိန်မှစပြီး တပတ်ကျော်ကျော် သူနှင့် မတွေ့ရတော့ပါ။ သူ့ အကြောင်းလည်း ဘာမျှ မကြားရပါ။ ယနေ့ နံနက်တွင် သူပေါက်လာပါသည်။ နောက်ဆုံး ထုတ်ဝေရန် သတင်းများကို ပေးပြီး အမြန်ဆုံး ထုတ်ဝေရန် မှာကြားသွားပါသည်။ အောက်ပါ အတိုင်း အကျဉ်းချုပ်အားဖြင့် ဖော်ပြလိုက်ပါသည်။

ကရင်နီ ပြည်နယ်မှ ကရင်များသည် ကရင်နီ ပြည်နယ် တခုလုံးကို မော်ချီမိုင်းမှ နမ်းဖဲအထိ သိမ်းပိုက်ထားသည်။ ဂျပန်များ ဆောက်လုပ်သွားသော လေယာဉ်ကွင်း တခုလည်း သူတို့ လက်အောက်တွင် ရှိနေ၍ ယခု အခါ ပြင်ဆင်နေသည်။ သူတို့သည် လွယ်ကော်ကို မတိုက်ခင် အင်အား ဖြည့်တင်းရန် စောင့်ဆိုင်းနေကြသည်။ မှတ်ချက်၊ ဘဟန် (အစိုးရအတွက် လုပ်နေသူ) နှင့် ဦးဘီတို့သည် ရန်ငြိုးရှိကြသည်။ မကြာသေးမီက ဘဟန်တို့ လူစုသည် ဦးဘီအိမ်ကို ဝိုင်းဝန်းတိုက်ခိုက်ရာ

ဦးဘီ၏ လူ ၂၀ ကို သတ်ဖြတ်ပစ်လိုက်ကြသည်။ ထိုအထဲတွင် ဦးဘီ၏ သားလည်း ပါသည်။ ထို့နောက် ဦးဘီကို ဖမ်းဆီးထားသည်။ လွယ်ကော်မှ စောဝဏ္ဏသည် အစိုးရနှင့် အပေါင်းပါ ဖြစ်ပါသည်။

ကရင်များသည် သထုံ၊ ဖျာပုံနှင့် မော်လမြိုင်မြို့များကို သိမ်းပိုက်ထားသည့်အပြင် ခရိုင်ပတ်ဝန်းကျင် အားလုံးကိုလည်း သိမ်းပိုက်ထားသည်။ ကရင်စစ်အုပ်ချုပ်ရေး အစိုးရကိုလည်း မော်လမြိုင်တွင် ဖွဲ့စည်းပြီး ဖြစ်သည်။ အခြေအနေကို လာရောက် စုံစမ်းသော အစိုးရလေယာဉ်ပျံ တစင်းကိုလည်း သိမ်းဆီးထားလိုက်သည်။ မြိတ်နှင့် ပြည်မြို့များကို ၂ ရက်အတွင်း သိမ်းပိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

အော်လီဗာက သူတို့မှာ လက်နက်ခဲယမ်းမီးကျောက်အရေးတကြီးလိုကြောင်း၊ ခင်ဗျားက မော်လမြိုင်သို့ လေယာဉ်ဖြင့် ဖြစ်စေ၊ သို့မဟုတ် သင်္ဘောဖြင့် ဖြစ်စေ အမြန်ဆုံး ပို့ပေးရန် ပြောပါသည်။ ခင်ဗျားရဲ့ ဆက်သွယ်မှုကို သူတို့ မျှော်လင့်နေခြင်းမှာ သူတို့အတွက် ငွေကြေးနှင့် သယ်ယူ ပို့ဆောင်ရေး အကူအညီကို လိုချင်ဟန်တူပါသည်။ အမှန်အားဖြင့် ဘယ်လို သဘောတူညီချက်တွေဖြင့် ဘာပစ္စည်းများပေးမည်ဆိုသော ကိစ္စမှာ ခင်ဗျား ပိုသိပါလိမ့်မည်။

ရှင်းရှင်း ရေးရယင်တော့ လက်ရှိ အခြေအနေကို ကျွန်တော် နည်းနည်းမှ မကျေနပ်ပါ။ အော်လီဗာနှင့် Rew က ကျွန်တော်တို့ ပေးခဲ့သည့် ကတိအတိုင်း မိတ်ဆွေများက အားလုံးလိုက်နာသည်ကိုလည်း မတွေ့ရပါ။

မထုတ်ပြန်ရသေးသော သတင်းများကို ထုတ်ပေးနေသဖြင့် မနေ့က ကျွန်တော့်ထံသို့ သတိပေးစာတစောင် ရောက်လာပါသည်။ ထို့အပြင် ကျွန်တော့်ကိုလည်း အကဲခတ်နေကြသည်ဟု ပြောပြန်သဖြင့် မိတ်ဆွေများနှင့် ဆက်သွယ်ရာ၌ အခက်အခဲ တွေ့နေရပါသည်။ ကာလကတ္တားသို့ ပစ္စည်းပို့ရန် ကိစ္စကလည်း မလွယ်ကူလှပါ။ လေယာဉ်ကွင်းသို့ ရောက်အောင် ၁၁ မိုင် ကားနှင့် သွားရပါသည်။ လေယာဉ်ကလည်း နာရီဝက်ခန့်သာ ရပ်နားပြီး လေယာဉ်မောင်းသမားများကလည်း မြို့ထဲသို့ မလာကြပါ။

ကရင်နီ ပြည်နယ်အခြေအနေဆိုးရွားနေပါသည်။အောင်မြင်မှုများကိုစုပေါင်း၍ မြေပြင်မှ လူများကို လာရောက် ကူညီရမည့် အစား အချင်းချင်း ဗရင်ဂျီနှင့် ဗက်ပတစ် ဘာသာရေးစစ်ပွဲများ ဆင်နွှဲနေကြသည်။ တောင်ဖက်တွင် အရေးတကြီးလိုအပ်နေသော အဖိုးတန် လက်နက်များလည်း သူတို့ ထံမှ မရောက်လာနိုင်တော့ပါ။ ထို့အပြင် ထိုဒေသကို အစိုးရ ပြန်သိမ်းပိုက်မည်ကိုပင် စိုးရိမ်နေရပါ

သည်။ မျှော်လင့်ထားသည့် အတိုင်း ဗိုလ်ချုပ် စမစ်ဒွန်းကလည်း ကရင်များဖက်က မပါဝင်သည့် အပြင် အစိုးရကို လုံးဝ ထောက်ခံအားပေးလျက် ရှိသည်။

အခြေအနေအားလုံး သိပ်တော့ မဟုတ်လှပါ။ အကယ်၍ ဖို့(ပ်) ကသာ ပစ္စည်းများကို အမြန်ဆုံး မထုတ်ပေးနိုင်ယင်ဖြင့် အခြေအနေများ အားလုံး ပျက်ပြားသွားမည့် အပြင် ကျွန်တော်တို့ အတွက်လည်း ငွေကြေးအကြီးအကျယ် ဆုံးရှုံး၍ မျက်နှာပန်းလည်း လှတော့မည် မဟုတ်ပါ။ ထို့ကြောင့် အခြေအနေတွေ အားလုံး အဆင်ပြေအောင် တခုခု အမြန်ဖြစ်ဖို့ မျှော်လင့်ကြပါစို့။

ဤအကြောင်း အရာများသည် လန်ဒန် ဒေလီမေ သတင်းစာမှ မစ္စတာ အလက်ဇန္ဒာကင့်ဗဲလ်၏ ပြည်တွင်း ဆူပူမှု လုပ်ငန်းများအကြောင်းပင် ဖြစ်သည်။ မစ္စတာ ကင့်ဗဲလ်ကို နိုင်ငံတော် အစိုးရက နိုင်ငံခြားသားများ ဥပဒေအရ လိုအပ်သလို အရေးယူနိုင်ရန် ဖမ်းဆီးထားပြီးနောက် ဗြိတိသျှ မြန်မာ ချစ်ကြည်ရေးကို မထိခိုက်စေလို၍ ရုံးတင် စစ်ဆေးခြင်း မပြုဘဲ လွှတ်ပစ်လိုက်လေသည်။ သူ့အား လန်ဒန်မြို့ ဒေလီမေသတင်းစာမှလည်း ထုတ်ပစ်လိုက်သည်ဟု ကြားသိရ၏။

သထုံနှင့် မော်လမြိုင်တို့ကို အငိုက်တွင်ဝင်၍စီးခြင်း

ပဲခူးခရိုင်မှ စစ်တောင်းတဖက်သို့ခြိမ်းချောက်နေသော ကွန်မြူနစ်ရန်ကို တွန်းလှန်ဖြိုဖျက်ရန် ဖွဲ့စည်းနေသော စစ်ဝန်ထမ်းများကို လက်နက်ပေးရေး အတွက် ၁၉၄၈ ခုနှစ် ဩဂုတ်လဆန်းတွင် အစိုးရက သဘောရိုးနှင့် သထုံခရိုင်ရှိ ကျေးရွာအချို့မှ သေနတ် လက်နက်များကို ပြန်၍ သိမ်းစေလေသည်။ ဤသို့ လက်နက်သိမ်းသည်ကိုပင် ကရင်နှင့် မွန်အချို့က သူတို့၏ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ရရှိရေးအတွက် တရားသဖြင့် တောင်းဆိုခွင့်များကို အစိုးရက နှိပ်ကွပ်ပစ်ရန်ကြံသည်ဟု အထင်ရောက်၍ အထူးပင် စိတ်ကောက်ကြလေသည်။ ကရင်သောင်းကျန်းသူတို့က ကွန်မြူနစ်ရန်ကို ကာကွယ်ရန်ဟု ဆိုကာ စောစောက သိမ်းယူထားခဲ့ကြသော ရွှေကျင်နှင့် ကျောက်ကြီးတို့မှ ကေ အင် ဒီ အို ၂၀၀ ခန့်သည်သံလွင်မြစ်ကို ဖြတ်ကျော်ပြီးလျှင် လမ်းတလျှောက်ရှိ ရဲဌာန ဟူသရွေ့တို့ကို သိမ်းယူ၍ သထုံဖက်သို့ အပြင်းချီတက်ကြလေသည်။ သထုံကို အချက်ကျကျ သိမ်းယူနိုင်ရေး အတွက် ကရင် ရဲအဖွဲ့သားများနှင့် စစ်ရဲတို့က သောင်းကျန်းသူများနှင့် ပူးပေါင်းလိုက်ကြ၏။

သထုံကို အပိုင်သိမ်းယူပြီးနောက် ၁၉၄၈ ခု စက်တင်ဘာလ ၁ ရက်နေ့ညတွင်

မော်လမြိုင်ရှိ ကရင် စစ်ရဲများက ထကြွပုန်ကန်ပြီးလျှင် အုပ်ချုပ်ရေးကို အဓမ္မ
သိမ်း၍ အစိုးရ အရာရှိ အားလုံးတို့ကို ဖမ်းဆီးလိုက်လေသည်။ ဈေ့စပ်ညှိနှိုင်းရေး
ကိုသာ ပဌမလက်ကိုင်ပြုလေ့ရှိသော မြန်မာနိုင်ငံတော် အစိုးရက ကေ အင် ယူ အဖွဲ့
ချုပ် ခေါင်းဆောင်များကို မော်လမြိုင်သို့ လေယာဉ်ပျံဖြင့် ချက်ခြင်း စေလွှတ်၍
သောင်းကျန်းသူ ခေါင်းဆောင်များနှင့် ဈေ့စပ်ပြောဆိုစေလေသည်။ ကြာမြင့်
စွာ ဈေ့စပ်ကြပြီးနောက် မော်လမြိုင်မြို့နှင့် ကျိုက္ကမိခရိုင် အချို့ ဒေသများကို
အစိုးရ လက်အောက်သို့ တဖြည်းဖြည်း ပြန်လည် သိမ်းသွင်းခဲ့လေသည်။ သထုံ
ခရိုင်တွင်မူကား ပြည်ထောင်စုအပေါ် တွင် သစ္စာရှိကရင်ခရိုင်ဝန်တယောက်နှင့်တပ်
မှူးများကို ခန့်ထားစေလွှတ်ခြင်းဖြင့် အစိုးရက အုပ်ချုပ်ထားသလိုလို ရှိသော်လည်း
အစိုးရလက်အောက်သို့မည်သည့်အခါမျှပြန်၍မရောက်ခဲ့ချေ။ ဤသို့ ကေ အင် ဒီ အို
ကိုသည် သထုံတွင်ကြီးစိုးနေသော်လည်း ကေ အင် ယူ က အင်းစိန်တွင် အတည့်အ
လင်းထွက်၍ ပုန်ကန်သည်တွင် သူတို့က ထကြွသောင်းကျန်းခြင်းမပြုသည်မှာ ထူးခြား
သည့် အချက်ပင် ဖြစ်သည်။ ဤသို့ မထကြွသည်မှာ မော်လမြိုင်ကို အစိုးရက
သိမ်းထားသဖြင့် အရေးကြီးသော ပစ္စည်းများကို မော်လမြိုင်မှ မရနိုင်ခြင်းကြောင့်
ဖြစ်သည့် လက္ခဏာရှိလေသည်။ ၁၉၄၉ ခုနှစ် ဧပြီလတွင် အင်းစိန် ကေ အင် ဒီ အိုတို့
လက်နက်ချ ဝင်ရောက်မှုကိစ္စ ပျက်ပြားသွားသည်တွင်မှ သထုံ ကေ အင် ဒီ အိုတို့က
အုပ်ချုပ်ရေးကို သိမ်းယူ လိုက်လေသည်။

၁၉၄၈ ခုနှစ် ဩဂုတ်လမှစ၍ ကရင်လက်နက်ကိုင် ကေ အင် ဒီ အိုများသည်
လျှို့ဝှက်အသံလွှင့်ဌာနများကို စီစဉ်ထားရှိခြင်းအားဖြင့် အစိုးရကို ပုန်ကန်ရန် ပဌမ
ကပင် ရည်ရွယ်ချက်များ ရှိနေကြောင်း ကောင်းစွာ ထင်ရှားလေသည်။ ၁၉၄၈ ခု
နှစ် ဩဂုတ်လတွင် မော်ချီ သတ္တုတွင်းများသည် သူတို့၏ လက်သို့ ကျရောက်ပြီး
နောက် မကြာမီမှာပင် မော်ချီမှ ကရင်တို့က ပဌမအကြိမ် ၅၇ မီဂါဆိုင်ကယ်နှင့်
လျှို့ဝှက်အသံလွှင့်လေသည်။ ထို့နောက် အဆိုပါ မီတာနှင့်ပင် အခြားဌာနများစွာ
တို့မှ အသံလွှင့်ချက်များ တဖြည်းဖြည်း ပေါ်လာလေသည်။ မော်ချီ အသံလွှင့်
ဌာန၏ အမှတ်မှာ စီ၊အက်(စ်) ၃ ကေ အေဖြစ်၍ အခြားဌာနများ၏ အမှတ်များ
မှာ ကျူဗီ အိပ်(ချ်)၊ကျူစီ၊ အိပ်ချ်၊ ကေ ၄ အေ၊ ဂျီ၊ ၂။အိပ်ချ် ၂ တို့ပင် ဖြစ်လေ
သည်။ သောင်းကျန်းမှု မဖြစ်မီက အရေးကြီးသော ပုဂ္ဂိုလ်များ၏ အသွားအလာ
ရပ်ကွက် အခြေအနေ စသည်တို့ကို လျှို့ဝှက်အသံလွှင့်ကြသည်။ လျှို့ဝှက် အသံလွှင့်
ဌာနများမှာ မော်ချီ၊ လွိုင်ကော်၊ သထုံနှင့် အင်းစိန်တို့ ဖြစ်သည်။ ၁၉၄၈ ခုနှစ်
အဆုံးလောက်သို့ ရောက်သော အခါ တောင်ငူ၊ ပုသိမ်နှင့်အခြားစုံစမ်း၍မရသော

ဒေသများတွင် လျှို့ဝှက် အသံလွှင့်ဌာနများ တိုး၍ ပေါ်လာလေသည်။ ထို့နောက် ထိုဌာနများက မီဂါဆိုင်ကယ် ၇.၁၊ ၆.၁ နှင့် ၄.၈ တို့သို့ ပြောင်း၍ အသံလွှင့်ကြသည်။

ကေအင်ဒီအို သောင်းကျန်းသူများက တောင်ငူမြို့မှ "ကော်သူလေးအသံ" ဆိုကာ ပြောင်လွှင့်ပြီးလျှင် မြန်မာနိုင်ငံတော် အစိုးရကို အပြင်းအထန် ပုတ်ခတ်ဆဲရေးလေသည်။

ပြည်ထောင်စု စစ်ရဲတပ်တွင် အများအပြားပါဝင်သော ကရင်စစ်ရဲတို့သည် ၁၉၄၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလ ၂ လလုံးလုံး မငြိမ်မသက် ဖြစ်နေပြီးနောက် နိုင်ငံအနှံ့ အပြား ဟိုတစု သည်တစု အနည်းငယ်စီ တောခိုကြလေသည်။ မအူပင်တွင်မူကား ကရင်စစ်ရဲ ကုမ္ပဏီတပ်ခွဲ တတပ်လုံးက ခရိုင်ငွေတိုက်ကို ဖောက်၍ ငွေ ၃၅ သိန်းကို ယူပြီးလျှင် တောခို သွားကြသည်။ အင်းစိန်တွင် ကရင်စစ်ရဲတပ်ခွဲ တတပ်က အင်းစိန် ရဲအဖွဲ့ လက်နက်တိုက်မှ ခဲယမ်းမီးကျောက်တို့ကို ထရပ်ကား ၄ စီးနှင့်တင်ပြီးလျှင် တတပ်လုံး တောခိုသွားကြလေသည်။ ရှမ်းပြည် လွယ်မွေ၌ ကရင်နှင့် ပဒေါင်း စစ်ရဲ ၄၀ တို့က ၁၉၄၈ ခု စက်တင်ဘာလ ၂၃ ရက်နေ့တွင် ထကြွပုန်ကန်ပြီးလျှင် လွယ်လင်ငွေတိုက်မှ ငွေ ၂ သိန်းကို လုယူကြသည်။ စက်တင်ဘာလမှစ၍ မအူပင်၊ ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ၊ အင်းစိန်၊ ဟံသာဝတီ၊ ပဲခူး ခရိုင်များနှင့် တောင်ပိုင်း ရှမ်းပြည်နယ်များတွင် တောခိုကရင် စစ်ရဲများသည် ကေ အင် ဒီ အိုတို့နှင့် စ၍ ပူးပေါင်း သောင်းကျန်းကြလေသည်။

ထိုကဲ့သို့ ကေ အင် ဒီ အို တို့သည် နေရာ အနှံ့ အပြားတွင် ပုန်ကန် ထကြွ၍ မြို့ရွာများကို သိမ်းခြင်း၊ ငွေတိုက်များကို ဖောက်ခြင်း၊ လက်နက် ခဲယမ်း မီးကျောက်များကို လုယူခြင်း စသော ပြစ်မှုကြီးတို့ကို သဲသဲမဲမဲ ကျူးလွန်လျက်ရှိရာ သူတို့ကို နည်းပေးလမ်းပြပြုလျက်ရှိသည့် ကေ အင် ယူ အဖွဲ့ကြီးသည် ၁၉၄၈ ခု စက်တင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်နေ့များတွင် ပုသိမ်မြို့ ကရင်ကောင်စီ၌ အရေးပေါ် ညီလာခံ တရပ်ကို ကျင်းပ၍ အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်ကြလေသည်။

ထိုဆုံးဖြတ်ချက်များကိုကြည့်လျှင် ကေ အင် ယူ ခေါင်းဆောင်များသည် ဆူပူသောင်းကျန်းမှုများကို လုံးဝ မလိုလားဘဲ ပြဿနာအရပ်ရပ်ကို အေးချမ်းစွာ ဖြေရှင်းလိုကြကြောင်း ပြည်သူလူထုသို့ ဟန်ဆောင်ကျေညာသည်ကို တွေ့ရှိနိုင်ပေသည်။ ထိုကဲ့သို့ အပြောတမျိုး အလုပ်တမျိုး ပြောဆို ပြုလုပ်လျက်ရှိသော ကေ အင် ယူအဖွဲ့၏ လူကြားကောင်းအောင်ကျေညာထားသော ဆုံးဖြတ်ချက်များ

ကို သိရှိနိုင်ရန်အတွက် အထက်ပါ ကေ အင် ယူ အရေးပေါ် ညီလာခံ ဆုံးဖြတ်ချက်များကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ကေ အင် ယူ ညီလာခံဆုံးဖြတ်ချက်များ

၁။ ပါကစ္စတန် နိုင်ငံတော်ကြီးကို ဖန်တီးပေးသူ ထင်ရှား ကျော်စောသော မွတ်စလင် ခေါင်းဆောင်ကြီး မစ္စတာ မဟာမက် အလီဂျင်နား ကွယ်လွန် အနိစ္စရောက်သွားသည့်အတွက် ၁၉၄၈ ခု စက်တင်ဘာလ ၁၈ ရက်နေ့ ပုသိမ်မြို့၌ ကျင်းပသော ကေ အင် ယူ ကွန်ဂရက်ကြီးက ဝမ်းနည်းကြောင်းကိုလည်း ပါကစ္စတန်ဘုရင်ခံချုပ်ထံမှတဆင့် အခြားမွတ်စလင်နိုင်ငံများသို့ အကြောင်းကြားပေးပါရန် ဤကွန်ဂရက်က ဆုံးဖြတ်ပါကြောင်း (ထ၍တမိနစ် ငြိမ်သက်စွာ နေရန်)။

၂။ မွန်ကရင်ဆည် ဘဝကံတူ အကျိုးပေးချင်း တူညီသည့်အတွက် မကြာမီက ကေ အင် ယူ ခေါင်းဆောင်များနှင့် မွန်လူထု ခေါင်းဆောင်များ အေးအတူပူအမျှ တဦးအခွင့်အရေး ဆောင်ရွက်ရာ၌ ကူညီကြရန် သစ္စာအဓိဋ္ဌာန် ပြုကျေညာခဲ့သည်ကို ဤကွန်ဂရက်က ချင်းချက်မရှိ ထောက်ခံ အတည်ပြုပါကြောင်း။

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အခြေအနေသည် တနေ့တခြား ဆိုးရွား၍ လာသည့်အားလျော်ညီစွာ ကရင်တမျိုးလုံး၏ အသက်နှင့်စည်းစိမ်ကိုသာမက ကရင်အများအပြားနေထိုင်သော မြို့နယ်ရပ်ရွာများ၌ နေထိုင်ကုန်ကြသော အခြားအမျိုးသားများ၏ အသက်နှင့် စည်းစိမ်ပါ ကာကွယ်ရန် အထူးလိုသဖြင့် ကရင်အမျိုးသား ကေ အင် ယူ အဖွဲ့များက ကိုယ့်မြို့ကိုယ့်ရွာ ကာကွယ်မည်သာမက အခြား အကူအညီလိုသော နေရာများသို့ ကာကွယ်ရေးလိုပါက အလျင်အမြန် အကူအညီပေးရန် ဤကွန်ဂရက်က ဆုံးဖြတ်ပါကြောင်း။

အဆိုရှင် မန်းရွှေထွန်း (ပန်းတနော်)
ထောက်ခံသူ စောချမ်းမြ (ညောင်တုံး)

၄။ ကရင်သီးခြားနယ် ရရှိရေးသည် ကရင်တမျိုးလုံး မည်သည့် ပါတီဝင်ကရင်များမဆို စည်းလုံးရေး အပေါ်တွင် အဓိက တည်ရှိနေပါ၍ ကရင် တမျိုးလုံး

မကွဲမပြား စည်းလုံးရေးရရန် ကရင်တမျိုးလုံးသည် အေးအတူ ပူအမျှ တဦးနှင့် တဦး လက်ချင်းတွဲ၍ ဆောင်ရွက်သွားမည်ဟု ဤကွန်ဂရက်က ဆုံးဖြတ်ပါကြောင်း။

အဆိုရှင် စောကြည်ဝင်း (မအူပင်)
ထောက်ခံသူ မန်းကံသာ (မအူပင်)

၅။ ကရင်ဗမာ အဓိကရုဏ်းသည် ကရင်နယ်ရရှိရေးနှင့် ဗမာပြည် လွတ်လပ်ရေး ဆုံးရှုံးမှု ဖြစ်စေသည့် အရာတခု ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်သာ မက လုံးဝ အလိုမရှိကြောင်း၊ လူမျိုးရေး အဓိကရုဏ်းကို လှုံ့ဆော်သည့် ပါတီ တခုခုကဖြစ်စေ၊ သတင်းစာ တစောင်စောင်က ဖြစ်စေ လူတဦး တယောက်ကဖြစ်စေ ပြုလုပ်ခဲ့သော်ဤကွန်ဂရက်က အပြင်းအထန် ရှုတ်ချ ပါကြောင်း။

အဆိုရှင် စောမောင်တိုး (ညောင်တုံး)
ထောက်ခံသူ ဆရာမောင် (မအူပင်)

၆။ ကရင် အမျိုးသားများ၏ လိုလားချက်များကို ပြည့်စုံအောင် ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့ ကေ အင် ယူ အဖွဲ့ကြီးက ဒီမိုကရေစီဝါဒနှင့်ဆန့်ကျင်၍ ဆောင်ရွက်သော နည်းလမ်းများကို မလိုလားပါကြောင်း။

အဆိုရှင် ဆရာဖိုးဝိုက်
ထောက်ခံသူ ဆရာမောင် (မအူပင်)

၇။ ယခု အချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ ဆူပူသောင်းကျန်းမှု များရှိရာ တိုင်းပြည်ရှိ လူထုမှာ များစွာ နေရေး ထိုင်ရေးတွင် ချမ်းမြေ့ခြင်း မရှိကြောင်းကို ကျွန်ုပ်တို့ ကေ အင် ယူ အဖွဲ့ကြီးက သိရှိရပါကြောင်း။ အကယ်၍ တိုင်းပြည်ရှိ ငြိမ်းချမ်းသာယာမှုကို လိုလားသော လူထု အဖွဲ့ အစည်းများက ငြိမ်းချမ်းသာယာမှုကို ဖန်တီးပေးရန် ကေ အင် ယူ အဖွဲ့ကြီး အား လိုလားပါက ကေ အင် ယူ အဖွဲ့ကြီးက အင်တိုက် အားတိုက် ကူညီ စောင့်ရှောက်မည် ဖြစ်ပါကြောင်းဖြင့် ဤကွန်ဂရက်ကြီးက ဆုံးဖြတ်ပါ ကြောင်း။

အဆိုရှင် စောကြည်ဝင်း
ထောက်ခံသူ စောဖိုးမောင်

၈။ (ကေ အင် ဒီ အို) တံဆိပ်များကို တပ်ဆင်၍ ကေ အင် ယူ အဖွဲ့ကြီး၏ အမည် ကို အလွဲသုံးစား ပြုလုပ်ကာ ရာဇဝတ်မှုများကို ကျူးလွန်သူ အရေခြုံတစု အား ထိရောက်စွာ အရေးယူရန် ဤကွန်ဂရက်က ဆုံးဖြတ်ပါကြောင်း။

အဆိုရှင် ဗိုလ်ကြီးစိန်ဝင်း
ထောက်ခံသူ ဆရာမောင်ဝေ၊ (တောင်ငူ)

၉။ မြစ်ဝကျွန်းပေါ် ဒေသများထက် သထုံ မော်လမြိုင်နယ်များတွင် အခြေအနေ မှာ ပိုမို၍ အေးချမ်း ငြိမ်သက်လျက်ရှိကြောင်းကြားသိရပါသဖြင့် မကြာမီ ရက်အတွင်းက ထိုနယ်များတွင် ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေး ဥပဒေ ကို ကရင်နီနယ်မှာ ပြန်လည် ရုပ်သိမ်းသကဲ့သို့ပင် ထိုနယ်များမှ အမြန်ဆုံး နည်းနှင့် ရုပ်သိမ်းရန် ဤကွန်ဂရက်က တောင်းဆို ပါကြောင်း။

အဆိုရှင် ဗိုလ်ပုလဲ၊ (မြောင်းမြ)
ထောက်ခံသူ ဆရာမနု၊ (ပုသိမ်)

၁၀။ ဗပာပြည်အရပ်ရပ်တွင် နေထိုင်လျက်ရှိကြသော ကေ အင် ယူ အဖွဲ့ဝင် ကရင် အမျိုးသားတို့နှင့် စပ်လျဉ်းသော ကိစ္စအဝဝတို့ကို နိုင်ငံတော် အစိုးရသည် ကေ အင် ယူ ခေါင်းဆောင်များနှင့်တိုင်ပင်ပြီးမှသာလျှင် အရေးယူဆောင် ရွက်ပါရန် ဤကွန်ဂရက်ကြီးက တောင်းဆိုပါကြောင်း။

အဆိုရှင် ဗိုလ်ကြီးစိန်ဝင်း (မေမြို့)
ထောက်ခံသူ စောမောင်တိုး (ညောင်တုံး)

၁၁။ ကရင် အမျိုးသား ကာကွယ်ရေး တပ်များ၏ အကျင့်စာရိတ္တ မြှင့်တင်ရန်နှင့် ဘာသာတရားတွင် ပြန်လည် လိုက်စားစေခြင်း အလို့ငှါ ဤကွန်ဂရက်က ခရစ်ယန် တရားဟော ဆရာများနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ဟောပြောဆုံးမ ဩဝါဒပေးခြင်းကို လိုသည်ဟု ယူဆပါကြောင်း။

အဆိုရှင် ဗိုလ်ကြီးစိန်ဝင်း (မေမြို့)
ထောက်ခံသူ ဆရာမောင်ရွှေ

၁၂။ သီးခြားနယ် ကော်မရှင် အဖွဲ့တွင် ကေ အင် ယူ မှ ကိုယ်စားလှယ်များ ဦးရေ မည်ရွေ့ မည်မျှ ပါဝင်သင့် ကြောင်းနှင့် ပါဝင်မည့် ကိုယ်စားလှယ်များကို

ရွေးချယ်ရန် ဤကွန်ဂရက်က ကေ အင် ယူ ဗဟိုအမှုဆောင်အဖွဲ့ လက်သို့ အပ်နှင်း ပါကြောင်း။

၁၃။ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးနှင့်ဝန်ကြီးချုပ်ထံ တောင်းဆိုထားသော ကရင်နယ်၏ အကျယ်အဝန်းနှင့် အချုပ်အချာ အာဏာပိုင် ကရင်နယ်အတိုင်း သီးခြားနယ်ကော်မရှင်အဖွဲ့တွင် ဆောင်ရွက်သွားရန် ကိုယ်စားလှယ်များအား ဆောင်ရွက်စေပါကြောင်း။သို့သော် အခြားသောပုဂ္ဂိုလ်များနှင့် တိုင်ပင် ဆောင်ရွက်သွားရာ၌ ကိုယ်စားလှယ်တော်များသည် မိမိတို့ အခြေအနေနှင့် သင့်တော်သလို မိမိတို့ ဉာဏ်ကို သုံး၍ ဆောင်ရွက်သွားနိုင်ကြောင်းကို ဤကွန်ဂရက်က ဆုံးဖြတ်ပါကြောင်း။

ထိုကဲ့သို့ပုသိမ်မြို့တွင် ၁၉၄၇ ခု စက်တင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်နေ့များတွင် ကျင်းပသော ကေ အင် ယူ ညီလာခံများ၌ ပျားရည်လောင်းထားသော ဆုံးဖြတ်ချက်များကို လူကြားကောင်းအောင် ချမှတ်ကြသော်လည်း ကေ အင် ဒီ အို ဆူပူမှုများသည် ယုတ်လျော့နည်းပါးလာခြင်း မရှိဘဲ ပိုမိုပြင်းထန်၍သာ လာသည်ကို တွေ့ရ၏။ ထိုကဲ့သို့ အပြောတမျိုး၊ အလုပ်တမျိုး ပြောဆို ပြုမူနေသည့် အတွက် ဝန်ကြီးချုပ် သခင်နုနှင့် တကွ ဖ ဆ ပ လ ခေါင်းဆောင်များသည် ကေ အင် ယူ အဖွဲ့ ဥက္ကဋ္ဌဖြစ်သော စောဘဦးကြီးနှင့် မကြာခဏ ခေါ် ယူတွေ့ဆုံပြီးနောက် အခြေအနေကို အရေးတကြီး ဆွေးနွေးတိုင်ပင် ခဲ့လေသည်။

စောဘဦးကြီးကလည်း ဝန်ကြီးချုပ် သခင်နုနှင့် တကွ ဖ ဆ ပ လ ခေါင်းဆောင်များကို စိတ်ပူပန်ခြင်း မရှိရန် အမျိုးမျိုးကတိပြု၍ ၁၉၄၇ ခု အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ အလုံရပ် မစ်ရှင်လမ်းရှိ ကရင် အမျိုးသားကလပ်၌ နေ့လယ်စာ စားပွဲတခု ကျင်းပပြီးလျှင် အောက်ပါ မိန့်ခွန်းတရပ်ကို ပြောဆိုလေသည်။ ထိုထမင်းစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုနှင့် တကွ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ၊ မွန်မြန်မာ ခေါင်းဆောင် အချို့လည်း တက်ရောက်ကြလေသည်။ စောဘဦးကြီး၏ ပြောဆိုချက်များသည် စိတ်ပူပန်သောက ရောက်ရှိနေကြရသော ပြည်ထောင်စု ခေါင်းဆောင်များအား စိတ်သက်သာရာရစေခဲ့သည်။ သို့ရာတွင် စောဘဦးကြီး၏ စကားများမှာ နားဝင်ချိုသလောက် သူ၏နောက်လိုက်ငယ်သားများ၏ ပြုမူချက်များသည် ပိုမိုရက်စက် ကြမ်းကြုတ်လာသည်ကို ထိုအခါက ပေါ်ပေါက်လျက် ရှိသည့် အဖြစ် အပျက်များက သက်သေခံလျက် ရှိလေသည်။

စောဘဦးကြီး၏ ပြောဆိုချက်

ယခု နေ့လယ်စာ စားပွဲမှာ အီရှော့ဝက်စ် ပြောတဲ့စကားတခုကို သွားပြီးသတိရမိပါတယ်။ (ထမင်းစားတဲ့ အခါ ဘယ်တော့မှရန်မဖြစ်ဘူး) လို့ ပြောဘူးပါတယ်။ ယခု ဒီလို ကျွေးမွေးရထာဟာလဲ ရန်မဖြစ်အောင် ကျွေးတာ ဖြစ်ပါတယ်ဟု ရယ်မောကာ စကားအစချီပြီးလျှင် ဆက်လက် ပြောဟောကြောင်း။

သခင်နုနှင့် ကျွန်တော်ကျွေးမွေးတဲ့ ထမင်းရာဇဝင်က အတော်အရှည်သားဘဲ။ စတာကတော့ ဟိုအယင် ကရင်ဗမာအဓိကရုဏ်းကစခဲ့တာဘဲ။ ဂျပန်ခေတ်ကလဲ့လို့ သခင်နုနှင့် ကျွန်တော်ဟာ လူချင်းခပ်လှမ်းလှမ်းဘဲ နေခဲ့ကြပါတယ်။ လပွတ္တာမြို့နယ်မှာ ကရင် ဗမာ အဓိကရုဏ်း ဖြစ်တော့မယ်လို့သတင်းတွေ ဖြစ်လာတဲ့ အခါ သခင်နုက ကျွန်တော့်ထံ စာပေးခေါ်ပြီး လပွတ္တာသို့ သွားပြီး တရားဟောပြောဘို့ အရေးကြီးကြောင်း ပြောတော့ ကျွန်တော် သဘောတူလိုက်ပါတယ်။ ဘာ့ကြောင့် သဘောတူသလဲဆိုတော့ (အကြံတူရန်သူ၊ အကျိုးတူ မိတ်ဆွေ) ဆိုတဲ့ စကားပုံအတိုင်း အဓိကရုဏ်း မလိုလားတဲ့ အကျိုးက တူနေတာကိုး။ ကရင် ဗမာ အဓိကရုဏ်းတော့ ဘယ်နည်းနှင့်မှ မဖြစ်ရဘူးဆိုပြီး ကျွန်တော်တို့ သွားကြတဲ့ အခါမှာ စောသာဒင်၊ မန်းဂျိမ်းထွန်းအောင်၊ ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဦးဝမ်းမသူမောင် တို့လဲ ပါကြပါတယ်။ ၇ ရက်လောက် အတူသွားမိတဲ့ အခါ သခင်နုနဲ့ ကျွန်တော်ဟာ တဦးနဲ့တဦးနားလည်မှု ယုံကြည်မှု ရှိလာပြီး ပိုမိုရင်းနှီးပြီးတော့ မိတ်ဆွေရင်းကြီး ဖြစ်လာတာပါဘဲ။

စကော့တလန်ပြည် ဟိုင်းလင်းဒါး လူမျိုးများဟာ ဧည့်သည် မိတ်ဆွေများကို ကျွေးမွေးတဲ့ အခါ ဆားပါလေ့ရှိပါတယ်။ အဲဒီဆားကို စားတဲ့ လူဟာ ဘယ်တော့မှ မကောင်းမကြံအပ်ဘူးလို့ အယူရှိပါတယ်။ ဗမာပြည် တောင်ပေါ်များမှာလဲ သူ၏ ထမင်းကိုစားပြီးယင် သူ့ကို မကောင်းမကြံစည်အပ်ဘူးဆိုတာ ရှိပါတယ်။ မြေညီမှာလဲဘဲ (ခင်ဗျားကို ကျွန်တော် မပြစ်မှားပါဘူး။ ခင်ဗျားကျွေးတဲ့ ထမင်းဟာ ကျုပ်လည်ပင်းထဲမှာ ရှိပါသေးတယ်) ဆိုတဲ့ စကားနဲ့ (ကျေးဇူးရှင် ကျေးမစွပ်ကောင်းဘူး) ဆိုတဲ့ စကားပုံများလဲ ရှိပါတယ်။ ၇ ရက်ကြာမျှ ခရီးထွက်ကြစဉ်အခါက သခင်နုက ကျွန်တော့်ကို ကျွေးမွေးခဲ့တဲ့ ကျေးဇူးရှိပါတယ်။ သခင်နုဟာ ကျွန်တော့်အိမ်ကို ကြွလာလိုသော်လည်း အိမ်က တဲကုပ်ကလေးဖြစ်လို့ မဖိတ်ကြားခဲ့ရဘူး။ ယခု အခါတော့ ကျွန်တော်က ဖိတ်ထားလို့ ကျွန်တော့်တဲကုပ်သို့ သခင်နု ရောက်ခဲ့ပါပြီ။ ယခု အခါမှာလဲ သခင်နုကို ကျွန်တော်က ကျွေးရပြန်ပါပြီ။

ဒါကြောင့် ယခုတော့ (သူကျေး ကျွန်တော်ကျေး) ဖြစ်ရပါပြီ။ ဒါဟာ တဦးရဲ့ တဦး ရင်းနှီးစွာ အပြန်အလှန် ကျေးမွေးကြတဲ့ ထမင်းရေဇာဝင်ပါဘဲ။

ကျွန်တော်ဟာ ကြွားမပြောလိုပါဘူး။ ဗမာပြည်တွင်းမှာ အတော် အနှံ့ ပြား ရောက်ခဲ့ဘူး ပါတယ်။ ပြည်ပဆိုရင်လဲ အရှေ့ဖက် အနောက်နှင့် မြောက်ဖက် တိုင်းပြည်များကိုလဲ ရောက်ခဲ့ဘူး ပါတယ်။ ဒီလို ရောက်ခဲ့ဘူးတဲ့ အတွက် (ကိုယ့်ဗူး တောင် ကိုယ်မယုံရဘူး) ဆိုတဲ့ ဗမာစကားပုံ တခုကို စဉ်းစားမိပါတယ်။ ကိုယ့်ဗူး တောင်မှ ကိုယ်မယုံရယင် အခြားသူကို ယုံရမှာလား။ တိုင်းရင်းသား အချင်းချင်း ဟာ ကိုယ့်ဒူး ဖြစ်ပါတယ်။ အခြား လူဆိုတာက အင်္ဂလိပ်၊အမေရိကန်၊ တရုပ်၊ ရုရှား စတဲ့ နိုင်ငံများ ဖြစ်ပါတယ်။ သည်တော့ ကျွန်တော်ပြောလိုတာက မယုံရသူကို အားမကိုးသင့်ဘူး။ ကျွန်တော်လဲ အားမကိုး ပါဘူး။ ခင်ဗျားတို့လဲ အားမကိုးကြ ပါနဲ့။

နိုင်ငံခြားသား တယောက်က (ခင်ဗျားတို့ တိုင်းပြည်ကို မအုပ်ချုပ်ချင်ပါဘူး။ ကုန်ကူးလိုတာဘဲ) ဟု ကျွန်တော့်ကို ပြောဘူး ပါတယ်။ အမှန်တော့ ပြည်ပမှလူ တွေဟာ ကုန်သည်တွေချည်းပါဘဲ။ ကုန်သည် ဆိုပေမဲ့ ကုန်သည် ရိုးရိုးမဟုတ် ဘူး။ (ကုန်သည်မကာ အကုန်သယ်မှာ) ယခုတခေါက် သူတို့ ပြန်လာယင်တော့ အကုန်ဘဲ။ ကျွန်တော်တို့ ကရင်နယ် သီးခြားတောင်းတာဟာ အမျိုးမျိုး အထင်လွဲ ခံရပါတယ်။ အချို့က အင်္ဂလိပ် လက်အောက် ပြန်ဝင်ချင်လို့ ထင်ကြသေးတယ်။ ကျွန်တော်တို့ဟာ ဒါလောက် မအ သေးပါဘူး။ သူတို့အကြောင်း ကျွန်တော် ပိုသိပါတယ်။ ဒါကြောင့် ကျွန်တော် ခပ်ရှင်းရှင်း နေခဲ့ပါတယ်။ သူတို့ကိုတော့ အားမကိုးပါဘူး။ ဒါတင် မကသေးဘူး၊ ကျွန်တော်တို့ လိုလားတဲ့ သီးခြားနယ် အတွက် ဆောင်ရွက်တဲ့နေရာမှာ မတရားဘယ်တော့မှ မလုပ်ပါဘူး။ တရားလမ်း ရှိတဲ့ အတိုင်း ဆောင်ရွက် သွားမှာဘဲ။

ကျွန်တော်တို့ ကရင်အမျိုးသားများကို သတိပေး လိုတဲ့ အချက်များလဲ ရှိပါ တယ်။ မိမိတို့လိုချင်တဲ့ သီးခြားနယ်တော့ ရှိပါပြီ ဆိုပါတော့၊ မိမိတို့ဟာ ဒီသီးခြား နယ်နှင့် တန်ရဲ့လား၊ မတန်ယင် ဒီသီးခြားတောင်းဘို့ ကောင်းမလား ဆိုတဲ့ အချက် တွေကိုလဲ အထူးစဉ်းစားဘို့ အချက်တွေ ရှိပါတယ်။ ခင်ဗျားတို့ ကရင်များဟာ သီးခြားနယ်နှင့် တန်ရဲ့လားလို့ မေးယင် တန်တယ်လို့ ပြောကြလိမ့်မယ်။ ခင်ဗျားတို့ နယ်ကို ဘသူအုပ်ချုပ်မလဲလို့ မေးယင် ကရင်ဘဲ အုပ်ချုပ်မယ်၊ ကရင်မှ မအုပ်ချုပ် ရယင် ဘယ်ဖြစ်မလဲလို့ ပြောကြလိမ့်မယ်။ ခင်ဗျားတို့နယ်ကို ခေါးပြလူဆိုးတွေ အုပ် ချုပ်ယင် ကြိုက်မလားလို့ မေးယင်၊ မကြိုက်ဘူးလို့ ဖြေကြလိမ့်မယ်။ ခင်ဗျားတို့

ကိုယ်တိုင်ကသူခိုးခေါးပြတွေဖြစ်နေယင် ဒီသီးခြားနယ်နှင့် ခင်ဗျားတို့နဲ့တန်မလား။ မတန်ဘူးလို့ဆိုရမယ်။ ဒါကြောင့် ကျွန်တော် သတိပေးလိုတာက သီးခြားနယ်နှင့် နေလိုကြယင် သီးခြားနယ်နှင့် တန်အောင်နေကြပါ။ သူခိုး ခေါးပြမျိုး ဖြစ်နေကြ ယင်တော့ သီးခြားနယ်နှင့် မတန်ပေဘူး။ ဒါကို ခင်ဗျားတို့ အထူး စဉ်းစား ကြပါ။

မအူပင် ငွေတိုက်ကို ဖောက်သွားသူများဟာ ကရင် ၁၉ ယောက်ဖြစ်တယ် ကြားရတာ စိတ်မကောင်း ပါဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဥပမာက လေးတခု ပြောပြလိုပါတယ်၊မြောင်းမြနယ် (သိန်လာ) ဆိုတဲ့ ရွာတရွာမှာ အသက် ၆၀ ကျော် ဦးလွန်းဘော်ဆိုတဲ့ အဘိုးကြီး တယောက် ရှိတယ်။ သား သမီး ၁၂ ယောက် မြေး မြစ်များလဲရှိတယ်။ သူ့မှာ လယ်နဲ့နဲ့ရှိတဲ့ အပြင် အသီးအနှံ စိုက်ပျိုး ထားတဲ့ ဥယျာဉ်လဲ ရှိတယ်။ ဝက်၊ဘဲ၊ ကြက်တို့လဲ မွေးထားတယ်။ သူ့ရွာက လမ်း ပေါ်ကျတဲ့အတွက် ခရီးသည်များဟာ များသောအားဖြင့် တဲခိုကြတဲ့အခါ ခရီးသည် တိုင်း လိုလိုဘဲ ထမင်းချက်ကျွေးတယ်။ ထူးခြားချက်တခုက (အသီးအနှံများကို မခူးရ) ဆိုတဲ့ စာရေး ထားတယ်။ခိုးလဲမခိုးရဲကြဘူး။ အကယ်လို့ သစ်သီး ခိုးတာ များ တွေ့ယင်တော့ ဒီခိုးတဲ့လူဟာ မသက်သာဘူး။ သွေးထွက်သံယိုဖြစ်အောင် ရိုက်တော့ တာဘဲ။ ကျွန်တော်ဟာ အဲဒီရွာ အဘိုးကြီးအိမ် ရောက်သွားလို့ ဧည့်သည် ဖြစ် ခေတ္တတဲခိုစဉ် သူ့ရိုက်နှက်ပုံ အကြောင်းများကို ကြားရတော့ အကြောင်း သိချင်တာနဲ့ အဘိုးကြီးနား ကပ်ပြီး (ဖထီး သစ်သီးကလေး တလုံး ခိုးတာနဲ့ ဘာ့ ကြောင့် ဒါလောက်တောင် ပြင်းပြင်း ထန်ထန် ရိုက်ရသလဲ) လို့ မေးတော့ ဖထီးက (ကျုပ်ဆန္ဒက ဘသူဖြစ်ဖြစ် သူခိုး မဖြစ်စေလိုဘူး။ သူခိုးတာကို ကြည့်နေလိုက်ယင် ကျုပ်အိမ်သားတွေပါ သူခိုးမျိုး ဖြစ်ကုန်လိမ့်မယ်။ သူခိုးမျိုး မဖြစ်ကြစေလိုတဲ့ စေတနာနဲ့ ရိုက်တာပါဘဲ) လို့ ပြန်ပြောတယ်။

အဲဒီ အကြောင်း ကလေးတွေကို တွေးပြီးတော့ မအူပင်မှာ ဖြစ်တဲ့ ကိစ္စဟာ ကရင်ကလေး ၁၉ ယောက်ဆိုပေမဲ့ တယောက်ထဲလဲကရင်ဘဲ၊ ၁၉ ယောက်လဲကရင် ဘဲ ငွေကလဲ မနဲဘူး။ ဒီငွေတွေကို ဖြန့်လိုက်တဲ့ အခါမှာ ကရင်တမျိုးလုံးထံ ပြန့် သွားမှာဘဲ။ ပြန့်သွားယင် ကရင်တမျိုးလုံး သူခိုးမျိုးတွေဖြစ်ကုန်မှာဘဲ။ဒါကြောင့် သူခိုးမျိုးတွေ မဖြစ်ရအောင် ငွေအစား ပြန်ဆပ်နိုင်အောင် ကျွန်တော်ကိုယ်တိုင် ရှေ့ဆောင်ပြုလုပ် ဆောင်ရွက်ဘို့ပြဋ္ဌာန်းလိုက်ပါပြီ။ တမျိုးလုံး ခေါးပြမဖြစ်ရအောင် ကျွန်တော်နှင့် ကေ အင် ယူ တမျိုးလုံးက ဒီငွေကို ဆပ်ရမှာဘဲ။ ဘယ်အထိ ဆပ် မလဲဆိုယင် ကျွန်လုပ်ပြီး ဆပ်ရမှာဘဲ။ ဆပ်မယ် ဆိုတာက ပြောတော့လွယ်တယ်။

ဘယ်လို ဆပ်မလဲ မေးစရာ ရှိတယ်။ အခြားသူများ မဆပ်ခင် ကျွန်တော်က စတင် လုပ်ပြပြီး ဆပ်ရမှာဘဲ။ မနေ့ညက ဒီအရေးတွေးပြီး တညလုံး အိပ်လို့ မရပါဘူး။ ကျွန်တော့်မှာ ဆပ်စရာ ပိုက်ဆံ တော့ မရှိဘူး။ လယ်ကေ ၁,၀၀၀ လောက် ရှိတယ်။ ဒီလယ်ကေ ၁,၀၀၀ လောက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအား အပ် နှင်းပေးဆပ်လိုက်ပါ့မယ်။ ယခု လယ်ကို ချက်ခြင်း မယူသေးယင် လယ်မြေ ပြည်သူ ပိုင်သိမ်းပြီးတဲ့နောက် ထားတဲ့ တန်ဘိုး အတိုင်း ဆုံးဖြတ်တာပေါ့။ ပိုက်ဆံ မရှိလို့ ခါးသာမလှ ရှိမယ် ဝမ်းတော့ ဝနိုင်ပါသေးတယ်။ ကျွန်တော့် မိန်းမသဘောတူပြီး ဖြစ်တာကို ကျွန်တော်သိပြီး ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး တပြည်လုံး သ ဘောပေါက်အောင် လုပ်ပြ ရပါဦးမယ်။

ဒိပြင် ကိစ္စတခု ရှိသေးတယ်။ ဒါက တခြား မဟုတ်ဘူး၊ နာမည်ကြီးနေတဲ့ အင်းစိန် ကိစ္စပါဘဲ။ ကရင်တွေ သေနတ်လက်နက်များ ဖောက်ယူသွားကြတယ်လို့ ဆိုကြတယ်။ **သတင်းစာတွေကလဲ ဘာမဆို (ကရင်တွေ) ဆိုပြီး အားလုံး သိမ်းကျုံးရေးကြတာဘဲ။** တခု ပြောလိုဒါက အင်းစိန်မှာ ဖြစ်တာ ကရင်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ မကောင်းတဲ့ကရင်လဲရှိ၊ ကောင်းတဲ့ ကရင်လဲရှိလေတော့ အကောင်းနဲ့ မကောင်း ခွဲခြား ရေးကြရန်ကိုလည်း တောင်းပန်ပါတယ်။ ဒီကိစ္စမှာ (ကေ အင် ယူ) အပြစ် မဟုတ်သော်လည်း ဒီလက်နက်တွေ ပြန်ပေးအောင်တော့ တောင်းပန်ရအုံးမှာဘဲ။

ကရင် လူကောင်းများ လက်ဘွင်ရှိသော လက်နက်များကို ယနေ့က စပြီး ၂ လအတွင်း ပြန်ထမ်းပို့ကြပါလို့ တောင်းပန်ပါတယ်။ ဒီတောင်းပန်တဲ့ ကိစ္စနှင့် ပတ်သက်လို့လဲ ထိထိ ရောက်ရောက် ဆောင်ရွက် ကြပါမယ်။ အမျိုးသား စိတ်မရှိသူ ကရင်တွေလဲ ရှိပါသေးတယ်။ သူတို့ကတော့ သေနတ်ကို ယူပြီး မသမာ သူများ လက်သို့ ရောင်းစားချင် စားမှာဘဲ။ ဒါတွေဟာလဲ မဆိုင်ပေမဲ့ အပ်အောင် လုပ်ရ မှာဘဲ။ မအပ်ယင်တော့ ဆုံးမရမှာဘဲ။ ကျွန်တော် ယခုလို ပြောပြခဲ့တဲ့အတိုင်း တောင်းပန် ဆောင်ရွက်လို့မှ မရယင် ကေ အင် ယူ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုက် ပါမယ်။

ယခု ကြွရောက် လာကြတဲ့ လူကြီးမင်းများမှာ ဗမာ၊ ကရင်၊ ကချင်၊ ရှမ်း၊ မွန် စသဖြင့် စုပေါင်း ရောက်လာကြသော ပရိသတ် ဖြစ်ပါတယ်။ ဇာစ်မြစ်ကို သေချာ စွာကြည့်လျှင် အားလုံး ဆွေမျိုးချည်း ဖြစ်ပါတယ်။ (ခင်ရာဆွေမျိုး) ဆိုတာလဲ ရှိပါသေးတယ်။ ဒီ ကျွန်ုပ်တို့ ပြည်ထောင်စု နိုင်ငံတော်ကြီးကို ဖန်တီး လုပ်ကိုင် နိုင်ကြတာဟာ ခင်မင် ရင်းနှီးတဲ့ ဆွေမျိုးများ ဖြစ်ကြလို့ ဖြစ်ပါတယ်။

သည့်နောက် အရေး တကြီး လုပ်စရာ ရှိတာကတော့ ရွာတွေမှာ ကြောက်လန့် ပြီး တရွာမှ တရွာသို့ ပြောင်းရွှေ့ နေထိုင်ကြရတဲ့ ကိစ္စ ဖြစ်တယ်။ ကွန်မြူနစ်တွေ ကြောက်လို့ ပြေးကြရတာလဲ ရှိတယ်။ တချို့က ကရင်ကို ကြောက်လို့ ဗမာက ပြေးရတာလဲ ရှိတယ်။ ဗမာကို ကြောက်ပြီး ကရင်က ပြေးရတာလဲ ရှိတယ်။ အမှန်တော့ ဒါဟာ လူမသမာတွေကြောင့် ဖြစ်တာဘဲ။ ဒီလို မဖြစ်ရအောင် လူကောင်းတွေစုပြီး ဆောင်ရွက်ရလိမ့်မယ်။ ကျွန်တော်တို့(ကေ အင် ယူ)က လက် လှမ်းမှီသမျှ တာဝန်ယူ ဆောင်ရွက်သွားမှာဘဲ။

မိမိတို့ ဆိုင်ရာ နယ်မှ ပြောင်းရွှေ့ ထွက်ပြေးသွားတဲ့ ဗမာများရှိယင် စိတ်ချ လက်ချ ပြန်လာဘို့ကို ကရင်ရော ဗမာရော ပေါင်းပြီး သွားရောက် ပြန်ခေါ်မယ်။ ထို့အတူ ကရင်များကို ပြန်ခေါ်တဲ့ အခါမှာလဲ ဗမာရော ကရင်ရော ပေါင်းပြီး သွား ခေါ်ရမယ်။ စိတ်ချ လက်ချ သင့်မျှနေရအောင် ကာကွယ်စောင့်ရှောက် ပေးရမယ်၊ အပြောနှင့် မပြီးဘူး ချက်ခြင်း လုပ်ရမဲ့ ကိစ္စဖြစ်တယ်။

ပုသိမ်မှာ ကျင်းပပြီးခဲ့တဲ့ ကျွန်တော်တို့ ကွန်ဂရက် အစည်းအဝေး ကြီးတွင် ဗမာပြည်သူလူထုက အကူအညီတောင်းပါက တိုင်းပြည်အေးချမ်းရေးအတွက် ကူ ညီဆောင်ရွက်မည်ဟု အတည့်အလင်း ဆုံးဖြတ်ချက်ချပြီး ဖြစ်ပါတယ်။ အကူအညီ တောင်းယင်ပေးဘို့အသင့်ပါဘဲ။လုပ်ရန်စည်းမျဉ်းလဲ ဆွဲနေပါတယ်ဟု ပြောဟော ပြီး နိဂုံးချုပ်လိုက်ကြောင်း။

ထိုကဲ့သို့ပင်စောဘဦးကြီး အမှူးရှိသော ကေ အင် ယူ ခေါင်းဆောင်များ၏ လူသိနတ်ကြား ပြောဆိုကျေညာချက်တို့သည် လူထုအား စိတ်ချမ်းသာမှု ရရှိစေ သော်လည်း အနယ်နယ်တွင် ကေ အင် ဒီ အို လက်နက်ကိုင် သူပုန်များသည် ပိုမို ပြင်းထန်စွာ သောင်းကျန်းပုန်ကန်လျက် ရှိသည့်အတွက် အခြေအနေသည်တဖြည်း ဖြည်း ပိုမိုဆိုးရွားလာခဲ့လေသည်။ ကေ အင် ဒီ အို များသည် သူတို့၏ရည်ရွယ်ချက် အောင်မြင်စေရန်အတွက် အခြား တိုင်းရင်းသား လူနည်းစုများ ဖြစ်ကြသော မျင်း၊ကချင်၊ ဂေါ်ရခါးအစရှိသော သစ္စာရှိ လက်နက်ကိုင်တပ်သားများကိုလည်း တိတ်တဆိတ်လျှို့ဝှက်စွာ သွေးဆောင်ဖြားယောင်းနေသည့် သတင်းများကို နိုင်ငံ တော်အစိုးရသည် ထိုတိုင်းရင်းသား လူနည်းစုခေါင်းဆောင်များ ထံမှ အခိုင်အလုံ သိရှိရလေသည်။

ထိုကဲ့သို့သိရှိရသဖြင့် ဝန်ကြီးချုပ်သခင်နုသည် ပြည်ထောင်စုအတွင်းရှိ လက် နက်ကိုင် တပ်သားများသို့ အောက်ပါ အထူးအမိန့်ပြန်တမ်းတရပ်ကို အရေးတကြီး ထုတ်ပြန်ကျေညာလိုက်ရလေသည်။

အထူးအမိန့်ပြန်တမ်း

ချင်း၊ ကချင်၊ ကရင်နှင့် ဂေါ်ရခါးစစ်သည်တော် အပေါင်းတို့။ ။ဗမာ
မတော်၏ ရာဇဝင်သမိုင်းတွင် သင်တို့သည် အလွန်ပင် စွမ်းရည်သတ္တိဖြင့် ပြ
သောစစ်သားကောင်းများ အဖြစ်ဖြင့် ဂုဏ်ယူခဲ့ကြသည်။စစ်ကြီးအတွင်းက အ
တို့နှင့် အတူ ပခုံးချင်းယှဉ်ကာ တိုက်ခိုက်ခဲ့သော မဟာမိတ် စစ်သည်တော်တို့
လည်း အသင်တို့၏ သူရသတ္တိနှင့် ပြည့်စုံခြင်း၊ သစ္စာရှိခြင်း၊ စည်းကမ်းသေဝပ်
နှင့် အမြဲထာဝစဉ် ရှင်သောနှလုံး၊ ပြုံးသောမျက်နှာတို့ဖြင့် ရှိခဲ့ခြင်းတို့ကို မျ
ထင်ထင်တွေ့မြင်ခဲ့ကြရလေသည်။ ဂျင်နရယ် ဝင်းဂိတ်ကိုယ်တိုင် ပင်လျှင် အသ
ထက်သာလွန်ကောင်းမွန်သောစစ်သားများ ရနိုင်ဘွယ်ရာမရှိဟု ချီးကျူးစ
ဖွင့်ဟကာ ပြောကြားခဲ့ရပေသည်။ ဤကဲ့သို့ ထင်ပေါ်ကျော်ကြားသော စစ်
ကောင်းကြီး တဦး၏ ချီးကျူးစကားများသည် တကယ်ပင် အဖိုးတန်လေးန
ဂုဏ်ယူဖွယ်ရာ ကောင်းလှပေသည်။

လွန်ခဲ့သော ခြောက်လ အတွင်း၌ အသင်တို့သည် အသင်တို့ အပေါ်
ကျရောက်ခဲ့သော ခက်ခဲကြီးလေးသော တာဝန်များကို အသင်တို့၏ သ
ရှိခြင်း၊ သူရသတ္တိနှင့် ပြည့်စုံခြင်း၊ စည်းကမ်းသေဝပ်ခြင်းနှင့် ရှင်လန်းသော
အရာ ရှိခြင်းစသော အရည်အခြင်းတို့ကြောင့် ထိရောက်အောင်မြင်စွာ ဆေ
ရွက်နိုင်ခဲ့လေသည်။ နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေး အတွက်လည်း အုပ်
ရေး အာဏာပိုင်တို့နှင့် အတူပူးပေါင်းကာ အသင်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့
ဖြင့် အကယ်ပင် အဖိုးထိုက်တန်လှသော လုပ်ငန်းများကို ပြီးမြောက်စေခဲ့လေ
ဤကဲ့သို့ မယိမ်းမယိုင် ကျောက်တိုင်ပမာ ဇွဲကောင်းကောင်းနှင့် ဆောင်ရွ
ခြင်းကို ကျွန်ုပ်ကနှစ်ထောင်းအားရကြောင်းကိုလည်း အသင်တို့အား သိစေ
ပါသည်။

ယခုလာမည့် လများတွင် အသင်တို့သည် ယခုထက် ပိုမိုခက်ခဲ၍ ဇွဲသ
သော လုပ်ငန်းတို့ကို ဆောင်ရွက်ကောင်း ဆောင်ရွက်ရပေတော့မည်။ ထိုအခ
ခဲများသည် မည်မျှ ကြီးမားသည်ဖြစ်စေ၊ အသင်တို့သည် ယခင်ကပြသခဲ့
မတုန်မလှုပ် ကြံ့ခိုင်သော ဇွဲသတ္တိ အင်အားတို့ဖြင့် ထိုအခက်အခဲတို့ကို ကျော်
အောင် အားထုတ်လိမ့်မည်ဟု ကျွန်ုပ် လုံးဝ ယုံကြည်ပေသည်။ မည်သည့် အ
အခဲပင် ရှိနေစေကာမူ နောက်ဆုံးတွင် အသင်တို့သည် အောင်ပန်း ဆွတ်ရမည်
အမှန်ပင်ဖြစ်၏။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကိုယ်စား ကျွန်ုပ် ပြေ

သည်မှာ နိုင်ငံတော် အစိုးရသည် အသင်တို့၏ပြုမူဆောင်ရွက်ခဲ့ပုံများကို လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်လျက် မှတ်တမ်းတင်ရှိပြီဖြစ်ကြောင်း။

သခင်နု

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်

တွံတေးတွင်ရက်စက်ကြမ်းကြုတ်စွာပြုမူနေကြခြင်း

၁၉၄၈ ခုနှစ် စက်တင်ဘာလဆန်းလောက်တွင် မြန်မာနိုင်ငံတော် အစိုးရမှာ အဖက်ဖက်တွင် ရန်သူများကို ရင်ဆိုင်ပြုနေရသည်။ ပြည်သူ့ရဲဘော်များက ကွန်မျူနစ်တို့နှင့်သဘောတူတောခိုသွားကြ၏။ ပြည်သူ့ရဲဘော်တို့၏သွေးဆောင်ချက်အရ တိုက်ပွဲဖြစ်ပွါးနေသော ဒေသများမှ စစ်ရဲများစွာတို့ တောခိုသွားကြ၍ သစ္စာရှိ အစိုးရစစ်သားများသာလျှင် အားချင်းမမျှဘသော ရန်သူတပ်များကို ခုခံနှိမ်နင်းနေခဲ့ရလေသည်။ ထိုအတောအတွင်း တိုင်းပြည်အနှံ့အပြား ကရင်ထကြွမည့်အရေးကလည်း ဆင့်လောင်း ပေါ်ပေါက်နေလေသည်။ အစိုးရက အချင်းချင်း ငြိမ်းရေးဝါဒကို လိုက်နာလျက် ပြည့်ပြည့်စုံစုံ စောင့်ရှောက် မအုပ်မချုပ်နိုင်သော ဒေသအချို့တို့တွင် ကရင်တို့အား ငြိမ်ဝပ်ပိပြားမှုအတွက် တာဝန်အချို့ကို ပေးအပ်လေသည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလဆန်းတွင် သထုံနှင့် မော်လမြိုင်တို့၌ ကေ အင် ယူနှင့် အစိုးရတို့အကြား ကျေနပ်လောက်အောင် သဘောတူညီချက် ရရှိကြလေသည်။ ထိုလထဲ၌ပင် ကေ အင် ဒီ အို တို့ သိမ်းယူသော ရွှေကျင်နှင့် ကျောက်ကြီးမြို့များ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ တောင်ငူတွင် အစိုးရနှင့်ကရင်တို့ နားလည်မှုရရှိလေသည်။ ပြည်သူ့ ရဲဘော်နှင့် အလံနီ ကွန်မျူနစ်တို့ အဆက်မပြတ် နှောင့်ယှက်ခြင်းခံနေရသော တွံတေးကိုလည်း အဆိုပါနည်းအတိုင်းပင် ကေ အင် ဒီ အိုနှင့် အစိုးရစစ်တပ်များ ပူးပေါင်း ထိန်းသိမ်းထားစေလေသည်။ တွံတေးမှာ မြန်မာနိုင်ငံအတွင်း ကရင်၊ အလံနီ ကွန်မျူနစ်များ အားအကောင်းဆုံး တနေရာဖြစ်နေ၍ တောခို စစ်ရဲများ ပါဝင်သော ကေ အင် ဒီ အို ခေါင်းဆောင်များက ချက်ခြင်းပင် အလံနီ ကွန်မျူနစ်များနှင့် ပူးပေါင်းပြီးလျှင် အစိုးရကို တိုက်ရန် ကြံကြလေသည်။ ကေ အင် ဒီ အို တို့က တပါးသူတို့ကို သစ္စာဖောက်ချင်တိုင်း ဖောက်သော်လည်း သူတို့နှင့် သွေးတူလူစုကိုမူကား သစ္စာစောင့်ကြ၏။ တွံတေးမြို့မှာ မြစ်ဝကျွန်းပေါ် ရေကြောင်းအဆက်အသွယ် အချုပ်အချာဌာနဖြစ်၍ ကေ အင် ဒီ

အိုတို့၏ သြဇာသည် တွံတေးမှ မအူပင်အထိ မြစ်ကြောင်းများသို့ တဖြည်းဖြည်း ပျံ့နှံ့သွားပြီးလျှင် ထိုဒေသများ၌ ကရင်ဓားပြများ ထကြွသောင်းကျန်း၍ ရေယာဉ်ဟူသမျှတို့ကို တိုက်ခိုက်ပြီးလျှင် ကရင်မဟုတ်သူများနှင့် ကရင်ပိုင်မဟုတ်သည့် ပစ္စည်းများကို လုယက်ယူငင်ကြလေသည်။ ကရင်တို့က ထိုသို့လုယက်သည့် ပစ္စည်းတန်ဖိုးကို ခန့်မှန်းနိုင်ရန် မတတ်နိုင်သေးသော်လည်း သူတို့ လုယူသည့် ပစ္စည်း တန်ဖိုးမှာ သန်းပေါင်းများစွာ ဖြစ်သည်ကို ကောင်းစွာ သိရှိရပေလိမ့်မည်။

တွံတေးမြို့တွင် ၁၉၄၈ ခု စက်တင်ဘာလ ၂၂ ရက်နေ့၌ ကေ အင် ဒီ အိုများ ကြီးကြပ်အုပ်ချုပ်မှုကို စောဘတိုးလက်မှ တောခိုစစ်ရဲ စောသာအေးကျော်က လွှဲယူသည်မှစ၍ ကြောက်မက်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်မှုများကိုကျူးလွန်ကြလေသည်။ တွံတေး ရဲဌာနတွင် ကျန်ရစ်ခဲ့သော ရဲအဖွဲ့ကလေးကို ကေ အင် ဒီ အိုတို့က အဆက်မပြတ် နှိပ်စက်ညှဉ်းဆဲ၍ ရဲဌာနမှ လက်နက်အားလုံးကို သိမ်းယူပြီးလျှင် မည်သည့်အခါမျှ ပြန်မပေးတော့ချေ။ ထိုအချိန် တလျှောက်လုံးပင် စောသာအေးကျော်သည် အလုံ ကေ အင် ယူ ဌာနချုပ်နှင့် ပူးပူးကပ်ကပ် ဆက်သွယ်နေပါလျက် ကေ အင် ယူ ဌာနချုပ်က သူ့အား တားမြစ်ခြင်း တစုံတရာ ပြုသည်ကို မတွေ့ခဲ့ရပေ။

၁၉၄၈ ခုနှစ် အောက်တိုဘာလထဲတွင် ကြမ်းကြုတ်မှုများသည် အပြင်းထန်ဆုံး အခြေသို့ ရောက်လာလေသည်။ ထိုလထဲတွင် ကွမ်းခြံကုန်းမှ တွံတေးသို့ လာရောက်ကြသော နယ်ပိုင်ဝန်ထောက် မစ္စတာကဲရော့၊ ဌာနအုပ်မစ္စတာ ရာဂျန်နှင့် ရဲသား ၄ ယောက်တို့ကို ကရင် ကွန်မျူနစ်၊ အလံနီများက ကေ အင် ဒီ အိုတို့နှင့်ပေါင်း၍ ဖမ်းဆီးပြီးလျှင် မစ္စတာကဲရော့နှင့် မစ္စတာ ရာဂျန်တို့ကို ရက်စက်စွာ သေနတ်နှင့် ပစ်သတ်ပြီးနောက် ခေါင်းကိုဖြတ်ကြလေသည်။ ရဲသား နှစ်ယောက်ကိုမူကား လှံစွပ်နှင့် ထိုးသတ်ကြလေသည်။ ဤသို့ရက်စက်စွာ ပြုမူခြင်းကြောင့် ချင်းရိုင်ဖယ် တပ်ခွဲ တတပ်ကို တွံတေးသို့ စေလွှတ်ရလေသည်။ သို့သော်လည်း အချိန်လုံလောက်စွာ မရ၍ ရက်စက်စွာ သတ်ဖြတ်လုယက်သူတို့ကို အပြစ်ဒဏ် မပေးနိုင်ခဲ့ရချေ။

ထိုကဲ့သို့ ကေ အင် ဒီ အို တို့က စည်းကမ်းမဲ့ ရက်စက်မှုများကို ကျူးလွန်နေကြသော်လည်း လူများစုဖြစ်သော မြန်မာတို့မှာ အရပ်ရပ်တွင် အချင်းချင်း ကွဲပြားနေကြသည့် အပြင် ကရင်တို့ကဲ့သို့ စည်းကမ်း သေဝပ်မှုလည်း မရှိသဖြင့် မြန်မာတို့မှာ စည်းကမ်းသေဝပ်လျက် တလုံးတစည်းတည်း ရှိသူတို့၏ လက်ခုပ်တွင်းမှ ရေကဲ့သို့ သွန်လိုသွန် မှောက်လိုမှောက် အခြေသို့ ရောက်နေကြရသည်။ ထို့ပြင်

ကရင်တို့၏ လက်ဘွင် သေနတ်လက်နက် အများဆုံး ရှိနေရာ အစိုးရက လက်နက်များကို ချအပ်ရန် လွှတ်ငြိမ်းခွင့် ပေးထားသည့် အချိန်တွင် ကရင်တို့က လက်နက် တစုံတရာ မချမအပ်ဘဲ နေကြလေသည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလ မှစ၍ ကေ အင် ဒီ အို တို့သည် မြန်မာတပြည်လုံး အနှံ့အပြား ကျေးရွာများကို လုယက်တိုက်ခိုက် သတ်ဖြတ် ဖျက်ဆီးမှုများကို အကြီးအကျယ် ပြုလာကြလေသည်။ မအူပင်၊ ပန်းတနော် စသည့်မြို့များကို ကရင်တို့က အကြီးအကျယ် တိုက်ခိုက်လုယက်၍ အပြစ်ကင်းမဲ့သော အရပ်သူ အရပ်သားများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ် ကြလေသည်။ ဖရင်ကို ကြီးစိုးသော စပိန်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွါးစဉ်က ဖက်ဆစ်တို့ပင် ကရင်တို့၏ ကြမ်းကြုတ်ပုံကို ယှဉ်ဝံ့ကြမည် မဟုတ်ချေ။မေမြို့ကို ကေ အင် ဒီ အိုတို့ သိမ်းပိုက်စဉ်ကလည်း အပြစ်ကင်းမဲ့သော အရပ်သူ အရပ်သားများကို ထောင်နှင့် ချီ၍ ပစ်ခတ် သတ်ဖြတ်ကြသည်။ ကျိုက္ခမီ၊ ထားဝယ်နှင့် မြိတ်ခရိုင်တို့တွင်လည်း အပြစ်ကင်းမဲ့သော မြန်မာရွာသူ ရွာသားများကို ရာနှင့် ချီ၍ ဓားစာကျွေးကြလေသည်။ မြန်မာရွာများကို ရာနှင့် ချီ၍ မီးရှို့ကြသည့်အပြင် ရွာသား သိန်းပေါင်းများစွာတို့ကို အိုးအိမ်မဲ့ဖြစ်အောင် ပြုလုပ် ကြလေသည်။ သိန်းပေါင်းများစွာ တန်သော ပစ္စည်းများကို လုယူကြ၍ ရန်ကုန်နှင့် တကွ မြို့ကြီးများစွာတို့သို့ မြန်မာဒုက္ခသည်များ ပြည့်ကြပ်အောင် ဝင်ရောက် ခိုလှုံနေကြရလေသည်။

ဤသို့ ကေအင် ဒီ အို တို့က လူမျိုးရေး သဘောထား၍ ကြမ်းကြုတ်ရက်စက်စွာ ပြုကျင့်ကြသော သတင်းများကို အစိုးရက တင်းတင်း ကြပ်ကြပ် ဖြတ်တောက်ထားသော်လည်း ထိုသတင်း များကို ဒုက္ခသည်များထံမှ ပြည်သူလူထုကြားသိသွားသဖြင့် တပြည်လုံး ဒေါသအမျက် ခြောင်းခြောင်း ထွက်လျက် ရှိလေသည်။ ထိုသို့ ပြုကျင့်ကြသူတို့အား တရား စီရင်မည့် နေ့သည် နီးကပ်၍ လာပေပြီ။ ကမ္ဘာတဝှန်းလုံး မည်သည့် အစိုးရမျိုးမှ ထိုနေ့ကို တားဆီး၍ ရနိုင်မည် မဟုတ်ချေ။

အင်းစိန်ခံတပ်

ကရင်အမျိုးသားများသည် သူတပါးနှင့် မရောမနှောဘဲ ကိုယ့်လူမျိုးနှင့် ကိုယ် အစုအသင်းပြုကာ သီးသန့် နေထိုင် တတ်ကြပေသည်။ အမေရိကန်ရှိ တရုပ်လူမျိုးများကဲ့သို့ပင် ကရင်တို့သည် မြို့တွင်း၌ဖြစ်စေ တောရွာများ၌ ဖြစ်စေ မိမိတို့ အစုအသင်းနှင့် သီးသန့် နေတတ် ကြသည်။ ရန်ကုန်မြို့၌ ကရင်တို့သည် အစုကလေး

ဖွဲ့၍ ရပ်ကွက်သီးသန့်နှင့် နေကြ၏။ အင်းစိန်၊ ခဝဲခြံ၊ ကျိုက်ကလား၊ ကြို့ကုန်းနှင့် စော်ဘွားကြီးကုန်းတို့မှာ ကရင်စုမြို့ကလေးများ ဖြစ်ကြ၏။ မြန်မာ လူမျိုးများနှင့် အထူးခင်မင် သင့်မြတ်နေသော အခါ များကပင် သူတို့ ရပ်ကွက်တွင်းသို့ မြန်မာ များ ဝင်လာလျှင် မကြိုက်ကြချေ။

၁၉၄၇ ခုနှစ် အောက်တိုဘာလ လောက်တွင် ကရင်တို့ကို အစိုးရ စစ်တပ်များ က တိုက်ခိုက်လျှင် ကာကွယ်ရန် ဆို၍ သူတို့နေထိုင်သော ရပ်ရွာများကို တိုး၍ မပေါက်နိုင်အောင် အခိုင်အလုံ စ၍ ပြုလုပ် ကြလေသည်။ ရွာစွန် ရွာဖျားများတွင် မြေကတုတ်များ တူးကြသည်။ အိမ်အောက်တွင် ကျင်းများ တူးကြသည်။ အချက် ကျသော နေရာများတွင် ကာကွယ်ရေး နေရာများ ပြုပြင်ကြသည်။ လက်နက် ခဲယမ်းမီးကျောက်နှင့် ဓာတ်ဆီများကို စုဆောင်း၍ မြေအောက်တွင် သိုဝှက် ထား ကြသည်။ မြစ်ဝကျွန်းပေါ် ခရိုင်များ၊ ကရင်နီနယ်များနှင့် သထုံခရိုင်တို့မှ ကေ အင် ဒီ အို တပ်ကူများကို ခေါ်ယူ ကြသည်။ လူသွား လူလာလမ်းမများမှ ဝေးကွာ ချောင်ကျသောနေရာများတွင် စစ်တန်းလျားများ ဆောက်လုပ်ပြီးလျှင် ကေ အင် ဒီ အို တို့အား လက်နက်ကိုင်နည်းနှင့် တောပုန်းတိုက်နည်းများ တနေ့မပြတ် အပြင်း အထန် လေ့ကျင့် သင်ကြား ပေးလေသည်။ မအူပင်နှင့် သထုံခရိုင်တို့မှ ကေ အင် ဒီ အို များသည် ရာနှင့်ချီ၍ တွံတေး စာဖူးတောင်းတို့မှဖြတ်၍ ရောက်ရှိနေကြောင်း သိရသည်။ မြန်မာများကို ကရင် ရပ်ကွက်များ အတွင်းသို့ မည်သည့် အကြောင်း နှင့်မျှ မဝင်ရအောင် လုံးဝ တားမြစ် ထားလေသည်။ မြန်မာဈေးသည်၊ ကုန်သည် များထံမှ ကုန်ကြွေးများကို ကရင်ရပ်ကွက် အပြင်ဖက်သို့ လာရောက်၍ ဈေးဆိုင် များတွင်ပင် ပေးချေ ကြသည်။ မြေခွန်တော များကို တိုက်စာရေးက သွားရောက် တောင်းခံခြင်း မပြုရဘဲ ကရင်ရပ်ကွက် ဆိုင်ရာ တာဝန်ခံ ကရင်လူကြီးများက ကောက်ခံ၍ တိုက်စာရေး၏ နေအိမ်သို့ လာရောက် ပေးဆောင်၏။ ကရင်ခံတပ် များသို့ သွားလာသော လမ်းဆုံလမ်းခွ ဟူသမျှတွင် "မြန်မာများ မဝင်ရ" ဟု ဆိုင်း ဘုတ်များ ကပ်၍တားမြစ် ထားသည်။ ကေ အင် ဒီ အို အစောင့်များက ဝင်ပေါက် ဟူသရွေ့ကို စောင့်ပြီးလျှင် သူတို့၏ အမိန့်ကို လိုက်နာစေသည်။ နှစ်အဆုံးလောက် တွင် ကရင်ခံတပ်များ ဆောက်လုပ်ပြီးစီး၍ ကရင် ကေ အင် ဒီ အို တို့ကလည်း တိုက် ရန် အသင့်ရှိနေလေသည်။ အင်းစိန်မြို့မှာ စကာပူကဲ့သို့ ခိုင်ခံ့လှသော ခံတပ်ကြီး ဖြစ်နေ၍ ခိုင်ခံ့ကြောင်း သိရန် "ချတော့" ဆိုသော အမိန့်တခုပေးရန်သာ လိုပေ တော့သည်။

ထိုကဲ့သို့ ကေအင် ဒီ အို များသည် ပုန်ကန်ထကြွရန် စေ့စပ် သေချာသောအစီ

အစဉ်များ ပြုလုပ်ကြပြီးနောက် အနယ်နယ်အရပ်ရပ်တွင် လူသတ်မီးရှို့ ဓားပြတိုက် အစရှိသည့် ရာဇဝတ်မှုကြီးများကို နေ့စဉ် ရက်ဆက် ကျူးလွန်လျက် ရှိကြရာ နိုင်ငံရေးတွင် ကရင် တမျိုးသားလုံးကပင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရကို ပုန်ကန်ထကြွလျက် ရှိသည် ဟူသော အယူအဆ ပျံ့နှံ့လျက် ရှိပေသည်။ အမှန်စင်စစ်မှာ ထကြွပုန်ကန်လျက် ရှိသည့် ကေ အင် ဒီ အို များမှာ ကရင်အမျိုး သားများ၏ အလွန်သေးငယ်သော အစိတ်အပိုင်း မျှသာ ဖြစ်၍ များပြားလှ သော ကရင်အမျိုးသားမှာ ဥပဒေကို စောင့်သိ ရိုသေကြ၍ ပြည်ထောင်စု အစိုးရ အား ထောက်ခံ အားပေးလျက် ရှိ၏။

မြန်မာ နိုင်ငံတွင်ပေါ် ပေါက်လျက်ရှိသည့် ကေ အင် ဒီ အို သောင်းကျန်းမှုများ သည် ကရင်အမျိုးသားများက တဖက်၊ မြန်မာအမျိုးသားများကတဖက် ပဋိပက္ခ မှုကြီးဟု ဗြိတိန်ကဲ့သို့သော နိုင်ငံများတွင် ယူဆကြ၏။ ထိုအယူအဆကို ပယ်ဖျက် နိုင်ရန်အတွက် ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌ ဝန်ကြီး မန်းဝင်းမောင်က ငြိမ်းချမ်းရေးကို လိုလားသော ကရင်အမျိုးသား များ၏ ကိုယ်စား ဗြိတိသျှ လေဘာပါတီဝင် ပါလီမန်အမတ် မစ္စတာဂတ္တန်မ်ဒရိုင်းဗတ်ထံသို့ အောက်ပါ သံ ကြိုးစာတစောင်ကို ရိုက်ကြား ပေးပို့ လိုက်လေသည်။

မန်းဝင်းမောင်၏ သံကြိုး

ပါလီမန်တွင် သစ္စာရှိသော ကရင်များ အတွက် ကွန်ဆာဗေးတစ် အမတ်များ က စိုးရိမ်ပူပန်သည့် စကားများ ပြောဆိုသည်ကို ကျွန်တော်တို့ ကြားသိရသည်။ နိုင်ငံတော် အစိုးရတို့က ပုန်ကန်မှုဖြင့် ယခုအခါ ဖိနှိပ်လျက်ရှိသော ကေ အင် ယူ အဖွဲ့ဝင်များအားလုံးသည် သစ္စာရှိသော ကရင်များ အားလုံးမဟုတ်ပေ။

သက်သေ အထင်အရှား ပြရမည် ဆိုလျှင် ကေ အင် ယူ ဥက္ကဋ္ဌ စောဘဦးကြီး နှင့် အထွေထွေ အတွင်းရေးမှူး သရာသာထို၊ ကေ အင် ဒီ အို အဖွဲ့ခေါင်းဆောင် မန်းဘဇံတို့သည် စစ်အတွင်းက ဂျပန်များနှင့် ပူးပေါင်းသူများ ဖြစ်ကြသည်။

၁၉၄၄ ခုနှစ်တွင် မဟာမိတ်များနှင့် ပူးပေါင်းပြီး ဂျပန်ကို တော်လှန် ပုန်ကန် ရန် အတွက် ကျွန်တော်တို့သည် ထိုလူများအား သွားရောက်တိုက်တွန်းရာ သူတို့က အတည့်အလင်း ငြင်းပယ်ပြီး ဂျပန်နှင့် နောက်ဆုံးနေ့အထိ ပူးပေါင်း ခဲ့ကြသည်။

ကျွန်တော်သည် ဖက်ဆစ် ဂျပန်ကို တော်လှန်ရန်အတွက် နံပတ် ၁၃၆ တပ် တွင် ဝင်ရောက် အမှုထမ်းခဲ့၍ ဂျပန်စစ် နောက်ကြောင်း၌ လေထီးနှင့် အဆင်းတွင်

ကျွန်တော်၏ ညာဘက်ပေါင် ကျိုးသွားပြီး ယခုအခါ တလက်မခွဲခန့်ပင်နိမ့်လျ ရှိပါသည်။ ကျွန်တော် ကဲ့သို့ပင် မဟာမိတ်များနှင့် ပူးပေါင်းပြီး ကျွန်တော် အတူ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သူများ ကျွန်တော်တို့ ကရင်လူငယ်မျ အစည်းအရုံးတွင် အများကြီး ရှိပါသည်။ ထိုကဲ့သို့သော သစ္စာရှိ ကရင်အမျိုးသ များ ပါဝင်သော ဤအစည်းအရုံးသည် ယခုအခါတွင် ပြည်ထောင်စု နိုင်ငံတေ အစိုးရကို ထောက်ခံ အားပေးလျက် ရှိပါသည်။ ကျွန်တော် ယုံကြည်သမျှကို အမှ အတိုင်း ပြောရလျှင် ကွန်ဆာဗေးတစ် အမတ်များသည် သစ္စာရှိသော ကရင်မျ ဟူသော ကြွေးကြော်သံကို ဟစ်အော်ပြီး ကရင်သူပုန်များဖက်မှ ဝင်ရောက် အ ပေးရန် ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သူတို့၏ ဝါဒကား အခြား မဟုတ ဗမာနိုင်ငံရှိ သူတို့၏ ပစ္စည်းများကို ကရင်တယောက် ကျန်သည်အထိ ကာကွယ ခိုင်းရန် ဖြစ်ပါသည်။

ကေ အင် ယူ နှင့် ကျွန်တော်တို့အစည်းအရုံးသဘောအကြီးအကျယ်ကွဲလွဲခြင် မှာအခြားကြောင့်မဟုတ်၊ ထို ကေ အင် ယူ တို့က ဗြိတိသျှနေရှင်တို့၏တပည့်အဖြစ် ခံယူသောကြောင့်ပင် ဖြစ်သည်။

ကျွန်တော်တို့သည် အင်္ဂလန်ပြည်နှင့် ချစ်ကြည်ရေးကို ကောင်းစွာ လိုလာ သည်။ အမြင်တိုသော ကွန်ဆာဗေးတစ် လူတစုကြောင့် ထိုချစ်ကြည်ရေး မပျက် ပြားစေလို။

ထိုချစ်ကြည်ရေး မပျက်ပြားရအောင် ခင်ဗျားနှင့် မိတ်ဆွေတစုက အတူ ကြိုးစားလိမ့်မည်ဟု မျှော်လင့် ပါသည်။

ရှစ်ဦးကော်မီတီ

၁၉၄၉ ခုနှစ် ဇန္နဝါရီလဆန်း လောက်တွင် အင်းစိန်တဝိုက် အခြေအနေမှာ အပြင်းအထန် ဆိုးရွားလာလေသည်။ ထိုဒေသတခုလုံးတွင် ကေ အင် ဒီ အို ဥပဒေ မှတပါးအခြား ဥပဒေ မရှိတော့ချေ။ ကေ အင် ဒီ အို တို့က နေ့ခင်းကြောင်တောင် မှာပင် မြန်မာနှင့် အိန္ဒိယတိုင်းသား များအား ပြောင်ပြောင်ကြီး လုယက်ကြလေ သည်။ မြန်မာ အရပ်သူ အရပ်သားများကို ဖက်ဆစ်နည်းဖြင့် ဖမ်းဆီးချုပ်နှောင် စစ်ဆေးခြင်းများ ပြုကြသည်။ ဤသို့ တရားမဲ့ပြုကျင့် နေကြသဖြင့် အစိုးရက စစ် ဝန်ထမ်းများကို စေလွှတ်၍ အင်းစိန်ရှိ ငွေတိုက်နှင့် အခြားအစိုးရ အဆောက်အဦ များကို စောင့်ရှောက်ပြီးလျှင် ကရင်တို့ တရားမဲ့ ပြုကျင့်မှုများကို တားမြစ်စေ

ရသည်။ အစိုးရက ဤသို့ စောင့်ရှောက်ပြီးလျှင် ကရင်တရားမဲ့ ပြုကျင့်မှုများကို တားမြစ် စေရသည်။အစိုးရက ဤသို့ စောင့်ရှောက်သည်ကိုပင် ကေ အင် ဒီ အို က သူတို့အား နှိပ်ကွပ်ရန် ကြံသည်ဟု အထင်ရောက်ပြီးလျှင် ကေ အင် ဒီ အို နှင့် စစ်ဝန် ထမ်းတို့ အကြား အထူး မသင့်မတင့် ဖြစ်လာလေသည်။ ထိုအခါ အစိုးရက သမာဓိ တည်ကြည်သော အစိုးရအထက်ဘန်းအရာရှိကြီးများ၊တပ်မတော် အရာရှိကြီးများ နှင့် ကေ အင် ယူ ခေါင်းဆောင်များပါဝင်သော ရှစ်ဦးကော်မီတီကို ခန့်၍ စေ့စပ်ရန် ကြိုးစားပြန်လေသည်။

ထိုရှစ်ဦး ကော်မီတီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင် ကြလေသည်။

(၁) ဦးကာစီ၊ အတွင်းဝန်ချုပ်။
(၂) ဦးဘမောင်၊ ရဲမင်းကြီး။
(၃) ဗိုလ်ချုပ်နေဝင်း၊ တပ်မင်းကြီး။
(၄) ဦးကျော်မြင့်၊ ရန်ကုန်နေပြည်တော် ရဲဗိုလ်ချုပ်။
(၅) စောဘဦးကြီး၊ ကေ အင် ယူ အဖွဲ့ ဥက္ကဋ္ဌ။
(၆) သရာ သာထို၊ ကေ အင် ယူ အဖွဲ့။
(၇) စောဘဲလေး၊ ကေ အင် ယူ အဖွဲ့။
(၈) မန်းဘဇံ ကေ အင် ဒီ အို ဥက္ကဋ္ဌ။

ရှစ်ဦး ကော်မီတီသို့ ပေးအပ်လိုက်သော အဓိက တာဝန်မှာ အင်းစိန်တွင် ကေ အင် ဒီ အို များစွာရောက်ရှိနေရာ သူတို့သည် ရှေ့သို့ဆက်လက်နေပါက အရေးအခင်း ကြီးစွာဖြစ်ပေါ်လာရန် အကြောင်းရှိသဖြင့် သူတို့အား ပြန်ပို့စေရန် ဖြစ်လေသည်။ အင်းစိန်ရှိ ကေ အင် ဒီ အို များ နယ်ရှိ ဆိုင်ရာရပ်ရွာများသို့ ပြန်ပို့ရမည် ဟူသော အစိုးရ၏ နောက်ဆုံး တောင်းဆိုချက်ကို ကော်မီတီတွင် ပါဝင်သည့် ကေ အင် ယူ ခေါင်းဆောင် တဦးနှစ်ဦးက စေတနာဖြူစွာဖြင့် လက်ခံကြလေသည်။ သို့သော် လည်း ကေ အင် ယူ ဌာနချုပ် လူငယ်ပိုင်းက ရှစ်ဦးကော်မီတီသည် ကရင် အမျိုးသား အားလုံးကို စော်ကားရာ ကျသည်ဟု ယူဆကာ ကေ အင် ယူ ခေါင်း ဆောင်များက သဘောတူ လက်ခံခဲ့သော အစီအစဉ်ကို အစိုးရနှင့် ပူးပေါင်း၍ မဆောင်ရွက်ဘဲ ငြင်းဆန် နေကြလေသည်။ ရှစ်ဦးကော်မီတီက ခန့်ထားသော လက်အောက် ကော်မီတီများ၏ ဆွေးနွေးပွဲများတွင် သူတို့က အတည့်အလင်းပင် မတက်ဘဲ နေကြလေသည်။ ထိုနောက် အရေးအခင်းများ ဆက်လက် ပေါ်ပေါက် လာရာမှ ၁၉၄၉ ခုနှစ် ဇန္နဝါရီလ အဆုံးတွင် ရှစ်ဦး ကော်မီတီ၏ ကြိုးပမ်းချက်များ မှ၅ လုံးဝပျက်ပြား သွားလေသည်။

သောင်းကျန်းမှုအတွက် အကြောင်းပြချက်

ဟစ်တလာမှာ "နေစရာ နေရာ လိုချင်သည်" ဟူသော အစွဲကပ်ခဲ့သကဲ့သို့ ကရင် အချို့ကလည်း မြန်မာ နိုင်ငံတော်အတွင်း၌ သူတို့အား မြန်မာများက နိုင်ငံရေး၊ စီးပွါးရေး အဖက်ဖက်မှ ဝိုင်းရံ ဖိနှိပ်ထားပြီးလျှင် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် တို့ကဲ့သို့ သူတို့လည်းပင်းကို ကွင်းစွပ်၍ ကရင်တမျိုးလုံး ပြုတ်ပြုတ် ပြုန်း အောင် ကြံနေသည်ဟု အသဲအမဲ အစွဲကပ်လျက် ရှိနေကြလေသည်။ ဟစ်တလာကဲ့သို့ပင် ကေ အင် ယူ ခေါင်းဆောင်များက သူတို့"နေစရာ နေရာ" တည်းဟူသော သီးခြားပြည်နယ်ကို တည်ထောင်ပြီးလျှင် ၁၉၃၅ ခုနှစ်က ဟစ်တလာ၏ ဂျာမနီ ပြည်က ပြုခဲ့သကဲ့သို့ပင် သူတို့၏ နိုင်ငံရေးနှင့် စီးပွါးရေး လွတ်လပ်မှုကို ရှာကြံ မည်ဟု ကြံကြလေသည်။

ဟစ်တလာ ကဲ့သို့ပင် ကေ အင် ယူ ကရင်တို့က သူတို့၏ သီးခြားပြည်နယ်ကို ရမှုအတွက်နှင့် သူတို့အမျိုးသားတို့ ရာဇဝင် ပြောင်ခဲ့သော စစ်ဝါဒ သတ္တိကို စောင့် ထိန်းထားရန်မှာ အတင်းအဓမ္မ တိုက်ခိုက် လုယူခြင်းဟူသော လက်နက်တခုတည်း သာလျှင် ရှိသည်ဟု ယုံကြည်ကြလေသည်။ ဟစ်တလာကဲ့သို့ပင် သီးခြား ကရင် ပြည်နယ် ရရှိရေးအတွက် ကရင်အမျိုးသားတို့၏ တရားသဖြင့် ဖြစ်သော လိုလား တောင့်တချက်များကို မြန်မာတို့က စေတနာ ဖြူဖြောင့်စွာ ထားရှိသည်ကို မယုံတဲ နေကြလေသည်။ ကရင်တို့သည် ဟစ်တလာကဲ့သို့ပင် အတင်းအဓမ္မ ကျူးလွန် တိုက်ခိုက်မှု တခုတည်းကိုသာလျှင် ယုံကြည်အားထား ကြသည် ဖြစ်၍ မဆိုင်း မတွ မြန်မာနိုင်ငံတော် အစိုးရက ကရင်တို့ကို အမျိုးပါ သုတ်သင် ပစ်ရန် အကောက် ကြံနေခဲ့သည် ဟူ၍ အမြဲတစေ ဖော်ပြခဲ့ကြလေသည်။

ကေ အင် ယူ အဖွဲ့ကသော်၎င်း၊ ယင်း၏ လက်အောက်ခံ ကေ အင် ဒီ အို လက်နက်ကိုင် အဖွဲ့ကသော်၎င်း တောင်းဆိုသော ကရင်ပြည်နယ်မှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

(၁) တနင်္သာရီတိုင်း
(၂) ဧရာဝတီတိုင်း
(၃) ဟံသာဝတီခရိုင်
(၄) အင်းစိန်ခရိုင်
(၅) ပဲခူးခရိုင်အတွင်းရှိ ညောင်လေးပင် ခရိုင်ခွဲ

အထက်ပါ တိုင်းခရိုင်များအားလုံးကို ကော်သူလေး ဟူသော အမည်ဖြင့် ကရင်

ပြည်နယ် သတ်မှတ် ပေးရန် တောင်းဆို ချက်သည် မည်သည့်နည်းနှင့်မျှ တရားမျှ တမှု မရှိကြောင်းကို အထူး ဖော်ပြရန် လိုမည် မဟုတ်ပေ။ ကမ္ဘာ့ထုံးတမ်း စဉ်လာ အရ လူမျိုးစု တစုက သီးခြားပြည်နယ် တောင်းဆိုလာလျှင် ထိုသို့ တောင်းဆို သော ဒေသတွင် ထိုလူမျိုးများ အများအပြား နေထိုင်ရာ ဒေသဖြစ်ရမည်သာမက ထိုဒေသတွင် နေထိုင်ကြသော လူအများစုကလည်း မဲဆန္ဒပေး၍ ထိုကဲ့သို့ သီးခြား ပြည်နယ် အလိုရှိကြောင်းကို ဖော်ပြရမည် ဖြစ်ပေသည်။

ကေ အင် ယူ အဖွဲ့နှင့် ကေ အင် ဒီ အို လက်နက်ကိုင် အဖွဲ့များက ကရင်ပြည် နယ်သီးခြားပြုလုပ်ရန်တောင်းဆိုသော ဒေသများတွင် ကရင်အမျိုးသားများသည် လူများစု မဟုတ်။ လူနည်းစုမျှသာ ဖြစ်ကြောင်းကို ဗြိတိသျှ အစိုးရတို့ မထွက်ခွါ မီက စီမံပြုလုပ်ခဲ့သော အောက်ပါ သန်ကောင်စာရင်းအရ ကောင်းစွာ သိနိုင် ပေသည်။

နယ်	ကရင်အမျိုးသား (ရာခိုင်နှုန်း)	အခြားအမျိုးသား (ရာခိုင်နှုန်း)
၁။ တနင်္သာရီတိုင်း	၃၃.၅	၆၆.၅
၂။ ဧရာဝတီတိုင်း	၁၉.၂	၈၀.၈
၃။ ဟံသာဝတီ၊ ပဲခူးနှင့် အင်းစိန်ခရိုင်	၈.၈	၉၁.၂

အထက်ပါ ဇယား အရ ဆူပူ ထကြွလိုသော ကရင်အမျိုးသားများ တောင်းဆို သည့် ကရင် ပြည်နယ် ပြုလုပ်ရန် ဒေသသည် ကရင်အမျိုးသား အနည်းငယ်မျှသာ နေထိုင်၍ အခြား အမျိုးသားများက လူများစု ဖြစ်ကြောင်းမှာ ရှင်းလင်း ပေသည်။

အမှန် စင်စစ် ထိုကဲ့သို့ မဖြစ်နိုင်သော မြန်မာနိုင်ငံတဝက်လောက်ကို ကရင်ပြည် နယ်ပြုလုပ်သတ်မှတ်ပေးရန် တောင်းဆိုနေကြခြင်းသည် မရမှန်းသိလျက် တောင်း ဆိုခြင်းသာ ဖြစ်ပေသည်။ မိမိတို့ လိုလားသော ကိစ္စရပ်ကို ရမယ်ရှာ၍ ပုန်ကန် ထကြွခြင်းသည် အခြားအကြောင်းများလည်း ရှိပေသေးသည်။

အမှန်အားဖြင့်ကား ဒီ၊အမ်၊ဆမီတန်ကဲ့သို့သော နယ်ချဲ့ဝါဒ အယူသည်းသမား များက လူမျိုးရေး ဘာသာရေးနှင့် နိုင်ငံရေး ပျက်ပြားမှု စိတ်ဓာတ်များ ပေါ် ပေါက်လာအောင် လှုံ့ဆော်၍ မကျေနပ်မှုမျိုးစေ့များကို စိုက်ပျိုးခဲ့ကြသည်မှစ၍ ကရင်နီပြည်နယ် သောင်းကျန်းမှု ဖြစ်ပေါ်ရန် အကြောင်းများ ပေါ်ပေါက် လာခဲ့

ခပသည်။ ကေ အင် ယူ က သီးခြား ကရင်ပြည်နယ်ကို လက်နက်အားကိုး အတင်း အဓမ္မထူထောင်မည်ဟု ဆုံးဖြတ်ကတည်းကပင် သူတို့၏ ကျူးလွန်တိုက်ခိုက်မှု ဝါ စ၍ဖြစ်ပေါ်ခဲ့သည်။ သူတို့က ကေ အင် ဒီ အို များကိုစည်းရုံး၍ လက်နက် ခဲယမ်းမီး ခကျောက်များကို စုဆောင်းပြီးလျှင် ကာနယ်တူးလောက်နှင့် အပေါင်းပါတို့ကဲ့သို့ ခသာနိုင်ငံခြားသား လူမသမာများကလက်နက်ခဲယမ်းမီးကျောက်များ ဆက်လက် ခပေးဦးမည်ဟူသော ကတိကိုရရှိကြကတည်းကပင် လက်နက်ကိုင်၍ အတည့်အလင်း ပုန်ကန်ရန် အကြောင်း ပေါ်ပေါက် ခဲ့လေသည်။ ပြည်ထောင်စု အစိုးရမှာ ကွန်မြူ နစ်အရေး၊ ပြည်သူ့ရဲဘော်အရေးများနှင့် လုံးဝရင်ဆိုင် တွေ့ကြုံနေရသည်ကို သိ သည်နှင့် တပြိုင်နက် ကေ အင် ဒီ အို တို့သည် မြို့ရွာများ၊ အစိုးရ ငွေတိုက်များ၊ နှင့် လှေ၊ သင်္ဘောများကို အကြီးအကျယ် တိုက်ခိုက် လုယက်ဖျက်ဆီးခြင်းဖြ စ၍ ပုန်ကန် သောင်းကျန်း ခဲ့ကြလေသည်။

၁၉၄၉ ခု ဇန်နဝါရီလ ၃၁ ရက်နေ့ည အင်းစိန်တွင် ဖြစ်ပွါးသည့်တိုက်ပွဲမှာ အဖက် ဖက်တွင် ရန်သူများ ဝိုင်းရံနေသော အစိုးရကို အပြုတ်တိုက်ရန် အကြံပင် ဖြစ်ပေ သည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်နေသော ကေ အင် ဒီ အို ပုန်ကန်မှုများနှင့် စပ် လျဉ်း၍ ကိုယ်တွေ့လေ့လာ စုံစမ်းရန် အတွက် အနောက်နိုင်ငံများမှ နိုင်ငံခြား ခေါင်းဆောင်များ၊ သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများ ရန်ကုန်မြို့သို့ သာရောက် ကြလေသည်။ ထိုကဲ့သို့ လာရောက်စုံစမ်းမှုများ အားလုံး လိုလိုပင် ခကာ အင် ဒီ အို များ၏ မိုက်ရူးရဲလုပ်ငန်းများကို ကောင်းစွာ သဘောပေါက်လျက် ပြန်လည်သွားကြ၏။ ထိုသို့ လာရောက်သူများ အနက် ဗြိတိသျှ လေဘာပါတီဝင် ပါလီမန် အမတ် မေဂျာဝုဒရော ဝိုင်ယက်သည် အခြေအနေကို ကောင်းစွာ လေ့လာ ပြီးနောက် ၁၉၄၉ ခု ဖေဖွာရီလ ၈ ရက်နေ့ညတွင် မြန်မာနိုင်ငံတော် အသံလွှင့် ဌာနမှ အောက်ပါ စကားများကို အသံလွှင့်ပြောကြား ခဲ့လေသည်။

မေဂျာဝုဒရောဝိုင်ယက်၏ အသံလွှင့်ပြောကြားချက်

"မြန်မာ နိုင်ငံရဲ့ အရေးကိစ္စများနဲ့ စပ်လျဉ်းပြီး ယနေ့ညအဘို့ မိနစ်အနည်း ငယ် ပြောရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်ဟာ မြန်မာနိုင်ငံရဲ့ ကောင်းကျိုးကို များစွာ လိုလားတဲ့ ဗြိတိသျှ ပါလီ မန်အဖွဲ့ဝင်တဦးဖြစ်တဲ့ အတွက် ယခုကဲ့သို့ ပြောရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ

တချို့ လူများ ပြောစကားကို တခါတလေကြားလိုက်ရယင် ဗြိတိသျှပါလီမန်နဲ့တကွ ဗြိတိသျှ လူမျိုးတို့ဟာ မြန်မာနိုင်ငံရဲ့ ကောင်းကျိုး ချမ်းသာကို မလိုလား ကြဘူး လို့ ခင်ဗျားတို့က ထင်ကြလိမ့်မယ်။ နောက်ပြီး ဗြိတိသျှ လူမျိုးများဟာ ပြည် ထောင်စု အစိုးရ အခက်အခဲ တွေ့အောင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီး ပျက်သွားအောင်နဲ့ နောက်ဆုံး မြန်မာ နိုင်ငံကိုပြန်လည် သိမ်းပိုက်နိုင်အောင် အကြံ အစည်များ ရှိနေကြတယ်လို့ ခင်ဗျားတို့က ထင်ကောင်း ထင်ကြလိမ့်မယ်။ ဒီလို အကြံအစည်မျိုး ဗြိတိသျှ လူမျိုးများမှာ လုံးဝမရှိကြောင်း ကျွန်တော် ပြောရပါ တယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး အက်ဥပဒေကို ဗြိတိသျှ ပါလီမန်မှာ အတည်ပြု စဉ်တုန်းက ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်မှာ သစ်လွင်သော လွတ်လပ်ခါစ နိုင်ငံသစ် တခု အနေနဲ့ စည်းလုံး ညီညွတ်ပျော်ပါးစွာ တိုးတက် လာတာကို မြင်တွေ့ လိုလို့ပါဘဲ။

မိမိတို့ ပြဿနာများကို မိမိတို့ဖာသာ ဖြေရှင်းနိုင်ကြတဲ့ မြန်မာ တိုင်းရင်းသား တို့ရဲ့ အရည်အချင်းများ အပေါ်တွင်လဲ ကျွန်တော်တို့ရဲ့ဝါဒ အမြင်နဲ့ ယုံကြည်ချက် တွေဟာ မပြောင်းလဲခဲ့ ပါဘူး။ "ဒါဖြင့် မြန်မာ နိုင်ငံရဲ့ အရေးအခင်းများကို ငြိမ်း ချမ်းစွာ ကြိုးစားပြီး ဖြေရှင်းနေတဲ့ အချိန်မှာ ကရင်များ ဆူပူသောင်းကျန်းအောင် အားပေး အားမြှောက် လုပ်နေကြတဲ့ အင်္ဂလိပ်တွေကတော့ကော" လို့ မေးစရာ ရှိပါတယ်။ မှန်ပါတယ်။ အင်္ဂလိပ်လူမျိုး တယောက် နှစ်ယောက်ဟာ ကိုယ်နဲ့မဆိုင် တဲ့ ကိစ္စမှာ ဝင်ရောက် စွက်ဖက်ခဲ့ ကြပါတယ်။ သူတို့ ဝင်ရောက် စွက်ဖက်တဲ့ အတွက် လဲ ကျွန်တော် တောင်းပန်ပါတယ်။ ဒါပေမဲ့ သူတို့ဟာ အင်္ဂလန်မှာ ရှိတဲ့ အင်္ဂလိပ် လူမျိုးများရဲ့ ကိုယ်စားလှယ်လဲ မဟုတ်ဘူး။ မြန်မာ နိုင်ငံမှာ ရှိနေတဲ့ အင်္ဂလိပ်လုပ် ငန်းရှင်များရဲ့ ကိုယ်စားလှယ်လဲ မဟုတ်ဘူး ဆိုတာ ကျွန်တော် ထပ်ပြောပါရစေ။ ကုန်သည်တွေ အနေနဲ့ကလဲ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ကိစ္စများကလွဲလို့ တခြား အပိုကိစ္စတွေ ဘာမျှ လုပ်ဘို့မလိုပါဘူး။ အင်္ဂလိပ်ကုန်သည်တွေက သောင်း ကျန်းသူတွေကို ငွေကြေး ထောက်ပံ့ နေကြတယ် ဆိုတာလဲ မဖြစ်နိုင်ပါဘူး။ ထောက်ပံ့ခဲ့လို့ ရှိယင်လဲ သူတို့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို ငွေကြေးနဲ့ ကူညီ သလို ဖြစ်နေတော့မှာဘဲ။ ကိုယ်နဲ့မဆိုင်တဲ့ အရေးကိစ္စတွေမှာ ဝင်ရောက် ခြေထိုးပြီး ဆူပူအောင် အမျိုးမျိုး လုပ်တတ်တဲ့ လူတစုဟာတော့ တိုင်းပြည်တိုင်းမှာ ရှိတတ် ကြတာဘဲ။ ဒီလို လူမျိုးတွေကို ထိန်းသိမ်းထားဘို့ကလဲ မလွယ်လှဘူး။ သူတို့ရဲ့ မှုယ်မရာ ပြုလုပ်ပုံတွေကို ကြည့်ပြီး ဒါတွေဟာ လူများစုရဲ့ ဆန္ဒတွေဘဲလို့ အကဲ ဖြတ်လိုက်ယင် အမှားကြီး မှားပါလိမ့်မယ်။

ဘယ်လိုဘဲ ဖြစ်ဖြစ် ဒီလို လူရှုပ်လူပွေတစုဟာ ကရင်အချို့ကို လက်နက်ကိုင်ပြီး ပုန်ကန်ထကြွလို့ ရှိယင် အင်္ဂလန်က အကူအညီ အထောက်အပံ့ ရလိမ့်မယ်လို့ သွေးဆောင် ဖြားယောင်းခဲ့တာကတော့ ရှင်းနေတာဘဲ။ ဘာမျှသံသယဖြစ်စရာမရှိဘူး။ "ကရင်အချို့"လို့ ကျွန်တော် သုံးလိုက်တာဟာ လှည့်ပတ်ဖြားယောင်းလို့ မရတဲ့ ကရင်လူမျိုးစုကြီးလဲ ရှိသေးတယ်ဆိုတာ သိလို့ တမင်ဘဲ "ကရင်အချို့" လို့ သုံးလိုက်တာဘဲ။ တရားသဖြင့် ရွေးကောက် တင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကို လက်နက်ကိုင် ပုန်ကန်ဘို့ ဘယ်အင်္ဂလိပ်အစိုးရကမျှ အားပေးအားမြှောက် မလုပ်ဘူးဆိုတာကိုလဲ ကျွန်တော် ရှင်းရှင်းဘဲ ပြောလိုပါတယ်။ အင်္ဂလန်မှာဆိုယင် ကျွန်တော်တို့ တရားဥပဒေရဲ့ အုပ်ချုပ်ခြင်းကို ယုံကြည်ကြတယ်။ နစ်နာချက်တွေ ရှိခဲ့ယင်လဲ စစ်ဆေးကြားနာပြီး အေးချမ်းစွာဘဲ ဖြေရှင်း ကြပါတယ်။ ရိုင်ဖယ်တို့ ဗရင်းဂန်းတို့နဲ့ မဖြေရှင်း ကြပါဘူး။ လက်နက်နဲ့ ဖြေရှင်းသင့်တယ်လို့ ထင်မြင်ယူဆတဲ့လူ အင်္ဂလန်မှာရှိခဲ့ယင်လဲ ဒီလူဟာ အရူးဘဲ။ သူလိုလူကိုလဲ ထောက်ခံ အားပေးမဲ့ လူတယောက်မျှ ရှိမှာ မဟုတ်ဘူး။ လက်နက် ခဲယမ်းမီးကျောက် ဝယ်ယူတယ်ဆိုတာလဲ လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။ ပိုက်ဆံရှိအုန်းတော့ ပုဂ္ဂလိကပိုင် အဖြစ် ဘယ်တိုင်းပြည်ကမျှ ရောင်းမှာ မဟုတ်ဘူး။ မြန်မာနိုင်ငံ အတွက် သဘောကြီးနဲ့ တင်ဆောင်လာဘို့ ကမ္ဘာလှည့်ဝယ်လဲ ရမှာ မဟုတ်ဘူး။

အချို့ ကရင်တွေက ပြင်ပမှာ အကူအညီ ရမှာဘဲလို့ ထင်ခဲ့ယင်လဲ ဝမ်းနည်းစရာဘဲ။ အိပ်မက်ထဲမှာ ဆိုယင်တော့ ဖြစ်ချင် ဖြစ်မယ်ပေါ့။ အင်္ဂလန်မှာ ဆိုယင် ကရင်တွေကို အတော်ဘဲ အထင်ကြီးကြတယ်။ အင်္ဂလိပ်တွေက ကရင်တွေကို သစ္စာရှိကြတယ်၊ လုပ်ရည် ကိုင်ရည် ရှိကြတယ်၊ နောက်ပြီး စဉ်းစားဆင်ခြင် တတ်တဲ့ အသိဉာဏ်နဲ့ ပြည့်ဝကြတယ်လို့ ထင်ကြပါတယ်။ ဒါကြောင့်မို့လဲ ကရင်တွေ လက်နက်ကိုင် သောင်းကျန်းနေကြတယ်ဆိုတာ ကြားရတော့ အင်္ဂလန်မှာ အံ့အားသင့်သွားကြပါတယ်။ သူတို့ဟာ အသိဉာဏ် မရှိတဲ့ လူတွေဘဲ၊ ဒီလို လက်နက်ကိုင်ပြီး သောင်းကျန်း နေလို့ ဘာမျှ ရနိုင်မှာမဟုတ်ဘူး။ တယောက်မကျန် သေကျေ ပျက်စီးဆုံးရှုံး ရုံဘဲ ရှိမယ်။

ကရင်များရဲ့ တရားသော လိုလားတောင့်တချက်များကိုတော့ ပြည့်ဝကြမှာဘဲလို့ အင်္ဂလန်မှာ ယူဆကြတယ်။ ကျွန်တော်လဲ ဒီကို ရောက်လာကတည်းက ကရင်များရဲ့ အနာဂတ် ကောင်းစားရေးတွေကို အစိုးရခေါင်းဆောင်များဆီက ကြားသိခဲ့ရတယ်။ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကလဲ ကရင်များကို သီးခြားပြည်နယ် တခု သတ်မှတ် ပေးပါမယ်လို့လဲ ကတိပေးထားပြီးပြီ။ သူတို့ဟာ သူတို့

စကားကို ဖျက်မဲ့ လူတွေလဲ မဟုတ်ကြပါဘူး။ စိတ်ချ ယုံကြည်ရပါတယ်။ သူတို့တတွေဟာ အချင်းချင်း သွေးကွဲပြီး ဆူဆူ ပူပူ ဖြစ်နေတာကို လုံးဝမလိုလား ကြပါဘူး။ အေးအေး ချမ်းချမ်းနဲ့ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံအတိုင်း နေသွားချင်ကြတဲ့ လူတွေပါ။ ဒါကြောင့် မို့ လက်နက်ကိုင် သောင်းကျန်းနေတဲ့ ကရင်တစုရဲ့ လှည့်ဖြားသွေးဆောင်မှုကို နားမယောင် ကြပါနဲ့လို့ အားလုံးသော ကရင်များကို ကျွန်တော် ပြောခဲ့ ပါရစေ။ လက်နက်နဲ့ သောင်းကျန်း နေကြတဲ့ လူတွေဟာ မြန်မာ နိုင်ငံကို မစိုးမိုး နိုင်ပါဘူး။ သူဘို့ တတ်နိုင်မှာကတော့ တိုင်းပြည် ဖရိုဖရဲ ဖြစ်ရုံဘဲ။ အဲဒီလို ဖြစ်နေယင်လဲ ဘယ်သူ့ အတွက်မျှ ကောင်းကျိုး ချမ်းသာ ရှိမှာ မဟုတ်ဘူး။ လူတိုင်း အဘို့ အန္တရာယ် ဖြစ်ရုံဘဲ ရှိမယ်။

လူတိုင်း အဘို့ အန္တရာယ် ဖြစ်မယ် ဆိုတာကတော့ ရှင်းပါတယ်။မြန်မာ နိုင်ငံဟာ ကမ္ဘာ့အင်အားစု နိုင်ငံတခုအနေနဲ့ ရပ်တည်နေဘို့ မြန်မာတိုင်းရင်းသားများရဲ့ စား၊ ဝတ်၊ နေရေး အဆင့်အတန်း မြင့်တက်လာအောင် ပြင်ပမှ အထည်အလိပ်နဲ့ ကုန်ပစ္စည်းများ ဝယ်ယူနိုင်ဘို့ဟာ ညီညွတ်စည်းလုံးဘို့လိုဘယ်။ တနည်းအားဖြင့်တော့ စည်းကမ်း သေဝပ်မှု ရှိကြရမယ်ပေါ့။ နေပြည်တော်နဲ့ (၈) မိုင်လောက်ဝေးကွာတဲ့ နေရာမှာ တိုက်ပွဲတွေ ဖြစ်နေတုန်း အစိုးရအမှုထမ်းများက သပိတ်မှောက်ဘို့ ဆုံးဖြတ်ကြတယ်။ ဒီသတင်းဟာ အင်္ဂလိပ်လူမျိုး တယောက်အဘို့တော့ သိပ်အံ့ဩစရာ ကောင်းတာဘဲ။ လွတ်လပ်စွာ သပိတ်မှောက်ပိုင်ခွင့် ရှိကြတယ် ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အချိန်ဟာ ဒီလွတ်လပ်တဲ့ အချိန်မှ မဟုတ်ဘဲ မင်းမဲ့တိုင်းပြည် ဖြစ်နေတဲ့ အချိန်ဘဲ။ အင်္ဂလန်မှာ ကျွန်တော်တို့လဲ ခင်ဗျားတို့လို အချင်းချင်း ပြင်းပြင်းထန်ထန် သဘောကွဲလွဲမှု ရှိကြတာဘဲ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ အချင်းချင်း သဘောကွဲလွဲမှုကြောင့် ဘယ်တော့မှ လက်နက်ကို မဆွဲခဲ့ဘူး။ နောက်ပြီး အန္တရာယ် တခု ကျရောက်လာယင်လဲ အမြဲတမ်း ကျောချင်းကပ်ကြတာဘဲ။

ကရင်ဘဲ ဖြစ်ဖြစ် မြန်မာဘဲ ဖြစ်ဖြစ် မြန်မာတိုင်းရင်းသား အားလုံးဟာ ဒွန်တွဲနေကြတာဘဲ။ တိုးတက်ယင်လဲ အတူတူ တိုးတက်မှာဘဲ။ ကျဆင်းယင်လဲ အတူတူ ကျဆင်းမှာဘဲ။ တဦးရဲ့ ကံကြမ္မာဟာ တဦးရဲ့ ကံကြမ္မာနဲ့ ဆက်စပ်နေကြတာဘဲ။ လူတစု ဒုက္ခဆင်းရဲတွေ့နေတဲ့ အချိန်မှာ အခြားတစုက ဘယ်နည်းနဲ့မျှ ကောင်းစား မနေနိုင်ဘူး။ တစိမ်းတရံစာ တယောက် အဘို့တော့ ခင်ဗျားတို့ အလွန်ကို ကြင်နာမှု ရက်ရောမှုများတဲ့လူဘွေပါ။ ခင်ဗျားတို့ အချင်းချင်းမညီညွတ်မှုကြောင့် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးကို ထိပါးနေကြတယ်။ ဘယ်နိုင်ငံခြားသားမျှ လုပ်နေတာမဟုတ်ဘူး။ ခင်ဗျားတို့ ကိုယ်တိုင်ဘဲ လုပ်နေကြတာ။

ဒီလို ကြည့်ယင် ရှင်းပါတယ်။ တိုင်းပြည်ရဲ့ ဆုပ္ပမှုဟာ ရဲဘော်ဖြူတို့ကြောင့်ဘဲဖြစ်ဖြစ်၊ ကရင်ကြောင့်ဘဲဖြစ်ဖြစ်၊ ကွန်မြူနစ်ကြောင့်ဘဲဖြစ်ဖြစ် ကုန်သန်းရောင်းဝယ်ရေးနဲ့ ဝင်ငွေမှာ အလွန် အမင်း ဆုံးရှုံးနစ်နာမှုကြီး တရပ် ဖြစ်ပါတယ်။ သစ်များကို ရောင်းသင့်သလောက် မရောင်းနိုင်ခဲ့ဘူး။ မြေခွန်တော်များ မကောက်ခံနိုင်ခဲ့ဘူး၊ ဆန်စပါး စိုက်ပျိုးမှုတွေ နည်းပါးသွားခဲ့ ရတယ်။ ဒီလို ဝင်ငွေ ဆုံးရှုံးမှုကြီးဟာ ငွေရေး ကြေးရေး အခက်အခဲနှင့် ရင်ဆိုင်ဘို့ ဖြစ်လာတာဘဲ။ ပြန်လည် ထူထောင်မှုတွေ နှောင့်နှေးခဲ့ရတဲ့ အတွက် တိုင်းပြည်မှာ ရှိတဲ့ ရေနံ၊ တွင်းထွက်ပစ္စည်းများနဲ့ အခြား သယံဇာတပစ္စည်းများကို ထုတ်လုပ် သုံးစွဲနေတဲ့ နေရာမှာ ဖွံ့ဖြိုးခြင်း မရှိခဲ့ပါဘူး။ လက်နက်ကိုင် တပ်များနဲ့ စပ်လျဉ်းပြီး သုံးစွဲရတဲ့ ငွေက တနေ့တခြားများပြား လာတော့ ခင်ဗျားတို့ လိုချင်တဲ့ ပြည်ပကုန်ပစ္စည်းကို မဝယ်နိုင်ကြတော့ဘူး။ ဒီလိုတွေ ဖြစ်ရတာဟာ ဘာ့ကြောင့်တုန်း ဆိုတော့ လူတစုက ဒီမိုကရေစီရွေးကောက်ပွဲနဲ့ ပါလီမန် စံနစ်ကို မယုံကြည်ဘဲ လက်နက်နည်းနဲ့ ဖြေရှင်းချင်လို့ဘဲ။ မြန်မာနိုင်ငံအတွက် အားလုံး လက်နက်ကိုင် သောင်းကျန်းနေကြတဲ့ လူတွေကို လက်နက်များ ချကြပြီးတော့ အေးချမ်းစွာ လက်တွဲ ဆောင်ရွက်ကြပါလို့ ကျွန်တော် တောင်းပန်လိုက်ပါတယ်။

အင်္ဂလန် နိုင်ငံကလဲ ခင်ဗျားတို့ရဲ့ ငွေရေး ကြေးရေး အခက်အခဲတွေကို အစွမ်းကုန် ကူညီသွားမှာဘဲ ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကူညီချင်တာကလဲ ခင်ဗျားတို့ကို ယုံကြည်လို့ဘဲ။ ခင်ဗျားတို့ဟာ အရာကိစ္စတိုင်းမှာ နည်းမှန် လမ်းမှန်နဲ့ ဖြေရှင်းနိုင်ကြတယ် ဆိုတာလဲ ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့လဲ စစ်ဒဏ်ကို ခံစားခဲ့ရပါသေးတယ်လို့ ကျွန်တော် ပြောပါရစေ။ ခွင့်လွှတ်ကြပါ။ ကျွန်တော်တို့လဲ ငွေရေး ကြေးရေး ကြပ်တည်းလို့ ခက်ခက် ခဲခဲ လုပ်နေကြရတာဘဲ။ ကျွန်တော်တို့ အနေနဲ့ ခင်ဗျားတို့ကို ငွေကြေးချေးနိုင်ခဲ့ယင်လဲ အဲဒီငွေဟာ ဘယ်ကရတယ် ထင်သလဲ၊ အင်္ဂလန်မှာ ရှိတဲ့ ခင်ဗျားတို့လို အလုပ်သမားတွေရဲ့ ချွေးနှီးစာထဲကပါဘဲ။ သူတို့ တတွေဟာ ခင်ဗျားတို့ စားသလိုဘဲ စားသောက် နေကြရတာဘဲ။ ပိုပြီးတော့ မစားသောက် နိုင်ကြပါဘူး။

ကျွန်တော် ပြောတာလဲ တော်တော်လေး ရှည်သွားပြီ။ ဒါပေမဲ့ ကျွန်တော် ပြောခဲ့တာတွေဟာ စိတ်လေးစရာတွေက များခဲ့လို့ စိတ်ချမ်းသာမဲ့ စကားလုံးများနဲ့ နိဂုံးချုပ် ပါရစေ။ မြန်မာ နိုင်ငံဟာ အင်မတန် ကောင်းမွန်သော အလားအလာရှိတဲ့ အတွက် ချမ်းသာကြွယ်ဝစွာနဲ့ လူတွေရဲ့ လိုအင်ဆန္ဒကို ဖြည့်စွမ်းနိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာက ခင်ဗျားတို့ရဲ့ ဆန်တွေ သစ်တွေ ဓာတ်သတ္တုတွေနှင့်

ရေနံတွေကို လိုချင် နေကြတယ်။ ဒီပစ္စည်း တွေကို ဈေးကောင်းကောင်းနဲ့ ရောင်းကြရမှာဘဲ။ ခင်ဗျားတို့မှာ စားကုန် သောက်ကုန်တွေ အများအပြား ရှိကြတာဘဲ။ အေးအေး ချမ်းချမ်းနဲ့ အားလုံးညီညီညွတ်ညွတ် အလုပ် လုပ်လိုက်ကြယင် ပြည်ပက ခင်ဗျားတို့ လိုချင်တာတွေကိုလဲ အကုန်လုံး ဝယ်ယူ နိုင်ကြမှာဘဲ။ ခင်ဗျားတို့မှာ အခက်အခဲနဲ့ တွေ့လဲ ခဏပါဘဲ။ မြန်မာနိုင်ငံမှာ ရှိနေကြတဲ့ လူများစုရဲ့ စိတ်ဆန္ဒအရ ဒီအခက်အခဲတွေကို ခင်ဗျားတို့ ကျော်လွှန် နိုင်ကြမှာပါဘဲ။ ခင်ဗျားတို့ အနေနဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေ ပါရဂူတွေလိုတယ်။ ဒါပေမဲ့ မြန်မာတွေဟာ လူညံ့တွေမဟုတ် ကြပါဘူး။ မကြာခင် တတ်မြောက် လာကြမှာဘဲ။ ခင်ဗျားတို့ရဲ့ စီးပွါးရေးကို ခင်ဗျားတို့ ချုပ်ကိုင်ထားနိုင်ဘို့ နိုင်ငံခြား ငွေရင်း အကြောင်းကို နားလည်ထားဘို့လိုပါတယ်။

ကျွန်တော်တို့ အင်္ဂလန် နိုင်ငံမှာလဲ နိုင်ငံခြား ငွေပင် ငွေရင်းနဲ့ စပ်လျဉ်းပြီး အခက်အခဲ တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ဟာ နှစ်ဖက်နားလည်မှု ယူပြီး ဒီအခက်အခဲတွေကို ကျော်လွှန် ခဲ့ကြတာဘဲ။ နိုင်ငံခြား ငွေရင်းရှိနေတဲ့ အတွက် ဘာမျှ ရှက်စရာ မလိုပါဘူး။ အမေရိကဟာ ဒီလောက် တိုးတက် ခဲ့ရတာဟာလဲ ၁၉ ရာစု မဝက်က ငွေပင် ငွေရင်း မြှုပ်ခဲ့ကြတဲ့ ဗြိတိသျှ လူမျိုးများကြောင့်ပါဘဲ။ ဒီမှာရှိတဲ့ အင်္ဂလိပ် ကုန်သည်ကြီးများကို ကျွန်တော် စကားပြောဆို ကြည့်ပြီးပါပြီ။ သူတို့ကလဲ ခင်ဗျားတို့နဲ့ နားလည်မှုယူပြီး မြန်မာနိုင်ငံ တိုးတက်ရာ တိုးတက်ကြောင်းကို တဖက်တလမ်းက ကူညီဘို့ အသင့်ပါဘဲ။ နောက်ဆုံး ကျွန်တော် ပြောလိုတာက ခင်ဗျားတို့ ရည်မှန်းထားတဲ့ပန်းတိုင်ကို ခင်ဗျားတို့ရောက်ကြမှာဘဲ ဆိုတာ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားများကို ဘုရားသခင် ကယ်မပါစေ" ။

၁၉၄၈ ခုနှစ်နှင့် ၁၉၄၉ ခု နှစ်စအတွင်း ကေ အင် ဒီ အို များ ပုန်ကန်သောင်းကျန်းသော အဖျက်လုပ်ငန်းကြီးများမှာ ကြောက်ခမန်း လိလိ ရှိပေသည်။ ထိုအဖျက် လုပ်ငန်းကြီးများအနက် အရေးကြီးသော ရာဇဝတ်မှုကြီး အချို့ကို အောက်တွင် ဖော်ပြလိုက်ပေသည်။

ကေ အင် ဒီ အို သောင်းကျန်းမှုကြီး

၇- ၈-၄၈။ အိမ်မဲမြို့ကို သိမ်း၍ ငွေတိုက်မှ ငွေ ၂၇,၀၀၀ ကို ယူသည်။ လက်နက်များကိုလည်း သိမ်းသည်။ ထိုရက်မှစ၍ အိမ်မဲမြို့အနီးတွင် မကြာခဏ ဓားပြတိုက်သည်။

၇- ၈-၄၈။ မအူပင် ငွေတိုက်မှ ငွေ ၃,၅၄၂,၅၀ဝိ ကို ဖောက်ယူသည်။
၉- ၈-၄၈။ မအူပင်မြို့ကို ခားပြတိုက်သည်။ သိန်း ၃၀ ခန့်ပါသွားသည်။ (ထိုရက်အတွင်း၌ မြစ်ဝကျွန်းပေါ်ဒေသတွင် သွားလာလျက်ရှိသော မော်တော် သင်္ဘော အားလုံးတွင် ကရင် အလံတပ်ရန် အမိန့်ပေးထားသည်။ ကရင်အလံပါသော မော်တော် သင်္ဘောများ မတိုက်ပေ။)
၃၀- ၈-၄၈။ သထုံ ခရိုင်အတွင်းရှိ မြို့များကို သိမ်းသည်။
၃၁- ၈-၄၈။ သထုံမြို့ကို သိမ်းသည်။ ကရင်အလံ လွှင့်ထူသည်။
၁- ၉-၄၈။ မော်လမြိုင်မြို့ကို သိမ်းသည်။ငွေတိုက်မှ ၅၇၅,၀ဝ ၅ကျပ်သိမ်းသည်။
၈- ၉-၄၈။ ရွှေကျင်နှင့် ကျောက်ကြီး မြို့များကို သိမ်းသည်။
၁၀- ၉-၄၈။ မော်လမြိုင်ကျွန်း အပိုင် ကျိုက်ပိရွာနှင့် ရဲဌာနကို သိမ်းသည်။
၂၂- ၉-၄၈။ တောင်ကြီး (ရှမ်းပြည်တောင်ပိုင်း) ကို ဝင်ရောက်၍ သောင်းကျန်းသည်။
၂၃- ၉-၄၈။ လှိုင်ကော်ကို သိမ်းသည်။ လက်နက်နှင့် ငွေတိုက်ကို သိမ်းသည်။ မြန်မာနှင့် ကရင်နီ အချို့ကို သက်သည်။
၂၄- ၉-၄၈။ လှိုင်လင် ငွေတိုက်ကို ဖောက်သည်။ ငွေ ၂၁၆,၀ဝဝိ။
အောက်တိုဘာလ။ သထုံခရိုင် အတွင်းရှိ များစွာသော မြန်မာ ရွာများကို မီးရှို့၍ လူကိုလည်း သတ်သည်။
နိုဝင်ဘာလ။ ပဲခူးခရိုင်အတွင်းရှိ မြန်မာရွာများကို တိုက်ခိုက်၍ လူကိုလည်း သတ်သည်။
၁၀-၁၁-၄၈။ ပဲခူးခရိုင်ရွာများကို မီးရှို့သည်။ဘုရားကုန်းရွာတွင် ၄၆ အိမ်လောင်သည်။ ရွာသား ၄ ယောက်ကို သတ်သည်။
နိုဝင်ဘာလ။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း သွားလာနေသော မြန်မာ မော်တော် သင်္ဘောများကို ခားပြ တိုက်သည်။ ခရီးသည် အချို့ကို သတ်သည်။
၂၂-၁၁-၄၈။ မော်လမြိုင်ခရိုင် လမိုင်းရွာတွင် စစ်ဝန်ထမ်းများ၊ ရဲသားများနှင့် အရပ်သားများကို သတ်သည်။
၆-၁၂-၄၈။ "ဝါးကိုင်း" သင်္ဘောကို တိုက်၍ ကာနယ်တင်ဖေ၊ မေဂျာညွန့်မောင်တို့ကို ဖမ်းသွားသည်။ ခရီးသည်များထံမှ ၃ သိန်းကျော် တိုက်သွားသည်။ ကရင်ရွာ (အညာစု) တရွာလုံးမှ ရွာသားများပါ ဆင်း၍ တိုက်သည်။
ဒီဇင်ဘာလအတွင်း။ မြန်မာ ရွာအများပင် မီးရှို့ခံရသည်။ ခားပြ တိုက် ခံရသည်။

၁၁-၁၂-၄၈။ တောင်ငူအပိုင် သံတောင်မြို့ကို တိုက်၍ ငွေတိုက် ဖောက်သည်။ ငွေတိုက်ရှိ ငွေတသောင်းကို ယူသွား၍ ထောက်ပံ့ရေး ဂိုဒေါင်မှ ပစ္စည်းများယူသွားသည်။
၁၁-၁၂-၄၈။ ပန်းတနော်မြို့ကို တိုက်၍ အိမ်အချို့ကို မီးရှို့သည်။
၁၂- ၁-၄၉။ မော်လမြိုင်နယ် ကော့ဘိမ်းရွာမှ လူအများကို သတ်သည်။
၁၆- ၁-၄၉။ နှင့် ၁၇- ၁-၄၉။ ပန်းတနော်အပိုင် မြန်မာရွာကြီးများကို မီးရှို့သည်။ အိမ်ပေါင်း ၃,၀ဝဝ ကျော် ပါသွားသည်။
ဇန်နဝါရီလအတွင်း။ မအူပင် ခရိုင် အတွင်းရှိ မြန်မာရွာ အများကို မီးရှို့သည်။ ညောင်တုံး အပိုင် စကြော့ရွာ တရွာတည်းပင် အိမ်ခြေ ၈၀ဝ ကျော် ပါသွားသည်။
၁၈- ၁-၄၉။ ဟသ်ာတအပိုင် အိုင်ကြီး၊ကြာအင်းရွာတို့ကို တိုက်၍ ရွာသားအချို့ကို သတ်သည်။
၂၀- ၁-၄၉။ ကျုံပျော်အပိုင် လှည်းဆိပ်ရွာတွင် ဝန်ကြီး မန်းဝင်းမောင်၏ ညီကို ဖမ်းသွားသည်။
၂၂- ၁-၄၉။ မအူပင်အပိုင် မလက်တိုရွာကြီးကို ဝင်ရောက်တိုက်ခိုက်၍ တရွာလုံး မီးရှို့သည်။ လူ ၂၅၀ ခန့် အသတ်ခံရသည်။ လူပေါင်း ၁,၅၀ဝ ခန့် အိုးအိမ်မဲ့ ဖြစ်၍ ပြေးလာကြသည်။
ဇန်နဝါရီလအတွင်း။ ကျိုက္ခမီနယ် ကရူပွိရွာကို မီးရှို့သည်။ အိမ် ၆၀ဝ မီးလောင်သည်။
၂၅- ၁-၄၉။ လှည်းကူးကို တိုက်၍ ဆေးရုံနှင့် အိမ်ကြီးအိမ်ကောင်းများကို မီးရှို့သည်။ စစ်တောင်းမြစ်ကမ်းရှိ ခရွဲ ရွာသားများကို သတ်သည်။ မအူပင်နယ် သောင်သူချောင်းတွင်ရှိ တမန်ကလေး အစရှိသော ရွာများမှ မြန်မာများကို သတ်သည်။
၂၆- ၁-၄၉။ ဖြူးနှင့် ထန်းတပင်ကို သိမ်းသည်။
၂၇- ၁-၄၉။ တောင်ငူကို သိမ်းသည်။
၂၇- ၁-၄၉။ ပုသိမ်မြို့ အချို့သော ရပ်ကွက်များကို သိမ်းပိုက်သည်။
၁- ၂-၄၉။ အင်းစိန်ကို တိုက်သည်။
၂- ၂-၄၉။ အင်းစိန်ကယ်ဆယ်ရေး အဖွဲ့ဝင် အမျိုးသမီး ၆၅ ယောက်ကို ထိုင်ခိုင်းပြီးလျှင် သတ်သည်။ ၂ ယောက်သာ လွတ်သည်။

အင်းစိန်မြို့ကို မီးရှို့သည်။ အိမ်အများပင် မီးလောင်သည်။
၂- ၂-၄၉။ ဟသ်ာတအပိုင် ဒေါင့်ကြီးရွာကို သိမ်းသည်။
၃- ၂-၄၉။ ဇလွန်မြို့ကို သိမ်းသည်။
၄- ၂-၄၉။ ပြည်မှ ကရင်တပ် ပုန်ကန်သည်။ အင်းမ၊ မအူကုန်း၊ အင်းပက်လက်
၄- ၂-၄၉။ ဗောဓိကုန်း စသော ရွာများမှ ရွာသူ ရွာသားတရာကျော်ကို သတ်သည်။ ရွာများကို မီးရှို့သည်။ အင်းမတရွာတည်းတွင်ပင် အိမ် ၃၀၀ ပြာကျသည်။ ဝက်ပုတ်ရွာတွင် အိမ် ၆၀ ခန့် မီးရှို့သည်။ စစ်ဝန်ထမ်းများကို လှံစွပ်များနှင့် ထိုးသတ်သည်။ နတ်ပုတီးရွာကို မီးရှို့၍ လူ ၁၀ ယောက်ကို သတ်သည်။ ဘိုးသာအောင်ကုန်းစသော ရွာများ မီးရှို့၍ ရွာသားများကို သတ်သည်။ နတ္တလင်းကို မီးရှို့၍ ဈေးတဝိုက်မှ လွဲ၍ တမြို့လုံးပြာကျသည်။ မြို့သူ မြို့သား ၄၀ ကိုလည်း သတ်သည်။
၁၇- ၂-၄၉။ ပျဉ်းမနားကို သိမ်းသည်။
၁၈- ၂-၄၉။ ရမည်းသင်းကို သိမ်းသည်။
၂၀- ၂-၄၉။ မိတ္ထီလာကို သိမ်းသည်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း

၁၉၄၉ ခုနှစ် မတ်လ မကုန်မီ ကွန်မြူနစ်များ ပုန်ကန် ထကြွ၍သော်၎င်း၊ ထိုနှစ် ဇွန်လအတွင်း၌ ရဲဘော်ဖြူများ လှုပ်ရှား သောင်းကျန်းလာ၍၎င်း၊ ထိုရက်များတွင် ကေအင်ဒီအို များသည် နေရာအနှံ့အပြား၌ အဓမ္မမှုများကို ကျူးလွန်၍၎င်း ပြည်သူ လူထုသည် များစွာ တုန်လှုပ်ချောက်ခြား ခဲ့လေရာ လမ်းမှားကို လိုက်မိသော အဖျက်သမားများအား လမ်းမှန်သို့ ပြန်လည်ရောက်ရှိလာစေရန် အတွက် နိုင်ငံတော် အစိုးရသည် နည်းအမျိုးမျိုးဖြင့် အစွမ်းကုန် ကြိုးပမ်းခဲ့ လေသည်။ သတင်းစာ များမှသော်၎င်း၊ အသံလွှင့်ဌာနမှသော်၎င်း၊ အုပ်ချုပ်ရေး ဖက်ဆိုင်ရာ အရာရှိများ၊ စစ်ဖက်ဆိုင်ရာအရာရှိများမှ တဆင့် မေတ္တာရပ်ခံ၍သော်၎င်း ဆူပူ သောင်းကျန်းသူများကို လက်ကမ်း ခဲ့၏။

၁၉၄၉ ခု ဇွန်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်အစိုးရသည် ပြည်တွင်း ငြိမ်းချမ်းရေးကို ရလိုသော တကယ့်စေတနာဖြင့် ဆူပူသောင်းကျန်းသူများအား အပြစ်ဒဏ် လွတ်ငြိမ်း ချမ်းသာခွင့် ပေးခြင်း အမိန့်ပြန်တမ်းတရပ်ကို ထုတ်ပြန် ကြေညာခဲ့လေ

သည်။ ထိုအမိန့်အရ ထုတ်ပြန်သည့် နေ့မှစ၍ နှစ်လအတွင်း ဆူပူသောင်းကျန်းသူများသည် အနည်းဆုံး ရွာသူကြီး၊ ရဲကင်း သို့မဟုတ်ရဲဌာန၊ အစိုးရအရာရှိ၊ သို့မဟုတ် နိုင်ငံတော် တပ်အဖွဲ့များ၏ အနည်းဆုံး တပ်ဗိုလ်ထံသို့ လက်နက်ချ ဝင်ရောက်အပ်နှင်းကြပါက ဆူပူသောင်းကျန်းသူတို့အား လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုတို့မှ တပါး သူတို့ကျူးလွန်ခဲ့သော ပြစ်မှုအားလုံး အတွက် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်ဟု အတည့်အလင်း ဖော်ပြထားလေသည်။ အစိုးရ စစ်တပ်များအား ခုခံ တိုက်ခိုက်ရာ၌ သေစေမှုမျိုးကို လူသတ်မှုဟု ယူဆလိမ့်မည် မဟုတ် ဟူ၍လည်း ထိုကြေညာချက်တွင် ဖော်ပြထား၏။ အထက်ပါ ပြစ်မှုကြီး သုံးမှုကို လက်ရောက် ကျူးလွန်ခဲ့သည့်တိုင်အောင် စစ်ဆေး၍ ပြစ်မှု ထင်ရှားလျက် လက်နက်ချဝင်ရောက်ခြင်းကို သူတို့အား ပြစ်ဒဏ် လျှော့ပေါ့ရေးအတွက် အကြောင်းအချက် အဖြစ်ဖြင့် လက်ခံလိမ့်မည် ဟူ၍လည်း အစိုးရက ကြေညာလေသည်။

ထိုမျှသာ မကသေး ပုဒ်မ ၅ အရ ဖမ်းဆီး၍ အချုပ်ခံနေရသူ အားလုံးတို့၏ အမှုများကိုလည်း နှစ်လအတွင်း စစ်ဆေးပြီးလျှင် ချုပ်ထားရန် မလိုသော သူများကို လွှတ်ပစ်မည်ဟူ၍လည်း ထိုကြေညာချက်တွင် အတည့်အလင်း ဖော်ပြ ပါရှိလေသည်။

ထိုကဲ့သို့ သောင်းကျန်းမှုများ စတင်ပေါ်ပေါက်လျှင် ပေါ်ပေါက်ခြင်း နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏စိတ်ချမ်းသာမှုကို ရှေးရှုလျက် ပဌမဆုံး အကြိမ် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်လိုက်ရာ ထိုလက်ကမ်းချက်ကို သောင်းကျန်းသူများကလက်လှမ်းလိမ့်မည်ဟု အများကပင်ဝမ်းမြောက်စွာ မျှော်မှန်းခဲ့၏။ ရန်ကုန်မြို့ထုတ် သတင်းစာများ အားလုံးကလည်း အထက်ပါ အစိုးရ၏ လက်ကမ်းချက်ကို ဝမ်းမြောက်စွာ ဆီးကြို၍ လှိုက်လှိုက် လှဲလှဲ ထောက်ခံရေးသား ကြ၏။ ထိုအခါက သတင်းစာများ၏ အာဘော်ကို ပြန်လည် သတိရရှိနိုင်ကြစေရန် အတွက် ကောက်နုတ်ချက်များကို အောက်တွင် ဖော်ပြ လိုက်ရပေသည်။

သတင်းစာများ၏အာဘော်

(၁) သံတော်ဆင့်

ဤလွတ်ငြိမ်း ချမ်းသာခွင့်နှင့် စပ်လျဉ်း၍ သောင်းကျန်းမှုတွင် ပြစ်မှု ရှိသူတို့ကို စစ်ဆေးရန် ခုံအဖွဲ့ကိုပင် အစိုးရက ဖွဲ့စည်းလိုက်ပြီ ဖြစ်ရာ ထိုခုံအဖွဲ့က အပြစ်ပေးခြင်းခံရသူတို့အား ချမ်းသာခွင့် မည်မျှအထိ ထပ်မံပေးနိုင် မည်ကို ဝေဖန်ကြည့်ရှု၍ အစိုးရထံ အကြံပေးမှု အတွက်ပင် သမာဓိ အဖွဲ့တဖွဲ့ အစိုးရက ဖွဲ့စည်းပေးဦး

မည်ဟု ဆိုသောကြောင့် လက်နက်ချဝင်ရောက် သူတို့အား မည်မျှ အစိုးရက လိုက်လျောနေကြောင်း သိသာနိုင်ပေသည်။

(၂) လမ်းညွှန် (တောသား)

အစိုးရက သူပုန်တွေကို နှစ်လအတွင်း လက်နက်ချယင် အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်။ ပုဒ်မ (၅) တွေကို နှစ်လအတွင်း စစ်ဆေးပြီး လွတ်မယ်ဆိုတဲ့ အချက်တွေဟာ ဒီမိုကရေစီ ကြိုက်သူတိုင်း သဘောမကျစရာ မရှိပါဘူးဗျ။

(၃) ရန်ကုန်

အစိုးရက ဆူပူ သောင်းကျန်းသူများကို လွတ်ငြိမ်းခွင့် အမိန့် ထုတ်ပေးလိုက်ပါပြီ။ ဒီအမိန့်အရ သောင်းကျန်းတဲ့ လူများဟာ သောင်းကျန်းမှု ရပ်ထိုက်ပါပြီ။

(၄) တိုးတက်ရေး

(က) ဆူပူ သောင်းကျန်း သူများအား အပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ခြင်းသည် ငြိမ်းချမ်းသာယာရေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် ဤသို့ လမ်းဖွင့်ပေးကာမျှနှင့် ဤကိစ္စ၌ ဆောင်ရွက်ဖွယ် ပြီးငြိမ်းကုန်ဆုံးပြီဟု နှစ်သိမ့် ကျေနပ်နေဖွယ် မဟုတ်။ ထိုဖွင့်ပေးထားသော လမ်းသို့ သောင်းကျန်းသူများ လျှောက်ဝင်လာအောင် ဆောင်ရွက်ရန်ကိစ္စ ကျန်ပေသေးသည်။ ဤသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏လူထုသည် အစိုးရကို ချည်းသာ အားထားပြီး လျစ်လျူရှုမနေဘဲ မိမိတို့ အသီးအသီးကရင်း၊ အသင်းအဖွဲ့အားဖြင့် ၎င်းနည်းနာကောင်းများကို ရှာဖွေကာ အစိုးရအားကူညီယိုင်းပင်းသည့် အနေဖြင့် သောင်းကျန်းသူများ ငြိမ်းချမ်းရာ လမ်းကြောင်းသို့ ဝင်လာရန် သိမ်းသွင်း ကူညီအပ်လှပေသည်။

(ခ) အရေးကြီးသော အချက်ကား နယ်တွင် တောခိုကာ အစိုးရအား ဖီလာလုပ်နေသူတို့အား ပြစ်မှုချမ်းသာပေး၍ မြို့တွင်းသို့ပြန်လာခွင့် ပြုရန်တောင်းဆို၏။ ထိုအချက်ကိုလည်း အစိုးရသည် ပြည်သူတို့ ဆန္ဒကို လိုက်လျော၍ ပြစ်မှုကျူးလွန်သူများကိုပင် ချိန်းဆိုထားသော ရက်အတွင်း ပြန်ဝင်လာက မည်သို့ မည်ပုံ ခွင့်လွှတ်မည်ဟု ကျေညာ၏။ တောမြို့ ကျေးရွာများသို့လည်း လေယာဉ်ပျံများနှင့် ထိုချမ်းသာခွင့် ပေးသော ကျေညာစာရွက်များကို ကြဲဖြန့်ကာ သိစေခဲ့၏။

ထိုမျှ မကသေး၊ ဝန်ကြီးချုပ် သခင်နုကလည်း ယခုကဲ့သို့ ပြည်တွင်း ဆူပူမှုကို

အစိုးရနှင့် တိုင်းသူ ပြည်သား လူအများ၏ အလိုကို ပြည့်ဝစိမ့်သော၄ါ ပြန်ဝင်လာသူတို့အား တကယ်ပင် အပြစ်ကြီး ရှိလင့်ကစား ပြန်ဝင်လာသည့် အတွက် ကျေးဇူးတင်သော အားဖြင့် ရှိရင်းအပြစ်ကိုပင် အထူးသက်ညှာစွာ ပြုလုပ်ပေးပါမည်ဟု ကျေညာပြန်ရာ တောတွင် အစိုးရကို ဖီလာလုပ် နေသူအပေါင်းတို့သည် အစိုးရက ခွင့်ပြုထားချိန် အတွင်း ပြန်လည်လာကြရန် သင့်လျော်သည်ဟု ကျွန်ုပ်တို့ သဘောရိုးဖြင့် ယူဆမိပေသည်။

(၅) တိုင်းလုံးကျော်

အနယ်နယ်မှာ ဆူပူတယ် ဆိုတဲ့ မီးတွေလဲ ငြိမ်းအေးတော့မှာဘဲ။ အခု နှစ်လအတွင်းမှာ အစိုးရဆီ လက်နက်ချဝင်တဲ့ သူပုန်တွေကို အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် ပေးမတဲ့။ သမ္မတကြီးက ကျေညာချက် တစောင် ထုတ်လိုက်ပြီ။

(၆) ဟံသာဝတီ

(က) မြန်မာပြည်၌ ပေးသော လွတ်ငြိမ်း ချမ်းသာခွင့်မှာ ဖိလိပိုင်တွင် ပေးသည်ထက် မညံ့ကြောင်း တင်ရှား ပေသည်။ ပုန်ကန်သူတို့ အဖို့ လက်မခံနိုင်စရာ အကြောင်း ရှိဖို့ ခဲယဉ်းလှသည်။ အမှောင်အရပ်တွင် နေခြင်းသည် ဖျက်ဆီးသည့် အလုပ်ကိုသာ လုပ်နိုင်၍ မိမိကိုယ်တိုင်လည်း ပျက်စီးရန်အကြောင်းလမ်းများလေသည်။ မိမိကိုယ်ပိုင် မာန၊ ဝါဒကို အကြောင်းပြုသော မာနနတ်ဆိုး၏ အစီအမံကိုသာ ခံရရှာချေသည်။ အလင်းရောင်တွင်းသို့ ဝင်၍ ဆောင်ရွက်ပါမူ မိမိတို့အကျိုး တိုင်းပြည်အကျိုး ဖြစ်ထွန်း နိုင်မည်ကို သတိပြုရာသည်။

ထိုအစီအစဉ်သည် သဘာဝ ကျလှပေသည်၊ တရားမျှတ ပေသည်၊ သို့မဟုတ် ပါဘဲလျက် မာနထောင်လွှားကာ တရားလက်လွတ် လုပ်ကိုင်လိုပါမူ ရာဇဝင်အစဉ်အဆက်ကိုကြည့်လိုက်လျှင်တရားမဲ့သူမှာ နောက်ဆုံး၌မိမိ၏ အပြစ်ဒဏ် အလျောက် ဖြစ်ပျက်ရကြောင်းကို သတိ မူသင့်လှပေသည်။

(ခ) အစိုးရက ဆူပူ သောင်းကျန်းမှု နယ်သို့ ကျံနေကြသော သူတို့အား လွတ်ငြိမ်း ချမ်းသာခွင့် ပေးလိုက်ပြီ ဖြစ်သဖြင့် နိုင်ငံရေး နယ်ကျံ နေသူ အပေါင်းတို့သည် အချိန်မီ ပြန်လာ သင့်ကြပေပြီ။

ယုံကြည် မှုသည် မမှားသော အရာ ဖြစ်သည်။ တိုင်းပြည်နှင့် အဝှန်း ကျေညာပြီးခါမှ အစိုးရက "ညစ်ပတ်ရန်" အကြောင်းလမ်းမှာ ရှိသည်ဟု ဆိုရစေကာမူ လည်း လွယ်ကူ လှသည်မဟုတ်။ ယခု ခွင့်ပြုလိုက်သော လွတ်ငြိမ်း ချမ်းသာခွင့်မှာ

အစိုးရက တိုင်းပြည် လူထု၏ ဆန္ဒကို လိုက်လျော၍ ခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အစိုးရက ဥပါယ်တမည်နှင့် "ထောင်ချောက်ဖမ်း" ခြင်း မဖြစ်နိုင်ကြောင်း ထင်ရှားပေသည်။

(၇) ဗမာ့ခေတ်

လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ကို နိုင်ငံတော် သမ္မတက ထုတ်ပြန် ကြေညာလိုက်ရာ ထိုအမိန့်၏ ညာတာ မြင့်မြတ်သော သဘောမှာ ထင်ရှားလှသဖြင့် ဖ ကျယ် တဝင့် အဓိပ္ပါယ် ဖော်ပြရန် လိုမည် မထင်ပေ။

(၈) မြန်မာ့အလင်း

(က) နိုင်ငံတော် အစိုးရက ဇွန်လ ၁၁ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန် ကြေညာလိုက် လေပြီ။ ထိုအမိန့်အတိုင်း ဆူပူသောင်းကျန်း သူတို့သည် အမှောင်မှ အလင်းသို့ ထွက်လာကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့် ယုံကြည် ပေသည်။

(ခ) မည်သည့် နိုင်ငံတွင်မှ ထိုကဲ့သို့ ရက်ရောသော လက်ကမ်း ချက်ကို အစိုးရ အနေနှင့် ပုန်ကန်ထကြွသူတို့အား လိုက်လျော ခဲ့သည်ကို ကျွန်ုပ်တို့ မကြားသိပေ။ ထိုလက်ကမ်း ချက်ကို ကွန်မြူနစ်များက အခွင့်ကောင်း ယူလျက် ထွက်လာကြ လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့် သည်။

(၉) ပြည်သူ့ နေ့စဉ်

(က) ယခုအခါ အနှောင့် အယှက် ဖြစ်လျက်နေသော သောင်းကျန်းမှု ပပျောက်စေခြင်းငှါ သောင်းကျန်း သူများကို လွတ်ငြိမ်း ချမ်းသာခွင့် ပေးရန် နိုင်ငံတော်အစိုးရက သဘောတူညီပြီးလျှင် ကြေညာချက်ထုတ်ပြန်လိုက်ရာ ကျွန်ုပ် တို့မှာ အထူးသဖြင့် ဝမ်းမြောက် မိပေသည်။

အဆိုပါ ကြေညာချက်ကို ဖတ်ရှုရခြင်းဖြင့် နိုင်ငံတော် အစိုးရသည် သောင်း ကျန်းသူများအား အလွန်တရာ သက်ညှာခွင့် ပေးထားသည်ဟု ဆိုရပေမည်။

ထိုသို့ သက်ညှာခွင့် ပေးထားသည့် အတိုင်း သောင်းကျန်းသူများသည် မိမိတို့ နယ်ပယ်အသီးသီးတွင် အမြန်ဆုံး လက်နက်များ ချလျက် ဝင်ရောက်ကြရန် သင့် သည်ဟု ကျွန်ုပ်တို့ ယူဆပေသတည်း။

(ခ) မည်သို့ပင် ဖြစ်စေ အစိုးရ၏ ကြေညာချက်ကို ကျွန်ုပ်တို့ ဖတ်ရှုရသည့်

အခါ မည်သည့် တိုင်းပြည် နိုင်ငံအစိုးရမျိုးပင်လျှင် ဤကဲ့သို့ လက်နက်အားကိုး သောင်းကျန်း နေသူများ အပေါ်တွင် ရက်ရက် ရောရော လိုက်လျော နိုင်မည် မဟုတ်ချေ။

(၁၀) သူရိယ

ကျွန်ုပ်တို့သည် အစိုးရ၏ အပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့် ပေးကြောင်း ကြေညာချက်ကို ဖတ်ကြည့်ရာ အစိုးရသည် ယခုကဲ့သို့ တိုင်းပြည်တွင် အဖက်ဖက်၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ များစွာ လိုအပ်နေသော အချိန်အတွင်း ဆူပူ သောင်းကျန်းမှုများကို လုံးဝ မလိုလားဘဲ ငြိမ်ဝပ်ပိပြားရေးအတွက် မိမိရှိသမျှ အာဏာကို အသုံးပြုကာ ပေးနိုင်သမျှ အခွင့် အရေးကို အစွမ်းကုန် လိုက်လျော ပေးလိုက်ကြောင်း တွေ့ရပေသည်။

(၁၁) အိုးဝေ

ကျွန်ုပ်တို့ သဘော အရ နှစ်လမျှ အချိန်ပေးခြင်းသည် လိုသည်ထက်ပင် ပိုနေ သည်ဟု ထင်မိ၏။ အချိန် ကြာသမျှ လူထုမှာ ပို၍ နစ်နာခြင်းကြောင့် တလ အတွင်း အပြီးအငြိမ်း လုပ်ကြသင့် ပေသည်။

ကျွန်ုပ်တို့သည် ဆူပူမှုများနှင့် စပ်လျဉ်း၍ အစိုးရက ဤမျှ လိုက်လျော သည်မှာ ကျေနပ်လောက်ပြီဟု ယူဆရပေသည်။ နိုင်ငံရေး ပြစ်မှုများသာ မက မုဒိမ်းမှု၊ လူသတ်မှုများကိုပါ ကွင်းလုံးကျွတ် လွတ်မှ ပြန်ဝင်နိုင်မည်ဟု ဆိုက ဤသို့ တောင်းဆိုသော သူပုန်သည်ငင်း၊ ဤသို့လိုက်လျောသော အစိုးရသည်ငင်း ဤနိုင်ငံ ၌ မသင့်လျော်တော့ပေ။

ကျွန်ုပ်တို့သည် ကွန်မြူနစ်များကို အစိုးရက ညှဉ်းပန်းလိုသဖြင့် အတင်း နှိပ်ခဲ့သည်ဟု သံသယ ရှိခဲ့မိ၏။ သို့သော် အစိုးရက ယခုလို လွတ်ငြိမ်းချမ်းသာခွင့် ပေးကြောင်း ဖွင့်ထားပြီးနောက် တိုင်းပြည်ကို နစ်မွန်းစေသော ဆူပူမှုများ ဆက် လက်ဖြစ်ပေါ်နေပါက ကွန်မြူနစ် သူပုန်သာလျှင် တိုင်းပြည်၏ ရန်သူ နံပတ် (၁) ဖြစ်သည်ဟု အတည့်အလင်း ယူဆရတော့မည် ဖြစ်ပေသည်။

(၁၂) သမာဓိ

သောင်းကျန်းနေသူ ကွန်မြူနစ်များကိုလည်း (လူသတ်မှု ဓားပြမှုနှင့် မုဒိမ်းမှု များ ကျူးလွန်သူ မပါ) အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် နိုင်ငံတော် သမ္မတ

ကြီးသည့် ဇွန်လ ၃၀ ရက်နေ့က ကျေညာလိုက်လေပြီ။ အစိုးရတို့ဖက်က အတော်ပင် လိုက်လျောလျက် ရှိပေရာ ကွန်မြူနစ်တို့ အဘို့သာလျှင် လိုပေတော့သည်။

(၁၃) ပြည်ထောင်စု

မြန်မာနိုင်ငံ သတင်းစာ ဆရာများ၏ ကြိုးပမ်းချက်ကြောင့် ဆူပူသောင်းကျန်း သူတို့အား အပြစ်ဒဏ် လွတ်ငြိမ်း ချမ်းသာခွင့် ပေးခြင်း မူနှစ်မူ ဖ ဆ ပ လ ဦးစီး အဖွဲ့၌ ဆွေးနွေးရေးကို ရုပ်သိမ်းခြင်း၊ ပုဒ်မ (၅) သမားများကို နှစ်လအတွင်း စစ်ဆေး၍ လွတ်မည်ဖြစ်ခြင်း စသည်တို့ကို ကြားသိရသော အခါ နိုင်ငံတော်အတွင်း၌ ဆူပူသောင်းကျန်းမှုများ ကင်းဝေး ပပျောက်သွားတော့မည်ကို အထူးယုံကြည်ရသဖြင့် ကျွန်ုပ်တို့နှင့် တကွ တနိုင်ငံလုံး ဝမ်းမြောက် ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

(၁၄) ရွှေဆောင်

နိုင်ငံတော် ပြန်လည် ထူထောင်ရေး အတွက် စွမ်းအား ရှိသမျှ ကြိုးပမ်း နေရသည့် အချိန်တွင် ငြိမ်ဝပ်ပိပြားရေး ရရှိရန် အထူးလိုအပ်သည့် အတိုင်း နိုင်ငံတော် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို အင်တိုက် အားတိုက် ကြိုးပမ်း နိုင်ရန် ရှေးရှုလျက် နိုင်ငံတော်သမ္မတကြီးက ဇွန်လ ၃၀ ရက်နေ့က ဆူပူသောင်းကျန်းသူများအား အပြစ်ဒဏ် လွတ်ငြိမ်း ချမ်းသာခွင့် ပေးခြင်း အမိန့်ကို ထုတ်ပြန် လိုက်ပြီကို တွေ့ရသဖြင့် ကျွန်ုပ်တို့ အထူးပင် ဝမ်းမြောက်ခြင်း ဖြစ်ရကြောင်း။

အထက်ပါ မြန်မာ သတင်းစာများ အားလုံး၏ ထင်မြင်ချက်များကို ထောက်ချင့်ခြင်းအားဖြင့် နိုင်ငံတော် အစိုးရ၏ အမိန့် ပြန်တမ်းသည် တိုင်းပြည်တွင် တကယ် အေးချမ်း စေလိုသော အာသီသဖြင့် ထုတ်ပြန် လိုက်ခြင်းဖြစ်ရာ ပြည်သူလူထု၏ သဘောနှင့် လုံးဝ ကိုက်ညီသည်ကို တွေ့ရပေသည်။

ထိုကဲ့သို့ပင် နိုင်ငံတော် အစိုးရက သဘောထား ကြီးစွာ ငြိမ်းချမ်းရေးကို ရှေးရှုလျက် လက်ကမ်းပါသော်လည်း သောင်းကျန်းသူတို့သည် မိမိတို့၏ အဖျက် လုပ်ငန်းများကို မလျှော့ဘဲ ဆက်လက်၍သာ ကျူးလွန်လျက် ရှိကြလေသည်။ အထူးသဖြင့် ကေ အင် ဒီ အို သောင်းကျန်း သူတို့သည် မိမိတို့၏ မူလ ကြွေးကြော်သံဖြစ်သော တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်နှင့် ပဲခူးခရိုင် ညောင်လေးပင်နယ်တို့ကို ကရင်ပြည်နယ် သတ်မှတ် ပေးရမည် ဟူသော ကြွေး

ကြော်သံဖြင့် ဆက်လက်၍ လူသတ်၊ မီးရှို့ မြို့သိမ်း ရွာသိမ်း စသည့် ပြစ်မှုကြီးများကို ဆက်လက်၍ ကျူးလွန်လျက် ရှိကြလေသည်။

ကရင် လူမျိုး အများအပြား နေထိုင်သော ဒေသတွင် လူထု၏ ဆန္ဒဖြင့် ကရင်ပြည်နယ် သတ်မှတ်ပေးရန် တောင်းဆိုလာပါက ထိုကဲ့သို့ လူထု၏ ဆန္ဒအရ တောင်းဆိုလာသော ဒေသကို ကရင်ပြည်နယ် အဖြစ် သတ်မှတ်ပေးမည် ဟူ၍လည်း အစိုးရက ကျေညာပြီး ဖြစ်လေသည်။ သို့ရာတွင် ကရင်အမျိုးသားက လူနည်းစု ဖြစ်၍ အခြား အမျိုးသားများက လူများစုဖြစ်သော ဒေသများကို မည်သည့်နည်းနှင့်မျှ ကရင်ပြည်နယ် အဖြစ် သတ်မှတ်၍ မဖြစ်နိုင်သည်ကို စဉ်းစားဉာဏ် အနည်းငယ်ရှိသူတိုင်းပင် ကောင်းစွာ သိရှိနိုင်ပေသည်။ သို့ရာတွင် မကျေမနပ်ဖြစ်လျက် ရှိသော ကရင်အမျိုးသား များ၏ ဆန္ဒကို လိုက်လျောလိုသည်လည်း တကြောင်း၊ နိုင်ငံတော် အစိုးရသည် တိုင်းရင်းသား လူနည်းစုများ အပေါ်တွင် သဘောထားကြီးကြောင်းကို ပြသလိုသည်လည်းတကြောင်း အကြောင်းကြောင်း တို့ကြောင့် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကော်မရှင် တရပ်ကို ၁၉၄၈ ခု စက်တင်ဘာလ ... ရက်နေ့တွင် ဖွဲ့စည်းလိုက် လေသည်။ ထိုကဲ့သို့ ဖွဲ့စည်းလိုက်သော အစိုးရ ကျေညာချက်ကို ပြည်ထောင်စု သမိုင်းဝင် မှတ်တမ်း အဖြစ် ထားရှိရန် လိုအပ်သဖြင့် အောက်တွင် ပြန်လည် ဖော်ပြလိုက်ရပေသည်။

ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်

အစိုးရကျေညာချက်

သီးခြား ပြည်နယ် အဖြစ်ဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိလိုသော လူနည်းစုများ၏ ဆန္ဒကို နိုင်ငံတော် အစိုးရက လုံးဝ နှစ်သက်သိုလားလျက် "အချုပ်အချာ အာဏာပိုင် နိုင်ငံကို အခိုင်အခံ့ အညီအညွတ် တည်ထောင်မည်" ဟု ကြုံးဝါးခဲ့သော ကျွန်ုပ်ဘို့၏ အဓိဋ္ဌာန် ကိုလည်း သတိချပ်မိသည်လည်း တကြောင်း။

ယခု လက်ရှိ ကမ္ဘာ့ရေးရာတွင် အားနည်းသော နိုင်ငံငယ်များ၏ ဒုက္ခကို မြင်တွေ့ရသော အားဖြင့် နိုင်ငံတော် အစိုးရသည် တိုင်းပြည်နှင့် ပင်ရင်း အခြေ အနေ အင်အားများကို ထပ်မံကွဲပြား စေမည့် စီမံမှုမျိုးကြောင့် နိုင်ငံတော်၏ အင်အားနှင့် စစ်ဒဏ်ကြောင့် ပြိုပျက်လျက်ရှိသော အခြေခံဘောဂဗေဒကို ထပ်မံဆုတ်ယုတ် စေမည်ကိုလည်း စိုးရိမ်မိသည်တကြောင်း။

နိုင်ငံတော်၏ အင်အား ခိုင်ခံ့ရေးနှင့် ညီညွတ်စည်းလုံးရေးတို့ကို မထိခိုက်စေဘဲ အထက်ဖော်ပြပါ ဆန္ဒများကို လုံးဝ ဖြည့်စွမ်းနိုင်စေမည့် နည်းလမ်းများကို ရှာဖွေရန် အထူးကြိုးပမ်းလိုသည်လည်း တကြောင်းတို့ကြောင့် —

အောက်ပါ အချိုးအစား အတိုင်း တိုင်းရင်းသား ကိုယ်စားလှယ် အသီးအသီး ပါဝင်သော ကော်မရှင် အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

(၁)	ရှမ်းပြည် ရေးရာ ကောင်စီ၏ ကိုယ်စားလှယ်	၁ ဦး
(၂)	ချင်းပြည်ရေးရာ ကောင်စီ၏ ကိုယ်စားလှယ်	၁ ဦး
(၃)	ကချင်ပြည် ရေးရာ ကောင်စီ၏ ကိုယ်စားလှယ်	၁ ဦး
(၄)	ကရင်နီပြည်ရေးရာ ကောင်စီ၏ ကိုယ်စားလှယ်	၁ ဦး
(၅)	ကရင်အမျိုးသားကိုယ်စားလှယ်	၆ ဦး
(၆)	မွန်အမျိုးသား ကိုယ်စားလှယ်	၆ ဦး
(၇)	ရခိုင်အမျိုးသား ကိုယ်စားလှယ်	၆ ဦး
(၈)	မြန်မာ အမျိုးသား ကိုယ်စားလှယ်	၆ ဦး

ဤအဖွဲ့တွင် တရားလွှတ်တော် ဝန်ကြီးချုပ် ဆာဘဦးက နာယက အဖြစ် ဆောင်ရွက် လိမ့်မည်။

(၁) ကရင်၊ မွန်၊ ရခိုင် တိုင်းရင်းသားတို့၏ ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရလိုသော ဆန္ဒများကို စုံစမ်းရန်။

(၂) အကယ်၍ ထိုဆန္ဒများသည် အခြေခံ ဥပဒေ၏ သဘောများနှင့်အကြုံးဝင်ပြီး ဖြစ်လျှင် ထိုဆန္ဒများကို အမြန်ဆုံး ဖြည့်စွမ်းနိုင်မည့် လုပ်ငန်းစဉ်နည်းများကို ရေးဆွဲ တင်ပြရန်။

(၃) အကယ်၍ ထိုဆန္ဒ များသည် အခြေခံ ဥပဒေ၏ သဘောများနှင့် အကြုံး မဝင်ခဲ့သော် ထိုသို့သော အခက်အခဲများကို ကျော်လွှန်အောင် ဆောင်ရွက် နိုင်မည့် နည်းလမ်းများ ရှာဖွေပေးရန်။

(၄) အထက်ပါ ရှာဖွေ၍ တွေ့သော နည်းလမ်းများကို ဒီမိုကရေစီ စံနစ်အရ အမြန်ဆုံး အထမြောက်အောင် ဖန်တီးနိုင်မည့် လုပ်ငန်း အစီ အစဉ်များကို ရေးဆွဲ တင်ပြရန်။

အထက်ပါ ကော်မရှင်ကို ဖွဲ့စည်း၍ စုံစမ်း စစ်ဆေးလျက် ရှိစဉ် ဆူပူသောင်းကျန်းမှုများသည်လည်း လျော့နည်း၍ မလာဘဲ ကြီးကျယ် ပျံ့နှံ့၍သာ လာသည်ကို တွေ့ရ၏။ သောင်းကျန်းမှုများမှာလည်းကွန်မြူနစ်ကတဖုံ ရဲဘော်ဖြူကတသွယ်၊

ကေ အင် ဒီ အိုက တမျိုး ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ဆိုးချင်တိုင်း ဆိုးလျက်ရှိကြရာ မွန်အမျိုးသားထဲမှလည်း ထီးတင်ပွဲ အမှီ ရသလောက် အမြတ်ထုတ်လိုသော ခေါင်းဆောင် အချို့သည် အမ် အမ် ဒီ အို ခေါ် မွန်အမျိုးသား ကာကွယ်ရေး တပ်အဖွဲ့ ဟူသော အမည်ဖြင့် ဆူပူလှုပ်ရှားကြပြန်လေသည်။ ထိုအတော အတွင်း တပ်မတော်မှ သစ္စာဖောက်၍ တောခိုသွားကြသော ရဲဘော် များကလည်း ကွန်မြူနစ်များနှင့် သော်ငှင်း၊ ရဲဘော်ဖြူများနှင့် သော်ငှင်း ပူးပေါင်း၍ ငွေတိုက်များကို ဖောက်ခြင်း၊ လက်နက် ခဲယမ်းမီးကျောက်များကိုလုယူခြင်း၊ မြို့ရွာများကို သိမ်းခြင်း စသည့် ပြစ်မှုကြီးများကို ကျူးလွန် ကြပြန်လေသည်။

ဝန်ကြီးချုပ် သခင်နု ခေါင်းဆောင်သော အစိုးရ အဖွဲ့သည် အခြေ အနေကို လေးလေး နက်နက် စဉ်းစားဆင်ခြင် ကြပြီးနောက် ၁၉၄၈ ခု စက်တင်ဘာလ ၁၄ ရက်နေ့တွင် အစိုးရအဖွဲ့ကို အသစ်ပြောင်းလဲ ဖွဲ့စည်းလိုက်၏။ ထိုကဲ့သို့ အသစ်တဖန် ဖွဲ့စည်းလိုက်ပြီးနောက် နိုင်ငံခြားရေး ဝါဒ၊ စီးပွါးရေး ဝါဒ၊ တိုင်းရင်းသားစည်းလုံးရေးဝါဒနှင့် အနာဂတ် ရွေးကောက်ပွဲနှင့် သက်ဆိုင်သောဝါဒတို့ကို ပြည်သူ လူထု သိရှိစေရန် အတွက် အစိုးရသစ် ဖွဲ့စည်းသည့်နေ့ ဖြစ်သည့် ၁၉၄၈ ခု စက်တင်ဘာလ ၁၄ ရက်နေ့တွင်ပင် ကြေညာချက်တရပ် ထုတ်ပြန် လိုက်လေသည်။ ယိုကြေညာချက်ကို အောက်တွင် ပြန်လည်ဖော်ပြ လိုက်ပေအံ့။

"လက်ရှိ အစိုးရသည် ၁၉၄၈ ခု စက်တင်ဘာလ ၁၄ ရက်နေ့က အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော အစိုးရ ဖြစ်သော်လည်း ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့က လွှတ်တော်တွင် နိုင်ငံတော် သမ္မတကြီးက ကြေညာခဲ့သော အစိုးရ ဝါဒအတိုင်းပင် ဆက်လက် ဆောင်ရွက်မည် ဖြစ်သည်ကို လေးနက်စွာ ထပ်မံ အတည်ပြု ကြေညာအပ်ပါကြောင်း။

နိုင်ငံခြားရေး ဝါဒနှင့် စပ်လျဉ်း၍ ထပ်မံ အတည်ပြုကြေညာလိုသည်မှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရသည် မိမိနှင့် အိမ်နားနီးချင်း ဖြစ်သော နိုင်ငံကြီးငယ် အပေါင်းတို့၏ အချုပ်အချာ အာဏာပိုင် အခွင့်အရေးကိုရိုသေလေးစားမည် ဖြစ်ပါကြောင်း။ ထိုအပြင် ကမ္ဘာ့ နိုင်ငံတကာတို့၏ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဝပြော သာယာရေးများအတွက် ချစ်ကြည်စွာ ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော် စီးပွါးရေး ဝါဒနှင့် စပ်လျဉ်း၍ ထပ်မံ ထုတ်ဖော် ကြေညာလိုသည်မှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်သည် စစ်မြေပြင် နှစ်ကြိမ် ဖြစ်ခဲ့ရသည့်အပြင် ပြည်တွင်း ဆူပူသောင်းကျန်းမှုများကြောင့် လောင်စာနှင့် ပြာပုံဘဝသို့

ကျရောက်လျက် ရှိရာ ပြန်လည် ထူထောင်ရေး လုပ်ငန်းကြီး၏ ပမာဏမှာ အလွန်မြင့်မားသည့် တောင်ကမ်းပါးရုံကြီးကိုတက်နေရသည့်လုပ်ငန်းကဲ့သို့ ရှိနေပေသည်။ ထို့ကြောင့်ပင် ပြန်လည် ထူထောင်ရေး လုပ်ငန်းအတွက် အစိုးရသည် အခက်အခဲပေါင်း များစွာနှင့် ရင်ဆိုင် နေရပေကြောင်း။ သို့ပင် ဖြစ်လင့်ကစား အစိုးရသည် ပြည်တွင်း ငြိမ်းချမ်းမှုကို အလျင်အမြန် ပြန်လည်ရရှိရန် အတွက် အပြင်းအထန် ဆောင်ရွက်နေသည့် အပြင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကိုလည်း ပြည်သူလူထု၏ အကူအညီဖြင့် အစွမ်းကုန် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း။ ထို့ပြင် နိုင်ငံတော်အစိုးရသည် "နိုင်ငံတော် စီးပွါးရေးအဖွဲ့" တခုကိုများမကြာမီခန့်ထားရန် ဆုံးဖြတ်ပြီး ဖြစ်ပါကြောင်း။ ထိုအဖွဲ့သည် နိုင်ငံတော်၏ စီးပွါးရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် (၁) အမျိုးသားပိုင် ပြုလုပ်သင့်သော လုပ်ငန်းရပ်များ၊ (၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအတွင်း ခွင့်ပြုနိုင်သော ပုဂ္ဂလိကပိုင် လုပ်ငန်းများကို ပိုင်းခြား သတ်မှတ် စေလျက် သက်ဆိုင်သူတို့ လိုက်နာရမည့် စည်းကမ်းများအပြင် နိုင်ငံတော် အစိုးရက မည်ကဲ့သို့ ကူညီအားပေးရမည် အစရှိသည် တို့ကို နည်းလမ်းများ ရှာဖွေလျက် အစိုးရအား အမြန်ဆုံး အစီရင်ခံစေလိမ့်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရသည် တိုင်းရင်းသား အားလုံး၏ စည်းလုံး ညီညွတ်ရေးကို အထူးလေးစားသည် ဖြစ်ပါကြောင်း။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မရှိသော နိုင်ငံသည် လူထုကောင်းစားရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခဲယဉ်းသည်သာမက လွတ်လပ်သော နိုင်ငံအဖြစ် တည်မြဲရန်ပင် အလွန်ခဲယဉ်းသည်ကို နိုင်ငံတော် အစိုးရသည် လုံးဝယုံကြည်ပြီး ဖြစ်ပါကြောင်း။ သို့ဖြစ်ရကား နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ရေးကိုအထူးကြိုးပမ်းဆောင်ရွက်မည့်အပြင် ပြည်နယ်များကို ရရှိခွင့်ရရှိထိုက်သော တိုင်းရင်းသား အသီးသီးတို့သည် ပြည်ထောင်စုနိုင်ငံတော်ကြီး၏ အကျိုးစီးပွါးနှင့် စည်းလုံးရေးကို ပျက်စီးကြောင်း မဖြစ်စေသော နည်းလမ်းများဖြင့် ပြည်နယ်နှင့် သက်ဆိုင်သော မိမိတို့၏ဆန္ဒအသီးသီးကိုပြည့်ဝစေရန်နိုင်ငံတော်အစိုးရက အစွမ်းကုန် ကူညီမည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရသည် ဒီမိုကရေစီ အစဉ်အလာများနှင့် အခွင့်အရေးများကို လုံးဝဥဿုံ ယုံကြည်လေးစားသည်ဖြစ်ပါကြောင်း။လာမည့် ရွေးကောက်ပွဲကြီးတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်စေရန် နိုင်ငံတော် အစိုးရက လေးနက်စွာ အဓိဋ္ဌာန်ပြုပြီး ဖြစ်သည်ကို ကျေညာအပ်ပါကြောင်း။

ထိုကဲ့သို့ အစိုးရ၏ ဝါဒကို တိကျပြတ်သားစွာ ကျေညာ ခဲ့သော်လည်း သောင်းကျန်းမှုများသည် လျော့ပါး၍ မလာဘဲ တိုးတက်၍သာ ပြင်းထန် လာလေသည်။

ကရင်ပြည်နယ်အတွက် တိုက်ပွဲများ

ကရင်ပြည် ခွဲထွက်ရေး အတွက် ပွဲဦးထွက်တိုက်ပွဲမှာ အင်းစိန်တိုက်ပွဲ မဟုတ်ဘဲ တောင်ငူတိုက်ပွဲသာလျှင် ဖြစ်လေသည်။ ရှစ်ဦး ကော်မီတီနှင့် လက်အောက် ကော်မီတီများက ကရင်သောင်းကျန်းမှု ဖြစ်ပွါးမည့် အရေးကို တားဆီးရန် နည်းလမ်းများကို အပူတပြင်း ရှာဖွေနေခိုက်တွင် တောင်ငူကရင်တို့က ၁၉၄၉ ခု ဇန္နဝါရီလ ၂၇ ရက်နေ့တွင် တောင်ငူမြို့ အုပ်ချုပ်ရေးကို အတင်းသိမ်းယူလိုက် လေသည်။ ထို့သို့ သိမ်းယူကြောင်းကို ကရင်လျှို့ဝှက်အသံလွှင့် ဌာနများက အသံလွှင့်ကြ၍ ပုသိမ်မြို့ရှိ ပြည်ထောင်စု ကရင်စစ်ရဲများက တောင်ငူနည်းကို လိုက်၍ ပုန်ကန်ထကြွပြီးလျှင် ၁၉၄၉ ခု ဇန္နဝါရီလ ၂၈ ရက်နေ့တွင် ပုသိမ်မြို့ အချုပ်ကွက်များကို သိမ်းယူကြလေသည်။ ၁၉၄၉ ခု ဇန္နဝါရီလ ၃၁ ရက်နေ့ညတွင် သမိုင်းနှင့် ခဝဲခြံတို့၌ အစိုးရစစ်တပ်များနှင့် ကေ အင် ဒီ အို တို့ တိုက်ပွဲဖြစ်ပွါးရာ အရက်ကိုးမောင်း တိုက်ထားသော ကေ အင် ဒီ အို တို့က လက်ဦးရက်များတွင် အပြစ်ကင်းမဲ့သော အရပ်သူ အရပ်သားများကို မိန်းမများပါ မကျန် ပစ်သတ်လိုက်ကြလေသည်။ ထိုတိုက်ပွဲမှာ သုံးလကျော်ကျော် ကြာခဲ့ လေသည်။

ကရင် ရိုင်ဖယ် တပ်ရင်း အမှတ် ၁ မှ လူများ ပါဝင်သော တောင်ငူ ကရင်တို့သည် တောင်ဖက်သို့ ဆင်းကာ ပဲခူးကို သိမ်းပိုက်ရန် ရဲရင့်စွာ ကြံကြလေသည်။ သို့သော် ဂျပန်ခေတ်က မြန်မာပြည် မြောက်ပိုင်းကို ဝင်၍တိုက်သော ဂျင်နရယ်ဝင်းဂိတ်နှင့်အတူ ပါဝင်ခဲ့၍ ထင်ရှားကျော်စောသော ဘားမား ရိုင်ဖယ် တပ်ရင်း ၂ မှ သစ္စာရှိ ကရင်တပ်များ ပါဝင်သည့် အစိုးရတပ်ပေါင်းစုံက ကရင်များကို တောင်ဖက်သို့ မဆင်းနိုင်အောင် ထိထိ ရောက်ရောက် တားဆီးထားလိုက် လေသည်။ ပြည်မြို့တွင် ချထားသော ကရင်ရိုင်ဖယ်တပ်ရင်း ၂ ကလည်း အင်းစိန်ရှိ သောင်းကျန်းသူများနှင့် ပူးပေါင်းရန် ရည်ရွယ်ချက်ဖြင့် တဟုန်ထိုး ဆင်းလာလေသည်။ သို့သော် သာယာဝတီ မရောက်မီ အစိုးရတပ်ပေါင်းစုံက ဆီးကြိုချေမှုန်းလိုက်သဖြင့် တပ်လုံး မြုပ်လေသည်။ တောင်ငူကရင်များကို အစိုးရတပ်ပေါင်းစုံက ပိတ်ဆို့ထား၍ ပဲခူးဖက်သို့ မထိုးဆင်းနိုင်သည်ကို တွေ့ရသော အခါ မြန်မာပြည် မြောက်ပိုင်းသို့ လှည့်၍ ကြံကြပြန် လေသည်။ သူတို့က ရမည်းသင်း

ရှိင်၌ ချထားသောကချင်ရိုင်ဖယ်တပ်ကို နည်းအမျိုးမျိုးဖြင့် မြှူလျက် ခေါ် ဆောင် ပူးပေါင်းပြီးလျှင် မိတ္ထီလာဖက်သို့ ချီတက်လုပ်ကြံကြလေသည်။ မိတ္ထီလာတွင် လေယာဉ်ပျံ ၂ စင်းမှာ ကရင်တို့၏ လက်သို့ အမှတ်မဲ့ရောက်သွား၍ ကရင်တို့သည် အဆိုပါလေယာဉ်ပျံများနှင့် အနီးစခန်းသို့ ရုတ်တရက် သွားရောက်ပြီးလျှင် မမြို့ကို သိမ်းယူ လေသည်။

ထို့နောက် သူတို့က မန္တလေးဖက်သို့ စစ်နှစ်ကြောင်း ဖြန့်၍ တိုက်ခိုက်ရာ ၁၉၄၉ ခု မတ်လ ၁၁ ရက်နေ့တွင် မန္တလေးမြို့သည် သူတို့ လက်သို့ ကျဆုံးလေသည်။ သို့သော် ကရင်တို့၏ အောင်ပွဲမှာ ခေတ္တခဏမျှသာ ဖြစ်၍ နောက်တွင် အစိုးရတပ်ပေါင်းစုံက ပုသိမ်၊ မန္တလေး၊ မေမြို့၊ မိတ္ထီလာနှင့် သာစည်တို့ကို သူတို့လက်မှ ပြန်၍ သိမ်းလိုက်လေသည်။ အင်းစိန်ရှိ ကရင်တို့မှာလည်း အစိုးရတပ်ပေါင်းစုံ၏ အဆက်မပြတ် တိုးနှက်မှုကို မခံနိုင်၍ နောက်ဆုံးတွင် အင်းစိန်မှ လှိုင်မြစ်တဖက်ကမ်းသို့ ကူး၍ မအူပင်နှင့် စာပူးတောင်းဖက်သို့ လက်လွတ် ထွက်ပြေးကြရလေသည်။ သင်းသည့်နောက် ကရင်သောင်းကျန်းသူတို့မှာ တောင်ငူ၊ ကရင်နီ ပြည်နယ်နှင့် သထုံခရိုင်တို့တွင် သောင်တင်နေ၍ ထိုဒေသများမှာ ကော်သူလေးနယ်ကို တည်ထောင်လိုက်သည်ဟု သူတို့၏ တိတ်တိတ်ပုန်းဌာနမှ အသံလွှင့် ကြေညာလေသည်။

ဧပြီလ ငြိမ်းချမ်းရေးစေ့စပ်မှုများ

သစ္စာရှိ ကရင်ခေါင်းဆောင် များက ဝင်ရောက်စေ့စပ် ပြောဆိုကြသဖြင့် ၁၉၄၉ ခုနှစ် ဧပြီလဆန်းလောက်တွင် အင်းစိန်မှ ကေ အင် ယူ ခေါင်းဆောင်တို့၏ ငြိမ်းချမ်းရေး စေ့စပ်ပြောဆိုမှုကို လက်ခံစဉ်းစားရန် မြန်မာနိုင်ငံတော် အစိုးရက လက်ခံသဘောတူ လိုက်လေသည်။ ဧပြီလ ၄ ရက်နေ့တွင် ကေ အင် ယူ ခေါင်းဆောင် စောဘဦးကြီးနှင့် မန်းဂျိမ်းထွန်းအောင်တို့က ရဲဗရင်းဖရန်စစ်အမြန်နှင့်အတူ အင်းစိန်မှ ထွက်လာရာ စစ်ဖက်မှ အခွင့်ပေး၍ အစိုးရဖက်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားဝန်ကြီးချုပ်က အကာအကွယ် ပေးရေး ကော်မီတီ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်လျက် ကေ အင် ယူ ခေါင်းဆောင်များနှင့် တွေ့ဆုံရာ စကားကမ်းလှမ်းပြောဆို ကြလေသည်။ အင်းစိန်မှ ကေ အင် ယူ ခေါင်းဆောင်များ ထွက်လာသည့် အချိန်မှ စ၍ အစိုးရက အပစ်အခတ် ရပ်စဲထားစေပြီးလျှင် နှစ်ဦးနှစ်ဖက်လူကြီး ပိပိ သဘောတူမှုကို တသွေမတိမ်း စောင့်ရှောက် ခဲ့လေသည်။ အစိုးရနှင့် စေ့စပ်ပြောဆိုနေသည့်အချိန်တွင် ကေ အင် ယူ ခေါင်းဆောင်များသည်

အင်းစိန်ရှိသူတို့၏ လူများနှင့် တစုံတရာ အချုပ်အချယ်မရှိ လွတ်လပ်စွာ ဆက်ဆံပြောဆိုနိုင်စေရန် စီစဉ်ပေးလေသည်။

အပစ်အခတ် ရပ်စဲနေစဉ် အတွင်း ကေ အင် ဒီ အို ၂၀၀ ခန့်တို့သည် အပစ်အခတ် ရပ်စဲမှု စည်းကမ်းကို ဖောက်ဖျက်၍ အင်းစိန်မှ တိတ်တဆိတ် ထွက်ပြေးပြီးလျှင် သူတို့ပြေးရာ လမ်းတလျှောက်တွင် မြန်မာရွာများစွာတို့ကို မီးရှို့ခဲ့လေသည်။ အစိုးရနှင့် စေ့စပ်ပြောဆိုနေစဉ် စောဘဦးကြီးက အင်းစိန်သို့ စာနှစ်စောင်ပြန်၍ ပေးသည်။ အင်းစိန်ကို မကြာမီက အစိုးရတပ်ပေါင်းစုံက သိမ်းပိုက် လိုက်သည်တွင် အင်းစိန်ထောင် အတွင်းရှိ ကရင်စစ်ဌာနချုပ်မှ ထိုစာများကို တွေ့ရှိရသည်။ ထိုစာများကို အောက်တွင် ဖော်ပြလိုက်သည်။ ကေ အင် ယူ ကသစ္စာဖောက်ပုံကို အထူး ဖော်ပြရန် မလိုပေ။

(စာအမှတ် ၁)

ဌာနချုပ်။ ဆာဘဦး နေအိမ်သို့ ကောင်းစွာ ရောက်သည်။ အစိုးရက (၈၅၁၀၀၀) အချိန် အထိ အပစ်အခတ် ရပ်စဲထားရန် ကတိပေးသည်။ ငါတို့ ပြန်လာသည်အထိ အပစ်အခတ် ရပ်စဲထားရန် ငါတို့က အစိုးရကို တောင်းဆိုသည်။ သင်တို့ထံ နောက်ထပ် အကြောင်းကြားမည်။ အထူး ရေဒီယို အသံလွှင့်စက် မရသေးပါ။ ငါတို့ ကိစ္စအောင်အောင် ဆုတောင်းကြပါ။ ထာဝရဘုရားသခင်သည် ငါတို့အားလုံးနှင့်အတူ ရှိပါစေသတည်း။

(စာအမှတ် ၂)

မိတ္ထီလာ အထူးအမြန်

ဌာနချုပ်သို့။ သင်တို့ထံမှ စာနံပတ်ဓရှိ ၁၀၄၊ ဝ၄၁၂၁၅။ ဌာနချုပ်နှင့် ရှေးဦးစွာ မတိုင်ပင်ဘဲ မည်သည့် ကိစ္စကိုမျှ ပြုမည် မဟုတ်သည်ကို စိတ်ချပါ။ စေ့စပ်ပြောဆိုနေသည့် အတွင်း အပစ်အခတ် ရပ်စဲထားခြင်းဖြင့် ငါတို့ တပ်ဖွဲ့ကို ပြန်လည်စည်းရုံး ခိုင်လုံအောင် ပြုပြင်မှုအတွက် အကူအညီများစွာ ရလိမ့်မည်။ ငါတို့သည် ဆက်လက် တိုက်ခိုက်ရန် အသင့်ရှိ၏။ သို့သော်လည်း လက်နက်ခဲယမ်း မီးကျောက်နည်းပါးနေသည့် အရေးကို စဉ်းစားရသည်။ ဘုရားသခင်သည် ငါတို့အား လမ်းပြလိမ့်မည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ကရင်စစ်တပ် သစ္စာဖောက်ခြင်း

ဗြိတိသျှ လက်ထက်က သူတို့၏ သွေးခွဲ အုပ်ချုပ်သည့် ဝါဒအရ ကရင်၊ ကချင် နှင့် ချင်းတို့မှာ အထူးပင် စွမ်းရည်သတ္တိ ရှိကြသော်လည်း မြန်မာပြည် စစ်တပ်၌ တိုင်းရင်းသား များအား လူမျိုးအလိုက် သီးသန့်တပ်များကို မည်သည့်အခါမျှ ဖွဲ့စည်းထားရန် ခွင့်မပြုခဲ့ပေ။ လွတ်လပ်ရေး ရမည့် ဆဲဆဲ အချိန်သို့ ရောက်သော အခါ မြန်မာအစိုးရက လူနည်းစုများအား စေတနာဖြူဖြောင့်ကြောင်းကို ယုံကြည် ကြစေလိုသဖြင့် မြန်မာတပ်ရင်းများနှင့် အတူ ကရင်တပ်ရင်း ကချင် တပ်ရင်းနှင့် ချင်းတပ်ရင်းတို့ကို အမျိုးအလိုက် သီးသန့် ဖွဲ့စည်းထားခွင့် ပြုလေသည်။ လွတ်လပ် ခရေး ကျေညာသည့် အချိန်တွင် ကရင်အရာရှိများနှင့် ကရင်တပ်သားများသာလျှင် ပါဝင်သော တပ်ရင်းအပြည့်အစုံ ၃ တပ်၊ ကရင်တပ်မှူး အုပ်ချုပ်သော လူမျိုးစုံ တပ်ရင်းတတပ်၊ ကရင်စစ်သေနာပတိ တယောက်၊ ကရင်စစ်ရုံးဒုတိယဗိုလ်ချုပ် တယောက်၊ကရင်လေတပ်မတော် ဗိုလ်ချုပ်တို့ ရှိလေသည်။ ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံတွင်မှ လူနည်းစုက ထိုသို့သော အခွင့်မျိုးကို မရခဲ့ဘူးချေ။ ကရင်စစ်သေနာ ပတိချုပ်၊ ကရင်စစ်ရုံး ဒုတိယ ဗိုလ်ချုပ်နှင့် ကရင်လေတပ်မတော် ဗိုလ်ချုပ်တို့ အား ကရင်သောင်းကျန်းသူများက တိုက်ရိုက်တဖုံ သွယ်ဝိုက်၍ တမျိုး ဆွဲဆောင် ခဲ့ကြသော်လည်း အဆိုပါ ဗိုလ်ချုပ်ကြီးများသည် သူရဲကောင်း ပီသစွာဖြင့် မြန်မာ နိုင်ငံတော် အစိုးရအပေါ် ၌ တဆံခြည် မယွင်း သစ္စာတည်ခဲ့ ကြ၏။

ကေ အင် ယူ ဌာနချုပ်က ထကြွပုန်ကန်ရန် အမိန့်ပေးလိုက်သည်နှင့် တပြိုင် နက် ငယ်ရွယ်သည့် စစ်ဗိုလ်များ အုပ်ချုပ်သော ကရင်ရိုင်ဖယ်တပ်ရင်း အမှတ် ၁ နှင့် အမှတ် ၂ တို့သည် မဆိုင်းမတွ ထကြွ ပုန်ကန်ကြလေသည်။ ကေ အင် ယူ က ထိုတပ်နှစ်တပ်ရှိ အချက်ပေးအရာရှိများမှ တဆင့် လျှို့ဝှက် ဆက်သွယ် ခဲ့ပြီး လျှင် သူတို့ အစိုးရကိုအတည့်အလင်း စစ်ကျေညာတိုက်ခိုက်သည့်အခါ ထိုတပ်များ ကို လက်ကိုင်တုတ်ပြုလုပ်ရန် တပ်တွင်းရှိ တပ်ဗိုလ် တပ်သား မကျန် သစ္စာဖျက် ကြောင်း ဝါဒဖြန့်လာခဲ့ကြောင်းကို အခိုင်အမာ သိရှိရပြီး ဖြစ်သည်။ ထိုကဲ့သို့ ကရင်စစ်တပ်က သစ္စာဖောက်သော်လည်း ချီးမွမ်းရန် အကွက် ကလေးတကွက် ကား ကျန်ရှိလေသည်။ ထိုအကွက်မှာ အရံတပ်များရှိ ကရင်တပ်သားများစွာ တို့ အား ကေ အင် ယူက သူတို့ဖက်သို့ပါရန် သွေးဆောင်ကြသော်လည်း ကရင်အရံ တပ်သားများက မလိုက်မပါဘဲ သစ္စာတည်ကြည်စွာနှင့် နေကြခြင်း ဖြစ်သည်။ အ ဆိုပါ တပ်သားများသည် အစိုးရက လက်နက်သိမ်းသည်ကို ချောမောစွာအသိမ်းခံ

မျှမကဘဲ ညောင်လေးပင် ပဌမတိုက်ပွဲတွင် သူတို့က ကရင်သောင်းကျန်းသူများ ကို တိုက်ခိုက်ရာ သူတို့၏ တပ်ချုပ်ဗိုလ် စောဟာဒီမှာ တိုက်ပွဲတွင် ကျဆုံး ရလေ သည်။ ပြည်ထောင်စု၏ သမိုင်းတွင် ဗိုလ်မှူးကြီး စောဟာဒီ၏ အမည်ကို တရိုတသေ မှတ်တမ်းတင်ထိုးရမည်သာတည်း။

လက်နက်ခဲယမ်းမီးကျောက်များရရှိကြပုံ

စစ်ကြီး အတွင်းက အိန္ဒိယပြည်ရှိ မဟာမိတ်တပ်များက မြန်မာပြည်အတွင်း တော်လှန်ရေးကို လျှို့ဝှက် စီစဉ်ရာတွင် စစ်အမှုထမ်း များစွာနှင့် လက်နက် ခဲယမ်းမီးကျောက် အမြောက်အမြားတို့ကို လေထီးဖြင့် ချပေး လေသည်။ ဤသို့ ချပေးသည့် လူများတွင် ကရင်များ ပါဝင်လေသည်။ တော်လှန်ရေး ဌာနများမှာ ကရင်အများ နေထိုင်သော ကရင်နီပြည်နယ် ဖာပွန်ခရိုင်နှင့် မြစ်ဝကျွန်းပေါ်ခရိုင် များတွင် ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဂျပန်တို့ ဆုတ်ခွါထွက်ပြေး ရာတွင် လိုက်လံ တိုက်ခိုက်သော တောပုန်းများ အတွက် ချပေးသော လက်နက်များသည် မည်မျှ ရှိသည်ကို အသေအချာ မသိနိုင်တော့ပေ။ ဂျပန်ကို တိုက်ခိုက်ရာ၌ ပါဝင်သော တောပုန်းအရေအတွက်ကို ထောက်မည်ဆိုလျှင် ကရင်နီနှင့် ဖာပွန်နယ် နှစ်နယ် တည်းမှာပင် လက်နက် တသောင်းထက် မနည်း ချပေးသည်ဟု သိရသည်။ ၁၉၄၂ ခု နှစ်တွင် ဗြိတိသျှတို့ ဆုတ်ခွါသွားခြင်းနှင့် ၁၉၄၅ ခုနှစ်တွင် ဂျပန်များ ဆုတ်ခွါ သွားခြင်း၊ ဤသို့ စစ်တပ်ကြီး နှစ်တပ် ဆုတ်ခွါ ကြသည်တွင် နိုင်ငံအတွင်း၌ လက်နက်ခဲယမ်းမီးကျောက် မြောက်မြားစွာ ကျန်ရစ်ခဲ့သည် ဖြစ်၍ ၁၉၄၅ ခုနှစ် တွင် ကရင်တို့လက်၌ ရှိသည့် လက်နက်ခဲယမ်းမီးကျောက် အတော်ပင်အားကောင်း သည်ဟု ဆိုရပေမည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအစိုးရက လက်နက်ခဲယမ်း မီးကျောက် များကို ချအပ်ရန် အပြစ်လွတ်ငြိမ်းခွင့် ပေးရာတွင် တနိုင်ငံလုံးရှိ ကရင်တို့ လက်မှ လက်နက်ခဲယမ်း ၁၀၀ လျှင် ၅ လက်မျှပင် အစိုးရလက်သို့ ပြန်၍ မရောက်ခဲ့ချေ။ ကရင်တို့ကား သူတို့ လက်ရှိ လက်နက်များကို ဖုံးဝှက်ထား ကြလေသည်။ ကရင်နီ ပြည်နယ်၊ ဖာပွန်ခရိုင်နှင့် မြစ်ဝကျွန်းပေါ် ဒေသများရှိ ရဲအဖွဲ့များမှာ ကရင် အ မြောက်အမြား ပါဝင်သည် ဖြစ်သောကြောင့် ထိုနယ်များ၌ လက်နက်များကို လွယ် ကူစွာ ဝှက်ထား နိုင်ကြလေသည်။

ကေ အင် ဒီ အို သောင်းကျန်းသူများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်

PDF CREATOR - NYEYADHAMMA@GMAIL.COM

အစိုးရကို မလိုမုန်းထားသော နိုင်ငံပြင်ပလူများထံမှ လက်နက်ခဲယမ်း မီးကျော က် များကို ရရှိသည်ဟု အဆိုတချက်ရှိသည်။ အပြင်အပအကူ အညီကို ရရှိနိုင်ရန် လမ်း ရှိကြောင်းကိုမူကား ဝန်ခံရပေသည်။ သို့သော်လည်း ကေန်ရရှိသည်ဟု ယုံကြ နိုင်လောက်အောင် အထောက်အထား လုံလောက်စွာ မရှိခဲ့ချေ။ လက်န ရနိုင်သည့် ဌာနများစွာပင် ရှိ၏။ တဌာနမှာ ကရင်နီပြည်နယ်နှင့် ဖာပွန်ခရိ တို့နှင့် စပ်လျက် ရှိသော နယ်ခြား တဖက်မှ ဖြစ်သည်။ အခြား တဌာနမှာ မဟာ မိတ် စစ်တပ်များထံမှ လက်နက်ခဲယမ်းမီးကျောက် မြောက်မြားစွာ ကျန်ရစ်ခဲ့ပြီး နောက် သူခိုးဈေးသို့ ရောက်ကုန်သော စက်ာပူမှ ဖြစ်သည်။ အခြား တဌာနမှ ရန်ကုန်မြို့ပင် ဖြစ်သည်။ ရန်ကုန်မြို့၌ ဗြိတိသျှ စစ်တပ်က ကျန်ရစ်ခဲ့သော လက် နက်များကို ဗြိတိသျှ စစ်တပ်လက်နက်ဌာနက ရန်ကုန်မှ စက်ာပူမြို့သို့ ပြန်၍ ပို့ ရာတွင် လက်နက်ခဲယမ်း သေတ္တာများစွာ အခိုးခံ ရသည်ဟု သိရှိရသည်။ ကရ တို့ လက်နက်ခဲယမ်း မီးကျောက် များကို မည်သည့်ဌာနမှ ရရှိသည်ကို မူကား နောင်သော အခါမှပင် ကေန် သိရပေတော့မည်။

ပြည်တွင်း ပြည်ပ အကဲခတ်သမားများက ကရင်များသည် နိုင်ငံရေး ဝါဒ မှာ(ခ်စ်) ဆန့်ကျင်ရေး သမားများနှင့် ကွန်မြူနစ်ဆန့်ကျင်ရေး သမားများ ဖြ သည်ဟု သိဒ္ဓိ တင်ကြလေသည်။ ကရင်အမျိုးသားများ၌ ကွန်မြူနစ်ကို အတ မနှစ်သက်သော ဝါဒရှိသည် မှန်၏။ သူတို့မူအတိုင်း နေထိုင်မှုကို ထိခိုက် စေမည် ကိစ္စတစုံတရာကို အစိုးရက ပြုလုပ်လျှင် မခံနိုင် ဖြစ်ကြ၏။ သို့သော်လည်း ယခု သောင်းကျန်းမှု၌ကား သီးခြား ကရင်နယ်ရရှိရေး အတွက် တိုက်ခိုက် နေခြင်းဖြစ်ရာ သူတို့ ရည်ရွယ်ချက် အောင်မြင်မှု အတွက် အယုတ်ညံ့ဆုံး နည်းများကိုပင် အသုံး ပြုရန် လက်မနှေး ခဲ့ကြပေ။ ကရင်တို့သည် စစ်မျက်နှာများစွာတို့၌ သခင်သန်းထွန်း ကွန်မြူနစ်များနှင့်ပေါင်း၍ ကွန်မြူနစ်တို့က မြို့ရွာများကို သိမ်းဆည်းရေးအတွက် လမ်းခင်းပေးခဲ့သည်မှာ တထစ်ချ ထင်ရှား နေပေသည်။ ကရင်သောင်းကျန်းသူ များနှင့်ပူးပေါင်း၍ လက်ရှိအစိုးရကို ဖြုတ်ချမည်ဟု အတည့်အလင်း ကျေညာထား သော သခင်စိုး၏ အလံနီကွန်မြူနစ်အဖွဲ့တွင်လည်း ကရင် နောက်လိုက် အမြောက် အမြား ပါဝင်လျက် သခင်စိုးက နိုင်ငံတဝှန်းလုံးတွင် ကရင်သောင်းကျန်းသူများ ကို အတည့်အလင်း ထောက်ခံလျက် ရှိ၏။

အထက်ပါ အချက်များကို ထောက်လျှင် ကေ အင် ဒီ အို တို့ ပုန်ကန်သောင်း ကျန်းကြခြင်းသည် ဝါဒယုံကြည်ချက် တစုံတခုကြောင့် မဟုတ်ကြောင်း ထင်ရှား ပေသည်။ ထိုသို့ ဖြစ်ရသည်မှာ ခရစ်ယန်ဘာသာဝင် စကောကရင်တစုတို့က မြန်မာ

ပြည်တွင် နယ်ချဲ့ဝါဒ ထွန်းကားမှု အကြံအစည်ကို ကိုယ်ထိ လက်ရောက် ထောက်ခံ လျက် နိုင်ငံရေး လိုလို ဘာသာရေး ယောင်ယောင် ကြာမြင့်စွာ ဝါဒဖြန့်လာခဲ့ရာမှ အဆုံးသတ် ပန်းတိုင်သို့ ရောက်ခြင်း ဖြစ်လေသည်။ ၁၉၃၇ ခုနှစ် ပဌမ အကြိမ် အစိုးရ အသိအမှတ်ပြု၍ ကျင်းပသော ကရင်နှစ်သစ်ကူးပွဲ ကျင်းပခါနီးတွင် ဆာစံစီဖိုး၊ သရာရွှေဘာ၊ ဦးလှဖေ၊ ဆာစ်ဒနီလူနီနှင့် စောဖေသာတို့က လက်မှတ်ရေး ထိုး၍ ကရင်အမျိုးသား များသို့ အသံလွှင့်သည့် နှုတ်ဆော်ချက်တွင် "ခေတ်မှီ အောင်တွေးခေါ်ခြင်း၊ အကျိုး ကျေးဇူး သက်ရောက်အောင် စီမံခြင်း၊ သတ္တိ ရဲရင့် စွာဖြင့် နေထိုင်ခြင်းတို့ဖြင့် မြန်မာနိုင်ငံတော်သည် စည်းလုံးညီညွတ်နေသောအမျိုး သားဖြစ်လာအောင် ကျွန်ုပ်တို့သည် အခြား လူမျိုးစုများနှင့် အတူ တာဝန်ကို ခွဲဝေ ထမ်းဆောင် နိုင်သည်" ဟု အထူးဖော်ပြ ထားလေသည်။ စည်းလုံး ညီညွတ်သော မြန်မာပြည် ဖြစ်အောင် တည်ထောင်မည်ဟု ၁၉၃၇ ခုနှစ်က သူတို့ပြောခဲ့သော စကားများနှင့် ယခု သူတို့ ဖျက်လိုဖျက်ဆီးပြုကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ခွဲထွက်၍ အချုပ်အချာ လုံးဝအာဏာပိုင် ကရင်ပြည်နယ် တနယ် ပေးရမည်ဟု တောင်းဆို နေခြင်းသည် မည်မျှလောက် အမြီးအမောက် မတည့်သည်ကို အထူး ဖော်ပြရန် မလိုပေ။ ဤတွင်လည်း သူတို့မှာ ဝါဒယုံကြည်ချက်သော်၎င်း၊ ရည်ရွယ် ချက်သော်၎င်း အတည်ထကျ မရှိကြောင်း ထပ်မံ ထင်ရှား ပြန်လေသည်။

သစ္စာရှိကရင်များ

သစ္စာရှိ ကရင်များကို ဖော်ပြ ချီးကျူးခြင်း မရှိဘဲ ဤစာတမ်းကို နိဂုံးချုပ်ပါ က ပြည့်စုံခြင်း ရှိလိမ့်မည် မဟုတ်ပေ။ မြန်မာ နိုင်ငံအတွင်းရှိ ကရင် စုစုပေါင်း ဦးရေ မှာ တသန်းခွဲ ရှိရာ သူတို့ အနက် အကြမ်းအားဖြင့် လူ ၁၀၀ လျှင် ၅ ယောက်မျှ သာ သောင်းကျန်းမှုတွင် တိုက်ရိုက် ပါဝင်နေ၍ ကျန် ၉၅ ယောက်မှာ သစ္စာတည် ကြည် မြဲမြံခဲ့ကြ၏။

မြန်မာ နိုင်ငံအတွင်း ကရင် သောင်းကျန်းမှုနှင့် စပ်လျဉ်း၍ ဒုတိယ ကမ္ဘာစစ် ကြီးအတွင်းက ဂျပန်တို့ကို တိုက်ခိုက်ရာတွင် မဟာမိတ် စစ်တပ်များဖက်က နေခဲ့ သော ကရင်များ၏ သစ္စာတည်ကြည်ခဲ့ပုံကို အမြဲတစေ ချီးကျူးနေကြသော နိုင်ငံခြား အကဲခတ်သမားတို့သည် မြန်မာပြည်ကို ဂျပန်တို့ သိမ်းပိုက်စဉ်က ကေ အင် ယူ ခေါင်းဆောင်များ ပြုမူကြပုံကို ပြန်ပြောင်း ကြည့်ရှုကြလျှင် သူတို့ အတွက် အကျိုးရှိပေလိမ့်မည်။ ကေ အင် ယူ ထိပ်သီးခေါင်းဆောင် သုံးယောက်

ဘို့သည် ဂျပန်တခေတ်လုံး၌ စစ်နိုင်ဂျပန်များနှင့် ကိုယ်တွေ့ လက်ရောက် ပူးပေါင်း ခဲ့ကြလေသည်။ ဂျပန်တို့အား မြန်မာပြည်မှ မောင်းထုတ်ရန် ကွယ်လွန်သူ ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော တော်လှန်ရေး၌မူကားသူတို့အနက်တစုံတယောက် ကမျှ ပါဝင်ရန် မဆိုထားဘိ အိပ်မက်မှပင် မမက်ခဲ့ကြဘူးပေ။ မဟာမိတ် စစ်တပ် များ ဗမာ့ တော်လှန်ရေး တပ်မတော်နှင့် ယင်ပေါင်တန်းတိုက်ခိုက် ခဲ့သော ကရင် အမျိုးသားများမှာမူကား ယခုအထိပင် မြန်မာနိုင်ငံတော် အစိုးရအား သစ္စာ စောင့်လျက် ရှိသည့်အပြင် လက်တဆုပ်မျှလောက်သော ကရင်တို့က သောင်းကျန်း ပုန်ကန်သည်ကို ပြင်းပြင်း ထန်ထန် ရှုတ်ချလျက် ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲ ရေးအတွက် အစိုးရကို သစ္စာစောင့်၍ မမှိတ်မသုံ ကူညီအားပေးလျက် ရှိကြပေ ကြောင်း။

ကရင် လူဆိုးတို့က ကရင်တမျိုးလုံး၏ မျက်နှာကို အိုးမဲသုတ်ကြသော်လည်း သစ္စာစောင့် ကရင် ကောင်းတို့က မူကား ကရင်တို့၏ အမျိုးဂုဏ်ကို ကယ်ဆယ် စောင့်ရှောက်လျက်သာ ရှိကြလေသည်။

အမှုထမ်းများ၏သပိတ်

၁၉၄၈ ခု မတ်လ ၂၈ ရက်နေ့တွင် စတင်သော ကွန်မြူနစ်ပုန်ကန်မှု၊ ထိုနောက် ရဲဘော်ဖြူ ပုန်ကန်မှု၊ တပ်မတော်မှ လက်နက်ကိုင် သစ္စာဖောက်များ တောခို ပုန် ကန်မှု၊ ကေ အင် ဒီ အိုနှင့် အမ် အင် ဒီ အို အဖွဲ့ဝင်များ ပုန်ကန်မှု စသည်ဘို့ကြောင့် တိုင်းပြည် အဝှန်းသည် အလွန်ဆိုးရွားသော အဖြစ်ကြီးကို ကြုံကြိုက်ခဲ့ရလေသည်။ ရောင်စုံ သောင်းကျန်းသူတို့သည် မြို့ရွာများကိုသိမ်းခြင်း၊ ငွေတိုက်များကိုဖောက်၍ ပြည်သူ့ ဘဏ္ဍာတော်ငွေများကို လုယူခြင်း၊ မြို့ရွာများကို မီးရှို့ခြင်း၊ လုယက် သတ်ဖြတ်တိုက်ခိုက်ခြင်း စသည်တို့ကြောင့် ပြည်သူလူထုသည် ကြီးစွာ အတိ ဒုက္ခ ရောက်ကြသည်သာမက နိုင်ငံတော်၏ ဘဏ္ဍာတော်သည်လည်း လျင်မြန်စွာ လျော့ ကျခဲ့လေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစတွင် စားသုံးကုန် ဈေးများမှာ အဆမတန် တက် လျက် ရှိလေသည်။ အစိုးရအမှုထမ်းများ အတွက် ၁၉၄၈ ခု ဖေဖော်ဝါရီလ ၁ ရက် နေ့မှစ၍ တလလျှင်လစာငွေ ၅၄၀ိ အောက်ရရှိကြသော လစာနှုန်းများအပေါ် တွင် သတ်မှတ် ထားသော ရှားပါး စရိတ်ကို ခွင့်ပြုခဲ့လေသည်။ ၁၉၄၆ ခု ဩဂုတ်လ အတွင်း၌ အမှုထမ်းများ၏ လစာနှုန်းနှင့် စပ်လျဉ်း၍ အစိုးရအား အကြံဥာဏ်ပေး

ရန် လစာနှုန်း အကြံပေး ဘုတ်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ၁၉၄၆ ခု စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အမှုထမ်းများ၏ ရှားပါးစရိတ်ကို တဖန် တိုးမြှင့်၍ပေးခဲ့လေသည်။ ထိုသို့ တိုးမြှင့်သည် ဆိုရာ၌ တလလျှင် လစာငွေ ၂၅၀ိ အောက် ရရှိကြသော အစိုးရ အမှုထမ်း များအတွက် ရှားပါးစရိတ် ငွေ ၂၀ိ ထပ်မံရရှိခြင်း ဖြစ်လေသည်။ ထိုသို့ ... အကြိမ် တိုးမြှင့်ပေးထားသော ထပ်ဆင့်ရှားပါး စရိတ်ငွေ ၂၀ိ ကို ၁၉၄၇ခု ... လမှ စ၍ တလလျှင် ၅ ကျပ်ကျဖြတ်တောက် ခဲ့ရာ ၁၉၄၇ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် ထပ်ဆင့်ရှားပါးစရိတ်ငွေ ၂၀ိ ကို လုံးဝ ရုပ်သိမ်းပြီး ဖြစ်လေသည်။ ...ပြင် ထပ်ဆင့်ရှားပါး စရိတ်ကို ဖြတ်လိုက်သော်လည်း ၁၉၄၇ ခု စက်တင်ဘာလ ၁ ရက် နေ့မှစ၍ နှစ်စဉ်ပေးရသော ရှားပါးစရိတ်ငွေပေါင်းသည် ငါးကုဋေခန့် ...၏။

ဝေဇက်ဝင် အရာရှိ မဟုတ်သော အစိုးရအမှုထမ်း များအတွက် လစာ ကော် မှင်၏ အကြံပေးချက်အတိုင်း ၁၉၄၈ ခု ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်လိုက်ရာ ထိုသို့ တိုးမြှင့်လိုက်သည့် အတွက် ရှားပါးစရိတ် သည်လည်း တနှစ်လျှင် တကုဋေခန့် ... တိုးတက် ကုန်ကျလာလေသည်။ ထို့ကြောင့် အမှုထမ်း များအတွက် ပေးရ သော ရှားပါးစရိတ်ပေါင်းသည် တနှစ်လျှင် ခြောက်ကုဋေခန့် ဖြစ်လေသည်။

၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်နေ့က စ၍ လွတ်လပ်ရေး ကျေညာပြီးသည်နောက် အမှုထမ်း အရာထမ်း များအတွက် ပေးရသော ကုန်ကျငွေမှာ တနှစ်လျှင် ၆၃,၀၀၀,၀၀၀ (တဆယ့် ခြောက်ကုဋေနှင့် သုံးသန်း) ဖြစ်ရာ ၁၉၄၈ ခု ဧပြီလ ... ရက်နေ့ကစ၍ တိုးပေး ရသော ငွေ ၂၅,၀၀၀,၀၀၀ (နှစ်ကုဋေ ငါးသန်း) နှင့် ...လျှင် စုစုပေါင်း ငွေ ၁၈၈,၀၀၀,၀၀၀ (တဆယ့် ရှစ်ကုဋေနှင့် ရှစ်သန်း) ခန့် ...ပေသည်။

ထိုစဉ် အခါက နိုင်ငံတော်၏ အရပ်ရပ် ဝင်ငွေ စုစုပေါင်းမှာ ဆန်အမြတ်ငွေ ...ပါအဝင် ၃၁၂,၅၀၀,၀၀၀ (သုံးဆယ့်တစ်ကုဋေ နှစ်သန်း ငါးသိန်း) မျှသာဖြစ်ရာ အမှုထမ်းအရာထမ်းများသို့ ပေးရသော လစာငွေ (တဆယ့်ရှစ်ကုဋေနှင့် ရှစ်သန်း) ...ကို နုတ်လိုက်လျှင် ၁၂၄,၅၀၀,၀၀၀ (တဆယ့်နှစ်ကုဋေ လေးသန်း ငါးသိန်း) မျှသာ ကျန်ရှိတော့သည်။ ထိုကျန်ရှိသောငွေနှင့် စစ်ဒဏ်ကြောင့် ဖွတ်ဖွတ် ကြေနေ ...သော နိုင်ငံတော် ပြန်လည် ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ...ဆက်အစီ ပြုပြင် ဆောက်လုပ်ရေးနှင့် အလွန်အရေး ကြီးသော တိုင်းပြည် ...ဝပ်ပြားရေး၊ တပ်မတော်အတွက် ကုန်ကျစရိတ်၊ စည်ပင်သာယာရေး အစရှိ ...ည့်အတွက် အလွန်နည်းပါးလျက် ရှိသည်မှာ အထူးဖော်ပြရန် လိုမည် မဟုတ်ပေ။

အမှုထမ်း အရာထမ်းများ အတွက် သုံးငွေကိုလည်း တဖန် ဆန်းစစ်လိုက်ပါ အထက်တန်း ရာထူးကြီးများ အတွက် ကုန်ကျငွေမှာ အလွန်နည်း၍ အောက် ရာထူးငယ်များ အတွက် အဆမတန် ပိုမိုကုန်ကျသည်ကို တွေ့ရှိရလေသည်။ လွတ် လပ်ရေး မကျေညာမီက ဂေဇက်ဝင် အထက်တန်း ယာယီရာထူးများ အတွ နှစ်စဉ် ပေးရ ငွေမှာ ၂၂,၀၁၆,၀၀၀ (နှစ်ကုဋေ နှစ်သန်း တသောင်း ခြောက် ထောင်) ခန့် ဖြစ်၍ လွတ်လပ်ရေးကျေညာပြီးနောက် ဂေဇက်ဝင် ရာထူးကြီးများ ၏ လခကို လျှော့ချလိုက်သဖြင့် တနှစ်လျှင် ၂၀,၄၀၇,၂၀၀ (နှစ်ကုဋေလေးသိန်း ခုနစ်ထောင်နှစ်ရာ) မျှသာ ကုန်ကျသည်အတွက် ငွေနှစ်သန်းခန့် လျှော့ကျ ခဲ့လေသည်။

လွတ်လပ်ရေး မကျေညာမီက တလလျှင် လေးထောင်ကျော် ရာထူးကြီး ဦးရှိရာ လွတ်လပ်ရေး ကျေညာပြီးနောက် တဦးသာလျှင် ကျန်တော့သည်။ လွတ် လပ်ရေး မကျေညာမီက လခငွေ သုံးထောင်မှ လေးထောင် အထိ ၂၅ ဦးရှိရ လွတ်လပ်ရေး ကျေညာပြီးနောက် ၄ ဦးသာလျှင် ရှိလေသည်။

အစိုးရ အုပ်ချုပ်ရေး အဖွဲ့တွင် ဌာနများစွာ တိုးချဲ့၍ သာ လာသော်လည်း လွတ်လပ်ရေး မရမီက ရှိခဲ့သော အထက်တန်း ရာထူးကြီးများ ဦးရေထက် လွတ်လပ် ရေး ရပြီးနောက် ရှိသော အထက်တန်း ရာထူးကြီးများ ဦးရေသည် သိသိသာသာ လျှော့နည်း၍ လာခဲ့လေသည်။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ပွါးမီက နှင့် နှိုင်းစာလျှင် လွတ်လပ်ရေး ရပြီးနောက် ရှိနေသော ဂေဇက်ဝင်နှင့် ဂေဇက်ဝင် မဟုတ်သော ရာထမ်း မှုထမ်းများ၏ဦးရေပေါင်းမှာ များစွာ တိုးတက် လာသည်ကို အောက်ပါ အတိုင်း တွေ့နိုင်လေသည်။

	ဂေဇက်ဝင်	ဂေဇက်မဝင်	ပေါင်း.
၁၉၄၀—၄၁ခု။	၁,၄၂၄	၅၅,၀၀၀	၅၆,၄၂၄
၁၉၄၇—၄၈ခု။	၁,၉၀၁	၈၈,၃၀၀	၉၀,၂၀၁
	တိုး ၄၇၇	၃၃,၃၀၀	၃၃,၇၇၇

စစ်မဖြစ်မီကထက် လွတ်လပ်ရေး ရပြီးသည့်နောက် အစိုးရ အမှုထမ်း ကြီးငယ် များ အထူးပင် တိုးတက်များပြား လာသဖြင့် နိုင်ငံတော်၏ ဝင်ငွေ သုံးပုံ တပုံခန့်

ကို ရာထမ်းမှုထမ်းများ အတွက် သုံးနေရလင့်ကစား နေပူမိုးရွာ မရှောင် နွား နှင့်အတူ ဖက်၍ ရုန်းနေရသော တောင်သူ လယ်သမားများအတွက်၎င်း၊ သောင်း ကျန်းသူများကို အသက်ပေး၍ နှိမ်နင်းနေကြရသော သစ္စာရှိ လက်နက်ကိုင် တပ် မတော်အတွက်၎င်း၊ နိုင်ငံတော် ပြန်လည်ထူထောင်ရေး တာဝန်ကြီးအတွက်၎င်း မယ်မယ် ရရ သုံးစရာ ငွေမရှိ ဖြစ်ခဲ့လေသည်။

ပြည်တွင်း သောင်းကျန်းမှုများကြောင့် မြန်မာ နိုင်ငံ၏ အသက်သွေးကြော ဖြစ်သော ဆန်စပါး သည်လည်း များစွာ အထွက်လျော့နည်းခဲ့လေသည်။နိုင်ငံခြား သို့ တင်ပို့ရန် မှန်းထားသော ဆန်သည် မှန်းထားသလောက် တင်ပို့နိုင်ခြင်း မပြုရ တော့ပေ။ ပြည်တွင်း မငြိမ်မသက်မှုကြောင့် အခွန်တော်များလည်း ကောက်ခံ၍ မရခဲ့ရာ ၁၉၄၉ ခုနှစ် အစတွင် နိုင်ငံတော်၏ ဘဏ္ဍာရေး အခြေအနေသည် အလွန် ဆိုးရွားလာကြောင်းကို တွေ့ရှိ ရလေသည်။

ထို့ကြောင့် ၁၉၄၈- ၄၉ ခုနှစ် ဗတ်ဂျက်ရန်ပုံငွေတွင် ငွေငါးကုဋေထက် မနည်း လို၍နေကြောင်းကို တွေ့ရှိရ၏။ ထို လိုငွေ ငါးကုဋေသည် ထိုအခါက ပေးနေရ သော နှုန်းဖြင့် ကုန်ကျသော အမှုထမ်းများ၏ ရှားပါးစရိတ်ငွေ အစုစုပေါင်းနှင့် ညီမျှသဖြင့် အထက်တွင် ဖော်ပြခဲ့ပြီးသော အကြောင်းများကြောင့် အမှုထမ်းများ ၏ လစာကိုသော်၎င်း၊ ရှားပါးစရိတ်ကိုသော်၎င်း ခေတ္တအားဖြင့် လျှော့ပေါ့ ဖြတ် တောက်ရန် လိုအပ်သည်ဟု နိုင်ငံတော် အစိုးရက ယူဆလေသည်။ ထိုသို့ အမှုထမ်း များ၏ လစာကို အခြေအနေကြောင့် ယာယီဖြတ်တောက်ရန် အစိုးရက ဆုံးဖြတ် လိုက်ရခြင်းသည် လိုငွေကို ကာမိစေရန် အကြောင်း တခုတည်းကြောင့်သာမဟုတ်၊ စားသုံးကုန် ဈေးနှုန်းကလည်း အထိုက်အလျောက်ကျဆင်းလာသဖြင့် အမှု ထမ်း အရာထမ်းများသည် ပြည်ထောင်စု၏ အကျိုးကို ထောက်ထား၍ သည်းခံ လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် လျှော့ပေါ့လိုက်ရခြင်း ဖြစ်ပေသည်။ စားသုံးကုန် ဈေးများ မည်မျှ လျော့နည်းလာကြောင်းကို အောက်ပါဇယားတွင် ဖော်ပြ ပေအံ့။

(မှတ်ချက်) နေထိုင်မှု စရိတ်ကို တွက်ချက်ရာ၌ နိုင်ငံအများ၌ပင် ပုံသေတွက် ချက်သောမှုများရှိလေသည်။ ထိုမှုများအရ နေထိုင်မှုစရိတ်ကို မသုံးမဖြစ်သော ကုန်စည် ဈေးနှုန်းများကို အကြောင်းပြု၍ တွက်ချက်ရလေသည်။ထိုသို့ တွက်ချက် ရသော စာရင်းမှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

နေထိုင်မှု စရိတ်ပြဇယား (ရန်ကုန်မြို့)

လ	နှစ်	စရိတ်
စက်တင်ဘာ	၁၉၄၆	၃၅၈
အောက်တိုဘာ	၁၉၄၆	၃၃၁
နိုဝင်ဘာ	၁၉၄၆	၂၈၀
ဒီဇင်ဘာ	၁၉၄၆	၂၇၆
ဇန္နဝါရီ	၁၉၄၇	၂၉၅
ဖေဖော်ဝါရီ	၁၉၄၇	၂၉၈
မတ်(ချ်)	၁၉၄၇	၃၀၂
ဧပြီ	၁၉၄၇	၃၀၃
မေ	၁၉၄၇	၃၃၅
ဇွန်	၁၉၄၇	၃၅၁
ဇူလိုင်	၁၉၄၇	၃၅၄
ဩဂုတ်	၁၉၄၇	၃၃၉
စက်တင်ဘာ	၁၉၄၇	၃၂၁
အောက်တိုဘာ	၁၉၄၇	၃၀၄
နိုဝင်ဘာ	၁၉၄၇	၃၀၁
ဒီဇင်ဘာ	၁၉၄၇	၃၀၃
ဇန္နဝါရီ	၁၉၄၈	၂၉၁
ဖေဖော်ဝါရီ	၁၉၄၈	၂၈၁
မတ်(ချ်)	၁၉၄၈	၂၇၈
ဧပြီ	၁၉၄၈	၂၇၆
မေ	၁၉၄၈	၂၈၁
ဇွန်	၁၉၄၈	၂၂၃

အထက်ပါ ဇယားအရ နေထိုင်မှု စရိတ်သည် ၁၉၄၈ ခု ဇွန်လတွင် လျော့နည်း၍ လာသည်ကို တွေ့နိုင်၏။ ထိုနည်းအတူပင် ၁၉၄၈ ခု နှစ်ကုန်တွင် နေထိုင်မှု စရိတ်သည် တိုးတက်ခြင်း မရှိပေ။

စစ်ဒဏ်ကြောင့် ဖွတ်ဖွတ်ကြေခဲ့သော နိုင်ငံတော်ကို ပြန်လည် တည်ဆောက်ရန်ရင်း၊ သောင်းကျန်းမှု အမျိုးစုံကို ထိထိရောက်ရောက် နှိမ်နင်းရန်ရင်း၊ စစ်မဖြစ်မီခေတ်ကထက် များစွာ တိုးတက်များပြားလာသော အမှုထမ်းအရာထမ်းများ၏ စရိတ်က အဆမတန် တိုးတက်များပြားနေသည်လည်းတကြောင်း အကြောင်းကြောင်းတို့ကြောင့် နိုင်ငံတော် အစိုးရသည် အမှုထမ်းအရာထမ်းများ၏ လစာနှင့်များပါးစရိတ်ကို ယာယီအားဖြင့် ဖြတ်တောက်လိုက်ရခြင်း ဖြစ်ပေသည်။နိုင်ငံတော်ကြီးတွင် အရေးကြုံခိုက် စည်းလုံးညီညွတ်စွာ ဘေးအန္တရာယ်ဟူသမျှကို တွန်းလှန်ကြမည်ဟု သန္နိဋ္ဌာန်ပြုရန် လိုကြောင်း၊အစိုးရသည် သဘောပေါက်၏။ ထို့ကြောင့် အမှုထမ်း ဦးရေကို ၂၅ ရာခိုင်နှုန်း လျော့ရန်နှင့် အမှုထမ်းများ၏ လစာကိုလည်း အချို့တဝက် လျော့ပေါ့ရန်၊အစိုးရက ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်နှင့် တပြိုင်နက် အမှုထမ်းလောကတွင် လှုပ်ရှား၍ လာလေသည်။ လှုပ်ရှားမှုမှာ အကြောင်းရင်း နှစ်မျိုးရှိကြောင်းကို တွေ့ရှိရလေသည်။ပဌမအကြောင်းမှာ လစာနှုန်းများကို လျော့ပေါ့လိုက်သဖြင့် များစွာသော အမှုထမ်းတို့၏ ဝင်ငွေနှင့် ထွက်ငွေ မမျှဘဲ ကသိကအောက်ဖြစ်ကြလိမ့်မည်ဟု အချို့သော အမှုထမ်းများက ရိုးသားစွာ ယုံကြည်ကြလေသည်။ အခြားအကြောင်း တရပ်မှာ ထိုသို့ အမှုထမ်းများ၏ လစာကို လျော့ချလိုက်သည်အတွက် အမှုထမ်းလောကတွင် မကျေနပ်မှုများ ပေါ်ပေါက်လာမည်။ ထိုသို့ ပေါ်ပေါက်လာခြင်းကို အကြောင်းပြုလျက် နိုင်ငံရေး အမြတ်ထုတ်မည်ဟု အတိုက်အခံတို့ကရင်း၊ မြေအောက်သစ္စာခံ သူသျှိတို့ကရင်း အပြင်းအထန် လှုံ့ဆော်ကြခြင်းဖြစ်လေသည်။ ထိုစဉ်အခါက အမှုထမ်းများ သမဂ္ဂတွင် ဦးစီးခေါင်းဆောင် ပြုလုပ်ကြသောသူ အချို့မှာ အစိုးရနှင့် ဆန့်ကျင်ဖက် ဖြစ်သည်သာမက မြေအောက်တော်လှန် ပုန်ကန်ရေး လမ်းစဉ်ကိုပင် ထောက်ခံသူများ ဖြစ်ကြသည်အတိုင်း အမှုထမ်းသပိတ်ကြီး ပေါ်ပေါက်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်ကြလေသည်။

ထိုကဲ့သို့ လှုံ့ဆော်မှုကို ကြိုတင်တွက်ချက်ထားသော နိုင်ငံတော် အစိုးရသည် ၁၉၄၉ ခု ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အရေးပေါ် စီမံမှု တချက်လွှတ် ဥပဒေ အမှတ်(၇)ကို ထပ်မံကြေညာလိုက်လေသည်။ ထိုဥပဒေမှာ ၁၉၄၈ ခု စက်တင်ဘာလ ၁ ရက်နေ့ကပင် ထုတ်ပြန်ကြေညာပြီး ဖြစ်လေသည်။ ၁၉၄၉ ခု ဖေဖော်ဝါရီလ

၅ ရက်နေ့တွင် ထပ်မံကျေညာလိုက်သော ထိုတချက်လွှတ် ဥပဒေမှ ကောက်နုတ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်၏။

"မည်သူမဆို အစိုးရ အရာထမ်း အမှုထမ်းများအား သက်ဆိုင်ရာ မိမိတို့၏ ဝတ်တရားများကို ကျေပြွန်စွာ ဆောင်ရွက်ရာတွင် ပျက်ကွက်အောင် သွေးဆောင်ရန် ကြံရွယ်လျှင်၊ သို့တည်းမဟုတ် ထိုအကြောင်းများ ဖြစ်ပေါ်စေသော အမှုကို ပြုလျှင် ထိုသို့ ပြုသူအား (၇) နှစ်အထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်လုံးသော်၎င်း အပြစ်ပေးမည်"။

ထိုသို့ပင် ပြည်ထောင်စုကြီး၏ အကျိုး၊ လူထု၏ အကျိုးအတွက် မလုပ်၍ မဖြစ်သော လုပ်ငန်းတရပ်ကို အစိုးရက ဆောင်ရွက်လိုက်ရာ အမှုထမ်း သမဂ္ဂ၏ ဦးဆောင်ချက်ဖြင့် အမှုထမ်း အရာထမ်းများစွာတို့သည် ၁၉၄၉ ခု ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သပိတ်မှောက်ကြလေသည်။ မိမိတို့က သပိတ်မှောက်ရုံသာမက အခြေအနေကို ကောင်းစွာ သုံးသပ်မိသော အမှုထမ်းအများအပြားက အလုပ်ခွင်သို့ ဝင်ရောက် လုပ်ကိုင်ခြင်းကိုပင်လျှင် အပြင်းအထန် သပိတ်တားကြလေသည်။ ဖြောင်းဖြပြောဆို၍ သပိတ်တားခြင်းမျိုးမဟုတ်ဘဲ အကြမ်းဖက်၍ အတင်းအကြပ် သပိတ်တားသော အမှုထမ်းခေါင်းဆောင် အချို့ကို အစိုးရက ဖမ်းဆီးအရေးယူခဲ့လေသည်။အချို့သော သပိတ်ခေါင်းဆောင်များကို အစိုးရက ဖမ်းဆီးရန် ကြံစည်ရာ ခေါင်းဆောင် အများပင် အဖမ်းမခံဘဲ တောတွင်း သူပုန်များနှင့် သွားရောက် ပူးပေါင်း ကြလေသည်။ ယခုထက်တိုင်ပင် ထိုသို့ တောခိုသွားကြသော အမှုထမ်း အချို့သည် တောတွင်း၌ပင် ရှိနေကြလေသည်။

ထိုသို့ သပိတ်မှောက်သောနေ့၌ပင်လျှင် အစိုးရသည် အောက်ပါကျေညာချက် တရပ်ကို ထုတ်ပြန်လိုက်၏။

၁။ အမှုထမ်းများသည် မိမိတို့နှင့် သက်ဆိုင်ရာ အလုပ်ဝတ်တရားများကို ချက်ခြင်း တက်ရောက် လုပ်ကိုင်ကြရမည်။ ရန်ကုန်မြို့ပေါ်ရှိ အစိုးရ ရုံးများတွင် ၁၉၄၉ ခု ဖေဖော်ဝါရီလ ၁၀ ရက် ကြာသပတေးနေ့ မွန်းတည့် အချိန်တိုင်အောင် တက်ရောက် လုပ်ကိုင်ခြင်း မရှိသော အမှုထမ်းများအား ရာထူးမှ ဖြုတ်ပစ်ပြီးဖြစ်သည်ဟု မှတ်ယူလိမ့်မည်။ နယ်အတွက်မူကား သက်ဆိုင်ရာ ဌာန အကြီးအကဲက အမိန့်ထုတ်ဆင့်သည့် ကာလမှ ၇၂ နာရီ အတွင်း တက်ရောက် လုပ်ကိုင်ခြင်းမရှိလျှင် အထက်ပါ အတိုင်းပင် ရာထူးမှ ဖြုတ်ပစ်ပြီးဖြစ်သည်ဟု မှတ်ယူလိမ့်မည်။

၂။ ဝတ်တရားအတိုင်း တက်ရောက်လုပ်ကိုင်လိုသော အမှုထမ်းများအား လိုအပ်

သော အကာအကွယ် အစောင့်အရှောက်ကို ပေးလိမ့်မည်။ လိုအပ်ပါက ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးရန် စီမံပေးမည်။ သပိတ်တားခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့ ပေါ်ပေါက်လျှင် ပြင်းထန်စွာ အရေးယူမည်။

၃။ ထုတ်ပစ်သော ရာထူးနေရာများတွင် လူသစ်များကို ချက်ခြင်းခန့်ထားခြင်းဖြင့် သော်၎င်း၊ သစ္စာစောင့်သိ ဝတ်တရားကျေပြွန်သော အမှုထမ်းများအား ရာထူး တိုးတက်ခန့်ထားခြင်းဖြင့်သော်၎င်း အရေးယူ ဆောင်ရွက်မည်ဖြစ်၍ ပြင်ပမှ လျှောက်ထားလိုသူတို့သည် လျှောက်ထားလိုသော ဌာနအကြီးအကဲများထံသို့ လူကိုယ်တိုင်သော်၎င်း၊ စာနှင့်သော်၎င်း အမြန်ဆုံး လျှောက်ထားကြစေလိုသည်။

၄။ ပြည်ထောင်စုသည် မကြုံဘူးသော ဘေးအန္တရာယ်ကြီးနှင့် ရင်ဆိုင်လျက်ရှိခိုက် ကိုယ်ကျိုးရှာတစု၏ နှောင့်ယှက်မှုကြောင့် တိုင်းပြည် လူထုကြီး တရပ်လုံး အတိဒုက္ခရောက်ရှိသည်ကို တားဆီးနိုင်ရန် ဤအရေးတွင် နိုင်ငံတော် အစိုးရသည် ပြတ်ပြတ်သားသား တိတိကျကျ ဆောင်ရွက်တော့မည့် အကြောင်းကို ကျေညာပါသည်။

ယခု ပေါ်ပေါက်လျက်ရှိသော အရေးသည် အစိုးရနှင့် အမှုထမ်းများ ဖြစ်ပွါးသော အရေးမဟုတ်။ နိုင်ငံတော်နှင့် ကိုယ်ကျိုးရှာသမားတစု၏ အရေးမျှသာ ဖြစ်သဖြင့် နိုင်ငံတော်၏ အန္တရာယ်ကို ကောင်းစွာ သိမြင်ကြသော အမှုထမ်းများသည် နိုင်ငံတော်၏ အကျိုးကို ရှေးရှု၍ဆောင်ရွက်ကြစေလိုပါကြောင်း။

ဖ ဆ ပ လ အစိုးရသည် ရောင်စုံ သောင်းကျန်းသူတို့၏ ဘေးအန္တရာယ်ကြီးသာမက အမှုထမ်းများ၏ သပိတ်ကြီးနှင့် ရင်ဆိုင်လျက်ရှိရာ ပြည်ထောင်စု၏အကျိုးကို လိုလားသော ရဟန်းသံဃာတော်များကၡင်း၊ သတင်းစာ အသီးအသီးကၡင်း အစိုးရ၏ လုပ်ငန်းစဉ်သည် မှန်ကန်၍ လိုလားအပ်ကြောင်းကို စိတ်ရောကိုယ်ပါ ထောက်ခံ အားပေးကြလေသည်။ ရန်ကုန်မြို့လုံးဆိုင်ရာ မဟာသံဃာ အဖွဲ့ပေါင်းစုံ၏ မေတ္တာရပ်ခံချက်နှင့် သတင်းစာများ၏ အာဘော်ကို အောက်တွင် ဖော်ပြလိုက်ပါကြောင်း။

ရန်ကုန်မြို့လုံးဆိုင်ရာ မဟာသံဃာအဖွဲ့ပေါင်းစုံ၏ မေတ္တာရပ်ခံချက်

ဦးခေါင်းတွင် စွဲလောင်နေသော မီးကြီးကို ငြိမ်းသတ်နေစဉ်အတွင်း လခစားများကသပိတ်မှောက်လိုက်မည်ဆိုလျှင် သောင်းကျန်းသူရန်သူများကို အားတဆင့်

ပေးပြီး တိုင်းပြည်ကို ထင်သလို ကျင့်ပါတော့ဟု လက်ထိုးအပ်သည့် အဖြစ်မျိုး ရောက်နေသည်ဖြစ်၍ နောင်သောအခါ လူမျိုး၊ ဘာသာ၊ သာသနာ၊ ပညာများ မှစ၍ ဆုတ်ယုတ် ပျက်စီးခြင်းကြီးမက ပျက်စီးကုန်မည်ကို မျှော်တွေး၍ ယခုလို ရန်ကုန်မြို့လုံးဆိုင်ရာ သံဃအဖွဲ့ ပေါင်းစုံ၏ကိုယ်စား မေတ္တာရပ်ခံအပ်ပါကြောင်း။

ရန်ကုန် သတင်းစာ (၈-၂-၄၉)

ယခု တိုင်းပြည်မှာ သေရေး ရှင်ရေးတမျှ စစ်တိုက်နေရသော အချိန်မျိုးတွင် သပိတ်မှောက်ခြင်းကို ကျွန်ုပ်တို့ အပြင်းအထန် တားမြစ်ရပေလိမ့်မည်။ မသင့် လျော်သော အချိန်၌ လုပ်မိသော ဤခြေလှမ်းသည် သူပုန်ဖက်ကို အားဖြည့်သလို ဖြစ်ပေသည်။ ဌာနအသီးသီးရှိ လခစားများသည် ယခု အခိုက်အတန့်မျှ အတွင်း ဤမကောင်းသော ခြေလှမ်းကို ပြန်၍ ရုပ်သိမ်းသင့်သတည်း။

အိုးဝေသတင်းစာ (၃-၂-၄၉)

အမှုထမ်းများ လုပ်ပုံကို ဝေဖန်ကြည့်ရှုလျှင် သူတို့သည် အမှုထမ်းပီသစွာ အလုပ်ကြိုးစား၍ လုပ်ရန် အာသီသမထားဘဲ နိုင်ငံရေး သဘောတရားများ၌ ပိုမိုစိတ်ဝင်စားနေကြ၏။ စာရေးပင်ဖြစ်သော်လည်း အစိုးရကို ဩဇာပေးချင်ကြ ၏။ ဤသို့ စည်းကမ်းပျက်သော အမှုထမ်းများကို မြန်မာပြည်မှ လွဲ၍ အခြား နိုင်ငံများတွင် မတွေ့မြင်ရချေ။ အမှုထမ်းအဖြစ်နှင့် အစိုးရကို ပြန်လှန် ကြိမ်းမောင်း ကာ အလုပ်အကိုင်ပျက်စေသော လမ်းစဉ်များကို လုပ်နေခြင်းမှာ သူ့လူငါ့ဖက် သား လုပ်ကာ တိုင်းပြည်အဖို့ ဘာမျှ ခရီးမတွင်ကျယ်ဘဲ လူထု၏ ငွေကို သုံးဖြုန်း နေသော စားဖားတမျိုးဟူ၍ သာ ခေါ်ဆိုဖွယ် ဖြစ်ပေသည်။

သမာဓိ (၃-၂-၄၉)

မည်သည့် အတွက် ဤသို့သော ကရင်သူပုန် အရေးထဲတွင် ထိုကဲ့သို့ သပိတ် မှောက်ချင်ကြပါသနည်း။ တိုင်းပြည် ပိုက်ဆံစားပြီး တိုင်းပြည် မှောက်အောင် လုပ်သည်မှာ (ဤသို့သော သေရေး ရှင်ရေး အချိန်တွင်) ကျေးဇူးရှင် ကျေးစွပ်ရာ ရောက်လှ၍ လက်ဝဲ သမားများပင်လျှင် ကြိုက်နှစ်သက်နိုင်မည် မဟုတ်ချေ။

သံတော်ဆင့် သတင်းစာ (၆-၂-၄၉)

ယခု အချိန်တွင် များစွာသော နိုင်ငံတော် ဝန်ထမ်းများသည် သက်စွန့်ကြိုးပမ်း

အမှုထမ်းနေကြရပါလျက် အခြားအမှုထမ်းများက မိမိတို့၏ ကိုယ်ကျိုး ခံစားမှု အတွက် အရေးအချိုကို အခိုက်အတန့်မျှပင် သည်းခံစွန့်လွှတ်ခြင်း မပြုနိုင်ပုံမျိုးကို ရှုံ့ဝရှောင်ရှားသင့်ကြပေသည်။

ကြေးတက်ရေး သတင်းစာ (၈-၂-၄၉)

တိုင်းပြည်ကြီးကို အန္တရာယ် အမျိုးမျိုး ဝိုင်းနေတဲ့ ကြားထဲမှာ သပိတ်လက် နက် နှလုံးရည် စစ်မျက်နှာတခု ထပ်ပြီး မတိုးစေချင်ဘူးဗျ။ တိုင်းသူ ပြည်သားတွေ ဟာ ယခု အားကြီး စိတ်ညစ်နေကြတယ်။ ငါတကော ကောကြယင်တော့ တိုင်း ပြည် ပိုနာမှာပေါ့ဗျာ။

(လံကစေခနှင့် ထောကခံ၊ ရေးသူ-မောင်လူပေါ်)

ရန်ကုန်သတင်းစာ (၈-၂-၄၉)

ဒီတချိမှာ လခစား အမှုထမ်းများ ခြေလှမ်းမှားပြီလို့ ဆိုရမယ်။ တိုင်းပြည်ကြီး မလောင်နေတဲ့ အချိန်မှာ ကိုယ့်အဖြစ်က ဘယ်လိုပင် မှန်စေကာမူ မီးကို ဝိုင်းငြိမ်း ရသာ ပဌမဖြစ်တယ်။ ဝိုင်းငြိမ်းလို့ မီးသေတော့မှ ကိုယ့်ဖက်က ကိုယ်လုပ်ချင် တာ လုပ်သင့်တယ်။ ယခုအချိန် သပိတ်မှောက်တာ မီးလောင်ရာ လေပင့် ဖြစ်နေ တယ်။ လေပင့်လို့ ပိုလောင်တော့ ဘယ်သူမျှ မနာဘူး။ လူထုနာတယ်။ တိုင်းပြည် ဖျက်ကြီးရဲ့ မျက်နှာကိုတော့ ထောက်သင့်တယ်ဗျာ။

စပ်စုမောင်

ဂျာနယ်သတင်းစာ (၈-၂-၄၉)

စာတိုက် အစည်းအရုံးနှင့် ကြေးနန်း ဆက်သွယ်ရေး ဌာနက နိုင်ငံတော် လွတ် လပ်ရေးမှာ နယ်ချဲ့ အရင်းရှင်နှင့် သူတို့၏ သူလျှိုများ လက်ချက်ကြောင့် ဆုံးရှုံး ကာမည့် အခြေ အနေသို့ ဆိုက်ရောက်နေကာ လူပေါင်းများစွာ မတရား သေပွဲ ဝင်နေကြရသည်ကို ငဲ့ညှာထောက်ထားသောအားဖြင့် အစိုးရလစာ ဖြတ်တောက်မှု ကိစ္စအဝဝကို မစဉ်းစားဘဲ ယာယီအားဖြင့် ရပ်ဆိုင်းထားကြောင်းနှင့် ကျေညာရာ တိုင်းပြည်လူထုအကျိုးကို မိမိတို့အကျိုးထက် ပိုမိုကြည့်ရှုခြင်းဖြစ်၍ အထူးကျေးဇူး တင် ချီးကျူးရချေသည်။

တောင်သူလယ်သမားအသံ (၆-၂-၄၉)

စာရေး စာချီများက ယခုလို အချိန်တွင် သပိတ်လက်နက်ကို အသုံးပြုမည်ဆိုပါက (၁) မနှောက်ကံမြောက် မဟုတ်သော်လည်း ကာယကံမြောက် လက်ရှိ သူပုန်များကို အားပေးရာရောက်ပေမည်။ (၂) အစိုးရကို အရေးကြီးသည့် အချိန်တွင် အကြပ်ကိုင်လိုက်ခြင်းအားဖြင့် တမျိုးသားလုံး ကျဆုံးရေးနှင့် နယ်ချဲ့ အားပေး အားမြှောက်လုပ်ပေးရာ ရောက်ပေမည်။

မြန်မာ့အလင်း သတင်းစာ (၆-၂-၄၉)

ပြည်ထောင်စုကြီးတွင် သေရေး ရှင်ရေးတမျှ အရေးကြီးလှသည့် ဤအချိန်တွင် လူတိုင်း အစွမ်းကုန် အနစ်နာခံကြရန် အသင့်ရှိကြရမည်။ လစာ ဖြတ်တောက်ရခြင်းသည် ယာယီမျှသာဖြစ်၍ ဘဏ္ဍာရေး အခြေအနေ ပိုမိုကောင်းမွန်လာသည်နှင့် တပြိုင်နက် ပြန်လည် စဉ်းစားပါမည်ဟု အစိုးရက ကြေညာချက်တွင် ဝန်ခံထားရာ အမှုထမ်းများသည် ပြည်ထောင်စု၏ အကျိုး၊ အခွန်ထမ်းများ၏ အကျိုးကို ထောက်ထား၍ ခြေလှမ်းမမှားရန် သတိပြုကြစေလိုကြောင်း။

ဟံသာဝတီ (၆-၂-၄၉)

ဤအတောအတွင်း၌ အစိုးရ အမှုထမ်းများက သပိတ်လက်နက်ဖြင့် အုပ်ချုပ်ရေး ယန္တရားကြီးကို ရပ်စဲအောင် လုပ်ကြမည်ဆိုလျှင် တိုင်းပြည် အပေါ်၌ ဆင်းရဲဒုက္ခများ ထပ်လောင်း ဖိစီးလာမည်ဖြစ်၍ ထိုဒုက္ခများ၏ ဒဏ်သည် မိမိတို့နှင့်တကွ မိမိတို့အား မှီနေကြသည့် လူများကိုပါ ထိခိုက်လာမည်မှာ မလွဲပေ။

ရွှေဆောင်သတင်းစာ (၈-၂-၄၉)

နိုင်ငံတော်ကြီး မီးဟုန်းဟုန်းတောက်၍ ကရင်သောင်းကျန်းမှုနှင့် စပ်လျဉ်းပြီး ဒုက္ခများတွေ့ကြုံနေသဖြင့် လူထု၏ အသက်စည်းစိမ် အိုးအိမ်များကို ကာကွယ်ပြီး ရွှေတန်းမှ ကရင်သောင်းကျန်းသူများအား အသက်ပေး၍ နှိမ်နင်းနေခိုက်တွင် နောက်ပိုင်းမှ သပိတ်သံပေးနေသူများသည် ရွှေတန်းစစ်မျက်နှာ စစ်သားရဲဘော်များကို မျက်နှာထောက်ထားသင့်သည့်အပြင် ပန်ကာအောက်စားပွဲတွင် အေးအေးဆေးဆေး စွာ ကလောင်ဖြင့် အလုပ်လုပ်နေကြသော စာရေးများသာလျှင် လခလျှော့ခံကြရသည်မဟုတ်ဘဲ ရွှေတန်း စစ်ကြောင်း နေကျဲကျဲတွင် အသက်စွန့် တိုက်ခိုက်နေသော

စစ်သားရဲဘော်များလည်းအဖြတ်ခံကြရသည်ဖြစ်သော်လည်း နိုင်ငံတော်အန္တရာယ်အတွက် ဆီမီးခွက်မတောက်နိုင်ဘဲ အသေခံတိုက်နေရပါကြောင်း။ ယခု သပိတ်သံပေးနေသူများသည် သပိတ်လက်နက်ကို အရမ်းမသုံးကြဘဲ ဒုက္ခပေါင်းစုံ တွေ့ကြုံလျက်ရှိသော လူထုနှင့် စစ်သားရဲဘော်များကို ထောက်ထားစေလိုကြောင်း။

ဗိုလ်စိုးရ
ရန်ကုန် သမိုင်း မြောက်ဖက်ခဝဲခြံတွင် တိုက်ခိုက်နေသော
စစ်ရဲတပ်များမှ ဗိုလ်ကြီး

၁၉၄၉ ခု ဖေဖော်ဝါရီလ ၈ ရက်နေ့ညတွင်လည်း စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်နေဝင်းက အောက်ပါအတိုင်း အသံလွှင့်ဌာနမှနေ၍ မေတ္တာရပ်ခံလေသည်။

“အစိုးရအမှုထမ်းများသို့ ယနေ့ည ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

ယခု အချိန် အခါသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို လက်နက်ကိုင် တပ်သားများသာမက တိုင်းသူ ပြည်သား လူထုကြီးတရပ်လုံးကလည်း မိမိတို့ တတ်စွမ်းသလောက် တိုက်ခိုက် တွန်းလှန်နေရသည့် အခါကြီး ဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုကြီး ချိုင်မြဲမှု အတွက် လူတိုင်းလူတိုင်း အားသွန် ကြိုးပမ်း နေကြရသောအခါတွင် အမှုထမ်းအချို့က မကျေနပ်မှုများကြောင့် သပိတ်လက်နက် စွဲကိုင်လျက် မှိုင်ရွာ ပိုမိုခြောက်ချားစေမည့် အပြုအမူများကို ဆက်လက်လုပ်ကိုင်နေမည် ဆိုပါက ပြည်ထောင်စု၏ ဘေးအန္တရာယ်များကို အသက်ပေး၍ တွန်းလှန်နေကြရသော လက်နက်ကိုင် တပ်သားများအား နောက်ကျောမှ ဓားနှင့်ထိုးခြင်းပင် ဖြစ်ပါတယ်။ ထို့ကြောင့် လက်နက်ကိုင် တပ်သားများသည် စိတ်ဖြောင့်ဖြောင့်နှင့် နိုင်ငံတော်၏ အမှုတော်ကို ထမ်းရွက်နိုင်စေရန် အမှုထမ်းများအားလုံးအား သပိတ်လက်နက် စွဲကိုင်ခြင်း မပြုကြဘဲ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးကို အစွမ်းကုန် ကူညီ ဝိုင်းဝန်းကြရန် လက်နက်ကိုင် တပ်သားများ၏ ကိုယ်စား ကျွန်တော်က မေတ္တာရပ်ခံလိုက်ပါတယ်”။

ထိုကဲ့သို့ သံဃာတော် အရှင်မြတ်များ၊ သတင်းစာများနှင့် ၊ကိုယ်ထိ လက်ရောက် သောင်းကျန်းသူများကို နှိမ်နင်းနေရသော တပ်မတော်၏ ကြိုးပမ်းမှုများကြောင့် သပိတ်ကိစ္စကြီးသည် အေးငြိမ်းသွားရလေသည်။ သို့ရာတွင် ပြည်တွင်းရောင်စုံသူပုန်များကမူကား အမှုထမ်း အရာထမ်းများ မကျေနပ်ရန် အတွက် ပြည်တွင်းမှ အမျိုးမျိုး လှုံ့ဆော်လျက် ရှိကြလေသည်။

(၈) နိုင်ငံခြားအမြင်

၁၉၄၈-၄၉ ခုနှစ်များတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး အခြေအနေမှာ များ စွာ ဆိုးရွားကြောင်းကို ဝန်ခံရပေမည်။ ရောင်စုံ သူပုန်များသည် ရံဖန်ရံခါ အချင်း ချင်း ပူးပေါင်း၍သော်၎င်း၊ ရံဖန်ရံခါ တဦးနှင့် တဦး အာဏာလု၍သော်၎င်း မြို့ရွာ များကို အနှံ့ အပြားသိမ်းပိုက်နိုင်ခဲ့လေသည်။နိုင်ငံတော် အစိုးရသည်လည်းနည်း အမျိုးမျိုးဖြင့်လမ်းမှားသို့လိုက်နေသောသူပုန်များကို လမ်းမှန်သို့ ရောက်ရှိအောင် ကြိုးစားခဲ့၏။သို့ရာတွင် မအောင်မြင်ခဲ့ပေ။မြန်မာနိုင်ငံ၏ အခြေအနေကိုကမ္ဘာတ ဝှန်းလုံးကလည်းအကဲခတ်လျက်ရှိရာသူတို့၏အမြင်ကိုပြန်လည်ဖော်ပြခြင်းအားဖြင့် အခြေအနေ မည်မျှဆိုးရွားနေကြောင်းကို အကဲခတ်နိုင်ပေလိမ့်မည်။ အောက်တွင် ရာပေါင်းများစွာသော နိုင်ငံခြား စာနယ်ဇင်းများက ၁၉၄၈-၄၉ ခုနှစ်အတွင်းဝေဖန် ရေးသားချက်များအနက် အချို့ကို ကောက်နုတ်၍ ဖော်ပြလိုက်ရပေသည်။

၄-၈-၄၈။ တိုင်းသတင်းစာ (လန်ဒန်)

မြန်မာနိုင်ငံတွင် အစိုးရကို လက်နက်ကိုင် တော်လှန်လျက်ရှိသော ကွန်မြူနစ် များ၏ ရည်ရွယ်ချက်မှာ အာဏာကို အတင်း အဓမ္မ သိမ်းပိုက်ရန် ဖြစ်လေသည်။ ဝန်ကြီးချုပ် သခင်နုသည် ကွန်မြူနစ် သူပုန်များကို အမျိုးမျိုးလက်ကမ်းသော် လည်း မအောင်မြင်သဖြင့် သူတို့ကို ရန်သူသဖွယ် ကျေညာ၍ သောင်းကျန်းပုန် ကန်မှုများကို အပြင်းအထန် နှိပ်ကွပ်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်လေသည်။ ကွန်မြူ နစ်များနှင့် ရည်ရွယ်ချက်ချင်း တူညီကြသော ပြည်သူ့ရဲဘော်အဖွဲ့မှ တစိတ်တဒေ သလည်း လက်နက်များနှင့်အတူ တောခိုကြ၍ ပုန်ကန်ထကြွလျက်ရှိလေသည်။ တိုင်းပြည်၏ အနာဂတ် အရေးသည် သောင်းကျန်းမှုများကို အစိုးရက လျင်မြန်စွာ နှိမ်နင်းနိုင်သည်၊ မနှိမ်နင်းနိုင်သည်ဟူသော အချက်ပေါ်တွင် တည်ရှိပေသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် ယခုအခါ အဓမ္မဝါဒီများ ခေါင်းထောင်လာ ခြင်းသာ ဖြစ်ပေသည်။ အစိုးရသစ်သည် မိမိ၏ အခြေအနေကို စိတ်မချရခြင်း၊ စက်မှုလက်မှု လုပ်ငန်းများနှင့် စီးပွါးရေး လုပ်ငန်းကြီးများကို အဆောတလျင် ပြည်သူပိုင် ပြုလုပ်လိုက်ခြင်းမှာ အလွန်မှားယွင်းကြောင်း ထင်ရှားပေသည်။ ဗြိတိသျှ လူမျိုးများသည် မြန်မာနိုင်ငံအပေါ်တွင် ထားရှိခဲ့သော မေတ္တာမှာ

ပျော့ပါးခြင်းမရှိပါ။ သို့ရာတွင် အင်္ဂလိပ် မြန်မာစာချုပ်တွင် အတည့်အလင်း ဖော်ပြပါရှိသော စည်းကမ်းချက် တာဝန်များကို မြန်မာအစိုးရသည် လိုက်နာ ဆောင်ရွက်နိုင်ပါမည်လော ဟူ၍မူကား ဗြိတိသျှ လူမျိုးအများကပင် သံသယ ရှိကြသည်။ ဗြိတိသျှနိုင်ငံသို့ ဦးတင်ထွဋ်လာရောက်ခြင်းသည် ထိုသို့ သံသယရှိခြင်း များကို ပြေပျောက်အောင်စွမ်းဆောင်နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပေသည်။

၂-၈-၄၈။ ဂလတ်စ်ဂိုဟီရဲလ် (ဂလတ်စ်ဂို)

ရန်ကုန်မြို့၏ အနောက်ဖက်မိုင် ၉၀ ခန့်တွင်ရှိသော ပုသိမ်မြို့တွင် သောင်းကျန်း သူများ၏ လှုပ်ရှားထကြွမှုကြောင့် ဗြိတိသျှ အမျိုးသမီးများနှင့် ကလေးများ တို့ ထိုမြို့မှ ထွက်ခွါကြရန်အတွက် သင်္ဘောတစင်းပေါ်သို့ တက်ရောက်ကြသည် ဟု မိုင်မာသော သတင်းတရပ်က ဆိုလေသည်။ ထိုသတင်းအရ မြန်မာနိုင်ငံတွင် ဒုတိယ အကြီးဆုံးဖြစ်သော ဆိပ်ကမ်းမြို့ကြီးတွင် သူပုန်များ၏ လှုပ်ရှားမှုမှာ အလွန် ပြင်းထန်လာလေရာ မြန်မာလူမျိုး တိုင်းမင်းကြီးသည် အခြေအနေကို ထိထိ ရောက်ရောက် ထိန်းသိမ်းခြင်း ပြုနိုင်မည်မဟုတ်ဟု အကဲခတ်သမားများက ယူဆကြ လေသည်။ အကယ်၍ ထိုမြို့တွင် ထကြွလှုပ်ရှားလျက်ရှိသော ကွန်မြူနစ်များသည် ရုတ်ရှ ါသွားကြမည်ဆိုပါက သင်္ဘောပေါ်တွင် ရောက်ရှိနေကြသော ဗြိတိသျှ အမျိုးသမီးများနှင့် ကလေးများသည် ပုသိမ်မြို့တွင် ဆက်လက်၍ နေထိုင်ကြလိမ့် မည်ဟု သိရှိရကြောင်း။

၂-၈-၄၈။ ဂလတ်စ်ဂိုဟီရဲလ် (ဂလတ်စ်ဂို)

ပုသိမ်မြို့တွင် အစိုးရ၏ ဆန်တန်ချိန် ငါးသောင်းကို ကွန်မြူနစ်များက လုယက် ဖျက်ဆီးလိုက်သည်ဟု ရှိုက်တာသတင်းတရပ်က ဆိုလေသည်။ ထိုကဲ့သို့ ဆူပူ သောင်းကျန်းမှုများကြောင့် ဗြိတိသျှ အမျိုးသမီးများနှင့် ကလေးများကို ပုသိမ်မြို့ စေားကင်းရာသို့ ထုတ်ယူသွားမည် ဖြစ်ကြောင်း။ ထိုကဲ့သို့ပင် မြန်မာနိုင်ငံ၏ နယ်အမြောက်အမြားကို သောင်းကျန်းသူများက အကြီးအကျယ် လုယက်ဖျက်ဆီး ကြသဖြင့် မြန်မာနိုင်ငံ၏ နောက်နှစ်လ အတွင်း နိုင်ငံခြားသို့ တင်ပို့ရန် ရည် ရွယ်သည့် ဆန်တန်ချိန်များကို တင်ပို့နိုင်လိမ့်မည် မဟုတ်ဟု အကဲခတ်သမားများက ယူဆနေကြကြောင်း။ မနေ့က ရန်ကုန်မြို့မှ ရောက်ရှိလာသော သတင်းတရပ် အဆို အရ ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက ရဲဘော်ဖြူများကို ထိုအဖွဲ့မှ ထုတ်ပယ်လိုက် ကြောင်း ကျေညာလိုက်သည်ဟု သိရှိရလေသည်။ ရဲဘော်ဖြူ ခေါင်းဆောင်ဖြစ်

သော ပညာရေးဝန်ကြီး ဗိုလ်ဖိုးကွန်းသည်လည်း အစိုးရအဖွဲ့မှ နုတ်ထွက်လိုက်ပြီ ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်သခင်နုသည် မနေ့က နိုင်ငံခြားသတင်းထောက်များအား တွေ့ဆုံ၍ အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် လက်နက်ချဝင်ရောက် လာသူများမှာ အလွန်စိတ်ပျက်စရာ နည်းပါးလှသည်ဟု ဆိုလေသည်။ ဝန်ကြီး ချုပ်က ဆက်လက်ပြောပြသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဝါဒမှာ ဆိုဗီယက် ရုရှား တနိုင်ငံလုံးနှင့်သာ မိတ်ဆွေအဖြစ် ဆက်သွယ်လို၍ ဖ ဆ ပ လ အစိုးရ၏ ဝါဒမှာ နိုင်ငံအားလုံးနှင့် မိတ်ဆွေ ဖြစ်လိုပါသည်ဟု ထုတ်ဖော်ပြောပြကြောင်း။

၇-၈-၄၈။ နယူးစတိတ်စ်မင်အင်နေးရှင်း(လန်ဒန်)

အထက်ပါဂျာနယ်တွင် မြန်မာနိုင်ငံတွင် နေထိုင်သော ဗြိတိသျှ လူမျိုးတဦး၏ ဆောင်းပါးတစောင်ကို ထည့်သွင်းဖော်ပြရာ ထိုဆောင်းပါးတွင် ဖ ဆ ပ လ အစိုးရ ၏ လုပ်ငန်းများကို ချီးကျူး၍ ဗြိတိသျှအစိုးရသည် ဖ ဆ ပ လ အစိုးရကို အား ပေး ကူညီသင့်ကြောင်း၊ လုပ်ငန်းကြီးများကို ပြည်သူပိုင် လုပ်ခြင်းမှာ မှန်ကန် ကြောင်း၊ လုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်၍ နောက်မှ လျော်ကြေးကို ဆုံး ဖြတ်ပြီးပေးမည်ဆိုသည်မှာ ဗြိတိသျှအစိုးရ၏လုပ်ငန်းစဉ်အတိုင်းပင် ဖြစ်ကြောင်း။ ဗြိတိသျှအစိုးရသည် ကျောက်မီးသွေးတွင်းများကို ၁၉၄၇ ခု၊ ဇန္နဝါရီလ ၁ ရက် နေ့က ပြည်သူပိုင် ပြုလုပ်ပြီးဖြစ်သော်လည်း လျော်ကြေးမည်မျှပေးမည် ဆိုသည် ကို ယခုထက်တိုင် တွက်ချက်၍မပြီးသေးသည်ကို ပြန်လည်ကြည့်ရှုသင့်ကြောင်း။ ဗြိတိသျှအစိုးရပေးသော လျော်ကြေးမှာလည်း ငွေနှင့်ပေးခြင်းမဟုတ်ဘဲ စတောက် စာချုပ်များနှင့် အာမခံစာချုပ်များကိုသာ ပေးကြောင်း။ မြန်မာနိုင်ငံအစိုးရက လည်း ထိုကဲ့သို့ ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပါက အံ့ဩဖွယ်ရာမရှိကြောင်း အစချီ သဖြင့် ရေးသားဖော်ပြထားလေသည်။

၉-၈-၄၈။ ဟတ်ဒါစ်ဖလ်ဒေလီအိတ်ဇင်မင်နား (ဟတ်ဒါစ်ဖီလ်)

မြန်မာနိုင်ငံ ဝန်ကြီးချုပ်သခင်နုသည် သူခေါင်းဆောင်သော ဖ ဆ ပ လ အဖွဲ့ ၏ကိုယ်စား လုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်ရန် ဝါဒ ရှိသည်ဟု ကြေညာပြီး ဖြစ်လေသည်။ ထိုလုပ်ငန်းကြီးများအတွက် လျော်ကြေးပေးရာ၌ အာမခံစာချုပ် များကိုသာ ပေးလိမ့်မည်ဟု သိရှိရ၏။ မြန်မာနိုင်ငံ အပါအဝင် အရှေ့တိုင်းနိုင်ငံ အများအပြားပင် ပြန်လည်ထူထောင်ရန်အတွက် ငွေပင်ငွေရင်း အများအပြား လိုပေသည်။ လုံလောက်သော ငွေပင်ငွေရင်းရရှိမှသာလျှင် သူတို့၏ဘဝသစ်ကို

ဖန်တီးနိုင်ပေမည်။ သို့ရာတွင် ထိုနိုင်ငံများ၌ မြှုပ်နှံရန် ငွေပင်ငွေရင်း မရှိပေ။ ပြင်ပ မှ ချေး၍လည်း ယခုအခြေအနေမျိုးတွင် ချေးမည့်သူ ရှိမည်မဟုတ်ပေ။ ထို့ကြောင့် နှစ်ရှည်အာမခံစာချုပ်များကိုသာ ပေးနိုင်လိမ့်မည်ဟု မှန်းဆရ၏။ မြန်မာနိုင်ငံတွင် အစိုးရသည် စေတနာရိုးရိုးဖြင့် ဆောင်ရွက်နေသည်ဟု ကျွန်ုပ်တို့ယူဆသည်။ သို့ရာ တွင်မိမိတို့၏စေတနာအတိုင်း ဆောင်ရွက်ဖြည့်စွမ်းနိုင်ပါမည်လောဟု ကျွန်ုပ်တို့စိုး ရိမ်မိသည်။ တနိုင်ငံလုံးတွင် ဆူပူသောင်းကျန်းမှုများမှာ ထိန်းမနိုင်သိမ်းမရ ဖြစ် လျက်ရှိသည့် ထိုအခြေအနေကို အချိန်မှီမထိန်းနိုင်ပါက လူထုတရပ်လုံးသည် ကြီး မားသော ဆင်းရဲဒုက္ခ ရောက်ကြပေလိမ့်မည်။ အနောက်နိုင်ငံများသည် ထိုအခြေ အနေမျိုးနှင့် ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံကို တတ်နိုင်သမျှ ကူညီသင့်ပေသည်။ သို့ရာတွင်အနောက်နိုင်ငံအရင်းရှင်များသည် ရှေးကထားရှိခဲ့သော နေရှင်အကြည့် မျိုးဖြင့်သာ ကြည့်တတ်ကြသည်။ ရှေးကယူဆခဲ့ကြသော နေရှင်ဝါဒသည် ယခု အခါ ဆိတ်သုဉ်းလျက် ရှိပြီဖြစ်သည်ကို သတိပြုရပေမည်။

၉-၈-၄၈။ သည်စကော့စ်မင်(ဂလတ်စ်ဂို)

လက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏အခြေအနေတွင် တောင်တန်းသား များဖြစ်ကြသည့် ကရင်၊ ရှမ်း၊ ကချင်နှင့် ချင်းများသည် အလွန်အရေးပါသော နေရာမှဆောင်ရွက်နိုင်သည်မှာ ယုံမှားစရာမရှိပေ။ ထိုလူနည်းစုခေါင်းဆောင်များ က လာမည့်ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပမည့် ပါလီမန်လွှတ်တော်တွင် သခင် နုကိုသာလျှင်ဆက်လက်၍ ခေါင်းဆောင်တင်မြှောက်လိုကြကြောင်း တညီတညွတ် တည်းထုတ်ဖော်ကြေညာခဲ့ကြ၏။ ခပ်ရှင်းရှင်းရေးရလျှင် ထိုတောင်တန်းသားများ သည် ကွန်မြူနစ်ဝါဒကိုလည်းမလိုလား၊ ကွန်မြူနစ်ပုန်ကန်ထကြွမှုများကိုလည်း လုံးဝမထောက်ခံကြပေ။ ကွန်မြူနစ်ပုန်ကန်မှုများကို အစိုးရက မထိတထိအရေး ယူနေသည်ကိုပင် သူတို့သည်မကျေနပ်ကြချေ။ အစိုးရဆိုသည်မှာ အစိုးရပီပီ ထိထိ ရောက်ရောက်တင်းတင်းကြပ်ကြပ်ထကြွမှုများကို ဖိနှိပ်ပစ်ရမည်ဟု သူတို့သည်ယူဆ လျက်ရှိကြသည်။ ကွန်မြူနစ်ပုန်ကန်မှုများကို အစိုးရသည် ယခုထက်ပို၍ပြတ်ပြတ် သားသားနှိမ်နင်းမည်ဆိုပါက တောင်တန်းသားများသည် အစိုးရကို ယခုထက်ပို၍ ကိုယ်ဖိရင်ဖိထောက်ခံ လာကြပေလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆသည်။

၁၂-၈-၄၈။ ဒေလီဒစ်စ်ပက်ချ် (လန်ဒန်)

မြန်မာနိုင်ငံတွင်ကြီးကျယ်သော ပြည်တွင်းစစ်ဖြစ်လျက်ရှိသည်မှာ ယုံမှားစရာ

မရှိတော့ပေ။ ဖ ဆ ပ လ အစိုးရ၏ တပ်မတော်မှ အလွန်များပြားသော လက်နက်ကိုင်တပ်သားများသည် အစိုးရကို သစ္စာဖောက်လျက် သူပုန်များနှင့် ပူးပေါင်းလိုက်ကြပေသည်။ သူပုန်များနှင့်ပူးပေါင်းကြသူများအနက် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးလည်း ပါဝင်ပေသည်။ ရန်ကုန်မြို့၏ အခြေအနေသည် ပင်လျှင် အလွန်ချောက်ချားလျက် ရှိပေသည်။ ရဲဌာနများရှေ့တွင် လမ်းများကို ပိတ်ဆို့ထားမြဲညအချိန်တွင် လက်နက်ကိုင်အစိုးရတပ်များသည် တမြို့လုံးကို တင်းတင်းကြပ်ကြပ်စောင့်ရှောက်လျက်ရှိကြ၏။ တောတွင်းကွန်မြူနစ်များကလည်း သူတို့၏အောင်ပွဲကြီးနီးကပ်လာပြီဟု ကြွေးကြော်လျက်ရှိကြ၍ တရုပ်ပြည်မှ ကွန်မြူနစ်စစ်တပ်ကြီးများမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့်နေ့ရက်ကို စောင့်မျှော်လျက်ရှိကြသည်။

၄-၂-၄၉။ စပက်တေးတား (လန်ဒန်)

ကရင်လူမျိုးများသည် လက်နက်စွဲကိုင်၍ မြန်မာအစိုးရကို အတည့်အလင်းတော်လှန်ပုန်ကန်ကြလေသည်။ ယခုအခါသူတို့နှင့် အစိုးရတပ်များ ပြင်းထန်သောတိုက်ပွဲများ ဆင်နွှဲလျက်ရှိလေသည်ဟု သတင်းများကဆိုလေသည်။ မြန်မာတနိုင်ငံလုံး၏အခြေအနေသည် ကြောက်ခမန်းလိလိဆိုးရွားလျက်ရှိ၍ ရန်ကုန်မြို့သည်ပင်လျှင် စိတ်မချရသော အခြေအနေသို့ ရောက်ရှိလျက်နေလေသည်။ ဝန်ကြီးချုပ်သခင်နုသည် ကရင်လူမျိုးများအား သီးခြားပြည်နယ်ပေးမည်ဟု ကတိပြုလေသည်။ သို့ရာတွင် ထိုသို့ပေးမည့်သီးခြားပြည်နယ်သည် မည်သည့်အခါတွင်မျှ ပြည်ထောင်စုမှ ခွဲထွက်နိုင်မည်မဟုတ်ကြောင်းကိုလည်း အတည့်အလင်း ကျေညာလေသည်။ ကရင် အမျိုးသားအဖွဲ့ (ကေ အင် ယူ) ခေါင်းဆောင်က လက်နက်ကိုင်တော်လှန်လျက်ရှိသော ကရင်များနှင့် အစိုးရတို့ နားလည်မှုရရှိရန် ကြိုးစားလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံစစ်သေနာပတိဗိုလ်ချုပ် စမစ်ဒွန်းသည် နုတ်ထွက်စာတင်လိုက်လေပြီ။ တော်လှန်ပုန်ကန်လျက်ရှိသော ကွန်မြူနစ်များကလည်း ကရင်မြန်မာ မုန်းတီးရေးကိုလှုံ့ဆော်လျက် သူတို့အတွက်အမြတ်ထုတ်လျက်ရှိကြသည်။ အခြေအနေသည် ယခုကဲ့သို့ဆက်လက်၍ ဆိုးရွားနေပါက မြန်မာနိုင်ငံ၏ စီးပွါးရေးရစရာမရှိအောင် ပျက်စီးနေတော့မည်။ အစိုးရသည်တတ်နိုင်သမျှသော နည်းမျိုးစုံဖြင့် အခြေအနေကို ထိန်းသိမ်းရန် ကြိုးစားလျက် ရှိရှာသည်။ သို့ရာတွင်မြန်မာနိုင်ငံသည် ရင်ဆိုင်လျက်ရှိရသော ဘေးဒုက္ခများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ခဲယဉ်းသည်ဟု ကျွန်ုပ်တို့ယူဆရသည်။

၅-၂-၄၉။ နယူးစတိတ်စ်မင်း အင်နေးရှင်း(လန်ဒန်)

မြန်မာနိုင်ငံအစိုးရသည် ကရင်အမျိုးသားတို့၏လိုလားချက်များကိုတတ်နိုင်သမျှ လိုက်လျောရန်ဆန္ဒရှိသည်မှာထင်ရှားသည်။ ကရင်များအတွက်ညှာတာထောက်ထားလွန်းသဖြင့် အခြားလူနည်းစုများဖြစ်ကြသော ကချင်နှင့်ချင်းများကပင်လျှင် အစိုးရ၏မျက်နှာလိုက်မှုကို မကျေမနပ်ရှိကြသည်။ ထိုကဲ့သို့ အစိုးရကအလွန်အမင်းလိုက်လျောခဲ့သော်လည်း ကရင်အမျိုးသားများသည် ဆက်လက်၍ ခေါင်းမာနေသဖြင့် သူတို့အပေါ်တွင် တင်းတင်းကြပ်ကြပ်အရေးယူရန် အစိုးရက ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။ ယခုအခါ ကရင်များ၏ လက်နက်ကိုင်ပုန်ကန်မှုသည် မြစ်ဝကျွန်းပေါ်တလျှောက်လုံးပင် တုန်လှုပ်ချောက်ချားလျက်ရှိ၏။ သူတို့သည် စည်းစနစ်ကျနစွာဖြင့် ပုန်ကန်မှုအတွက်ကြိုတင်ပြင်ဆင်ထားသည်မှာ ယုံမှားဖွယ်ရာမရှိချေ။ ကေ အင် ယူ ၏ တောင်းဆိုချက်များကို ထောက်၍ သူတို့သည် ကွန်မြူနစ်များနှင့် နားလည်မှုရှိသည်မှာ ထင်ရှားသည်။ အစိုးရက ဖွဲ့စည်းထားသော ကရင်ပြည်နယ်သတ်မှတ်ရေးကော်မရှင်သည် မိမိတို့၏လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်ပင် ကရင်များသည် ထိန်းမနိုင်သိမ်းမရသောအခြေသို့ရောက်ရှိလာလေသည်။ ဝန်ကြီးချုပ်သခင်နုသည် ကရင်များအတွက် သီးခြားပြည်နယ်ပေးရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း။ သို့ရာတွင် ထိုကရင်ပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ရန် ခွင့်ပြုမည်မဟုတ်ကြောင်းကို အင်္ဂါနေ့က အတည့်အလင်း ထုတ်ဖော်ပြောဆိုပြီးဖြစ်၏။ ကရင်များသည် အစိုးရနှင့် နားလည်မှုရရှိကြစေလိုကြောင်း ရေးသားလိုက်ရပေသတည်း။

၆-၂-၄၉။ ဆန်းဒေးတိုင်းမ်စ် (လန်ဒန်)

မြန်မာနိုင်ငံတွင် ကရင်လူမျိုးများပုန်ကန်ထကြွသဖြင့် အခြေအနေမှာ အထူးဆိုးရွားလျက်လာလေသည်။ တနိုင်ငံလုံးရှိ လမ်းပန်းဆက်သွယ်ရေးမှာလည်း ပိတ်ဆို့ရလာလေသည်။ ရန်ကုန်မြို့သည်လည်း ပြင်ပနှင့်လုံးဝအဆက်အသွယ် မရှိဘဲရှိလာလေသည်။ အခြေအနေမှာလည်း ကြောက်ခမန်းလိလိဖြစ်လာလေသည်။ အစိုးရ၏ စီးပွါးရေး အခြေအနေမှာလည်း ဖရိုဖရဲပြိုကျတော့မည်မှာသေချာသည်။ စိတ်မချမ်းသာစရာ ကောင်းသောအဖြစ်အပျက်တရပ်မှာ နေရာအနှံ့အပြားတွင် ကွန်မြူနစ်များသည် ကရင်များနှင့်ပူးပေါင်းလျက်ရှိကြလေသည်။

၆-၂-၄၉။ ဆန်းဒေးအော့ဗ်ဆားဗား (လန်ဒန်)

ထိုသတင်းစာတွင် အိုင်အင်ဂရိမ်းဆိုသူက ဆောင်းပါးတစောင် ရေးသားရာ တွင်မြန်မာနိုင်ငံသည် မျှော်လင့်စရာမရှိတော့ကြောင်း၊ ကရင်လူမျိုးတသန်းခွဲသည် ပုန်ကန်ထကြွလျက်ရှိရာ ထိုနိုင်ငံ၏အနာဂတ်အရေးမှာ မတွေးဝံ့လောက်အောင်ပင် ရှိကြောင်းရေးသားထားလေသည်။

၇-၂-၄၉။ ဒေလီတယ်လီဂရက်ချ် (လန်ဒန်)

ထိုသတင်းစာတွင် (ဆုတ်ယုတ်နေသောမြန်မာပြည်)ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစောင်ပါရှိ၏။ ထိုဆောင်းပါးတွင် မြန်မာနိုင်ငံသည် ဓနသဟာယအဖွဲ့ စုမှခွဲထွက်လာသည်မှာ တနှစ်ကျော်ပေပြီ။ နေရာအနှံ့အပြားတွင် ကွန်မျူနစ် များက စိုးမိုးအုပ်ချုပ်၍ စစ်တပ်က တော်လှန်ခြင်း၊ ကရင်များက ပုန်ကန်ခြင်း စသည်တို့ကြောင့် ရန်ကုန်မြို့နှင့် ၁၀ မိုင်ကွာသော နေရာ၌ပင် အစိုးရတပ်များသည် သူပုန်များနှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိလေသည်။ သခင်နုအစိုးရသည် ယခုအခါ သနားစရာကောင်းသော အခြေအနေသို့ရောက်ရှိနေ၏။ တပြည်လုံးသည် မင်းမဲ့ တိုင်းပြည်သဖွယ် လျောကျလျက်ရှိ၍ လူအသေအပျောက်၊ စီးပွါးရေး ကျဆင်းမှု စသည်မှာလည်း ကြောက်ခမန်းလိလိ ဖြစ်လေသည်။ အချို့သောနေရာများတွင် ကရင်များသည် ကွန်မျူနစ်များနှင့် ပူးပေါင်း၍ အစိုးရကိုပုန်ကန်လျက်ရှိကြသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အစိုးရ၏ရှေ့လောကြီးမှုနှင့်စိတ်ကူးယဉ်လုပ်ငန်းများကြောင့် ဖြစ်လေသည်။ ရန်ကုန်အစိုးရက အကူအညီ တောင်းဆိုလာစေကာမူ ဗြိတိသျှ လူမျိုးတို့သည် သူတို့အား ကူညီနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား သစ္စာစောင့်သိ ရှိသေခဲ့သော ကရင်များအတွက် အလွန်ပင် မေတ္တာထားရှိသော် လည်း သူတို့ကိုလည်း အကူအညီပေး၍ မသင့်တော်ပေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအစိုးရနှင့်လည်း အဆက်အသွယ်ကောင်းမွန်လျက်ရှိသော ကြောင့်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် သဘောထားကြီးစွာ ကြားနေရန်သာ သင့်တော်မည်ဖြစ်ကြောင်း ဟူ၍ ထိုကွန်ဆာဗေးတစ်သတင်းစာက ရေးသားထား လေသည်။

၈-၂-၄၉။ တိုင်းမ်စ်သတင်းစာ (လန်ဒန်)

မြန်မာနိုင်ငံတွင် တိုက်ပွဲကြီးများ အနှံ့အပြား ဖြစ်ပွါးလျက်ရှိသည်။ ဖ ဆ ပ

လ အစိုးရသည် သောင်းကျန်းသူအားလုံးကို မခွဲခြားဘဲ တတန်းတစားတည်း သ ဘောထား၍ ပြုမူနေသည်မှာ လိမ်မာသော အပြုအမူ ဖြစ်ပါလေစဟု ကျွန်ုပ်တို့ သံသယရှိမိ၏။ ကရင်အမျိုးသားများအား အနည်းငယ် လိုက်လျောခဲ့လျှင် သူတို့ သည် ကွန်မျူနစ်များနှင့် ပူးပေါင်းမည်မဟုတ်ပေ။ ရှေးအခါက ကရင်အမျိုးသား များသည် လက်နက်ကိုင်တပ်များတွင် အချိုးအစား အများဆုံး ပါဝင်ခဲ့သော်လည်း ဖ ဆ ပ လ အစိုးရသည် ရုတ်တရက်ချက်ခြင်း မြန်မာအမျိုးသားများကို အများ အပြား လက်နက်တပ်ဆင်၍ တပ်မတော်သို့ ထည့်သွင်းလိုက်သည့်အတွက် ကရင် များက မကျေမနပ်ဘဲ ယခုကဲ့သို့ လက်နက်ကိုင် တိုက်ခဲ့ရခြင်းဖြစ်ကြောင်း။

၁၀-၂-၄၉။ ဖိုင်နင်းရှယ်(လ်)တိုင်းမ်စ် (လန်ဒန်)

အထက်ပါသတင်းစာတွင် ဗရုတ်သုကဲ့ မြန်မာပြည် ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတစောင် ပါရှိ၏။ ထိုဆောင်းပါးတွင် မြန်မာနိုင်ငံသည် လွတ်လပ် ရေး အတွက် အဆင်သင့် မဖြစ်သေးကြောင်းကို စဉ်းစားဉာဏ်ရှိသော မြန်မာများ က ကောင်းစွာ သဘောပေါက်ကြသည် ဟူ၍ ရေးသားထားသည်။ ထို့နောက် ဆက်လက်၍ ရေးသားသည်မှာ ထိုကဲ့သို့ အမြော်အမြင်ရှိသော မြန်မာများသည် သူတို့၏ တိုင်းပြည်ကို ဗြိတိသျှဓနသဟာယထဲသို့ ပြန်လည် ဝင်ရောက်စေလို ကြ ကြောင်း။

၁၁-၂-၄၉။ စပက်တေးတား (လန်ဒန်)

ထိုဂျာနယ်တွင် ဆောင်းပါးရှင်တဦးက (ကရင်များ၏ ကံကြမ္မာ) ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားထားလေသည်။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးမီကရင်ပြဿနာကို တိတိကျကျဖြေရှင်းမပေး ခဲ့သည်မှာ မဟာအမှားတော်ပုံကြီးဖြစ်သည်။ ကရင်များသည် ထိုကဲ့သို့ တန်းလန်း ဖြစ်နေသော မိမိတို့၏ပြဿနာကိုလက်နက်စွဲကိုင်လျက်ဖြေရှင်းနေကြသည်။မြန်မာ အစိုးရ၏ အခြေအနေမှာလည်း မျှော်လင့်စရာမရှိပေ။ ပြိုကျပျက်စီးတော့မည်မှာ အချိန်အနည်းငယ်မျှသာလိုတော့သည်။ မာနရှိသော မြန်မာအစိုးရသည် ဗြိတိသျှ အစိုးရထံမှ အကူအညီကို မတောင်းသေးသော်လည်း မကြာမီမာနကို ဘေးချိတ် ထားပြီးတောင်းတော့မည်ဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်တို့အား သစ္စာစောင့်သိ ရှိသေလျက်ရှိသော ကရင်အမျိုးသားများအား နစ်နာစေမည့်လုပ်ငန်းမျိုးကို ဗြိတိ သျှအစိုးရသည် မည်သည့်နည်းနှင့်မျှ မလုပ်သင့်ပေ။ ဖ ဆ ပ လ အစိုးရကို အကူ

အညီပေးလိုက်လျှင် ကျွန်ုပ်တို့၏မိတ်ဆွေ ကရင်အမျိုးသားများကို ဖိနှိပ်ရာရောက်မည်။ ကျွန်ုပ်တို့၏လက်နက်များကို ကရင်များဖက်သို့ မလှဲ့ပါစေနှင့်၊ ကရင်အမျိုးသားတို့သည် သူတို့၏ ဆရာဟောင်းများဖြစ်ကြသော ဗြိတိသျှလူမျိုးများက သူတို့အား သစ္စာဖောက်လိမ့်မည်မဟုတ်ဟု တထစ်ချယုံကြည်လျက်ရှိကြသည်။ (ထိုဆောင်းပါးရေးသူမှာ အော်ဗရေးဗတ်က်စ်တွန်ဆိုသူဖြစ်၏။)

၁၁-၂-၄၉။ ဒေလီတယ်လီဂရတ်ဖ် (လန်ဒန်)

ထိုသတင်းစာ၏ ကာလကတ္တားသတင်းထောက်က အောက်ပါအတိုင်း ရေးသားထားလေသည်။ မြန်မာအစိုးရသည် ရန်ကုန်မြို့တွင် ကြေးနန်းသတင်းများကို စစ်ဆေးဖြတ်တောက်လျက်ရှိသည်ဟုသိရှိရ၏။ အစိုးရပြောရေးဆိုခွင့်ရှိသူတဦးက မူကား ထိုကဲ့သို့စစ်ဆေးခြင်းမရှိပါဟု ငြင်းဆိုလေသည်။ ရန်ကုန်တွင် အစားအသောက်များ တဟုန်တည်းဈေးတက်လာ၍ရေပိုက်ကိုလည်း သူပုန်များကဖျက်ဆီးလိုက်သဖြင့် ဆိုးရွားသောရေပြဿနာလည်း ပေါ်ပေါက်လာလေသည်။ ကူးစက်တတ်သောရောဂါများဖြစ်ပွါးတော့မည်မှာသေချာသည်။

၅-၂-၄၉။ နယူးစတိတ်စ်မင်အင်နေးရှင်း (လန်ဒန်)

မြန်မာအစိုးရသည်ကရင်အမျိုးသားများအား အထူးသက်ညှာစွာလိုက်လျောသော်လည်း ကရင်များသည် လက်နက်စွဲကိုင်ပုန်ကန်လျက်ရှိကြသည်။ အစိုးရအဖွဲ့တွင် ကရင်အမျိုးသား ဝန်ကြီးနှစ်ဦးပါဝင်၍ ရာထူးကြီး အများအပြားတွင်လည်း ကရင်အမျိုးသားများကို ခန့်ထားခဲ့လေသည်။ ထိုကဲ့သို့အစိုးရသည် သဘောထားကြီးကြောင်းပြသသော်လည်း ကရင်များသည် အကြောင်းမလုံလောက်ဘဲ ပုန်ကန်ထကြွလျက်နေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်၏။

၁၂-၂-၄၉ ရက်နေ့ထုတ် အထက်ပါဂျာနယ်တွင်လည်း လေဗာပါတီဝင် ပါလီမန်အမတ်မစ္စတာဝုဒရော့ဝိုင်ယက်ကလည်း အထက်ပါအတိုင်းပင် ကရင်လူမျိုးများ၏ ပုန်ကန်ထကြွမှုကိုပြစ်တင်ဝေဖန်ထားသည်ကိုတွေ့ရ၏။ ထိုဆောင်းပါး၌ပင် ကရင်အမျိုးသားများကိုနောက်မှနေ၍ လှုံ့ဆော်နေသူများမှာ ကင့်ဖဲလ်နှင့်တူးလောက်တို့ဖြစ်ကြကြောင်း အတည့်အလင်း ဖော်ပြထားပေသည်။

၁၁-၂-၄၉။ ဒေလီမီရာသတင်းစာ (လန်ဒန်မြို့)

ဒုက္ခဝိုင်းနေသော မြန်မာအစိုးရကို ကူညီရမည်ဖြစ်ကြောင်း။ အကူအညီဆို

သည်မှာ ငွေသာမက လက်နက်ခဲယမ်းမီးကျောက်များလည်း ပါဝင်ကြောင်း။ ဗြိတိန်ကမြန်မာအစိုးရကို ယခုအခါ အချိန်မှီကူညီပါမှ ထိုနိုင်ငံတွင် ဒီမိုကရေစီတည်တံ့မည်ဖြစ်ကြောင်း စသည်ဖြင့် ထိုလေဗာပါတီ သတင်းစာက ရေးသားဖော်ပြလေသည်။

၆-၃-၄၉။ မာလာရာထရီဗြူးန် (ပီနံမြို့)

မြန်မာနိုင်ငံမှထွက်ခွါလာသော ဥရောပတိုက်သားတယောက်၏ ပြောပြချက်အရ ကရင်များသည် အလွန်အတိုက်အခိုက် ကောင်းသော လူမျိုးများဖြစ်ကြကြောင်း။ သူ၏ယူဆချက်မှာ ကရင်များသည် အောင်ပွဲရမည်မှာသေချာကြောင်း။ တိုက်ပွဲများမှာ အလွန်ပြင်းထန်၍ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များ အများအပြားသေကြေပျက်စီးကြကြောင်း။ ကရင်များသည် စစ်တိုက်ရာတွင် ကျွမ်းကျင်ကြသော်လည်း အုပ်ချုပ်ရာတွင်ညံ့ဖျင်းကြောင်း။ မြန်မာများမှာမူကား ဂျပန်များနှင့်တဖုံတည်းဖြစ်၏။ သူတို့သည် ရက်စက်ကြမ်းကြုတ်၍ လူ့အသက်ကို ပရွက်ဆိတ်ပမာ သဘောထားကြကြောင်း။ ယခုအခါများစွာသော မြန်မာတို့သည် ဗြိတိသျှ ဓနသဟာယအုပ်စုသို့ ပြန်လည်ဝင်ရောက်လိုကြောင်း ထိုသူက ပြောပြသည်ဟုဖော်ပြထားလေသည်။ အထက်ပါသတင်းစာကပင် ဆက်လက်၍ ရေးသားထားသည်မှာ သူပုန်များသည် မြန်မာပြည်တဝှန်းလုံးကို ကောင်းစွာသိမ်းပိုက်ထားနိုင်ပြီဖြစ်၍ ရန်ကုန်မြို့ကိုပင် ဝိုင်းရံထားပြီဖြစ်ကြောင်း။ ရန်ကုန်မြို့ ကျဆုံးရန်မှာလည်း ရက်ပိုင်းလောက်သာလိုတော့ကြောင်း၊ ရန်ကုန်အစိုးရအုပ်ချုပ်သောနယ်မှာ ထိုမြို့၏ အပြင်ဖက် ၁၀ မိုင်ပတ်လည်လောက်သာ ရှိကြောင်းဖော်ပြပါရှိလေသည်။

၂၀-၃-၄၉။ ယောက်ရှာရာပို့စ်သတင်းစာ

အထက်ပါ ကွန်ဆာဗေးတစ် ပါတီသတင်းစာမှ အောက်ပါအတိုင်း ရေးသားထား၏။ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအား ငွေကြေးအကူအညီပေးမည်ဆိုသည်မှာ သဲထဲရေသွန်သကဲ့သို့ အလဟဿဖြစ်မည်မှာသေချာသည်။ မြန်မာအစိုးရကမိမိတို့၏ ဆန်စပါးတင်ပို့ရေးနှင့်စပ်လျဥ်း၍ အားရစရာကျေညာချက်များကို ထုတ်ပြန်ကြသော်လည်း သူတို့၏လျှောကျလျက်ရှိသော စီးပွါးရေးအခြေအနေကို ဆယ်မိရန် ခဲယဥ်းသည်။ သူတို့အုပ်ချုပ်သော နယ်ပယ်မှာလည်း မြို့ကြီး နှစ်မြို့သုံးမြို့လောက်သာရှိတော့သည်။ အရေးအကြီးဆုံးသောပြဿနာမှာ ကရင်လူမျိုးများ၏

ပုန်ကန်ထကြွမှုပင်ဖြစ်သည်။ သူတို့ပုန်ကန်ထကြွခြင်းမှာ သူတို့အလိုရှိသော သီးခြား ပြည်နယ်အတွက်စိတ်မချသောကြောင့်ဖြစ်ပေသည်။ဖ ဆ ပ လ အစိုးရသည် ကရင် လူမျိုးများနှင့် စေ့စပ်၍ အခြေအနေကို ကောင်းမွန်လာအောင် ပြန်လည်ဖန်တီး နိုင်လေသည်။ သို့ရာတွင်ရန်ကုန်မြို့၌ နိုင်ငံရေး အကြံ ဉာဏ် ခေါင်းပါးနေပုံရသည်။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို လွယ်လင့်တကူ လွတ်လပ်ရေးပေးလိုက်ပြီး နောက် ထိုနိုင်ငံ၏ငြိမ်းချမ်းသာယာမှုအတွက် အထိုက်အလျောက်တာဝန်ရှိသည်ကို သတိပြုရပေမည်။ သို့ရာတွင်ရန်ကုန်အစိုးရက မကြာခဏထုတ်ပြန်ကျေညာခဲ့သည့် အတိုင်း ကရင်များသည် ကွန်မြူနစ်များနှင့် ပူးပေါင်းနေသည်ဆိုသော အချက် မှာယုတ္တိမရှိပေ။

မတ်လ ၁၉၄၉ ခု၊ ဟောလ်ဒိုင်ချက်

အထက်ပါလစဉ်ထုတ်မဂ္ဂဇင်းတွင် ဆာအက်ဖ်ဝဆင်ဆိုသူက ကရင်လူမျိုးများအ ကြောင်းကို ချီးကျူးသော ဆောင်းပါးရှည်ကြီးတခု ထည့်သွင်းဖော်ပြထားသည်။ ထိုဆောင်းပါး၏သဘောမှာ ကရင်လူမျိုးများသည် ရိုးသားကြ၍ စည်းကမ်းသေ ဝပ်ကြောင်း။ သို့ရာတွင်အခြေအနေက ဖန်တီးလာသည့်အတိုင်း သူတို့သည်ပုန်ကန် ထကြွနေကြကြောင်း။သူတို့၏အကူအညီမပါဘဲ မြန်မာအစိုးရသည် အေးချမ်းမှုကို ဖန်တီးနိုင်မည်မဟုတ်ကြောင်း။ ထို့ကြောင့် ဖ ဆ ပ လ အစိုးရသည် ကရင်များ နှင့်နားလည်မှုယူ၍ ပူးပေါင်းပြီးလျှင် ကွန်မြူနစ်အန္တရာယ်ကို နှိမ်နင်းရမည် ဖြစ် ကြောင်း အကျယ်တဝင့်ရေးသားထားလေသည်။

၄-၄-၄၉။ တိုင်းမဂ္ဂဇင်း (နယူးရောက်)

ထိုမဂ္ဂဇင်းတွင် ကရင်လူမျိုးများအကြောင်း ကို အကျယ်တဝင့် ရေးသားဖော် ပြ၍ စောဘဦးကြီးခေါင်းဆောင်သော ကရင်တော်လှန်မှုသည် အောင်မြင်လျက် ရှိကြောင်းကို ဖော်ပြထားလေသည်။ ကရင်အမျိုးသားများသည် အများအပြား ခရစ်ယန်ဘာသာကို ကူးပြောင်းလာကြသဖြင့် မြန်မာများက မည်ကဲ့သို့ မုန်းထား ကြကြောင်းကိုလည်း ထည့်သွင်းဖော်ပြထား၏။

၁၈-၅-၄၉။ တိုင်းမ်စ်သတင်းစာ (လန်ဒန်)

မြန်မာအစိုးရကို ကူညီရန်အတွက် နယူးဒေလီမြို့၌ ဗြိတိသျှ၊ အိန္ဒိယ၊ ပါကစ္စတန် နှင့် သီဟိုဠ်နိုင်ငံသံအမတ်ကြီးများသည် စည်းဝေးတိုင်ပင်လျက်ရှိကြရာ ထိုသတင်း

သည် မြန်မာနိုင်ငံရှိသူပုန်များအား ကွဲပြားစေလိမ့်မည်ဟုကျွန်ုပ်တို့ယူဆ၏။အစိုးရ သည် အလံနီ၊ အလံဖြူ၊ ကွန်မြူနစ်များနှင့် စေ့စပ်ရန်လမ်းမရှိတော့ချေ။ ရဲဘော် ဖြူများကမူကား အလင်းသို့ပြန်၍ဝင်ကောင်း ဝင်လာပေလိမ့်မည်။ရဲဘော်ဖြူခေါင်း ဆောင်ဗိုလ်ဖိုးကွန်းသည် အရေးပေါ် ညီလာခံတရပ်ကို ခေါ်ဆို၍ အလင်းသို့ဝင် ရေးကိစ္စကို ဆွေးနွေးမည်ဟု သိရလေသည်။ ကရင်များအတွက်မှာမူကား အစိုးရ က သီးခြားပြည်နယ်ပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်သော်လည်း ကရင်များက သူတို့ အပေါ် တွင် မြန်မာများကနှိပ်စက်မည်ကို စိုးရိမ်လျက်ပင်ရှိနေလေသည်။

ထိုသတင်းစာ၌ပင်လျှင် ကရင်များကို နောက်ကွယ်မှ လှုံ့ဆော်လျက်ရှိသူ ကာနယ်တူးလောက်၏ စာတစောင်ကိုတွေ့ရှိရလေသည်။ ထိုစာကို ၁၉၄၉ ခု မေလ ၈ ရက်နေ့စွဲဖြင့် ရေးသားထား၍ အကြောင်းအရာအတိုချုပ်မှာ အောက်ပါ အတိုင်းဖြစ်၏။

နေသဟာယ ပန်ကြီးချုပ်များ၏ မြန်မာနိုင်ငံကို အကူအညီပေးရန် ဆုံးဖြတ် လိုက်ခြင်းမှာ သတင်းကောင်းဖြစ်ပါပေသည်။ သို့ရာတွင်မြန်မာအစိုးရ၏ ဝါဒဖြန့် ချက်ကြောင့် ဗြိတိန်နိုင်ငံတွင် ယောင်ဝါးဝါးဖြစ်နေကြသော ပုဂ္ဂိုလ်များအတွက် အချက်အလက်အချို့ကို တင်ပြလိုပါသည်။မြန်မာနိုင်ငံတွင်အစိုးရက တင်းကြပ်စွာ ထိန်းထားသော ကြိုတင်ဖြတ်တောက်ရေးကြောင့် သတင်းမှန်များသည် ပြင်ပသို့ မရောက်လာနိုင်ခဲ့ပါ။ သတင်းများအား ချုပ်ချယ်မှုတွင် မြန်မာနိုင်ငံသည် သံကွန် များ နောက်ပိုင်းရှိ ကွန်မြူနစ်နိုင်ငံများနည်းတူ အလွန်ဆိုးရွားပါသည်။ မြန်မာ နိုင်ငံမှ ပြင်ပသို့ ထွက်မလာနိုင်သော အောက်ပါသတင်းအချို့ကို အောက်တွင်ဖော် ပြလိုက်ပါသည်။

(၁) လက်ရှိမြန်မာအစိုးရသည် အစိုးရဟူသော နာမည်မျှသာ ရှိပါသည်။ သူ၏သြဇာသည် ရန်ကုန်မျူနီစီပယ် နယ်နိမိတ်အတွင်း၌ပင်လျှင် ပျံ့ နှံ့ခြင်းမရှိပါ။ ရန်ကုန်တဖက်ကမ်း ဒလမြို့ကို ရဲဘော်ဖြူများကအုပ်စိုး ထားပါသည်။

(၂) ပဲခူး၊ ပြည်နှင့်ပခုက္ကူအထိ မြန်မာပြည်အလယ်ပိုင်းကို ရဲဘော်ဖြူများနှင့် ကွန်မြူနစ်များက အခိုင်အခံ့ အုပ်ချုပ်လျက်ရှိပါသည်။

(၃) ရှမ်း၊ ချင်း၊ ကချင် နှင့်ရခိုင်များသည် သီးခြားပုန်ကန် ထကြွခြင်းမရှိ သော်လည်း သူတို့၏ဒေသများတွင် ရန်ကုန်နှင့် ကင်းကွာ၍ သီးခြား အုပ်ချုပ်လျက်ရှိပါသည်။

(၄) ကျန်သောဒေသအားလုံးကို ကရင်များက ထိထိရောက်ရောက် အုပ်ချုပ်

လျက်ရှိပါသည်။ သထုံမြို့မှနေ၍ သူတို့သည် နေ့စဉ်အသံလွှင့်ကြေညာလျက်ရှိပါသည်။ အထက်ပါအကြောင်းများကို ထောက်၍ ကျွန်ုပ်တို့က ပေးမည်ဟု ဆုံးဖြတ်ထားသော အကူအညီသည် နာမည်မျှသာရှိသော အစိုးရကိုသာ သတ်သတ်ပေးသင့်ပါသလော။ သို့မဟုတ် ကရင်များက အကြံပေးသကဲ့သို့ သူတို့နှင့်အစိုးရတို့ မျက်နှာစုံညီ စည်းဝေးပြီးနောက် နားလည်မှု ရရှိမှသာလျှင် ကျွန်ုပ်တို့၏ အကူအညီကို ပေးသင့်ပါသလော။ ကျွန်ုပ်တို့၏ယူဆချက်မှာ ကရင်များနှင့် တကွ အခြားလူနည်းစုများအားလုံးနှင့် အစိုးရတို့သည် စေ့စပ်ဆွေးနွေးပြီးနောက် သဘောတူညီချက်ရရှိမှသာလျှင် ကျွန်ုပ်တို့ အခွန်ထမ်းများ၏ ချွေးနှီးစာဖြစ်သော အကူအညီကို မြန်မာနိုင်ငံသို့ပေးသင့်ပါသည်။

ဤကား ၁၉၄၈ - ၄၉ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း၌ဖြစ်ပေါ် လျက်ရှိသော အခြေအနေနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံထုတ်စာ နယ် ဇင်း များ၏ အာဘော်ကို ကောက်နုတ်ဖော်ပြလိုက်ခြင်းဖြစ်လေသည်။

ထိုကာလအတောအတွင်း၌ ဆိုဗီယက်ရုရှားနိုင်ငံနှင့် တရုပ်ပြည်သူ့ သမ္မတနိုင်ငံတို့ရှိ စာ နယ် ဇင်း များနှင့်အသံလွှင့်ဌာနများကလည်း တခါတရံမြန်မာပြည်တွင်း အခြေအနေနှင့်စပ်လျဉ်း၍ ဝေဖန်ချက်များပြုလုပ်သည်ကို တွေ့ရ၏။ ထိုဝေဖန်ချက်များမှာ ၁၉၄၈-၄၉-၅၀-၅၁ ခုနှစ်များတွင် တော်လှန်ပုန်ကန်လျက်ရှိကြသော ကွန်မြူနစ်တို့၏လုပ်ငန်းများကို အသားပေး၍ ဖ ဆ ပ လ အစိုးရအဖွဲ့ကို ပြစ်တင်ဝေဖန်ချက်များသာ ဖြစ်လေသည်။ သို့ရာတွင် ၁၉၅၂ ခုနှစ်မှစ၍ ပီကင်းရေဒီယိုမှ ဝေဖန်ချက်များ အသံလွှင့်သည်ကို မတွေ့ရတော့ပေ။ မော်စကို ရေဒီယိုကမူကား ကွန်မြူနစ်များအား ချီးကျူးသော အသံလွှင့်ကြေညာချက်ကို ၁၉၅၂ ခုမတ်လ ၁၄ ရက်နေ့ည ၈ နာရီခွဲအချိန်တွင် အောက်ပါအတိုင်း အသံလွှင့်ကြေညာသည်ကို ကြားရ၏။ ထိုကြေညာချက်မှာ ထိုအသံလွှင့်ဌာနမှ မြန်မာပြည်တွင်းရေးနှင့်စပ်လျဉ်း၍ နောက်ဆုံး အသံလွှင့်ချက်ဖြစ်၍ မြင်းခြံမြို့ကို ကွန်မြူနစ်များ တိုက်ခိုက်သည့်သတင်း ဝေဖန်ချက်ဖြစ်လေသည်။

"ရန်ကုန် အစိုးရတပ်များနှင့် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်တို့သည် မန္တလေးမြို့အနီးရှိ မြန်မာပြည်မြောက်ပိုင်းတနေရာတွင် တွေ့ဆုံ တိုက်ခိုက်ကြလေသည်။ အစိုးရတပ်များသည် အကြီးအကျယ်ကျဆုံး၍ ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်သည် လက်နက် ခဲယမ်းမီးကျောက် အမြောက်အမြားကို ဖမ်းဆီးရမိကြောင်း"။

ထို့နောက် မြန်မာပြည်တွင်းအခြေအနေနှင့်စပ်လျဉ်း၍မော်စကိုရေဒီယိုမှရင်း၊ ပီကင်းရေဒီယိုမှရင်း အသံလွှင့်ကြေညာခြင်း ဝေဖန်ခြင်းများပြုသည်ကို မကြားရတော့ပေ။

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ

၁၉၄၈ ခုနှစ်နှင့် ၁၉၄၉ ခုနှစ်အတွင်းတွင် ဖြစ်ပွါးပေါ်ပေါက်ခဲ့သော ပြည်တွင်းအခြေအနေများကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်လေပြီ။ ရောင်စုံသောင်းကျန်းသူတို့သည် ထိုအချိန်အတွင်း၌မြို့ရွာများကိုအနှံ့ အပြားသိမ်းဆည်းနိုင်ခဲ့လေသည်။ အမှန်စင်စစ်မှာ သူတို့၏အင်အား အလွန်အမင် တောင့်တင်း၍ ထိုကဲ့သို့သိမ်းဆည်းနိုင်ခြင်းမဟုတ်ပေ။ ပြည်သူလူထုနှင့်တကွ ရဲအဖွဲ့အစရှိသော အစိုးရလက်နက်ကိုင်တပ်သားများသည် များစွာသောနေရာတို့တွင် စိတ်ဓာတ်ပျက်ပြားသဖြင့်အင်အားတောင့်တင်းခြင်းမရှိသော သူပုန်များ လာရောက် တိုက်ခိုက်သည့်အခါ ခုခံကာကွယ်ခြင်းမရှိဘဲ အလွယ်တကူအညံ့ခံလိုက်ခြင်းကြောင့် ထိုကဲ့သို့ မြို့ရွာအများအပြားသူပုန်တို့၏ လက်တွင်းသို့ ကျရောက်ရခြင်းဖြစ်ပေသည်။ ထိုစဉ်အခါကသာ အစိုးရနှင့် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေကြသော မြို့စောင့်၊ ရွာစောင့်တပ်ဖွဲ့များနှင့် ပြည်သူလူထုကပါ စိတ်ဓာတ် ကြံ့ခိုင်စွာ ဇွဲကောင်းကောင်းနှင့် ဆောင်ရွက်ကြပါမူ ထိုကဲ့သို့မြို့ရွာအများအပြား သူပုန်တို့၏ လက်တွင်းကို ကျဆင်းနိုင်မည်မဟုတ်ပေ။

သောင်းကျန်းသူတို့၏ ကံဇာတာ အတက်ဆုံးဖြစ်သော ၁၉၄၉ ခုနှစ်စတွင် နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုနှင့် ဝန်ကြီးများသည် မြန်မာနိုင်ငံအနှံ့ အပြားသို့ ခရီးလှည့်လည်၍ အစိုးရလက်နက်ကိုင် တပ်များ၏စိတ်ဓာတ်၊ ပြည်သူလူထု၏စိတ်ဓာတ်မြှင့်တင်ရေးအတွက် မနေမနားကြိုးပမ်းခဲ့ကြသည်။ ထိုနှစ်မတ်လအတွင်း၌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အထက်မြန်မာနိုင်ငံသို့ ခရီးထွက်ပြီးနောက် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာလေသည်။ ထိုနေ့ည၌ပင် ဝန်ကြီးချုပ်သည် မိမိကြုံတွေ့ခဲ့ရသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်အသံလွှင့်ဌာနမှနေ၍ ပြည်သူလူထုသို့ အသံလွှင့်မိန့်ကြားခဲ့၏။ ထိုစဉ်ကဖြစ်ပေါ်နေသည့် အခြေအနေကို ကောင်းစွာ ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဝန်ကြီးချုပ်၏ အသံလွှင့်မိန့်ခွန်း ကောက်နုတ်ချက်ကို အောက်တွင် ပြန်လည်ဖော်ပြလိုက်ရပေသည်။

ဝန်ကြီးချုပ်၏အသံလွှင့်မိန့်ခွန်း

“မတ်လ ၁၆ ရက်နေ့က ပြည်ထောင်စုရဲ့မြောက်ပိုင်း ဖက်ဆီကို ကျွန်တော်ခရီးထွက်သွားတယ်။ ရောက်ခဲ့တဲ့အရပ်ဒေသတွေကို အစီအစဉ်အတိုင်းဖော်ပြရယင် ရွှေဘို၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ကသာ၊ ဗန်းမော်၊ လားရှိုးတို့ဖြစ်တယ်။ လားရှိုးမှ တဖန် မတ်လ ၃၀ ရက်နေ့က ရွှေဘိုနဲ့စစ်ကိုင်းကိုပြန်လာတယ်။

ကျွန်တော်ရောက်ခဲ့တဲ့အရပ်တွေမှာ နိုင်ငံရေးအခြေအနေဟာ တင်းပြည့်ကျပ်ပြည့်ကျေနပ်စရာရှိတယ်လို့ တော့မဆိုနိုင်ဘူး။ဒါပေမဲ့ အတော်တော့ အားတက်စရာကောင်းတာကိုတွေ့ရတယ်။ ကျွန်တော် တွေ့ခဲ့ရတဲ့အခြေအနေကို အတိုချုပ်ပြောရယင် အစိုးရဖက်တော်သားတွေထဲက ခုံရဲတဲ့သတ္တိရှိတဲ့လူတွေရဲ့ နေရာမှာ ဒီဖက်ကလူ ၂၀ ဘဲရှိပေစေ။ ဥပဒေကို ချိုးဖောက်ဖျက်ဆီးချင်တဲ့လူနှစ်ရာကျော်ဟာ အနားကိုလဲမကပ်ရဲဘူး။ တုတ်တုတ်မှ်လဲ မလှုပ်ရဲဘူး။ လုံ့ဖျားပဇင်းနား၊ ကျီးကန်းချေးပါတဲ့လူတွေနေတဲ့နေရာတွေမှာ ဒီဖက်ကလူနှစ်ရာ ရှိပေတဲ့ ဥပဒေချိုးဖွဲ့ချင်တဲ့လူတွေ နှစ်ဆယ်လောက်က ဟေးလား ဟားလားနဲ့ ညာသံ ပေးလိုက်ရုံနဲ့ ရှိသမျှအကုန် ထိုးအပ်လိုက်တာဘဲ။

ကျွန်တော် ရွှေဘိုနှင့် စစ်ကိုင်းကိုရောက်သွားတော့ မန္တလေးက ဆုတ်ခဲ့ရတဲ့ လက်နက်ကိုင်တပ်သားတွေနဲ့ ဗိုလ်စိန်မှန်ခေါ်သွားတဲ့ စစ်ရဲတပ်သားတွေပေါင်းပြီး မန္တလေးကို ပြန်သိမ်းဖို့ စီစဉ်နေတာကို တွေ့ရတယ်။ စစ်ဖက်မှာကျွမ်းကျင်တဲ့ လူတွေရဲ့တွက်ကိန်းအရဆိုယင် ကျွန်တော်ရောက်ပြီးနောက်တနေ့မှာဘဲကျွန်တော်တို့ရဲ့ တပ်ပေါင်းစုက မန္တလေးကို ပြန်သိမ်းနိုင်တဲ့အခြေအနေ ရှိနေတာကိုတွေ့ရတယ်။ ဒါပေမဲ့ မန္တလေးကိုပြန်သိမ်းဖို့ထက် အရေးကြီးတဲ့ပြဿနာကြီးတရပ်နဲ့ တပ်ပေါင်းစုက ရင်ဆိုင်တိုးနေတာကို တွေ့ရတယ်။ ဒီပြဿနာကတခြားမဟုတ်ဘူး။ ကျွန်တော်တို့တပ်ပေါင်းစုက မန္တလေးမှာ မပြီးတိုက်နေတုန်း စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ကသာခရိုင်တွေမှာ အလစ်သမားတွေက နောက်ကျောကနေပြီး ဓားနဲ့ထိုးမဲ့ပြဿနာဘဲဖြစ်တယ်။

လွန်ခဲ့တဲ့ လွှတ်တော်ထဲမှာ ဖေဖော်ဝါရီ တရက်နေ့က ကျွန်တော်ပြောခဲ့တဲ့ အချက်တချက်ကို လူထုကြီး ကောင်းကောင်း မှတ်မိပါလိမ့်မယ်ထင်တယ်။ တခြားအချက်တော့မဟုတ်ပါဘူး။ အစိုးရလက်ထဲက အာဏာကို အဓမ္မစံနစ်နဲ့ လုချင်တဲ့လူတွေဟာ တဖွဲ့နဲ့တဖွဲ့ တိုက်ရိုက် အဆက်အသွယ်ရှိတယ်လို့တော့ အသေအချာ မပြောနိုင်ဘူး။ ဒါပေမဲ့တဖွဲ့ကို အစိုးရက တိုက်နေတဲ့အခါမှာ ကျန်တဲ့အဖွဲ့တွေ

က အခွင့်ကောင်းယူပြီး အစိုးရကို နောက်ကျောဓားနဲ့ထိုးတယ်ဆိုတဲ့ အချက်ဘဲ ဖြစ်တယ်။

အဲဒီပြဿနာကြီးနဲ့ ရင်ဆိုင်တွေ့နေရတဲ့အတွက် မန္တလေးမြို့ကို ဗြုန်းကနဲပြန် မသိမ်းနိုင်သေးဘဲ နောက်ပိုင်းအတွက် အစီအစဉ်တွေကိုလုပ်နေရတယ်။

စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနဲ့ကသာခရိုင်အတွက်တော့ အတော်စိတ်ချရတဲ့ အခြေအနေကိုရောက်ပြီ။ စစ်ကိုင်းမှာ စစ်တပ်က ခေတ္တယူထားတဲ့မေဂျာဘကြင်၊ ရွှေဘိုမှာဦးဘသစ်၊ မုံရွာမှာရှားကိုး၊ ကသာမှာ စနေဒင်တို့က ရာဇဝတ်ဝန်တွေအဖြစ်နဲ့ အုပ်ထိန်းနေကြတယ်။ ဒီလူတွေဟာ အစိုးရအလိုတော်ရိတွေလဲမဟုတ်ဘူး။ အစိုးရ လခစားပြီး သူပုန်တွေနဲ့ လက်လှမ်းနေတဲ့ ခွတုတ်သမားတွေလဲမဟုတ်ဘူး။လုံ့ဖျား ပဇင်းနား၊ ကျီးကန်းချေးပါတဲ့ အရာရှိတွေလဲမဟုတ်ဘူး။ ပေးထားတဲ့ တာဝန်ကို ဇွဲ၊ သစ္စာ၊ သတ္တိနဲ့ရှပ်ရှပ်ချွံချွံ ဆောင်ရွက်နေတဲ့ အရာရှိကြီးတွေဘဲဖြစ်ပါတယ်။

ကသာခရိုင်အကြောင်းတော့ နဲနဲကလေးပြောလိုက်ရအုံးမယ်။ ကျွန်တော် မြစ်ကြီးနားကို မတ်လ ၂၁ ရက်နေ့ရောက်သွားတော့ ကသာကအရာရှိကြီးတွေ မြစ်ကြီးနားကို ပြောင်းပြေးလာတယ်ဆိုတဲ့သတင်းကိုကြားရတယ်။ သူတို့ထွက် ပြေးလာတာနဲ့ မြစ်ကြီးနားက ကာနယ်ခွန်နောင် အုပ်ချုပ်တဲ့ ယူ၊ အေ၊ အက်ဖ် ကချင်တပ်က ကသာကိုသွားပြီး အုပ်ချုပ်ထားရတယ်။ ကျွန်တော်လဲ ညတွင်းချင်း ဘဲကသာကိုလိုက်သွားတယ်။ ကသာကို မပြန်ဝံ့တဲ့အရာရှိတွေကိုလဲ ကျွန်တော်နဲ့ အတူတူမလိုက်ခဲ့တဲ့လူတွေကို အကုန်ဖမ်းမယ်ဆိုပြီး ပြန်ခေါ်သွားတယ်။ ကသာ ရောက်တော့ ဒီလောက်တောင် ကြောက်ချီးပါရလောက်အောင် ဘာအခြေအနေ ကိုမျှ မတွေ့ရဘူး။ အစိုးရဖက်က လူသုံးဆယ်လောက် သတ္တိကောင်းကောင်းနဲ့ လိုက်ချယင် ခံနိုင်လောက်တဲ့ အရည်အခြင်းရှိတဲ့ သူပုန်အင်အားကို ကျွန်တော် ရှာမတွေ့ခဲ့ပါဘူး။ လုံ့ဖျား ပဇင်းနားယင် ကျီးကန်းချေးပါသလို ပါတတ်တဲ့အရာရှိ တွေကို ချောက်လှန့်ပြီး လက်နက်သိမ်း ငွေတိုက်ဖောက်တတ်တဲ့ သူပုန်ဘိန်းစား တွေကိုသာ ကျွန်တော်တွေ့ခဲ့တယ်။

အဲဒီတုန်းက ကသာမှာကျန်ရစ်ခဲ့တဲ့အရေးပိုင် ဝစ်လ်ဆ်ရှိုင်းယား၊ ရဲဌာနာအုပ် မောင်မောင်ကြီးဆိုတဲ့ အရာရှိကလေးနဲ့ သူ့လက်အောက် ငယ်သားအချို့တို့ဘဲ ဖြစ်ကြတယ်။ သူတို့ကတော့ ဘယ်ဖက်ကလာလာချမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ကသာ မြို့သူမြို့သားတွေကို စောင့်ရှောက်နေကြတာဘဲ။

ရှေတန်းက ခေါင်းဆောင်ပြီး ကသာမြို့သူမြို့သားတွေကို ကာကွယ်ပေးရမဲ့ ရာဇဝတ်ဝန်နဲ့ရာဇဝတ်ဝန်ထောက်တို့က ငွေတိုက်ကငွေတွေကိုပေးပြီး အယင်ဆုံး

ထွက်ပြေးတာကို စုံစမ်းသိရှိရတာနဲ့ သူတို့ကို ရာထူးကချပြီး ဖမ်းထားပစ်ခဲ့တယ်။ ဗိုလ်ကြီးမှူး ၊ ရဲအင်စပက်တော်ရာထူးကို တိုးပေးခဲ့တယ်။ ဗ္ဗြန္နမပျက် မြို့သူမြို့သားတွေကိုစောင့်ရှောက်နေတဲ့ ရဲဌာနအုပ် မောင်မောင်ကြီး ကိုတော့ ရဲအင်စပက်တော်ရာထူးကို တိုးပေးခဲ့တယ်။

ကသာမှာ ဘာဆို ဘာမှဖြစ်တာမဟုတ်ဘူး။ အရာရှိတွေက ကိုယ့်ဟာကိုယ် ကြောက်ချီးတွေပါပြီး ထွက်ပြေးကြတာ။

ကျွန်တော် ကသာမှာ ရှိနေတုန်း ကသာနဲ့ ၇ မိုင်ကွာ နေရာမှာတခါ၊ ၁၂ မိုင် ကွာ နေရာမှာတခါ သူပုန် သုံးရာကျော်လောက်စီ ချီတက်လာတယ် ဆိုတာ သတင်းရတယ်။ ဒီနှစ်နေရာ စလုံးမှာဘဲ ကျွန်တော်တို့ဖက်က လူသုံးဆယ် လောက်နဲ့ သွားချတာဘဲ။ ၁၂ မိုင်နေရာမှာတော့ ဒီဖက်က လူတွေ ချရအောင် လာကြပြီဆိုတာနဲ့ သူပုန်တွေ ထွက်ပြေးတာဘဲ။ ၇ မိုင်ကွာမှာ ရှိတဲ့ အင်းတော် ရဲဌာနမှာတော့ တိုက်ပွဲဖြစ်တာ သူပုန်တွေဖက်က ၁၅ ယောက်လောက် ကျကျန် ခဲ့ပြီး သူတို့လဲ ဖရိုဖရဲ ထွက်ပြေးကုန်ကြတာဘဲ။

ကသာက ဗန်းမော်၊ ဗန်းမော်က လာရှိုးကို ရောက်သွားတယ်။ လာရှိုးမှာလဲ ကျွန်တော်တို့မရောက်ခင် သုံးလေးရက်လောက်က ငွေတိုက်ကိုလုပြီး မြို့ကိုစီးတဲ့အမှု အခင်းတခုဖြစ်ခဲ့တယ်။ သောင်းကျန်းသူတွေဖက်ကလဲ သိပ်မများပါဘူး။ ခေါင်း ဆောင်တွေကလဲ ခလေးကလေးတွေ။ အဲဒီလိုဖြစ်ပြီး မြို့ကိုအစီးခံရ။ ဘဏ်အစီး ခံရတယ်ဆိုတာ သိပ်နာတာဘဲ။ အစိုးရငွေတိုက်ကို လုနေတုန်းက အဲဒီငွေတိုက်နား မှာ စစ်ရဲတပ်ရဲ့စစ်ဗိုလ်လဲ ရှိတယ်။ ရှမ်းပြည်မြောက်ပိုင်း ရာဇဝတ်ဝန်လဲရှိတယ်။ ဘာဆို ဘာမှမလုပ်ကြဘူး။ အဲဒါနဲ့ ဒီစစ်ဗိုလ်နဲ့ ဒီရာဇဝတ်ဝန်လဲ ရာထူးကချပြီး အမှုဖွင့်ခိုင်းထားခဲ့ရတယ်။

နောက်တနေ့သိန္နီစော်ဘွားရဲ့ ရှမ်းရဲတွေနဲ့ ကချင်စစ်သားတွေက လိုက်ချတော့ ငွေတွေလဲပြန်ရတယ်။ အလစ်သမားတွေလဲ သေလိုက်ကြတာ သောက်သောက်လဲ သွားတာဘဲ။

အဲဒီအဖြစ်အပျက်တွေကို သင်္ခန်းစာတွေအဖြစ်နဲ့ ယူဆပြီး ကျွန်တော်တို့ရဲ့ တပ်သားတွေကရှေ့မှာ မဲတိုက်နေတုန်း အလစ်မှာနောက်ကျောကို ဓားနဲ့အထိုးမခံ ရအောင် ရဲအရာရှိတွေ၊ စစ်ရဲအရာရှိတွေ၊ စစ်ဗိုလ်တွေကို လာရှိုးကို ဖိတ်ပြီး အစီ အစဉ်တွေလုပ်ခဲ့တယ်။"

အထက်တွင် ဖော်ပြခဲ့သော ဝန်ကြီးချုပ်၏ မိန့်ခွန်းအတိုင်းပင် နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေသော လက်နက်ကိုင်တပ်သားများက ရဲစွမ်းသတ္တိနှင့် ခုခံ ဆောင်ရွက်သောနေရာများတွင် သူပုန်တို့သည် ဝင်ရောက်သိမ်းပိုက်နိုင်ခြင်းမရှိဘဲ

စိတ်ဓာတ်ကျဆင်းလျက်ရှိသော နေရာများတွင် သူပုန်တို့သည် အလွယ်တကူသိမ်း ပိုက်နိုင်ခဲ့ကြလေသည်။ သို့ရာတွင် ကွန်မြူနစ်၊ အလံဖြူ အလံနီတို့က တဖုံ၊ ရဲဘော် ဖြူတို့က တသွယ်၊ ကေ အင် ဒီ အို၊ အမ် အင် ဒီ အို စသည်တို့ကတမျိုး တိုင်းပြည် အရပ်ရပ်တွင် ထိန်းမနိုင် သိမ်းမရ လှုပ်ရှားထကြွသဖြင့် တမြို့ပြီးတမြို့ တရွာပြီးတရွာ သူပုန်ရောင်စုံတို့၏ လက်တွင်းသို့ ကျဆင်းခဲ့ရလေသည်။ သူပုန့်လက်အောက်သို့ ကျရောက်ရသော ပြည်သူလူထုသည်လည်း ကြိုးစင်တင်ပြီး အသတ်ခံရတော့မည့် ဓါးစာဖြစ်သော သူများပမာ ဆောက်တည်ရာမရဘဲ ဂျပန်ခေတ်ကထက် ဆိုးရွား သော အခြေအနေကို တွေ့ကြုံကြရရှာလေသည်။

သူပုန်ရောင်စုံတို့သည် မည်သို့ပင်လမ်းမှားကို လိုက်စေကာမူ ပြည်ထောင်စု၏ ငြိမ်းချမ်းမှု၊ လွတ်လပ်ရေးကြီးတည်မြဲမှုအတွက် မိမိတို့၏အမှားကို နောင်တရ၍ အလင်း ဝင်လာကြလိမ့်မည်ဟု နိုင်ငံတော်အစိုးရသည် ယုံကြည်လျက်ပင်ရှိလေသည်။

၁၉၅၀ခု မေလ ၁၀ ရက်နေ့တွင် နိုင်ငံတော်အစိုးရသည် ထပ်မံပြင်ဆင်သော လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တရပ်ကို ထုတ်ပြန်ကြေညာလိုက်ပြန်သည်။ ထိုအမိန့် တွင်လက်နက်ချဝင်ရောက်လာသောသောင်းကျန်းသူများအား အလုပ်အကိုင်များ ပေးနိုင်ရန် အတွက် ပြန်လည်ထူထောင်ရေးတပ်များ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်လေ သည်။ပြန်လည်ထူထောင်ရေးတပ်များကိုဖွဲ့စည်းပြီးလျှင်လက်နက်ချသောင်းကျန်း သူများအား မည်ကဲ့သို့ အလုပ်အကိုင်များပေးမည် ဟူ၍ ၁၉၄၉ ခု၊ စက်တင်ဘာ လ ၂၇ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည်ပါလီမန်လွှတ်တော်အစည်းအဝေး၌ ပဌမဆုံးအကြိမ် ရှင်းလင်းမိန့်ကြားခဲ့ဘူးလေသည်။ ထိုသို့ဖွဲ့စည်းမည့် ပြန်လည်ထူ ထောင်ရေးတပ်များနှင့် စပ်လျဉ်း၍ အထက်ပါ နိုင်ငံတော်ဝန်ကြီးချုပ်၏ လွှတ် တော်မိန့်ခွန်းကောက်နုတ်ချက်ကို အောက်တွင်ဖော်ပြလိုက်ပေသည်။

"ယခင်ကကျွန်တော်တို့ပေးခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့် စည်းကမ်းချက်များ ကိုမဖောက်ဖျက်တဲ့လူများအတွက် တခုတော့လုပ်ပေးဘို့ ကျွန်တော်တို့ သန္နိဋ္ဌာန် ချထားတယ်။ အောက်ပါ အချက် (၇) ချက်ပါတဲ့ ပြန်လည်ထူထောင်ရေးတပ်တွေ ကိုကျွန်တော်တို့ဖွဲ့ပေးမယ်။

(၁) ပြန်လည်ထူထောင်ရေးတပ်တွေကို စစ်တပ်များလို ဖွဲ့စည်းမည်။
(၂) လယ်ယာစိုက်ပျိုးရေး စီမံကိန်း၊ သစ်တောစီမံကိန်း၊ သတ္တုတွင်းစီမံ ကိန်း၊ လူထုအိုးသစ် အိမ်သစ်ထူထောင်ပေးရေးစီမံကိန်း၊ လမ်းပန်းနှင့် ဆက်သွယ်ရေးစီမံကိန်း၊ ကျန်းမာရေးစီမံကိန်း အစရှိတဲ့ ပြည်ထောင်စု ပြန်လည် ထူထောင်ရေး စီမံကိန်းတွေကို ဤပြန်လည် ထူထောင်ရေး

တပ်မတော်ကြီးက ဦးစီးခေါင်းဆောင်လုပ်၍ အကောင်အထည် ဖော်ပေးမည်။

(၃) မိမိတို့တာဝန်ကျသော လုပ်ငန်းများအတွက် လိုအပ်သော စက်မှုလက်မှု ပညာများကို သင်ကြားပေးမည်။

(၄) အလုပ်အားလပ်ချိန်များတွင် ခေတ်မှီစာပေများကို ပို့ချသင်ကြားပေးမည်။

(၅) စစ်အတတ်ကိုသင်ကြားပေးမည်။

(၆) မိမိတို့ရရှိသည့်လစာငွေထဲမှ မိမိတို့အတွက်ကုန်ကျမည့် ယူနီဖောင်းစရိတ်၊ စားစရိတ်၊ အထွေထွေသုံးစရိတ်၊ အကယ်၍မိမိတို့အပေါ် မှီခိုအားထားနေသော သူများကို ထောက်ပံ့လိုလျှင် ထိုထောက်ပံ့စရိတ်တို့ကို နုတ်ယူပြီးလျှင် ပိုသောငွေများကို အစိုးရတို့ကတာဝန်ယူပြီး စုဆောင်းပေးမည်။ ထိုပြန်လည်ထူထောင်ရေးတပ်မှ ထွက်သည့်အခါတွင် အစိုးရတို့ရဲ့ဘဏ္ဍာရေးအခြေအနေကိုထောက်ပြီး တစ်စိတ်တဒေသဖြည့်၍ ထိုငွေများထုတ်ပေးမည်။

(၇) ထိုပြန်လည်ထူထောင်ရေး တပ်ထဲတွင် အနည်းဆုံး နှစ်နှစ် အမှုထမ်းရမည်။

ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်၊ မွန်၊ ဗမာအစရှိတဲ့ ပြည်ထောင်စုလူထုကြီးကို သနားတဲ့စိတ်နဲ့ ဒီပြန်လည်ထူထောင်ရေးတပ်မတော်ကြီးထဲသို့ အတော်များများဘဲ ဝင်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီတပ်ထဲကို ဝင်ကြခြင်းအားဖြင့် အချိန်မှန်မှန်အလုပ်လုပ်၊ အချိန်မှန်မှန်စား၊ အချိန်မှန်မှန်ကစား၊ အချိန်မှန်မှန်အိပ်ကြရလို့ အင်မတန် ချို့တဲ့နေကြတဲ့ အမျိုးသားကာယဗလလဲ ဖွံ့ဖြိုးလာမယ်။ စက်မှုလက်မှုပညာရပ်များ၊ ခေတ်မှီစာပေများကို သင်ကြားရတဲ့အတွက် အမျိုးသား ဉာဏဗလနဲ့ အမျိုးသား စာရိတ္တဗလလဲ ဖွံ့ဖြိုးလာမယ်။ ပြန်လည်ထူထောင်ရေးတွေကို စံနစ်တကျ လုပ်ကြတဲ့အတွက် အမျိုးသား ဘောဂဗလတွေလဲ ဖွံ့ဖြိုးလာကြလိမ့်မယ်။"

၁၉၅၀ ခု မေလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သော ထပ်မံပြင်ဆင်သည့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်သည် ကာကွယ်ရေး တပ်ဖွဲ့ဝင်များအတွက် လွတ်ငြိမ်း ချမ်းသာခွင့် ရဲအဖွဲ့နှင့်ပြည်ထောင်စုစစ်ရဲ အဖွဲ့ဝင်များအတွက် လွတ်ငြိမ်းချမ်းသာခွင့်၊ နိုင်ငံတော်အစိုးရ၏ အခြား အမှုထမ်းအဖွဲ့ဝင်များနှင့် ပြည်သူပြည်သားများအတွက် လွတ်ငြိမ်း ချမ်းသာခွင့်ဟူ၍ ၃ ပိုင်းပိုင်းခြား၍ ထားလေ

သည်။ ထိုအမိန့်၏ အချုပ်သဘောမှာ ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ဆူပူသောင်းကျန်းမှုများတွင် ပါဝင်ခဲ့စေကာမူ မိမိ၏လက်နက် ခဲယမ်းမီးကျောက် အားလုံးနှင့်တကွ လက်နက်ချ ဝင်ရောက်လာလျှင် မုဒိမ်းမှု၊ ဓားပြမှု၊ လူသတ်မှုမှတပါး ပြစ်မှု အားလုံးနှင့် စပ်လျဉ်း၍ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြလိမ့်မည်ဟု ဖော်ပြပါရှိ၏။ အထက်ပါ ပြစ်မှုကြီးတခုခုကို ကျူးလွန်ခဲ့စေကာမူ သူတို့၏ လက်နက်ချ ဝင်ရောက်သည်ဟူသော အချက်ကို သက်ညှာစွာ စဉ်းစားထိုက်သော အကြောင်းတရပ် အဖြစ်ဖြင့် ယူဆမည်ဟူ၍လည်း ကြေညာခဲ့လေသည်။ ရဲအဖွဲ့နှင့် ပြည်ထောင်စု စစ်ရဲအဖွဲ့ဝင်များ၊ နိုင်ငံတော်အစိုးရ၏ အမှုထမ်း အဖွဲ့ဝင်များနှင့် ပြည်သူ ပြည်သားများအဘွက်လည်း ထိုနည်းအတိုင်းပင် သက်ညှာစွာစဉ်းစားမည်ဟူ၍ ကြေညာချက်ပင်ဖြစ်၏။

ထိုသို့ထုတ်ပြန်ချက်အရ လက်နက်ချသောင်းကျန်းသူများကို စစ်ဆေးလက်ခံရန်အတွက် ၁၉၅၀ ခု ဇွန်လ ၁၄ ရက်နေ့တွင် ပြည်ထဲရေးဌာနမှ အသေးစိတ် ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့၏။

ထိုညွှန်ကြားချက်များအရ တနှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်းအတိုင်း ခရိုင်အသီးအသီးတွင် ခရိုင်ငြိမ်ဝပ်ပိပြားရေး ကော်မီတီများကို အလျင်အမြန်ဖွဲ့စည်း၍ နိုင်ငံတော်အစိုးရ၏ လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်အရ လက်နက်ချ လိုသော သောင်းကျန်းသူများကို စစ်ဆေးလက်ခံရန် တာဝန်များကို လွှဲအပ်ပေးလေသည်။ အစိုးရထံသို့ လက်နက်ချဝင်ရောက်လာသည့် သောင်းကျန်းသူများကိုလည်း သုံးမျိုး သုံးစားခွဲ၍ စဉ်းစားရန်ညွှန်ကြား၏။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

(က) လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု တခုခုကိုကျူးလွန်ခဲ့သည့်စွပ်စွဲချက်လည်း မရှိ။ မသင်္ကာစရာလည်းမရှိသော လက်နက်ချ သောင်းကျန်းသူများအား ယာယီအားဖြင့် အပြစ်မရှိဟု ယူဆရန်ညွှန်ကြားသည်။

(ခ) လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု တခုခုကိုကျူးလွန်ခဲ့သည်ဟု မသင်္ကာစရာအကြောင်းရှိသည်။ သို့မဟုတ် စွပ်စွဲချက်ရှိသည်ဆိုစေကာမူ ချက်ခြင်း ရုံးတင်တရားစွဲရန်အတွက် သက်သေ အတိအကျ မရှိသော သောင်းကျန်းသူများကို အပြစ်ရှိသည်မရှိသည်ဟု အဆောတလျင်ဆုံးဖြတ်ခြင်းမပြုရန်ညွှန်ကြားသည်။

(ဂ) လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုအနက် အနည်းဆုံး တမှုအတွက် ရုံးတင်တရားစွဲနိုင်လောက်အောင် သက်သေသာဓက အတိအကျရှိသော လက်နက်ချ သောင်းကျန်းသူများကို အပြစ်ရှိသည်ဟု ယူဆရန် ညွှန်ကြားသည်။

အထက်ပါ သောင်းကျန်းသူ သုံးမျိုးအနက် တတိယ လူစားမျိုးကို လျှင်မြန်

နိုင်သမျှ လျင်မြန်စွာရုံးတင်တရားစွဲရန် ညွှန်ကြားသည်။ သို့ရာတွင် တရားစွဲဆိုရာ၌ အထက်ပါ ပြစ်မှု သုံးခုအနက် တခုခုအတွက်သာလျှင် ဖြစ်ရမည်။ သူပုန်ထစဉ်အ တွင်းကျူးလွန်ခဲ့သော အခြားပြစ်မှုများအတွက် မဖြစ်စေရဟုလည်း တိတိကျကျ ညွှန်ကြားသည်။ ဥပမာအားဖြင့် ဖော်ပြရသော် သူပုန်များသည် အစိုးရလက်နက် ကိုင်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရာ၌ သူပုန်တဦးတယောက်၏ လက်ချက်ဖြင့် အစိုးရတပ်သားတဦးတယောက်သည် ကျဆုံးခဲ့လျှင် ထိုပြစ်မှုမျိုးကို လူသတ်မှုဟူ၍ မယူဆကြောင်း အတည့်အလင်း ရှင်းလင်းထားလေသည်။

အထက်ပါ စည်းကမ်းအတိုင်း လက်နက်ချဝင်ရောက်လာသူတို့အား အစိုးရက ဖွဲ့စည်းထားသော ပြန်လည်ထူထောင်ရေးတပ်တွင် ဝင်ရောက်ထမ်းရွက်လိုသည် မလို သည်ကိုလည်း စုံစမ်းရန်ညွှန်ကြားသည်။ သူပုန်ထစဉ်အချိန်အတွင်း လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု တခုခုကို ကျူးလွန်ခဲ့သဖြင့် ရုံးတင် တရားစွဲ ခံရသောသူသည် အစိုးရထံ လက်နက်ချအပ်သည်ကို ထောက်ထား၍ တရားသူကြီးက သက်ညှာစွာ အပြစ်ပေးရန်အတွက်လည်း အစိုးရက ညွှန်ကြားပြီးဖြစ်သည်။

အထက်တွင် ဖော်ပြပါရှိသော လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုတခုခုကို ကျူးလွန် ခဲ့သည် မကျူးလွန်ခဲ့သည်ကို မဝေခွဲနိုင်သော ဒုတိယလူစားမျိုးကို ကာကွယ်ရေး စခန်းတွင်ထားလိုကထားရှိနိုင်သည်။ သို့မဟုတ် ခြောက်လထက်မနည်း တနှစ်ထက် မပိုသော အချိန်ကာလအတွင်း ကောင်းကောင်းမွန်မွန်နေထိုင်ပါမည်ဟု တဦးကို တဦး စုပေါင်းတာဝန်ခံစေ၍ သင့်တော်သော အာမခံငွေ တောင်းပြီးလျှင် စည်း ကမ်းချက်ဖြင့် ပြန်လွှတ်ထားနိုင်သည်ဟူ၍လည်း ညွှန်ကြားထားသည်။ သို့မဟုတ် ယုံကြည်လောက်သော သူတဦးဦးကို လက်နက်ချသူက အာမခံပေးနိုင်လျှင်လည်း ကောင်းမွန်စွာ နေထိုင်စေပါမည်ဟူ၍ ထိုသူ၏ ဝန်ခံချက်နှင့် ဆိုင်ရာကာယကံရှင်၏ ဝန်ခံချက် နှစ်ခုပေါ်တွင် အခြေပြု၍ သင့်တော်သောအာမခံငွေတို့ကို တောင်းခံ ပြီးလျှင် လွှတ်ပစ်နိုင်သည်ဟူ၍လည်း ညွှန်ကြားသည်။ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု ကျူးလွန်ခဲ့ဘူးကြောင်း ခိုင်လုံသော သက်သေများ နောက်ထပ် ပေါ်ပေါက်လာ ခဲ့လျှင် ဤပုဂ္ဂိုလ်များအား ရှာဖွေဖမ်းဆီး၍ တတိယ အမျိုးအစားလူများကဲ့သို့ ရုံးတင် တရားစွဲဆိုရန်လည်း ညွှန်ကြားသည်။

ကာကွယ်ရေးစခန်းရှိ လက်နက်ချသူများအား သယ်ယူပို့ဆောင်ရေးနှင့် အ စားအစာကျွေးမွေးရေးအတွက် ခရိုင်နှင့် မြို့နယ်ငြိမ်ဝပ်ပိပြားရေး ကော်မီတီများက လုံးဝတာဝန်ယူရန်လည်း ညွှန်ကြားသည်။ ကျန်းမာရေး၊ သန့်ရှင်းရေးကိစ္စတို့ကို နယ်ဆိုင်ရာဆေးဖက်အရာရှိ၊ ကျန်းမာရေး အရာရှိတို့နှင့် တိုင်ပင်၍ စီစဉ်ရန်လည်း

ညွှန်ကြားသည်။ လက်နက်ချသူများအား ကျွေးမွေးရန်စရိတ်ကိုလည်း သတ်မှတ်၍ ပေးသည်။ အထက်ပါအတိုင်း နိုင်ငံတော်အစိုးရသည် လမ်းမှားသို့ လိုက်မိသော ရောင်စုံသောင်းကျန်းသူတို့အား မိမိ၏အမှားကို နောင်တရ၍ အလင်းသို့ဝင်ရောက် လာကြရန် အစွမ်းကုန်ကြိုးစားခဲ့သည်။ ထိုကြိုးစားချက်အရ သောင်းကျန်းသူ အချို့သည် လက်နက်ချဝင်ရောက်လာကြသော်လည်း ထိုအထဲတွင် အရေးပါသော သူပုန်ခေါင်းဆောင်များ မပါဝင်ကြပေ။

တပ်မတော်နှင့်ပြည်သူလူထု၏ပူးပေါင်းချက်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရောင်စုံသောင်းကျန်းသူတို့သည် မြို့ရွာများ ကိုသိမ်းပိုက်၍ အာဏာရှင်စံနစ်ကို ကိုယ်ထိလက်ရောက် ထူထောင်ခဲ့ကြရာ ပြည်သူ လူထုလည်း အစိုးရတပ်များလာမည့်ရက်ကိုသာ လက်ချိုး၍ ရေတွက်နေကြပေ သည်။ နိုင်ငံတော်အစိုးရကလည်း အဖျက်ဝါဒီတို့ကို မည်သည့်နည်းနှင့်မျှ အရှုံး မပေးဟူသော အဓိဋ္ဌာန်ဖြင့် ရှိသမျှသော အင်အားကို တတ်နိုင်သမျှ ပြန်လည် ဖြည့်တင်းခဲ့လေသည်။ ပြည်ထောင်စုကို သစ္စာရှိသော လက်နက်ကိုင်တပ်များကို ကိုးချွခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များကို နိုင်ငံခြားမှ ဖြစ်သမျှသောနည်း များဖြင့် စုဆောင်းဝယ်ယူခြင်း၊ တပ်မတော်အတွင်း စည်းကမ်းသေဝပ်မှုကို အစွမ်း ကုန်ဆောင်ရွက်ခြင်း၊ အသံလွှင့်ဌာနမှသော်ငင်း၊ သတင်းစာများ၏ အကူအညီကို ယူ၍သော်ငင်း ပြည်သူလူထု၏စိတ်ဓာတ်ကို မြှင့်တင်ခြင်းစသော နည်းမျိုးစုံတို့နှင့် ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။ ၁၉၄၈ ခုနှစ်နှင့် ၁၉၄၉ ခုနှစ်တို့တွင် ရောင်စုံသူပုန် များသည် နိုင်ငံတော်အစိုးရကို အငိုက်ဖမ်း၍ အောင်ပွဲများကို ဆက်ကာဆက်ကာ ယူခဲ့နိုင်သော်လည်း ၁၉၅၀ ခုနှစ်သို့ ရောက်ရှိလာသောအခါ သူတို့အားပြည်သူ လူထုက ထောက်ခံမှုမပေး။ နိုင်ငံတော်အစိုးရ၏ တန်ပြန်စီမံကိန်းများကလည်း ထိရောက်ခြင်းတို့ကြောင့် သူတို့ သိမ်းပိုက်ထားသော မြို့ရွာများကို တခုပြီးတခု ပြန်လည် စွန့်လွှတ်လိုက်ရလေသည်။

၁၉၄၉ ခုနှစ်စတွင် ရန်ကုန်မြို့နှင့် အခြားမြို့ လေး-ငါးမြို့မှလွဲ၍ အားလုံးသော မြို့များကို သူပုန်တို့သည် သိမ်းပိုက်နိုင်ခဲ့ကြသော်လည်း ၁၉၄၉ ခုနှစ် နောက်ပိုင်း နှင့် ၁၉၅၀ ခုနှစ်တွင် နိုင်ငံတော် အစိုးရတပ်များက ထိုမြို့များကို တခုပြီးတခု ပြည်သူလူထုအကူအညီဖြင့် ပြန်လည် သိမ်းပိုက်နိုင်ခဲ့လေသည်။

၁၉၄၉ ခု ဇူလိုင်လ ၁၉ ရက်နေ့မှ ၁၉၅၀ ခု ဇူလိုင်လ ၁၉ ရက်နေ့အထိ တနှစ်

အတွင်း နိုင်ငံတော်အစိုးရက ပြန်လည်သိမ်းပိုက်ခဲ့သော မြို့ရွာများစာရင်း အောက်တွင် ဇယားပြုလုပ်၍ ဖော်ပြလိုက်ပေအံ့။

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်းသောရက်	မှတ်ချက်
	ရခိုင်တိုင်း		
	စစ်တွေခရိုင်		
၁	ရသေ့တောင်	၄-၂-၅၀	မြို့
၂	ဂေါ်ဒူဆရ	၆-၂-၅၀	
၃	မြစ်နှာ	၁၂-၂-၅၀	
၄	ကင်းမော်	၁၂-၂-၅၀	
၅	မန်ကျည်းချောင်း	၂၆-၂-၅၀	
	ပဲခူးတိုင်း		
	သာယာဝတီခရိုင်		
၁	သာယာဝတီ	၂၁-၇-၄၉	ခရိုင်ရုံးစိုက်ရာမြို့
၂	လက်ပံတန်း	၁၅-၈-၄၉	မြို့
၃	ထိန်တော	၂၄-၁၀-၄၉	
၄	စံရွှေ	၂၇-၁၀-၄၉	
၅	မင်းလှ	၁၂-၅-၅၀	မြို့
၆	ကြို့ပင်ကောက်	၁၃-၅-၅၀	မြို့
၇	ဇီးကုန်း	၁၄-၅-၅၀	မြို့
၈	နတ်တလင်း	၁၄-၅-၅၀	မြို့
	ပဲခူးခရိုင်		
၉	ပြွန်တံဆာ	၂၅-၂-၅၀	မြို့
၁၀	မြစ်ကျိုး	၁၀-၁-၅၀	
၁၁	ညောင်လေးပင်	၂၅-၂-၅၀	မြို့
၁၂	ပိန်းဇလုပ်	၂၇-၂-၅၀	

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်းသောရက်	မှတ်ချက်
၁၃	ပဲနွယ်ကုန်း	၂၈-၂-၅၀	
၁၄	ကျောက်တံခါး	၂၈-၂-၅၀	မြို့
၁၅	မဒေါက်	၂၅-၅-၅၀	
	တောင်ငူခရိုင်		
၁၆	ကညွတ်ကွင်း	၄-၃-၅၀	မြို့
၁၇	ဖြူး	၅-၃-၅၀	မြို့
၁၈	တောင်ငူ	၁၉-၃-၅၀	ခရိုင်ရုံးစိုက်ရာမြို့
၁၉	ရေတာရှည်	၂၄-၃-၅၀	မြို့
၂၀	ထန်းတပင်	၇-၄-၅၀	မြို့
၂၁	ပဒတ်ကွင်း	၁-၆-၅၀	
	ပြည်ခရိုင်		
၂၂	ပေါင်းတည်	၁၄-၅-၅၀	မြို့
၂၃	အင်းမ	၁၆-၅-၅၀	
၂၄	ရွှေတောင်	၁၈-၅-၅၀	မြို့
၂၅	ပြည်	၁၉-၅-၅၀	ခရိုင်ရုံးစိုက်ရာမြို့
၂၆	သဲကုန်း	၇-၆-၅၀	
	အင်းစိန်ခရိုင်		
၂၇	စာဗူးတောင်း	၁၈-၁၂-၄၉	
၂၈	လက်ပံကုန်း	၁၀-၁-၅၀	
၂၉	လှည်းဆိပ်	၁၂-၁-၅၀	
	ဟံသာဝတီခရိုင်		
၃၀	သုံးခွ	၂၅-၉-၄၉	မြို့
၃၁	ခရမ်း	၂၅-၉-၅၀	မြို့
၃၂	ချောင်းခွ	၄-၁၂-၄၉	
၃၃	ဘုရားကြီး	၉-၁-၅၀	
၃၄	ဖားကူး	၃-၁၂-၄၉	

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်းသောရက်	မှတ်ချက်
	တနင်္သာရီတိုင်း		
	ထားဝယ်ခရိုင်		
၁	ညောင်စင်	၁၃ - ၁ - ၅၀	
၂	သရက်ချောင်း	၂၃ - ၁ - ၅၀	
	သထုံခရိုင်		
၃	ကျေည်းအင်း	၅ - ၁၁ - ၄၉	
၄	ကရင်ချောင်း	၁၇ - ၁၂ - ၄၉	
၅	ယင်းညိမ်	၁၁ - ၁ - ၅၀	
	ကျိုက္ခမိခရိုင်		
၆	ဒူးရင်းဆိပ်	၃၀ - ၁၀ - ၄၉	
၇	ဇာသပြင်	၁၀ - ၄ - ၅၀	
၈	ပင	၁၆ - ၅ - ၅၀	မြို့
၉	အင်းတောင်	၁၈ - ၅ - ၅၀	
	ဧရာဝတီတိုင်း		
	ပုသိမ်ခရိုင်		
၁	ကန်ကြီးဒေါင့်	၁၃ - ၁၂ - ၄၉	မြို့
၂	ရေကြည်	၃ - ၆ - ၅၀	မြို့
၃	ကျုံပျော်	၃ - ၆ - ၅၀	မြို့
၄	ငပုတော	၂၃ - ၅ - ၅၀	မြို့
၅	အသုတ်	၅ - ၆ - ၅၀	မြို့
၆	ကျောင်းကုန်း	၆ - ၆ - ၅၀	မြို့
၇	အိုင်သပြူ	၈ - ၆ - ၅၀	
၈	သိုင်းချောင်း	၅ - ၆ - ၅၀	မြို့
	ဟင်္သာတခရိုင်		
၉	ရွာသာ	၂၉ - ၅ - ၅၀	

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရက ပြန်သိမ်းသောရက်	မှတ်ချက်
၁၀	တလုပ်ထောင်	၃၀ - ၅ - ၅၀	
၁၁	ယုံတလင်း	၁ - ၆ - ၅၀	
၁၂	အထောင်	၄ - ၆ - ၅၀	
၁၃	အင်္ဂပူ	၄ - ၆ - ၅၀	မြို့
၁၄	ပေါက်တော	၄ - ၆ - ၅၀	
၁၅	ပေါက်ကုန်း	၄ - ၆ - ၅၀	
၁၆	လေးမျက်နှာ	၁၀ - ၆ - ၅၀	မြို့
၁၇	ဓမ္မိ	၁၄ - ၆ - ၅၀	
၁၈	မြို့ကွင်း	၇ - ၇ - ၅၀	
၁၉	ဒေါင့်ကြီး	၄ - ၇ - ၅၀	
၂၀	ဇလွန်	၁၅ - ၁၁ - ၄၉	မြို့
	မျှောင်းမြခရိုင်		
၂၁	စက်ဆန်း	၉ - ၁ - ၅၀	
၂၂	သပြူကုန်း	၂၇ - ၃ - ၅၀	
၂၃	မရမ်း	၁၇ - ၆ - ၅၀	
၂၄	စိန်လှိုင်	၂၈ - ၅ - ၅၀	
၂၅	မြင်းကကုန်း	၂၅ - ၄ - ၅၀	
	မအူပင်ခရိုင်		
၂၆	ညောင်တုန်း	၆ - ၁၁ - ၄၉	မြို့
၂၇	စက်ကော့	၇ - ၁၁ - ၄၉	
၂၈	ဓနုဖြူ	၂၉ - ၁၁ - ၄၉	မြို့
၂၉	လက်ပန်ချောင်း	၂၃ - ၆ - ၅၀	
၃၀	ကံ့ကြီး	၂၂ - ၃ - ၅၀	
	မန္တလေးတိုင်း		
	မန္တလေးခရိုင်		
၁	မတ္တရာ	၁၄ - ၉ - ၄၉	မြို့

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်းသောရက်	မှတ်ချက်
	ကျောက်ဆည်ခရိုင်		
၂	မြစ်သား	၈-၈-၄၉	မြို့
၃	ကူမဲ	၉-၈-၄၉	
	ရမည်းသင်းခရိုင်		
၄	သာဝတ္ထိ	၁၅-၄-၅၀	
၅	လယ်ဝေး	၃၀-၃-၅၀	မြို့
၆	ပျဉ်းမနား	၂၉-၃-၅၀	မြို့
၇	ပျော်ဘွယ်	၅-၅-၅၀	မြို့
၈	ကျည်းဒေါင့်ကန်	၉-၆-၅၀	
	မိတ္ထီလာခရိုင်		
၉	မလှိုင်	၁-၇-၄၉	မြို့
၁၀	ဝမ်းတွင်း	၁၀-၈-၄၉	မြို့
၁၁	သဲတော	၁၀-၈-၄၉	
	မြင်းခြံခရိုင်		
၁၂	ညောင်ဦး	၂၀-၈-၄၉	မြို့
၁၃	နထိုးကြီး	၈-၁၂-၄၉	မြို့
၁၄	ကျောက်ပန်းတောင်း	၁၄-၁-၅၀	မြို့
၁၅	တောင်သာ	၈-၁၂-၄၉	မြို့
	စစ်ကိုင်းတိုင်း		
	ရွှေဘိုခရိုင်		
၁	ကဘိုး	၁၄-၈-၄၉	မြို့
၂	ဇီးကုန်း	၁၄-၈-၄၉	
၃	ခင်ဦး	၁၇-၈-၄၉	မြို့
၄	ကန့်ပလူ	၂၀-၈-၄၉	မြို့

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်းသောရက်	မှတ်ချက်
၅	ဝက်လက်	၂၇-၉-၄၉	မြို့
၆	ရှိန်းမကား	၇-၁-၅၀	
၇	ဒီပဲရင်း	၁၇-၁၁-၄၉	မြို့
၈	ကျွန်းလှ	၂၅-၅-၅၀	မြို့
	စစ်ကိုင်းခရိုင်		
၉	တန့်ဆည်ဦး	၉-၆-၄၉	မြို့
၁၀	အလာကပ္ပ	၃၁-၇-၄၉	
၁၁	ချောင်းဦး	၃-၈-၄၉	မြို့
၁၂	မြောင်	၁၂-၆-၅၀	မြို့
	အောက်ချင်းတွင်းခရိုင်		
၁၃	သာဇီ	၉-၈-၄၉	
၁၄	ကနီ	၁၆-၁၀-၄၉	မြို့
၁၅	အလုံ	၂၅-၄-၅၀	
	မကွေးတိုင်း		
	မကွေးခရိုင်		
၁	မကွေး	၈-၄-၅၀	ခရိုင်ရုံးစိုက်ရာမြို့
၂	တောင်တွင်းကြီး	၂၂-၆-၅၀	မြို့
	မင်းဘူးခရိုင်		
၃	ပွင့်ဖြူ	၂၈-၁၂-၄၉	မြို့
၄	ဆင်ဖြူကျွန်း	၂၉-၁၂-၄၉	မြို့
၅	စလင်း	၃၀-၁၂-၄၉	မြို့
၆	မင်းဘူး	၁၄-၄-၅၀	ခရိုင်ရုံးစိုက်ရာမြို့
	ပခုက္ကူခရိုင်		
၇	ထီးလင်း	၅-၁၁-၄၉	မြို့

ပြည်တော်သာခရီး

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရကပြန်သိမ်း သောရက်	မှတ်ချက်
၈	ပခုက္ကူ	၂၉- ၄-၅၀	ခရိုင်ရုံးစိုက်ရာမြို့
၉	မြိုင်	၅- ၅-၅၀	မြို့
၁၀	ရေစကြို	၅- ၅-၅၀	မြို့
	သရက်ခရိုင်		
၁၁	မင်းလှ	၂၇- ၆-၅၀	မြို့
၁၂	အာလံ	၂- ၇-၅၀	မြို့
	ကရင်နီပြည်နယ်		
၁	ပတ်ကုန်	၃၀- ၈-၄၉	မြို့
၂	လှိုင်ကော်	၁၂- ၁-၅၀	ပြည်နယ်မြို့တော်
	တောင်ပိုင်းရှမ်းပြည်		
၁	လှိုင်လင်	၁၇- ၉-၄၉	မြို့
၂	လဲဆက်	၁၉-၁၁-၄၉	
၃	မိုင်းပန်	၂၃-၁၀-၄၉	မြို့
၄	တောင်ကြီး	၁၉-၁၁-၄၉	မြို့
၅	သမခန်း	၃၁-၁၀-၄၉	မြို့
၆	ဝန်းဟတ်	၂၅-၁၁-၄၉	
	မြောက်ပိုင်းရှမ်းပြည်		
၇	ကွမ်းလုံ	၉- ၂-၅၀	
၈	သိန္နီ	၁၄- ၉-၄၉	မြို့
၉	လားရှိုး	၁- ၉-၄၉	မြို့
၁၀	လိုက်မော်	၂၁- ၁-၅၀	
၁၁	နမ်းခမ်	၁၄- ၁-၅၀	မြို့
၁၂	ကြူကုတ်	၁၀- ၁-၅၀	မြို့
၁၃	နောင်ပလဲ	၁၅- ၁-၅၀	

အမှတ်စဉ်	မြို့ရွာအမည်	အစိုးရက ပြန်သိမ်း သောရက်	မှတ်ချက်
	ကချင်ပြည်နယ်		
	မြစ်ကြီးနားခရိုင်		
၁	တာဂုံ	၁- ၈-၄၉	

အထက်တွင်ဖော်ပြပါရှိသောဇယားမှာ ၁၉၄၉-၅၀ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရတပ်များက သောင်းကျန်းသူများ သိမ်းပိုက်ထားသော အရေးကြီးသည့်မြို့ရွာများကိုပြန်လည်သိမ်းပိုက်သည့် စာရင်းအကျဉ်းချုပ်ဖြစ်လေသည်။ ထိုနည်းအတူပင် ၁၉၅၁-၅၂ ခုနှစ်များတွင်လည်း အစိုးရတပ်များသည် ပြည်သူလူထု၏အကူအညီဖြင့် အောင်ပွဲများကို ဆက်လက် ခံယူလျက်ရှိခဲ့လေသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

(ဃ) ကွန်မြူနစ်ရက်စက်မှုကြီးများ

အစိုးရတပ်ပေါင်းစုံသည် စစ်ကိုင်း၊ မြင်းခြံ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကွန်မြူနစ်သောင်းကျန်းသူများကို ၁၉၅၂ ခု ဇန္နဝါရီလ ၁၇ ရက်နေ့မှစ၍ အပြင်းအထန်ထိုးစစ်ဆင်နွှဲခဲ့ရာ ကွန်မြူနစ်အခြေခံစခန်းများပြိုကွဲပျက်စီးလျက်လက်နက်ယမ်းမီးကျောက်များ၊ စာရွက်စာတမ်းများ၊ ဂျစ်ကား၊ သံချပ်ကာကား၊ စာပုံနှိပ်စက် စသည်တို့ကို သိမ်းဆည်းရမိလေသည်။ နောက်ဆုံးဖမ်းဆီးရမိသော ပစ္စည်းများမှာ ပြည်သူလူထု စိတ်ဝင်စားစရာ ဖြစ်သည်သာမက ဝမ်းနည်း ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြန်လည်ဖော်ထုတ်သော ပစ္စည်းများဖြစ်၍ တိုင်းပြည်သို့ ထပ်မံတင်ပြရပါသည်။

ထိုပစ္စည်းများမှာအခြားမဟုတ်။ပြည်မြို့ကို ကွန်မြူနစ်သူပုန်များကြီးစိုးစဉ်က ပြည်သူလူထုအပေါ်တွင် ရက်စက်မှု အမျိုးမျိုးအပြားကျူးလွန်ခဲ့ကြရာ၊ ၁၉၄၉ ခု အောက်တိုဘာလ ၁၉ ရက်နေ့က ကျူးလွန်ခဲ့သော အစိုးရအမှုထမ်းများအား သတ်ဖြတ်မှုကြီးမှာ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်သည့် ရက်စက်မှုကြီး ပင်ဖြစ်ပေတော့သည်။ ကွန်မြူနစ် သောင်းကျန်းသူတို့သည် အစိုးရအမှုထမ်း အရာထမ်းများသာမက သူတို့နှင့် မသင့်မြတ်သူမှန်သမျှကို သတ်ဖြတ်ခြင်း ညှဉ်းပန်းခြင်း ပြုခဲ့ကြရာ သူတို့၏ လက်တွင် အသတ်ခံရသူများအနက် ပါလီမန်အမတ် ဦးဘသီ၊သူ၏ညီ ဦးဘသော်၊ ရမည်းသင်းအရေးပိုင် ဦးအောင်ဖေ၊မြင်းခြံခရိုင်ဝန် ဦးစိန်ထွန်း၊ မကွေးစစ်ဝန်ထမ်းတပ်ရင်းမှူး ဗိုလ်မှူးဖေအောင်တို့သာမက ပြည်မြို့ ရဲဘော်ဖြူခေါင်းဆောင် ဗိုလ်ကွန်းဇော်၊ ဗိုလ်သန်းမောင်၊ ဗိုလ်ဖုန်းမို အစရှိသည်တို့ ကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြလေသည်။

ထိုမျှသာမကသေး။ဗိုလ်တင်ထွန်းအောင် ခေါင်းဆောင်သော တောခိုစစ်ပြေး များစွာသည် အမြင်မှန်ရကြ၍ အစိုးရနှင့် လက်ကမ်းလျက် အလင်းသို့ ဝင်ရောက် လာခဲ့ကြရာ အလင်းသို့ မထွက်လာနိုင်ကြရှာသော ဗိုလ်တင်ထွန်းအောင်၏ လက်ရုံးများဖြစ်ကြသည့် စစ်ပြေးဗိုလ်ရဲမြင့်၊ ဗိုလ်ကျော်ကျော်၊ ဗိုလ်လှမြင့်တို့အားလည်း ပျဉ်းမနား တောတွင်း၌ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်ကြလေသည်။ ထိုဗိုလ်များသည် သူတို့တောခိုနေရာမှ လက်တွေ့အမှားများကို နောင်တတရားရရှိ ကြပြီး အစိုးရနှင့် စကားကမ်းလှမ်းရုံဖြင့် ကြေကွဲဝမ်းနည်းဖွယ်ရာ သတ်ဖြတ်ခြင်း

ခံခဲ့ရလေသည်။ ဗိုလ်ရဲမြင့်၏ဇနီး ထိပ်တင်မမှာ ညောင်ရမ်း မင်းသမီးကြီး၏ သမီး ငယ်ဖြစ်၍ လူမမယ်ကလေး ၂ ယောက်နှင့် ခိုကိုးရာမဲ့ကျန်ရစ်ခဲ့ရ၏။

ထိုရက်စက်မှုများထက် ပိုမိုကြမ်းကြုတ်သော ဘီလူးအသွင်ကိုပြည်မြို့၌ ၁၉၄၉ ခု အောက်တိုဘာလ ၁၉ ရက်နေ့က ကွန်မြူနစ်တို့သည် လက်တွေ့ပြသကြလေသည်။ ထိုရက်စက်ကြမ်းကြုတ်မှုကြီးကို သရုပ်ဖော်သော ဓာတ်ပုံများကို အစိုးရတပ်ပေါင်းစုံက ရရှိခဲ့ရာ ထိုစဉ်အခါကပင် အချို့ကိုရွေးချယ်၍ တိုင်းပြည်သို့တင်ပြပြီးဖြစ်ပေသည်။ထိုဓာတ်ပုံများမှာ ကွန်မြူနစ်သူပုန်များကိုယ်တိုင် ရိုက်ကူးထားခြင်းဖြစ်၍ လျှို့ဝှက်သော စခန်းတခုမှ တပ်မတော်ကဖမ်းဆီးရခဲ့၏။

ပြည်မြို့ကို ကွန်မြူနစ်သူပုန်များသိမ်းပိုက်လိုက်စဉ်က အစိုးရအမှုထမ်းများ အပါအဝင် လူပေါင်းအမြောက်အမြားကို ဖမ်းဆီးခဲ့ကြလေသည်။ သူတို့အနက် ဘာယာဝတီမှ ထောင်ပိုင်ကြီး မစ္စတာပေါလ်နှင့် ထောင်မှူးကြီး ဦးပုအပြင် အောက်ပါ ထောင်အမှုထမ်းများလည်း ပါဝင်ကြလေသည်။ ကိုသိန်းမောင်၊ မောင် မှန်းကြိုင်၊ မောင်ချစ်၊ မောင်ကြီးရွှေ၊ မောင်မုတ်ဆိုး၊ မောင်ထွန်းဟန်၊ မောင်လှ မြင့်၊ ဦးညွှက်၊ မောင်ညိမ်းမောင်၊ မောင်သိန်း၊ ဂေါ်လီ၊ မောင်ကျင်မောင်၊မောင် မှတ်နီ၊ မောင်စိန်မောင်၊ မောင်အေးမောင်၊ မောင်ကျော်စိန်၊ မောင်မြဒင်၊ မောင် ကို၊ မောင်စိန်၊မောင်သန်းငွေနှင့် မောင်လူနီ။အထက်ပါ ပုဂ္ဂိုလ်များအပြင် အခြား ထောင်အမှုထမ်း အမျိုးအပြားကိုလည်း ဖမ်းဆီးထားလေသည်။

အထက်ပါ ထောင်ပိုင်ထောင်မှူးနှင့် ထောင်အရာရှိများသည် သူတို့၏အလုပ် ဝတ်တရားများကို ဆောင်ရွက်စဉ်က ကွန်မြူနစ် အကျဉ်းသမားများကို ညှဉ်းပန်း နှိပ်စက်သည်ဟူသော စွပ်စွဲချက်ဖြင့် ပြည်မြို့ရှိ (ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်း စုစစ်တရားခုံရုံးအဖွဲ့တွင်) ၁၉၄၉ ခု ဩဂုတ်လ ၂၅ ရက်နေ့မှ စတင်စစ်ဆေးခဲ့၍ ၁၉၄၉ ခု အောက်တိုဘာလ ၁၉ ရက်နေ့နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင်စီရင် ချက်ချမှတ်လိုက်လေသည်။ စစ်ဆေးသော ခုံအဖွဲ့တွင် အမှုဆောင်တရားသူကြီး များမှာ တပ်နီခေါင်းဆောင် ဗိုလ်အောင်မင်းက ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ တောခိုစစ် ပြေး ဗိုလ်စိန်တင်နှင့် ရဲဘော်ဖြူဗိုလ်စံထွန်းတို့က ခုံအဖွဲ့ဝင်များအဖြစ်ဖြင့်၎င်း ပါဝင် ကြလေသည်။ ထိုသို့စစ်ဆေးရာတွင် ကွန်မြူနစ်သက်သေများကိုသာ ခေါ်ယူစစ်ဆေး လျက် ထောင်အရာရှိများကမူကား သက်သေတင်ပြခွင့် မရှိခဲ့ပေ။ စတင်စစ်ဆေး စဉ်ကပင် သေဒဏ်အပြစ်ပေးမည်ဟု အားလုံးကပင်သိရှိပြီးဖြစ်သဖြင့် တရားခံများ ဘက်မှ သက်သေလိုက်ခံသူများလည်း မရှိကြပေ။

ထောင်ပိုင်၊ထောင်မှူးနှင့်ထောင်အရာရှိများအားလုံးက သူတို့သည်နိုင်ငံတော်

PDF CREATOR - NYEYADHAMMA@GMAIL.COM

၍ တာဝန်ဝတ်တရားများကို ထမ်းဆောင်ကြရာတွင် ကွန်မြူနစ်အကျဉ်းသမား များကို မညှဉ်းပန်းခဲ့ကြကြောင်း ထွက်ဆိုကြသော်လည်း ကွန်မြူနစ်တို့သည် သူတို့ အားသေဒဏ်ပေးတော့မည်ကို အားလုံးပင် ကြိုတင်သိရှိကြပြီးဖြစ်၏။ ထိုစဉ်က ကွန်မြူနစ်ပါတီမှထုတ်ဝေဖြန့်ချိလျက်ရှိသော (ပြည်သူ့လွတ်မြောက်ရေးသတင်း စဉ်)တွင်လည်း အမြဲလိုလိုပင် ဆောင်းပါးများပါရှိရာ ဆောင်းပါးများမှာလည်း အများအားဖြင့် ထောင်အရာရှိများကို သေဒဏ် ပေးထိုက်ကြောင်း တိုက်တွန်း ရေးသားထားသည်ကို တွေ့ရလေသည်။ ဥပမာအဖြစ်ဖော်ပြရလျှင် ၁၉၄၉ ခု အောက်တိုဘာလ ၁၆ ရက်နေ့ထုတ် (ပြည်သူ့လွတ်မြောက်ရေးသတင်းစဉ်)အတွဲ ၁၊ အမှတ် ၁၁၊ စာမျက်နှာ ၂၊ အယ်ဒီတာထံပေးစာတွင် ဆောင်းပါးရှင်တဦးက (သူတို့ရဲ့ဆရာ အရင်းရှင်ဥပဒေကိုယုံပြီး စာအုပ်ကြီးအတိုင်းဘူးကွယ်နေတဲ့ ဒီပြည် သူ့ရာဇဝတ်ကောင် သာယာဝတီထောင် အရာရှိဆိုးများကို သေဒဏ်သာ အပြစ် ပေးသင့်ပါကြောင်း) ဟူ၍ လေးလေးနက်နက်တိုက်တွန်းထားလေသည်။ တရားခံ များကိုအမှုစစ်ဆေးလျက်ရှိစဉ် စာ နယ် ဇင်း များတွင် ဆောင်းပါးရှင်များကသော် ၎င်း၊ အယ်ဒီတာများကသော်၎င်း မည်ကဲ့သို့ စီရင်ရမည်ဟု ပြောင်တိုက်တွန်းရေး သားပုံမှာ တရားစီရင်ချက်ကို လမ်းခင်းပေးခြင်းသာဖြစ်၍ ဒီမိုကရေစီ စံနစ်နှင့် ညည်မျှကွာခြားသည်ကို သိသာနိုင်ပေသည်။

အားလုံးကကြိုတင် ခန့်မှန်းထားသည့်အတိုင်း ပင် ၁၉၄၉ ခု အောက်တိုဘာလ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် ကွန်မြူနစ် ပြည်သူ့ခုံရုံးမှ အထက် ပါအရာရှိအမှုထမ်းများအား ပြစ်မှုထင်ရှားသည်ဟုဆို၍ သေဒဏ်ထောင်ဒဏ်များ ပေးလိုက်လေသည်။ သေဒဏ်အပြစ်ပေးခံရသူများကို လက်ပြန်ကြိုးတုပ်လျက် မြို့ပြင်သို့ထုတ်ပြီးနောက် သရဏဂုံတင်ပြီးလျှင် ငါးယောက်တတွဲ ခေါ်ထုတ်လျက် အဝတ်ဖြူများဖြင့် ဖုံးအုပ်၍ ကွန်မြူနစ်များက သေနတ်နှင့် ပစ်သတ်ခဲ့လေသည်။ ထိုမျှရက်စက်ကြမ်းကြုတ်လှသော လူသတ်ပွဲကြီးကို မြို့သူမြို့သားများ လာရောက် ကြည့်ရှုကြရန် ကွန်မြူနစ် အာဏာပိုင်တို့က နှိုးဆော်ကြသော်လည်း စုတ်တသတ် သတ်နှင့် ရင်ထုမနာဖြစ်ကြရသော မြို့သူမြို့သားများသည် လာရောက်ကြည့်ရှုခြင်း မပြုကြဘဲ ကွန်မြူနစ် နောက်လိုက် အနည်းငယ်မျှသာ သွားရောက်ကြည့်ရှုကြလေ သည်။

ထိုကဲ့သို့ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသော ကွန်မြူနစ် ဘီလူးဇာတ်လမ်း သည် နှစ်နှစ်ကျော်ကျော်မျှပ်သွားပြီးနောက် ၁၉၅၂ ခုနှစ်အစတွင် အစိုးရတပ် များ၏ ထိုးစစ်ဆင်နွှဲမှုကြောင့် စစ်ကိုင်းခရိုင်တွင် ကွန်မြူနစ်မြေအောက်စခန်း

များမှ ရရှိသော ဓာတ်ပုံများအနက် အထက်ပါ ကွန်မြူနစ်ပြည်သူ့ခုံရုံးမှ အစပြု၍ သာဝန်တွင် အဆုံးသတ်သွားကြရရှာသော အမှုထမ်းများ၏ ဓာတ်ပုံများကိုပါ မှုသဖြင့် ထိုနှစ်မတ်လအတွင်းတွင် တိုင်းပြည်သို့ ပြန်လည်တင်ပြခဲ့လေသည်။ အလားတူကွန်မြူနစ်များ၏ ရက်စက်မှုများလည်း မရေမတွက်နိုင်အောင် ရှိသော် လည်း အထက်ပါ ရက်စက်မှုကြီးကိုသာ နမူနာ အဖြစ်ဖြင့်တင်ပြလိုက်ရပေသည်။

ကွန်မြူနစ် အစရှိသော သောင်းကျန်းသူတို့သည် ၁၉၄၉ - ၅၀ ခုနှစ်အတွင်း၌ မှုတို၏ ပုန်ကန်မှုကြီးသည် သိသိသာသာ ကျဆင်းလာပြီ ဖြစ်သော်လည်း စိတ် ဓာတ်ကြံ့ခိုင်ရေးအတွက်ဝါဒဖြန့်ချိရေးကို မြေအောက်၌ ပြင်းပြင်းထန်ထန် ဆင်နွှဲ လေသည်။ ဥပမာအားဖြင့်ဖော်ပြရလျှင် ရန်ကုန်ခရိုင် ဗမာပြည် ကွန်မြူနစ်ပါတီ မှထုတ်ဝေသော (ပြည်သူ့လွတ်မြောက်ရေးသတင်းစဉ်) တွင် ဖ ဆ ပ လ အစိုးရ ၏ တကွ နိုင်ငံတော်ဝန်ကြီးချုပ်ကို ပြင်းပြင်းထန်ထန်ပုတ်ခတ်ဝေဖန်ထားသည်ကို တွေ့ရသည်။ အရေးအသားသည်လည်း အလွန်ရိုင်းပြရင့်သီးသော စကားအသုံး အနှုန်းများဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ဖော်ပြရ လျှင် ထိုသတင်းစဉ် အတွဲ ၁၊ အမှတ် ၄၊ ၁၉၅၀ ခုနှစ် မတ်လထုတ် စာစောင် မှ အောက်ပါ အရေးအသားမျိုးပါရှိသည်ကိုတွေ့ရသည်။

"ဗမာပြည်ကွန်မြူနစ်ပါတီဟာ လယ်သမား အလုပ်သမားနဲ့ မြို့နေလူတန်း စားကို ရှေ့ဆောင်ပြီး အင်္ဂလိပ်၊ အမေရိကန်နယ်ချဲ့သမားရဲ့ လက်ပါးစေ အိမ်စောင့် ခွေး နေဝင်းနဲ့ ဆိုရှယ်လစ် အစိုးရကို လက်နက်ကိုင်ပြီးတော်လှန်တိုက်ခိုက်ခဲ့တာ ဒီကနေ့ ၁၉၅၀ ခု မတ်လ ၂၈ ရက်နေ့မှာဆိုယင် နှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ"။

"ကွန်မြူနစ်ပါတီ၏သစ္စာဖောက် ပြည်သူလူထု၏ရန်သူ တာရာကို အမှူးထား ၍ နေဝင်းနဲ့ ဆိုရှယ်လစ်တို့၏ ပြည်သူလူထုမျက်စိထဲ သဲနှင့်ပက်မည့်ယုတ်မာလှ သော အကြံအစည်များကို ပြည်သူ့အသံလွှင့်ဌာနက ဖွင့်ချနိုင်ခဲ့သည်။ မောင် နှင့် တပည့်ကျော်တို့၏ အကြံအစည်တိုင်းကို ပြည်သူလူထုအား ထွက်ပေါက်ရှာ သည့်ခွေးရူးကဲ့သို့ထွက်ပေါက်ရှာရန်သာ သူတို့ကြိုးစားဦးမည်။ ဗမာပြည်ကွန်မြူ နစ်ပါတီကား သူတို့ထွက်ပေါက်အကြံတို့ကို ပြည်သူလူထုအား အမြဲတမ်း တင်ကြို၍ ဖွင့်ချမည်ဖြစ်ပေသည်"။

"ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုကြီးရဲ့တကယ့်ခိုင်မြဲတဲ့တော်လှန်ရေးအင်အား ကြီးကို လွတ်မြောက်တဲ့ ဒေသတရပ် အဖြစ်ဖြင့် ပြည်မြို့မှ မတ်လ ၁၂ ရက်နေ့က ၇ ရက်နေ့အထိကျင်းပပြီး ထင်ထင်ရှားရှားပြသလိုက်ပြီး နယ်ချဲ့ အိမ်စောင့်ခွေး ဆိုရှယ်လစ်အစိုးရရဲ့အပါးတော်မြဲသတင်းစာတွေကမှိုင်းတိုက်လိုက်သည်တမျိုး၊

ခြေထိုးလိုက်သည်တသွယ်၊ ဘာဖြစ်ကုန်ပြီ၊ ညာဖြစ်ကုန်ပြီဆိုပြီး သတင်းစာ မှာအရှက်မရှိနှင့် ဖော်ပြလိုက်တဲ့ဖြစ်ခြင်းတကယ့်ကိုဘဲ နေ့ရှဲလက်ပါးစေ ပီသ တယ်။ ယခုအခါမှာတော့ ငနဲဆိုရှယ်လစ်အစိုးရရဲ့ လက်ပါးစေသတင်းစာ၊ လွှင့်ဌာနတွေက လိမ်ချင်သလို လိမ်နေကြပါ။ မှိုင်းတိုက်ချင်သလိုမှိုင်းတိုက်ကြ နင်တို့တတွေမှိုင်းတိုက်သမျှကို လူထုကတော့ မျက်စိကန်းမဟုတ်တော့ အမြ သိမြင်နေပြီဖြစ်ကြသည်။ တနေ့ကျလို့ရှိယင် နင်တို့လိမ်ခဲ့တဲ့စေတနာ နင်တို့မှိုင်း တိုက်ခိုက်တဲ့စေတနာတွေရဲ့ အကျိုးကို နင်တို့ကို ပြန်ပေးတဲ့အခါ ကျတော့ မကြောက်ကြပါနဲ့ လုပ်ရဲယင် ခံရဲကြပါ”။

“ပုတီးကိုသာတွင်တွင်စိပ်ထားပေတော့ ငနဲရေ။ ပြည်တွင်းစစ်ကို ဖန်တီး တရားခံတွေကို ငါတို့အရှင်ဖမ်းတော့အံ့။ ငနဲဆိုရှယ်ဖက်ဆစ်တွေဟာ ဂျပန်ဖ ယူလိုက်တဲ့နည်းနဲ့ချေးတပ်ဆွဲတော့မှာကို သိကြရဲ့လား။အောင်ဆန်းရွှာ ထူ ရေးတပ်ဆိုတာ စင်စစ်မှာတော့ ချေးတပ်ပေါ့လေ။ သေလေပြီးတဲ့ သူရဲကော ကြီးရဲ့နာမည်ကိုအသုံးချပြီး ဒင်းတို့အစီအစဉ်အောင်မြင်အောင် နားလှဲ့ ပါးရိုက် အကြံမျိုးလို့လဲဆိုနိုင်ပါတယ်။”

အထက်ပါအတိုင်းပင် ၁၉၅၀ ခုနှစ်အတွင်း မြေအောက်၌ထုတ်ဝေဖြန့်ချိခဲ့ ကွန်မျူနစ်စာပေအားလုံးသည် မိုးသီးမိုးပေါက်ပမာ ဟိန်းဟောက်ချောက်လှ ရင့်ရင့်သီးသီးရေးသားထားသည်ကိုသာ တွေ့ရှိရလေသည်။ ထိုနှစ်အတွင်းပင် ကွ မျူနစ်ပါတီသည် နှစ်နှစ်အတွင်း အောင်ပွဲခံရမည်ဟူသော ကြွေးကြော်သံဖြင့် တို့အုပ်ချုပ်သောနယ်မြေအတွင်းရှိ ပြည်သူလူထုအား အပြင်းအထန်ဝါဒဖြန့် ကိုလည်း တွေ့ရှိရ၏။ ထိုသို့ပင် ဟန်ဆောင်အားမွေး၍ ဝါဒဖြန့်ချိကြသော ၁၉၅၀ ခုနှစ်မှစ၍ သူတို့၏နယ်မြေများကို တခုပြီးတခု လက်လွှတ်လိုက်ရသည် တွေ့ရှိရလေသည်။

ထိုကဲ့သို့အစိုးရတပ်မတော်၏ ပြင်းထန်သော စစ်ဆင်မှုကြောင့်၎င်း၊ ပြည်သူ လူထုကြီးတရပ်လုံးက သောင်းကျန်းမှုမျိုးစုံကိုအော့နှလုံးနာလာကြ၍ အစိုးရတ များကို ကိုယ်ထိလက်ရောက် အားပေးကူညီလာကြသောကြောင့်၎င်း သောင်း ကျန်းသူများ၏ နယ်မြေသည် တဖြည်းဖြည်း ရှုံ့၍လာခဲ့ရာ ကွန်မျူနစ်ခေါင်း ဆောင်များသည် မိမိတို့၏ လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်လာကြသည်ကို တွေ့ရှိရ၏။ ထိုသို့ပြန်လည်သုံးသပ်ခြင်းမှာ လူသိနတ်ကြား ထုတ်ဖော်သုံးသပ်ခြင်း မျိုးမဟုတ်ဘဲ ပါတီဝင်များအတွက်သာ ရည်ရွယ်သော (ပါတီတွင်းစာစောင်) အတွင်း၌ အတည့်အလင်းဖွင့်ချဝေဖန်ထားသည်ကို တွေ့ရှိရလေသည်။အဆိုပါပါတီ

တွင်းစာစောင်တွင် ပါရှိသောအတွင်းဝေဖန်ချက်များကို အောက်တွင် ထုတ်နုတ် ဖော်ပြပေအံ့။

၉-၅-၅၁ ရက်နေ့ထုတ် ပါတီတွင်း စာစောင်မှ ကောက်နုတ်ချက်များ

“လူမျိုးငယ်များအတွင်း၌ ငါတို့သည် သူတို့၏ဓလေ့ထုံးစံများကို လေးစားစွာ ဖြင့် လိုက်လျောမှုများ ရှိရမည်”။

“သူတို့၏ ယုံကြည်ကိုးကွယ်မှုများကို မစော်ကားမိစေရ”။

“လေးလေးစားစား ရှိရမည်။အကယ်၍ လိုအပ်က ဘာသာကိုင်းရှိုင်းမှု၊ရှိခိုးမှု၊ အလေးအမြတ် ပြုမှုများကိုပင် လိုက်လျောခြင်းများ ပြုကြရမည်”။

“သာသနာ့ ဒါယကာ ဖြစ်သည်အထိကား မလုပ်ရ”။

“ဗိုလ်နေဝင်းနှင့် စပ်လျဉ်း၍ သူ့ အပေါ်တွင် အချက်ပေါ်တိုင်း ဖွင့်ချရမည် ဟု၍ ငါတို့ယခင်က သဘောထားခဲ့ကြသည်။ ညွှန်ကြားချက်လည်း ထုတ်ခဲ့သည်။ အကယ်လည်း ဗဟိုကအစ နယ်များအားလုံးကပင် ဖွင့်ချခြင်းများ ပြုလုပ်ခဲ့ကြ သည်”။

“ဤသို့ ဗိုလ်နေဝင်း၏ ဖောက်ပြန်မှုများကို ဖွင့်ချသည့်နည်းအတိုင်းပင် သခင်နု နှင့်တွဲနေသော ဖောက်ပြန်ရေးသမားများကိုလည်း အကယ်၍ သခင်နုနှင့် ပဋိပက္ခ ဖြစ်နေသည်ကို တွေ့ပါမူ ဖောက်ပြန်မှုကိုလည်း ညင်သာစွာ ဖွင့်ချယင်း ပဋိပက္ခကို ဖော်ထုတ်ချီးကျူးခြင်းဖြင့် ပို၍ပဋိပက္ခ ပြင်းထန်လာစေမည့် နည်းများကို အသုံး ပြုကြရမည်”။

၁၉၅၁ ခုနှစ်အတွင်း တပ်သား ရာထားချက်ထဲမှ မတ်လထိ ပေးပို့သည့် တပ်သား ဦးရေ။

နိုင်အမှတ်	တနှစ်လုံးရာထားချက်	မတ်လအထိ အချိုးကျ	မတ်လအထိရရှိသည့်ဦးရေ
၁	၂	၃	၄
၁	၄၂၀	၁၀၅	မရှိ
၂	၁၆၀	၂၁၀	”
၃	၆၂၀	၁၅၀	”
၄	၁၄၇၀	၃၆၀	၂၂
၅	၇၀၀	၁၀၀	၂၆၄
၆	၁၃၅၀	၃၃၀	၁၂၃

၁၁-၇-၅၁ ရက်နေ့ထုတ် ပါတီတွင်း စာစောင်မှ ကောက်နုတ်ချက်များ

"ငါးတို့သည် ရေနှင့်ကင်းကွာပြီး အသက်ရှင် မနေနိုင်သကဲ့သို့ ငါတို့သည်လည်း လူထုနှင့်ကင်းကွာပြီး တော်လှန်ရေး ဆင်နွှဲ၍ မဖြစ်နိုင်ပေ။ လူထုကိုအစဉ်သဖြင့် မှီခိုအားထားရမည်၊ အကူအညီ ယူရမည်။

သို့သော်ဤအချက်ကို အခွင့်ကောင်းယူ၍အချို့သော ရဲဘော်များသည် လူထု အကူအညီကို နေရာတကာတွင်ယူသည်များကိုတွေ့ရသည်။တနည်းအားဖြင့် ဤအ ချက်ကို အလွဲသုံးစား လုပ်နေကြသည်။ လူထုက အကူအညီပေးနိုင်သည် မပေးနိုင် သည်ကိုမကြည့်၊ မရလျှင် လူထုညှဉ့်သည်၊ ဒီရွာ စည်းရုံးရေးမကောင်း၊ ကျုပ်တို့က အသက်စွန့်ပြီး တိုက်ပေးနေတာ ခင်ဗျားတို့က ဒါလောက်မှ အကူအညီ မပေး ချင်ဘူးလား စသည်ဖြင့် လူထုကို ပြစ်တင်ရှုတ်ချကြသည်။ တချို့ ရဲဘော်များက လက်နက်ဖြင့် ခြိမ်းခြောက်ကာ အာဏာပြပြီး လူထုအကူအညီကို အတင်းအဓမ္မ ယူကြသည်များလည်း ရှိပေသည်"။

"ယခုနှစ်ဆိုလျှင် မနှစ်ကလောက်မှ လူထု၏ ထောက်ခံချက်ကို ငါတို့သည်မရ။ မနှစ်ကကြပ်တည်းသော အခြေအနေတွင် ငါတို့အား လူထုက အစွမ်းကုန်ထောက်ခံ နေပါလျက် ဒီနှစ်အောင်ပွဲရမည့်အခြေအနေတွင်မှ လူထုသည် အိုးရေအိုးရေဖြစ် ကာ နေရပေသည်။

အဘယ်ကြောင့်နည်း။

ဘိုးသူတော်လဲနေပြီ။

ဗမာစကားပုံရှိသည်။

တောင်ဝှေးလဲက ဘိုးသူတော်က ထူနိုင်သည်။

ဘိုးသူတော်လဲက တောင်ဝှေးက မထူနိုင်။

ယခုနေ့အဘို့ သူတော်တည်းဟူသောငါတို့ပါတီက ဖရိုဖရဲနှင့်မှောက်ရက် လဲနေ ရာ အသို့လျှင် တောင်ဝှေးတည်းဟူသော ပြည်သူလူထုကို ထူနိုင်ပါအံ့နည်း။

ပါတီဝင်များသည် လက်လှမ်းမှီရာလူကိုဗိုင်း၊ မျက်မှန်းတမ်းမိသူကိုဗိုင်း၊ နီးစပ် ရာကိုသော်ဗိုင်း ဆွဲ၍ သတ်မှတ်လိုက်ကြခြင်းဖြင့် အုတ်အရောရော ကျောက်အရော ရောဖြစ်လာ၏။ အခွင့်အရေးသမားများ ဖျက်ဆီးရေး သမားများသည် ပါတီထဲ သို့ ဝင်ရောက်လာကြ၏။

ဒါကိုပြန်လှန်ဆန်းစစ်ခြင်း၊ ပါတီပြန်လည်သန့်ရှင်းခြင်းမရှိ။

ပါတီကလာပ်စည်းလုပ်ငန်းများလည်းမရှိသလောက် ပျက်နေခဲ့ပေသည်။ပါတီ

...ည့် ကလာပ်စည်းများကိုဖော်မထုတ်နိုင်ခြင်းဖြင့် ခွင့်မလွှတ်နိုင်သော ရာဇဝတ်မှု ...ကျူးလွန်ခဲ့ပေပြီ"။

"ရွှေဆောင်ပါတီတွင် စည်းရုံးရေးများပျက်စီးနေသည်နှင့် အမျှ လူထုကြီး ...ည်လည်း တက်ကြွမှုမရှိတော့ပေ။ ပါတီတွင် ဗျူရိုကရေစီ ကဲလာသည်နှင့်အမျှ ...အတွင်းမှာလည်း ဗျူရိုကရေစီသည် ပျံ့နှံ့လာတော့၏"။

"ရဲဘော်များသည်အာဏာမာန်ရစ်ကာ ပြည်သူလူထုအားစော်ကားလာခဲ့ကြ ...တော့၏"။

"ရဲဘော်တယောက်သည်မြင်းတစီးနှင့်ရွာသို့ လာပြီးဆက်သားတောင်း၏။ ထို ...ဆက်သားကခြေကျင်ခရီးဖြင့်သူ့ မြင်းကိုမှီအောင်လိုက်ကာ လမ်းပြရမည်ဟုဆို၏။ ...မလိုက်လျှင်သတ်ပစ်မည်ဟု ကြိမ်းမောင်း၏"။

"တိုက်နယ်စည်းရုံးရေးမှူးတယောက်က သူနှင့်ထိုင်နေသူတဦးအား ရွာသား ...များက အကြိန်ရေပက်ရာ သူ့ အားရေစင်သဖြင့် မျက်မာန်တော်ပွါးကာ လက်ပစ် ...ဗုံးနှင့် ထုခွဲတော်မူ၏။တယောက်သေဆုံး၍ သုံးယောက်ဒဏ်ရာရသွားလေသည်"။

"အမှုအခင်းစစ်ဆေးရာတွင်မဖော်၍ နို့စို့ကလေးနှင့်မိခင်ကို သုသာန်ထုတ် ...ကာ မြေတွင်မြှုပ်ပြီးအမှုစစ်၏"။

"လည်းချက်ခြင်းမရ၍ အော်ခြင်း၊ ငေါက်ခြင်း၊ဓားကြိမ်းကြိမ်းခြင်း၊ သေနတ် ...နှင့်ချိန်ခြင်း၊ ရိုက်နှက်ခြင်းစသော ငါ့ဖက်မှုကြည့်ပြီး သူများဖက်မှ မကြည့်သော ...ပြုအမှုများမှာလည်း ယနေ့ နေရာ အနှံ့ အပြားတွင် တွေ့ကြုံ နေရပေသည်"။

"ကျေးရွာခေါင်းဆောင်များ၏ လက်သုံးစကားတခုမှာလည်း "ဖမ်းလိုက်ရမ ...လား" "ထိတ်တုံးခတ်လိုက်ရမလား" ဟူ၍ဖြစ်လာ၏။ဒါဟာ အာဏာကိုလက်လွှတ် ...မပယ်သုံးနေခြင်းဖြစ်ပေသည်"။

"ဤသို့ဖြင့် ကျေးရွာခေါင်းဆောင်များသည် ကျေးရွာလူထုနှင့် ကင်းကွာလာ ...တော့၏။ ဤသို့ဖြင့်ဗျူရိုကရေစီ စက်ယန္တရားကို ဖျက်သိမ်း၍ ပြည်သူ့ အုပ်ချုပ်ရေး ...အဖွဲ့များ အစားထိုးလိုက်ခါမှ သူကြီးဆိုး တယောက်နေရာ ငါးယောက်ဝင်လာ ...ပေတော့သည်"။

စတာလင်၏ အနှစ် ၇၀ မြောက် အထိမ်းအမှတ်ပွဲနေ့က ဥက္ကဋ္ဌကြီး သခင်သန်း ...ထွန်းက—

"ဒီအတိုင်းသွားနေယင် သခင်နုကို အရှင်ဖမ်းပြီး ပြည်သူ့ တရားခွင်မှာ တင်စစ် ...ဖို့မပြောနဲ့ကျွန်တော်တို့ကိုသခင်နုက ဖမ်းပြီး ကြိုးစင်တင်လိမ့်မယ်" ဟု လေးနက်စွာ ငါတို့အား သတိပေးခဲ့ပေသည်"။

"မနှစ်က မြင်းခြံခရိုင်တွင် စစ်သားစုဆောင်းရာ ၇ ရက်အတွင်းတပ်သား
များ ၇၀၀ ရခဲ့၏။ သို့သော် ယနေ့အခြေအနေတွင်ကား မြင်းခြံခရိုင်သည် မနှစ်က
စံချိန်နားသို့ သီပင်မသီနိုင်တော့"။

၂၆-၁၁-၅၁ ရက်နေ့ထုတ် ပါတီတွင်းစာစောင်တွင်လည်း အောက်ပါ အရေးအသားမျိုးကို တွေ့ရှိရသေးသည်။

"ပါတီကျယ်ပြန့်လာသည့်အလျောက် လုပ်သားကောင်းများ လုံလောက်စွာ
ပေါ်ထွက်ပြီး လုပ်ငန်းများ နိုင်နင်းအောင်မြင်လာရန်ဖြစ်သော်လည်း အိတ်ပေါက်
နှင့်ဖားကောက်သလိုသာ ဖြစ်ခဲ့ရသည်"။

"တပ်မကြီး ၂ ကိုဖွဲ့ပြီးနောက် တပ်သားသစ် ၁,၂၂၀ ရသည်။ ၄၀၀ မျှသာတပ်
မတော်တွင်တိုးခဲ့သည်။ ကျန် ၈၀၀ ကျော် ဘယ်ရောက်ကုန်ရသနည်း"။

"အမှတ် ၇ ခရိုင်တွင် ပါတီဝင် ၆,၀၀၀ ကျော်ရှိသည်။ပြည်သူ့တပ်မတော်
လက်နက်ရုံအတွက် ပါတီဝင် ၂၀ တောင်းသည်၊ မရခဲ့ပေ"။

အထက်ပါ ကောက်နုတ်ချက်များမှာ ၁၉၅၁ ခုနှစ်တွင် ကွန်မြူနစ်ပါတီသည်
သူတို့၏အခြေအနေ ဆုတ်ယုတ်ပျက်ပြားလာခြင်း၏ အကြောင်းရင်းများကို ရှာ
ကြံ၍ ပါတီဝင်များအတွက် အတွင်းကြိတ်ဖြန့်ချိ ဝေဖန်ချက်များ ဖြစ်လေသည်။

ကွန်မြူနစ်များကြီးစိုးသော နယ်ပယ်များတွင် ပြည်သူလူထုသည် မည်ကဲ့သို့
နေထိုင်ကြသည်ဟူသော အချက်ကို အားလုံးလိုလိုပင် အနည်းနှင့်အများ သိရှိပြီး
ဖြစ်ကြ၏။ သို့ရာတွင်"သေသောသူကြာလျှင်မေ့" ဟူသော စကားအတိုင်း ကြေကွဲ
ဝမ်းနည်းဖွယ်ရာကောင်းသော အဖြစ်အပျက်များကို ကြာလျှင်မေ့ပျောက်တတ်
သည်မှာ ဓမ္မတာဖြစ်၏။ ထို့ကြောင့် ကွန်မြူနစ်လက်အောက် ကျေးရွာလူထုသည်
မည်ကဲ့သို့ နေထိုင်ပြုမူ ပြောဆိုခဲ့ကြရကြောင်းကို တပ်မတော်မှ ဗိုလ်မှူး သမိန်
အမည်ခံသော စာဆိုတော်တဦးသည် အောက်ပါ ရှုကွင်းကလေးကို ကွင်းကွင်း
ကွက်ကွက် တင်ပြခဲ့သည့်အတိုင်း ပြန်လည်ဖော်ပြလိုက်ပေအံ့။

ကိုကျောက်လုံးသိတဲ့ ဒီမိုကရေစီတော်လှန်ရေး

ဗမာ့တပ်မတော်၏ ထိုးစစ်ဆင်မှု တခုတွင်"ဗိုလ်မှူး-သမိန်"သည် သူ့မိတ်ဆွေ
ရင်း တောသားကြီး ကိုကျောက်လုံးကို ညောင်ပင်သာရွာ၌ တွေ့ခဲ့သည်။ ညောင်

ပင်သာရွာကား ကွန်မြူနစ်ဗိုလ်၊ ဗိုလ်ရဲမောင် ဦးစီးသော တောင်ပိုင်းကွန်မြူနစ်
ဌာနချုပ် ဖြစ်သည့်အားလျော်စွာ ထိုဌာနချုပ်လက်အောက်တွင် ကိုကျောက်လုံး
တို့ တွေ့ကြုံခံစားရသည်တို့ကို ကိုကျောက်လုံးက လက်ဖက်ရည်ကြမ်းနှင့် ညှော်ခံယင်း
တလုံးတပါဒမျှမကျန် အမှန်အတိုင်းပြောပြသည်။ ပြောပြသမျှတို့ကိုလည်း "ဗိုလ်
မှူး-သမိန်"က အပိုအလိုမရှိ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

ဇာတ်ဆောင်သူ ကိုကျောက်လုံး၊ မယားမချစ်ဖွယ်၊ သားကိုကျေးတို့၏ ခံစား
ရမှုကား ကွန်မြူနစ်တို့ ကြီးစိုးသွားသည့် ရပ်တိုင်းရွာတိုင်းမှ ရွာသူရွာသားတိုင်း၏
ခံစားရမှုပင် ဖြစ်သည့်အလျောက် တတိုင်းတပြည်လုံး သိရှိနိုင်ပါရန် "ဗိုလ်မှူး-သ
မိန်" ရေးသားထားသည့် စာ"မူ"အတိုင်း ထုတ်ဖော်ဖြန့်ဖြူးအပ်ပါသတည်း။

ကိုင်းညွှတ်၍စိမ်းရွှက်များ ဖြာစိတ်နေသည့် အုန်းပင်တို့၏ အလယ်တွင် ညောင်
ပင်သာရွာကြီးမှာ တည်ငြိမ်လျက်ရှိနေပါသည်။ ည ၇-နာရီဆိုလျှင်ပင် ယခုခေတ်
တောရွာတို့ ထုံးစံအတိုင်း အသံများဆိတ်၍ ကလေးငိုသံ ခွေးဟောင်သံပင် တိတ်
နေချေပြီ။ ရှေးအခါတုန်းကတော့ ယခုအချိန်လောက်တွင် မောင်းထောင်းသံ မှန်
မှန်၊ အမျိုးသမီးများ၏ ရက်ကန်းစင်မှ လက်ခတ်သံတညံညံနှင့် သက်ဆိုင်ရာ ကာလ
သားတို့၏ ရွာရိုးတလျှောက် ဖို-မပေးသံတို့ကို ကြားရမည်ဖြစ်ပါသည်။

ယခုသော် ကလေးလည်းမငိုဝံ့၊ မီးခွက်ထွန်း၍ မောင်းထောင်းခြင်းလည်း မပြု
ဝံ့၊ ခွေးသော်မှရဲရဲမဟောင်ဝံ့၊ ဖိုသံပေးမည့် လူပျိုလူရွယ်များလည်း ရွာတွင်မတွေ့
နိုင်တော့ပြီ။ လယ်ယာကိုင်းကျွန်း၏ ဓားမနှင့် ထွန်းတုံးကိုပစ်၍ "ပြည်သူ့လွတ်
မြောက်ရေး စစ်ပွဲအတွက်" "ပြည်သူ့တပ်မတော်သား"များအဖြစ် မိမိတို့ကျေး
ရွာသို့ အကြိမ်ကြိမ် လာရောက်တရားဟောကြသော "ပြည်သူ့ပါတီကလာပ်စီး
ခေါင်းဆောင်"များ၏ ခေါ်ဆောင်ရာသို့ ဗမာပြည်၏အဓိက အန္တရာယ်ကြီးဖြစ်နေ
သည့် "အမေရိကန် – အင်္ဂလိပ်" နယ်ချဲ့သမားကို တိုက်ရန် ရရာသေနတ်ကိုစွဲကာ
လိုက်ပါသွားခဲ့ကြလေပြီ။

ဒီလို သူတို့ရွာကလူငယ်တွေ ပြည်သူ့တပ်မတော်ကြီးထဲ ဝင်သွားပြီးကတည်း
က၊ တနည်းအားဖြင့် ပြောရလျှင် သူတို့ရွာအပါအဝင် စစ်တောင်းမြစ် အရှေ့ဖက်
ကမ်းရှိ ရွာများကို "လွတ်မြောက်သောနယ်မြေ"လို့ သူတို့ ပါတီခေါင်းဆောင်ကြီး
တွေက ကြေညာပြီး ကတည်းက ကိုကျောက်လုံးတို့တတွေ၏ အခြေအနေမှာ
သိသိသာသာကြီး ပြောင်းလဲလာခဲ့ပါသည်။

"ဒီမိုကရေစီ ပြည်သူ့တော်လှန်ရေးကြီး စပြီ"

"ငါတို့တတွေရဲ့ တော်လှန်ရေးအင်အားစုတွေ ဒီရေအလား တိုးတက်နေပြီ"

"ပြည်သူ့တပ်မတော်ရဲ့ အောင်ပွဲခံမှုတွေဟာ အထက်ဗမာမြေက လျှံထွက်ပြီး ဒို့ဆီမှာတောင် ဂယက်ရိုက်လာတယ်"။

ကိုကျော်လုံးတို့တတွေမှာလဲ အားရပါးရ ဟောပြောနေတဲ့ သူတို့ကျေးရွာဥက္ကဋ္ဌနဲ့ ကာကွယ်ရေးတာဝန်ခံ ဗိုလ်မှူးအောင်ခင်တို့ရဲ့ တရားပွဲကို မကြာခဏ တက်ရောက်ရပြီး နားထောင်ကြရတော့ ကြက်သီးမွေးညှင်းတွေထပြီး ဘာလိုလို ဖြစ်မိသည်။

"ရဲဘော်တို့-ငါတို့၏လမ်းစဉ်အရ မြေယာတော်လှန်ရေးဟာအဓိကဖြစ်တယ်"။

"မြေယာတော်လှန်ရေးတိုက်ပွဲကို စတင်ဆင်နွှဲရတော့မယ်"။

"ငါတို့တတွေရဲ့ ခေါင်းဆောင်မှုကို မှန်ကန်အောင် လမ်းပြပေးနေတဲ့ ငါတို့ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ကြရမယ်"။

"ကဲ-ကဲ- ကြွရောက်လာကြတဲ့ ပြည်သူလူထုတိုင်းကကျွန်တော်တို့တိုင်ပေးယင် "သက်တော်ရာကျော် ရှည်ပါစေ"လို့ သုံးကြိမ် ဟစ်အော်ရမယ်"။

"ဥက္ကဋ္ဌ သခင်သန်းထွန်း....ကဲ- အော်ကြလေ"

"...........သက်–သက်–သက် တော်၊ ရာကျော် ရှည်ပါစေ"

(၃-ခါ)။

ကိုကျော်လုံးတို့လဲ ဘာလိုလိုနဲ့ တော်လှန်ရေး ပြည်သူ့ဖက်သားတယောက် ဖြစ်လာပေပြီ။

"မြေယာတော်လှန်ရေး စလုပ်တော့မယ်တဲ့"။

"ဥက္ကဋ္ဌကြီးဆိုတာ ဒို့ရွာက ဥက္ကဋ္ဌကြီး မဟုတ်သေးဘူး။ သခင်သန်းထွန်းလို့ ပြောတာ"။

"နေပါအုံး ကိုကျော်လုံးရဲ့၊ မြေယာတော်လှန်ရေးဆိုတာ ဘာလုပ်ကြမှာလဲ"ဟု သူ့ဇနီး မချစ်ဖွယ်က ထမင်းအိုးငှဲ့နေရာမှ မေးလိုက်တော့ ကိုကျော်လုံး ကိုယ်တိုင်ကလဲ နားမရှင်းတရှင်း ဖြစ်နေလေတာနဲ့–

"မသိမသာ နေစမ်းပါ ချစ်ဖွယ်ရာ"ဟု လှမ်း၍ ကြိမ်းလိုက်ရသည်။ "အင်း ခေါင်းဆောင်ကြီးတွေ ပြောတုန်းက ငါအသေအချာ နားမထောင်မိတာ မှားတယ်"ဟု မိမိကိုယ်တိုင် မိမိပြန်လည် ဝေဖန်လိုက်မိသည်။

မြေယာတော်လှန်ရေး-တဲ့

သို့နှင့် နေ့တနေ့....."နေပါအုံး ဘယ်နေ့ပါလိမ့်....ရက်တောင် အသေအချာ

မမှတ်မိတော့ဘူး။ ရဲဘော်တွေရောက်လာလို့ ထမင်းထုပ်ပေးရတဲ့နေ့က ထင်တယ်။ ဟင်....မှတ်သေးပါဘူး။ ထမင်းထုပ် ပေးရတဲ့ရက်တွေက ခဏ ခဏဘဲဟာ"။

"ကဲ....ကဲ....ထားပါတော့....အဲဒီနေ့ပေါ့ဗျာ"။

"ပြည်သူ့ အုပ်ချုပ်ရေးကျေးရွာကော်မီတီလူကြီးတွေညဦးကတည်းကဆင့်ထားတဲ့အတိုင်း ဟိုဖက်ကမ်းက အိုးစည်ဝိုင်းကျုပ်တို့ကတော့ကောက်ညှင်းပေါင်းခု-တင်းချက်၊ မြောက်ဖက်စုက ဒိုးပတ်ဝိုင်းနဲ့ ပါတီရုံးရှေ့မှာ ကျုပ်တို့တတွေစုကြရတယ်"။

"တယောက်ပြီးတယောက် ပြောကြ၊ ဟောကြတဲ့ ခေါင်းဆောင်တွေကတော့ အများကြီးပါဘဲ။ ကောင်းကောင်းတောင် မမှတ်မိတော့ဘူး။ ကျုပ်သတိကိုကတိုးတယ်။ အဲ–အဲ–အဲဒီနေ့ဘဲ မြေပုံကြီးဖြန့်ပြီး ကွင်းထဲဆင်း၊ ကြိုးတွေဘာတွေနဲ့ ပန်းက်ရိုက်၊ လယ်တွေကို စံနစ်တကျ ကျုပ်တို့ကို စ ဝေပေးလိုက်တယ်။ ကျုပ်တို့ကတွေလဲ စာရင်းငှါးလောက်သာသာက လယ်ပိုင်ရှင်တွေ ဖြစ်ကုန်ကြရတော့မှာပေါ့"။

"အင်း–နောက်မှ ဂွကျကုန်တာက ဒီလိုဗျ"။

"ကျုပ်တို့ စစ်တောင်း ဒီဖက်မှာက အင်းတွေ ကိုင်းတွေများလို့ လယ်ရယ်လို့ ပါလောက်များများ မရှိဘူး။ အဲဒီအထဲက–

'ပြည်သူ့ အုပ်ချုပ်ရေး အရံမြေ ဆိုတာရယ်'

'တော်လှန်ရေး ရဲဘော်တွေအတွက် ချန်ထားရတဲ့လယ်မြေရယ်'

'ပြည်သူလူထုအတွက် ရှမျှော်ခင်းလုပ်ဖို့ဆိုလား အဲဒါအတွက် တွေရယ်' နုတ်လိုက်တယ်။ အဲဒီကကျန်မှ လူဦးရေအလိုက်ခွဲပြီး ဝေလိုက်တော့ ကျုပ်တို့တတွေ သုံးတုံးသမား လုပ်နေကျက နှစ်တုံး၊ နှစ်တုံးသမားတော့ တတုံးလောက်ဘဲ လုပ်နိုင်တော့တယ်"။

"ပြီးတော့'လက်ငုတ်'ဆိုဘဲ့ကျုပ်တို့ ဘိုးဘေး ဘီ ဘင်လုပ်နေကျနေရာမှာ မဟုတ်တော့ ကျုပ်တို့တတွေ အတော်ဘဲဂွကျကုန်တယ်။ မြေတွေတိုင်းပြန်တော့လဲ အစိုးရမင်းများလက်ထက်က မြေတိုင်းစာရေး တွေလို နားမလည်ဘဲ အုန်းဆံကြိုးရှော်ကြိုးတွေနဲ့တိုင်းတယ်။ အချိုလဲပို အချိုလဲလို တချို့ရတဲ့လယ်တွေကျတော့ မြေကထွန်လို့မရတဲ့မြေဆိုးတွေဖြစ်နေ၊ လူစာရင်း ဇကာစာရင်းတွေလဲ တင်ကြိုပြင်မထား။ အရှုပ် အရှင်းတွေဖြစ်၊ ကျန်တဲ့လူတွေကျန် တလနှစ်လနဲ့လဲမပြီး သုံးလထဲရောက်လဲ ကွင်းထဲဆင်းပြီး အုန်းဆံကြိုးတွေနဲ့ တိုင်းနေတုန်းဆိုတော့ မိုးကျလာပါတောင် ကျုပ်တို့တတွေ ထွန်တချက် မဆွဲဖြစ်သေးဘူး"။

"အင်း-မြေယာတော်လှန်ရေးဆိုတာ ဒါဘဲလို့ ကျုပ်တို့လဲ သဘောပေါက်ကြ

ရော။ ဆိုးလိုက်တာက ထွန်ရတာနောက်ကျရတဲ့အထဲ စပါးဈေးက ဒလဟောကျတာနဲ့ကြုံနေတော့ ဝမ်းစာတောင် အနိုင်နိုင်ကုပ်မိတဲ့လူ ရှားရှားဘဲ”။

လူတန်းစားတိုက်ဖျက်ရေး-တဲ့

“ဒီလိုနဲ့ မြေယာတော်လှန်ရေးပြီးလေတော့ ပစ္စည်းသိမ်းရေးဝေငှရေးဆိုတဲ့တိုက်ပွဲ ဝင်ကြရပြန်တယ်”။ သူတို့ ပြောတာကတော့ ‘လူတန်းစားတိုက်ဖျက်ရေး’ ဆိုတာဘဲ။

ကိုကျော်လုံးတို့ကို အရင်မြေငှါးချပေးနေတဲ့မြေရှင် အရှေ့ပိုင်းက ဘုရားတကာကြီးရဲ့ ဘိုး-ဘွားလက်ထက်က ဆောက်ထားခဲ့တဲ့ နှစ်ဆောင်ပြိုင် အိမ်ကြီးပေါ့။ ဝေခြမ်းရေးလုပ်လိုက်တာ တချို့လဲ လှေကားဘောင်တဖက်ရ၊ တချို့သွပ်နှစ်ချပ်၊ကိုကျော်လုံးလဲ အိမ်က ကမ်မတခုရလိုက်တယ်။

အပို ၄၀ ရာခိုင်နှုန်း၊သွေးစုတ်မှု ၂၅ ရာခိုင်နှုန်းစံချိန်နှင့် ရွှေ၊ ငွေ၊ကျွဲ၊နွားများကိုလည်းသိမ်းသည်။ “ရွှေတဆင်စာထက်ပိုမထားရ” ဆိုပြီး ကလေး၏ နားဆွဲပါမကျန်သိမ်းသည်။ တချို့ကော်မီတီလူကြီးတွေ သမဂ္ဂအမှုဆောင်တွေနဲ့ အကြောင်း၊ အပေါင်းသင့်တော့ ချန်ထားလို့ရသည်။ အမှုဆောင်တွေ ဖြတ်ဘုန်းတာလဲရှိသည်။ အယင်ကမတဲ့လို့ ရန်ငြိုးထားခဲ့တဲ့ ရွာလယ် ကိုဖိုးအေးတို့ဖြင့် တဆင်စာမပြောနဲ့ ဘာမျှကို ချန်မထားရတော့ဘူး။

ကျောင်းဒကာကြီးလဲ အဲဒီကတည်းက မြို့ကိုလစ်တော့တာဘဲ။

ဒုတိယတိုက်ပွဲလဲ ဒီလိုနဲ့ပြီးခဲ့တယ်။

အင်းလေလံ

နောက်တချီတိုက်ပွဲကတော့“အင်း” ကိစ္စဆိုပါလား။

“စံနစ်ဟောင်းကို ချေမှုန်းမည်”

“သမဝါယမနှင့် ပြည်သူပိုင်အင်းများ ဖြစ်စေရမည်။”

ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ကြွေးကြော်သံသည်အားငယ်နေသောကိုကျော်လုံးတို့လူထုအား ဆေးတခွက်တိုက်လိုက်သလို ခေါင်းထူလာစေပြန်သည်။

အင်းများသည် ဤနယ်တဝိုက်၏ အခြေခံစီးပွါးရေးမဟုတ်ပါလော။

“ဇရစ်ချောင်းကြီးအင်း”၊ “ပိန်းအင်း”၊ “စောက်ချုံအင်း”၊ “သစ်ငုတ်အင်း”၊

“ကင်မွန်းမျှောင်အင်း”၊“ငှက်ကြီးသိုက်အင်း”၊ “ကျွဲမကူးအင်း”၊ “မျက်စောင်နီအင်း”၊“ဇရစ်ကလေးအင်း”စသည်ဖြင့် အင်းသေးအင်းကြီး ဆဲ့နှစ်ရာသီအင်း၊မိုးရာသီအင်းစသည်ဖြင့် အင်းတွေကားများပြားလှပါ၏။

“ဇလုပ်ချောင်းကြီးအင်း” ကိုကျော်လုံးတို့ အခေါ် “ဇရစ်ချောင်းကြီးအင်း” ဆိုပါတော့၊ ထိုအင်းကိုမှီ၍ အရှေ့လားသော် တောပု၊ ဒိုက်ပုံ။ အနောက်လားသော်ဝဲကြီး၊ ဝဲဒေါင့်၊ ထန်းကုန်းစသော ကျေးရွာလူထုက မှီခိုလုပ်ကိုင်နေကြရသည်။ ထိုအင်းကြီးတခုတည်းမှ ငါးထွက်တန်ဖိုးမှာ အနည်းဆုံးတသောင်းရှိသည်။

လယ်ကဟန်မကျသော်လည်း ကိစ္စမရှိ။ ကိုကျော်လုံးတို့တတွေအတွက် အားကိုးစရာ အင်းကြီးတွေရှိသေးသည်။ ဒီတချီ ကျုံးလုပ်လိုက်ယင် တနှစ်လုံးအတွက် မှုလိုမည်။ ပြည်သူ့အခွန်တော်နှင့် တော်လှန်ရေး စရိတ်များကိုလည်း အောက်ကျ၍ တောင်းပန်မနေရဘဲပြေလည်အောင်ပေးနိုင်မည်။နည်းနည်းပါးပါးပိုယင်တော့ ဇနီးချော မချစ်ဖွယ်နှင့် သမီးကလေး အေးနုတို့တယောက်တထည် ချည်ချောပွင့်ရိုက်ကလေးတွေ မြို့ကမှာဝယ်ပေးနိုင်မည်။

နွေရောက်လာပြီဆိုသည်နှင့် ပြည်သူ့အုပ်ချုပ်ရေးရုံးတွင် သမဂ္ဂအမှုဆောင်များဖြစ်ကြသည့် ဦးကြီးငွေတို့၊ ရဲဘော်ဝင်းအောင်၊ ရဲဘော်စိုးသောင်း၊ ရဲဘော်ဦးစံထူးတို့ ခေါင်းချင်းရိုက်ဆွေးနွေးကြသည်။

သူတို့တတွေလဲ ဗဟိုနှင့်တပ်မကြီး ၃ က ထောက်ပံ့ပေးပို့ရန် ဘဏ္ဍာတော်မြောက်မြားစွာ တောင်းဆိုထားသဖြင့် ရအောင်ရှာကြရပေမည်။

“တော်လှန်ရေးအောင်မြင်မှုသည် အဓိက”

“တပ်မတော် ကြီးထွားရေး”

“တခုတည်းသောနောက်ပိုင်းထောက်ပံ့မှု”စသော ဗဟိုကချပေးသည့်လမ်းစဉ်များကို လိုက်နာရပေမည်။ ထို့ကြောင့် အခွန်တော် ပိုမိုရရှိရန်အတွက် အင်းများကို လေလံပစ်တော့သည်။

“မျက်စောင်နီအင်း....သောင်းနှစ်ထောင်”

“ကိုခြားပိုင် ဇရစ်ကလေးအင်း....သောင်းခုနစ်ထောင်”

ကိုကျော်လုံးတို့တတွေမှာတော့ တဦးအား နှစ်ဦး သုံးဦးအားနှင့် ပေါင်း၍ပင် ဆွဲနိုင်သူမရှိ ကြေးရေတာများလည်း မြို့သို့ပြေးလေပြီ။သမဂ္ဂအမှုဆောင်တွေလည်း စိတ်ကျေနပ်လောက်အောင် မပေးလျှင် လေလံကို ချီးထားတော့မည်။

ထိုစဉ်တွင်ပြည်သူ့ တပ်မတော်၏ မဟာမိတ်ဖြစ်သည့် ကျောက်ကြီးနယ် ကေ

အင် ဒီ အို စစ်ဗိုလ်ကြီးတဦးက ကွမ်းသီးခြံတွေ ထုတ်ရောင်းလို့ရတဲ့ ငွေတွေပေးပြီး အရေးတကြီးအင်းကြီးများကိုလေလံဆွဲဝယ်လိုက်သည်။ ကိုကျောက်လုံးတို့ရွာသား တွေကတော့ လေးငါးဦးပေါင်းပြီး ဆွဲနိုင်မှ အင်းသေးအင်းမွှားကလေးတွေသာ လျှင်ရသည်။

ကိုကျောက်လုံးတို့လဲသမဝါယမစံနစ်နဲ့ အစုရှယ်ယာဝင်တဦးဖြစ်ရော ဆိုသည့် ဘဝမှအခြေအနေအရ "လက်ဝေခံ"သဘောမျိုးလောက်သာ လုပ်နိုင်တော့မည်။ ဒီတမိုးစပါးက မကိုက်လေတော့ တော်လှန်ရေးစရိတ်တွေ အချိန်မှီပေးနိုင်ဖို့ ဖြစ် သလိုလုပ်ကြရတော့မည်။

ချောင်း လေလံ

ကိုကျောက်လုံးတို့ အင်းသားတွေအဖို့ အသက်ရှူပေါက်တခုရှိပေသေးသည်။ တခြားမဟုတ်၊ စစ်တောင်းမြစ်မှ ယောက်သဝချောင်း သို့မဟုတ် ဘုန်းမထီးချောင်း အတိုင်း ညောင်ပင်သာရွာအထိ ချောင်းကောချောင်းပေါင်းများ ၁၁ ခု ရှိသေး သည်။

ဘိုးဘေးက အစဉ်အလာအရ ထိုချောင်းပေါင်းများကို လေလံပစ်ရိုးမရှိ၊ ရွာသူကြီးနှင့်ရွာသားတွေ ဆန္ဒတူလျှင် အင်းသားများကို ရောင်းချခြင်းပြုပြီး ထို ငွေများကို ရွာအဘွက်ရေတွင်းရေကန်တူးခြင်း လမ်းဖို့ခြင်းများအတွက် အသုံးပြု ခဲ့သည်။

သို့သော်လည်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့က အခွန်တော် ပိုမိုရရှိရေး၊ ဗဟိုသို့ ပို့ပြီးဘဏ္ဍာတော်ပို့နိုင်မှ ဥက္ကဋ္ဌကြီး၏လက်မှတ်နှင့် ချီးကျူးလွှာကိုရရှိမည်ဖြစ်သည့် အတွက် လုံးဝ လက်ဝါးကြီးအုပ်လိုက်ပြန်လေပြီ။ ကိုကျောက်လုံးတို့လူစု ဘာများ တတ်နိုင်သေးပါသလဲ။

ကိုကျောက်လုံးတို့တော့ အတော်ဘဲ စိတ်မေသွားကြသည်။ ခြေကုန်လက်ပမ်း ကျသွားကြသည်ဆိုလျှင်လည်း မမှားပေဘူး။

ကူးတို့လေလံ

စစ်ဘောင်းကူးတို့များကိုလည်း ပုဂ္ဂလိကပိုင်အဖြစ် လေလံပစ်သည်။ မိုးရာသီ ဘွင် အင်းပြင်ကြီးတွေကို ဖြတ်မသွား၍ မဖြစ်ပါ။ ရွာပတ်ပတ်လည် အင်းတွေဝိုင်း

နေသည်။ အင်းတွေဖြတ်တော့လည်း အင်းကူး- ကူးတို့ခ ပေးရသည်။ "လက်ဝေခံ" အင်းသားများကလည်း အချိန်ကျလျှင် ကရင် စစ်ဗိုလ်ကြီးကိုအင်းအတွက်ကျသင့် ငွေအပြေပေးရသည်။ တရက်ကလေး နောက်ကျလို့မဖြစ်။ မတော်လို့ မဟာမိတ် တပ်ဗိုလ်ကြီး စိတ်ဆိုးလေမှဖြင့် **တိုးတက်နေသော တော်လှန်ရေးတိုက်ပွဲ**.... တဲ့။

သို့ဖြင့် တော်လှန်ရေးတိုက်ပွဲ အဆင့်ဆင့်တိုးတက်လာသည်ကို ကိုကျောက်လုံး ကိုယ်တွေ့ကြုံလာရပါသည်။

"နှစ်နှစ်အတွင်း စစ်အနိုင်တိုက်မည်"

"ပြည်သူ့တပ်မတော်ကို အားပေးကြ"

"တပ်မတော် အရံအင်အားစု တိုးပွါးအောင်လုပ်ကြ"

"တခုတည်းသော တပ်မတော်တည်ဆောက်ရေး"

"တခုတည်းသော စစ်ဦးစီးအဖွဲ့"

ဗဟိုမှ ချပေးလိုက်သော ကြွေးကြော်သံများသည် လွတ်မြောက်သော ဒေသ တဝိုက်ကို ပွဲတင်ထပ်စေသည်။ တစောင် တပဲမှ လေးပဲ အထိ ပေးရသော မဝယ် မနေရ ပြည်သူ့သတင်းစဉ် အမျိုးမျိုးတွင်လည်း ထပ်တလဲလဲပါ၍ လာခဲ့သည်။

ကိုကျောက်လုံးတို့အဖို့ တိုက်ပွဲတခုဝင်ရပေဦးတော့မည်။ တိုက်ပွဲသစ်ကို ရှေး ရှူပြီး ခါးတောင်းကျိုက်မဖြုတ်ဘဲ ပြင်ဆင်ကြပေဦးတော့ ကိုကျောက်လုံး....လေး

တိုက်ပွဲသစ်တွေ

"ဆက်သီးတာဝန်"။ ။ကိုကျောက်လုံးတို့ပြည်သူလူထုတတွေ တယောက် တလဲ တာဝန်ကျသည်။ တနေ့တွင် ပါတီရုံးမှစာတကြိမ်ပို့စရာရှိလျှင် သတ်မှတ်ထား သောစခန်းသို့ တခေါက်သွား၍စာပို့ရမည်။ စာနှစ်ကြိမ်ဆိုလျှင် နှစ်ခေါက်၊ လေး ကြိမ်ရှိတဲ့နေ့ကျတော့လေးခေါက်။ နောက်ပြီးတော့ တော်လှန်ရေး အရေးကြီး လျှင် ကြီးသလို စာအိတ်ပေါ်မှာ "အလျင်အမြန်" ဆိုမှဖြင့် ဒုန်းစိုင်းပြီးတော့သာ ပြေးပေရော့။

"ကင်း-တာဝန်"။ ။တညလျှင်ဘယ်နှစ်ယောက်ဆိုပြီး တလှည့်စီကင်းစောင့် ပေးရသည်။ တရွာလျှင် ကင်းစခန်း သုံးလေးခု ရွာကြီးလျှင်ကြီးသလို။

"ချော-တာဝန်"။ ။ပြည်သူ့တပ်မတော်အတွက်ရိက္ခာတွေသယ်ရမည်။ တ နေရာက တနေရာ ရွှေ့မည်ဆိုလျှင် လှည်းကို လိုသလောက်ပေးရသည်။ လှည်းမရှိ လျှင် လူလိုက်ရသည်။

"အဆောက်အဦတာဝန်"။ ။ကြီးကြီးမာစတာ၊ ငယ်ငယ်မာစတာ၊ ရှီးအမျိုး ရဲမေဂေဟာ အိမ်ထောင်သည်များအတွက်တဲ၊ ရဲဘော်တွေနေဘို့'ဘားရိုက်'စသည် တို့ကို တရွာလျှင်တဲဘယ်နှစ်လုံး၊ အိမ်ထောင်တဦးလျှင် ဝါးဘယ်လောက်၊ သက် ငယ်ဘယ်နှစ်ပျစ် စသည်ဖြင့်ပေးရသည်။ ကိုယ်တိုင်လည်း ဆောက်ပေးရသည်။ ကိုကျောက်လုံးကတော့ ပြောပါသည်.... "ကျုပ်တို့တော့ မတတ်နိုင်တော့ဘူး။ သက်ငယ်တပျစ် နှီးတချက်နဲ့ ဖြစ်သလို လုပ်ပေးလိုက်တာဘဲ"

"ရဲဘော်နောက်ပိုင်းတာဝန်"။ ။ပြည်သူ့တပ်မတော်ထဲဝင်သွားတဲ့ လူငယ် တွေရဲ့အိမ်ထောင်သည်တွေ၊ တခါတရံ တပ်ရောက်လို့ စခန်းချယင်း ရသွားကြတဲ့ အိမ်ထောင်သည်တွေ၊ ဒုက္ခိတမှီခိုနေရတဲ့ သူတွေကို ရွာခံ ကိုကျောက်လုံးတို့လူမှု ကပင် စုဆောင်းထောက်ပံ့ပေးရသည်။

"ထမင်းထုပ်တာဝန်"။ ။ရံဖန်ရံခါ ရွာကိုဖြတ်ပြီးသွားတဲ့ တပ်အရေအတွက် လိုက်ပြီးထမင်းထုပ် တာဝန်ကို ယူရသည်။ အများအားဖြင့် ညမနက်တွက်ပြီး ရဲဘော်တယောက်နှစ်ထုပ်ကျ ခွဲဝေပေးရသည်။

"သမဂ္ဂဝင်ကြေး"။ ။ရွာသူရွာသားတိုင်း အသက် ၁၅ နှစ်အထက် အရွယ် ရောက်လျှင် သမဂ္ဂဝင်ကြရသည်။ သမဂ္ဂဝင်ကြေး တနှစ်အတွက် တယောက်လျှင် တကျပ်။

"ကွန်မျူနစ်လူငယ်နှင့် အမျိုးသမီးအဖွဲ့"။ ။အသက် ၆ နှစ်မှ ၁၅ နှစ် အတွင်းအားလုံးဝင်ရသည်။ တနှစ်အတွက် တဦးလျှင်ရှစ်ပဲ။

"ပါတီရန်ပုံငွေ"။ ။ဒါတော့ ဘယ်လောက်ရယ်လို့ ကန့်သတ်၍မထားပါ။ ဘနှစ်လျှင် နှစ်ပတ်သုံးပတ်ဆိုသလို အုပ်ချုပ်ရေးကော်မီတီလူကြီးများ စည်းကြပ် သည့်အတိုင်း ပေးရသည်။

"သီးနှံခွန်"။ ။ခိုမိလုပ်သည့် စပါးပေါ်မှ တရာလျှင် တတင်းနှုန်း။

"စစ်ကြေး"။ ။တအိမ်ထောင်လျှင် ဆန်သုံးခွဲနှင့် ငပိဆယ်ကျပ်သား။

"ဆွဲထုတ်"။ ။ရွာထဲတွင် မသင်္ကာဘူးဆိုမှဖြင့် "ပြည်သူ့သူလျှို" ဆိုပြီး ညညဆွဲထုတ်ခံရသည်။ ဆွဲထုတ်မိ၍ ပြန်မလာကြသော ကိုကျောက်လုံး၏ ရောင်းရင်းဖက်များလည်း ရှိခဲ့ပါသည်။ ကိုကျောက်လုံးအဖို့ "ဆွဲထုတ်" ဆိုတာကို အကြောက်ဆုံးဖြစ်သည်။ ဒါကြောင့်မို့ ကိုကျောက်လုံးတို့ အချင်းချင်း တိတ်တိတ် ပုန်း ဝါဒကြီးတခုကို ညှိနှိုင်းလက်ကိုင်ပြုထားကြရသည်။

တိတ်တိတ်နေ၊

စကားကြောမရှည်လေနဲ့၊

ခိုင်းယင်လုပ်၊

တောင်းတိုင်းပေး – ဒါဘဲ။

သားတော်မောင် ကိုရွှေကျေး

အခုလိုကဆုန်-နယုန်မိုးဦးကလေးတဖွဲကနှစ်ဖွဲကကျလာပြီဆိုမှဖြင့်ကိုကျောက် လုံးတို့ အင်းသားကြီးတတွေ ငါးရစ်တက်ချိန်မှန်းပြီးပိုက်ကွန်တွေ၊ မြှုံးတွေပြင်၊ နွားတုန်းကကုန်းပေါ်တင်ထားတဲ့ လောင်းတွေကိုရေချ၊ အင်းတဲမှာပြောင်းနေရဖို့ အခါပေဘဲ။ ဒါပေမဲ့ ကူဖော်လောင်ဖက်ဖြစ်တဲ့ သားတော်မောင် ကိုရွှေကျေး တယောက်ဖြင့် ရှင်တောင် မပြုရသေးခင် တော်လှန်ရေးတပ်ထဲသို့ ဝင်သွားရ ပေပြီ။

"ကိုရွှေကျေးလေး ဘယ်များရောက်နေပါလိမ့်" ဟုဇနီးသယ်မချစ်ဖွယ်က မ ကြာမကြာ တမ်းတရှာသည်။ ကိုကျောက်လုံး ကိုယ်တိုင်က အဖြေမပေးတတ်။ ရွာရှိအုပ်ချုပ်ရေးအဖွဲ့ ကာကွယ်ရေးမှူး ရဲဘော်ကျင်ထွန်းကို သွားမေးပြန်တော့ အော်ငေါက်လွှတ်လိုက်သေးသည်။

ကိုရွှေကျေးတယောက် ရှိလိုက်ယင် ဒီနှစ် လယ်လဲပိုလုပ်နိုင်မယ်။ ငါးလဲပိုဖမ်း နိုင်ပေမည်။ဩော် – အခုတော့တော်လှန်ရေးရဲဘော်ကြီးဖြစ်နေရှာတဲ့ ကိုရွှေကျေး တယောက် ဘယ်စခန်းမှာများ တိုက်ပွဲတွေ ဝင်နေရရှာပါလိမ့်။

ကိုရွှေကျေး သို့မဟုတ် ချစ်စနိုးနှင့်ခေါ်လေ့ရှိသော ကိုကျေးကို သတိရမိတိုင်း သူတို့နှင့်အရွယ်တူတန်းတူတွေဖြစ်ကြသည့် ရွာသို့ မကြာခဏရောက်လာကြတဲ့ ဗိုလ်ကြီးကျော်ဂေါင်တပ်ကပြည်သူ့တပ်မတော်သား၊ ရဲဘော်လေးတွေကို မေး မြန်းကြည့်မိသည်။ သူတို့ပြောတော့ဖြင့် ကိုကျေးတယောက် တပ်မကြီး (၁)နဲ့ အညာမှာရောက်နေသလိုလို ရှမ်းပြည်မှာဘဲ ရှိနေသလိုလို တယ်ပြီးတော့ ရေရေ ရာရာမရှိလှပါဘူး။

သား၏ ကိုယ်စား

ကိုကျေး ကိုယ်စား အာဂန္တုရဲဘော်တွေကိုဘဲ ချစ်ခင်ပြုစုရသည်။ တခါတခါ ညအိပ်ညနေတည်းခိုယင်း သူတို့တတွေရဲ့အကြောင်း ဘယ်လိုနေကြရတယ်ဆိုတာ မေးပြီး ကိုကျေးရဲ့နေရေးကို မှန်းဆကြည့်မိသည်။

သူတို့-သူတို့ရဲ့ဖြစ်ထွေ

"ကျနော်တို့လဲ ဒီလိုဘဲ အဖေတို့အမေတို့ ကရင်သောင်းကျန်းသူတွေ ရွာလုံး ကျွတ်မီးရှို့ သတ်ဖြတ်ခံရပြီး ကတည်းက လက်နက်ကိုင်တိုက်ချင်လို့ ဝင်လာခဲ့တာ ဘဲ။ အောက်ပြေဇာတိကပါ"။

"အဝတ်အစားတော့ ဗိုလ်ကြီးက ဘောင်းဘီအင်္ကျီအနက်တထည်၊ ကင်းပတ် ခုနပ်တရန်ပေးတယ်။ နေပါအုံး ဘယ်တုန်းကပေးသလဲဆိုတော့ ဝင်စတုန်းကပေး ဘယ်။ အဲ အခုဆိုသုံးနှစ်ရှိပြီပေါ့"။

"လခလား မရပါဘူး။ ကြေးစားတပ်မဟုတ်လို့ မပေးဘူးတဲ့။ မုန့်ဖိုးတော့ရပါ ဘယ်။ မှတ်မှတ်ရရအခုထိ ၅ိ တခါရဘူးတာဘဲ"။

"ဆေးလိပ်တို့ဘာတို့လား။ ဟဲ–ဟဲ ဒါတော့ ကျနော်တို့လဲ ကျနော်တို့ ဖာ သာရွာမှာ "စည်းရုံးယူရတာပေါ့"ဗျာ။ စည်းရုံးယူတယ်ဆိုတာလား။ အင်း....လယ် သလိုကြည့်လုပ်ရတာပေါ့လေ"။

ကိုကျောက်လုံးတယောက်ဟာ အင်မတန်မှ အံ့သည်။ တော်လှန်ရေးစကား သုံးတွေတောင် နားမလည်ရှာသေးဘူး။ ပြည်သူ့ဖက်တော်သား မဟုတ်သလိုဘဲ။ ဒါနဲ့ဆက်ပြီး ကိုကျောက်လုံးကမေးပြန်သည်။

"ရိက္ခာလား မခဲယဉ်းပါဘူး။ ရွာကထမင်းထုပ်ပေါ့။ ဒါတွေအားလုံး လူထု နည်းနဲ့ဖြေရှင်းရတယ်။ ရွာမရှိယင်တော့ စတိုးကဆန်နဲ့ ငပိရာရှင်ပေးပါတယ်"။

"သားမယားရှိတဲ့ရဲဘော်တွေလား။ဗိုလ်ကြီးတွေသာ အတူခေါ်သွားနိုင်တာ။ ကျနော်တို့ဆို ထားပစ်ခဲ့ရတာပေါ့။ သူတို့ကိုရွာကကြည့်မှာပေါ့။ ရဲဘော်နောက် ပိုင်းထောက်ပံ့မှုလဲ လူထုနည်းနဲ့ဖြေရှင်းရတာဘဲ"။

"ကျည်ဆံက ဂျပန်ဆိုယင် တယောက်သုံးလေးတောင့်၊ အင်္ဂလိပ်ရိုင်ဖယ်သမား က ၁၀ တောင့်ရပါတယ်။ ဘယ်တိုက်လို့ဖြစ်မလဲ။ အခုတော့ အကြောင်းသိပါပြီ။ ရန်သူအားကြီးယင် ဆုတ်စစ်ဆင်ရတာပေါ့။ တော်လှန်ရေးဝါရင့်လာတော့ ဘယ် သို့ရှောင်ရမယ်၊ တိမ်းရမယ်ဆိုတာ နားလည်လာတယ်"။

"တိုက်လို့မနိုင်ပါဘူး။ စိတ်ပျက်တာပေါ့။ ဒါပေမဲ့ဘယ့်နှယ်လုပ်မလဲ။ သား ခယား၊ မိဘတွေက သူတို့လက်ထဲမှာ။ ပြီးတော့ ရန်သူနဲ့ပေါင်းယင် သေဒဏ်ပျ။ ကိုယ့်အချင်းချင်းလဲ သိပ်စိတ်ချရတာ မဟုတ်ဘူး။ ပါတီဝင်တွေကိုကြောက်ရ ဘယ်။ ကျနော်တို့လား၊ ပါတီဝင်မဟုတ်သေးပါဘူး။ ပါတီကလက်မခံသေးဘူး။ ဒါကြောင့် သာမန်စစ်သားကလေးဖြစ်နေတာပေါ့။"

ပြည်သူ့တပ်မတော်သားတယောက်၏ လက်ရှိဘဝမှန်ကို ရဲရဲကြီး ရှင်းပြနေ သည်။ ကိုကျောက်လုံးခမျာတော့ နားထောင်နေရပေတဲ့ တထိတ်ထိတ်။ တိုက်ပွဲ မှာကျဆုံးတဲ့ ရဲဘော်တွေလဲ သရဏဂုံတွေ ဘာတွေတင်မနေတော့ဘူး။ မြှုပ်လိုက် တာဘဲတဲ့။ ဘာသာရေးစကားပြောယင် ပါတီဝင်တွေက မကြိုက်ချင်ကြဘူး။ ဟုတ်မှာပါဘဲ။ဒါကြောင့် ကိုကျောက်လုံးတို့ရွာမှာ တခါတုန်းက ကွန်မြူနစ်တွေ က အလှူတခုပေးဘူးသည်။ သူတို့က အလှူပေးတယ်ဆိုပေမဲ့ ငွေသာ ထုတ်ပေး သည်။ ဘုန်းကြီးတွေကြွလာလို့မှ ဦးမချကြ တရားလဲမနာ။ ကိုကျောက်လုံးတို့ တတွေကဘဲ မျက်နှာပူပူနှင့် ရေစက်ချ အမျှအတမ်းဝေပေးလိုက်ရသည်။

ဖွဟဲ့၊ လွဲပါစေ- ဖယ်ပါစေ၊ မတော်လို့များ ကိုကျေးကလေး တိုက်ပွဲကျဆုံးပြီး သရဏဂုံမတင်ရဘဲ မြှုပ်လိုက်ယင် နောင်တမလွန်ဘဝကူး ကောင်းရှာတော့မယ် မဟုတ်"။

ဇနီးသယ် မချစ်ဖွယ်ကတော့မအောင့်နိုင်ဘဲတရှုံ့ရှုံ့ငိုနေတော့သည်။အင်း– မိန်းမသားဘဲလေ သူလဲဝမ်းနည်းရှာပေမပေါ့။

ယခင် နဲ့ ယခု

မှတ်မိပါသေးသည်။

ကိုကျောက်လုံးတို့ရွာမှာ အိမ်ခြေ ၅၀၀ လောက်ရှိသည်။ ဘုန်းတော်ကြီး ကျောင်းနှစ်ကျောင်းရှိရာ တွဲဖက်၍ စာသင်ကျောင်း နှစ်ကျောင်း ရှိခဲ့သည်။ ယောကျ်ားကလေးကျောင်းသား ၂၀၀ ခန့်၊ မိန်းကလေးကျောင်းသူ ၁၅၀ ခန့်။ လွတ်မြောက်သောနယ်မြေကျေညာပြီး မကြာခင်ဖြစ်သည်။ ပြည်သူ့ပညာရေး ကော်မီတီလူကြီးတဦးက ကျောင်းအုပ်ဆရာတော်အား "ယခုသင်နေသောပညာ ရေးသည် ဆွေးမြေ့သည့် ပဒေသရာဇ် ကျွန်ပညာဖြစ်သည်။ ဗူးသီးနုနုမခူးရဆိုတာ အဓိပ္ပါယ်မရှိဘူး။ ပြီးတော့ (က)ကြီး (ခ)ကွေးက စသင်တာလဲ ကလေးတွေ မတော်လှယ်ဘူး။ ဒါကြောင့် (ဝ)က စသင်ရမယ်။ မလိုတဲ့ဗျည်းတွေလဲဖြုတ်ပစ်ရ မယ်။ 'ဗူးသီးနုနု မခူးရ' ဆိုမဲ့အစား 'ဖ ဆ ပ လ မဝတဝ လခမရ' စသည်ဖြင့် တော်လှန်ပစ်ရမယ်"။

ဒီလိုပြောတော့ ဆရာတော်ကြီးကလဲ ဒေါသအကြီးသား။ "မင်းတို့ဖွင့်တဲ့ ကျောင်းမဟုတ်ဘူး။ ငါ့ကျောင်း၊ ငါသင်ချင်သလိုသင်မယ်" ဟု ဆိုလိုက်သည်။ နောက်မကြာပါဘူး ဆရာတော်ကြီး ကျောင်းပိတ်လိုက်ရတော့တာပါဘဲ။

စေတနာနဲ့သင်ပေးနေတဲ့ ကျောင်းဆရာလေးကိုအောင်ရင်တယောက်လဲ မျက်မြန်မြန်ဝတ်ပြီး "ကူမဲ"သို့ထွက်ပြေးရလေပြီ။

နောက်မှဆရာတော်ကြီးကို ရွာကဝိုင်းပြီး တောင်းပန်လျှောက်ထားကြ၍ ကျောင်းပြန်ဖွင့်ပေးသည်။ သို့သော်လဲ ကျောင်းဆရာလေးမရှိတော့လို့ ကျောင်းသား ၁၅၀ လောက်သာ သင်ပေးနိုင်သည်။ ကျန်တဲ့ မိန်းကလေးတွေနဲ့ ကျောင်းသားတွေတော့ ဒီလိုဘဲနေလိုက်တော့တာဘဲ။

လာဘဲလာချေသေးတော့

"တော်လှန်ရေးတိုက်ပွဲကြီးများ ပြင်းထန်လာပြီ"

"မဟာမိတ် ကော်သူလေးနှင့် ပူးပေါင်းကြ"

"ပူးပေါင်းစစ်ဆင်ရေးတွေ လုပ်ကြ"

"ဖ ဆ ပ လ ကြေငြာသူတော် ငနုအစိုးရသည် ငါတို့ကငြိမ်းချမ်းရေး ကမ်းလင့်သည်ကို ပယ်လိုက်လေပြီ"။

"ပြည်သူလူထုကြီး အသင့်ပြင်ကြလော့"

"လွတ်မြောက်သောဒေသကို အသက်ပေးကာကွယ်ကြ"

"ရန်သူကို အသဲထဲအူထဲကပါမုန်းကြ"

ကိုကျောက်လုံးတို့ရွာသို့ ကြွေးကြော်သံတညံညံနှင့် အတူ ပြည်သူ့တပ်မတော် ဗိုလ်မှူးကြီးတွေ နောက်ပါခြေရံသင်းပင်း သားမယားနှင့် တကွ ဆင် ၆ စီးဖြင့် ရောက်ရှိလာကြသည်။

တော်လှန်ရေးတိုက်ပွဲ အဆင့်ဆင့် ကြုံလာပြီးဖြစ်သော ကိုကျောက်လုံးတို့တွေအဖို့ ဘယ်လိုတိုက်ပွဲကြီးများနှင့် ရင်ဆိုင်ရအုံးတော့မည်မသိ။ညတိုင်း-ညတိုင်း မချစ်ဖွယ်နှင့် တီးတိုး ဆွေးနွေးယင်း သည်အကြောင်းဘဲ ပြောမိသေးတော့သည်။

"စစ်တောင်းမြစ်ကို ယာယီပိတ်လိုက်ပြီ"

"မည်သူမျှမကူးရ"

"လှေတွေမြှုပ်ပစ်ကြ"

"ကာဗာကျင်းတွေတူးကြ"

သည်လိုနှင့်ပင် ကိုကျောက်လုံးတို့လဲ မိမိတို့အလုပ်အကိုင်ကလေးများ ပစ်ပြီး တော်လှန်ရေးတာဝန်တွေကို စူးစိုက် ထမ်းဆောင်ကြရပြန်သည်။ ည-ည ဆွေးနွေး

ပွဲလည်း ခဏ-ခဏ သွားရသည်။ ဆက်သား၊ ကင်းတာဝန်၊ ချောတာဝန်၊ အဆောက်အဦတာဝန်၊ ထမင်းထုပ်တာဝန် သည်ဟာတွေကတော့ ပေးရိုးပေးစဉ်လုပ်မြဲလုပ်စဉ်တွေဘဲလေ။

"ဖဆ ပ လ ငနု ဖက်ဆစ်တပ်တွေ လာလိမ့်မယ်။ ဂေါ်ရခါး၊ ချင်း၊ကချင်တွေပါတယ်။ အိမ်တွေမီးရှို့၊ မားပြတိုက်ကြလိမ့်မယ်။ ရှိတဲ့ပစ္စည်းဖွက်ထားကြ။ ရိက္ခာတွေလုံခြုံရာရွှေ့ထား။ သမီးပျိုရှင်တွေ စောစောကရှောင်နေကြ။"

"ပြည်သူလူထုတရပ်လုံးက လွတ်မြောက်တဲ့နယ်မြေကို တလက်မမှ ရန်သူကို မပေးကြနဲ့"

"အသက်ပေးကာကွယ်ကြ"

ပါတီရုံးတွင် ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေ အလုပ်များနေကြပြီ။ ခြောက်လုံးပြူးကိုယ်စီနှင့် ၁၂ ယောက်လောက်ရှိမည်။ သူတို့နှင့် ပါလာသော ရဲမေများလည်း တွေ့ရသည်။ သနားကမားတွေ၊ အကျီလက်တိုတွေနဲ့ နခမ်းနီခြယ်သူလည်းခြယ်လို့၊ လက်ဝတ်လက်စားလဲ ဝတ်စားလျက်၊ ဗိုလ်မိန်းမတွေဟုထင်ရသည်။

ကိုကျောက်လုံးတို့လဲ ယောင်တောင်တောင် ဖြစ်နေပြီး ဘာလုပ်ရမှန်းမသိ။ အထုပ်အပိုးတပြင်ပြင်နှင့်ပင် အရေးထဲ ဇနီးသည် မချစ်ဖွယ်၏ ကိုယ်ဝန်ကလည်း ရင့်မာလာလေပြီ။ သမီးတယောက်ရှိ၍တော်တော့သည်။

ခေါင်းဆောင်ကြီးတွေရဲ့ စေတနာ

သည်လိုနှင့်....ည – တည

မိုးရွာနေလို့ လပြည့်ကျော် ၁ ရက်ဖြစ်သော်လဲ လက တယ်မသာလှဘူး။ ကိုကျောက်လုံးတို့တတွေ တဲထဲမှာ ခပ်ကုပ်ကုပ်ကလေး ငြိမ်နေတုန်း "ထွက်ကြပေ့ ပြေးကြ၊ ပြေးကြ"လို့ ရွာလူကြီးတယောက်ရဲ့ အော်သံကြောင့် လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ "ဖ ဆ ပ လ တပ်တွေ စစ်တောင်းမြစ်ကူးကုန်ပြီ၊ပြေးကြပြေးကြ"။ ဒါနဲ့ ကခါတည်း အထုပ်ဆွဲ ဇနီးသည်နှင့် သမီးကို လက်ကဆွဲပြီး တဲပေါ်က ဒရောသောပါးဆင်း၊ရွာထဲဖြတ်ပြီး အရှေ့ဖက်ကိုင်းတောကိုပြေးယင်း ပါတီရုံးဖက်ကိုလှမ်းကြည့်လိုက်တော့ ပြည်သူ့တပ်မတော် ဗိုလ်မှူးကြီးတွေနဲ့ ကျောင်းဝိုင်းထဲ ချည်ထားတဲ့ဆင်တွေကို မတွေ့ရတော့ပါ။ ဘယ်အချိန်ကများလစ်ကြတယ်မသိ။ ကိုကျောက်လုံးလဲ ဇောနှင့်သာ ပြေးရသည်။ အရေးထဲ မရွှေချစ်ဖွယ်က ဗိုက်နာလှတယ်လို့ တညည်းညည်းတညူညူနှင့်။

ဇွန်လ ၈ ရက်နေ့ နံနက်တပ်မတော်က ကွန်မြူနစ်တို့၏ အုပ်ချုပ်ရေး တိုင်း ရှုံးနှင့် အမှတ်(၁)စစ်နယ်မြေခေါ် ဗမာပြည်တောင်ပိုင်း ဌာနချုပ်ဖြစ်သည့်ညောင် ပင်သာရွာကြီးအား အခုအခံမရှိ သိမ်းပိုက်လိုက် ပါပြီ။

စစ်ကြောင်းတွင်ပါလာသည့် တပ်မှူးကြီးတဦးသည် သူနှင့်ခင်မင်ရင်းနှီးခဲ့ဖူး သူ ကိုကျောက်လုံး ဇနီးမောင်နှံတို့အား လိုက်ရှာသည်။ ရွာသူရွာသားဟူ၍ တဦး တလေမျှ မတွေ့ရ။ ဆရာတော်ကြီးသာလျှင် ဝမ်းသာအယ်လဲ ဆီးကြိုရှာသည်။ တပ်မှူးကဝတ်ဖြည့်ယင်း အကျိုးအကြောင်းလျှောက်ထား မေးမြန်းမိပါသည်။

"ဟဲ့တကာရဲ့ ကွန်မြူနစ်ဆိုတာက တိတ္ထိ၊ ကေ အင် ဒီ အို တွေက အဂ္ဂလိ မာလတွေဘဲ"

"ငါ့ကျောင်းကြီး မီးရှို့သွားတာသာ ကြည့်ပေရော့"

ဘုန်းကြီးကလည်း ရွာသူရွာသားများ သံယောဇဉ်ကြောင့်သာ ဤမျှထိ ကုပ် ကပ်နေရပုံပင်။

တဖြည်းဖြည်းနှင့် ရွာသူရွာသားများ တယောက်စနှစ်ယောက်စ ဆိုသလိုမျိုး တရဲပြန်ဝင်လာကြသည်။

တတိယနေ့တွင်ကိုကျောက်လုံးတို့အား တွေ့ရသည်။ ကိုကျောက်လုံးကတော့ မြင်ပေမင့် နှုတ်မဆက်ရဲရှာ။ အသာ အထုပ်ကလေးပိုက်ပြီး ကုပ်ကုပ်ကလေး ဝင် လာပါသည်။

ညဦးကျမှပင် ကိုကျောက်လုံးက အားပါးတရ နှုတ်ခမ်းပဲ့မြေခရားကို ကရွတ် ပေါ်တင်ပြီး လက်ဖက်ရည်ကြမ်းနှင့် ညှော်ခံယင်း စကား စပါတော့သည်။

ဆင်းရဲသား လယ်သမားဖြစ်တဲ့ ကိုကျောက်လုံး

ကိုကျောက်လုံးနှင့် ရင်းနှီးခဲ့ရပုံမှာ ဤသို့စတင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်အချိန်က

"Operation Flush Force" ခေါ် တောင်ငူတပ်မဟာမှ ငြိမ်ဝပ်ပိပြားရေး စစ် ဆင်မှုတခု ပြုလုပ်ခဲ့သည်။ ဗမာ့တပ်သေနတ်ကိုင် တပ်ရင်း ၅ မှ ဗမာတပ်ခွဲ ၃ ခု သည် လူမျိုးခြား တပ်များနှင့် အတူ တလည်လည် ပါဝင်ခဲ့ပါသည်။ တပ်ခွဲ ၄ မှာ တောင်ငူတွင် စခန်းချကျန်ရစ်သည်။ ဗိုလ်ကြီးထွန်းစိန် (ယခု ဒုဗိုလ်မှူးကြီး) ဦးစီးသော တပ်ခွဲ ၃ နှင့် ယခု တပ်မှူးကြီး ဦးစီးသော တပ်ခွဲ ၂ တို့မှာ စစ် တောင်းမြစ်ကို ဖြတ်ကူးပြီးနောက် ညောင်ပင်သာ ရွာကြီးတွင် ဆုံစည်းကြပါ

...။ ဤတွင် ညှော်ဝတ်ကြသော လမ်းပြကောင်း ကိုကျောက်လုံးနှင့် ရင်းနှီး ...ယ်မိခြင်းဖြစ်ပါသည်။

...စဉ်အချိန်ကပင် စိမ်းလဲ့သောအုန်းပင်ရှည်တို့ ဝိုင်းရံနေသည့် ညောင်ပင်သာ ...နှင့် ဖော်ရွေ၍ နှစ်လိုဖွယ်ကောင်းသည့် ကိုကျောက်လုံးအိမ်သားတစုအား ...တွင်စွဲနေမိခဲ့ပါသည်။

ရွာမှာသဏ္ဌာန်အားဖြင့် ယခုပြန်တွေ့တော့လည်း များစွာပြောင်းလဲခြင်းမရှိ ...ပင်။ ရွာနေပြည်သူလူထုများဖြစ်ကြသည့် ကိုကျောက်လုံးတို့တတွေ သာ ...တော်လှန်ရေးအတွေ့ အကြုံတွေ့ရင့်သန်လာသည်နှင့်အမျှ အခြေအနေအဆင့် ...ထူးခြားလာသည်သာ ပြောင်းလဲမှုဖြစ်လေသည်။

ကိုကျောက်လုံးတို့အနေနှင့်ကျနော်တို့အား

"ဘယ့်လိုလုပ်၍မှ အသဲထဲအူထဲက မုန်း၍မရရှာကြ"

"ကျနော်တို့တတွေကို ဂျပန်ဖက်ဆစ်တွေလို့လဲ မမြင်နိုင်"

ကျနော်တို့ထဲမှာလဲ လယ်သမား အလုပ်သမား သားသမီးတွေအများဘဲ ပါကြ ... သူတို့၏သားများအသွင် ခင်မင်အားကိုးသည်။

...သော်လည်း

ကိုကျောက်လုံးတို့ခမျာမှာ ဒီမိုကရေစီ တော်လှန်ရေးကြီးဟု နားလည်နေကြ ...

'တိတ်တိတ်နေ.... စကားကြောမရှည်လေနဲ့.... ခိုင်းယင်လုပ်....တောင်းတိုင်း ...'' ဒါဘဲ ဖြစ်ပါတော့သည်။

"ကိုရွှေကျေးကဲ့သို့သော ညီမောင် လုလင်ကောင်းများ အဖြစ်မှန်သိကြပါစေ"

ဗိုလ်မှူး သမိန်

ကွန်မြူနစ်သောင်းကျန်းသူတို့၏ အဖျက်ဝါဒမျိုးစုံကြောင့် ပြည်သူလူထု သည် ...လျှင် အတိဒုက္ခရောက်ကြရသည်မဟုတ်။ မသိနားမလည်ဘဲ ရောရောင်ပါသွား ...ရှာသော ကွန်မြူနစ် တပ်သားကလေးများသည်လည်း အတိဒုက္ခ ရောက်ကြ ...လသည်။ အောက်တွင် ဖော်ပြချက်များမှာ ထိုကဲ့သို့ အတိဒုက္ခရောက်ကြသော ...မြူနစ် တပ်သားကလေးများ၏ ဘဝကိုသာမက ကွန်မြူနစ် ခေါင်းဆောင် ...၏ အကျင့်အကြံများ၊ ကွန်မြူနစ်တို့၏ ဟန်ဆောင်ငြိမ်းချမ်းရေးလမ်းစဉ်များ၊ ...မြူနစ်များ၏ ချွတ်ယွင်းချက်များ အစရှိသည်တို့ကို ကောက်နုတ်ဖော်ပြလိုက်ရ ...သည်။

ကွန်မြူနစ်တပ်သားကလေးများ၏ ဒုက္ခ

၃-၅-၅၂ ရက်နေ့က ဖြစ်ပွါးသော ပျဉ်းမနားနယ်၊တွင်းနီမျက်ရဲတိုက်ပွဲတွင် ကွန်မြူနစ် အလောင်းနှစ်လောင်း ရလိုက်သည်။ ထိုနှစ်လောင်းအနက် တလောင်းထံမှ ရရှိလိုက်သည့်စာရွက်စာတမ်းများတွင် အောက်ပါ စာကလေးတစောင်ကို ရရှိ၏။ ကျဆုံးသွားသူအား လူကြုံပါးလိုက်သော စာဟုထင်မှတ်ရသည်။

စာမူအတိုင်း

သို့

ဘကြီး၊ အမေကြီး၊ မမကျင်မြိုင်

ကိုသာဒင်၊ မကြွက်၊ ခလေးမြင့်တို့အား သတိရစွာဖြင့် အကြောင်းကြားပါသည်။ ၁၂၀ ကထွက်ခဲ့ချိန်ကစပြီး တပ်ရင်း ၉ ပြန်ရောက်မှဘဲ လူကောင်းကောင်းကြုံလို့စာရေးလိုက်ပါသည်။ အခုစာရေးသည့် အချိန်မှာတော့ အားလုံးကြားသိပြီးဖြစ်တဲ့အတိုင်း လှတင်တော့ဆေးရုံမှာ ပက်လက်နေရတာ ၂၂ ရက်ရှိသွားပါပြီ။ စာလဲရှေရှေမရေးနိုင်လို့ ဖြစ်ပျက်ပုံကိုတော့ တွေ့ရတဲ့ တပ်ခွဲ ၉ ရဲဘော်တွေကိုသာ မေးကြည့်တော့။ ခင်ဗျားတို့ဖက်ကို တပ်ရွှေ့ရမဲ့အချိန်မှာ ယခုလိုဖြစ်ပြီး ကျန်ရစ်ခဲ့တာအလွန်ဝမ်းနည်းပါတယ်။ ဒါပေမဲ့ နောက်တလလောက်မှာတော့ မမတို့၊ အမေကြီးတို့နဲ့ ကျန်းမာစွာ တွေ့ရမှာဘဲလို့ ထင်မိတယ်ဗျာ။

ဘကြီးတို့၊ အမေကြီးတို့၊ အစ်ကိုတို့၊ အစ်မတို့တတ်နိုင်ယင်တော့ သေမင်းလက်မခံ သေဘေးမှ နှစ်ခါလွတ်ခဲ့တဲ့ ဒုက္ခိတကို စရိတ်ကလေးထောက်ပံ့ပါအုံးဗျာ။ အနာမသက်သာမခြင်း ထမင်းမကျွေးလို့ ငှက်ပျောသီးဖိုး မုံ့ထုပ်ဖိုးပေါ့ဗျာ။ ဒီကျေးဇူးတွေကို အောင်ပွဲရသည်အထိ သစ္စာမဖောက်ဘဲ အနိုင်တိုက်ပေးပါ့မယ်။

ကျွန်တော့်ထံ ဆက်သွယ်လျှင် တပ်ရင်း ၉ တပ်ခွဲ ၉ ကဘဲဆက်သွယ်ပါ။

ခလေးမြင့်ရေ၊ ဦးလေးပြန်လာမှ လက်ပြတ်ကိုပြမယ်။

လှတင်

ကွန်မြူနစ်ကြီးကြီးဗိုလ်တွေရဲ့ အကျင့်အကြံများ

၁၂-၅-၅၇ ရက်နေ့က ဖြစ်ပွါးသော မိုးစွေတိုက်ပွဲတွင် ကွန်မြူနစ်တပ်ရင်း(၉) "ဇင်ယော်" တပ်မှ ဒု-တပ်ရင်းမှူး ဗိုလ်လင်းရောင်ကျဆုံးသည်။ သူ့ထံမှရရှိလိုက်

သည့်စာရွက်စာတမ်းများတွင် အောက်ပါစာကလေးတစောင်လည်း ပါလာ၏။ ထိုစာကိုကြည့်ခြင်းအားဖြင့် ကွန်မြူနစ်ကြီးကြီးဗိုလ်တို့၏ သိက္ခာ၊ သမာဓိနှင့် အနေအထိုင်အကျင့်စာရိတ္တတို့ကို ကောင်းစွာသိနိုင်ကြပါသည်။

စာမူအတိုင်း

ဗိုလ်ကြီးစောဝေ ၂၆-၄-၅၂

ဗိုလ်ကြီး ကျော်ဒွန်း

ဗိုလ်ကြီး ကြည်

"..

.................................."။ ဒီမယ် ဗိုလ်စောဝေ။ မမြတင်လဲနေကောင်းတယ်။ ကျွန်တော်ဖြူးဖက်ကပြန်လာတော့ ဗိုက် အလုံးသားရှိပါသေးတယ်။ အခုလောက်ကြာယင်တော့ အုပြီထင်ပါရဲ့။ ငါးစောင်းအင်းကို ရန်သူဆင်းတုန်းက ကျွန်တော်တို့ရင်း — ဆေးရုံမှာ မခင်နွဲ့နဲ့အတူလာနေသေးတယ်။ နောက်မှပြန်သွားတယ်။ ကျွန်တော်ဖဲနွယ်ကုန်းသွားနေလို့ မတွေ့ရဘူး။ ပြန်လာမှသိတယ်။မခင်နွဲ့ကြီးလဲ ဘယ်လူ့လက်ချက်မိတယ်မသိဘူး။ သွေးထိန်တာ ၃ လကျော်သွားပြီဆိုတာ သိလို့ ရဲဘော်ကောက်နဲ့ ကျွန်တော်ဆေးကုရသေးတယ်။ လေသွေးတော့မဟုတ်။ အလုံးတယ်တာဗျို။ အခုတော့ပြန်ကောင်းသွားပြီ။ ကောင်းတာကိုး ဘုရားရဲ့။

သင်တို့
လင်းရောင်
(ဇင်ယော်)
အမှတ်-၄-စစ်မြေနယ်

ကွန်မြူနစ်တို့၏ ဟန်ဆောင်ပေါင်း ငြိမ်းချမ်းရေး

ပလွေရွာမှ ဖမ်းဆီးရမိလိုက်သော စာရွက်စာတမ်း အများတွင် သခင်သန်းထွန်းက ၂၈-၂-၅၂ နေ့စွဲဖြင့် ဗိုလ်စိန်တင်ထံသို့ ပေးပို့လိုက်သော စာတစောင်ပါလာသည်။ ထိုစာပါညွှန်ကြားချက်ကို ကြည့်ခြင်းအားဖြင့် ယခုကွန်မြူနစ်များ ဟစ်အော်နေသော "ငြိမ်းချမ်းရေး" သည် အစစ်အမှန်ငြိမ်းချမ်းရေးမဟုတ် အပေါ်ယံယိကအယောင်ဆောင်အားဖြင့် လူချင်းပူးကာ အလဲထိုးမည်ဟုညစ်ပတ်သော အကြံကို ကြံခြင်းမျှသာဖြစ်ကြောင်း ကောင်းစွာသိရသည်။

ထိုစာပါညွှန်ကြားချက်မှာ အောက်ပါအတိုင်းဖြစ်၏။

စာမူအတိုင်း

"ဆိုဗီယက်ဂျာမန်စစ်[၁] တုန်းက ဂျာမန်တွေကို မထိုးခင် ခေါင်းဆောင်မှု နှစ်စုခွဲတယ်[၂]။ တစုကရှောင်သွားတယ်။ တစုကပြောက်ကျားအဖြစ်နဲ့ တိုက် တယ်။ ပြောက်ကျားတွေလဲ ရွာထဲကျန်နေတဲ့လူတွေနဲ့ ဆက်ပြီးတချို့က ဂျာမန် ဟန်ဆောင်ပေါင်းခိုင်းပီးအတွင်းကဖျက်ဆီးရေးလုပ်ကြတယ်။

ကျွန်တော်တို့အနေနဲ့လဲ ဒီလိုလုပ်ရမယ်။

လူနှစ်စုခွဲ တစုကပြောက်ကျားလုပ်။ တစုကဟန်ဆောင်ပေါင်းပြီး အတွင်းက ဖျက်။ ....

ဤစာအရပင် သခင်သန်းထွန်းတို့က "ငြိမ်းချမ်းရေးလိုချင်ပါသည်။စေ့စပ်ရေး လုပ်ချင်ပါသည်" ဟု ဟစ်ကြခြင်းမှာ အခြားမဟုတ်။ သခင်သန်းထွန်းကိုယ်တို ညွှန်ကြားထားသကဲ့သို့ သူတို့ရဲ့ကောက်ကျစ်စဉ်းလဲသော ဥာဏ်ဖြင့် **ဟန်ဆော ပေါင်းပြီး အတွင်းကဖျက်ရန်သာ ဖြစ်တော့သည်။**

စစ်မာနတွေဝင်နေတဲ့ ကွန်မြူနစ်တွေတဲ့

ကွန်မြူနစ်တို့၏ ချွတ်ယွင်းချက်များကို ဗိုလ်စိန်တင်ကိုယ်တိုင် ဝန်ခံထားရပြီ

၁၉၅၂ မေလ ၁၅ ရက် အရုဏ်တက်အချိန်တွင်အစိုးရတပ်များက အထက်ဗမာ ပြည်ချောင်းဦးမြို့နှင့် ၉ မိုင်ခန့်ကွာသည့် ပလွေရွာကို ချီတက်ရှင်းလင်းရာ သော ကျန်းသူ ကွန်မြူနစ်တို့သည် အလောင်းနှစ်လောင်းအပြင် လက်နက်ခဲယမ်း မီး ကျောက်များ၊ အရေးကြီးသော စာရွက်စာတမ်းများကိုပစ်၍ ပြေးကြရလေသည်။

ထိုစာရွက်စာတမ်းများတွင် ကွန်မြူနစ် ဒု-ဗိုလ်ချုပ်ကြီး စိန်တင်က ၁၉၅၂ မှ နှစ် နှစ်ဦးတွင် အထက်ဗမာပြည်တဝိုက်၌ ဗမာ့တပ်မတော် ထိုးစစ်ဆင်ခဲ့ပုံကို သခင် သန်းထွန်းထံ ၁၉-၄-၅၂ နေ့စွဲဖြင့် အစီရင်ခံထားသည့် စာရွက်စာတမ်းများလည်း ပါ ဝင်၏။ ထိုအစီရင်ခံစာတွင် "အထွေထွေအခြေအနေ" ဟူသော ခေါင်းစဉ်ဖြင့် ကွန်မြူနစ်တို့ တပ်တွင်းစည်းဝိုင်းတွင်း၌ ချွတ်ယွင်းချက် ဖြစ်ပျက်နေသမျှတို့ကို အသေးစိတ်အစီရင်ခံထားရာ ပြည်သူလူထုကြီးတရပ်လုံးသိရှိနိုင်ရန်အတွက်ကောက် နုတ်ချက်များဖြင့် အောက်တွင်ဖော်ပြလိုက်ပါသတည်း။

၁။ Soviet German War ၂။ Two Sets of Leadership

အထွေထွေအခြေအနေ

ငါတို့စစ်မာနဝင်၍ ရန်သူကိုအထင်သေးနေသည့်အချိန်။

ပါတီတွင်း၊ တပ်တွင်း လူထုအဖွဲ့အစည်းနှင့် ငါတို့နယ်မြေလူထုပါ စစ်မာနဝင် နေခြင်း၊ ရန်သူကိုအထင်သေးခြင်း။

ပါတီတွင်း၊ တပ်တွင်း၊ ဂိုဏ်း ဂဏနှင့် ဗျူရိုကရေစီအပြင်းအထန် လွှမ်းမိုးမှု ကြောင့် နိုင်ငံရေးအားဖြင့် ငါတို့ကျဆင်းနေသည်။

လူထုအဖွဲ့အစည်းများ အရေအတွက်သာရှိ၍ သိပ်သည်းခိုင်မာခြင်းမရှိ၊ အရည် အခြင်းမရှိဖြစ်နေသည်။ ကြောက်၍ဝင်ကြခြင်း၊ နားအေးရန် ဝင်ကြခြင်းဖြစ် သည်။

လူထုနှင့် တော်လှန်ရေးစစ်ပွဲ ဆက်စပ်မှုမရှိတော့။

တော်လှန်ရေးတာဝန်များ လူထုအပေါ် လေးလာခြင်း၊ အလှူငွေ၊တပ်မတော် ထောက်ပံ့ရေး၊ ပါတီ၊သမဂ္ဂ၊လူငယ်၊အမျိုးသမီး၊ ကျောင်းသား၊ တပ်ပေါင်းစုကြေး များထပ်လာခြင်း။ လူ ဆက်သွားလှည်းဆက်သား၊ ပြည်သူ့စစ်တာဝန်များ လေး လာခြင်း။

တော်လှန်ရေးသမားများ၏ အနေအထိုင် အဆင့်အတန်းနှင့် ကျေးရွာလူထု အဝမဟပ်မိခြင်း။

လူဟောင်းများ ထွက်ထိုင်ကြခြင်း။

အချို့မြို့နယ်၌ လူသတ်အာဏာရရှိနေပြီး လူသတ်ခြင်းများကြောင့် လူထုက ထိတ်လန့်တုန်လှုပ်ကြခြင်း၊ ခေါင်းမိုးအုပ်ချုပ်သကဲ့သို့ ကြောက်ရွံ့နေခြင်း။

စီးပွါးရေး မဖြေရှင်းနိုင်၍ လယ်သမား သားသမီးဖြစ်သည့် ပြည်သူ့တပ်မ တော်သားများ နောက်ပိုင်းပြဿနာပေါ်လာ။ အိမ်ပြန်၍ စီးပွါးရေးရှာကြ။ စီး ပွါးရေးကြောင့်ပင်လျှင် တပ်သားသစ်ပေါ် ထွက်လာခြင်းမရှိ။

ပြည်သူ့စစ် ပြည်သူ့ပြောက်ကျားလုပ်ငန်းများ ကျဆင်းနေသည်။

ပြည်သူ့ပြောက်ကျား

အမှတ်(၄)ခရိုင်အတွင်း ပြည်သူ့ပြောက်ကျားများသည် မူလအခြေခံမှ စ၍ ပျက်စီးနေသည်။

လူထုအတွင်း နိုင်ငံရေးကျဆင်းနေသည်။

လူထုအတွင်း စစ်ကို ငြီးငွေ့လာခြင်းများ။

ူးများ၏ ဗျူရိုကရေစီဆန်ခြင်းများ။
းများ၏အပေါ် အယုံအကြည်ပေါ့ရော့လာသည်။
ပြောက်ကျားများ၏ဝတ်စားဆင်ယင်မှု၊ထောက်ပံ့မှုများညံ့ဖျင်းလွန်း၊

င်း၊ မြှင့်တင်ခြင်း မရှိသလောက်နည်းပါးသည်။

ယမ်း၊ စောင်၊ ဖိနပ်၊ ဦးထုပ် မပြည့်စုံ။
း အိမ်ထောင်သည်များအား ထောက်ပံ့မှုညံ့ဖျင်းသည်။
အတွင်း လူထုထံမှ ငွေများချေးယူသုံးစွဲသည်။
လယ်သမားများ စီးပွါးရေး ကြပ်တည်းသည်။ တောင်သူ လယ်
ား စီးပွါးရေး မဖြေရှင်းနိုင်။
သမား သမဂ္ဂများ၏ သား-သမီးများဖြစ်သော ပြည်သူ့ တပ်မ
က်ပံ့ရေးစံနစ်များ ညံ့ဖျင်းလာပေသည်။
များ၏ သက်သာချောင်ချိမှု၊ပျော်ရွှင်မှု၊ကစားခုန်စားရေးများ ပျား
င်။

င်းများ တော်လှန်ရေး နယ်ပယ် အတွင်းမှ ထုတ်ဝေသည်များ
တ်ရှုရသည်။
ျားတပ်များ၏ ထောက်ပံ့ရေးညံ့ဖျင်းသည်။
ျားတပ်များ၏ လက်နက်ထိန်းသိမ်း ကိုင်တွယ်မှု ညံ့ဖျင်းသည်။

န

ုန်လည် ဖွဲ့စည်းစဖြစ်၍ ကျစ်လစ်မှုမရှိ။
ရး အခြေအနေသိပ်မကောင်း။ ဝဲရောဂါများသည်။
ခွဲလျှင် နှစ်စုသာတိုက်အားရှိသည်။
ညာပေးမှုနည်းသည်။
များဒေသစွဲကိုမတိုက်နိုင်။နောက်ပိုင်းစီးပွါးရေးကို ဖြေရှင်းမပေးနိုင်၊
သိမ်းမှု ညံ့။ အဝတ်ပြဿနာ ဖြေရှင်းမပေးနိုင်။
ရိက္ခာ၊ အဝတ်၊ စောင်၊ဖိနပ်ဆင်ယင်မှုညံ့။
တစတစ များလာသည်။ ၂ လ၊ ၃ လ၊ ၆ လပတ်တပ်များမှာ

နှစ်နှစ်ကြာပြီး တနှစ် စစ်မှုထမ်းခဲ့သော်လည်း ယနေ့ ငါတို့မစည်းရုံးနိုင်၍ ထွက်
ျင်ကြ။
စစ်ကိုငြီးငွေ့လာသည်။ နေ့စဉ်လုပ်ငန်းကြီးတရပ်အနေနှင့် ပျင်းရိငြီးငွေ့လာ
သည်။ တပ်တွင်းဖြေဖျော်မှု စွဲမက်စရာ၊တပ်တွင်းနေချင်စရာ ကောင်းအောင် မဖန်
းနိုင်သေး။
သမရိုးကျ နိုင်ငံရေးဆွေးနွေးမှုများ၊ မီးပုံပွဲများ တရားသေဆန်လာ။
တပ်မှူးများအုပ်ချုပ်မှုညံ့။ စစ်မြေပြင်မှပြန်လာ၊ တပ်နှင့်ကင်းကွာ။ တပ်ကို
စ်ထား။ တပ်ထိန်းသိမ်းမှုများစွာလို။ တပ်မှူးတွေက စစ်မာနဝင်။ ရန်သူကို
ထင်သေး၊ ချီတက်ရင်း သတိမဲ့။ တပ်ချတုန်းလဲသတိမဲ့။
တပ်တွင်းဗျူရိုကရေစီလွှမ်းမိုးဆဲ။ စည်းရုံးရေးကျဆင်း။ တပ်မှူးများပါစစ်
ကိုငြီးငွေ့လာ။ တပ်မှူးများနေရာချထားမှုအတွက် ပြဿနာပေါ်သည်။
တပ်စိတ်မှူးများညံ့။ စစ်ပွဲတွင်တပ်စိတ်ကို ရှေ့မဆောင်နိုင်။ ရန်သူတပ်စိတ်
မှူးက မိမိတပ်စိတ်ကိုထိန်း၍တိုက်နိုင်-ဆုတ်နိုင်။
ပြောက်ကျားလုပ်ငန်း ပြည်သူ့ တပ်မတော်မှ ဝင်လုပ်။ ပြောက်ကျားမပေါ်
မ်ငယ်လာ။ တပ်မတော်ကလည်းသေချာမှုမရှိ။ ရှိပြီးပြောက်ကျားတပ်ပင်ပျက်
းသည်။
တပ်မတော်က ပြောက်ကျားစစ်ပွဲမယုံကြည်။ လူခွဲ၍မလိုက်လိုကြ။
သတင်းစုံစမ်းထောက်လှမ်းရေးညံ့။ ရန်သူအမျိုးအစားပင် ခွဲခြား၍မသိ။အင်
ားအတိအကျမသိ။ စွန့်စားမှုနည်း။ ရွာသားလွှတ်တာများ။ ရွာသားက မိမိရွာ
နာမှာစိုး၍ မလိုက်ဖြစ်အောင် သတင်းလိမ်ပေး။

ကွန်မြူနစ်တပ်တွင်းမှ အပုပ်နံ့ကြီး

ကွန်မြူနစ်တို့၏ တပ်တွင်း အပုပ်နံ့ကို ကွန်မြူနစ်စစ်သေနာပတိဆိုသည့် ဗိုလ်
ဇေယျကလည်း သုံးနှစ်မြောက် တပ်ပေါင်းစုနေ့တွင် ပြောကြားသည့်အောက်ပါ
စကားများဖြင့်ပင်လျှင် အတည့်အလင်းဝန်ခံထားလေသည်။

လူထုနှင့်ကင်းကွာနေသည့် ကွန်မြူနစ်

လူထုကိုအခြေခံတဲ့ ငါတို့တပ်မတော်နဲ့ပတ်သက်ပြီး ဒီနေ့အခြေအနေအရ မှန်
မှန်ကန်ကန်ဆန်းစစ်ကြည့်လျှင် ငါတို့ဟာ လူထုပေါ်သဘောထား ချွတ်ယွင်းနေ

သေးတဲ့ အကြောင်း၊ လူထုနဲ့ ဆက်ဆံတဲ့နေရာမှာ ဗျူရိုကရက်ဆန်နေတဲ့ အ ကြောင်းတွေရလိမ့်မယ်။ယဉ်ကျေးမှုကိုလဲဂရုမစိုက်၊လူထုအားကူညီမှုတွင်လဲ တစ္ တခြားခေါင်းပါးနေတာကိုသာ တွေ့ရတယ်။

ဒီချွတ်ယွင်းမှုတွေကြောင့် ဒီနေ့မှာ ငါတို့ဟာ လူထုနဲ့ကင်းကွာတာမျိုး ဖြစ်နေ တာကိုတွေ့ရလိမ့်မယ်။

အသေးစိတ်ဖြစ်ရပ် သက်သေတွေကို ရဲဘော်တို့ သိပြီးကြားပြီးတွေ့ကြုံပြီး ဖြစ် မယ်။ ဒါကြောင့် ဖော်မပြတော့ဘူး။

ဒီနေ့သဘိပေးချင်တာကတော့ လူထုဟာ ငါတို့မိခင်ဖြစ်တဲ့အတိုင်း မိခင်နဲ့မ အောင် မတိမ်းမစောင်း သဘောထားဖို့ ဆက်ဆံဖို့ဘဲ။

မိခင်ကို မထေမဲ့မြင်ပြုလျှင် မြေမြို့တတ်တယ်။ ဒါကြောင့် ငါတို့မြေမြို့မခံရ လျှင် မိခင်တည်းဟူသော လူထုနဲ့ ပတ်သက်လာလျှင် မချွတ်ယွင်းကြဖို့ မတိမ်း စောင်းကြဖို့ဘဲ။

ကွဲပြဲနေတဲ့ကွန်မြူနစ်

ညီညွတ်ရေးရဲ့ တန်းခိုးအာနိသင်၊ ညီညွတ်ရေးရဲ့ "အား" ကို ငါတို့ရဲဘော်တွေ နက်နက်နဲနဲ မမြင်သေးဘူးလို့ ပြောရလိမ့်မယ်။ ညီညွတ်ရေးရဲ့အားကို နက်နက်နဲနဲ မမြင်ဘော့ ညီညွတ်ရေးလုပ်ငန်းမှာလဲ မတွင်ကျယ်ဖြစ်တာဘဲ။

ဒီလိုမမြင်ကြသေးဖြစ်ရတာမှာ အဓိကအကြောင်းက ငါတို့တွင် ကိန်းအောင်း ကြွင်းကျန်နေသေးသည့် ဂိုဏ်းခွဲရေးဖြစ်တယ်။

ငါဘိုဘတွေ (တော်လှန်ရေးသမားတွေအားလုံး) ဟာ ကွဲရပြဲရမယ်ဆိုယင်မြန် တယ်။ ညီညွတ်ကြရမယ်ဆိုယင် နှေးကွေးနေတဲ့ချွတ်ယွင်းချက်ဘဲ။

ငါတို့တတွေဟာ ညီညွတ်ရေး မဖြစ်သေးဘူး။ ‑ဂိုဏ်း ဂဏအညစ်အကြေးတွေ မကုန်သေးဘူးဆိုတာ ထင်ရှားနေတယ်။

ဒါကြောင့် ဒီနေ့ငါဘို့အားလုံးရဲ့တာဝန်ဟာ ငါဘို့မှာရှိနေတဲ့ မာနတွေ၊ အထင် ကြီးမှုတွေ စွန့်ပစ်ရမယ်။ အမြင်တိုမှုတွေ စွန့်ပစ်ရမယ်။

ဗျူရိုကရေစီဝါဒဆိုးစွဲကပ်နေတဲ့ ကွန်မြူနစ်

ယနေ့ပြည်သူ့ တပ်မတော်အတွင်းမှာ ဆန်းစစ်ကြည့်လျှင် ဗျူရိုကရေစီ ဝါဒ ဟာ အတော်ပြုပြင်မွေနှောင့်ယှက်နေတာ တွေ့ရလိမ့်မယ်။ ဆက်ဆံမှုလုပ်ပုံလုပ်ဟန် သဘောထား အယူအဆနေပုံထိုင်ပုံကအစ ပျက်စီးနေကြတယ်။

ပြည်သူ့ တပ်မတော် တိုးတက်သင့်သလောက် မတိုးတက်ဖြစ်နေတာဟာ အ များကြောင့်မဟုတ်။ ဗျူရိုကရေစီဝါဒဟာ အရင်းခံဘဲလို့ မြင်ဖို့လိုမယ်။

ယခုတပ်မတော်အတွင်း ဗျူရိုကရေစီဝါဒလွှမ်းမိုးမှုဟာ တပ်မတော်ကို ခေါင်း ဆောင်နေတဲ့ ငါတို့တတွေ၊တပ်မတော်ကို ဦးစီးနေတဲ့ စစ်ဦးစီးဌာနချုပ်မှာ အဓိက တာဝန်ရှိတယ်ဆိုတာ အတည့်အလင်းဝန်ခံပါတယ်။ တာဝန်လဲယူပါတယ်။

ကွန်မြူနစ်တို့၏ ဟန်ဆောင် ငြိမ်းချမ်းရေး

၁၉၅၂ ခုနှစ်တွင် တောခိုကွန်မြူနစ်များသည် အခြေအနေမလှ၍ တပြေး တည်းပြေးလျက်ရှိကြရာ ၁၉၅၀ ခုနှစ်က အာပေါင် အာရင်းသန်သန်နှင့် ကြွေး ကြော်ခဲ့သော "နှစ်နှစ်အတွင်းအောင်ပွဲခံမည်" ဟူသော စစ်ချီသံကို ဘေးဖယ်ထား ကြပြီးနောက် "ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး" ဟူသော ကြွေး ကြော်သံသစ်များဖြင့် ပရိယာယ်ကို ပြောင်းလဲလိုက်ကြပြန်လေသည်။ ထိုသို့ပရိ ယာယ်ကို ပြောင်းလဲသော အကြောင်းရင်းများမှာ ကွန်မြူနစ်တို့သည် ၁၉၅၀ ခု နှစ် နောက်ပိုင်းမှစ၍ သူတို့၏ လက်နက်ကိုင်သောင်းကျန်းမှု လမ်းစဉ်သည် ဖရိုဖရဲ ပြိုကွဲကျဆင်းလာကြောင်းကို ကောင်းစွာ သဘောပေါက်ကြသောကြောင့် ဖြစ် ၏။ ထိုမျှသာမကသေး၊ မိမိတို့၏ ကွန်မြူနစ်ပါတီသည်လည်း ပြည်သူလူထုနှင့် ဟ ဖြည်းဖြည်းကင်းကွာလျက်ရှိလေသည်။ ထိုအတောအတွင်း ဖ ဆ ပ လ အစိုးရ သည် ပြည်တော်သာလုပ်ငန်းများကို အားကြိုးမာန်တက် လုပ်ကိုင်လျက်ရှိရာ ပြည် သူလူထုသည် ပြည်တော်သာပန်းတိုင်ကို ရှေးရှုလျက် ဖ ဆ ပ လ အစိုးရကို လိုက် လိုက်လှဲလှဲ ထောက်ခံအားပေးလာကြသည်ကိုလည်း ကွန်မြူနစ်တို့သည် ကောင်း စွာ သိရှိကြ၏။ထိုမျှမကသေး၊ ပြည်သူလူထုသည် ပြည်တွင်းဆူပူသောင်းကျန်းမှုကို ငြီးငွေ့၍ ပြည်တွင်းငြိမ်းချမ်းမှုကိုသာ ပြင်းပြစွာလိုလား တောင့်တလျက်ရှိကြသည့် အတွက် ပြည်သူလူထု၏ ဆန္ဒနှင့်ကိုက်ညီသည့် "ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး" ဟူသော နားဝင်ချိုလှသည့် ကြွေးကြော်သံတရပ်ကို ကွန်မြူနစ်တို့ သည် နည်းပရိယာယ်အသစ်ဖြင့် ကြွေးကြော်ခြင်းဖြစ်လေသည်။ ထိုသို့ကြွေးကြော် ရာတွင် ပြည်တွင်းစစ်ကို ဖန်တီးသော တရားခံသည် ဖ ဆ ပ လ အစိုးရသာလျှင် ဖြစ်ကြောင်း နောက်ကွယ်မှ လှုံ့ဆော်လျက်ရှိသည်ကို တွေ့ရ၏။

ထိုကဲ့သို့ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဟူသော ကြွေးကြော် သံများဖြင့် လှုံ့ဆော်စည်းရုံးနေသည့်အချိန်တွင် လက်နက်ကိုင် တိုက်ပွဲများကို ပိုမို

ပြင်းထန်ကျယ်ပြန့်စွာဆင်နွှဲတိုက်ခိုက်လာရမည်ဟူ၍လည်းကွန်မြူနစ်ခေါင်းဆောင်များက ညွှန်ကြားချက်များကို အနှံ့အပြား ထုတ်ပြန်ခဲ့၏။ ထိုညွှန်ကြားချက်များအရ ဖ ဆ ပ လ အစိုးရသည် တွေ့ဆုံဆွေးနွေးစေ့စပ်ရေးကို သဘောတူလာလျှင် ယာယီစစ်ရပ်စဲရေးကို ပါတီအနေဖြင့် တောင်းဆို၍ ဥပဒေတွင်းသို့ဝင်ပြီးလျှင် ဖ သက်ရှူပေါက်ယူရမည်။ ဤကဲ့သို့အသက်ရှူပေါက်ယူယင်း ဆက်လက် အင်အားဖြည့်ပြီးနောက် လက်နက်ကိုင်တိုက်ပွဲဖြင့် အာဏာကို နောက်ဆုံးသိမ်းယူမည်ဟူ၍လည်း အစီအစဉ်များချမှတ်ထားလေသည်။

သူတို့သည် ထိုစဉ်အခါက အနှံ့အပြား ထုတ်ဝေဖြန့်ချိခဲ့သော ကျေညာချက်တရပ်ကို ပြည်သူလူထုပြန်လည် သတိရရှိနိုင်ရန် အတွက် အောက်တွင် ပြန်လည်ဖော်ပြလိုက်ပါသည်။ ထိုပူးတွဲကျေညာချက်ကို ၁၉၅၂ ခုမတ်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကျေညာ၍ ခေါင်းစဉ်မှာ (ကမ္ဘာ့ငြိမ်းချမ်းရေး အရယူရန်အတွက် ဖ ဆ ပ လ တပါတီအာဏာရှင် အစိုးရကို ဖျက်သိမ်း၍ ငြိမ်းချမ်းရေး ညွန့်ပေါင်း အစိုးရကိုတည်ထောင်ရမည်။ ဗမာပြည်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများကို ဖ ဆ ပ လ အစိုးရနှင့် ငြိမ်းချမ်းစွာဖြေရှင်းရန် ငါတို့အသင့်ရှိသည်) ဟူ၍ ဖော်ပြထားလေသည်။ ကျေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်၏။

ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု ဗဟိုစည်းရုံးရေး ကော်မီတီနှင့်
ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီတို့၏

ပူးတွဲကျေညာချက်

ယနေ့အခြေအနေ

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် လူသတ္တဝါတို့၏ အဓိကလိုလားချက်မှာ ထာဝစဉ်ငြိမ်းချမ်းရေး အရယူရေးပင်ဖြစ်သည်။ သို့ဖြစ်၍ ယနေ့အဖို့၌ တိုင်းပြည်တိုင်းရှိ ရိုးသားသော မျိုးချစ်အဖွဲ့အစည်းများ၊ ဒီမိုကရေစီ အင်အားစုများ၏ အဓိကတာဝန်မှာ ထာဝစဉ်ငြိမ်းချမ်းရေး အရယူရန်ပင် ဖြစ်သည်။ ယနေ့အဖို့ အမေရိကန်နယ်ချဲ့သမားသည် အားအကြီးဆုံးသော နယ်ချဲ့သမား အဖြစ်ဖြင့် ကမ္ဘာကို လွှမ်းမိုးရန်ကြိုးစားလာသည်။ တတိယကမ္ဘာစစ်ပွဲ ဖြစ်ပွါးအောင် ကြိုးစားနေပေသည်။ မာရှယ်စီမံကိန်းအရ အထောက်အပံ့များပေးကာ တိုင်းပြည်များ၏ လွတ်လပ်ရေးကို ချုတ်ချယ်လာခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂကို လက်ဝါးကြီးအုပ်ထားခြင်း၊

အတ္တလန္တိတ်စာချုပ်ချုပ်ဆိုပြီး၊ ကိုးရီးယားပြည်၌ ဝင်ရောက်၍ စစ်ဆင်နေခြင်း၊ အမေရိကန်နယ်ချဲ့သမားက ခေါးမိုးကာဂျပန်ပြည်ငြိမ်းချမ်းရေးစာချုပ်ကို အတင်းချုပ်ဆိုခြင်း၊ အပြန်အလှန်လုံခြုံရေးစာချုပ်ဖြင့် အတိုင်းတိုင်း အပြည်ပြည်အားစစ်ရေးအရချုပ်ကိုင်လာခြင်းစသည်ဖြင့်တတိယကမ္ဘာစစ် ဖြစ်ပွါးအောင် အတောမသတ် ကြိုးစားနေပေသည်။

ဗမာပြည်၌လည်း သခင်နု ဖ ဆ ပ လ အစိုးရအား အထောက်အပံ့ အကူအညီများပေးကာ ပြည်တွင်းစစ်မီးကို ပိုမိုတောက်လောင်စေခဲ့၏။ ဤနည်းဖြင့် သူတို့ရည်ရွယ်ချက်အတိုင်း ဗမာပြည်အား စစ်တလင်းဖြစ်အောင် လုပ်နေပေသည်။ ရန်ကုန်၊ မန္တလေး၊ လာရှိုး၊ မြစ်ကြီးနား အစရှိသော မြို့ကြီးများတွင် အမေရိကန်သူလျှိုကျောင်းများဖွင့်ခြင်း၊ ထိုသူလျှိုကျောင်းများတွင် ဗမာတိုင်းရင်းသားများ အပြင်ချန်ကေရှိတ်စစ်တပ်၌ အမှုထမ်းခဲ့သူများ အများအပြားပါဝင်ခြင်း၊ ရန်ကုန်မင်္ဂလာဒုံ လေယာဉ်ပျံကွင်းကို ကမ္ဘာတွင် စတုတ္ထအကြီးဆုံး လေယာဉ်ပျံကွင်းအဖြစ် တည်ဆောက်နေခြင်း၊ ကရင်နီပြည်နှင့် တရုပ်ဗမာနယ်စပ်ဖြစ်သော မြစ်ကြီးနား၊ ဗန်းမော်၊ မူဆယ်စသည့်နေရာများ၌ လေယာဉ်ပျံကွင်းများ တည်ဆောက်ခြင်း၊ စစ်တွေ၊ ပုသိမ်၊ မော်လမြိုင်၊ ရန်ကုန်အစရှိသော သင်္ဘောဆိပ်မြို့များ၌ စစ်သင်္ဘောကြီးများဆိုက်ကပ်နိုင်ရန် ပြင်ဆင်နေခြင်း၊ ရန်ကုန်၊ မန္တလေးလမ်းနှင့် ဗန်းမော်၊ မိုးကုတ်၊ လာရှိုး၊ ဗန်းမော်၊ မန္တလေး၊ လာရှိုးကားလမ်းများကို ပြင်ဆင်တိုးချဲ့နေခြင်း၊ ဗမာပြည်နယ်စပ်တွင် ချန်ကေရှိတ်၏ ကူအိုမင်စစ်တပ်များကိုဖွဲ့စည်းကာ တရုပ်ပြည်သူ့သမတနိုင်ငံအား တိုက်ခိုက်နေခြင်းအစရှိသည်တို့မှာ ဗမာပြည်အား စစ်တလင်းဖြစ်အောင် လုပ်နေကြောင်း ထင်ရှားသည့် သာဓကများပင် ဖြစ်ပေသည်။ အမေရိကန် နယ်ချဲ့သမားလည်း ကမ္ဘာကို လွှမ်းမိုးချယ်လှယ်ရန်၊ တတိယကမ္ဘာစစ်ဖြစ်ပွါးရန် အပူတပြင်းကြိုးစားနေစဉ် တဖက်၌လည်း ဆိုဗီယက်ယူနီယံ ခေါင်းဆောင်သော တရုပ်ပြည်သူ့ ဒီမိုကရေစီနိုင်ငံများနှင့် ကမ္ဘာ့ဒီမိုကရေစီအင်အားစုများသည် အမေရိကန်နယ်ချဲ့သမားကို ဆန့်ကျင်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို အရယူရန်ကြိုးစားနေသည်။

ယနေ့အဓိကတာဝန်

ဤအခြေအနေတွင် ဗမာပြည်ရှိဒီမိုကရေစီ အင်အားစုတို့၏ အဓိကတာဝန်မှာ အင်္ဂလိပ်အမေရိကန် နယ်ချဲ့ဆန့်ကျင်ကာ ကမ္ဘာ့ငြိမ်းချမ်းရေး အရယူရေးပင်ဖြစ်ပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအရယူရေးအတွက် အင်္ဂလိပ် အမေရိကန်နယ်ချဲ့သ

မားကို ဆန့်ကျင်သော အလုပ်သမား လယ်သမားခနရှင်ပေါက်စ တိုင်းရင်းသား အရင်းရှင် တိုင်းရင်းသားလူနည်းစုများနှင့် အခြားဒီမိုကရေစီ အင်အားစု အားလုံး သည်စည်းရုံးညီညွတ်ကာ အင်္ဂလိပ်အမေရိကန် နယ်ချဲ့ဆန့်ကျင်ရေးတပ်ပေါင်းစုကြီး ကိုဖွဲ့စည်းရမည်။ ကမ္ဘာ့ငြိမ်းချမ်းရေး အရယူရေး၊ အင်္ဂလိပ် အမေရိကန် နယ်ချဲ့ဆန့် ကျင်ရေးတို့အတွက် အင်္ဂလိပ် အမေရိကန် နယ်ချဲ့သမား၏ အပေါင်းပါ သခင်နု ဖ ဆ ပ လ ၏ဘပါတီအာဏာရှင်အစိုးရကိုဖျက်သိမ်းကာ ငြိမ်းချမ်းရေးညွန့်ပေါင်း အစိုးရကို တည်ထောင်ရမည်။

ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရ၏ အဓိကလုပ်ငန်း

ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ၏ အဓိကလုပ်ငန်းသည် အင်္ဂလိပ်၊ အမေရိကန် နယ်ချဲ့ ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အရယူရေးဖြစ်သည်။ ထိုအစိုးရသည် တတိယကမ္ဘာစစ်တားဆီးရေး ဂျပန်ပြည်တွင် လက်နက် တပ်ဆင်ရေးစသည်ဖြင့် အာရှတိုက်တခုလုံး စစ်မီး မွှေးနေသည်ကို တားဆီးရေး၊ ကမ္ဘာ့နိုင်ငံကြီး ငါးနိုင်ငံ သဘောတူညီချက် ယူကာ ငြိမ်းချမ်းရေးဆောင်ရွက်ရေး၊ ဗမာပြည်အား နယ်ချဲ့ သမားများက စစ်တလင်းဖြစ်အောင် လုပ်နေသည်ကို မဖြစ်အောင် တားဆီးရေး စသည်တို့ကို ဆောင်ရွက် သွားရမည်။ ထိုအစိုးရသည် ကမ္ဘာ့ ငြိမ်းချမ်းရေး၊ အင်္ဂလိပ်အမေရိကန် နယ်ချဲ့ဆန့်ကျင်ရေးဟူသော အဓိကလုပ်ငန်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလုပ်ငန်းစဉ်တရပ်ရှိရမည်။

ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး

ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရအဖွဲ့တွင် အောက်ပါအင်အားစုများကို အခြေခံတည်၍ဖွဲ့စည်းရမည်။

(က) ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ပါတီ အစရှိသည့် တော်လှန်နေသောပါတီများ။

(ခ) ကော်သူလေး၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအို၊ တောင်သူ၊ ကချင်၊ ချင်း၊ ကရင်နီ စသောတိုင်းရင်းသား လူနည်းစုတော်လှန်ရေး အဖွဲ့အစည်းများ။

(ဂ) အလုပ်သမား၊ လယ်သမားပါတီ၊ ပြည်သူ့ ငြိမ်းချမ်းရေးအဖွဲ့၊ မဟာဗမာ အစရှိသော ဖ ဆ ပ လ နယ်မြေအတွင်းမှ ကမ္ဘာ့ငြိမ်းချမ်းရေးလိုလားသည့်အဖွဲ့အစည်းများ။

(ဃ) ကမ္ဘာ့ငြိမ်းချမ်းရေးလိုလားသည့် ဖဆ ပ လ များ။

(င) ကမ္ဘာ့ငြိမ်းချမ်းရေးလိုလားသော ထင်ရှားသည့် ပုဂ္ဂိုလ်များ။

ပါတီစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံ၏ ကွန်ဖရင့်

ဤကဲ့သို့ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ တည်ထောင်ရေးအတွက် ကမ္ဘာ့ ငြိမ်းချမ်းရေး၊ အင်္ဂလိပ်အမေရိကန် နယ်ချဲ့ဆန့်ကျင်ရေး လိုလားသည့် နိုင်ငံရေး ပါတီများ၊ လူထုအဖွဲ့အစည်းများ၊ လူနည်းစုအဖွဲ့အစည်းများ၊ တပ်မတော်များ၊ ထင်ရှားသည့် တသီးပုဂ္ဂလများ အားလုံး၏ ကွန်ဖရင့်တရပ်ကိုခေါ်ရန်လိုအပ် သည်။ ⁄

သခင်နု ဖ ဆ ပ လ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိသည်

ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရ တည်ထောင်ရေးအတွက် ဗမာပြည်တွင် လက် ရှိဖြစ်ပွါးသော လက်နက်ကိုင်တိုက်ခိုက်မှုများကို ငြိမ်းချမ်းသာယာစွာ ဖြေရှင်းရေး အတွက် သခင်နု ဖ ဆ ပ လ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ငါတို့သည် အဆင်သင့် ရှိသည်။

ငြိမ်းချမ်းရေးလိုလားသည့် အဖွဲ့အစည်းအားလုံးနှင့် ညှိနှိုင်းတိုင်ပင်မည်

အထက်၌ ဖော်ပြပါရှိခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေး အရယူရေး၊ အင်္ဂလိပ်အမေရိ ကန်နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်တွင်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရ တည်ထောင်ရေး လမ်းစဉ်အတိုင်း ငါတို့သည် သခင်နု ဖ ဆ ပ လ အစိုးရလက်နက် ကိုင်တိုက်ခိုက်နေသော တော်လှန်ရေး အဖွဲ့အစည်းများနှင့်၎င်း၊ ကမ္ဘာ့ငြိမ်းချမ်း ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ညီညွတ်ရေးလိုလားသည့် အဖွဲ့အစည်း အားလုံးနှင့် ၎င်း ညှိနှိုင်းတိုင်ပင်ကာ ပြည်သူလူထုတရပ်လုံးအား လှုံ့ဆော်စည်းရုံးသွားမည် ဖြစ်ကြောင်း။

အလုပ်သမား၊ လယ်သမား၊ ခနရှင်ပေါက်စ၊ တိုင်းရင်းသား အရင်းရှင်များ၊ ကော်သူလေး၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအို၊ တောင်သူ၊ ကရင်နီ၊ဂျင်းဖော၊ချင်းစသည့် အားလုံးသောတိုင်းရင်းသား လူနည်းစုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးလိုလားသည့် ပါ တီများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးလိုလားသည့် ဖ ဆ ပ လ များ၊ ကမ္ဘာ့ငြိမ်းချမ်းရေး လိုလားသည့်ပုဂ္ဂိုလ်များ၊ကုန်သည်ကြီးငယ်များ၊ ကျောင်းသားများ၊ စာရေးစာချီ အမှုထမ်း ပေါင်းစုံများ၊ ကမ္ဘာ့ငြိမ်းချမ်းရေး လိုလားသည့် အဖွဲ့ အစည်းများ၊

ကမ္ဘာ့ ငြိမ်းချမ်းရေး လိုလားသည့် လူထု အဖွဲ့အစည်းများ၊ ကြည်း ရေ လေ တပ်မတော်သားများအားလုံးသို့။

※ ပြည်သူလူထုအားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးတပ်ပေါင်းစု ကြီးကိုတည်ဆောက်ကြစို့။
※ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရတည်ထောင်ကြစို့။
※ ဗမာပြည်အား စစ်တလင်းဖြစ်အောင် လုပ်နေခြင်းကို တားဆီးကြစို့။
※ တတိယကမ္ဘာစစ်ကိုတားဆီးကြစို့။
※ ကမ္ဘာ့ငြိမ်းချမ်းရေးအရယူကြစို့။

ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုစည်းရုံးရေးကော်မီတီ
ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု

အထက်ပါကြေညာချက်မှာ အခြေအနေအရ မရှုသာ မရှိုက်သာဖြစ်နေသောဘဝကို အသက်ရှုပေါက်ရရှိနိုင်ရန်အတွက်ပရိယာယ်ဟန်ဆောင်၍ကွန်မြူနစ်တို့က လက်ကမ်းခြင်းဖြစ်သည်ဟု အစိုးရသည် မမှတ်မသုံးယုံကြည်သည်။ ထို့ကြောင့် ကွန်မြူနစ်တို့၏ လက်ကမ်းချက်ကျော့ကွင်းထဲသို့ ဝင်ရောက်ခြင်းမပြုဘဲ ဖ ဆ ပ လ အဖွဲ့ကြီးက အောက်ပါကြေညာချက်တရပ်ကို ၁၉၅၂ ခု ဧပြီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်၏။

ကွန်မြူနစ်သူပုန်တို့၏ မြေပေါ်မြေအောက်စစ်ရေးနှင့် နိုင်ငံရေး ပရိယာယ်များကိုသုံးသပ်ချက်

ကွန်မြူနစ်တို့၏ နည်းပရိယာယ်

(၁) ယခုအခါနိုင်ငံတော်အစိုးရ၏ ဗမာ့လက်နက်ကိုင် တပ်မတော်သည် အင်အားပြည့်တင်းပြန်လည်ဖွဲ့စည်းတိုက်ခိုက်နိုင်စွမ်းရှိသောကြောင့်၎င်း၊ကွန်မြူနစ်နှင့် ရောင်စုံသူပုန်တို့၏ လက်နက်ကိုင် တော်လှန်ရေးသည် ပြည်သူလူထုငြိမ်းချမ်းရေးသို့ ပို့ဆောင်နိုင်စွမ်းမရှိသောကြောင့်၎င်း သူပုန်တို့အပေါ်တွင် မြို့ရောတောပါ ပြည်သူလူထု၏ ထောက်ခံမှုကင်းကွာခဲ့လေသည်။ ဤမျှမက အစိုးရ၏ ထိုးစစ်ဆင်မှုကို ကျေးရွာနယ်မြေလူထု၊ မြို့နေလူထုက ထောက်ခံမှု၊ ကူညီမှု၊ အားပေးမှုတို့ကြောင့် နေရာတကာတွင် သောင်းကျန်းသူ ကွန်မြူနစ်တို့မှာ အလူးအလဲခံနေရပေပြီ။ သူပုန်တပ်သားများထွက်ပြေးခြင်း၊ သူပုန်တပ်များအား လူထု၏အကြည်ညိုအချိုး

အစားယုတ်လျော့သွားခြင်း၊ သူတို့ဖက်မှ လက်နက်ခဲယမ်းမီးကျောက်များ၊ လက်နက်ရုံ၊ မိုင်းဗုံးရုံများ ဆုံးရှုံးရခြင်း၊ သူတို့၏အခြေခံစခန်းများပျက်စီး၍ သားတွဲလွဲ၊ သမီးတွဲလွဲ မယားအကွဲကွဲနှင့် ထမင်းနပ်မှန် မစားကြရဘဲ ပြေးကြရခြင်း၊ အင်္ဂလိပ် အဖမ်းခံရကာ အရေးကြီးသည့်ဌာနများ၊ စာရွက်စာတမ်း၊ မှတ်တမ်းများကို လက်လွှတ် ပစ်ပြေးကြရခြင်းတို့ကိုလည်း ခံစားနေကြရ၏။ ယခင်နှစ်များကကဲ့သို့ တပ်မတော်တွင် အင်အားမပြည့် တနင်္ဂနွေတပတ် နှစ်ပတ်မျှသာ မွေနှောက်၍ တပ်မတော်က ပြန်သွားလိမ့်မည်ဟု မိမိတို့ကိုယ်ဘိုင်ကလည်း ယုံကြည်ကာ ဝါဒ ဖြန့်ခဲ့ခြင်းမှာ တကက်တက်စင်လွဲမှားပြီး ယခုအခါတပ်မတော်မှာ သူတို့ခိုအောင်းရာ တောစခန်းများတွင်အခြေစိုက်၍ သူတို့အား မျက်ခြည်မပြတ် တိုက်ခိုက်လျက်ရှိလေသည်။အစိုးရဖက်မှ သိမ်းပိုက်ထားသော ကျေးရွာတိုင်း၌လည်း သူပုန်တို့အား အောနှလုံးနာကြသည့် အလျောက် လွတ်လပ်စွာ လူမှုဆက်ဆံရေးများကို ခံစားရပြီး (ဖ ဆ ပ လ) အစိုးရအဖွဲ့၏ ပြောင်မြောက်သော စစ်စွမ်းရည်၊ နိုင်ငံထူထောင်ရေးစွမ်းရည်တို့ကို အားကိုးကြလျက် စိတ်ရောကိုယ်ပါ အားပေးလျက်ရှိခဲ့ပေပြီ။

(၂) သူတို့စစ်ရေးတွင် အရေးပါအရာရောက်သော တပ်မှူးများ တိုက်ပွဲတိုင်းတွင်ကျဆုံးရခြင်း၊ လက်အောက်ငယ်သားများ စိတ်ဓာတ်အထူးနိမ့်ကျလျက်ရှိခြင်း၊ အနယ်နယ်တွင်ပြေးပေါက်လည်းမရှိတော့ဘဲ ဒုက္ခဆင်းရဲနှင့်တွေ့ကြုံနေရခြင်းတို့ကို အဖတ်ဆယ်လိုသောသဘောဖြင့် ကွန်မြူနစ် ဗဟိုစည်းရုံးရေး ကော်မီတီသည် ဖမ်းဆီးရမိသော မှတ်တမ်းများမှ နိုင်ငံတော်အစိုးရအား "စစ်ရေးတိုက်ပွဲမှ"၊ "နိုင်ငံရေးတိုက်ပွဲ" သို့ ပြောင်းပြန်လှန်၍ ပရိယာယ်ပြောင်းမှုကို အကဲခတ်မိရန် အထူးသတိပြုရပေမည်။ သို့လမ်းစဉ်ပြောင်းရာတွင် ပြည်သူလူထုကို နားလည့်စရာ၊ တွေဝေစရာ၊ အစိုးရ၏ သက်ညှာမှုကို ရစရာဟူ၍ အောက်ပါဆင်ခြေများနှင့် အသက်ရှုပေါက် ယူခြင်းသာဖြစ်လေသည်။ ထိုနည်းလမ်းမှာအခြားမဟုတ် —

(က) နယ်စပ်တွင်ရှိသော တရုပ်ဖြူ ကေ အမ် တီ ကို တမျိုးသားလုံး၏ ရန်သူအဖြစ် ပြယုဂ်ဖော်၍ သူတို့နှင့်ပူးတွဲတိုက်ခိုက် အသက်ရှုပေါက်ယူရန်၊ဥပမာ (ဂျပန်ကိုချန်ကေရှိတ်နှင့် မော်စီတုန်းပေါင်းတိုက်ရေး) ဆင်ခြေပင်ဖြစ်သည်။

(ခ) ထိုသို့ ကေ အမ် တီကို ပူးတွဲတိုက်ခိုက် ချေမှုန်းရန်ဟူသော ဆင်ခြေနှင့် တဆက်တည်း အင်္ဂလိပ် အမေရိကန်နယ်ချဲ့သမားတို့ကို တိုက်ခိုက် ချေမှုန်းရန်ဟူသော ဆင်ခြေလည်း ပူးတွဲပါရှိခဲ့လေသည်။

အထက်ပါ အကြောင်းပြချက် နှစ်ချက်ကို သူတို့၏ ဗဟို စည်းရုံးရေးကော်မီတီသည် ဖမ်းဆီးရမိသော မှတ်တမ်းပြန်တမ်းများအရ ၁၆-၁-၅၂ ခုနေ့တွင် လေး

နက်စွာ စဉ်းစား ဆုံးဖြတ်ကြသည်။ ထို လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်၍ ကြေးကြော်လုပ်ကိုင်နိုင်ရန် မြေပေါ်နိုင်ငံရေးသမားဖြစ်သော ဆိုရှယ်နီပါတီဝင်များ၊ အလင်းရောက်ပြည်သူ့ရဲဘော်များ၊မဟာဗမာအဖွဲ့နှင့် အခြားအတိုက်အခံအဖွဲ့များက မြေပေါ်နိုင်ငံရေးတိုက်ပွဲ ဆင်နွှဲပေးရန်ဖြစ်သည်။ အထူးသဖြင့် အလုပ်သမား လယ်သမားပါတီအမည်ခံ ဆိုရှယ်နီတို့သည် ကွန်မြူနစ်တို့နှင့် တိတ်တိတ်ပုန်းဆွေးနွေး၍လုပ်ငန်းစဉ်ချမှတ်ခြင်းများရှိကြောင်း ကွန်မြူနစ် သခင်ချစ်၏ မှတ်တမ်းမှတွေ့ရှိရပြီးဖြစ်လေသည်။ စစ်မျက်နှာတိုင်းတွင် တိုက်ခိုက်လျက်ရှိသော အစိုးရတပ်မှူးများ ထံသို့လည်း ငါတို့အား မတိုက်ပါနှင့်၊ တို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးစေလိုပါကြောင်း ဆွယ်တရားစာများပေးကြသည်။

ကွန်မြူနစ်တို့သည် ယခင်အချိန်များက ကမ္ဘာစစ်ကြီးဖြစ်လိမ့်မည်ဟု ယူဆပြီး အဖက်ဖက်မှ စစ်ဟန်ပါသော လှုံ့ဆော်ရေးများကို နှစ်နှစ်အတွင်း စစ်အောင်ရမည်ဟု ကြုံးဝါးကြေးကြော်ချက်ဖြင့် သူပုန်စိတ်၊ သူပုန်သွေးများ သူတို့နောက်လိုက်များအား သွတ်သွင်းပေးခဲ့လေသည်။ ယခုအခါ ကမ္ဘာ့အခြေအနေသည် တမျိုးတဖုံပြောင်းလဲလျက်ကမ္ဘာစစ်မှာ ဝေးသယောင်ယောင်ရှိရုံမျှမက ဆိုဗီယက်တို့ဖောက်ခွဲလိုက်သော ကိုးရီးယားစစ်တွင်တရုပ်တို့အကျနာလျက်ရှိခြင်း။ ဘာလင်ပိတ်ဆို့မှုသည် အမြတ်မထွက် အရှုံးထွက်ခြင်း ဤသို့ ဆိုဗီယက်က ခပ်ကြမ်းကြမ်းစစ်ပွဲကလေးများကို စလိုက်ခြင်းဖြင့် အမေရိကန်တို့က လူ၊ ပစ္စည်း၊ လက်နက်အင်အားဖြင့် စတင်တိုက်ခိုက်ရန် ပြင်ဆင်လာခြင်းတို့ကြောင့် ပြင်ဆင်မှု မခိုင်လုံသေးသော ဆိုဗီယက်သည် ကျောင်းဆရာများ၊ ဘုန်းကြီးများနှင့် ပညာသည်များပါသော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်နှင့် လမ်းပြောင်းဟန့်တားထားရ လေသည်။ အမေရိကန်တွင် လည်း ကမ္ဘာစစ်ဖြစ်က သူတို့ဖက်တော်သားအဖြစ် ပါဝင်ရန် အမြတ်ကြီးစားထားသော ပစ္စည်းဥစ္စာများကို တိုင်းငယ်ပြည်ငယ်တို့အားတပည့်မွေးဝေငှရသဖြင့် အမောဆိုခဲ့လေသည်။ ငါတို့ဗမာပြည်လည်း ဤဆွမ်းကြီးလောင်းပွဲတွင် ပါဝင်အရယူခဲ့၏။ အမှန်မှာ တကမ္ဘာလုံးတွင် တိုင်းပြည်တိုင်း၌ စစ်ကိုမလိုလား၊ ရွံမုန်းကြလျက် ရှိသဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်လိုသောကွန်မြူနစ်တို့အတွက် လက်ရှိအခြေအနေအရ၊အစိုးရ ဖက်တော်သားများအား မျက်ရည်ခံထိုးခြင်း၊ လေယာဉ်ပျံကွင်း ပြင်ဆင်ခြင်း၊ သင်္ဘောဆိပ်ပြင်ခြင်း၊ လမ်းပြင်ခြင်း၊ စစ်ရေးမပါသော နိုင်ငံခြားအကူအညီယူခြင်းများဖြစ်သော အစိုးရ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကြောင်းမရှိ အကြောင်းရှာ၍ အပြစ်ဖို့ခြင်းများမှာ ပြည်သူလူထုနားသို့ မဝင်စေဘဲ တန်တားဖျက်၊ လမ်းဖျက်၊ ငွေတိုက်

ဖောက်၊ လူထုထံမှမိုက်ကြေး ဆက်ကြေးတောင်း၊ လူထုထမင်းလုပ်မှ ထမင်းထုပ်တောင်းသောအပြစ်ဆိုးများကိုသာ ဖြည်သူလူထုက အော့နှလုံးနာကြလေသည်။ ဤအဖြစ်မှန်တို့ကို ကွန်မြူနစ်တို့ သုံးသပ်ကြလေသည်။

(၁) သူတို့၏ စစ်ရေး နိုင်ငံရေး အရှုံးကြီး ရှုံးနေခြင်းများ။
(၂) သူတို့လခေါင်းများစွာ စိုးမိုးကွပ်ကဲခဲ့သောကျေးရွာနယ်မြေရှိ လူထုစီးပွါးရေး၊ ပညာရေး၊ ဆက်ဆံရေးများ ကျဆုံးနေခြင်းများ။
(၃) သူတို့၏ လက်နက်ကိုင်တပ်တွင် လက်အောက်ငယ်သားများ စိတ်ဓာတ်ချောက်ချား၍ လက်နက်ချလိုသော စိတ်ဓာတ်များ။

အထက်ပါ အချက်များကို ဟန့်တား အသက်ရှူပေါက်ယူနိုင်ရန် နိုင်ငံတော်အစိုးရအား ရှေ့ဆောင်လျက်ရှိသောနိုင်ငံရေးအဖွဲ့အစည်းများ၊ ဗမာ့တပ်မတော်သားများ၊ တာဝန်ခံတပ်မှူးများအား သူဘိုစစ်မတိုက်လိုကြပါ၊ ငြိမ်းချမ်းရေးလိုလားပါသည်၊ စေ့စပ်ရေး လုပ်လိုပါသည်၊ နှစ်ဦးနှစ်ဖက် ပြေငြိမ်း လိုပါသည်၊ သူတို့သည် နိုင်ငံတော်အစိုးရ၏ အဓိကရန်သူမဟုတ်ပါ။ နယ်ခြားတွင် ဖြစ်ပွါးလျက်ရှိသော တရုပ်စစ်ပြေး ကေအမ်တီ များသာ အဓိကရန်သူ ဖြစ်ပါသည်။ အင်္ဂလိပ် အမေရိကန်အား ပူးပေါင်း ဆန့်ကျင်လိုပါသည် စသော အကြောင်းပြချက်များကို ယခုအခါမြေပေါ်မြေအောက် တင်ပြလျက် အထိုးခံရသော လက်ဝဲသမားသည် အချိန်မစေ့မီ နာခေါင်းသွေးထွက်ခြင်းကို ခေတ္တဆေးထည့် နားနပ်လိုသောသဘောဖြင့် အကြောင်းပြခြင်းများသာဖြစ်ပေသည်။

စေ့စပ်ရေးလိုက်လျှောမှုများ

ဤသို့စေ့စပ်ရေးများကို လက်ခံလိုက်ခြင်း အားဖြင့် ပြည်ထောင်စုတရပ်လုံး ၁၉၄၈ - ၁၉၄၉ ခုနှစ်များတွင် မီးဟုန်းဟုန်းတောက်၍ ဒုက္ခကြီးရောက်ရသော အဖြစ်အပျက်များကို ဆင်ခြင်သုံးသပ်ရန်လိုပေသည်။ ပြည်ထောင်စုဗမာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီးသည့်နောက် ကွန်မြူနစ်ဖြူနီတို့သည် မိမိတို့၏ ယုံကြည်ချက် လမ်းစဉ်ဝါဒများအား နိုင်ငံတော်လူထုသို့ လူထုနည်း၊ ဒီမိုကရေစီ စံနစ်အားဖြင့် တင်ပြဖြေကြားခြင်းမရှိဘဲ လက်နက်စွဲကိုင်တော်လှန်ပုန်ကန်ခဲ့ ကြလေသည်။ ၁၉၄၈ ခုမတ်လဆန်းလောက်ဘွင် ပြည်သူ့ရဲဘော်အဖွဲ့ကြီးသည် (ဖ ဆ ပ လ) အတွင်း ရဲဘော်အဖြူအဝါကွဲလျက် ရဲဘော်ဖြူတို့သည် လက်နက်စွဲကိုင် သောင်းကျန်းကြပြန်လေသည်။ (ဖ ဆ ပ လ) အဖွဲ့ချုပ်မှ တာဝန်ရှိသော ခေါင်းဆောင်တို့သည် ထိုကိစ္စနှင့်စပ်လျဉ်း၍ ကွန်မြူနစ်သူပုန်များဖြစ်သော ဗိုလ်ရန်အောင်၊ ဗိုလ်

သိန်းဒန်၊ ဗိုလ်အောင်မင်း၊ တပ်မတော်စစ်ပြေးဖြစ်သည့် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်သက်ထွန်း၊ ဗိုလ်သိန်း၊ ရဲဘော်ဖြူသူပုန်များဖြစ်သော ဗိုလ်ဖိုးကွန်း၊ ဗိုလ်ထွန်းလင်း၊ ဗိုလ်အောင်ညွန့် စသောသူပုန်တို့နှင့် နိုင်ငံတော်၏ငြိမ်းချမ်းသာယာရေးအတွက် ညီညွတ်ရေးလမ်းစဉ်များကို လျှို့ဝှက်စွာချမှတ်ဆွေးနွေးခဲ့ကြလေသည်။ ထိုဆွေးနွေးပွဲများ စတင်သည့်အချိန်မှာပင်လျှင် ကေ အင် ဒီ အို ကရင်သူပုန်တို့သည်လည်း အင်းစိန်မှအစ နိုင်ငံနှင့် အဝှန်း ထကြွ ပုန်ကန်ခဲ့ကြလေသည်။

ဤသို့ နိုင်ငံတော်၏အခြေအနေဆိုးများကို ကယ်တင်နိုင်ရန် (ဖ ဆ ပ လ) အဖွဲ့မှ ခေါင်းဆောင်တို့သည် နိုင်ငံတော်အစိုးရ၏ စီးပွါးရေး၊ စစ်ရေး၊ နိုင်ငံရေးစသော အဖြစ်အပျက်မှန်တို့ကို ထုတ်ဖော်ပြောပြကြပြီး အစိုးရအဖွဲ့တွင် ဝင်ရောက်ဆောင်ရွက်နေကြသော ဆိုရှယ်လစ်ခေါင်းဆောင်တို့ပင်လျှင် ရာထူးမှနုတ်ထွက်ပေးမည့်အပြင် အခြေခံဥပဒေအရ သူပုန်ခေါင်းဆောင်တို့က ဝင်ရောက်နေရာယူမှုကိုပင် ထောက်ခံကြမည်ဟု ကတိပြုခဲ့ကြလေသည်။ အကြိမ်ပေါင်း မြောက်မြားစွာ ဆွေးနွေးချက်များကို အမှီပြုလျက် တပ်မတော်သူပုန်၊ ရဲဖြူသူပုန်၊ ကွန်မြူနစ်သူပုန်ခေါင်းဆောင်တို့သည် ၁၉၄၉ ခုမတ်လ ၁၅ ရက်နေ့နောက်ဆုံးထားလျက် သူပုန်တို့သိမ်းပိုက်ထားသော နယ်မြေအတွင်းရှိ မကွေးမြို့တွင် ညီလာခံတရပ် ခေါ်ယူဆွေးနွေးပြီး ပြန်ခဲ့ကြပါမည်ဟူသော ကတိဖြင့် မကွေးမြို့သို့ အရောက် အကူအညီများပေး၍ ပို့လိုက်ကြပြီး ညီလာခံကျင်းပကြလေသည်။

ဤမျှညီညွတ်ရေးကို အဆင့်ဆင့်လိုက်လျော စေ့စပ်နေစဉ် နယ်ချဲ့ထိုးစစ်နှင့် ကရင်သူပုန်အန္တရာယ်တို့သည် ကြောက်မက်ဖွယ်ပြင်းထန်လာလေသည်။ ဘဏ္ဍာရေး၊ စီးပွါးရေး အခက်အခဲတို့သည် တနေ့တခြားတိုးဖိ၍ လာလေသည်။ နိုင်ငံရေးပယောဂတို့ဖြင့် အမှုထမ်းအရာထမ်းတို့၏ သစ္စာဖောက်မှုများ တခုပြီးတခု ဆင့်ကဲလာလေသည်။ကွန်မြူနစ်တို့သည် ကရင်သူပုန်နှင့် ပူးပေါင်းကာ မကြုံဘူး၊ မကြားဘူးလောက်အောင် ဖောက်ပြန်၍ လာကြလေသည်။ ညီညွတ်ရေးခေါ်စဉ်က ပေးသွားကြသော ကတိများ၊ လမ်းစဉ်များကို သွေးနားထင်ရောက်မှု၊ အထင်ကြီးမှု၊ နိုင်ငံတော်လူထု၏ ဒုက္ခဆင်းရဲတွေ့ကြုံရမည့် ဘေးဆိုးများကို တင်ကြိုမျှော်မြင်တွေးသမှုများပျောက်ကွယ်ကြပြီး မကွေးညီလာခံတွင် ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ တော်ခိုတပ်မတော်စသော အင်အားသုံးရပ်ဖြင့် ဒီမိုကရေစီ တပ်ပေါင်းစု ဖွဲ့စည်းကြလျက် ရန်ကုန်အနီး မှော်ဘီနယ်တဝိုက်အထိ သိမ်းပိုက်စစ်ဆင်ခဲ့ကြလေသည်။ နောက်ဆုံး အစိုးရနှင့် ပေါင်းတိုက်နေပါသည်၊ ဆွေးနွေးနေပါသည်၊ ညီညွတ်ရေးရပါတော့မည်ဟူသော အကြောင်းပြချက်နားလည်မှုဖြင့် ခရိုင်သိမ်း၊ မြို့သိမ်း၊ ရွာသိမ်း၊

ငွေတိုက်ဖောက်၊ လက်နက်သိမ်း၊ အုပ်ချုပ်ရေးများကို ထိပါးဇက်ရဲလာခဲ့ကြလေသည်။.သူတို့၏ မတည်ကြည်မှုကြောင့် –

(၁) တိုင်းပြည်၏ စီးပွါးရေး၊ ဘဏ္ဍာရေး၊ နိုင်ငံတော်၏ထွက်ကုန် ပို့ဆောင်ရေးတို့သည် မျှော်လင့်ချက် ကင်းမဲ့လာကြသည်။

(၂) ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံတွင် ဗမာပြည်သည် သေးငယ်ဘိမ်မြုပ်၍ တံထွေးခွက် ပက်လက်မျောခဲ့ရသည်။

(၃) နိုင်ငံတော်အစိုးရ၏ တိုက်အား ခိုက်အားတို့မှာလည်း နွမ်းနယ်ပျက်ပြား၍လာသည်။

(၄) ပြည်သူလူထုဘရပ်လုံးမှာလည်း ဆောက်တည်ရာမရအောင် ဆင်းရဲ၊ စိတ်ပျက်၊ ဒုက္ခကြီးနှင့် ကြုံတွေ့ခဲ့ရလေသည်။

ညီညွတ်ရေးခေါ်ယူဆွေးနွေးစဉ်က သူတို့အား ရန်မမူခဲ့ရုံမက အကြီးဆုံးဖြစ်သော ကေ အင် ဒီ အို သူပုန်ကိုသာ တိုက်ခဲ့ကြသည်။သို့စဉ်လျက် နိုင်ငံတော်အစိုးရအား ကရင်သူပုန်တို့နှင့် အလူးအလဲတိုက်ခိုက်နေစဉ် မကူညီရုံသာမက နောက်ကျောကို ဓားနှင့်ထိုးခဲ့ကြလေသည်။ နောက်ဆုံး အစိုးရအဖွဲ့ လတ်တလော ပြုတ်ကျသွားပါက ဂျာမနီကို အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက်တို့ နယ်ခွဲသိမ်းသကဲ့သို့ နယ်ပိုင်၊ တိုင်းပိုင်၊ မြို့ပိုင်အဖြစ် အစိတ်စိတ် အမြွာမြွာကွဲပြားရမည့် ဗမာနိုင်ငံ၏အဖြစ်သည် ဆိုးရွားလှသော အခြေသို့ ကျရောက်ရလေတော့မည်။

ပြည်ထောင်စုဗမာနိုင်ငံအပေါ် ကျရောက်လျက်၊ ပြည်ထောင်စုတည်မြဲရေး၊ ပြည်သူလူထုငြိမ်းချမ်းရေး တကယ်အမှန်ရရှိမည့် နည်းလမ်းသာလျှင် ဒီမိုကရေစီအစဉ်အလာနှင့်မဆန့်ကျင်က လိုက်လျောလက်ခံရပေမည်။ လက်ခံရုံသာမက မိမိတို့တွင်ရှိသော အခွင့်အရေး အာဏာများကိုပင် စွန့်လွှတ်ခဲ့ကြရပေသည်။ ခေါင်းဆောင် မပီသသော ရောင်စုံသူပုန်တို့၏ လမ်းမှားကြောင့် နောက်ဆုံး အလျှော့မပေးဘဲ မှန်ကန်သည့်ဖက်မှ ရာဇဝင်ကို အသက်သွေးနှင့်ရေး၍ ပုဂ္ဂိုလ်ပါတီအနိုင်ရရေးထက် ရာဇဝင် သစ္စာဖောက်သမားများဘဝနှင့် နိုင်ငံတော်အား အဓမ္မသစ္စာဖောက် သမားများလက်သို့ ဝကွက်၍ မအပ်ဘဲ တိုက်ရင်းအသေခံ၍ နိုင်ငံတော်၏သစ္စာတော်ကို ခံယူရန်ဆုံးဖြတ်အဓိဋ္ဌာန်ပြု၍ နိုင်ငံတော်၏ အကျိုးကို တက်ညီ လက်ညီ ချီတက် တိုက်ခိုက် ထူထောင်ခဲ့ကြရသည်။ ပြည်ထောင်စုဗမာနိုင်ငံ၏ တိုးတက်ကြီးပွါးရေးလမ်းစများကို ရောင်စုံသူပုန်တို့၏အမှောင်အခိုးတို့ဖြင့် ပိတ်ဆိုင်းအုံ့မှိုင်းနေရာမှ အလင်းရောင်သည် တနေ့ထက်တနေ့ တလထက်တလ တနှစ်ထက်တနှစ် ယှက်သန်းပေါ်ထွက် တခြိမ့်ခြိမ့်အောင်ပွဲခံလျက်ရှိပေပြီ။

ထို့ကြောင့် သူတို့ပရိယာယ်ဝေဝုစ်ဖြင့် မျက်ရည်ခံထိုး စေ့စပ်ရေးကမ်းလှမ်းချက်များကို လက်ခံဆွေးနွေးခြင်းအားဖြင့် အောက်ပါအချက်များအရ ကွန်မြူနစ်သူပုန်တို့သည် အသက်ရှူပေါက်ယူကြလိမ့်မည်မှာ သေချာပေသည်။

(၁) သူတို့တပ်တွင်းလက်နက်ချလိုသူများအား ရပ်ဆိုင်း ဟန့်တားထားနိုင်ရန် (စေ့စပ်ရေးလုပ်နေပြီဟု အကြောင်းပြချက်ဖြင့်)။

(၂) စိတ်ဓာတ်ပျက်နေသူ ကွန်မြူနစ် အထက်အောက် ပုဂ္ဂိုလ်များအား စိတ်ဓာတ်မြှင့်တင်ပေးဖို့အချိန်ယူရန်။

(၃) ဖရိုဖရဲဖြစ်နေသော သူတို့အင်အားစုများကို ပြန်လည် စည်းရုံးနိုင်ရန် အချိန်ယူ န်။

မှတ်ချက်။ ။ကရင်သူပုန် စောဘဦးကြီးနှင့် စေ့စပ်ရေးလုပ်၍ ကရင်သူပုန်ကြီးကျယ်လာခြင်း၊ ကွန်မြူနစ်၊ရဲဘော်ဖြူ၊ တောခိုတပ်မတော်ဗိုလ်များနှင့် စေ့စပ်ရေးလုပ်၍ ရန်ကုန်အစိုးရအဖြစ် နယ်ကျဉ်းလာခြင်းများသည် ရာဇဝင်အရ မမေ့ထိုက် သတိမူရမည့်အချက်များဖြစ်လေသည်။

PDF စာအုပ်များနှင့် ပတ်သက်၍

စုံစမ်းမေးမြန်းလိုလျှင်

nyeyadhamma@gmail.com သို့

ဆက်သွယ်နိုင်ပါသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

(င) ကေ အမ် တီ ကျူးကျော်မှု

လွတ်လပ်ရေး ရပြီးခါစ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပေါ်ပေါက်ခဲ့သည့် အဖျက်လုပ်ငန်းများအကြောင်းကိုရေးသားရာတွင် ကေ အမ် တီ ခေါ် ကူမင်တန်တရုပ်ဖြူကျူးကျော်စော်ကားမှုများကိုလည်း မထည့်သွင်းဘဲပြည့်စုံလိုလောက်မည်မဟုတ်ပေ။ထို့ကြောင့်ဤအခန်းတွင် ကေ အမ် တီ ကျူးကျော်မှုများ သမိုင်းကို အကျဉ်းချုံး၍တင်ပြပေအံ့။

တရုပ်ပြည်ကြီးတွင် ချန်ကေရှိတ်ကြီးမှူးသော ကူမင်တန်အစိုးရကို တော်လှန်တိုက်ခိုက်သည့် ကွန်မြူနစ်တပ်များသည် ၁၉၄၉ ခုနှစ်တွင် အောင်ပွဲခံယူ၍ တရုပ်ပြည်တပြည်လုံးကိုပင် သိမ်းပိုက်နိုင်ခဲ့လေသည်။ အာဏာရှင် ချန်ကေရှိတ်နှင့် အပေါင်းပါတို့သည် ကွန်မြူနစ်တပ်များ၏ ထိုးစစ်ဆင်မှုကို ကြံ့ကြံ့ခံနိုင်ခြင်းမရှိဘဲ ဆုတ်ခွါထွက်ပြေးသွားရပြီးနောက် ပင်လယ်ကို ကျော်ဖြတ်၍ ဖော်မိုဆာကျွန်းတွင် သွားရောက် အခြေစိုက်ကြရလေသည်။ ချန်ကေရှိတ်၏ လက်နက်ကိုင် စစ်တပ်များသည်လည်း ဖရိုဖရဲ အစိတ်စိတ်အမွှာမွှာကွဲပြား၍ အချို့က ကွန်မြူနစ်များထံ လက်နက်ချ ဝင်ရောက်ကြလေသည်။ အချို့တမူကား ချန်ကေရှိတ်နှင့် ဖော်မိုဆာကျွန်းသို့လိုက်ပါသွားကြ၏။ မြန်မာနယ်စပ်အနီးရှိ ယူနန်ပြည်နယ်မှ လက်နက်ကိုင် ချန်ကေရှိတ်၏ တပ်သားအချို့သည် ပြေးပေါက်မရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်လာကြလေသည်။

ထိုကဲ့သို့ ၁၉၄၉ ခုနှစ်တွင် စတင်၍ ချန်ကေရှိတ်၏ ကေ အမ် တီ တပ်သားများသည် ပြည်ထောင်စုနယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာကြသော်လည်း နိုင်ငံတော်အစိုးရသည် သူတို့အား တွန်းလှန်နှိမ်နင်းရန် မလုံးပန်းနိုင်ဘဲ ပြည်တွင်း၌ ကြောက်ခမန်းလိလိ တောက်လောင်လျက်ရှိသော ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ သစ္စာဖောက် တပ်သားများနှင့် ကေ အင် ဒီ အို၊ အမ် အင် ဒီ အို မီးများကိုသာလျှင် အလေသုံးဆယ် ငြိမ်းသတ်လျက်ရှိရပေသည်။ ထိုစဉ်အခါက အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ပြည်တွင်း အခြေအနေသည် အထူး ဆိုးရွားခဲ့သည်ဖြစ်ရာ နိုင်ငံတော်အစိုးရက နယ်စပ်တွင် အသစ်ပေါ်ပေါက်လာသော ကျူးကျော်မှုများကို အာရုံမစိုက်နိုင်သည်မှာအံ့သြဖွယ်ရာမဟုတ်ပေ။

ပဌမအစတွင် ချန်ကေရှိတ်၏ စစ်ပြေးများသည် အစုကလေးများကွဲ၍ မြန်မာ

နိုင်ငံအတွင်းသို့ပြေးမိပြေးရာဝင်ရောက်ခိုလှုံခဲ့ကြလေသည်။ထို့နောက် တားဆီးပိတ်ပင်မှုမရှိသည်ကို တွေ့ရသောအခါ ပိုမိုများပြားသောတရုပ်တပ်များသည်ဆက်လက်၍ ဝင်ရောက်လာကြပြန်လေသည်။ ၁၉၅၀ ခု မတ်လ ၁ ရက်နေ့တွင် ကေ အမ် တီ တပ်သား ၁၇,၀၀၀ ခန့်သည် ကျိုင်းတုံနယ်တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြ၏။ ထို့နောက် ဆက်ကာ ဆက်ကာ အုပ်စုကလေးများ ဝင်ရောက်လာကြပြီး နောက်နယ်သူနယ်သားများထံမှဆန်စပါးအစရှိသောစားနပ်ရိက္ခာများကို အတင်းအကြပ်တောင်းယူခြင်း၊ တနေရာမှတနေရာသို့ သွားလာရေးအတွက် လှည်း၊ လား အစရှိသောပစ္စည်း တိရစ္ဆာန်တို့ကို ဆင့်ဆိုခြင်း၊သယ်ယူပို့ဆောင်ရန်အတွက်အလုပ်ကြမ်းများ တောင်းဆိုခြင်း အစရှိသည်တို့ကိုပြုလုပ်လာကြလေသည်။ထိုမျှသာမကသေး၊ထိုဒေသရှိ နယ်လူထုကိုလည်း စည်းကမ်းမဲ့သောစစ်ပြေးများပီပီအမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခဲ့ကြလေသည်။ကျိုင်းတုံနယ်လူထုသည်လည်း လက်နက်မျိုးစုံစွဲကိုင်လာကြသည့် ထိုကျူးကျော်သူများကိုအဘယ်ကဲ့သို့လျှင် အံတုနိုင်ကြပါမည်နည်း။

ယူနန်နယ်မှ တရုပ်စစ်ပြေးများသည် ကွန်မျူနစ် တပ်များ၏ တိုက်ခိုက်မှုကြောင့် ထွက်ပေါက်ရှာကြရာတွင် ကျိုင်းတုံတနယ်တည်းသာလျှင် ခြေဦးတည့်ရာပြေးလွှားခိုလှုံကြသည်မဟုတ်၊ ယူနန်နယ်၏ တောင်ဖက် တဆက်တည်း ဖြစ်သော အင်ဒိုချိုင်းနားပြည်သို့လည်း အများအပြားပြေးလွှားခိုလှုံခဲ့ကြလေသည်။ ၁၉၄၉-၅၀ ခုနှစ်အတွင်းအင်ဒိုချိုင်းနားပြည်တွင်းသို့ ကျူးကျော်ဝင်ရောက်လာကြသော ကေ အမ် တီ စစ်ပြေးဦးရေသည် သုံးသောင်းခန့်ရှိလေသည်။ သို့ရာတွင် ထိုအခါက အင်ဒိုချိုင်းနားပြည်၌ ပြည်တွင်းသောင်းကျန်းမှုများ မပေါ်ပေါက်သေးသဖြင့် အာဏာပိုင် ပြင်သစ်အစိုးရသည် ထိုသို့ ကျူးကျော်ဝင်ရောက်လာကြသော ကေ အမ် တီ စစ်ပြေးများကိုတားဆီးပိတ်ဆို့၍ လက်နက်ခဲယမ်းမီးကျောက်များကိုထိထိရောက်ရောက်သိမ်းဆည်းနိုင်သည်။ ထိုသို့သိမ်းဆည်းနိုင်ရုံမျှသာမက သုံးသောင်းခန့်သော ကေ အမ် တီ စစ်ပြေးများကို ပြင်သစ်အစိုးရက ဖော်မိုဆာကျွန်းသို့ပင် ပို့ပေးနိုင်ခဲ့သည်။ ပြည်ထောင်စုအစိုးရသည် ထိုနည်းအတူပင် ကျိုင်းတုံနယ်တွင်းသို့ ဝင်ရောက်လာသော ကေ အမ် တီ စစ်ပြေးများကို လက်နက် သိမ်းယူ၍ အကျဉ်းချထားရန် သော်၎င်း၊ ဖော်မိုဆာကျွန်းသို့ ပို့ပေးရန်သော်၎င်း စကားကမ်းလှမ်းခဲ့၏။ သို့ရာတွင် ကေ အမ် တီ ကျူးကျော်သူတို့သည် ထိုသို့စကားကမ်းလှမ်းချက်ကို တင်းမာစွာပယ်ချခဲ့ကြ၏။ ထိုသို့ပယ်ချသော်လည်း ပြည်တွင်းသောင်းကျန်းမှုများကို နေ့မအား ညမအား ရှင်းလင်းနေရသော ပြည်ထောင်စု အစိုးရသည် သူတို့အား မည်သို့မျှ အရေးမယူနိုင်ဘဲ လျစ်လျူရှုထားခဲ့ရလေသည်။

၁၉၅၀ခု မေလ ၂၅ရက်နေ့တွင် အတင့်ရဲလာသော ကေ အမ် တီ များသည် မြန်မာနယ်စပ်ရှိ ကျူကုတ်မြို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြ၏။ ၁၉၅၀ ခုဇွန်လတွင် ပြည်ထောင်စုအစိုးရသည် ကေ အမ် တီ များကိုလက်နက်ချ၍ အဖမ်းခံကြရန် သို့မဟုတ် ဖော်မိုဆာကျွန်းသို့ ပို့ပေးခြင်းကို သဘောတူညီကြရန် ရာဇသံပေးလိုက်လေသည်။ ကေ အမ် တီ ကျူးကျော်သူတို့သည် ထိုသို့တောင်းဆိုချက်ကို တင်းတင်းမာမာငြင်းဆိုကြ၍ ပြည်ထောင်စုစစ်တပ်များက သူတို့အားလာရောက်တိုက်ခိုက်ပါက သူတို့က လက်နက်မျိုးစုံဖြင့် ပြန်လည်တိုက်ခိုက်မည် ဖြစ်ကြောင်း ရှင်းပြစွာ အကြောင်းပြန်ကြားခဲ့၏။ ထိုကျူးကျော်သူများမှာ ချန်ကေရှိတ်၏ တပ်မဟာ ၈။ တပ်မဟာ ၂၆ နှင့် ဒီဝီဇံတပ်အမှတ် ၉၃ တို့မှ အကြွင်းအကျန်များ ဖြစ်ကြ၍ သူတို့အား ထိန်းသိမ်းကွပ်ကဲသော အရာရှိမှာ ဗိုလ်ချုပ် လီမီလူကျင်ဖြစ်၏။

ကေ အမ် တီ တပ်များသည် မြန်မာကျေးရွာအများကို ဆက်လက်သိမ်းပိုက်ပြီးနောက် ယိုးဒယား မြန်မာနယ်စပ်ရှိ တာချီလိတ်မြို့ကို ဝင်ရောက်သိမ်းပိုက်လိုက်သောအခါ ပြည်ထောင်စုအစိုးရသည် လက်ပိုက်၍ ကြည့်မနေနိုင်တော့ဘဲ ရှိသမျှသောစစ်အင်အားနှင့် သူတို့အား တာချီလိတ်မြို့မှ တိုက်ခိုက်မောင်းနှင် ထုတ်လိုက်ရလေသည်။ ဗမာ့တပ်မတော်၏ ထိုးစစ်ကို ခံနိုင်ရည်မရှိသော ကေ အမ် တီ များသည် တာချီလိတ်မြို့မှ ဆုတ်ခွာ၍ မောင်းဆပ်မြို့ကို ဝင်ရောက် သိမ်းပိုက်ပြီးနောက် အခိုင်အမာ တပ်စွဲထားကြပြန်လေသည်။ထိုခံတပ်မှနေ၍ သူတို့သည် ပြည်ထောင်စုအစိုးရကို ဆက်လက်အံတုလျက်ရှိကြလေသည်။

ထိုကဲ့သို့ မောင်းဆပ်မြို့ကို အခိုင်အမာ တပ်စွဲပြီးနောက် ခိုင်ခံ့သော ခံတပ်များ၊ မြေကတုတ်များ၊ လေယာဉ်ပျံကွင်းစသည်တို့ကို ပြုလုပ်၍ ကေ အမ် တီ များသည် ဖော်မိုဆာကျွန်းနှင့် တိုက်ရိုက် အဆက်အသွယ်များ ပြုလုပ်ကြလေသည်။ ဖော်မိုဆာကျွန်းမှ လေယာဉ်ပျံများသည် မောင်းဆပ်မြို့သို့ ပျံသန်း၍ လက်နက်ခဲယမ်းမီးကျောက်များ ဖြည့်တင်းခြင်း၊ စားနပ်ရိက္ခာများပို့ပေးခြင်း၊ စစ်ဗိုလ်စစ်သားများကို လေ့ကျင့်သင်ကြားပေးခြင်း၊ စစ်အင်အားကို ဖြည့်တင်းခြင်း စသည်တို့ကိုပြုလုပ်ခဲ့၏။ ၁၉၅၀ ခုနှစ် နောက်ပိုင်းနှင့် ၁၉၅၁ ခုနှစ်အစတွင် ဗိုလ်ချုပ်လီမီသည် မောင်းဆပ်မြို့၏မြောက်ဖက် နေရာအနှံ့အပြားသို့ မိမိလူများကို စေလွှတ်၍လျှင် တပ်သားများစုဆောင်းခဲ့လေသည်။ ထိုသို့စုဆောင်းခဲ့ရာ မူလဝင်ရောက်လာသော စစ်ပြေးများနှင့် နောက်ထပ်ဝင်ရောက်လာကြသည့် စစ်သားဦးရေသည် ကြောက်ခမန်းလိလိ များပြားလာသည်ကို တွေ့ရ၏။

ထိုသို့ အသစ်ဝင်ရောက်လာသော ကေ အမ် တီ တပ်သားများကို ဖော်မိုဆာမှ

ရောက်လာသော တရုပ်စစ်ဗိုလ်များက စစ်အတတ်ကို စံနစ်တကျ သင်ကြားပေးကြလေသည်။ မောင်းဆပ် လေယာဉ်ပျံကွင်းသို့လည်း ဖော်မိုဆာမှ လေထီးတပ်သားအများပင်ဆင်းသက်လျက် အင်အားကို ဖြည့်တင်းခဲ့သေးလေသည်။ ထိုအချိန်ကာလအတွင်း၌ မောင်းဆပ်လေယာဉ်ပျံကွင်းသို့ လူ၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် စားနပ်ရိက္ခာများ၊ ဆေးဝါးပစ္စည်းများ၊ အခြားစစ်သုံးပစ္စည်းများကို ၇ ရက်တပတ်လျှင်နှစ်ကြိမ် မှန်မှန်ပို့ချပေးခဲ့ကြလေသည်။ ထိုသို့အသုံးပြုသောလေယာဉ်ပျံများမှာ တရုပ်ပြည်ဘွင်နှစ်ပေါင်းများစွာ စစ်မှုထမ်းခဲ့သော အမေရိကန်အမျိုးသားများ ဗိုလ်ချုပ် ချင်းနော့(ထ်)ဆိုသူနှင့် ချန်ကေရှိဘ်တို့ ဖက်စပ်တည်ထောင်ထားသည့် စီ အေ တီ ခေါ် လေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပျံများ ဖြစ်ကြောင်းကိုအခိုင်အမာ သိရှိရ၏။ ဗိုလ်ချုပ်ဟောင်း ချင်းနော့(ထ်)မှာ အမေရိကန်အစိုးရ၏အမှုထမ်းတဦးမဟုတ်တော့ဘဲ သူ၏ပုဂ္ဂလိက လုပ်ငန်းအဖြစ် ထိုလေယာဉ်ပျံကုမ္ပဏီကို ဖွင့်လှစ်ထားကြောင်းကိုလည်း သိရှိရလေသည်။ ၁၉၅၁ ခု အောက်တိုဘာလအတွင်း၌ တရုပ်ဗိုလ်ချုပ် လီမီသည် ဖော်မိုဆာကျွန်းသို့ လေယာဉ်ပျံဖြင့် ထွက်ခွာသွားပြီးနောက် ၁၉၅၂ ခု ဖေဖော်ဝါရီလအတွင်း၌ ဖော်မိုဆာကျွန်းမှ ကေအမ်တီစစ်ဗိုလ်ခုနစ်ရာခန့်သည် သင်တန်းပေးရန်အတွက် မောင်းဆပ်မြို့သို့ ရောက်ရှိလာကြ၏။

ထိုကဲ့သို့ပင် ဗိုလ်ချုပ်လီမီသည် ဖော်မိုဆာမြို့သို့ ရံဖန်ရံခါ သွားရောက်ပြီးလျှင်ထိုကျွန်းရှိ နိုင်ငံရေးအာဏာပိုင်များ၊စစ်ဖက်အာဏာပိုင်များနှင့် ဆွေးနွေးကြောင်းကိုလည်း သိရှိရလေသည်။ ဖော်မိုဆာကျွန်းရှိ ကေ အမ် တီ လေ့ကျင့်ရေး စစ်စခန်းများသို့လည်း ဗိုလ်ချုပ်လီမီသည် မကြာခဏသွားရောက်၍ နောက်ဆုံးပေါ် စစ်လက်နက်များနှင့် ခေတ်အလိုက် စစ်လေ့ကျင့်နည်းများကိုလည်း လေ့လာခဲ့လေသည်။ ထို့ကြောင့် မောင်းဆပ်ဌာနချုပ်တွင် ကေ အမ် တီ ကျူးကျော်သူများစွဲကိုင်သော စစ်လက်နက်ပစ္စည်းများမှာ နောက်ဆုံးပေါ် အမေရိကန်စစ်ပစ္စည်းများဖြစ်၍ လေ့ကျင့်ရာ၌လည်း အမေရိကန်စစ်လေ့ကျင့်နည်းအတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးသည်ကို တွေ့ရလေသည်။ ထိုကဲ့သို့ဖော်မိုဆာကျွန်းရှိ ချန်ကေရှိတ်အစိုးရသည် မောင်းဆပ်ရှိ ကေ အမ် တီ စစ်ပြေးများအား အတည့်အလင်းကူညီထောက်ပံ့လျက် ရှိသော်လည်း ထိုကူညီကြောင်းကို ထုတ်ဖော်ဝန်ခံခြင်း မပြုသည်သာမက အတည့်အလင်း ငြင်းဆိုသည်ကိုသာတွေ့ရ၏။ ချန်ကေရှိတ် ကိုယ်ဘိုင်ကသော်၎င်း၊ သူ၏လက်အောက် တပည့် လက်သားများကသော်၎င်း မောင်းဆပ်မြို့ရှိ ကေ အမ် တီ စစ်ပြေးများမှာ မိမိဘို့နှင့် လုံးဝမသက်ဆိုင်ကြောင်း မိမိတို့ကမည်သို့မျှ

အကူအညီ မပေးခဲ့ဘူးကြောင်း သူတို့အတွက် မိမိက လုံးဝတာဝန် မယူကြောင်းစသည်တို့ကို ကမ္ဘာသို့ကျေညာခဲ့၏။

သို့ရာတွင် ဖော်မိုဆာအစိုးရသည် မြန်မာပြည်တွင်းရှိ ကေ အမ် တီ ကျူးကျော်သူများအား ထိထိရောက်ရောက် ကူညီထောက်ပံ့လျက် အဆက်အသွယ်မပြတ် ပြုလုပ်နေကြကြောင်းကို တကမ္ဘာလုံးကပင်သိရှိကြ၏။နိုင်ငံအသီးသီးရှိ စာ နယ် ဇင်းများကလည်း အတည့်အလင်းပင် ထုတ်ဖော်ရေးသားကြလေသည်။အခြေအနေကိုလာရောက်အကဲခတ်ကြသော နိုင်ငံခြားမှ သတင်းစာဆရာတိုင်းပင် ထိုအကြောင်းကိုကောင်းစွာသိရှိကြ၍ မကွယ်မဝှက်ရေးသား ဖော်ပြကြလေသည်။ အင်္ဂလန်နိုင်ငံတွင်ထိုအကြောင်းကိုစတင်ရေးသားသော စာ နယ် ဇင်းများမှာအော့(ဗ်)ဇားဗား ဂျာနယ်နှင့် မန်ချက်စတာဂါဒီယန်း သတင်းစာကြီးများဖြစ်ကြလေသည်။ ၁၉၅၃ ခုစက်တင်ဘာလ ၁၉ ရက်နေ့ထုတ်နာမည်ကျော်လန်ဒန်တိုင်းမ်(စ်) သတင်းစာကြီးက ထိုအကြောင်းနှင့်စပ်လျဉ်း၍ ခေါင်းကြီးတခု အကျယ်တဝင့် ရေးသားဝေဖန်ခဲ့ရာ အောက်တွင် ကောက်နုတ်၍ ဖော်ပြပေအံ့။

"မြန်မာနိုင်ငံ၏ အချုပ်အချာ အာဏာပိုင်မှုကို သည်းမခံနိုင်လောက်အောင် ဝင်ရောက်ကျူးကျော်စော်ကားလျက်ရှိသော ပြင်ပမှရာဇဝတ်ကောင်များကို ကူညီအားပေး၍ ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်သူမှာ ဖော်မိုဆာ အစိုးရသာ ဖြစ်ကြောင်း ဖုံးဖိ၍မရနိုင်ပေ"။ထိုသတင်းစာကြီးကပင် ဆက်လက်၍ ရေးသားဖော်ပြထားသည်မှာ "ထိုကဲ့သို့မတရားသဖြင့် ဝင်ရောက်ကျူးကျော်သူများအား ထိထိရောက်ရောက် အရေးယူနိုင်ရန် နည်းလမ်းမှာ တခုတည်းသာ ရှိပေသည်။ ထိုနည်းလမ်းမှာ အခြားမဟုတ်၊ သူတို့အား အဆက်မပြတ်ထောက်ပံ့လျက်ရှိသော လက်နက်ခဲယမ်းမီးကျောက်များကို ချက်ခြင်း ဖြတ်တောက်လိုက်ရန်ပင်ဖြစ်ပါသည်။ ဖော်မိုဆာ အစိုးရသည် ထိုကဲ့သို့ ဖြတ်တောက်ရန် ရည်ရွယ်ချက်ရှိကြောင်း မပြသကြပေ။ ထိုမပြသရုံမက မြန်မာပြည်တွင်းရှိ ကေ အမ် တီ ကျူးကျော်သူများအား ၊နောက်ဆုံးပေါ် အမြောက်လက်နက်ကြီးများ၊မော်တာများစသည်တို့ကိုမိုးကြောင်ခိုးဝှက် လေကြောင်းမှ ပို့ပေးနေကြလေသည်။ ထိုလက်နက်ကြီးမျိုးမှာမြန်မာအစိုးရ၏ စစ်တပ်များ၌ပင် အသုံးမပြုနိုင်သေးပေ။ ထိုအချက်များကိုထောက်ထား၍ တရုပ်ပြည်မကြီးကို နောက်ဖက်မှခြိမ်းခြောက်ရန် ကေ အမ် တီအင်အားများဆက်လက်ထားရှိရန် ဖော်မိုဆာက လိုလားနေသေးသည်မှာ ထင်ရှားလှပေသည်"။

မြန်မာနယ်မြေအတွင်းရှိ ကေ အမ် တီ ကျူးကျော်သူများ၏ပြဿနာမှာ ထိုကဲ့

သို့ ဖော်မိုဆာကျွန်းမှ အဆက်မပြတ် လက်နက်ခဲယမ်းမီးကျောက်စသည်တို့ကို ပေး ပို့နေသော ပြဿနာပင်ဖြစ်၏။ ထိုကဲ့သို့သာလေကြောင်းမှ အင်အားဖြည့်တင်ပေး ခြင်းမရှိလျှင် ထိုကျူးကျော်သူများကို ဗမာ့တပ်မတော်က ထိထိရောက်ရောက် နှိမ်နင်းနိုင်မည်သာဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့ ခေတ်မှီလက်နက်ကြီးများ၊ အ ဆက်မပြတ်ရရှိနေသော ကျူးကျော်သူများကို ထိုစဉ်အခါက ဗမာ့တပ်မတော်က ထိထိရောက်ရောက်အရေးယူရန် မဖြစ်နိုင်ခဲ့ပေ။ ကွန်မြူနစ်များ ကြီးစိုးလျက်ရှိ သော တရုပ်ပြည်မကို နောက်ကျောမှနေ၍ ထိုးဖောက်တိုက်ခိုက်ရန်ဟူသော ရည် ရွယ်ချက်ဖြင့် မောင်းဆပ်သို့ရောက်ရှိလာသော လက်နက် ခဲယမ်းမီးကျောက်များ ကို တရုပ်ပြည်အတွက် အသုံးမပြုနိုင်ဘဲ မြန်မာပြည်ဖက်သို့သာ လှဲ၍ တိုက်ခိုက် သောင်းကျန်းနေကြသည်မှာ သည်းမခံနိုင်သော အခြေအနေများကို ဖန်တီးပေး ခြင်းသာဖြစ်လေသည်။

ထိုကဲ့သို့ ဖော်မိုဆာမှ အင်အား ဖြည့်တင်းထားသော ကေ အမ် တီ များသည် တရုပ်ပြည်မကြီးကို နှစ်ကြိမ်မျှ ဝင်ရောက်ထိုးဖောက်ရန် ကြံစည်ခဲ့ကြဘူးသည်။ သို့ရာတွင် ဝင်ရောက်ထိုးဖောက်တိုင်း၌ သူတို့သည် တရုပ်ကွန်မြူနစ်တပ်သားများ ၏ ဒဏ်ကိုမရှုမလှုခံခဲ့ရ၍ ဖရိုဖရဲမြန်မာပြည်ဘွင်းသို့ ပြန်လည် ဆုတ်ခွါလာကြသည် ကိုသာလျှင် တွေ့ရှိရလေသည်။ ထိုအချက်များကို ထောက်၍ သူတို့သည် မည်သည့် နည်းနှင့်မျှ တရုပ်ပြည်မကြီးကို ပြန်လည်တိုက်ခိုက်ရန် မစွမ်းဆောင်နိုင်သည်ကို သိနိုင်ပေသည်။

ထိုသို့တရုပ်ပြည်မကြီးကို ထိုးဖောက်တိုက်ခိုက်ရန် ကြိုးစားမှုများသည် အနိုင် ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ကြခြင်းမဟုတ်ပေ။ သူတို့သည် ကွန်မြူ နစ်အန္တရာယ်ကို တွန်းလှန်သုတ်သင်လျက် ရှိပါသည်ဟူသော ဝါဒဖြန့် ကောင်းမျှ လောက်သာ ဟန်ဆောင် တိုက်ခိုက်ကြခြင်းဖြစ်၏။ ထိုသို့ ဟန်ဆောင်တိုက်ခိုက် ခြင်းများ၏ ရည်ရွယ်ချက်မှာ အမေရိကန်၏ လက်နက်များကို အဆက်မပြတ် ရရှိရန်အတွက်သာ ဖြစ်လေသည်။

မည်သို့ပင် ရည်ရွယ်ချက်ရှိစေကာမူ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်စော် ကားခြင်းမှာ အပြည်ပြည်ဆိုင်ရာဥပဒေကို အတည့်အလင်း ချိုးဖောက်ဖျက်ဆီးရာ ရောက်သည်မှာ မငြင်းကွယ်နိုင်ပေ။ မြန်မာပြည်ဘွင် သူတို့အချင်းချင်း မည်ကဲ့သို့ ပင်ပဋိပက္ခဖြစ်၍ ယှဉ်ပြိုင်တိုက်ခိုက်စေကာမူ မြန်မာနယ်မြေကို အခြေခံစခန်းအဖြစ် ခြေကုပ်ယူ၍ တရုပ်ပြည်မကြီးကို ပြန်လည်တိုက်ခိုက်ခြင်းသည် ကျူးကျော်မှုတွင် အကြီးဆုံးသော ပြစ်မှုကြီးတခုဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်

အချာအာဏာပိုင်ဆိုင်မှုကို ချိုးဖောက်ခြင်းသာမက အပြည်ပြည်ဆိုင်ရာ ဥပဒေကို လည်း အတည့်အလင်း ချိုးဖောက်ခြင်းဖြစ်လေသည်။

ကုလသမဂ္ဂသို့ တင်ပြခြင်း

၁၉၅၂ ခုနှစ် ဇန္နဝါရီလအတွင်း၌ ကေ အမ် တီ ကျူးကျော်မှုကိစ္စကို ပြင်သစ် ပြည် ပါရစ်မြို့၌ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံသို့ မြန်မာနိုင်ငံက တိုင် ကြားခဲ့လေသည်။ ထိုသို့တိုင်ကြားသည့်အတွက် ကျူးကျော်မှုကိုလက်ပိုက်၍ ကြည့် နေမည်မဟုတ်ပါကြောင်းနှင့် ကုလသမဂ္ဂက မြန်မာနိုင်ငံအား ကတိပြုခဲ့လေသည်။ သို့ပင်ကတိပြုပါသော်လည်း ကေ အမ် တီ၏ ဖျက်ဆီးမှု၊တိုက်ခိုက်မှုများမှာ ပိုမိုပြင်း ထန်လာသည့်အတွက် ၁၉၅၃ ခု ဧပြီလတွင် အမေရိကန်ပြည်နယူးရောက်မြို့၌ ကျင်း ပသော ကုလသမဂ္ဂအထွေထွေညီလာခံ ကြီးသို့ မြန်မာနိုင်ငံကအဆိုတရပ် အနေဖြင့် တင်သွင်းလိုက်ရပြန်လေသည်။ ထိုသို့တိုင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ ကုလ သမဂ္ဂအဖွဲ့ကြီးသည် ကျူးကျော်စော်ကားလာသူများအား အပြင်းအထန် ရှုတ်ချ ၍ တကမ္ဘာလုံး၏ဆန္ဒကိုရယူ၍ ကျူးကျော်သူများအား အလျှင်အမြန် မြန်မာ့နယ် မြေမှ ထွက်ခွါသွားစေရန်ဖြစ်၏။

မြန်မာနိုင်ငံကတင်ပြသော မူလအဆိုတွင် ကျူးကျော်သူများအား ကေ အမ် တီ တပ်များဟု အတည့်အလင်းဖော်ပြထား၍ ဖော်မိုဆာအစိုးရက ထိုပြစ်မှုကြီး တွင် ကိုယ်ထိလက်ရောက် ပါဝင်အားပေးနေကြောင်းကိုလည်း ထုတ်ဖော်ထား၏။ သို့ရာတွင် ကုလသမဂ္ဂဖွဲ့စည်းထားရာ၌ အယူအဆအမျိုးမျိုး၊ ဝါဒအမျိုးမျိုးရှိသော နိုင်ငံပေါင်းစုံပါဝင်သဖြင့် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအများ၏ တညီတညွတ် တည်းထောက်ခံမှုကို လိုလားသည့်အတိုင်း မူလအဆိုကို အနည်းငယ်ပြင်ဆင်ရန် သဘောတူလိုက်လျောခဲ့လေသည်။ ထိုကဲ့သို့ လိုက်လျောသောအဆိုကို မက်ဆီကို နိုင်ငံကပင်တင်သွင်းလေသည်။ ထိုသို့တင်သွင်းသော အဆိုတွင် ကျူးကျော်သူများ အား ကေ အမ် တီ ဟူ၍ အတည့်အလင်းမဖော်ပြဘဲ “နိုင်ငံခြား လက်နက်ကိုင်တပ် များ” ဟူ၍သာလျှင်လုံး၍ဖော်ပြထား၏။ ကမ္ဘာ့ထောက်ခံမှုကို လိုလားသော နိုင်ငံ တော် အစိုးရသည် ထိုသို့ ပြင်ဆင်ထားသော အဆိုကို အကြောင်းကြောင်းကို ထောက်ထားလျက် လက်ခံခဲ့၏။ ထိုအဆိုတွင်ပါရှိသည့်အတိုင်း မြန်မာနိုင်ငံအတွင်း ကျူးကျော်လျက်ရှိသော “နိုင်ငံခြားမှ လက်နက်ကိုင်တပ်သားများ” အား ပြင်ပသို့ ထုတ်ယူရေးအတွက် မြန်မာ၊ ဖော်မိုဆာ၊ ယိုးဒယားနှင့် အမေရိကန် လေးနိုင်ငံမှ

ကိုယ်စားလှယ်များသည် မျက်နှာစုံညီစည်းဝေးကြလျက် စီမံဆောင်ရွက်ရန် မူသောအချက်ကို သဘောတူညီခဲ့၏။

ထိုကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီးက တညီတညွတ်တည်း ဆုံးဖြတ်ချက်ကို ဖော်မိုဆာအစိုးရသည် လိုက်လျော ဆောင်ရွက်လိမ့်မည်ဟူ၍လည်း နိုင်ငံတော်အစိုးရက မျှော်လင့်ယုံကြည်ခဲ့၏။ ထိုဆုံးဖြတ်ချက်အရ ယိုးဒယားနိုင်ငံဗန်ကောက်မြို့တွင် အထက်ပါ လေးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံစည်းဝေးကြလေသည်။ မြန်မာနိုင်ငံသည် ဖော်မိုဆာအစိုးရနှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံမဟုတ်၍ဖြင့် မြန်မာကိုယ်စားလှယ်များသည် ဖော်မိုဆာ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီတွေ့ဆုံဆွေးနွေးခြင်းမပြုခဲ့ပေ။ အမေရိကန်နှင့် ယိုးဒယား ကိုယ်စားလှယ်သည် မြန်မာကိုယ်စားလှယ်များနှင့် တဖန်ဆွေးနွေးရ၏။ သို့ရာတွင် ဖော်မိုဆာအစိုးရသည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် လုံးဝဆန္ဒမရှိကြောင်းပြသ၏။ သူတို့၏ဆင်ခြေမှာ မြန်မာနိုင်ငံအတွင်း၌ရှိသော လက်နက်ကိုင်ကျူးကျော် သူများသည် သူတို့နှင့် မသက်ဆိုင်ကြောင်း၊ သူတို့က တာဝန်မယူနိုင်ကြောင်း၊ သူတို့က ကူညီထောက်ပံ့နေသည် ဆိုခြင်းမှာလည်း မမှန်ကန်ကြောင်းဘူးကွယ်လျက်သာ မနေလေသည်။ နောက်ဆုံးတွင် အမေရိကန်နှင့် ယိုးဒယားကိုယ်စားလှယ်များ၏အတန်တန်တိုက်တွန်းချက်အရ ဖော်မိုဆာအစိုးရသည် မြန်မာပြည်တွင်းရှိ ကေ အမ် တီ ကျူးကျော်သူအချို့ကို စတိအဖြစ် ထုတ်ယူသွားပါမည်ဟုကတိပြုလေသည်။ ထိုကဲ့သို့ ဆွေးနွေးခြင်းဖြင့် လေးလမျှကြာခဲ့၏။

ကုလသမဂ္ဂမှ ဆုံးဖြတ်လိုက်သည့်အတိုင်း ဖော်မိုဆာအစိုးရသည် လိုက်နာဆောင်ရွက်ရန် အနည်းငယ်မျှသာ လိုလားကြောင်း မြန်မာကိုယ်စားလှယ်များက သိရှိကြသောအခါ မြန်မာနိုင်ငံသည် ထိုမျက်နှာစုံညီဆွေးနွေးပွဲမှထွက်လိုက်၏။ ဖော်မိုဆာကလည်း မောင်းဆပ်တွင်ရှိသော တရုပ်တောတွင်း စစ်ဗိုလ်များကို မိမိတို့မနိုင်ပါ။ မိမိတို့၏ ဩဇာလည်းမညောင်းပါဟု အကြောင်းပြသေးသည်။ ကေ အမ် တီ ကျူးကျော်သူများကို သုံးလအတွင်း ထုတ်ယူသွားပါဟူသော မြန်မာအစိုးရ၏ တောင်းဆိုချက်ကိုလည်း ဖော်မိုဆာအစိုးရက မလိုက်နာနိုင်ပါဟု ငြင်းဆိုခဲ့လေသည်။ ထို့ကြောင့် ရှစ်ကြိမ်မြောက် ကျင်းပသော ကုလသမဂ္ဂညီလာခံကြီးသို့ ဖော်မိုဆာ၏ စေတနာ မသန့်ရှင်းကြောင်း ဖော်မိုဆာအစိုးရသည် မြန်မာပြည်တွင်း၌ ကျူးကျော်နေသော သူတို့လက်အောက်ခံ ကေ အမ် တီ စစ်တပ်များကို ထုတ်ရန်ဆန္ဒမရှိကြောင်း မြန်မာနိုင်ငံအစိုးရက အစီရင်ခံရပြန်လေသည်။ ထိုအစီ

ရင်ခံချက်၌ပင်လျှင် ကုလသမဂ္ဂသည် ထိုကိစ္စကို ပြင်းပြင်းထန်ထန် အရေးယူစေလိုကြောင်း တိုက်တွန်းလိုက်၏။

ဗန်ကောက်မြို့ ဆွေးနွေးပွဲများတွင် အမေရိကန်နှင့် ယိုးဒယားအစိုးရ ကိုယ်စားလှယ်များက ထိုပြဿနာကို အမြန်ဆုံးပြီးရန် ဆောင်ရွက်လိုသော ဆန္ဒရှိကြောင်းကိုပြသကြသည်။ မြန်မာပြည်ဘွင်းရှိ အေ အမ် တီ ကျူးကျော်သူများကို ထုတ်ယူရာတွင် သယ်ယူပို့ဆောင်ရန် လေယာဉ်ပျံများကို ပေးပါမည်ဟု အမေရိကန်ကိုယ်စားလှယ်ကဆိုသည်။ ထိုကျူးကျော်သူများကို ထုတ်ယူသည့်အခါ ယိုးဒယားနိုင်ငံကို ဖြတ်သန်းသွားလာရာ၌ လိုအပ်သောအကူအညီများကို ပေးပါမည်ဟူ၍လည်း ယိုးဒယား အစိုးရကိုယ်စားလှယ်က ကတိပြုသည်။ သို့ရာတွင် ဖော်မိုဆာအစိုးရ ကိုယ်စားလှယ်ဖြစ်သော ဗိုလ်မှူးကြီး အိုင်ဖူတိက မိမိသည် ဗိုလ်ချုပ်လီမီအတွက် မည်သို့မျှတာဝန်မယူနိုင်ကြောင်း၊ မြန်မာပြည်တွင်းရှိ တရုပ်လက်နက်ကိုင်တဖ်များသည် ဖော်မိုဆာအစိုးရ၏ ဩဇာခံမဟုတ်၍ မိမိတို့ညွှန်ကြားသည့်အတိုင်း လိုက်နာမည်မဟုတ်ကြောင်းဟူ၍သာ ခေါင်းမာလျက်ရှိသည်။

ထိုကဲ့သို့ မျက်နှာစုံညီစည်းဝေးနေစဉ် လီမီ၏တပ်မှ ဗိုလ်ချုပ်များသည် မောင်းဆပ်မြို့မှ ဗန်ကောက်မြို့သို့ရောက်လာကြ၏။ သူတို့လာရောက်ခြင်းအကြောင်းမှာ အမေရိကန်နှင့် ယိုးဒယားကိုယ်စားလှယ်များ၏ တိုက်တွန်းချက်အရ ကေ အမ် တီ များထွက်ခွါရေးအစီအစဉ်ကို သူတို့ကိုယ်တိုင် သဘောပေါက်အောင် လက်တွေ့လေ့လာရန် ဖြစ်လေသည်။ တောတွင်းဗိုလ်ချုပ်များသည် ဗန်ကောက်မြို့သို့ ဇွန်လ ၂၆ ရက်နေ့တွင် ရောက်ရှိလာကြသော်လည်း မည်သူနှင့်မျှ အတွေ့မခံပေ။ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကေ အမ် တီ ဗိုလ်ချုပ်လီမီသည် ကြေညာချက်တစောင်ထုတ်ပြန်လိုက်၏။ ထိုကြေညာချက်တွင် မိမိတပ်များကို မြန်မာနိုင်ငံမှ ထွက်ခွါလာရန် အမိန့်ပေးလိမ့်မည်မဟုဘ်ကြောင်းပါရှိလေသည်။ ထိုကြေညာချက်ကြောင့် အမေရိကန်နှင့် ယိုးဒယားကိုယ်စားလှယ်များသည် အထူးပင် စိတ်မချမ်းမသာဖြစ်ကြောင်း သိရှိရလေသည်။

ထိုကဲ့သို့နိုင်ငံအများကပင် ဖော်မိုဆာအစိုးရ၏ မရိုးမဖြောင့်သော စိတ်ထားကို သိရှိကြသည့်အတွက် ကမ္ဘာ့သတင်းစာများက ဖော်မိုဆာအစိုးရအား ဝိုင်းဝန်း၍ အပြင်းအထန် ဝေဖန်ရေးသားကြသည်ကို တွေ့ရ၏။ ထိုကဲ့သို့ ကမ္ဘာ့သဘောထားသည် ပြင်းထန်လာသည့်အတွက် ဩဂုတ်လ ၅ ရက်နေ့တွင် ဖော်မိုဆာမှအောက်ပါသတင်းတရပ် ထွက်ပေါ်လာလေသည်။ ထိုသတင်းမှာ အခြားမဟုတ် "တရုပ်အမျိုးသားအစိုးရ အာဏာပိုင်တဦးက ပြောဆိုသည်မှာ မြန်မာပြည်တွင်းမှ

ကေ အမ် တီတပ်သားများကို အနည်းငယ်ပင်ဖြစ်စေကာမူ ဖော်မိုဆာသို့ ထုတ်ယူရပေမည်။ သို့မှသာလျှင် ကုလသမဂ္ဂ၌ တရုပ်အမျိုးသားအစိုးရ၏ သိက္ခာကို ထေိန်းနိုင်မည်ဟု ပြောဆိုလာကြောင်း”။ ထိုသတင်းများနှင့် ဆက်စပ်၍ လီမီ၏ တပ်မှ လက်ထောက် ဗိုလ်ချုပ်လီချီဗန်းသည် မြန်မာနိုင်ငံတွင်းရှိ ကေ အမ် တီ ပြောက်ကျားတပ်သားများအား ဖော်မိုဆာသို့ ပြန်စေရန် တိုက်တွန်း သွေးဆောင်လျက်ရှိသည် ဟူသောသတင်းများလည်း ထွက်ပေါ်လာလေသည်။

နောက်ဆုံးတွင် မည်သူမှန်သည်၊ မည်သူမှားသည်ကို တကမ္ဘာလုံးကသိရှိလာကြသည်လည်းတကြောင်း၊ အထူးသဖြင့် အမေရိကန်နှင့် ယိုးဒယားအစိုးရတို့က အတင်းအကြပ် တိုက်တွန်းသည်လည်းတကြောင်း၊ အကြောင်းကြောင်းဘို့ကြောင့် ဖော်မိုဆာအစိုးရသည် မြန်မာပြည်တွင်းရှိ ကေ အမ် တီ များကို ထုတ်ယူရန် သဘောတူညီလိုက်ရလေသည်။ ၁၉၅၃ ခု စက်တင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ယူရန်အစီအစဉ်များကို ပြုလုပ်ပြီးနောက် အသုတ်များခွဲ၍ ကေ အမ် တီ များကို ယိုးဒယားမှတဆင့် ထုတ်ကြရာ မှန်းခြေအားဖြင့် တသောင်းနှစ်ထောင်ခန့်ရှိသော ကေ အမ် တီ များအနက် ခြောက်ထောင်ကျော်ကို နှစ်လအတွင်း ထုတ်နိုင်သည်ကိုတွေ့ရ၏။ ထိုသို့ထုတ်ယူရာတွင်လည်း ကျန်းမာသန်စွမ်းသော ကေ အမ် တီ လူပျိုလူရွယ်များအလွန်နည်းပါး၍ မစွမ်းမသန်သူများ၊ အသက်အရွယ်အိုမင်းသူများ၊ အလွန်ငယ်ရွယ်သော ကလေးသူငယ်များသာ အများအပြား ပါဝင်သည်ကိုတွေ့ရ၏။ ချအပ်သောလက်နက်များမှာလည်း သုံး၍မရသော လက်နက်ခဲယမ်းမီးကျောက်များသာဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေကာမူ မလိုလားအပ်သော လူပေါင်း ခြောက်ထောင်ကျော်ကို ထုတ်ယူသွားနိုင်သည့်အတွက် မြန်မာနိုင်ငံက လုံးဝကျေနပ်သည်ဟု မဆိုနိုင်စေကာမူ ယခင်ကအခြေအနေနှင့် နှိုင်းစာလျှင် များစွာသက်သာရာရသည်ဟုယူဆကြ၏။ ကျန်ရှိနေသေးသော ကေ အမ် တီ အကြွင်းအကျန်များကို ဗမာ့တပ်မတော်က ထိုးစစ်ဆင်နွှဲ၍ တိုက်ခိုက်မောင်းနှင် ထုတ်ခဲ့ရာ မောင်းဆပ်အပါအဝင် ကေ အမ် တီ တပ်စွဲထားသည့် ဒေသအားလုံးလိုလိုပင် ပြန်လည်သိမ်းယူနိုင်ခဲ့လေသည်။ ထိုသို့ တပ်မတော်၏ ထိုးစစ်ကိုမခံနိုင်ဘဲ တိမ်းရှောင်ထွက်ပြေးကြသော ကေ အမ် တီ များသည် အစုကလေးများကွဲ၍ ကစဉ့်ကလျား တောတောင်နက်ရာဒေသတွင် ခိုအောင်းလျက်ရှိကြသည်။ အချို့မှာမူကား ယိုးဒယားပြည်ဖက်သို့ရင်း၊ အင်ဒိုချိုင်းနားပြည့်ဖက်သို့ရင်း တိမ်းရှောင် ထွက်ပြေးကြ၏။ အချို့သော ကေ အမ် တီ များမှာ မိမိတို့မူလဒေသ တရုပ်ပြည်မသို့ ပြန်လည်ဝင်ရောက်ကြသည်ဟု သတင်းများရရှိ၏။ ၁၉၅၆ ခုနှစ်လယ်လောက်တွင် နိုင်ငံတော်

အစိုးရ၏ ခန့်မှန်းချက်မှာ မြန်မာ့နယ်မြေပေါ်၌ ရှိနေသေးသော ကေ အမ် တီ အကြွင်းအကျန် ဦးရေမှာ သုံးထောင်ထက်ပိုမည်မဟုတ်ပေ။

ပြည်တွင်း၌ သောင်းကျန်းပုန်ကန်လျက်ရှိသော ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ တောခိုစစ်ပြေးများ၊ ကေ အင် ဒီ အို၊ အမ် အင် ဒီ အို၊ ကေ အင် တီ၊ မူဂျာဟစ် အစရှိသည့် အဖျက်သမားများအား ထိထိရောက်ရောက် တိုက်ခိုက်နှိမ်နင်းသည့် တပ်မတော်၏ စစ်ဆင်မှုများကို ဖော်ပြခြင်းမပြုလျှင် ဤအခန်းသည် ပြည့်စုံလုံလောက်မည် မဟုတ်ပေ။ ထို့ကြောင့်တပ်မတော်၏ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များကို ပြည်သူလူထုသည် သိရှိသင့်သည့်အတိုင်း အဆူပူဆုံးဖြစ်သော ၁၉၄၉-၅၀-၅၁ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့သည့် တပ်မတော်၏ စစ်ဆင်မှုများကို အကျဉ်းချုံး၍ အောက်တွင်ဖော်ပြလိုက်ရပေသည်။

(စ) စစ်ဆင်မှုများ

၁၉၅၁ ခု နိုဝင်ဘာလမှ ၁၉၅၂ ခု ဖေဖော်ဝါရီလအထိ

တပ်မတော်၏စစ်ဆင်မှုတွင်အောက်ဖော်ပြပါရည်ရွယ်ချက်များပါရှိလေသည်။

(၁) သောင်းကျန်းသူများ ကြီးစိုးလွှမ်းမိုးသည့် နယ်များကို မြေသိမ်းတိုက်ပွဲများ ပြုလုပ်လျက် ကင်းဌာနများကို ပြန်လည်ဖွင့်လှစ်ပြီး အစိုးရအုပ်ချုပ်ရေးကို ပြန်လည်အသက်သွင်း ထူထောင်ရေး။

(၂) သောင်းကျန်းသူများ၏ အံခိုင်အမာ အခြေခံ ဌာနချုပ် စခန်းကြီးများကို ဖြိုခွင်းလျက် သူတို့အား အနားမပေးတမ်း လိုက်လံတိုက်ခိုက်ချေမှုန်းရေး။

(၃) သောင်းကျန်းသူများ၏ စစ်ရေးအရနှင့် ဝါဒရေးအရအမျိုးမျိုး နည်းပရိယာယ်သုံးကာ ခေးမိုး လှုံ့ဆော်ချိန်၍ ချောက်လှန့် စည်းရုံးထားသော ကျေးရွာနေ လူထုကို ကယ်တင်ပြီး အစိုးရနှင့်တကွ တပ်မတော်ကိုလုံးဝ ယုံကြည်အားကိုးလာရေး။

(၄) မြန်မာနိုင်ငံတော်အရပ်ရပ်ရှိ သောင်းကျန်းသူများကို အပြီးအပိုင် အမြန်ဆုံးသောအချိန်အတွင်း နှိမ်နင်းရေးအတွက် ခိုင်မာသော ပဏာမအခြေစိုက်မှုရရှိရေးတို့ဖြစ်သည်။

အထက်ပါရည်ရွယ်ချက်တို့ဖြင့် တပ်မတော်က စစ်ဆင်မှု ပြုရပေရာ အထက်မြန်မာပြည်၌ ကွန်မြူနစ်သူပုန်ကို ဦးစားပေး၍၎င်း၊ အောက်မြန်မာပြည်၌ ကေအင်ဒီအိုသူပုန်ကိုဦးစားပေး၍၎င်း စစ်ဆင်မှုပြုရပေသည်။

အထက်ဖော်ပြပါအတိုင်း သောင်းကျန်းသူများထဲတွင် အင်အားကောင်းသော ကွန်မြူနစ်နှင့် ကေအင်ဒီအိုတို့အား ဦးစားပေး၍ စစ်ဆင်ရသကဲ့သို့ ပင် တပ်မတော်မှဦးစားပေး၍ ထိုးစစ်ဆင်မှုပြုပေးရသောနယ်ပယ် ဒေသများလည်း ရှိပေသေးသည်။ ဦးစားပေး၍ စစ်ဆင်ရသော ဒေသဆိုသည်မှာ စပါးဆန်ရေပေါ်များလျက် အစိုးရဘဏ္ဍာတော် အများဆုံးရသောဒေသများ၊ ထိုဘဏ္ဍာတော် တိုးတက်ရေးအတွက်အစိုးရအုပ်ချုပ်မှု ပြေပြစ်လုံခြုံမှုနှင့်တကွ သက်ဆိုင်ရာမြို့နယ်များ၏ လုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ဒေသမျိုးတို့ဖြစ်ပေသည်။ ဥပမာဆိုသော် အထက်မြန်မာပြည်တွင် ကျောက်ဆည်၊ မိတ္ထီလာနှင့်မြင်းခြံခရိုင်စသော

ဒေသမျိုးများဖြစ်ပြီး အောက်မြန်မာပြည်၌ မြောင်းမြ၊ မအူပင်၊ပုသိမ်၊ ဟင်္သာတစသောခရိုင်ဒေသမျိုးများပင်ဖြစ်၏။

ဦးစားပေး၍စစ်ဆင်မှုပြုပေးသော ဒေသများရှိသလို ဦးစားမပေးဘဲ ထားရှိသောနယ်ပယ်ဒေသများလည်းရှိပေသေးသည်။ ဦးစားမပေးနိုင်သေးသော ဒေသများမှာ အောက်ပါအခြေခံအချက်များပေါ်၌မူတည်သည်။

(က) အစိုးရဘဏ္ဍာတော်အတွက် အကူအညီမဖြစ်သည့်နယ်များ။

(ခ) သောင်းကျန်းသူများများအား ချက်ခြင်းစစ်ဆင်ရာတွင် ထိုနယ်မှ ရရှိသောကုန်ကျစရိတ်နှင့် မကာမိသည့်နယ်များ။

(ဂ) အစိုးရတပ်များတိုက်ခိုက်သိမ်းပိုက်သည်ဖြစ်စေ မသိမ်းပိုက်သည်ဖြစ်စေ အနည်းနှင့်အများ မည်သို့မျှ ပြည်ထောင်စုအကျိုးကို လောလောဆယ် ထိခိုက်စေခြင်း မရှိသည့်နယ်များ။

(ဃ) ပထဝီမြေမျက်နှာပြင်အရ တန်ဖိုးနည်းသည့်နယ်များ။

(င) စစ်တပ်အင်အားပြဿနာ။

စစ်တပ်အင်အားပြဿနာမှာ အရေးအကြီးဆုံးပင်ဖြစ်ပေသည်။ ဗမာ့တပ်မတော်သည် သောင်းကျန်းသူများ ကြီးစိုးသောနယ်များကို ထိုးစစ်ဆင်၍ နယ်မြေများကို သိမ်းပိုက်ရန်မှာ အလွန်လွယ်ကူလှပေသည်။ သို့သော် သိမ်းပိုက် ရရှိထားသော နယ်မြေကိုဆက်လက်ထိန်းသိမ်းထားရေးအတွက် လိုအပ်သောစစ်တပ်၊ ထို့အပြင် ထိန်းသိမ်းထားသောတပ်နှင့် အခြေခံတပ်၊ အဆက်အသွယ် ပြုမှုအတွက် လမ်းခရီးလုံခြုံမှုကိုစောင့်ရှောက်ရန် စစ်တပ်များ လိုလာပြန်သည်။ ထို့ကြောင့် အချို့သောဒေသများတွင် ထိုးစစ်ဆင်ရန်သင့်ပါလျက် ဦးစားပေး၍ စစ်ဆင်မှုမပြုနိုင်သော နယ်များလည်းရှိလေသည်။ ဥပမာဆိုရသော် အထက်မြန်မာပြည်၌ မော်စီဒေသနှင့်ကျိုင်းတုံနယ်တွင်း၌မောင်းစပ်ဒေသများဖြစ်ပြီး အောက်မြန်မာပြည်၌ ရခိုင်တိုင်း မူဂျာဟစ်တို့ကြီးစိုးရာဒေသအချို့နှင့် တနင်္သာရီတိုင်း လှိုင်ဘွဲ့ဒေသ စသည်တို့ဖြစ်လေသည်။ထိုနယ်များသည်ထိုးစစ်ဆင်ရာတွင် ဦးစားပေးခြင်းမခံရပေ။

အထက်ဗမာပြည် ထိုးစစ် (မြောက်ပိုင်းစစ်ဌာနချုပ်)
"ရွှေလီစစ်ဆင်မှု"

(၁၉၅၁ ခု အောက်တိုဘာလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၂၂ ရက် နေ့အထိ ဖြစ်သည်)။

ကွန်မြူနစ်တို့၏ မူလ ကြံစည်ချက်မှာ ရွှေလီမြစ်ဝှမ်းအတွင်းရှိ အလံနီတို့နှင့် ပူးပေါင်းလျက် ထိုဒေသကို အခြေခံစခန်းပြုပြီး တရုပ်ပြည်နှင့် ဆက်သွယ်မှု ရန်ပင် ဖြစ်၏။ ထို့ကြောင့် ၁၉၅၁ ခု မေလလောက်မှ အစပြု၍ ကွန်မြူနစ်တို့သည် ရွှေလီဒေသ၌ ရှိသောအလံနီတို့နှင့်နားလည်မှုယူကာ ရွှေဘို၊ စစ်ကိုင်း ခရိုင်မှတပ်များကိုင်း၊ မြစ်ဝှမ်းအတွင်းသို့ အလယ်ပိုင်းမြန်မာပြည်မှ ကွန်မြူနစ်များကိုင်း၊ အထက်ဗမာပြည်မှကွန်မြူနစ်များကိုင်း၊ ယင်းဒေသကို အခြေခံစခန်းပြုလုပ်နိုင်ရန် တဖြည်းဖြည်း ဝင်ရောက် စုရုံးစေခဲ့သည်။ အချို့သော ကွန်မြူနစ် များကလည်း ကျောက်ဆည်ခရိုင် အရှေ့ဖက် ဖျောက်ဆိပ်ပင်ဖက်မှတဆင့် မြောက်ပိုင်းရှမ်းပြည်ကိုဖြတ်လျက် ရွှေလီမြစ်ဝှမ်း အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

သူတို့၏ လှုပ်ရှားမှုများမှာ မိုးကုတ်နှင့်မောင်းလွန် ခရီးလမ်းကို ဖြတ်တောက်ရန်ဖြစ်၏။ ထိုသို့ဖြတ်တောက်ခြင်းဖြင့် နမ်းခမ်းကို ခြိမ်းချောက်သကဲ့သို့ ဖြစ်လေသည်။ ထို့ပြင် သီပေါလှိုင်လင်လမ်းကို အုပ်စီးရန်နှင့် ထိုနယ်တဝိုက်တွင် ကွန်မြူနစ်ဝါဒလွှမ်းမိုးစေရန် ကြိုးစားကြခြင်းဖြစ်ပြီး သီပေါ၊ လားရှိုး၊ ကလောမြို့များအထိ နစ်ဖြူတို့ကြီးစိုးရန် ကြံခဲ့လေသည်။ ထို့ကြောင့် သူတို့သည်လက်နက်ပြ၍ စည်းရုံးခြင်း၊ တပ်မတော်၏ သွားလာမှုကို ချုံကွယ်များမှ ချောင်းမြောင်း ပစ်ခက်တိုက်ခိုက်ခြင်း၊ အဝေးကင်းဌာနများကို ချောင်းမြောင်း ပစ်ခတ်ခြင်း စသည်တို့ပြုလေသည်။

အစိုးရတပ်များသည် ရွှေလီမြစ်ဝှမ်းရှိ သောင်းကျန်းသူတို့အား ၁၉၅၁ ခု အောက်တိုဘာလ ဒုတိယပတ်မှ အစပြု၍ ထိုးစစ်ဆင်ခဲ့ပေသည်။ ထို ထိုးစစ်၏ ရည်ရွယ်ချက်မှာ သောင်းကျန်းသူများ အခြေခံ စခန်းပြုလုပ်ထားသော ဒေသဌာနများကို တိုက်ခိုက်၍ ပြန်လည်သိမ်းပိုက်ရန်နှင့် တရုပ်နယ်စပ်သို့ သွားရောက်ရန် လမ်းကြောင်းကို ပိတ်ဆီးရန်တို့ဖြစ်၏။

တပ်မတော်၏ထိုးစစ်ဆင်ပုံမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

(၁) မြောက်ဖက်၌ သောင်းကျန်းသူတို့ရေလမ်းမှ မထွက်နိုင်စေရန် ရေလမ်းအားပိတ်ဆို့လျက်ကင်းများလှည့်လည်ခြင်း။

(၂) အခြားသော သုံးမျက်နှာမှစစ်ကြောင်းသုံးကြောင်းဖြန့်ချီ၍တိုက်ခြင်း။

(၃) လေးဖက်လေးတန်မှလည်း ပိတ်၍ ဒလကြမ်း ထိုးစစ်ဆင်ခြင်း။

ထိုသို့ အစိုးရတပ်များက ထိုးစစ်ဆင်ခဲ့ရာ စီးပိန်၊ တုံကွ၊ ဘားဖိုင်၊ လှိုင်ခံ၊ ခက်နံဒွန်း၊ငအို၊ အစုကြီး၊ နမစ်၊ တပ်ကရွာဟောင်း၊ ရန်ဘို၊ ကောတော၊ မိုးလို၊ စီအူး၊ နန်းဖောင်၊ ချင်သိန်း အစရှိသော နယ်များကို ဆက်တိုက်သိမ်းယူနိုင်ခဲ့၏။ တပ်မတော်

၏ ဒလကြမ်းထိုးစစ်ဆင်မှုကြောင့် သောင်းကျန်းသူများသည် ထိုဒေသတွင် မနေဝံ့ကြတော့ဘဲ အချို့မှာမြစ်ကိုကူးလျက် ကောက်ကွေ့ချောင်းအတိုင်း မြောက်ဖက်သို့ငှင်း၊ အချို့မှာထီးချိုင့်အရှေ့ဖက်ရှိ ကန်ဘက်သို့ငှင်း ဆုတ်ပြေးကြရတော့သည်။

ရွှေလီစစ်ဆင်မှု၌ ရရှိလိုက်သောအကျိုးကျေးဇူးနှင့်အမြတ်များမှာ ကွန်မြူနစ်အဖြူအနီတို့၏ တရုပ်ပြည်မနှင့် အဆက်ပြုလုပ်ရန် ရည်ရွယ်ချက်ပျက်ပြားစေခြင်း။ ရွှေလီမြစ်ဝှမ်းတွင်ရှိသော သိန်းပေါင်းများစွာ တန်ဖိုးရှိသည့် ကျွန်းသစ်လုံးပေါင်းထောင်သောင်းအား ပြန်လည်ရရှိခဲ့ခြင်းဖြင့် အစိုးရ၏ဘဏ္ဍာတော်ကို တိုးပွါးစေခြင်း၊ နောက်လိုက်ငယ်သားသောင်းကျန်းသူများ စိတ်ဓာတ်ကျဆင်းပြီး ကွန်မြူနစ်ဖြူနီတို့၏စည်းရုံးရေးပျက်ပြားစေခြင်းနှင့်ရန်သူသိမ်းပိုက်ထားသောဒေသများမှ လူထုသည်အစိုးရအပေါ်တွင် အမြင်မှန်မြင်လာစေခြင်း စသည်တို့ပင်ဖြစ်တော့၏။

တန်တားဦးစစ်ဆင်မှု

သောင်းကျန်းသူများသည် ကျေးစွန်ရွာငယ်များကိုတိုက်ခိုက်ခြင်းမှ မြို့ငယ်များကိုအလစ်ဝင်ရောက်စီးနင်းလျက် တိုက်အင်အား စမ်းခြင်းဖြင့် အောင်မြင်မှုကို ရရှိပါက လက်နက်ရိက္ခာ၊ ငွေပစ္စည်းစားနပ်ရိက္ခာများကို စုဆောင်းရန် ကြံရွယ်နေသည်။ ထိုသို့ကြံရွယ်ချက်အတိုင်း စစ်ကိုင်းခရိုင်အတွင်းရှိ တန်တားဦးမြို့ကို ၁၉၅၁ခု နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကွန်မြူနစ်သူပုန် ၅၀၀ ခန့်သည် အလစ်၌ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့၏။

ယင်းသို့ နစ်ဖြူများတိုက်ခိုက်သိမ်းပိုက်လိုက်သော တန်တားဦးမြို့ကို အစိုးရတပ်များသည် ၁၉၅၁ ခု နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြန်လည် သိမ်းပိုက်နိုင်ခဲ့၏။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူများဖက်မှ ၁၀ ယောက်ကျဆုံးလျက် ၂၀ ခန့်ဒဏ်ရာရရှိသည်။ အစိုးရတပ်မတော်မှ တယောက်ကျဆုံးပြီး နှစ်ယောက်ဒဏ်ရာ ရခဲ့ပေသည်။

ကျိုင်းတုံစစ်ဆင်မှု

ဤစစ်ဆင်မှုမှာ ကေအမ်တီခေါ် တရုပ်ဖြူများနှင့် နိုင်ငံတော်အစိုးရ တပ်များ၏ စစ်ဆင်မှုဖြစ်ပေသည်။

၁၉၅၁ ခု မတ်လမှ အစပြုလျက် ၁၉၅၂ ခု ဇန္နဝါရီလအတွင်း၌ ဗမာ့တပ်မ

ဘော်မှ ကေအမ်တီ တရုပ်ဖြူများအား သုံးကြိမ်ထိုးစစ်ဆင်ခဲ့၏။ ယင်းတို့မှာ ကျိုင်းတုံစစ်ဆင်မှု၊ ဖရော့ [1] စစ်ဆင်မှုနှင့် မော် [2] စစ်ဆင်မှုများဖြစ်ပေသည်။

ဗမာ့တပ်မတော်သည် ကျိုင်းတုံစစ်ဆင်မှုကို အောက်ပါအတိုင်း ဆင်နွှဲခဲ့သည် ဖြစ်၏။

၁၉၅၀ ခု ဇန္နဝါရီလ နှင့် ဖေဖော်ဝါရီလ အတွင်း ယူနန်နယ်မှ တရုပ်နီတို့၏ ထိုး စစ်ဆင်မှုကြောင့် ကေအမ်တီများ၏တပ်မကြီး အမှတ် ၈ နှင့် အမှတ် ၂၆ အပြင် တပ်မဟာ ၉၃ တို့သည် စုစုပေါင်းလူအင်အား၁,၀၀၀ ခန့်ဖြင့် အရှေ့ဖက်မဲခေါင်မြစ် တောင်ဖက်အင်ဒိုချိုင်းနားနယ်စပ်၊မြောက်ပိုင်း၊ အနောက်မြောက်ဖက် ယိုးဒယား နှင့် ကျိုင်းတုံတာချီလိခ်လမ်းမကြီး အစရှိသည်တို့ ကာရံထားသော တြိဂံနယ်မြေ ထဲသို့ ဝင်ရောက်တပ်စွဲလာလေသည်။

၁၉၅၀ ခု မတ်လတွင် နိုင်ငံတော်အစိုးရက တရုပ်ဖြူများအား နိုင်ငံတော် အတွင်းမှ ထွက်ခွါသွားရေးအတွက် သက်ဆိုင်ရာနိုင်ငံခြားရေးဌာနနှင့် အရေးဆို စီစဉ်ခဲ့၏။ ကေအမ်တီတရုပ်ဖြူများသည် ဗမာ့တပ်မတော် မေးမြန်းချက်ကို လျစ် လျူရှုခြင်းပြုရုံမက တာချီလိခ်လမ်းမကြီးပေါ် ၌ပင်တပ်စခန်းများစွဲလျက်စစ်ဆင်မှု အစီအစဉ်များ ပြုလုပ်နေကြောင်းသိရသောကြောင့် ဗမာ့တပ်မတော်သည် ၁၉၅၀ ခု ဇွန်လ ၁၇ ရက်နေ့တွင် ကေအမ်တီတရုပ်ဖြူများအား ထိုးစစ်ဆင်ခဲ့ရတော့၏။

တပ်မတော်မှ ဇွန်လ ၁၇ ရက်နေ့တွင် ဝမ်မွန်နန်ကိုသိမ်းပိုက်လိုက်လေသည်။ ရန်သူကကျိုင်းတုံလမ်းမကြီးပေါ် ရှိ မိုင်တိုင် ၈၁ နှင့် ၈၂ ကြားတွင် နေရာယူ၍ တပ် မတော်စစ်ကြောင်းကို ခါးကဖြတ်သည်။ တပ်မတော်ကခါးဖြတ်တိုက်ခိုက်နေသော ရန်သူကိုပြန်ဝိုင်း၍ ချေမှုန်းပစ်ရာ ကေအမ်တီများဖက်မှ ၆၀ ကျော်ကျဆုံးလျက် ဒဏ်ရာရသူလေးယောက်နှင့်တကွ အခြားတယောက်ကိုပါ ဖမ်းဆီးရမိသည်။ ဇွန်လ ၂၇ ရက်နေ့တွင် ဝန်နယောကိုသိမ်းပြန်သည်။ ဆက်လက်၍ပင် ဗမာ့တပ်မတော် သည် ဇူလိုင်လ ၇ ရက်နေ့တွင် ရက်ဝန်အဲဆန်းဒေသတဝိုက်၊ ဇူလိုင်လ ၁၄ ရက်နေ့ တွင်မောင်းကို၊ ၁၅ ရက်နေ့တွင် မောင်းဟိုပွန်စသည်တို့ကို ဆက်တိုက် သိမ်းပိုက်ကာ တာချီလိခ်ကို ဇူလိုင်လ ၂၄ ရက်နေ့တွင် အပြီးသိမ်းပိုက်ခဲ့လေသည်။

ဖရော့ စစ်ဆင်မှု

တပ်မတော်၏ စစ်ဆင်မှုကြောင့် ကေအမ်တီများသည် ဖရိုဖရဲပြိုကွဲလျက် ယိုး

၁။ Frost ၂။ Mao

ဒယားနယ်စပ်ထဲသို့ရင်း၊ ပြင်သစ်အင်ဒိုချိုင်းနားထဲသို့ရင်း၊ ကျိုင်းတုံနယ်နှင့် တရုပ် နီနယ်စပ် တောတောင်ထူထပ်ရာများသို့ရင်း ဝင်ရောက်ခိုအောင်းကြခဲ့ပြီး အကြွင်း အကျန်များမှာ မောင်းဆပ်၊ မောင်းကွန်၊ မောင်းကွန်နယ်တွင်းရှိ တောနက်ထဲသို့ ပြေးဝင်ခိုအောင်းကြသည်။

ဗမာ့တပ်မတော်၏ကျိုင်းတုံစစ်ဆင်မှုကြောင့် မောင်းဆပ်တောထဲသို့ထွက်ပြေး ခဲ့ရသောကေအမ်တီ အကြွင်းအကျန် ၅၀၀ ခန့်သည် ယိုးဒယားနယ်တွင်းရှိ ကေအမ် တီများမှနေ၍ စက်လက်နက်ပစ္စည်းများ ပို့ဆောင်ပေးခြင်းကြောင့်ရင်း၊ ကေအင်ဒီ အိုနှင့် မွန်သောင်းကျန်းသူများနှင့် ကေအမ်တီများ ပူးပေါင်းဆက်သွယ်မှုကြောင့် ရင်း တဖန်သွေးတက်ကြွ၍သံလွင်အရှေ့ဖက်ကမ်းအတိုင်း မြောက်သို့ချီတက်လျက် ၁၉၅၁ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် တန်ယန်းကို ဝင်ရောက်သိမ်းပိုက်ခဲ့လေ သည်။

ထိုသို့တန်ယန်းကိုတက်ရောက်သိမ်းပိုက်ခဲ့သောကေအမ်တီများ၏ရည်ရွယ်ချက် မှာ ဗမာ့တပ်မတော် တပ်စွဲရာစခန်းများကို ရှောင်ကွင်းလျက် ထိုမှတဆင့်ယူနန်နယ် ရှိကေအမ်တီပြောက်ကျားများနှင့် အဆက်အသွယ်ပြုရန်ဖြစ်သည်။

တပ်မတော်မှ ၁၉၅၁ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် စစ်ဆင်မှုကို စပြန်လေ သည်။ထိုလအတွင်းမှာပင် တပ်မတော်သည် တန်ယန်းကို ပြန်လည်သိမ်းပိုက်ခဲ့သည် သာမက ထိုနယ်အတွင်းရှိ ကေအမ်တီများကို တိုက်ထုတ်လိုက်ရာ အချို့ကေအမ်တီ များမှာ ဝနယ်ထဲသို့ရင်း၊ အချို့မှာ မောင်းဆပ် တောဖက်သို့ရင်း အကျအဆုံးများ စွာဖြင့် ဒုတိယအကြိမ်ဆုတ်ခွါထွက်ပြေးကြရပြန်လေသည်။

၁၉၅၁ ခုနှစ်ဧပြီလ ၄ ရက်နေ့တွင် လီမီခေါင်းဆောင်သော ကေအမ်တီ ၂၀၀၀ ခန့်တို့သည် တရုပ်နီများသိမ်းပိုက်ထားသော ဘိုင်းမကို ပြန်လည်သိမ်းပိုက်နိုင် ရန် မောင်းဆပ်နယ်မှ ခွါလျက် ဗမာ့တပ်မတော်များကို ရှောင်ကွင်းပြီး ဝနယ်မောင်းမ ကိုကိုအလစ်တွင် ဝင်ရောက် သိမ်းပိုက်၏။ ထိုဒေသတွင်လီမီသည် သူ၏ ဌာနချုပ် ဖွင့်လှစ်လိုက်၏။

တဖန်လီမီသည် ထိုနယ်အတွင်း၌ထပ်မံ၍ ကေအမ်တီများကိုပြန်လည် စုရုံးရုံ မက လူသစ်များကိုပါ ထပ်မံရှာဖွေဖွဲ့စည်းခဲ့ပြန်ရာကေအမ်တီအင်အားမှာ စုစုပေါင်း (ငါးထောင်) ၅,၀၀၀ ခန့် ရှိလာပြန်၏။

မောင်းမအိုကို အခြေပြုလျက် ရှိရှိသမျှသော ကေအမ်တီများကို လီမီကဦး ဆောင်ကာ စစ်ကြောင်းသုံးကြောင်းဖြန့်ချီပြီးယူနန်နယ်အတွင်းသို့ တဖန်ဝင်ရောက် တိုက်ခိုက်ကြပြန်သည်။

ကေအမ်တီများ၏ ထိုးစစ်ကို ယူနန်နယ်ရှိ တရုပ်နီတို့က တွန်းလှန်လိုက်ရုံမက လိုက်လံတိုက်ခိုက်ချေမှုန်းသဖြင့် ကေအမ်တီများ ပြိုကွဲကာ မြန်မာနိုင်ငံတော်၏ ကိုးကန့် ဝနယ်အတွင်းသို့ပြန်လည်ခိုအောင်းကြပြန်သည်။

မော်စစ်ဆင်မှု

ယူနန်နယ်မှဆုတ်ခွါလာခဲ့ရသော ကေအမ်တီများသည် မောင်းမအိုတွင် ဌာနချုပ်ဖွင့်လှပ်လျက် အသစ်တဖန် လူအင်အားစုဆောင်းပြန်သည်။ ထိုအတွင်း ယိုးယားနယ်ရှိ ကေအမ်တီ ကိုယ်စားလှယ်များက လေကြောင်းဖြင့် လက်နက် ခဲယမ်းများကို ဖြည့်တင်းပေးလေသည်။

ထိုသို့ပြန်လည်စည်းရုံးနေသော ကေအမ်တီထုကို ဖြိုခွင်းပြီး ဝနယ်နှင့် ကျိုင်းတုံနယ်၏ လုံခြုံရေးနှင့်တကွ နယ်စပ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဗမာ့တပ်မတော်သည် ၁၉၅၁ ခု အောက်တိုဘာလအတွင်းတွင် ထိုးစစ်ဆင်ကာ ဖန်လုံကို ပြန်လည်သိမ်းပိုက်လိုက်လေသည်။

ဗမာ့တပ်မတော်၏ ထိုးစစ်ကြောင့် ကေအမ်တီအစုအရုံးကြီးပမှာ ပြိုကွဲ၍ ဝနယ်မှဆုတ်ခွါထွက်ပြေးကြရလေသည်။ အချို့မှာဝနယ်နှင့် ယူနန်နယ်စပ်ရှိ တောနက်များသို့ထွက်ပြေးခိုအောင်းကြသည်။ အချို့မှာမူ သူတို့မြောက်ပိုင်းသို့ ချီတက်ခဲ့ရာ လမ်းကြောင်းအတိုင်း ဗမာ့တပ်မတော် တပ်စွဲရာ စခန်းများကိုရှောင်ကွင်းလျက် ကျိုင်းတုံတောင်ပိုင်းနယ်စပ်ရှိ မောင်းဆပ်သို့ ဆုတ်ခွါကြ၏။ ထိုသို့ဆုတ်ခွါထွက်ပြေးကြသော ကေအမ်တီများကို ဗမာ့တပ်မတော်သည် အနားမပေးဘဲ လိုက်လံချေမှုန်းလေသည်။

ထိုသို့ဖရိုဖရဲဆုတ်ခွါပြေးရသော ကေအမ်တီများသည် တောနက်ရာများသို့ ၎င်း၊ တောင်မြင့်ကြီးများသို့၎င်း တက်ရောက်ခိုအောင်းနေထိုင်ကြပေရာ ရိက္ခာပြဿနာအခက်အခဲနှင့် ရင်ဆိုင်ရပြီး သစ်ဥသစ်မြစ်များကိုသာ အာဟာရပြုနေရသောကြောင့် စိတ်ဓာတ်များကျဆင်းကြတော့၏။

သူတို့၏ လှုပ်ရှားမှုများမှာလည်း စားနပ်ရိက္ခာ ရရှိမှုအတွက် သံလွင်မြစ်အနောက်ဖက်ကမ်းသို့ ဖြတ်ကူးလာရန် ကြိုးစားကြသော်လည်း တပ်မတော်က သံလွင်မြစ် တလျှောက် အရေးကြီးသော နေရာများ၌ တပ်စွဲစခန်းချထားသဖြင့် ကေအမ်တီတို့၏ မြစ်ကူးရန် အကြံအစည်မှာ မအောင်မြင်နိုင်တော့ပေ။

လွိုင်တပ်စစ်ဆင်မှု

နိုဝင်ဘာလအချိန်လောက်မှအစပြု၍ပန်းလောင်မြောက်ဖက် ဒေသတဝိုက်တွင် သောင်းကျန်းသူ ကေအင်ဒီအိုများနှင့် ကေအမ်တီများ ပူးပေါင်းကာ လှုပ်ရှားစပြုလာ၏။ သူတို့၏လူအင်အားမှာ ၄၀၀ မှ ၅၀၀ ခန့်ရှိလျက် လွိုင်တပ်နှင့်ပန်းလောင်ဒေသတဝိုက်ရှိ စစ်သေ့ချက်တောင်ကုန်းများပေါ်တွင် နေရာများယူလျက် အစိုးရတပ်များကို ထိုးစစ်ပြုရန်ပြင်ဆင်ခဲ့သည်။

ရန်သူတို့၏ အဓိကရည်ရွယ်ချက်မှာ သီပေါ၊ လွိုင်လင် လမ်းပန်းခရီးကို ဖြတ်တောက်ပိတ်ဆို့လျက် ထိုနေရာများတွင် ကြီးစိုးလွှမ်းမိုးရန်ဖြစ်သည်။ ထို့အပြင် ကွန်မျူနစ်အမှတ် ၄ တပ်ဖွဲ့ခွဲနှင့် အဆက်အသွယ်ပြုကာ ယပ်ဆောက်ကို သိမ်းပိုက်ခြင်းဖြင့် မေမြို့၊ သီပေါနှင့် လွိုင်လင်ဒေသများကိုပါ လွှမ်းမိုးနိုင်ရန် ကြံစည်ခဲ့လေသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အစိုးရတပ်အမှတ် ၄ ခြေလျင်တပ်ရင်းမှ တပ်များသည် သောင်းကျန်းသူများ၏ စခန်းများကို စတင်တိုက်ခိုက်၏။ သို့သော် ပထဝီမြေမျက်နှာပြင်အခြေအနေအရ သောင်းကျန်းသူများသည် စစ်သေ့ချက် နေရာကောင်းများတွင် အခိုင်အမာနေရာယူထားပြီး ခံစစ်ပြုသဖြင့် ထိုနေ့၌အစိုးရတပ်များသာလျှင် ယာယီအားဖြင့် နောက်သို့ ဆုတ်ခွါခဲ့ရ၏။

ဒီဇင်ဘာလ ၂၂ ရက်နေ့၌ကား ဗမာ့လေတပ်မတော်နှင့် အမြောက်တပ်၏ အကူအညီကိုပါယူလျက် တပ်မတော်က ပြင်းပြင်းထန်ထန်ဒုတိယအကြိမ် ထပ်မံ၍ တိုက်ခိုက်ပြန်လေသည်။ သောင်းကျန်းသူတို့၏ သေ့ချက်ဌာနချုပ်ဖြစ်သော အမှတ် ၆၁၇၆ တောင်ထိပ်ကို တပ်မတော်က ထိုးစစ်ဆင်ခဲ့ရာ သောင်းကျန်းသူတို့ကလည်း ဤတောင်ထိပ်ကို အပြင်းအထန်ခုခံလေသည်။ သို့စေကာမူဗမာ့လေတပ်မတော်၊ အမြောက်တပ်နှင့် ခြေလျင်တပ်များ၏ ထိရောက်စွာတိုက်ခိုက်မှုကြောင့် သောင်းကျန်းသူ ခမျာတို့သည် နောက်ဆုံး ထိုတောင်ထိပ်ကို စွန့်ခွါလျက် ဆုတ်ပြေးကြရသည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အစိုးရတပ်များသည်လွိုင်တပ်ကို သိမ်းပိုက် ရရှိခဲ့၏။ သောင်းကျန်းသူများမှာကား လွိုင်တပ်မှနေ၍ ကုန်ဝမ်း၊ ဆောင်းမူနှင့် နဲ့လောင်းဒေသများသို့ ဆုတ်ခွါထွက်ပြေးကြသည်။

လွိုင်တပ်စစ်ဆင်မှု၏ အောင်မြင်မှုနှင့်အမြတ်မှာ မေမြို့၊ သီပေါနှင့်လွိုင်လင်ဒေသများ၌ သောင်းကျန်းသူတို့၏ လွှမ်းမိုးခြင်းမှ လွတ်မြောက်ခဲ့ခြင်း၊ ရှမ်းပြည်

နယ်တွင် သောင်းကျန်းသူအချင်းချင်း ပူးပေါင်း၍ လွှမ်းမိုးကြီးစိုးရန် ကြိုးစားနေ ချက်ပျက်ပြားခဲ့ခြင်းနှင့်တကွ သောင်းကျန်းသူတို့သည် အစိုးရတပ်ပေါင်းစု၏ စစ်ဆင်မှု ထိရောက်ပုံကို ကောင်းစွာနားလည်သွားပြီး နောင်အခါများတွင် အစိုးရတပ်များနှင့်ရင်ဆိုင်ရမည်ကို ကြောက်ရွံ့ကုန်ခြင်းပင် ဖြစ်တော့သည်။

"ယပ်ဆောက်စစ်ဆင်မှု"

နစ်ဖြူများသည် ရှမ်းပြည်ဒေသတွင် နယ်သိမ်းတိုက်ပွဲများ ဆင်နွှဲရန်အတွက် ကျောက်ဆည်ခရိုင်ဖျောက်ဆိပ်ပင်ကို အခြေခံ ကွန်းထောက်စခန်းပြုလျက် ယပ်ဆောက်နယ်ရှိ ကျောက်ဂူတဝိုက်သို့ တဖြည်းဖြည်းဝင်ရောက်ခဲ့ပေသည်။ ထိုနယ်ကို ကွန်မြူနစ်အမှတ် ၄ တပ်ဖွဲ့ခွဲက တာဝန်ယူခဲ့သည်။ သူတို့၏ တိုက်အင်အားမှာ ၂၅၀ ခန့်ရှိလျက် ရှမ်းပြည်ရှိ သောင်းကျန်းသူတောင်သူများနှင့် ဆက်သွယ်မှုယူနိုင်ရန်လည်း ကြိုးစားခဲ့၏။

ကွန်မြူနစ်တို့၏ အကြံအစည်ကို အချိန်မှီဖြိုဖျက်နိုင်ရန် တပ်မတော်သည် ထိုးစစ်ဖြင့် သူတို့ခိုအောင်းရာ စခန်းများနှင့် အဆက်အသွယ်ပြုသော ခရီးလမ်းများကို ဖြတ်တောက်ပစ်လိုက်ရုံမက သူပုန်တို့အား အနားမပေးဘဲ ဒလကြမ်းတိုက်ခိုက်ပစ်လိုက်ပေသည်။

၁၉၅၂ ခု ဇန္နဝါရီလ ၆ ရက်နေ့တွင် အစိုးရတပ်သည် နောင်ပိုအား သိမ်းပိုက်လိုက်၏။ တဖန်ဆက်၍ ဇန္နဝါရီလ ၇ ရက်နေ့၌လည်း နစ်ဖြူတို့စခန်း ပြုထားသော ကျောက်ဂူ၊ တောင်သူကုန်းနှင့် စစ်လံကုန်းကို သိမ်းပိုက်ကာ ဇန္နဝါရီလ ၉ ရက်နေ့၌ ဆတော်နှင့် မှော်ပကို အစိုးရတပ်များက သိမ်းပိုက် လိုက်ပြန်သည်။

ဤစစ်ဆင်မှုတွင် တပ်မတော်သည် နစ်ဖြူတို့ထံမှ လက်နက်မျိုးစုံနှင့် ခဲယမ်းမီးကျောက် အမြောက်အမြားကိုရရုံသာမက အရေးကြီးသော စာရွက်စာတမ်းများကိုလည်းဖမ်းဆီးရမိလေသည်။

"လစ်ဗရေတာစစ်ဆင်မှု"

မြန်မာနိုင်ငံတော်အရပ်ရပ်ရှိ ဗမာ့တပ်မတော် စစ်ဆင်မှုများတွင် ဤလစ်ဗရေတာစစ်ဆင်မှုသည် အရေးအကြီးဆုံးသော စစ်ဆင်မှုတရပ်ဖြစ်၏။ ထိုစစ်ဆင်မှု၏

အောင်မြင်ခြင်းမှာလည်း ထူးထူးကဲကဲရှိခဲ့သည်။ ဤစစ်ဆင်မှုကို မြောက်ပိုင်းစစ်ဌာနမှ ညွှန်ကြား၍ အမှတ် ၆ ခြေလျင်တပ်မဟာဌာနချုပ်မှ ဦးစီးခဲ့သည်။ တပ်မတော်နှင့်ယှဉ်ပြိုင်တိုက်ခိုက်သူများသည် ကွန်မြူနစ် သူပုန်များပင်ဖြစ်၏။ ထိုးစစ်ပြုသောနယ်မြေမှာ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်ခရိုင်စပ်ရှိ သိမ်းနီကန်၊သစ်တောပြား၊ ပြင်စည်၊ကန်နား၊ ချောင်းခွ အစရှိသောနယ်များဖြစ်၏။ထိုနယ်များကို နစ်ဖြူတို့သည် "လွတ်မြောက်သော နယ်မြေ" ဟူ၍ ကင်ပွန်းတပ်ထား၏။ တပြည်လုံးတွင်ထိုနယ်မြေသည် ကွန်မြူနစ်တို့၏ အင်အားအကြီးဆုံး အစုအဝေးအများဆုံးဖြင့် ခိုအောင်းလွှမ်းမိုးရာဒေသဖြစ်ပေသည်။

ကွန်မြူနစ်တို့၏ဝေါဟာရအရ အဆိုပါလွတ်မြောက်သော နယ်မြေတွင်းသို့ သူတို့တဖြည်းဖြည်းစုရုံးလျက် နေခဲ့သည်မှာ နှစ်နှစ်တာမျှကြာခဲ့၏။ထိုလွတ်မြောက်သောနယ်မြေကို စခန်းပြုကာ ကျောက်ဆည်ခရိုင်ဖျောက်ဆိပ်ပင်မှတဆင့် ရှမ်းပြည်ယပ်ဆောက်နယ်ဖက်သို့ နယ်သိမ်းတိုက်ပွဲများဆင်နွှဲရန်ငှာ၊ ရှမ်းပြည်နယ်တွင်းရှိ သောင်းကျန်းသူရဲဖြူ တောင်သူများနှင့် အဆက်အသွယ် ပြုနိုင်ရန်ငှာ နစ်ဖြူတပ်ခွဲ ၄ ခုကိုစေလွှတ်ခဲ့သည်။ တဖန်ထိုသုံးမြေဆိုင် လွတ်မြောက်သော နယ်မြေမှနေ၍ မြင်းခြံ၊ မန္တလေး၊ ကျောက်ဆည်၊ ရွှေဘို၊ စစ်ကိုင်းခရိုင်များကို လမ်းခရီးအဆက်အသွယ်များ၌ အနှောင့်အယှက်များပေးခဲ့ပြန်လေသည်။

ထိုသုံးမြေဆိုင် လွတ်မြောက်သော နယ်အတွင်း၌ နစ်ဖြူမြောက်ပိုင်း ထိုးစစ်ဌာနချုပ်ကိုလည်း ဖွင့်ထားပြီးလျှင် တိုက်အင်အား ၂,၅၀၀ ခန့်ရှိ၏။ နစ်ဖြူအမှတ် ၁ နှင့် အမှတ် ၂ တပ်ခွဲများလည်း ထိုနယ်အတွင်း၌ပင်ရှိ၏။ လက်နက် အင်အားမှာလည်း ပြည့်ဝ၍ အမျိုးစုံနေကာ ဆက်သွယ်ရေးအတွက် ဝိုင်ယာလက်များပင် ပြည့်စုံစွာရှိလေသည်။ စားနပ်ရိက္ခာအတွက် ကြည့်ပါကလည်း ဆန်စပါးစသည်တို့ကို ဂိုဒေါင်များဖြင့်ပင် သိုလှောင်ထားနိုင်အောင်ရှိပေသည်။

ထို့ကြောင့် အစိုးရတပ်များသည် ၁၉၅၁ ခု အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့အတွင်း၌ ခရီးရှည်ထိုးဖောက်နည်း ပရိယာယ်ဖြင့် သောင်းကျန်းသူနစ်ဖြူတို့ လွှမ်းမိုးရာဖြစ်သော ကန်နား၊ ပြင်စည်နှင့် မင်းကွန်းတောင်တဝိုက်ကို တိုက်ခိုက်ခဲ့သည်။

ပြင်စည်ကို အစိုးရတပ်များသည် အောက်တိုဘာလ ၃၁ ရက်နေ့တွင် သိမ်းယူလျက် တန်တားဦးကို နိုဝင်ဘာလ တရက်နေ့၌သိမ်းယူခဲ့၏။

နိုဝင်ဘာလ ၂ ရက်နေ့တွင် အစိုးရတပ်များသည် တန်တားဦးမှ ကန်နားသို့ ချီတက်ခဲ့ရာလမ်းခရီးတွင် နစ်ဖြူ ၆၀၀ ခန့်တို့က ဆီးကြိုတိုက်ခိုက်၏။ တိုက်ပွဲမှာ နာရီ

ဝက်မျကြာပြီး နောက်ဆုံး၌ နစ်ဖြူမျာ းပင် အကျအဆုံးများစွာဖြင့် ဆုတ်ခွါထွက်ပြေးသွားကြသည်။

နိုဝင်ဘာလ ၃ ရက်နေ့တွင်အစိုးရတပ်များ ဆက်လက်ချီတက်ပြန်ရာ မင်းကွန်းတောင်ခြေ၌ နစ်ဖြူ ၄၀၀ ခန့်တို့နှင့် တိုက်ပွဲဖြစ်ပြန်၏။ ထိုတိုက်ပွဲမှာ နှစ်နာရီမျှကြာပြီး သောင်းကျန်းသူအများအပြားကျဆုံး၍ အများအပြားဒဏ်ရာရခဲ့ကြ၏။ ထိုမှတဆင့်အစိုးရတပ်များသည် နွားထိုးကြီးသို့၎င်း၊ နွားထိုးကြီးမှတဖန် မိတ္ထီလာသို့၎င်း ပြန်ခဲ့၏။

တပ်မတော်၏ နယ်သိမ်းထိုးစစ်

ဗမာ့တပ်မတော်အမှတ် ၆ ခြေလျင်တပ်မဟာဌာနမှ ဦးစီးလျက် ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ ခရိုင်အတွင်းရှိ နစ်ဖြူတို့၏ လွတ်မြောက်သော နယ်မြေဟု အမည်ပေးထားသော မြို့သာ၊ ချောင်းဦး၊ ပြင်စည်၊ ကန်နား သုံးမြေဆိုင်နယ်ကို ၁၉၅၂ ခု ဇန္နဝါရီလ ၁၇ ရက်နေ့မှ အစပြု၍ ထိုးစစ်ဆင်ခဲ့သည်။

စစ်ဆင်မှုတွင်ခြေလျင်တပ်များသည် ယန္တရားတပ်များ၏ အကူအညီကိုယူ၍ နစ်ဖြူများ၏ နယ်အတွင်းသို့ ထိုးဝင်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်နေစဉ် ဗမာ့လေတပ်မတော်နှင့် ရေတပ်မတော် အကူအညီကိုယူကာ ခြေလျင်တပ်များက နစ်ဖြူများ၏ စခန်းများကို တက်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ ဤစစ်ဆင်မှုမှာ လေတပ်၊ ရေတပ်၊ ယန္တရားတပ်နှင့် ခြေလျင်တပ်တို့ ပူးပေါင်း တိုက်ခိုက်ရသော စစ်ဆင်မှုမျိုးဖြစ်၏။

နစ်ဖြူတို့၏ ဌာနစခန်းများကို တိုက်ခိုက်ရာတွင် အရေးကြီးသော စာရွက်စာတမ်းများ စစ်ရေးအကြံအစည်များကိုပါ ဖမ်းဆီးရမိခဲ့ပေသည်။

အဆိုပါလွတ်မြောက်သော နယ်မြေကို အမှတ် ၆ ခြေလျင်တပ်မဟာသည် မည်သို့ မည်ပုံ ထိုးစစ်ဆင်ခဲ့ကြောင်း အောက်တွင်ဖော်ပြပေဦးမည်။

၁၉၅၂ ခု ဇန္နဝါရီလ ၁၇ ရက်နေ့တွင် ဗမာ့တပ်မတော်အမှတ် ၆ ခြေလျင်တပ်မဟာဌာနချုပ်မှ ဦးစီးလျက် သုံးဖက်သုံးတန်မှညှပ်ပြီး ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်၏။ ထိုသို့ထိုးစစ်ဆင်ရာတွင် အောင်သူစစ်ကြောင်း၊ အောင်နိုင်စစ်ကြောင်းမကြီး နှစ်ကြောင်းနှင့် အောင်မင်းစစ်ကြောင်းအစရှိသော စစ်ကြောင်းကြီးများ ဖြန့်ကာ ချီတက်တိုက်ခိုက်ခြင်းဖြစ်၏။ အောင်သူစစ်ကြောင်းသည် စစ်ကိုင်းခရိုင် တန့်တားဦးမြို့ကို အခြေခံစခန်းပြု၍ ချီတက်ရန်ဖြစ်၏။ အောင်နိုင်စစ်ကြောင်းမှာ မိတ္ထီလာ

မြို့မှတဆင့် ပင်းတလဲကိုဖြတ်လျက် နစ်ဖြူတို့၏ နယ်တွင်းသို့ ထိုးဖောက်တိုက်ခိုက်ရန်နှင့် အောင်မင်းစစ်ကြောင်း၏ တာဝန်မှာ နစ်ဖြူတို့ ပြေးပေါက်ကို ပိတ်ရန်အတွက် စမုန်မြစ်၏ အရှေ့ဖက်ကမ်း တလျှောက်တွင် တပ်စွဲကာ စောင့်နေရန်ပင်ဖြစ်၏။

၁၉၅၂ ခု ဇန္နဝါရီလ ၁၇ ရက်နေ့တွင် အောင်သူစစ်ကြောင်းသည် တန့်တားဦးမှ၎င်း၊ အောင်နိုင်စစ်ကြောင်းသည် မိတ္ထီလာမှ ၎င်း ပင်းတလဲကိုဖြတ်၍ စတင်ချီတက်ခဲ့သည်။

အောင်သူစစ်ကြောင်းသည်စကားအင်း၊ကျောက်ကြီးကန်၊ချောင်းဦး၊ချောင်းဆုံစသည်တို့ကို တိုက်ခိုက်သိမ်းပိုက်ကာ ထိုမှတဆင့် အလယ်ရွာ ကဘို၊ သစ်တောပြား၊ သိမ်းနီကန်၊ပူးရောက်စသည်တို့ကိုလည်း ဆက်တိုက်ပင် တိုက်ခိုက်သိမ်းယူပေသည်။

အောင်နိုင်စစ်ကြောင်းမှလည်း ပြင်စည်၊ ကန်နား၊ လက်ပံ၊ ပဲဂျက်၊ သက်ကယ်ကျင်း၊ ညောင်ပင်သာ ၊ငွေးဇောင်း အစရှိသော နေရာများကို အဆက်မပြတ်တိုက်ခိုက်သိမ်းယူ၏။

ဤသို့လျှင်ပြင်းထန်လှစွာသော တပ်မတော်၏ ထိုးစစ်ဒဏ်ကို နစ်ဖြူတို့သည် မခံမရပ်နိုင်တော့သဖြင့် သူတို့၏ လွတ်မြောက်သောနယ်မြေအား ကာကွယ်ရန်အကြံအစည်များပျက်စီးကာ အချို့မှာ ဆတော်မှတဆင့် မြင်းခြံခရိုင် ပုပ္ပါးနယ်တွင်းသို့၎င်း၊ အချို့မှာ ပြား၊ မီးတောက်၊ ဆူးဖြူကုန်း၊ နှပ်ချီစသော တောင်ဖက်သို့၎င်း ထွက်ပြေး ဆုတ်ခွါရလေတော့သည်။ ဤသို့ဆုတ်ခွါကြရာ၌ သူတို့အတွက် ဆုတ်ခွါချိန်ပိုမိုရရှိရန် မြေမြှုပ်ဗုံးများ လမ်းတလျှောက်တွင် မြှုပ်ထားခဲ့ခြင်း၊ လမ်းခရီးများကို ပိတ်ဆို့ထားခြင်း၊ တန်တားချိုး၊ လမ်းဖျက်ခြင်း စသောအပြုအမူတို့ကိုပြုခဲ့၏။ သို့တိုင်အောင် တပ်မတော်ကလည်း နစ်ဖြူတို့ ဖျက်ခဲ့သောလမ်းများ၊ တန်တားများကို ပြင်ဆင်၍၎င်း၊ မြှုပ်ထားသော မိုင်းဗုံးများကို တူးဖော်၍၎င်း နစ်ဖြူတို့အား ထပ်ကြပ်မကွာ လိုက်လံတိုက်ခိုက်ပေသည်။

ဤလစ်ဗရေတာ စစ်ဆင်မှုတွင် သောင်းကျန်းသူ နစ်ဖြူများထံမှ တပ်မတော်ကရရှိလိုက်သော လက်နက်ခဲယမ်းမီးကျောက်များမှာ အလွန်များပြားရုံမက လက်နက်မျိုးစုံအောင်လည်း ရရှိလိုက်တော့၏။

အောက်ဗမာပြည်ထိုးစစ် (တောင်ပိုင်းစစ်ဌာနချုပ်)

အထက်တွင်ဖော်ပြခဲ့ပြီးသော စစ်ဆင်မှုများမှာ မြောက်ပိုင်း စစ်ဌာနချုပ်မှ

ဦးစီးစစ်ဆင်သော အထက်မြန်မာပြည်စစ်ဆင်မှုများဖြစ်၏။ ယခုဆက်လက်၍ အောက်တွင်ဖော်ပြမည့် စစ်ဆင်မှုများမှာကား တောင်ပိုင်း စစ်ဌာနချုပ်မှ ဦးစီး တိုက်ခိုက်သော အောက်မြန်မာပြည် စစ်ဆင်မှုများဖြစ်၏။

အောက်မြန်မာပြည်ရှိ သောင်းကျန်း သူများမှာ များသော အားဖြင့် ကေအင်ဒီအိုများဖြစ်လေသည်။ ကေအင်ဒီအိုများသည် လူအင်အား၊ လက်နက် အင်အားပြည့်စုံရုံမျှမက တိုက်ရေးခိုက်ရေးတွင်လည်း ဝါရင့်နေကြသူများဖြစ်ကြ သည်။

ဂျိုးဖြူစစ်ဆင်မှု (အင်းစိန်ခရိုင်)

၁၉၅၁ ခု နိုဝင်ဘာလ ၅ ရက်

ရိုးမတောင်ခြေမှ ကေအင်ဒီအိုများသည် လိမ်မော်ခြံအနီးရှိ ဂျိုးဖြူရေပိုက် လမ်းကို ၁၉၅၁ ခု နိုဝင်ဘာလ ၄ ရက်နေ့ညတွင် ချိုးဖောက်ဖျက်ဆီး၏။ ထိုအပြု အမူ၏ ရည်ရွယ်ချက်မှာ ဂျိုးဖြူရေပိုက်ကို အမှီသဟဲပြုနေကြရသော ရန်ကုန်လူထု အား ရေအတွက်ဒုက္ခရောက်စေပြီး ယင်းသို့ရေရှားနေချိန်တွင် ရန်ကုန်မြို့တွင်း၌ တတ်နိုင်ပါက မီးများရှို့နိုင်ရန်ကြံစည်ခြင်းဖြစ်လေသည်။

ထို့ကြောင့်အစိုးရတပ်သည် ၁၉၅၁ ခု နိုဝင်ဘာလ ၅ ရက်နေ့တွင် ကေအင်ဒီအို တို့ဝင်ရောက်နေသော လိမ်မော်ခြံ၊ ကိုင်းကွင်းကြီးစသောအရပ်များသို့ သွားရောက် တိုက်ခိုက်သည်။ ထိုမှတဖန် တပ်မတော်သည် ညောင်လေးပင်ကိုပါပြန်လည်သိမ်း ပိုက်လိုက်၏။

ဤသို့အစိုးရတပ်များ၏ ဒလကြမ်းတိုက်ခိုက်မှုကြောင့် ကေအင်ဒီအိုများသည် အစုစုကွဲကာ ထွက်ပြေး ဆုတ်ခွါသွားရ၏။ တစုမှာဂျိုးဖြူရေကန်၏ မြောက်ဖက် ကျပ်ချောင်းမှတဆင့် ချင်းကုန်းသို့ရင်း၊ တစုမှာ လဟာမငယ်နှင့် ကင်းပတီးသို့ရင်း ဆုတ်ခွါ ထွက်ပြေးသွားကြ၏။ လဟာမငယ်နှင့် ကင်းပတီးစသော အရပ်များမှာ ရိုးမတောင် ကေအင်ဒီအိုများ ခိုအောင်းရာ အခြေခံစခန်းဖြစ်သည်။ ကျန်ရှိသော အခြားကေအင်ဒီအိုစုငယ်များသည် အလံနီများရှိရာ လူသက်အင်း၊ ရေသိုသို့ရင်း၊ ထိုမှတဆင့် ဘောလယ်၊ အိုင်ကလောင်ကျွန်းဆီသို့ရင်း ဆုတ်ခွါ ထွက်ပြေးကြ၏။ ဤတစု၏ အကြံအစည်မှာ တိုက်ကြီး ဥက္ကံနယ်တဝိုက်တွင် အင်အားနည်းသော အ စိုးရကင်းဌာနများကို အလစ်ဝင်ရောက်တိုက်ခိုက်ရန်နှင့် နွေရာသီအတွက် ရိက္ခာ များ ထပ်မံစုဆောင်းရန်ဖြစ်သည်။

အစိုးရတပ်များသည် လိမ်မော်ခြံဂျိုးဖြူရေလှောင်ကန်တွင် တပ်စွဲလျက် ကျန်ရှိ သော တပ်များကလည်း အကြွင်းအကျန်သောင်းကျန်းသူများကို လိုက်လံတိုက် ခိုက်ရှင်းလင်းတော့၏။

မုတ်ကျွန်းစစ်ဆင်မှု (ဟံသာဝတီခရိုင်)

၁၉၅၁ ခု ဒီဇင်ဘာလ ၂၅ ရက်၊ ၁၉၅၂ ခု ဇန္နဝါရီလ ၁၅ ရက်

၁၉၅၁ ခု ဒီဇင်ဘာလထဲတွင် ဒေးဒရဲနယ်ဖက်မှ သောင်းကျန်းသူ အလံနီတို့ သည် ဟံသာဝတီခရိုင်ကွမ်းခြံကုန်းနယ်ရှိ မုတ်ကျွန်းသို့ အစုလိုက် ဝင်လာခဲ့ကြလေ သည်။ နစ်နီတို့၏အင်အားမှာ ၁၅၀ ခန့်ရှိ၍ ကွမ်းခြံကုန်းနယ်ရွေးကောက်ပွဲကို ဖျက် ဆီးရန်ရည်ရွယ်ကြ၏။ သူတို့တွင်လက်နက်လည်းမျိုးစုံလှလေသည်။ နစ်နီများသာ မက ရဲဖြူများကလည်း နစ်နီများနှင့် ပူးပေါင်းရန်အတွက် လက်နက်မျိုးစုံဖြင့် မုတ်ကျွန်းသို့ဝင်ရောက်လာကြ၏။

ထို့ကြောင့် ဖော်ပြပါနစ်နီနှင့် ရဲဖြူ သောင်းကျန်းသူများကို ကွမ်းခြံကုန်းနယ် တဝိုက်တွင် တပ်စွဲလျက်ရှိသော အမှတ် ၄ စစ်ရဲတပ်ရင်းမှ တာဝန်ယူ၍ ၁၉၅၁ ခု ဒီဇင်ဘာလ ၂၂ ရက်နေ့မှ အစပြု၍ ၁၉၅၂ ခု ဇန္နဝါရီလ ၁၅ ရက်သို့တိုင်အောင် ဒလကြမ်းလိုက်လံတိုက်ခိုက်ခဲ့လေသည်။

သောင်းကျန်းသူများသည် အစိုးရတပ်၏ တိုက်ခိုက်မှုကိုခုခံခြင်းမပြုဘဲသံလျင် ဖက်ကမ်းသို့ ကူးပြေးလျက် အစုများပြိုကွဲပြီးလျှင် အချို့မှာ ဟံသာဝတီခရိုင် ကျောက်တန်းနယ်ဖက်သို့ရင်း၊ အချို့မှာ ဒေးဒရဲဖက်သို့ရင်း ဆုတ်ခွါထွက်ပြေးကြ ၏။ ထိုမုတ်ကျွန်းစစ်ဆင်မှုကြောင့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင် ခဲ့သည်ဖြစ်၏။

ဆီးပလိန်းစစ်ဆင်မှု (အင်းစိန်ခရိုင်)

၁၉၅၂ ခု ဇန္နဝါရီလ ၉ ရက်

(တောင်ပိုင်းစစ်ဌာနချုပ်မှ ဦးစီးစစ်ဆင်သည်)

ဤစစ်ဆင်မှုမှာ ကြေးစား အငှါးဖြင့် လိုက်လံ တိုက်ခိုက်နေသော ဗိုလ် ဆီးပလိန်းနှင့် ကေအင်ဒီအိုတို့အား တပ်မတော်ကလိုက်လံခြေမှုန်းသော စစ်ဆင်မှု ဖြစ်၏။

၁၉၅၂ ခု ဇန္နဝါရီလ ၉ ရက်နေ့တွင် ဆီးပလိန်းတို့ခိုအောင်းရာ ဌာနစခန်းဖြစ်သော လဟာမငယ်၊ သရက်ကုန်း၊ ကိုနင်းအစရှိသော နယ်များကို အစိုးရတပ်က ဒလကြမ်းထိုးစစ်ဆင်တိုက်ခိုက်တော့၏။ သောင်းကျန်းသူတို့ကလည်း ပြန်လှန်ခုခံကြသေးသော်လည်း နောက်ဆုံးတွင် ဆုတ်ပြေးကြတော့၏။

ဆီးပလိန်းတို့၏ အခြေခံခြေကုတ်စခန်းကို ခြေမှုန်းဖျက်ဆီးလိုက်ခြင်းအားဖြင့် ဂျီးဖြူရေပိုက်၏ လုံခြုံမှုရရှိခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဆီးပလိန်းတို့လူစုသည် လဟာမငယ်ဘက်ကို အခြေခံပြုလျက် လိမ်မော်ခြံဖက်သို့ ဝင်ရောက်ပြီး ဂျီးဖြူရေပိုက်ကို ဖျက်ဆီးလေ့ရှိသောကြောင့်ဖြစ်၏။

လဟာမငယ်၌ အငိုက်မိခံလိုက်ရသော ဆီးပလိန်းတို့လူစုသည် ၁၉၅၂ ခု ဇန္နဝါရီလ ၁၁ ရက်နေ့တွင် လူအင်အား ၃၀၀ ခန့်ဖြင့် တန်ပြန်ထိုးစစ်ဆင်ကာ အစိုးရတပ်ကိုတိုက်ခိုက်ပြန်၏။ သို့စေကာမူ ဆီးပလိန်းတို့သည် အကျအဆုံး များပြားစွာနှင့် ဆုတ်ခွါရပြန်လေသည်။

မော်ဝင်းစိန်စစ်ဆင်မှု (အင်းစိန်-မအူပင်ခရိုင်)

၁၉၅၂ ခု ဇန္နဝါရီလ ၁ ရက်

(တောင်ပိုင်းစစ်ဌာနချုပ်၏ နွေရာသီစစ်ဆင်မှု)

ဤစစ်ဆင်မှုမှာ အိုင်ကလောင်ကျွန်း၊ ညောင်တုန်းကျွန်းနယ်များ အတွင်း၌ လပေါင်းများစွာကြီးစိုးနေခဲ့သော ကေအင်ဒီအို ဌာနချုပ်စခန်းများကို ထိုးစစ်ဆင်ခဲ့သော စစ်ဆင်မှုဖြစ်၏။

၁၉၅၂ ခု ဇန္နဝါရီလ ၁၇ ရက်နေ့မှအစပြု၍ အစိုးရတပ်များသည် သောင်းကျန်းသူတို့ကို လေးဖက်လေးတန်မှ စစ်ကြောင်း အမျိုးမျိုးဖြန့်ကာ လေတပ်၊ ရေတပ်၊ ယန္တရားတပ်များ၏ အကူအညီဖြင့် ဒလကြမ်းတိုက်ခိုက်တော့၏။ ကေအင်ဒီအိုများကလည်း အတတ်နိုင်ဆုံးပြန်လှန်၍ပြ င်းပြင်းထန်ထန်ခုခံ၏။ ခံကတုတ်ကျင်းများမှငင်း၊ မြေအောက်လိုဏ်ခေါင်းများမှငင်း ခုခံကြသော်လည်း နောက်ဆုံးတွင် အရှုံးဖြင့်ပင် သောင်းကျန်းသူများ ဆုတ်ခွါထွက်ပြေးသွားရလေသည်။

အမှန်မှာဆိုလျှင် အိုင်ကလောင် ညောင်တုန်း ကျွန်းနယ်အတွင်း၌ ကေအင်ဒီအိုများ၏ တပ်မဟာ (၁)ရှိလျက် ထိုအောက်တွင် တပ်ရင်း ၁၊ တပ်ရင်း ၁၄၊ တပ်ရင်း ၁၈ နှင့် တပ်ရင်း ၁၆ တို့ရှိပြီး တပ်မဟာ ဌာနချုပ်ကိုအဖျောက်မြို့၌ ဖွင့်ထား၏။ လူအင်အား လက်နက် အင်အားတို့မှာလည်း ပြည့်စုံလှပေသည်။ သို့တိုင်အောင်

တပ်မတော်သည် သောင်းကျန်းသူကေအင်ဒီအိုများကို ခြေမှုန်းနိုင်ကာ ဇန္နဝါရီလ ၂၃ ရက်နေ့တွင် အဖျောက်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။

ထိုသို့လျှင်တပ်မတော်၏ ထိရောက်စွာ ထိုးစစ်ဆင်မှုကြောင့် ကေအင်ဒီအိုတို့မှာ နှစ်စုကွဲ၍ တစုသည် မြနေ့ဖြူနှင့် ပန်းတနော်ဖက်သို့ ကူးပြေးပြီးလျှင် အခြားကျန်တစုသည် အင်းလယ်၊ ဘိန်းတောဆိပ်၊ ကုန်မင်းအင်းတဝိုက်သို့ ထွက်ပြေးကြ၏။

ဤစစ်ဆင်မှုတွင် ကေအင်ဒီအိုတို့ဖက်မှ အရေးပါသော ခေါင်းဆောင်များဖြစ်သည့် စောစံကေး၊ စောရွှေ၊ ဗိုလ်နု၊ စောကျော်စိန်တို့ ကျဆုံးခဲ့ရသည်။ အခြားခေါင်းဆောင်ပိုင်းများ၌လည်း စိတ်ဝမ်းကွဲကာ အချင်းချင်းပြန်လည် တိုက်ခိုက်လျက်ရှိကြပေသည်။

ရွှေလင်းယုန်စစ်ဆင်မှု (တောင်ငူခရိုင်)

၁၉၅၂ ခု ဇန္နဝါရီလ ၁၈ ရက်မှ ၂၄ ရက်ထိ

(အမှတ် ၂ ခြေလျင်တပ်မဟာဌာနချုပ်မှ စစ်ဆင်မှုပြုသည်)

သောင်းကျန်းသူ နစ်ဖြူများသည် တောင်ငူအနောက်ဖက် ကြက်တက်ညောင်ပင်၊ ဘိုကုန်း၊ ကဘာနီ၊ တောင်သုံးလုံးအစရှိသော ဒေသများတွင် အမှတ် ၃ နစ်ဖြူဌာနချုပ်ဖွင့်လှစ်ထားသည်။ သူတို့၏အင်အားမှာ ၅၀၀ မှ ၇၀၀ ကြားတွင်ရှိပြီး တပ်များကိုဖြန့်ထားလေသည်။ လက်နက်များ ပြည့်စုံလှသည့်ပြင် အသံလွှင့်စက်နှင့်စကားပြောကြေးနန်းများပင်ရှိ၏။

တပ်မတော်၏ ထိုးစစ်သည် ဇန္နဝါရီလ ၁၈ ရက်နေ့၌ အစပြု၏။ ထိုနေ့တညလုံး တောင်သုံးလုံးဆီသို့ဦးတည့်၍ချီတက်သည်။ ဇန္နဝါရီလ ၁၉ ရက်နေ့နံနက် လင်းအားကြီး အချိန်လောက်တွင် နစ်ဖြူတို့၏ အမှတ် ၃ ဌာနချုပ်ကို တပ်မတော်က ဝိုင်းဝန်းတိုက်ခိုက်၏။ အငိုက်မိသွားသော ရန်သူများသည် တပ်မတော်၏တိုက်စစ်ကြောင့် အပြေးအလွှားဆုတ်ခွါသွားရတော့သည်။

နစ်ဖြူများ၏ အမှတ် ၃ ဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် တပ်မတော်သည်စစ်နားနေခြင်းမပြုဘဲ နေ့ခြင်းဆက်လက်ချီတက်ကာ ကဘာနီ၊ တောင်သုံးလုံးတို့ကိုတိုက်ခိုက်အောင်မြင်ကြပြန်သည်။

အစိုးရတပ်များသည် ထိုမှတဆင့် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ပဲနွယ်ပင်၊ စပါးကျယ်၊ မီးတိုင်ရွာများသို့ ဆက်လက်ချီတက်သိမ်းပိုက်နိုင်ပြန်လေသည်။ ဇန္နဝါရီလ

၄ ရက်နေ့အထိ အစိုးရတပ်သည် သောင်းကျန်းသူ ကြီးစိုးရာဒေသများကို အဆက်မပြတ်တရွာပြီးတရွာ သိမ်းပိုက်အောင်မြင်ခဲ့ပေတော့သည်။

ရွှေလင်းယုန်စစ်ဆင်မှုကြောင့် ပေါ်ထွက်လာသောအမြတ်မှာ လက်နက် ခဲယမ်းမီးကျောက်များစွာ ဖမ်းဆီးရမိခြင်း၊ နစ်ဖြူသူပုန်များဖမ်းဆီး ရမိ၍ နစ်ဖြူများ၏အင်အားကို သိရှိရခြင်း၊ နစ်ဖြူများ၏ လိမ်လည်၍ ဝါဒဖြန့်ခြင်းများကို သိရခြင်း၊ နစ်ဖြူများ မတရားသိမ်းပိုက်ထားသော စပါး၊ ဆန်၊ ကျွဲ၊ နွားစသည်တို့ကို ရွာများတွင် ဝေငှပေးကမ်းနိုင်ခဲ့ခြင်း၊ အစိုးရ၏ စာရွက်စာတမ်းများ ဝေငှခြင်း၊ တပ်မတော်၌ပါလာသော ဆေးဝါးများကို ရွာများတွင် ဝေငှပေးနိုင်ခြင်းများပင် ဖြစ်ပေသည်။

ကျော်လှ စစ်ဆင်မှု

(အမှတ် ၂ ခြေလျင်တပ်မဟာဌာနချုပ်မှ ဦးစီးစစ်ဆင်သည်)

တောင်ငူခရိုင် ဖြူးမြို့၏ အရှေ့ဖက် နယ်အတွင်း၌ နစ်ဖြူနှင့် ကေအင်ဒီအိုတို့ ပူးပေါင်းကာသောင်းကျန်းမှု လုပ်ငန်းများကို ဆောင်ရွက်နေကြပေသည်။ စားနပ်ရိက္ခာအတွက် ကေအင်ဒီအိုများက နစ်ဖြူများအပေါ်တွင် မှီခို၍ စစ်ရေးအကူအညီအတွက် နစ်ဖြူများကလည်း ကေအင်ဒီအိုများအပေါ် ပြန်လှန် မှီခိုနေကြရပေသည်။

နစ်ဖြူတို့သည် ကျော်လှ၊ ဘုရားကုန်း၊ ချောင်းကောက်၊ ငါးတောင်အင်၊ ကန်နား၊ ဘမ်းလောင်အရပ်များတွင် အမှတ်(၉)တပ်ဖွဲ့ခွဲများထားရှိလျက် သူတို့အင်အားမှာ ၄၅၀ ခန့်ရှိ၏။ ဤအမှတ် (၉)တပ်ဖွဲ့ခွဲမှာ အမှတ်(၃)တပ်ဖွဲ့၏ လက်အောက်ခံဖြစ်သည်။

ကေအင်ဒီအိုများမှာကား မိကျောင်းတောင်တွင် သူတို့၏ဌာနချုပ်ကိုထားရှိကာ ရေ လယ် ကရင်ရွာနယ်အတွင်းနှင့် မိကျောင်းကောင်းနယ်အတွင်း၌ တပ်များကိုဖြန့်၍ ထားလေသည်။အင်အားအနေဖြင့် လူအင်အား ၅၀၀ ခန့်ရှိပြီး စိန်ပြောင်း၊ ဗရင်း၊ ကာဗိုင်၊ စတင်းနှင့် ရိုင်ဖယ်များပြည့်စုံစွာရှိ၏။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်လည်း ကေအင်ဒီအို များသည် နတ်သံကင်းတွင်ရှိသောအစိုးရတပ်များကို တိုက်ခိုက်လေသည်။အစိုးရတပ်မှ တွန်းလှန်ပစ်လိုက်၏။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်လည်း သောင်းကျန်းသူများသည် တကြီးကုန်းသို့ လာရောက်တိုက်ခိုက်ကြပြန်၏။ သို့သော်အစိုးရတပ်မှ တွန်းလှန်ပစ်နိုင်ခဲ့ပေသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အစိုးရတပ်သည် နတ်သံကျွင်းကျောက်ကြီးလမ်းတလျှောက်ကို ပိုက်စိတ်တိုက်၍ ရှင်းလင်း၏။

ဖေဖော်ဝါရီလ ၁၂ ရက် ၁၃ ရက်များတွင်လည်းကျော်လှရှင်းတိုင်စီမံနှင့်လက်စွပ်ကြားဒေသများသို့ အစိုးရတပ်က တိုက်ကင်းလှည့်ပေသည်။

ဖေဖော်ဝါရီလ ၂၈-၂၉ ရက်နေ့များတွင် ကျောက်ကြီးမှ ချီတက်သွားသော အစိုးရတပ်များအား ရန်သူတို့က ဇလုပ်မှနေ၍ အကြီးအကျယ် ခုခံသေးသော်လည်း အစိုးရတပ်များသည် အောင်မြင်စွာ ဇလုပ်ကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ထိုမှဆက်၍ ငနွားဆိပ်၊ ထွားနီကုန်း၊ ရေလဲရွာစသည်များကို အစိုးရတပ်များက ဆက်လက်သိမ်းပိုက်နိုင်ပြန်သည်။

လွန်းစိန်မော်စစ်ဆင်မှု (အင်းစိန်၊ သာယာဝတီခရိုင်)

၁၉၅၂ ခု ဖေဖော်ဝါရီလ ၃ ရက်နေ့

ဤလွန်းစိန်မော် စစ်ဆင်မှုကိုသုံးပိုင်းခွဲလျက် အစိုးရတပ်များသည် ထိုးစစ်ပြုခဲ့၏။

(က) ရိုးမစစ်ဆင်မှု
(ခ) ကုန်မင်းအင်းစစ်ဆင်မှု
(ဂ) မြစ်ကျိုးစစ်ဆင်မှု

(က) ရိုးမတောင်ခြေစစ်ဆင်မှု(ပဌမဆင့်)

ဤရိုးမစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ရိုးမတောင်ခြေရှိ ဗူးတရာနှင့် မရန်းအကြားတွင်ရှိသော ကေအင်ဒီအိုများ ခိုအောင်းရာဌာနစခန်းများကို ဖြိုခွင်းလျက် ရိုးမတောင်ခြေနှင့် ဥက္ကံသုံးဆယ်၊ ပြည်လမ်းခရီးကြားနယ်ကို ရှင်းကာ ဂုံညင်းတန်းနှင့်ကျယ်လူလမ်းခရီးများဖွင့်ရန်ဖြစ်သည်။ ထို့ပြင် ကေအင်ဒီအိုများသည် မိုးဥတုတွင် ဤနေရာများ၌ ထပ်မံ၍ခိုအောင်းခြင်းမပြုနိုင်ကြစေရန် သူတို့နေရာထိုင်ခင်းများနှင့် စားနပ်ရိက္ခာများကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။

အစိုးရတပ်များစစ်ဆင်ပုံမှာ စစ်ကြောင်း လေးကြောင်းဖြန့်လျက် ယန္တရားတပ်များ၊ အမြောက်တပ်များ၏ အကူအညီဖြင့် ရိုးမတောင်ခြေသို့ ချီတက်တိုက်ခိုက်ခဲ့သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်အစိုးရတပ်သည်ဘုရားပြို၊သင်တောကုန်း၊သိုက်ဝ

ချောင်း၊ ရေအိုးစင်၊ ခွေးကြီးတို့ကိုသိမ်းပိုက်၍ ချောင်းဇောက်ထိ ဆက်လက်ချီတက်သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့မှာပင် ဥက္ကံမှ အစိုးရတပ်သည် ရိုးမတောင်ခြေဖက်သို့ ချီတက်၍ ဂုံညင်းတန်း၊ ဝက်ဖြူကုန်း၊ စပါးကျည်အိုင်ရွာများကို သိမ်းပိုက်၏။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အစိုးရတပ်သည် ကျွဲပုတီး၊တဂူဆိပ်၊လှည်းလမ်းကူး၊ တောင်ညို၊ သဲဖြူ၊ အင်ကြင်းကုန်းနှင့် ဖားအင်းတို့ကို လွယ်ကူစွာ သိမ်းပိုက်၏။ ထိုနေ့မှာပင် ပေါက်ကုန်းအရှေ့ဖက်၌ ထိုးစစ်ဆင်နေသော အစိုးရ တပ်ကလည်း ပိုးတိကုန်း၊ ကျွန်းတောကုန်း၊ ဗူးတရာ၊ ရေအိုးစင်နှင့် ချောင်းဇောက်တို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အစိုးရတပ်သည်ဒတ်ချောင်းကိုသိမ်းပိုက်၍ဆုတ်ပြေးသော ရန်သူများကို မျှောချောင်းထိ လိုက်လံတိုက်ခိုက်လေသည်။ ရန်သူများ ရွှေပုံသို့ဆုတ်ပြေး၍ အစိုးရတပ်က နှမ်းကြီးကုန်းအထိ ချီတက်သည်။ ထိုနေ့မှာပင် စက်ဖြူကုန်းမှအစိုးရတပ်သည် နှမ်းကြီးကုန်းကို သိမ်းပိုက်လိုက်သည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့၌ စမ်းကလေးကို အစိုးရတပ်ကသိမ်းပိုက်လိုက်ပြန်ပြီးလျှင် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် လဟာမငယ်နှင့် ကင်းပတီးတဝိုက်သို့ ကင်းလှည့်လေသည်။

ဤသို့လျှင် ကေအင်ဒီအိုများကို အနားမပေးဘဲ လိုက်လံတိုက်ခိုက်ချေမှုန်းပြီးနောက်အရေးပါသော စစ်သော့ချက်စခန်းများတွင် တပ်ဌာနခွဲများဖွင့်ခြင်း၊ ကင်းဌာနများထားခြင်းကို အစိုးရတပ်များက ပြုလုပ်ဆောင်ရွက်ကာ ရိုးမနယ်မြေကို ထိန်းသိမ်းထားတော့သည်။

(ခ) ကုန်မင်းအင်းစစ်ဆင်မှု

မော်ဂင်းစိန်စစ်ဆင်မှုကြောင့် အစည်းအရုံးပြိုကွဲကာ ထွက်ပြေးလာခဲ့ရသော ကေအင်ဒီအိုအမှတ် ၁၇ မြစ်ဝကျွန်းပေါ် တပ်ရင်းသည် ဤကုန်မင်းအင်းနယ်တဝိုက်တွင် တပ်ဖြန့်လျက်ရှိ၏။

ထို့ကြောင့် အစိုးရတပ်များသည် ရိုးမနယ်ဒေသကို တိုက်ခိုက်ရှင်းလင်းပြီးသည်နှင့် ဆက်လက်၍ ကုန်မင်းအင်းဒေသကို တိုက်ခိုက်ရန်ပြင်ဆင်ရတော့၏။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အစိုးရတပ်သည် ကေအင်ဒီအိုများအခိုင်အခန့်တပ်စွဲရာ ဒိုက်အင်းကိုတိုက်ခိုက်သည်။ အေအင်ဒီအိုများက အပြင်းအထန် ခုခံသော်လည်း အချိန်အနည်းငယ်အတွင်းမှာပင် မင်းနင်းချောင်းနှင့် လေးအိမ်စုဖက်သို့

ဆုတ်ခွါ ထွက်ပြေးတော့သည်။ ထိုကေအင်ဒီအိုများအား အစိုးရတပ်သည် မင်းနင်းချောင်းမှနေ၍ ခါးဖြတ်တိုက်ခိုက်ပြန်တော့သည်။

တဖန်အစိုးရတပ်သည် ဝဲဒေါင့်ကို ဆက်လက်တိုက်ခိုက်ရာ ကေအင်ဒီအိုများသည် ပတ်တော်သို့ဆုတ်ပြေးရပြန်သည်။ ဆက်လက်၍ အစိုးရတပ်သည် ခွေးနက်ကုန်း၊ ရွာသစ်ရွာ များကို ဖြတ်ပြီး ခွေးတောက်ကုန်းအထိ ချီတက်လေသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အစိုးရတပ်သည် ဒေါ်စီကိုသိမ်းပိုက်ပြန်ပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌လည်း ရွာသစ်မှ အစိုးရတပ်သည် ပတ်တော်ကို သိမ်းပိုက်သည့်ပြင်ကန်တော်ကြီးမှ အစိုးရတပ်ကလည်း လက်ပံကုန်းကို သိမ်းပိုက်သည်။

ဤကဲ့သို့ အစိုးရတပ်များသည် ကုန်မင်းအင်းဒေသကို တိုက်ခိုက်ရှင်းလင်းပြီးနောက် စစ်သော့ချက်နေရာများတွင် တပ်ဌာနခွဲများချထားခြင်း၊ ကင်းဌာနများဖွင့်ခြင်း၊ သောင်းကျန်းသူများရှိရာနေရာများသို့ တိုက်ကင်းများစေလွှတ်၍ ရှင်းလင်းခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။

(ဂ) မြစ်ကျိုးစစ်ဆင်မှု

ဤစစ်ဆင်မှုမှာ လွန်းစိန်မော်စစ်ဆင်မှု၏ နောက်ဆုံးပိုင်းဖြစ်လျက် မော်ဝင်းစိန်စစ်ဆင်မှုတွင် ကေအင်ဒီအို ၁၀၀၀ ခန့်စုရုံး၍နေသည့် လယ်ဒု၊ မြစ်ကျိုး၊ ထုံးတပုံအစရှိသောနယ်များကို ပိုက်စိတ်တိုက်ရှင်းလင်းရန်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အစိုးရတပ်သည် ထုံးတပုံကိုသိမ်းပိုက်၍ ရေလယ်ရွာတောင်ပိုင်းအထိချီတက်သည်။ ထိုမှတဖန်အစိုးရတပ်သည် သခွပ်ပင်ကြီး၊ ကျတ်ကုန်း၊ ဦးတို၊ ဘိန်းတောဆိပ်နှင့် အင်းလယ်ရွာများကို သိမ်းပိုက်လိုက်ရုံမက ထိုနေ့မှာပင် လယ်ဒု၊ မြစ်ကျိုးကြီး၊ ဂိုးကြီးရွာများကို သိမ်းပိုက်လိုက်၏။

ကြို့ပင်ကောက် စစ်ဆင်မှု

မြစ်ကျိုးစစ်ဆင်မှုနှင့် တချိန်တည်းလိုမှာပင် အစိုးရတပ်များသည် ကြို့ပင်ကောက်နယ်အတွင်းရှိ သောင်းကျန်းသူတို့ ခိုအောင်းရာ စခန်းများကိုလည်း ခရီးရှည်ထိုးဖောက်နည်းဖြင့် ထိုးစစ်ဆင်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြို့ပင်ကောက်မှ အစိုးရတပ်သည် ဇီးပင်၊ သရက်တပင်နှင့် ကြိုးပင်ဝိုင်းကို တိုက်ခိုက်သိမ်းပိုက်သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်လည်း အစိုးရတပ်သည် ကြီးတိုးလဲ၊ ပဲကျုံး နှင့်ကန်စုရွာများကို တိုက်ခိုက်ရှင်းလင်းသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် သပြေပင်ကိုင်း၊ ၂၉ ရက်နေ့တွင် စ[illegible] မြောင်း၊ ရွာသစ်၊ လက်ပံကုန်း၊ ကျိုပင်ထက်နှင့် ဝဲကြီးရွာများကို ပိုက်စိတ်တိုက်၍ ရှင်းလင်းလိုက်သဖြင့် ရန်သူများသည် အရှေ့နှင့် အနောက်သို့ ဆုတ်ပြေးကြ၏။

ဟန်တာ စစ်ဆင်မှု

နစ်ဖြူတို့၏ တပ်ရင်း ၁၆ မှ တပ်ခွဲအမှတ် ၁၃ နှင့် ၁၄ တို့သည် ပဲခူး၊ ဗိုက်ဦး၊ ပြွန်တန်ဆာနှင့် ညောင်လေးပင်အကြား အနောက်ဖက် ပဲခူးရိုးမတောင်နှင့် ရန်ကုန် မန္တလေး မီးရထားလမ်းအကြားတွင် လှုပ်ရှားသွားလာလျက် တပ်ခွဲ ၁၄ သည် အထက် ဂျီးချောင်း၊ စလူမြောင်း၊ သာယာကုန်းနှင့် အောက်ဂျီးချောင်းတွင် တပ်များဖြန့်လျက်ရှိသည်။ တပ်ခွဲ ၁၃ မှာကား ဗျက်ကလေး၊ ဗျက်ကြီး၊ ဘုရားကြီး ကုန်းတို့တွင် တပ်ဖြန့်လျက်ရှိသည်။

ထို့ကြောင့်တပ်မတော်သည် မြောက်ဖက်ကြောင်းနှင့် တောင်ဖက်ကြောင်းဖြစ် သော စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်တော့သည်။ မြောက်ဖက်ကြောင်းမှ အထက်ဂျီးချောင်း၊ စလူမြောင်း၊ သာယာကုန်း၊ အောက် ဂျီးချောင်းတို့ကို တိုက် ခိုက်သိမ်းပိုက်၍ တောင်ဖက်စစ်ကြောင်းမှ သရက်၊ဗျက်ကြီး၊ ဘုရားကြီးကုန်းနှင့် သရက်ဗျက်ကလေးတို့ကို တိုက်ခိုက်ရန်ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့ညဦး၌ တောင်ဖက်စစ်ကြောင်းသည်ဒိုက်ဦးမှ စတင် ၍ ချီတက်သည်။

အစိုးရတပ်များသည် အထက်ဂျီးချောင်း၊ စလူမြောင်းနှင့် သာယာကုန်းရွာ များကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့က သိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် သရက် ဗျက်ကြီး၊ ဘုရားကြီးကုန်းနှင့် သရက်ဗျက်ကလေးရွာများကို အစိုးရတပ်များက သိမ်းပိုက်လိုက်ပြန်သည်။

ဤဟန်တာစစ်ဆင်မှုသည် ရည်မှန်းထားသော ရက်အပိုင်းအခြား အတွင်းမှာ ပင် အောင်မြင်စွာပြီးစီးသွားလေသည်။ ဤစစ်ဆင်မှု၏ နောက်ပိုင်းတွင် နယ်အခြေ အနေများစွာ တိုးတက်အေးချမ်းလာ၏။ နစ်ဖြူတို့၏ နောက်လိုက် ငယ်သားများ လည်း စိတ်ဓာတ်များ ပျက်စီးသွားပေသည်။

သရေ စစ်ဆင်မှု (ပြည်ခရိုင်၊ သရက်ခရိုင်)

ပြည်ခရိုင်သရက်ခရိုင်နယ်ကို သရေတပ်ဖွဲ့က တာဝန်ယူ၍ ထိုခရိုင်များ အတွင်း ရှိ သောင်းကျန်းသူများကို စစ်ဆင်ခဲ့သည်။ သရေတပ်ဖွဲ့တွင်ပါဝင်သော တပ်ဖွဲ့များ မှာ အမှတ် ၂ ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ် ၁ ရှမ်းသေနတ်ကိုင် တပ်ရင်းနှင့် အခြားပြည်သူ့ပြောက်ကျားများဖြစ်သည်။သရေတပ်ဖွဲ့မှတပ်များသည် တိုက်ကင်း လှည့်ခြင်း၊ လမ်းခရီးလုံခြုံမှုအတွက် အစောင့်အရှောက်ပြုခြင်း၊ သောင်းကျန်းသူ များခိုအောင်းရာဒေသများကို အလစ်တွင် မကြာခဏ ဝင်ရောက်စီးနင်းခြင်းများ ပြုလုပ်ခဲ့သည်။

ဤခရိုင်များအတွင်းရှိ သောင်းကျန်းသူများမှာ နစ်ဖြူနှင့် ရဲဖြူတို့ ဖြစ်၍ သူတို့၏ လှုပ်ရှားမှုများမှာ လမ်းခရီး အဆက်အသွယ်များကို ဖျက်ဆီးရန်နှင့် အ ဝေးကင်းဌာနများကို အလစ်တွင် ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။

မြစ်ဝကျွန်းပေါ် စစ်ဆင်ရေး

မြစ်ဝကျွန်းပေါ်ရှိ အစိုးရတပ်များသည် ရေတပ်၏ အကူအညီဖြင့် လမ်းခရီး လုံခြုံမှုအတွက်အစောင့်အရှောက်ပေးခြင်း၊တိုက်ကင်းလှည့်ခြင်းများအပြင်သောင်း ကျန်းသူတို့၏ ခိုအောင်းရာဒေသစခန်းများကိုဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းများပြု၏။

မြစ်ဝကျွန်းပေါ်ဒေသ၌ ကေအင်ဒီအိုများ ကြီးစိုးနေထိုင်ခဲ့ရာနေရာများကို တိုက်ခိုက်ရန် တောင်ပိုင်းစစ်ဌာနချုပ်မှ စီစဉ်ခဲ့၏။ ဓနုဖြူ ကျုံပျော် လမ်းခရီး၊ ဇလွန်ရှားခဲလမ်းခရီး၊ ဟသ်ာတမြို့တွင်းလမ်းခရီး၊ ဝန်ရေကာတာ စသောနေရာ များကို ရှင်းလင်းလျက် စစ်ဆင်မှုအစီအစဉ်များပြုလုပ်ခဲ့သည်။

မြေသိမ်း တိုက်ပွဲဆင်နွှဲမှု မပြုနိုင်သော နေရာများတွင်လည်း အစိုးရတပ်များ သည် မြစ်ဝကျွန်းပေါ်ဒေသအတွင်း၌ သောင်းကျန်းသူများအား အင်အားယုတ် လျော့သွားအောင် စစ်သော့ချက်စခန်းများတွင် တပ်စွဲလျက် မကြာခဏ သူတို့၏ ဌာနစခန်းများ၊ ရိက္ခာဂိုဒေါင်များကို ဖြိုခွင်းခြင်းစသည်တို့ ပြုလုပ်ကြသည်။

ရခိုင်တိုင်း စစ်ဆင်မှု

ရခိုင်တိုင်းတွင် နစ်ဖြူ၊ နစ်နီ၊ ရဲဖြူနှင့် မူဂျာဟစ် စသောသောင်းကျန်းသူများ ရှိပေသည်။

၁၉၅၀ခု၊ နိုဝင်ဘာလ ၂၇ ရက်နေ့ညတွင် အစိုးရတပ်များသည်ပဒဲရွာတွင်စခန်း

ချ၏။ ၂၉ ရက်နေ့၌ ရေယာဉ်များသည် ပေးထားသည့် တာဝန်အတိုင်း စုဝေးရာ အရပ်မှ ထွက်ခွါကြတော့၏။ရေယာဉ်များ အားလုံးသည် ကျောက်တော်မြို့သို့သာ ရှေးရှုချီတက်ခဲ့သည်။

၁၁ နာရီခန့်လောက်တွင် ကျောက်တော်သို့ရေယာဉ်များရောက်ရှိလာ၏။ ထို အချိန်မှာပင် လေတပ်မတော်မှ လေယာဉ်ပျံများသည်လည်း ရုတ်တရက် ပေါ် ထွက်လာပြီး ရန်သူများခိုကပ်နိုင်သည့် နေရာများကိုပစ်ခတ်တော့၏။ ရန်သူများ လည်း အစိုးရတပ်ပေါင်းစု၏ တိုက်စစ်ဒဏ်ကို ခံနိုင်ရည် မရှိကြတော့ဘဲ ဆုတ်ခွါ ထွက်ပြေးကြရာ ကျောက်တော်မြို့ကို ၁၁ နာရီ မိနစ် ၂၀ အချိန်၌ အစိုးရတပ်များ က သိမ်းပိုက်တော့သည်။

တနင်္သာရီတိုင်း စစ်ဆင်မှု

တနင်္သာရီတိုင်းတွင်ရှိသော ကေအင်ဒီအို၊ အမ်အင်ဒီအို၊ နစ်ဖြူ စသောသောင်း ကျန်းသူများအနက် ကေအင်ဒီအိုများမှာ လူအင်အား လက်နက်အင်အား ပြည့်စုံ လှသည့်ပြင် သူတို့၏ဌာနချုပ်လည်း ထိုဒေသတွင် ရှိပေသည်။

ထိုတနင်္သာရီတိုင်းကို အစိုးရတပ်က စစ်ဆင်မှုပြုရာတွင် မော်လမြိုင်၌ရှိသော အမှတ် ၅ ခြေလျင်တပ်မဟာဌာနချုပ်က တာဝန်ယူလျက် ဆောင်ရွက်လေသည်။ ဤတိုင်းအတွင်း၌ရှိသော ကေအင်ဒီအိုတို့၏ ဌာနချုပ် စခန်းများသည် ကောင်းမွန် သောစစ်သော့ချက်နေရာများတွင် အခိုင်အမာ တပ်စွဲလျက်နေကြ၏။ ထို့ကြောင့် အစိုးရတပ်များက ထိုးစစ်ပြုရာတွင် ရေတပ်၊ အမြောက်တပ်၊ လေတပ်တို့၏ အကူ အညီကိုယူ၍ဆောင်ရွက်ခဲ့၏။

အစိုးရတပ်များသည် မော်လမြိုင်မြို့မှ စတင်ချီတက်လျက် အတ္တရန်မြစ်ကို ကူး ပြီးနောက် ညောင်ပင်ဆိပ်၊ထိုမှကားလမ်းအတိုင်း ဘာဘူကုန်း၊ကိုင်းကွင်းကြီးကုန်း၊ ကြူးဝမ်း၊ ထိုမှတဖန် အတ္တရန်မြစ်ကိုကူးလျက် တောင်ဖက်ကမ်းပါးအတိုင်း မင်းရွာ၊ ရွာသစ်၊ ငန်းတေးစသည်မှတဆင့် မော်လမြိုင်သို့ ချီတက်အင်အား ပြခဲ့သည်။

ဝင်းကျော် စစ်ဆင်မှု

၁၉၅၂ ခု မတ်လအတွင်း စစ်ဆင်မှု

ဤစစ်ဆင်မှုကို ဟင်္သာတ၊ ပုသိမ်၊ မအူပင်၊ မြောင်းမြခရိုင်အတွင်း၌ ပြုလုပ်ပေ သည်။ သောင်းကျန်းသူများ၌ အဓိကရည်ရွယ်ချက်ဟူ၍ မရှိကြတော့ဘဲ တပ်စု

အင်အားကလေးမျိုးဖြင့်ရင်း၊တပ်ခွဲအင်အားမျိုးဖြင့်သော်ရင်း စည်းရုံးမိသမျှသော အင်အားကလေးများဖြင့် အစိုးရတပ်များအား အနှောင့် အယှက်ပေးခြင်းမျှ လောက်သာ ပြုလုပ်နိုင်ကြပေသည်။ အင်တိုက်အားတိုက် ပြင်းပြင်းထန်ထန် တိုက် ခိုက်မှုမပြုနိုင်ကြတော့ပေ။

ဝင်းကျော်စစ်ဆင်မှုတွင် အစိုးရဖက်မှ အမှတ် ၆ ခြေလျင်တပ်ခွဲ ၂ ခွဲတစုနှစ်စု၊ စစ်ရဲတပ်ရင်း ၁၅ မှ တပ်ခွဲ ၂ ခွဲတို့ပါဝင်သည်။

မတ်လ ၁၁ ရက်နေ့တွင် ဇလွန်နှင့် ကော်ကပ်တောင်ဖက်တွင် ရှိသောသောင်း ကျန်းသူတို့သည် တောင်ဖက်သို့ ဆုတ်ခွါသွားကြ၏။ အစိုးရတပ်သည် ရိုးကြီးနှင့် အုတ်ရှစ်ကွင်းများဆီသို့ ချီတက်ကြပြီးလျှင် ကော်ကပ်ဇလွန်လမ်းကို ဖွင့်လှစ်လိုက် သည်။ တဖန်အစိုးရတပ်သည် ရင်မလွတ်၊ ကြမ်းတိုက်တောကြီးရွာများကို ဖြတ်၍ ချီတက်ပြီးလျှင် ကျောင်းစု၊ ပဲ့သောင်၊ သဘော့ဖြူနှင့် ကြူတောင်တို့ကို အမြောက် နှင့်ခွင်း၍ကော်ကပ်သို့ ညနေ ၆ နာရီ မိနစ် ၃၀ မှရောက်ရှိကြသည်။ ထိုနေ့မှာပင် ကျုံပဒတ်၊ နဲ့ကြူးနှင့် ကော်ကပ်ရွာများကိုသိမ်းပိုက်လိုက်၏။

မတ်လ ၁၅ ရက်နေ့၌ ကျုံတုံ၊ သာကော်၊ သာဖြူ၊ ကျောင်းစု၊ ရိုးကြီး၊ ကြူ ဖြတ်၊ လက်ပံပင်၊ တောကြီး၊ ဇီးဖြူကုန်း၊ ကညင်ကောက်၊ သပြုပင်၊ အလယ်မြို့ များမှ ကျေးရွာခေါင်းဆောင်များသည် လက်နက် ခဲယမ်းမီးကျောက်များနှင့်အ တူ မနုဖြူတွင် လက်နက်ချဝင်ရောက်သည်။

မတ်လ ၁၇ ရက်နေ့တွင် မန်းစက္ကူနှင့် ကျုံတနီးကိုရင်း၊ မတ်လ ၁၈ ရက်နေ့တွင် အကျော်နှင့်တောဝကိုရင်း အစိုးရတပ်များက သိမ်းပိုက်လိုက်ကြပြီးလျှင် ကေအင် ဒီအို ၅၀၀ ခန့်တို့မှာ မင်းခရု၊ ဘောဆုတ်သို့ ဆုတ်ခွါထွက်ပြေးကြသည်။

မတ်လ ၂၂ ရက်နေ့တွင် နတ်ချောင်း၊စာဖြူစုနှင့် မင်းခရုတို့အား အစိုးရတပ်က သိမ်းပိုက်ပြန်၏။ မတ်လ ၂၄ ရက်နေ့၌လည်း စက်ကော့အစိုးရ တပ်သည် သာဖြူ၊ သပြုကျွန်း၊ ဝါးရုံချောင်း၊ ဥတိုအထိ ချီတက်၍လမ်းတလျှောက်ရှိ ကျေးရွာများကို ပိုက်စိတ်တိုက် ရှင်းလင်း၏။နိဗ္ဗာန်၊ရေကြည်မီးရထားလမ်းနှင့်နိဗ္ဗာန်ကျုံပျော်ကား လမ်းအကြားရှိကျေးရွာပေါင်း ၆၇ ရွာကိုလည်း ပိုက်စိတ်တိုက်ရှင်းလင်းသေးသည်။

မတ်လ ၂၅ ရက်နေ့တွင် ကျုံပျော်မှ အစိုးရတပ်သည် ညောင်ဆိပ်၊ ကျွဲပုတ်နှင့် ဇရပ်ကွင်းရွာများသို့ ချီတက်၍ ပိန်းအင်၊ ဇာရီခို၊ ကုန်သာကြီး၊ လှဲဆွဲနှင့်အင်းဖျား ရွာများကို အမြောက်ဖြင့်ဖို့ခွင်းသည်။

ထိုမျှနှင့် ဝင်းကျော်စစ်ဆင်မှုမှာ ပြီးဆုံးခြင်းသို့ မရောက်သေးပေ။ နောက် ဆက်တွဲစစ်ဆင်မှုကို ဧပြီလအတွင်းပြုလုပ်၏။

ဗိုလ်ကတော်ကျွန်း စစ်ဆင်မှု

ဤစစ်ဆင်မှုမှာ ပဲခူးခရိုင်အမှတ် ၃ ခြေလျင်တပ်မဟာ အမိန့်အရ ပြုလုပ်သော စစ်ဆင်မှုဖြစ်၏။ ဤစစ်ဆင်မှု၌ ပါဝင်သောတပ်များမှာ အမှတ် (၁)ခြေလျင်တပ်ရင်း၊ စစ်ဝန်ထမ်း ပြောက်ကျားနှင့် လဲဗီးတပ်များဖြစ်ပြီး သောင်းကျန်းသူတို့ ခိုအောင်းနေကြသော ဗိုလ်ကတော်ကျွန်းတဝိုက် အဗျားဝ၊ ဆားပုတ်ကုန်း၊ လက်ပံသုံးပင်နှင့် ကတွက်ရွာများကို ချီတက် တိုက်ခိုက်ကာ သောင်းကျန်းသူတို့၏ ဌာနများကို ဖျက်ဆီးပစ်ရန်ဖြစ်၏။

ထိုစစ်ဆင်မှုကို မတ်လ ၁၅ ရက်နေ့၌ အစပြုပြီးလျှင် မတ်လ ၁၈ ရက်နေ့တွင် အစိုးရတပ်သည် ရွာသစ်၊ လက်ပံသုံးပင်၊ ကတွတ်၊ ဖိုးပြန်စသောရွာများကို သိမ်းပိုက်၏။ သောင်းကျန်းသူများသည် အပြင်းအထန် ပြန်လှန်ခုခံမှုမရှိဘဲ ဆုတ်ပြေးတိမ်းရှောင်သွားခြင်းကြောင့် ဤစစ်ဆင်မှုကို အချိန်ကြန့်ကြာအောင် မပြုရဘဲ ရည်ရွယ်ချက်ကို အချိန်တိုတိုဖြင့် ရောက်ခဲ့ရပေသည်။

ဖြူနီစစ်ဆင်မှု

ဤစစ်ဆင်မှုကို တောင်ငူခရိုင်အတွင်း အမှတ် (၂)ခြေလျင်တပ်မဟာမှ တာဝန်ယူ၍ ဆောင်ရွက်ခဲ့ပေသည်။

သောင်းကျန်းသူ ရဲဖြူနှင့် နစ်ဖြူ အနည်း အကျဉ်းမျှ တို့သည် တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ ကတနီ၊ သမဆယ်၊ ကျွန်းတောစု၊ လုံရမ်းနှင့်ရေငန်ပေါက် ဒေသတဝိုက်တွင် ခိုအောင်းလျက်ရှိသောကြောင့် ရေတာရှည်မြို့နယ်နှင့် တောင်ငူခရိုင်တွင် ဘေးအန္တရာယ် ပေါ်ပေါက်လာနိုင်စရာ အကြောင်း ရှိပေသည်။ ထို့ကြောင့် တပ်မတော်မှ ထိုးစစ်အနေဖြင့် ခရီးရှည်ချီတက် ထိုးဖောက်မှု ပြုရန်ပြင်ဆင်တော့၏။

မတ်လ ၂၇ ရက်နေ့တွင် ခရီးရှည် ထိုးဖောက် စစ်ဆင်ရေးအတွက် တပ်မတော်သည် ဆီဆုံကုန်းမှစ၍ ရေတာရှည် အနောက်မြောက်ဖက် ပဲခူးရိုးမရှိ ရဲဖြူဌာနချုပ် လုံရမ်း၊ ရေငန်ပေါက် ဒေသများသို့ ချီတက်ခဲ့ကြသည်။

မတ်လ ၂၉ ရက်နေ့တွင် အစိုးရတပ်သည် လုံရမ်းချောင်းတလျှောက် တိုက်ကင်းလွှတ်၍ ရဲဖြူများနှင့်တိုက်ခိုက်ရာ နာရီဝက်ခန့်တိုက်ပွဲဖြစ်ပြီး ရန်သူများ ဆုတ်ခွါထွက်ပြေးတော့၏။

ကျွန်းတောစုမှ အစိုးရတပ်ကလည်း မတ်လ ၃၀ ရက်နေ့တွင် ပေါင်တုတ်ကို တိုက်ခိုက်သိမ်းပိုက်ပြီးလျှင် ဆွာချောင်းကိုဖြတ်၍ တောင်ခြေတဝိုက်၌ တိုက်ခိုက်ရှင်းလင်းပြန်၏။ ထိုမှတဖန် ရဲဖြူများ ခိုအောင်းရာဖြစ်သော တောင် သုံးလုံးကို ဆက်လက်တိုက်ခိုက်၏။ ထိုနေ့မှာပင် ဆီဆုံကုန်းမှ အစိုးရတပ်ကလည်း သမဆယ်၊ ဥယျာဉ်မှူး၊ ကတနီ၊ လှည်းလမ်းကူး၊ ကျွန်းတောစု စခန်းများတွင် ဝင်ရောက်၍ စစ်စခန်းချကြသည်။

နယ်လှည့်ထိုးစစ်ဌာနချုပ်ကို သိမ်ခွတွင်ဖွင့်လှစ်ပြီး ခရီးရှည် ထိုးဖောက် ချီတက်သွားသော တပ်နှင့် သိမ်ခွတွင် ဆုံမိကာ ဆက်လက်၍ ရေငန်ပေါက်၊ ဝကြီး၊ သဲဝ၊ လှိုဘွဲကြီး၊ ဆိပ်ဝင်စသော ရွာများကို ဝင်ရောက်စီးနင်းလိုက်၏။

မတ်လ ၃၁ ရက်နေ့တွင် ရေငန်ပေါက်မှ အစိုးရတပ်ကလည်း လုံရမ်းကို သိမ်းပိုက်လိုက်လေသည်။

နစ်ဖြူစစ်ဆင်မှုမှာ ဤမျှနှင့် အဆုံးမသတ်သေးပေ။ ဧပြီလဖက်သို့ ကူးသွားသည့်တိုင်အောင် စစ်ဆင်မှုပြုခဲ့ရသည်။ ဧပြီလစစ်ဆင်မှုများတွင် နောက်ဆက်တွဲ နစ်ဖြူစစ်ဆင်မှု ဖော်ပြဦးမည်ဖြစ်၏။

လစ်ပရေတာ စစ်ဆင်မှု

၁၉၅၂ ခု၊ ဧပြီလ စစ်ဆင်မှုများ

အမှတ် ၆ ခြေလျင်တပ်မဟာမှ ဦးစီးဆင်နွဲခဲ့သော လစ်ပရေတာ စစ်ဆင်မှုကြီးမှာ ဧပြီလသို့ကူးလာသည့်တိုင်အောင် ပြီးဆုံးခြင်းမရှိသေးပေ။

ဧပြီလ ၃ ရက်နေ့တွင် မိုးနဲကုန်းမှ အစိုးရတပ်သည် လဲကြီးနှင့် သပြေကုန်းရွာများကို ကင်းလှည့်ရာ သောင်းကျန်းသူတို့နှင့် တွေ့ပြီး နှစ်နာရီခန့်မျှ တိုက်ပွဲဖြစ်ပွါးလေသည်။ သောင်းကျန်းသူများပင် အနာတရဖြင့် ဆုတ်ခွါပြေးကြ၏။

ဧပြီလ ၁၇ ရက်နေ့၌လည်း အစိုးရတပ်မှ တိုက်ကင်းတပ်စိတ် ၂ စိတ်သည် ပြင်စည်နှင့်ဟင်းရကုန်းရွာများသို့ တိုက်ကင်းလှည့်လည်ရာ သောင်းကျန်းသူတို့နှင့်တွေ့၍တိုက်ပွဲဖြစ်ပွါး၏။

ထိုစစ်ဆင်မှုမှာ ဧပြီလကုန်၍ မေလသို့ကူးသည့်တိုင်အောင် ပြီးပြတ်ခြင်း မရှိသေးသောကြောင့် နောက်ဆက်တွဲစစ်ဆင်မှုကို မေလတွင်ဖော်ပြဦးမည် ဖြစ်ပေသည်။

ဖြူနီ စစ်ဆင်မှု

ဤစစ်ဆင်မှုကို မတ်လ ၂၇ ရက်နေ့မှအစပြု၍ အမှတ် ၂ ခြေလျင်တပ်မဟာမှ ဦးစီးလျက် ခရီးရှည်ထိုးဖောက်နည်းဖြင့် ဆင်နွှဲခဲ့ရာ ပြီးပြတ်ခြင်းမရှိ ဧပြီလသို့တိုင်အောင် ကူးလာခဲ့ပေသည်။

ဧပြီလ ၁ ရက်နေ့တွင် ကျွန်းတောစုမှ အစိုးရတပ်သည် သောင်းကျန်းသူ နစ်မြုတ်ခိုအောင်းသောနေရာများသို့ လိုက်လံရှင်းလင်းသည်။ထိုနေ့တွင် ရွှေခနှင့်ထုံးကြီးရွာများကို တပ်မတော်ကသိမ်းပိုက်လိုက်၏။ထိုနေ့မှာပင် လုံရမ်းမှ အစိုးရတပ်သည် မရိုးကုန်းကို ချီတက်သိမ်းပိုက်ပြီး ကျွန်းတောစုနှင့် လုံရမ်းမှ အစိုးရတပ်သည်လည်း မရိုးကုန်းနှင့် ထုံးကြီးရွာများတွင် အခြေခံတိုက်စခန်းများ ဖွင့်လှစ်ထားကြ၏။

ရန်ရှင်းစစ်ဆင်မှု

၁၉၅၂ ခု ဧပြီလ ၈ ရက် ၉ ရက်နေ့ညများတွင် ဇောင်းဘူဖက်မှ ဆင်းလာသော ကေ အင် ဒီ အို ၂၀၀ ခန့်သည် ဝါးပိုင်ရွာသို့ ရောက်လာကြောင်းနှင့် လှော်ကား တဝိုက်တွင်လည်း ကေ အင် ဒီ အို များ စုရုံးလျက်ရှိကာ ဖောင်ကြီးကိုရင်း၊ ပဲခူးကိုရင်၊ တိုက်ခိုက်ရန် အစီအစဉ်ရှိနေကြောင်း အစိုးရတပ်များက ကြားသိရပေသည်။

ထို့ကြောင့် အထက်ပါဒေသတွင် ရောက်ရှိလာသောသောင်းကျန်းသူများအင်အားနှင့် အခြေအနေကိုစုံစမ်းတိုက်ခိုက်ရန် ရန်ရှင်းစစ်ဆင်မှုကို ပြုလုပ်ရခြင်းဖြစ်၏။ အစိုးရတပ်များ၏ အင်အားမှာ အမှတ် ၉ ခြေလျင်တပ်ရင်းစု ၂ စု၊ အမှတ် ၂ ကချင်တပ်ရင်းစု ၁ စု၊ သံချပ်ကာကား ၂ စင်း၊ အမြောက်တပ် (၂၅ ပေါင်ဒါ) တို့ဖြစ်၏။

သောင်းကျန်းသူများအား အစိုးရတိုက်ကင်းများက တိုက်ခိုက်ရှင်းလင်းရန် ချီတက်ခဲ့သော်လည်း ဧပြီလ ဒုတိယပတ်အတွင်းတွင် သောင်းကျန်းသူများသည် အစိုးရတပ်အား ရင်ဆိုင်အတွေ့မခံဘဲ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းဆုတ်ခွါနေကြပေသည်။

ဧပြီလ ၁၅ ရက်နေ့က အစိုးရတိုက်ကင်း အမှတ် ၁ ခြေလျင်တပ်ရင်းမှ တပ်စုတစုသည် အင်းတကော်မှနေ၍ ပေါက်တော၊ ကော့ချဲ၊ ကုန်းကြီးရွာများကို ဖြတ်၍ ချီတက်၏။ အခြားအစိုးရ စစ်ကြောင်းတကြောင်းမှာလည်း အင်းတကော်မှ လသာကုန်း၊ မယ်သီလကုန်း ရွာများကို ဖြတ်၍ချီတက်ခဲ့၏။ သို့သော် စစ်ကြောင်းနှစ်ကြောင်းစလုံးတို့မှာ ရန်သူကိုမတွေ့ရသောကြောင့်ပဲခူးသို့ပြန်လာခဲ့ရလေသည်။

ဧပြီလ ၁၆ ရက်နေ့တွင်ကား ဗမာ့လေတပ်မတော်မှ အင်းပတီးကို ဗုံးကြဲတိုက်ခိုက်တော့၏။ ကေ အင် ဒီ အို များသည် အင်းပတီးမှ တောင်လုံးမြောင်သို့ ဆုတ်ခွါထွက်ပြေးသွားကြသည်။

ထိုရန်ရှင်းစစ်ဆင်မှုမှာ ပြီးဆုံးခြင်းမရှိသေးဘဲ နောက်ဆက်တွဲ ဖော်ပြဦးမည်ဖြစ်ပေသည်။

အောင်ပန်း စစ်ဆင်မှု

ဤစစ်ဆင်မှုကို အမှတ် ၃ ခြေလျင်တပ်မဟာမှ ဦးစီးလျက် ပဲခူးခရိုင်အတွင်း ဇောင်းတူဒေသဘဝိုက်တွင် ခိုအောင်းတပ်စွဲလျက်ရှိသော ကေ အင် ဒီ အို များကို တိုက်ခိုက်ပြီး သူတို့စခန်းများကို ချေမှုန်းသိမ်းပိုက်ရန် ဖြစ်လေသည်။

ဇောင်းတူဒေသနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများတွင် စခန်းချလျက်ရှိသော ကေ အင် ဒီ အို များ၏ ရည်ရွယ်ချက်မှာ ညောင်လေးပင် ပဲခူးမီးရထားလမ်းနှင့် ကားလမ်း ဆက်သွယ်မှုများကို အနှောင့် အယှက်ပေးပြီး ဂျုံးဖြူပိုက်ကို အများဆုံးချိုးဖောက်၍ အနှောင့်အယှက်ပေးရန်ပင်ဖြစ်ပေသည်။

အစိုးရတပ်များ၏ အင်အားမှာ အမှတ် ၂ ကချင်တပ်ရင်း တပ်ခွဲ ၁ ခွဲ၊ တပ်စု ၁ စု၊ အမှတ် ၁ ခြေလျင်တပ်ရင်းတပ်ခွဲ ၁ ခွဲ၊ တပ်စု ၂ စု၊ သံချပ်ကာကား ၂ စီး၊ အမြောက်တပ် တပ်စိတ် ၁ စိတ်တို့ဖြစ်လေသည်။

ဧပြီလ ၂၉ ရက်နေ့တွင် အစိုးရတပ်သည် ဘုရားကြီးမှအစပြု၍ ပဲခူးမြစ်ရိုးတလျှောက်သို့ ချီတက်သည်။ ထိုနေ့မှာပင် တမာပင်နှင့် နတ်စင်ရွာများကို အစိုးရတပ်က သိမ်းပိုက်လိုက်၏။

ဧပြီလ ၃၀ ရက်နေ့တွင်လည်း အစိုးရတပ်သည် တမာပင်မှ တိုက်ကင်း လွှတ်ပေသည်။ ထိုတိုက်ကင်းအဖွဲ့သည် ဇီးတောရွာအထိ ရှင်းလင်းလိုက်၏။

ဤမျှနှင့် အောင်ပန်း စစ်ဆင်မှုမှာ ပြီးဆုံးခြင်းသို့ မရောက်သေးပေ။မေလတွင် ဆက်လက်ဆင်နွှဲပုံကို ဖော်ပြဦးမည် ဖြစ်ပေသည်။

လင်းယုန် စစ်ဆင်မှု

ဤလင်းယုန်စစ်ဆင်မှုမှာ အမှတ် ၃ ခြေလျင်တပ်မဟာမှ ဦးစီးလျက် ပဲခူးခရိုင်အတွင်း အနောက်ဖက်ကျသော ဝတ၊ ဝဒမ၊တောင်လုံးမြောင်ဒေသတဝိုက်၌ရှိသော

သောင်းကျန်းသူများကို တိုက်ထုတ်ခြင်းပင်ဖြစ်၏။ အစိုးရတပ်များ၏ အင်အားမှာ အမှတ် ၉ ခြေလျင်တပ်ရင်းစု ၄ စု၊ အမှတ် ၂ ခြေလျင်တပ်မဟာစု ၂ စု၊ အမှတ် ၃ ခြေလျင်တပ်မဟာစု ၂ စု၊ သံချပ်ကာကားတစိတ်၊ ဗရင်းကယ်ရိုယာ ၆ စင်း၊ အမြောက်တပ်တစိတ်၊ စက်မှုလက်မှုတပ် ၂ စိတ်နှင့် လေယာဉ်တစင်းဖြစ်ပေသည်။

သောင်းကျန်းသူများ၏ ရည်ရွယ်ချက်မှာ ပဲခူးမြို့ကိုသော်၎င်း၊ ဖောင်ကြီးကိုသော်၎င်း စီးနင်းရန်နှင့် ဂျီးဖြူရေပိုက်ကိုဖျက်ဆီးရန် ဖြစ်၏။

ဧပြီလ ၂၁ ရက်နေ့တွင် အစိုးရတပ်သည် ဝတအရှေ့နှင့် အနောက်ရွာများကို၎င်း၊ ဧပြီလ ၂၁ ရက်နေ့တွင် စာဖူးတောင်းမှ ချီတက်လာသော အစိုးရတပ်သည် တောင်လုံးမြောင်ကို၎င်း တိုက်ခိုက်သိမ်းပိုက်လိုက်ကြ၏။ ထိုနောက် ဆက်လက်ချီတက်ကြကာ အင်းတကော်မှ ချီတက်လာသော တပ်မကြီးနှင့် ထုံးအင်းကလေးရွာတွင် တွေ့ဆုံပူးပေါင်းသည်။

ဧပြီလ ၂၂ ရက်နေ့တွင်လည်း ဝဒမဖက်မှ ဆုတ်ပြေးလာသော ကေ အင် ဒီ အို ၁၀၀ ခန့်ကို အစိုးရတပ်သည် ဝတမှဆီးကြို၍ ဖြတ်တောက်တိုက်ခိုက်ရာ ကေ အင် ဒီ အို များ ကစဉ့်ကရဲထွက်ပြေးကြရသည်။ ထို့ပြင်ဧပြီလ ၂၃ ရက်နေ့တွင်လည်း စာဖူးတောင်းသို့ချီတက်သည်။ ဝဒမရွာမှနေ၍ အင်းပတီး၊ သနပ္ပင်၊ကျီစွန်းရွာများကို ဖြတ်၍ မင်းလှင်ကုန်းရွာသို့ ချီတက်သည်။

အစိုးရတပ်များက ဤသို့ချီတက်တိုက်ခိုက်ခြင်းကြောင့် သောင်းကျန်းသူများမှာ ဝဒမနှင့် ဝတဒေသတဝိုက်မှ ဇောင်းတူဖက်သို့ ဆုတ်ခွါထွက်ပြေးကြရ၏။

ဝင်းကျော်စစ်ဆင်မှု

ဤဝင်းကျော်စစ်ဆင်မှုသည် ဟသာ်တ၊ မအူပင်နှင့် မြောင်းမြခရိုင်များတွင် အမှတ် ၆ ခြေလျင်တပ်ရင်းမှ ဦးစီးလျက် မတ်လ ၁၁ ရက်နေ့မှအစပြု၍ ဧပြီလတိုင်အောင် ဆင်နွှဲနေရသော စစ်ဆင်မှုဖြစ်၏။

ဧပြီလ ၇ ရက်နေ့ကအစိုးရတပ်သည် သရက်ကုန်း၊ ရဲမကြီးချောင်း၊ အုန်းတောစု၊ ရေတွင်းကုန်း၊ ကန်ကလေး၊ ဒန်းချောင်းစသော ရွာများကို သိမ်းပိုက်ပြီး ဧပြီလ ဂ ရက်နေ့တွင် ငါးတဲစု၊ ခြောက်အိမ်တန်း၊ လက်ပံချောင်း၊ သဲထွက်၊ ကြိုးကာကွင်း၊ ကုန်မင်းရွာများကို ဆက်လက် သိမ်းပိုက်ပြန်၏။ ထိုနေ့မှာပင် လှည်းဆိပ်ကိုလည်း အစိုးရတပ်ကသိမ်းပိုက်လိုက်၏။

ဧပြီလ ၁၂ ရက်နေ့၌လည်း နွယ်နီရိုးကို အစိုးရတပ်က သိမ်းပိုက်ပြီးလျှင် ဧပြီလ ၁၃ ရက်နေ့တွင် ငါးခုံးမချောင်း၊ ကရင်ငူ၊ တာကုန်းကြီးရွာများကို သိမ်းပိုက်၍ မီကျောင်းတရာ၊ အစုကြီးရွာများကို အမြောက်ဖြင့်ဖို့ခွင်း၍ ထိုနေ့မှာပင် သိမ်းပိုက်လိုက်၏။

ဧပြီလ ၁၄ ရက်နေ့တွင် ကုန်းကြီးမှအစိုးရတပ်သည် ပလဲကူးအနောက်စု၊ အကဲကျူပဒုတ်ရွာများကို တိုက်ခိုက်ရှင်းလင်း၍ ဘဲကရက်ကိုသိမ်းပိုက်၏။ ထိုနောက် ဘဲကရက် ကန်ကြီးဒေါင့်လမ်းတလျှောက် ပိုက်စိတ်တိုက် ရှင်းလင်းသည်။ ဆက်လက်၍ ကေ အင် ဒီ အို များ၏ မြစ်ဝကျွန်းပေါ် အမှတ် ၄ တပ်မဟာ ခံစစ်ကြောင်းဖြစ်သော စက်ကွင်းကို အစိုးရတပ်သည် ချီတက် တိုက်ခိုက်သည်။ သောင်းကျန်းသူများမှာ နာရီဝက်လောက်မျှသာ ခုခံပြီးထွက်ပြေးကြလေတော့သည်။

ဧပြီလ ၁၅ ရက်၊ ၁၆ ရက်နေ့များတွင် သောင်းကျန်းသူများသည် အိမ်မဲမြို့ကို၎င်း၊ ဆင်နှာခေါင်း၊ ပေုတ်ရွာများကို၎င်း လာရောက်တိုက်ခိုက်သော်လည်း အစိုးရတပ်က နိုင်နင်းစွာပြန်လှန်ခုခံလိုက်လေသည်။

ဧပြီလ ၁၇ ရက်နေ့တွင် အစိုးရတပ်သည် ကုန်းတော်ကျောင်းမှချီတက်၍ ကွင်းကလေး၊ ပျဉ်းမငူ၊ စက်တိုးရွာများကိုချီတက်သိမ်းပိုက်၏။ စက်တိုးရွာမှတဖန်ဆက်လက်ချီတက်၍ သာယာကုန်း၊ လက်ခုတ်၊ လှအောင်ချောင်းရွာများကို သိမ်းပိုက်ပြီး ဒေါင့်ကြီးအဲရောက်ချီတက်သည်။

ဒေါင့်ကြီးမှ အစိုးရတပ်ကလည်း ချောင်းဖျား၊ ကိုးတောင်ဖြတ်ရွာများကို အမြောက်ဖြင့်ဖို့ခွင်းပြီး ဆက်လက်ချီတက်ကာ ကိုင်းတောမ၊ ကျားဝရစ်၊မြေဟောက်၊ ကန်စုနှင့် အင်းမချောင်းဖျားရွာများကို သိမ်းပိုက်သည်။ ဧပြီလ ၁၇ ရက်နေ့မှာပင် ချင်းကုန်းမှ အစိုးရတပ်သည် ပင်းသတ်ကွင်း၌ နစ်ဖူး ၆၀ ခန့်တို့အား တိုက်ခိုက်ရာ နာရီဝက်ခန့်အကြာ၌ နစ်ဖူးများ ဆုတ်ခွါထွက်ပြေးတော့၏။

ဧပြီလ ၁၉ ရက်နေ့တွင် အစိုးရတပ်သည် အိမ်မဲမှ ညောင်ဝိုင်းသို့ ချီတက်ပြီး ထိုနေ့မှာပင် မြောင်းမြမှ အစိုးရတပ်ကလည်း ပန်းမဝတီမြစ်ရိုးတလျှောက် ချီတက်၍ မြင်းကဆိပ်ကို တိုက်ခိုက်အောင်မြင်ကာ ဆက်လက်၍ သရက်ကုန်း၊ ထန်းတပင်ရွာများကို သိမ်းပိုက်လိုက်ပြီးနောက် အိမ်မဲအရောက်ချီတက်၏။

ဧပြီလ ၂၀ ရက်နေ့တွင် အစိုးရတပ်သည် ညောင်ဝိုင်းမှချီတက်၍ သာယာကုန်း၊ ထိန်တောစု၊ ဝင်နွန်း၊ ကုန်ရှမ်း၊ ရွာသစ်၊ ဆင်ကုန်း၊ ချောင်းကြီးနှင့် ကျားကိုက်ရွာများကိုသိမ်းပိုက်၏။ ထိုနောက်ဆက်လက်၍ မင်းမနိုင်၊ ကျုံတရိုး၊ တံခွန်တိုင်၊ကိုင်တာသို့အရောက်ချီတက်သည်။

ဧပြီလ ၂၅ ရက်နေ့တွင် အစိုးရတပ်သည် ဘုရားကြီးကုန်း၊ လောင်းတိုင်၊ မရှိတောင်၊ ဆင်ကူး၊ ကုန်စု၊ အင်းမချောင်းဖျား၊ လိပ်ပုတ်၊ တောကြီး၊ အင်းမ၊ ကျက်တညင်ငူရွာများကို ကင်းလှည့်၏။

ထောဂေါ်စစ်ဆင်မှု

၁၉၅၂ ခု မေလ စစ်ဆင်မှုများ

ကသာခရိုင် ပင်လယ်ဘူးတဝိုက်ရှိ နစ်ဖြူများနှင့် ပြောက်ကျားများသည် ကသာရွှေဘိုမီးရထားလမ်းကိုရင်း၊ ဗန်းမောက်အင်းတော် မော်တော်ကားလမ်းကိုရင်း အမြဲတစေနှောင့်ယှက်နေသည့်ပြင်၊ ကောက်ကွေ့ ချောင်းရိုးရှိ နစ်ဖြူပြောက်ကျားများဖြင့် အဆက်အသွယ်ပြုကာ နယ်ခြားကိုဖြတ်၍ တရုပ်ပြည်သို့ဝင်ရောက်ရန်အကြံပြုလျက်ရှိ၏။ သူတို့အကြံအစည်များပျက်ပြားစေရန် ဤထောဂေါ်စစ်ဆင်မှုကိုပြုခြင်းဖြစ်၏။

အစိုးရတပ်၏ အင်အားမှာ အမှတ် ၃. ကချင်တပ်ရင်း ၃ ခွဲ၊ အမှတ် ၁ အရေးပေါ်ကချင်တပ်ရင်း ၁ ခွဲ၊ စစ်ရဲနှင့်ရဲတပ် ၂ စု၊ လားတပ် ၃ စုတို့ဖြစ်၏။

၁၉၅၂ ခု မေလ ၂၄ ရက်နေ့တွင် ကသာမှ အမှတ် ၃ ကချင်သေနတ်ကိုင်တပ်ရင်း ၃ ခွဲနှင့် လားတပ် ၃ စုသည် ထောဂေါ စစ်ဆင်မှုအတွက် ဝန်းသိုသို့ ထွက်ခွါသွားကြသည်။ ထိုနေ့မှာပင် စစ်ကြောင်းတခုကို ကျိုက်သင်းသို့ပို့လိုက်သည်။ ထိုနေ့မှာပင် မိုးထားမှ အစိုးရတပ်သည် ကင်းလှည့်ရာ ဥယျာဥ်စုတွင် နစ်ဖြူများနှင့်တွေ့ဆုံ၍ နာရီဝက်ခန့် တိုက်ပွဲဖြစ်ပွါးလေသည်။

မေလ ၂၅ ရက်နေ့တွင်လည်း ဝန်းသိုပင်လယ်ဘူးမော်တော်ကားလမ်း တလျှောက်ချီတက်သော တပ်မတော်စစ်ကြောင်း အမှတ် ၃ ကချင်တပ်ရင်း ၃ ခွဲနှင့်လားတပ် ၃ စုသည် ဝေလရွာကိုသိမ်းပိုက်လိုက်၏။

မေလ ၂၆ ရက်နေ့တွင် ပေကုန်းနှင့် အလယ်စုရွာများအား တပ်မတော်ကသိမ်းပိုက်ပြန်၏။ ထိုနေ့မှာပင် နန်းစီအောင်မှ ဗန်းမောက်သို့ အစိုးရတပ်ချီတက်လေသည်။

မေလ ၂၇ ရက်နေ့တွင်လည်း အစိုးရတပ်သည် အလယ်စုမှဆက်လက်ချီတက်ရာ အစိုးရတပ်၏ ရှေ့ပြေးကင်းနှင့် နစ်ဖြူများတိုက်ပွဲဖြစ်ရာ နစ်ဖြူများ အနည်းငယ်ခုခံပြီး ဆုတ်ခွါ ထွက်ပြေးသွားသည်။ ထိုနေ့မှာပင် အစိုးရတပ်သည် နစ်ဖြူဌာနချုပ်ဖြစ်သော ပင်လယ်ဘူးကိုသိမ်းပိုက်လေသည်။

မေလ ၂၈ ရက်နေ့၌ ကောက်ကွေ့တဝိုက် ထိုးစစ်ဆင်နေသော အစိုးရတပ်သည် မန်းလှယ်၊ ဖြန်ကြီး၊ မလစ်နှင့်နောင်ပိန်ရွာများကို တိုက်ခိုက်ရှင်းလင်းလေသည်။ မေလ ၃၀ ရက်နေ့တွင်လည်း ပင်လယ်ဘူးမှအစိုးရတပ်သည် ပင်ကျိုင်း၊ ပင်လောင်း၊ မဒဲဂေါ်၊ အင်ကြင်းသာနှင့် အောင်ပင်ရွာများကို တိုက်ခိုက်ရှင်းလင်းသည်။ အခြားစစ်ကြောင်းတကြောင်းကလည်း ရွာရှည်၊ကောရွာကြီး၊ ဘဟဲ့ရွာများအား တိုက်ခိုက် ရှင်းလင်း၏။

မေလ ၃၁ ရက်နေ့တွင် ပင်လယ်ဘူးမှအစိုးရတပ်ကပင် ကန်ကုန်း၊ လယ်ဦး၊ လယ်သာ၊ အောင်ပင်ကုန်း၊ မြေကုန်း၊ မန်းတန်းရွာများကို ရှင်းလင်းပြန်ပေသည်။

ပင်လယ်ဘူးဒေသ၌ ဤထောဂေါ်စစ်ဆင်မှုကြောင့် နစ်ဖြူများအစုအရုံးပြိုကွဲကာတောင်ဖက်ရှိကျွန်းလှဒေသတဝိုက်သို့ ဆုတ်ခွါထွက်ပြေးကြသော်လည်း ဤစစ်ဆင်မှုမှာ ပြီးပြတ်ခြင်းမရှိသေးဘဲ ဇွန်လတွင် ဆက်လက်ဆင်နွှဲကြောင်း ဖော်ပြဦးမည်ဖြစ်ပေသည်။

တာဝန်စစ်ဆင်မှု

ဤတာဝန်စစ်ဆင်မှုသည် ထောဂေါ်စစ်ဆင်မှုအား အထောက်အပံ့ပေးရန်အတွက်ဖြစ်လေသည်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုသုံးခရိုင်ကြားရှိ အရာတော်၊ မလဲသာတဝိုက်၌ တပ်စွဲနေသော နစ်ဖြူအမှတ် ၂ ဌာနချုပ်သည် ပင်လယ်ဘူးရှိ နစ်ဖြူများနှင့် ဆက်သွယ်မှုရရန်ကြိုးစားလျက်ရှိသည်။ ပင်လယ်ဘူးဒေသသို့ တပ်မတော်မှ ထိုးစစ်ဆင်ချိန်နှင့် တပြိုင်တည်း အရာတော်၊ မလဲသာဒေသရှိ နစ်ဖြူတို့သည် သူတို့အချင်းချင်း ဆက်သွယ်မှုရရှိရေးအတွက် ကြိုးစားကြသော်လည်း တပ်မတော်မှ တာဝန်စစ်မျက်နှာဖွင့်ခြင်းအားဖြင့် သူတို့၏ ဆက်သွယ်မှုအကြံအစည် ပျက်ပြားလေတော့သည်။

တာဝန်စစ်ဆင်မှုတွင် အစိုးရ၏တပ်အင်အားမှာ အမှတ် ၇ ခြေလျင်တပ်ရင်း ၃ ခွဲ၊ လားတပ်တစိတ်၊ စက်မှုလက်မှုတပ်တစိတ်တို့ဖြစ်ပေသည်။

တပ်မတော်သည် အထက်ဖော်ပြပါ နစ်ဖြူတို့ဒေသကို တိုက်ခိုက်ရန် စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်လေသည်။ အင်းတော်စစ်ကြောင်းသည် မြင်းမူမှရင်း၊ အင်းမစစ်ကြောင်းသည် ဆိပ်ခွန်မှရင်း၊ အင်းလေးစစ်ကြောင်းသည် ကျောက်ကာမှရင်း မေလ ၂၅ ရက်နေ့တွင် အသီးအသီးချီတက်ခဲ့ကြ၏။

မေလ ၂၅ ရက်နေ့မှာပင် အင်းမစစ်ကြောင်းသည် ဘောင်းကြားရွာကိုတိုက်

ခိုက်သိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် အင်းတော်စစ်ကြောင်းသည်လည်း ပဒတ်ထိုင်းကိုရင်း၊ မလဲသာ၊ ဂွဲရင်း၊ ငါးကင်းရွာများကိုရင်း အခုအခံမရှိဘဲ သိမ်းပိုက်လိုက်၏။

မေလ ၂၆ ရက်နေ့တွင် ဆက်လက်ချီတက်သော အင်းမစစ်ကြောင်းသည် အောင်သာ၊ ကျွဲပုဂံ၊ မုဂျို၊ ဥယာဉ်သာရွာများကိုတိုက်ခိုက်သိမ်းပိုက်၏။ ထိုနေ့မှာပင် အင်းတော်စစ်ကြောင်းသည် စစ်စီး၊ ဇီးပင်လေးရွာများအား သိမ်းပိုက် အောင်မြင်ပြီး ထန်းကြီးရွာအထိ ချီတက်ရှင်းလင်းသည်။အင်းလေးစစ်ကြောင်းကလည်း ဝါးရောင်ရွာကို ထိုနေ့၌ပင်သိမ်းပိုက်လိုက်၏။

မေလ ၂၇ ရက်နေ့တွင် ကျောက်ပြောက်ကိုရင်း၊ ၂၈ ရက်နေ့တွင် အရာတော်ကိုရင်း အစိုးရတပ်များက ဆက်လက်သိမ်းပိုက်ပြန်လေသည်။ အင်းလေးစစ်ကြောင်းနှင့် အင်းမစစ်ကြောင်းတို့သည် ထိုနေ့မှာပင် အရာတော်၌ ဆုံမိကြ၏။

မေလ ၃၀ ရက်နေ့၌ အရာတော်ကို ထိန်းသိမ်းထားသော အင်းလေးစစ်ကြောင်းသည် ဝတောမရွာကို ဝင်ရောက်စီးနင်းသည်။ ဤတာဝန်စစ်ဆင်မှုမှာ ဇွန်လ အထိ ဆက်လက်ဆင်နွှဲနေသေးသည်ဖြစ်၏။

ရန်ရှင်းစစ်ဆင်မှု

ရန်ရှင်းစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ပျဉ်းမနား လယ်ဝေးအနောက်ဖက်ရှိ တောင်ညိုစခန်းတွင် ကြီးစိုးခိုအောင်းလျက်ရှိသော နစ်ဖြူများကို တိုက်ထုတ်ချေမှုန်းရန်နှင့် သူတို့၏ စိတ်ဓာတ်အင်အားကို ပျက်ပြားယုတ်လျော့စေရန် ဖြစ်သည်။

အစိုးရတပ်၏ အင်အားမှာ အမှတ် ၁ ဗမာ့သေနတ်ကိုင်တပ်ရင်း စစ်ဝန်ထမ်းတပ်ခွဲ ၁ ခွဲ၊ အမှတ် ၃ သေနတ်ကိုင်တပ်ရင်းခွဲ ၃ ခွဲ၊ အမှတ် ၃ ကချင်သေနတ်ကိုင်တပ်ရင်းခွဲ ၁ ခွဲနှင့် အရေးပေါ် ကချင်သေနတ်ကိုင် တပ်ရင်းခွဲ ၁ ခွဲတို့ဖြစ်လေသည်။

သောင်းကျန်းသူ နစ်ဖြူများ၏ အင်အားမှာ တောင်ညိုဒေသတဝိုက်တွင် တပ်ခွဲ ၇ ခွဲခန့် အင်အားရှိလျက် သူတို့၏ ဌာနချုပ်ကို ဘိုဒက်ရွာနှင့် ဘုရားတောင်ရွာအကြား လှည်းလမ်းအနီးတွင် ဖွင့်လှစ်ထား၏။ ထိုအပြင်တောင်တွင်းကြီး ပျဉ်းမနားမီးရထားလမ်းရှိ ဒလကျွန်းနှင့် ဝင်းတဲကူးအကြားတွင်လည်း နစ်ဖြူတပ်ခွဲ ၂ ခွဲ တပ်ဖြန့်ထားသည်။

တပ်မတော်သည် ရန်သူကိုအငိုက်ဖမ်း၍ အလစ်တိုက်ခိုက်နိုင်မှုအတွက် ရန်သူ့

စခန်းကို တောင်ဖက်မှစ၍မဖို့ဘဲ မြောက်ဖက်မှစ၍ တိုက်ခိုက်သည်။ မေလ ၃ ရက်နေ့က အစိုးရတပ်သည် ဘိုဒက်ရွာနှင့် ဘုရားတောင်ရွာအကြားရှိ နစ်ဖြူဌာနချုပ်ကို အောင်မြင်စွာ သိမ်းပိုက်လိုက်သည်။ သောင်းကျန်းသူများနှင့်ဘိုဒက်ရွာတောင်ဖက်တွင်တွေ့ဆုံ၍ ၄ နာရီခန့်တိုက်ပွဲဖြစ်ပွါး၏။

အစိုးရတပ်သည် ပျဉ်းမနားဘူးခွဲလမ်းတလျှောက်ကိုရင်း၊ ဘုရားတောင်ရွာမြောက်ဖက်တဝိုက်ကိုရင်း ပိုက်စိတ်တိုက် ရှင်းလင်းသည်။

မေလ ၃ ရက်နေ့တွင် အစိုးရတပ်သည် ငန်းစပ်ကို ဝင်ရောက်စီးနင်းပြီး တပ်ကုန်းမှ ချီတက်သော အစိုးရတပ်ကလည်း နစ်ဖြူများ ဗိုလ်သင်တန်းကျောင်းဖွင့်လှစ်ထားသည့်တွင်းနီနှင့် လယ်ပြင်မတို့ကို တိုက်ခိုက်သိမ်းပိုက်သည်။

မေလ ၄ ရက်နေ့သို့ရောက်သောအခါ နစ်ဖြူများသည် လယ်ပြင်မအား အပြင်းအထန် လာရောက်၍ တိုက်ခိုက်ပြန်၏။ သို့သော် အစိုးရတပ်မှ တွန်းလှန်တိုက်ခိုက်လိုက်လေသည်။ မေလ ၅ ရက်နေ့တွင် အစိုးရတပ်သည် တကျိုးရှိန်ကို တိုက်ခိုက် သိမ်းပိုက်ပြန်၏။ ထိုနေ့မှာပင် မီးလောင်ကုန်း၊ မင်းကုန်း၊ ကျွဲရှင်၊ မြက်ကြားကုန်း၊ရွာသာစ်သောရွာများကို တပ်မတော်ကဝင်ရောက်စီးနင်းပေသည်။

မေလ ၇ ရက်နေ့တွင် တောင်ညိုကို အစိုးရတပ်က သိမ်းပိုက်ပြီး ပိုးဇာတောင်၊ ချောင်ဖီလာ တဝိုက်ရှိ သောင်းကျန်းသူများကို သုတ်သင်ရှင်းလင်းသည်။

မေလ ၉ ရက်နေ့တွင် သရက်တောမှ အစိုးရတပ်သည် ထိုဒေသတောင်ဖက်တဝိုက်တွင် ပိုက်စိတ်တိုက် ရှင်းလင်းသည်။

မေလ ၁၁ ရက် ၁၂ ရက်နေ့၌ လူအင်အား ၅၀၀ ခန့်ပါဝင်သော နစ်ဖြူတို့၏ မှန်တိုင်း၊ လင်းယုန်၊ ကျားတပ်များသည် သရက်တောရှိ အစိုးရတပ်အား ဝင်ရောက်တိုက်ခိုက်သော်လည်း အစိုးရတပ်မှ တွန်းလှန်တိုက်ခိုက်မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ပြေးလေသည်။ မေလ ၁၂ ရက်နေ့မှာပင် မိုးစွယ်ကို အစိုးရတပ်က ဝင်ရောက်ပြီး စီးနင်းလိုက်ပြန်သည်။

ဤရန်ရှင်းစစ်ဆင်မှုကြောင့် ရရှိသောအမြတ်မှာ သောင်းကျန်းသူများ၏ဌာနချုပ်စခန်းများပြိုကွဲခြင်း၊ နစ်ဖြူတို့ အစုလိုက်ထွက်ပြေးရခြင်း၊ သောင်းကျန်းသူများ၏ နေထိုင်ရာအဆောက်အဦများ ပစ္စည်းရိက္ခာများ ဆုံးရှုံးခြင်း၊ သူတို့လွှမ်းမိုးထားသောလူထုအား အမြင်မှန်ရစေခြင်း၄င်း စိတ်ဓာတ်စစ်ဆင်မှုနှင့် တကွ စာရွက်စာတမ်း ရုပ်ရှင်များပြသလျက် အသိဉာဏ်ပေးခဲ့နိုင်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကိုပြုလုပ်ပေးနိုင်ခဲ့ခြင်း၊ အစိုးရနှင့်တပ်မတော်၏ ဝါဒသဘောရင်းကို လူထုအား နားလည်စေခြင်းတို့ဖြစ်လေသည်။

မော်တင်စစ်ဆင်မှု

ညောင်တုန်းကျွန်း၊ အိုင်ကလောင်ကျွန်း ဒေသတဝိုက်တွင် အစိုးရတပ်များသည် လှိုင်းစိန်မော်စစ်ဆင်မှု၊ မော်ဝင်းစိန်စစ်ဆင်မှုများပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့ပေပြီ။ ထိုစစ်ဆင်မှုများကြောင့် ထိုဒေသမှ ကေ အင် ဒီ အို များသည် သာယာဝတီ၊ ဇီးကုန်း၊ နတ်တလင်း မီးရထားလမ်းအရှေ့ဖက်တလျှောက် ပဲခူးရိုးမတောင်ခြေတဝိုက်သို့ ဆုတ်ပြေး၍ တပ်စွဲလျက်ရှိပေသည်။ ဤမော်တင်စစ်ဆင်မှုမှာအထက်ရိုးမတောင်ခြေဒေသမှ ကေ အင် ဒီ အိုများအား တိုက်ခိုက်ချေမှုန်းရန်နှင့်သူတို့အား ရိုးမကျမ်းအတွင်း ရောဝတီမြစ်ကိုဖြတ်၍ အနောက်ဖက်ဒေသများသို့ တိုက်ထုတ်ရန်ဖြစ်သည်။

ရန်သူ၏အင်အား အခြေအနေမှာ အောက်ပါအတိုင်းဖြစ်၏။ ကေ အင် ဒီ အို အမှတ် ၁ တပ်မဟာဌာနချုပ်ကို ကျွဲမကိုင်းတွင်ဖွင့်လှစ်ထား၏။ ထိုကျွဲမကိုင်းတောင်ဖက်ရှိ စမ်းဘုတ်ရွာတွင် ကေ အင် ဒီ အို တပ်ရင်း ၁၈ ရှိပေသည်။ ဤရွာနှစ်ရွာမှအခြေပြု၍ ပတ်ဝန်းကျင်ရှိ တယော်ကုန်း၊ စာချောင်း၊ ဗန့်ဗွေးပင်၊ လှေဝန်း၊ တောင်လိန်၊ ပုလဲကွင်းစသောရွာများတွင်လည်း တပ်ခွဲ ၁ ခွဲနှင့် တပ်ဖြန့်လျက် ချထားသည်။

လှေပြင်တင်၊ စစ်ပြန်ကွင်း၊ ဆွမ်းရပ်၊ ကန်သာယာ၊တယ်ပင်ကျော် အစရှိသည့်ရွာများတွင်လည်း အခြားကေ အင် ဒီ အိုတပ်ခွဲ ၁ ခွဲနှင့်တစုခန့်မှာ တပ်ဖြန့်၍ စခန်းချထားလျက်ရှိ၏။

ကေ အင် ဒီ အိုတပ်ရင်း ၁ မှာ အင်အား ၃၀၀ ခန့်ရှိလျက် အင်ပင်တောင်တွင် စုရုံးလျက်ရှိသည်။ ထိုပြင်စည်ကုန်းရွာ၊နလင်ကျော်၊ ဘုရားတောင်၊မြားချောင်းရွာများတွင် ကေ အင် ဒီ အို ၈၀ ခန့်ကို တပ်ဖြန့်ချထားသည်။ သာယာဝတီအရှေ့ဖက် ဥက္ကံချောင်းရိုးတွင် အင်အား ၂၀၀ ခန့်ရှိသော ကေ အင် ဒီ အို တပ်ရင်း ၁၇ ရှိသည်။

ဇီးကုန်းအရှေ့ ဖက် ပင်ချောင်းရိုးတဝိုက်တွင် အင်အားတပ်ခွဲ ၁ ခွဲ၊ ၁ စုခန့်ရှိသော ကေ အင် ဒီ အိုတစုသည် မြို့ကိုင်းတွင် တပ်ခွဲရုံးဖွင့်လျက် မင်းဝ၊ ချောင်းခွ၊ ရုံးချောင်း၊ ဒုံးဝဲ စသည့်ရွာများတွင် စုရုံးလျက်ရှိသည်။

အုတ်ဖိုအရှေ့ဖက် မြောင်ချောင်းတဝိုက်တွင် ကေ အင် ဒီ အို တပ်ရင်း ၂၃ ရှိ၍ ချောင်းခွတွင်တပ်စွဲလျက်ရှိ၏။ ထိုပြင်ကိုင်းကြီး၊ ကွင်းကျယ်၊ သဲတော၊ မြောင်ရွာများတွင် တပ်စုနှစ်စုခန့်သည် တပ်စွဲလျက်ရှိသည်။

တပ်မတော်၏ အင်အားမှာ အမှတ် ၉ ဗမာ့ခြေလျင်တပ်ရင်း ၃ ခွဲ၊ ၁ စု၊ အမှတ်

၆ ဗမာ့သေနတ်ကိုင်တပ်ရင်း ၁ ခွဲ၊ ၁ စု၊ စစ်ရဲတပ်ရင်း ၂၂၊ ၁ စု၊ ၁ စိတ်၊တင့်ကား ၅ စင်း၊ သံချပ်ကာကား ၃ စိတ်၊ ဗရင်းကယ်ရီယာ ၂ စိတ်၊ ၂၅ ပေါင်ဒါ ၁ စိတ်၊လေယာဉ် ၁ စင်းတို့ဖြစ်လေသည်။

တပ်မတော်က ထိုးစစ်ဆင်ရာတွင် ရန်သူတပ်စွဲထားသော နေရာများမှာ ကျယ်ဝန်းလှန်းလှသောကြောင့် အပိုင်းများ ကန့်သတ်ပိုင်းခြား၍သူ့ အဆင့်နှင့်သူ တပ်မတော်မှထိုးစစ်ဆင်သွားသည်။

ပဌမအဆင့်၏ ရည်ရွယ်ချက်မှာ ကေ အင် ဒီ အိုတပ်မဟာ အမှတ် ၁ တပ်စွဲရာ ကျွဲမကိုင်း၊ အခြားတပ်ခွဲ ၁ ခွဲခန့်စုရုံးနေသော စစ်ပြန်ကွင်းနှင့် လှေပြင်တင်ဒေသများဖြစ်သည်။

မေလ ၁၁ ရက်နေ့တွင် အစိုးရတပ်သည် မင်းလှမှစ၍ စစ်ကြောင်း နှစ်ကြောင်းခွဲလျက်ချီတက်သည်။ တောင်ကြောင်းချီတက်သည်။ ကျည်ပင်အင်း၊ ဝါးလှဝန်းရွာများကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုမှတဖန် ဆက်လက်ချီတက်၍ စမ်းဘုတ်ကိုသိမ်းပိုက်လိုက်ပြန်၏။ ထိုနေ့မှာပင် မြောက်ကြောင်းချီတက်သည်။ စစ်ပြန်ကွင်းကိုသိမ်းလိုက်၏။

မေလ ၁၂ ရက်၊ ၁၃ ရက်နေ့ညက ကေ အင် ဒီ အို ၃၀၀ ခန့်သည် စမ်းဘုတ်ကိုလေးဖက်လေးတန်မှ ဝိုင်းဝန်းတိုက်ခိုက်သေးသော်လည်း အစိုးရတပ်များက နိုင်နင်းစွာ ခုခံတွန်းလှန်ပစ်လိုက်၏။ ထိုညမှာပင် တောင်လိန်နှင့် ကျည်ပင်အင်းရွာများကို ကေ အင် ဒီ အိုများ ဝင်ရောက်တိုက်ခိုက်ကြ၏။ အောင်မြင်မှုကား မရရှိကြပေ။

မေလ ၁၃ ရက်နေ့ညဘက်တွင် စမ်းဘုတ်မှ အစိုးရတပ်သည် ကျွဲမကိုင်းကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီး မေလ ၁၄ ရက်၊ ၁၅ ရက်များ၌ သောင်းကျန်းသူ ၁၅၀ ခန့်တို့သည် ငါးလှဝန်းရွာကို လာရောက်တိုက်ခိုက်ကြသေး၏။ အစိုးရတပ်ကပင် တွန်းလှန်တိုက်ခိုက်လိုက်ပေသည်။

ဒုတိယဆင့်၏ ရည်ရွယ်ချက်မှာကား ပဌမအဆင့်ဖြစ်သော ကျွဲမကိုင်း၊စမ်းဘုတ်တဝိုက်ရှိ ကေ အင် ဒီ အို အကြွင်းအကျန်များကို ဆက်လက်သုတ်သင်ရန်နှင့် အင်ပင်တောင်တွင် တပ်စွဲနေသော ကေ အင် ဒီ အို တပ်ရင်း ၁ ကို ဖြိုခွင်းရန်ဖြစ်သည်။ အထက်ပါစစ်မျက်နှာများတွင် ထိုးစစ်ဆင်နေသည့် အချိန်မှာပင် အခြားအစိုးရ စစ်ကြောင်းတကြောင်းသည် ကြို့ပင်ကောက်မှ အခြေပြု၍ ရုံးချောင်း ဒေသတဝိုက်ရှိ ကေ အင် ဒီ အို တပ်ခွဲ ၁ ခွဲခန့်ကို တပြိုင်တည်း ထိုးစစ်ဆင်ရန်ဖြစ်သည်။

မေလ ၁၄ ရက်နေ့တွင် ကြို့ပင်ကောက်ကြောင်းချီ အစိုးရတပ်သည် ရုံးချောင်းနှင့် ကျားစွယ်ရွာများကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

ပဉ္စမဆင့်၊ ဒုတိယဆင့်စစ်ဆင်မှုများပြီးဆုံးသွားပြီဖြစ်၍ တတိယဆင့် စစ်ဆင်မှု အတွက် မေလ ၁၉ ရက်နေ့တွင် မော်တင်စစ်ကြောင်း တခုလုံးကို အထက်ပါဒေသ များမှ ရုပ်သိမ်းခဲ့၍ အုတ်ဖိုမြို့တွင် ပြန်လည်စုရုံးလေသည်။

တတိယဆင့်၏ ရည်ရွယ်ချက်မှာ ချောင်းခွကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် မြစ်ဝကျွန်းပေါ် တပ်ရင်း ၂၃ တပ်ခွဲစခန်းကို ဖို့ခွင်းရန်ဖြစ်၏။

မေလ ၂၀ ရက်နေ့တွင် မော်တင်စစ်ကြောင်းသည်အုတ်ဖိုမှချီတက်၍ သဲတော၊ မြောင်၊ ကျီပြတ်၊ သရက်နှစ် ပင်လိမ်၊ ချောင်းခွနှင့်ကျွန်းလှကုန်းရွာများကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ကေ အင် ဒီ အိုများသည် တနာရီခန့်ခုခံပြီးသရက်တော အရှေ့ဖက်ရှိ ငပိအင်းတောထဲသို့ ဆုတ်ပြေးကြလေသည်။

မေလ ၂၆ ရက်နေ့တွင်လည်း စစ်ပြန်ကွင်းမှ အစိုးရတပ်သည် ဘုရားကွင်းကို တိုက်ခိုက်သိမ်းပိုက်သည်။ ကေ အင် ဒီ အိုများ အပြင်းအထန် ခုခံပြီးမှ တောထဲသို့ ဆုတ်ခွါထွက်ပြေး၏။

ရွှေဟသာ်စစ်ဆင်မှု

ဤရွှေဟသာ်စစ်ဆင်မှုကို အမှတ် ၅ ခြေလျင်တပ်မဟာမှ ဦးစီးပြီးတနင်္သာရီ တိုင်း ကျိုက္ခမီနယ်၊ ရေးမြို့နှင့် မုဒုံအကြားတွင် ကြီးစိုးနေသော ကေ အင် ဒီ အို များကို တိုက်ခိုက်၍ သူတို့၏ အခြေခံဌာနများဖြစ်သော ကရုပ္ပိ ၊ကော့ဒွတ်နှင့် တောင်ပုံရွာများကို တိုက်ခိုက်သိမ်းပိုက်ရန်ရည်ရွယ်သည်။

အစိုးရတပ်မတော်၏ အင်အားမှာ အမှတ် ၅ သေနတ်ကိုင် တပ်ရင်း ၂ ခွဲ၊ အမှတ် ၇ ခြေလျင်တပ်ရင်း ၂ ခွဲ၊ ၁ စု၊ အမှတ် ၅ စစ်ရဲတပ်ရင်း ၁ ခွဲ၊ သံချပ်ကာကား ၄ စီး၊ ဗရင်းကယ်ရီယာ ၆ စီး၊ အမြောက် ၄× ၂၅ ပေါင်ဒါနှင့် လေယာဉ်တစင်းတို့ဖြစ်ပေသည်။ ဤစစ်ဆင်မှု ပြုရမည့်ဒေသမှာ ကျယ်ဝန်းသဖြင့် ဘုရင့်နောင်စစ်ကြောင်း၊ တပင်ရွှေထီးစစ်ကြောင်းနှင့် ရဲထွတ်စစ်ကြောင်းစသော စစ်ကြောင်းသုံးကြောင်းဖွင့်၍ တိုက်ခိုက်ခဲ့သည်။ ဘုရင့်နောင်စစ်ကြောင်းမှာ သံဖြူဇရပ်မှနေ၍ ပငနှင့် ကရုပ္ပိကိုငှင်း၊ တပင်ရွှေထီးစစ်ကြောင်းမှာ တောင်ပုံကိုငှင်း၊ ရဲထွတ်စစ်ကြောင်းမှာ ကုလားကုတ်ကျွန်းမှ ရေကြောင်းချီ၍ ကော့ဒွတ်ကို တက်ရောက်တိုက်ခိုက်သိမ်းပိုက်ကြရန်ဖြစ်သည်။

မေလ ၁၇ ရက်နေ့တွင် ရေးမှချီတက်သော တပင်ရွှေထီးတပ်သည် စုံမသာကို တိုက်ခိုက်သိမ်းပိုက်ရာ မွန်သောင်းကျန်းသူများ အနည်းငယ်ခုခံပြီး တောင်ဖက်သို့

ဆုတ်ပြေး၏။ ထိုနေ့မှာပင် သံဖြူဇရပ်မှ ချီတက်သော ဘုရင့်နောင်တပ်သည် ကန်တော်ကို အပြင်းအထန်တိုက်ခိုက်ပြီး သိမ်းပိုက်လိုက်၏။

မေလ ၁၉ ရက်နေ့တွင် ဘုရင့်နောင်တပ်သည် ကန်တော်မှဆက်လက်ချီတက်၍ ကရုန်ချန်နှင့် ပငကိုတိုက်ခိုက်သိမ်းပိုက်၏။ ထိုနေ့မှာပင် စုံမသာမှ တပင်ရွှေထီးတပ်သည် တောင်ပုံကို ဝင်ရောက်စီးနင်း၍ အရှတောင်ရွာ၌ သောင်းကျန်းသူများနှင့် အတန်ကြာအောင်တိုက်ပွဲဖြစ်ပွါး၏။

မေလ ၂၃ ရက်နေ့တွင် ဘုရင့်နောင်တပ်သည် ကွမ်သတ်ရွာကို ဝင်ရောက်စီးနင်းပြီး မေလ ၂၄ ရက်နေ့၌ ရေတပ်မတော်သည် ကရုပ္ပိအရှေ့ဖက်ပင်လယ်ကမ်းခြေတလျှောက် အမြောက်ဖြင့်ဖို့ခွင်းပြီး ကွမ်လှာရွာကို ဝင်ရောက်စီးနင်း၏။ ထိုနေ့မှာပင်အစိုးရတပ်သည် ကရင်တောင်နှင့် ဆင်တောင်သို့ တိုက်ကင်းလွှတ်လေသည်။ သောင်းကျန်းသူများသည် ခုခံမှုမပြုဘဲ ဝါးဂရူချောင်းကိုဖြတ်၍ ဆုတ်ပြေးသည်။

ပန်းပွင့်စစ်ဆင်မှု

ဤပန်းပွင့်စစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ကေ အင် ဒီ အို များ သိမ်းပိုက်ထားသော ကျိုက္ခမီခရိုင် ကြာအင်းဆိပ်ကြီးကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်၏။ ထိုကြာအင်းဆိပ်ကြီးကိုအုပ်စိုးနေသော တပ်မှာ ကော်သူလေး ဆင်ဖြူတပ်မဟာမှ တပ်ရင်းတခုဖြစ်သည်။ ဤတပ်တွင် မွန်သောင်းကျန်းသူများလည်းပါဝင်ပြီး အင်အားမှာ ၂၀၀ မှ ၃၀၀ အတွင်းရှိကာ ဝဲကြီး၊ မီးသာရော၊ ရွှေဒိုး၊ ဒလီ၊ ကြာအင်း၊ ဆိပ်ကြီး၊ ကြိတ်ခုံ၊ သံပုရာစိသောရွာများတွင် တပ်ဖြန့်ထားသည်။

တပ်မတော်၏ အင်အားမှာလည်း အမှတ် ၅ ဗမာ့သေနတ်ကိုင်တပ်ရင်း ၁ ခွဲ၊ အမှတ် ၇ ဗမာ့ခြေလျင်တပ်ရင်း ၁ ခွဲ၊ စစ်ရဲတပ်ရင်း ၅ - ၂ စု၊ ရေယာဉ်တစီးနှင့် ဗရင်းကယ်ရီယာတစင်းတို့ဖြစ်လေသည်။

တပ်မတော်ထိုးစစ်၏ ကြံရွယ်ချက်မှာ စစ်ကြောင်း နှစ်ကြောင်းဖြင့် ရွှေဒိုး၊ ဒလီနှင့်ကြာအင်းဆိပ်ကြီးကို ထိုးစစ်ဆင်ရန်ဖြစ်သည်။

နဂါးစစ်ကြောင်းသည် ချောင်းနှစ်ခွမှချီတက်၍ ရွှေဒိုးရွာကို တိုက်ခိုက်သိမ်းပိုက်ရန် ဖြစ်ပြီး **မိကျောင်းစစ်ကြောင်း**မှာ ချောင်းနှစ်ခွမှချီတက်၍ ကြာအင်းဆိပ်ကြီးကို တိုက်ခိုက်သိမ်းပိုက်ရန်ပင်ဖြစ်၏။

မေလ ၁၁ ရက်နေ့က နဂါးတပ်သည် ချောင်းနှစ်ခွမှချီတက်၍ ကြာအင်းနှင့် ရွှေဒိုးကိုသိမ်းပိုက်သည်။ ထိုနေ့မှာပင် မိကျောင်းတပ်သည် ကြာအင်းဆိပ်

ကြီးကို တိုက်ခိုက်သိမ်းပိုက်၏။ ဤတိုက်ပွဲမှာ အလစ်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းဖြင့် အောင်မြင်မှုရပြီး ကေ အင် ဒီ အို များ အငိုက်မိသွားခြင်းဖြစ်ပေသည်။

မိုးထိစစ်ဆင်မှု

ဤမိုးထိစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ကျိုက္ကမိခရိုင်ရှိ ကေ အင် ဒီ အိုများ အုပ်စိုးလျက်ရှိသော နဘူးကိုတိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်၏။

သောင်းကျန်းသူများ၏ နဘူးတပိုက်ရှိ စုစုပေါင်းအင်အားမှာ ၃၅၀ ခန့်ဖြစ်ပြီး တပ်ဖြန့်ထားသောဒေသများမှာ ကနိမ်ပေါ်၊ ကော်ပလန်၊ မြပဒိုင်၊ ကိုတာရ၊နောင်တပန်၊ ထိပိုးဇံ၊ မက်ပုလဲနှင့်နောင်ကိုင်းရွာများဖြစ်၏။

တပ်မတော်၏ အင်အားမှာ အမှတ် ၅ သေနတ်ကိုင်တပ်ရင်း ၂ ခွဲ၊ အမှတ် ၇ ခြေလျင်တပ်ရင်း ၂ ခွဲ၊ စစ်ဝန်ထမ်း ၁ စု၊ သံချပ်ကာကား ၄ စီး၊ဗရင်းကယ်ရီယာ ၆ စီး၊ အမြောက် ၄ × ၂၅ ပေါင်ဒါ၊ ရေယာဉ်တစီးတို့ဖြစ်လေသည်။

တပ်မတော်သည် စစ်ကြောင်းသုံးကြောင်းခွဲ၍ ချီတက်ရန်ဖြစ်သည်။ ဘယ်တောင်ပံကြောင်းသည် ဒေါလမ်းမှချီတက်၍ ပတ်တော်ကို သိမ်းပိုက်ရန်ဖြစ်သည်။ ညာတောင်ပံစစ်ကြောင်းသည် ကော့ကရိတ်မှချီတက်၍ နန်းရွှေမိတ်၊ ထိပိုးဇံ၊မက်ပုလဲရွာများကိုဖြတ်၍ နောင်ကိုင်းအရောက် ချီတက်ရန်ဖြစ်သည်။ တပ်မကြီးမှာ ကျုံဒိုးမှချီတက်၍ နဘူးကိုတိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။

မေလ ၂ ရက်နေ့တွင် ဒေါလမ်းမှ အစိုးရတပ်သည် ပတ်တော်၊ နောင်ခွီး၊ သရက်တော၊ နောင်တောင်ရွာများကို တိုက်ခိုက် သိမ်းပိုက်ရန် ဖြစ်သည်။ သောင်းကျန်းသူများသည် နောင်ခွီးမှနေ၍ နာရီဝက်ခန့် ခုခံပြီးလျှင် ဆုတ်ခွါသွား၏။

မေလ ၂ ရက်နေ့တွင် ကော့ကရိတ်မှချီတက်သော အစိုးရတပ်သည် နန်းရွှေမိတ်၊မက်ပုလဲ၊ နောင်ကိုင်းနှင့် ထိပိုးဇံရွာများကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုနေ့မှာပင် ကျုံဒိုးမှချီတက်သော အစိုးရတပ်သည် ကော်မပေါ်၊ မြပဒိုင်၊ နန်းတန်း၊နန်းကောထဲနှင့် နောင်တဘေ့ရွာများကို တိုက်ခိုက်သိမ်းပိုက်ပြီး နဘူးကိုလည်း ဆက်လက် သိမ်းပိုက်၏။

မေလ ၃ ရက်နေ့တွင် ဒေါလမ်းကြောင်းကို ချီတက်သော အစိုးရတပ်သည် ကုလားရွာနောင်ဘို၊ တီးစက၊ တောင်စွန်းရွာများကို သိမ်းပိုက်သည်။

အောင်ပန်းစစ်ဆင်မှု

ဤစစ်ဆင်မှုမှာ ဧပြီလ ၂၉ ရက်နေ့မှစ၍ ပြုလုပ်သော စစ်ဆင်မှု၏ နောက်ဆက်တွဲဖြစ်သည်။

မေလ ၁ ရက်နေ့က သောင်းကျန်းသူများသည် ကူးဒေါင့်ကို လာရောက်တိုက်ခိုက်ပြီးလျှင် မြောက်ဖက်သို့ဆုတ်ပြေးသည်။ အမြောက်တပ်မှ ဇီးတောတွင်တပ်စွဲလျက်ရှိသော ကေ အင် ဒီ အို စခန်းများကိုပြုခွင်းသည်။

မေလ ၁ ရက်နေ့က တမာပင်မှ ချီတက်သော အစိုးရတပ်သည် ဆင်စခန်းကို သိမ်းပိုက်သည်။

အစိုးရတပ်သည် ဇောင်းတူကို ချီတက်သိမ်းပိုက်ရန် တမာပင်တွင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

မေလ ၂ ရက်နေ့က အစိုးရတပ်သည် တမာပင်မှ ချီတက်၍ ပိန်းအိုင်ကိုသိမ်းပိုက်သည်။ ကေ အင် ဒီ အို များ နာရီဝက်ခန့် အပြင်းအထန်ခုခံပြီးလျှင် အကျအဆုံးများစွာဖြင့် ဆုတ်ပြေးသည်။

ဝင်းကျော်စစ်ဆင်မှု

ဤဝင်းကျော်စစ်ဆင်မှုမှာ ဖော်ပြပြီးခဲ့သည့်အတိုင်း ၁၉၅၂ ခု မတ်လ ၁၁ ရက်နေ့မှအစပြု၍ထိုးစစ်ဆင်နွဲခဲ့ရာ ဧပြီလ တလလုံးကုန်ခဲ့သော်လည်း ထိုးစစ်ဆင်ခြင်းမှာ ပြီးဆုံးခြင်းသို့မရောက်နိုင်ဘဲ ဤမေလသို့တိုင်အောင် ကူးပြောင်းခဲ့၍ ယခုဆက်လက်ဖော်ပြလိုက်ရပေသည်။

မေလ ၇ ရက် ၈ ရက်နေ့တွင် သင်ဖြူပင်၌တပ်စွဲလျက်ရှိသော စစ်ဝန်ထမ်းတပ်အား နစ်ဖြူများလာရောက်တိုက်ခိုက်သော်လည်း အောင်မြင်စွာ စစ်ဝန်ထမ်းတပ်မှ တွန်းလှန်လိုက်သည်။

မေလ ၉ ရက်နေ့တွင် အစိုးရတပ်သည် ကေ အင် ဒီ အို ၅၀ ခန့် စုရုံးနေသော ကရင်နီကုန်းနှင့် ပတ်ဝန်းကျင်ဒေသများသို့ ချီတက်သော်လည်း ကေ အင် ဒီ အို များ မခုခံဘဲဆုတ်ခွါထွက်ပြေးလေသည်။

ကျောက်ချောင်းကြီးသို့ ချီတက်သော အစိုးရတပ်အား နစ်ဖြူများသည် သဲဖြူကလေးမှဆီး၍တိုက်ခိုက်ရာ အစိုးရတပ်မှ တွန်းလှန်လိုက်သဖြင့် နစ်ဖြူများ ဆုတ်ခွါသွားကြသည်။

မေလ ၁၂ ရက်၊ ၁၃ ရက်ညများတွင် နစ်ဖြူများသည် ဒေါင့်ကြီးရှိ ကာကွယ်ရေးတပ်ကို လာရောက်တိုက်ခိုက်သည်။ မေလ ၁၃ ရက်နေ့၌ ကျုံပျော်မှ အစိုးရစစ်ကူသွတ်၍ တိုက်ခိုက်ရာ နစ်ဖြူများ ဝဝန်ချောင်းကို ကူးဖြတ်ထွက်ပြေးသည်။ မေလ ၁၃ ရက်နေ့၌ပင် ငါးသိုင်းချောင်းမှ အစိုးရတပ်သည် အုတ်ချောင်းအနီးတွင် နစ်ဖြူနီများနှင့် တိုက်ပွဲဖြစ်ပွါး၏။

မေလ ၃၀ ရက်နေ့တွင် အစိုးရတပ်သည် ငါး ပိဆိပ်ကိုတိုက်ခိုက်လေသည်။

ထောဂေါ်စစ်ဆင်မှု

၁၉၅၂ ခု၊ ဇွန်လ စစ်ဆင်မှုများ

ထောဂေါ်စစ်ဆင်မှုမှာ ကသာခရိုင်၌ အမှတ် ၃ ကချင်တပ်ရင်းမှ ဦးစီး၍ မေလ ၂၄ ရက်နေ့မှ အစပြုပြီး စစ်ဆင်ခဲ့ကြောင်း ဖော်ပြခဲ့ပေပြီ။ ဤစစ်ဆင်မှုမှာ မေလတွင်အပြီးမသတ်ဘဲ ဇွန်လ ပဌမပတ်အတွင်းသို့ ကူးဝင်လာသောကြောင့် အောက်တွင်ဆက်လက်ဖော်ပြလိုက်ရပေသည်။

ဇွန်လ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ အစိုးရတပ်သည် ဝါးရုံကုန်း၊ ဝါးရုံသာ၊ ပင်ကျွန်း၊ နောင်တကား ဒေသတဝိုက်ကို ဝင်ရောက်စီးနင်းလိုက်၏။ ဝါးဘိုချောင်တွင် နစ်ဖြူ ၂၀၀ ခန့်နှင့် ၂ နာရီမျှ ကြာအောင် တိုက်ပွဲဖြစ်ပွါးရာ သောင်းကျန်းသူအများအပြားကျဆုံး၍ ဒဏ်ရာရရှိသွားကြသည်။

တာဝန် စစ်ဆင်မှု

ဤတာဝန်စစ်ဆင်မှုမှာ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုစသော သုံးပွင့်ဆိုင်ဒေသတွင် အမှတ် ၆ ခြေလျင်တပ်မဟာမှ ဦးစီး၍ မေလအတွင်း ထိုးစစ်ဆင်ခဲ့ရာ မေလတွင် အပြီးမသတ်သဖြင့် ယခုဇွန်လ စစ်ဆင်မှု၌ ဆက်လက်ဖော်ပြရပေသည်။

ဇွန်လ ၂ ရက်နေ့တွင် အရာတော်မှ အစိုးရတပ်သည် သပြေရွာ၌ ရဲဖြူတပ်တရာခန့်နှင့် တိုက်ပွဲဖြစ်ကြလေရာ သောင်းကျန်းသူများပင် ဆုတ်ခွါထွက်ပြေးကြ၏။ ထိုနေ့မှာပင် ဘုဘလင်အပိုင် သပြေရွာ၌ ရဲဖြူတပ်နှင့် အစိုးရတပ်တို့ တိုက်ပွဲဖြစ်ကြသေး၏။

ဇွန်လ ၄ ရက်နေ့၌ ဒီပဲယင်းအပိုင် ဝက်ပုတ်၊ အရာတော်နှင့် အုတ်ဖိုတောင်ကုန်းအကြားတွင် အစိုးရတပ်က ရှင်းလင်းလေသည်။

စာဆိုစစ်ဆင်မှု

လစ်ဗရေတာ စစ်ဆင်မှုကြောင့် ပြင်စည်၊ ကွန်နားဒေသတွင် အခြေစိုက်နေသော နစ်ဖြူများမှာ ကစဥ့်ကရဲ ထွက်ပြေးရပြီး မြင်းခြံခရိုင် ဆမိတ်ခုံရွာ တောင်ဖက်တွင် လာရောက်ခိုလှုံနေကြ၏။ ဤစာဆိုစစ်ဆင်မှုမှာ ဖော်ပြပါ ဆမိတ်ခုံတောင်ဖက်တဝိုက်တွင် လာ၍ ခိုလှုံနေသော နစ်ဖြူများအား ရပ်နားခိုလှုံခွင့် မပေးဘဲ ဆက်လက်ချေမှုန်းတိုက်ထုတ်ရန်ဖြစ်သည်။ ဤစာဆိုစစ်ဆင်မှုကို အမှတ် ၆ ခြေလျင်တပ်မဟာမှ ဦးစီးတိုက်ခိုက်သည်။

ရန်သူ၏ အင်အားမှာ မရိုးကုန်းတဝိုက်၌ နစ်ဖြူ ၄၀၀ ခန့်နှင့် ဒူးလပို့၊ မီးပေါက်တွင် နစ်ဖြူ ၃၀၀ ခန့်တို့ဖြစ်၏။

တပ်မတော်၏ အင်အားမှာကား အမှတ် ၁၀ ခြေလျင်တပ်ရင်း ၄ စု၊ အမှတ် ၁၂ ခြေလျင်တပ်ရင်းပြောက်ကျား ၂ စု၊ ၃ လက်မ စိန်ပြောင်း ၂ ခုနှင့် ရေယာဥ်တစင်းတို့ဖြစ်၏။

တပ်မတော်က ထိုးစစ်ဆင်ရာတွင် ထိုးစစ်ကို နှစ်ဆင့်ခွဲခြားသတ်မှတ်လေသည်။ ပဌမအဆင့်တွင် နစ်ဖြူအခြေခံစခန်းများကို ချေမှုန်းရန်ဖြစ်ပြီး ဤပဌမအဆင့်၌ စစ်ကြောင်းလေးကြောင်းခွဲ၍ ချီတက်ရန်ဖြစ်သည်။ တပ်မကြီးမှာ ဥဒရာမှ ချီတက်၍ နစ်ဖြူဌာနချုပ်ဖွင့်ထားသော မရိုးကုန်း၊ ကျားဒိုင်၊ သိမ်ရွာနှင့်ဆင်ကွတ်ရွာများကို တိုက်ခိုက်ချေမှုန်းရန်ဖြစ်သည်။

ဖြတ်တောက်ရေး စစ်ကြောင်းမှာ မြင်းခြံမှချီတက်၍ ကုတ်ကဲတဝိုက်ရှိ နစ်ဖြူစခန်းများကို တိုက်ခိုက်ဖျက်ဆီးရန်နှင့် မရိုးကုန်းဖက်မှ ဆုတ်ခွါထွက်ပြေးသော နစ်ဖြူများအား ပိတ်ဆို့ထားရန်ဖြစ်၏။

ဆမိတ်ခုံမှပြောက်ကျားတပ်မှာ ချီတက်၍ နစ်ဖြူများအား နဘူးအိုင်ဖက်သို့ မောင်းနှင်ပြီး နဘူးအိုင်တဝိုက်ရှိ နစ်ဖြူစခန်းများကို ချေမှုန်းရန်ဖြစ်သည်။

ဒုတိယအဆင့်မှာကား ထိုဒေသတဝိုက်ရှိ သောင်းကျန်းသူ အကြွင်းအကျန်ကို ပိုက်စိတ်တိုက်ရှင်းလင်းရန်ပင်ဖြစ်တော့၏။

ဇွန်လ ၂၀ ရက်နေ့တွင်မြင်းခြံမှအစိုးရတပ်သည် တလုတ်မြို့ကို အခုအခံမရှိသိမ်းပိုက်ပြီးတောပုအရောက်ချီတက်သည်။ ဥဒရာမှချီတက်လာသောအစိုးရတပ်ကလည်း မရိုးကုန်း၊ သိမ်ရွာနှင့်ဆင်ကွတ်ရွာများကို သိမ်းပိုက်လိုက်၏။ ထိုနေ့မှာပင်မြို့သာမှ ချီတက်လာသောအစိုးရတပ်ကလည်းနဘူးအိုင်ကိုတိုက်ခိုက်သိမ်းပိုက်လိုက်၏။ သောင်းကျန်းသူများသည် အနည်းငယ်ခုခံ၍ နှပ်ချီတောဖက်သို့ ဆုတ်ပြေးလေသည်။

ဇွန်လ ၂၉ ရက်နေ့၌ ဆင်ကွတ်မှ အစိုးရတပ်သည် ပက်ရင်၊ လယ်တန်း၊ ကတက်ပင်နှင့် သရက်ကန်ရွာများကို တိုက်ခိုက်သိမ်းပိုက်၏။ ထိုမှတဖန်ဆက်၍ကုတ်ကဲကို သိမ်းလိုက်ပြန်၏။

တောပုတွင် ရောက်ရှိနေသော ဖြုတ်တောက်ရေးစစ်ကြောင်းသည် အထက်ပါတိုက်ပွဲများမှ ဆုတ်ပြေးလာသည့် နစ်ဖြူများအား ကျောက်တန်ရွာအထိ လိုက်လံတိုက်ခိုက်သည်။ ထိုမှတဖန် ဖြတ်တောက်ရေး စစ်ကြောင်းသည် ဇီးပင်ကန်ရွာကို ဆက်လက်ရှင်းလင်းပြီး ကုတ်ကဲအရောက်ချီတက်ရာ ကုတ်ကဲတွင်တပ်မကြီးနှင့်ပူးပေါင်းမိလေ၏။ နစ်ဖြူများသည် ပြည်သို့ရှင်း၊ ရဲဖြူများသည် ရွှေပေါ်ကုန်းသို့ရှင်း ဆုတ်ပြေးကြလေသည်။

ဇွန်လ ၂၉ ရက်နေ့၌ ကုတ်ကဲမှအစိုးရတပ်သည် မန်ကျည်းစု၊ ထိန်ပင်၊ အုတ်ရှစ်ကုန်းရွာများကို တိုက်ခိုက်ရှင်းလင်း၏။ ဇွန်လ ၃၀ ရက်နေ့တွင် ကုတ်ကဲမှ အစိုးရတပ်ပင်လျှင် တယ်မင်နှင့် ကျည်ခေါင်းရွာများကို တိုက်ခိုက်ရှင်းလင်းပြန်၏။ ထိုနေ့မှာပင်ဖြတ်တောက်ရေးစစ်ကြောင်းသည်လဲရွာ၊ အလဲရွာ၊တောင်ပုံရွာများကိုဆက်လက်ရှင်းလင်း၏။ မြို့ရွာမှ အစိုးရတပ်ကလည်း နှပ်ချိုတောရွာကို ရှင်းလင်းသည်။

ဤစာဆိုတိုက်ပွဲမှာ ဇွန်လအတွင်း မပြီးပြတ်ဘဲ ဇူလိုင်လထဲတွင် ဆက်လက်ဆင်နွှဲလျက်ပင် ရှိသေးသည်။

ယုဇနစစ်ဆင်မှု

ဤယုဇနစစ်ဆင်မှုကို တောင်ငူခရိုင်အမှတ် ၂ ခြေလျင်တပ်မဟာမှ ဦးစီးလျက်စစ်ဆင်မှုပြုခဲ့၏။ ရည်ရွယ်ချက်မှာ ဖြူးမြို့အရှေ့ဖက်ရှိ စစ်တောင်းမြစ် အရှေ့ဖက်ကမ်းရိုး တလျှောက်တွင် ခိုအောင်းနေသော သောင်းကျန်းသူ များအား ချေမှုန်းတိုက်ထုတ်ရန်ဖြစ်သည်။ အထူးသဖြင့် ဘုမ္မတီးချောင်းရိုးရှိ နစ်ဖြူများ၊ မှုန်းချောင်းရှိ ကေ အင် ဒီ အို များနှင့် မှုန်းချောင်း၊ ကျောက်ကြီး၊ နသံကွင်း အကြားရှိ ဒေသတဝိုက်တွင် တိုက်ခိုက်ရှင်းလင်းရန်ဖြစ်သည်။

တပ်မတော်၏ အင်အားမှာ အမှတ် ၅ ခြေလျင်တပ်ရင်း တပ်ခွဲ ၅ ခွဲ၊ ၃ လက်မစိန်ပြောင်းတပ်စိတ်တစိတ်၊သံချပ်ကာကား ၃ စင်း၊ ဗရင်းကယ်ရီယာ ၅ စင်း၊ စက်မှုလက်မှုတစုတို့ဖြစ်ကြလေသည်။

ဇွန်လ ၇ ရက်နေ့က အစိုးရတပ်၏ဘယ်တောင်ပံ စစ်ကြောင်းသည် ညောင်ခြေထောက်မှစ၍ ချီတက်ပြီး ထိုနေ့မှာပင် စစ်တောင်းမြစ်သို့ ရောက်၏။

ဇွန်လ ၇ ရက်၊၈ ရက်ညတွင် အစိုးရတပ်သည် ချောင်းကျိုးမှနေ၍ စစ်တောင်းမြစ်ကိုဖြတ်ကူးရာ သောင်းကျန်းသူများသည် တဖက်ကမ်းကျွဲကြီးမှ နေ၍ အပြင်းအထန်ခုခံတိုက်ခိုက်ကြသော်လည်း အစိုးရတပ်က ကျွဲကြီးကို အောင်မြင်စွာ သိမ်းပိုက်လိုက်သည်။ ထိုမှဆက်၍ ငါးဇီလောင်ကို သိမ်းပိုက်နိုင်ပြန်၏။ ငါးဇီလောင်မှဆက်လက်၍ ရွာလယ်ကုန်း၊ မိကျောင်းချောင်း၊ယောက်သာဝဆီသို့ ချီတက်သည်။ ထိုနေ့မှာပင် ဖြူးမြို့မှ ချီတက်သော အစိုးရတပ်သည် အုတ်ဖြတ်ကိုသိမ်းပိုက်လိုက်သည်။ ထို့နောက် ဆက်လက်ချီတက်ကာ ကရင်ကြား၊ ကြက်တက်ညောင်ပင်ရွာများကို သိမ်းပိုက်ပြီး ညောင်ပင်သာ အရောက်ချီတက်သည်။ ယောက်သာဝတွင် ညောင်ပင်သာမှဆုတ်ပြေးသော သောင်းကျန်းသူ တပ်စုတစုနှင့် အစိုးရတပ်၏ဘယ်တောင်ပံစစ်ကြောင်းတို့ တွေ့ဆုံကြရာ တိုက်ပွဲဖြစ်ပွါးလေသည်။

ဇွန်လ ၉ ရက်နေ့ညတွင် သောင်းကျန်းသူများသည် ကရင်ကြားရွာကို လာရောက်ပစ်ခတ်၏။ အစိုးရတပ်က အောင်မြင်စွာ တွန်းလှန်လိုက်ပေသည်။

ဇွန်လ ၁၃ရက်နေ့တွင် ညောင်ပင်သာမှအစိုးရတပ်သည် ဘွားအေစုနှင့် ဇလုတ်ကြီးရွာများကို ဝင်ရောက်စီးနင်းသည်။ ထိုနေ့မှာပင် ညောင်ခြေထောက်မှ အစိုးရတပ်သည် တပ်ကုန်းသို့တိုက်ကင်းလွှတ်သည်။ သောင်းကျန်းသူများ အနည်းငယ်ခုခံပြီးလှေဆဲ့မြောင်းသို့ဆုတ်ပြေးရာ အစိုးရတပ်က လှေဆဲ့မြောင်းအထိ လိုက်လံတိုက်ခိုက်ပြန်သောကြောင့် ကိုင်းတောထဲသို့ ထွက်ပြေးကြပြန်သည်။

ဇွန်လ ၁၆ ရက်နေ့တွင် အစိုးရတပ်သည် ဒိုးတန်းနှင့် အင်ကြင်းကုန်းရွာများကို တိုက်ကင်းလှည့်ရာ သောင်းကျန်းသူများ အနည်းငယ်ခုခံပြီးဆုတ်ပြေး၏။ ထို့နောက်ဘွားအေစုသို့ အစိုးရတပ်ကတိုက်ကင်းလှည့်ပြန်ပြီး ဇွန်လ ၁၅ ရက်နေ့တွင် တလိုင်းအိုင်ကို သိမ်းပိုက်လိုက်၏။

ဇွန်လ ၁၄ ရက်နေ့တွင် ဖြူးမြို့မှ အစိုးရတပ်သည် မဟာင်းကုန်း၊ ဆင်ပချက်၊ မင်းလမ်း၊ ကျွဲမကူးရွာများသို့ တိုက်ကင်းလှည့်သည်။

ဇွန်လ ၁၆ ရက်နေ့တွင်မီးတလန်တွင်စခန်းချနေသောအစိုးရတပ်သည် တောပုကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် တလိုင်းအိုင်မှ အစိုးရတပ်သည် ဘုံမတီးချောင်းရိုးတလျှောက် လှည့်လည်ရှင်းလင်းသည်။

ဇွန်လ ၁၇ ရက်နေ့တွင် ညောင်ပင်သာမှ အစိုးရတပ်သည် ကုန်မင်းတောရွာကို သိမ်းပိုက်လိုက်ပေသည်။ သောင်းကျန်းသူများသည် ကျောက်ကြီးပေါက်မှခုခံ၏။ အစိုးရတပ်က ကျောက်ကြီးပေါက်ကို အောင်မြင်စွာတိုက်ခိုက်သိမ်းပိုက်လိုက်လေသည်။ ထိုနေ့မှာပင် တလိုင်းအိုင်မှ အစိုးရတပ်သည် တဲနန်းတောကို တိုက်ခိုက်

သိမ်းပိုက်ရာ နစ်ဖြူများသည် ဆင်များဖြင့် စံဖြူ၊ မဲတင်းတိန်ရွာများသို့ ဆုတ်ခွါပြေးကြ၏။ အစိုးရတပ်သည် ဘုရားတောင်ကုန်းနှင့် မဲခွတဝိုက်တွင်လှည့်လည်ရှင်းလင်းလိုက်၏။

ဇွန်လ ၁၇ ရက်နေ့မှာပင် သောင်းကျန်းသူများသည် ညောင်ပင်သာကို လာရောက်တိုက်ခိုက်သည်။ အစိုးရတပ်က တွန်းလှန်လိုက်နိုင်လေသည်။

ဇွန်လ ၁၈ ရက်နေ့တွင် တဲနန်းတောမှ အစိုးရတပ်သည် ကျောက်ကြီးပေါက်ချောင်းရိုးတလျှောက် တိုက်ကင်းလှည့်ရာ စန်ပန်ပေါက်မှ သောင်းကျန်းသူများ ခုခံသဖြင့် ၃ နာရီခန့်တိုက်ပွဲဖြစ်ပွါးသည်။

ဇွန်လ ၁၉ ရက်နေ့တွင် တောပုမှ အစိုးရတပ်သည် ပတ်ဝန်းကျင်ဒေသတဝိုက်တွင်လှည့်လည်ရှင်းလင်းပြီး ကြက်လျှာစွန်းမှ အစိုးရတပ်ကလည်း ဒိုးတန်းသို့ တိုက်ကင်းလှည့်သည်။

ဇွန်လ ၂၀ ရက်နေ့တွင် ဝဲကြီးမှ အစိုးရတပ်သည် ဆွမ်းဒိုင်၊ ဂိုပါလ်ဂန့်(ချ)နှင့် သစ်ခြောက်ကင်းရွာများသို့ တိုက်ကင်းလှည့်၏။

ဇွန်လ ၂၁ ရက်နေ့တွင် ဇေယျဝတီမှ အစိုးရတပ်သည် ကတက်ကဲရွာကို ဝင်ရောက်စီးနင်းပြီး ကျောက်ကြီးမှ အစိုးရတပ်ကလည်း ဆိပ်ကြီးကို တိုက်ခိုက်ရှင်းလင်းသည်။

ဇွန်လ ၂၂ ရက်နေ့တွင် ကျောက်ကြီးမှ အစိုးရတပ်သည် ကျွန်းချောင်းသို့ရင်း၊ ဇွန်လ ၂၃ ရက်နေ့တွင် ညောင်ခြေထောက်မှ အစိုးရတပ်သည် မြက်နီကွင်းသို့ရင်း တိုက်ကင်းလှည့်၏။ ဇွန်လ ၂၃ ရက်နေ့မှာပင် တောပုမှ အစိုးရတပ်သည် မိကျောင်းခေါင်း၊ ရွာလယ်ကုန်း၊ ရွာတောင်ကုန်းရွာများကို ဖြတ်ကျော်၍ ဇလုတ်ကြီးအထိ ချီတက်သည်။ နစ်ဖြူများက ဇလုတ်ကြီးမှ ခုခံသဖြင့် ၂ နာရီခန့် တိုက်ပွဲဖြစ်ပွါးပြီး အစိုးရတပ်က ဇလုတ်ကြီးကို သိမ်းပိုက်လိုက်သည်။ ဆုတ်ခွါထွက်ပြေးသော နစ်ဖြူများအား ခါးဖြတ်တိုက်ခိုက်ရန်အတွက် ကရင်ကျမှ အစိုးရတပ်သည် ဘွားအေစုသို့ ချီတက်သွားလေသည်။

ဇွန်လ ၂၅ ရက်နေ့တွင် အုတ်ဖြတ်မှ အစိုးရတပ်သည် သောင်ဘု၊ ရင်းတိုက်စိမ်း၊ လေးကုန်း၊ ငါးရွာများကို တိုက်ခိုက်ရှင်းလင်းပြီးလျှင် ကျော်လှသို့ ချီတက်စခန်းချ၏။ ထိုနေ့မှာပင် ဝဲကြီးမှ အစိုးရတပ်သည် ပါးကောင်အင်း၊ ချောင်းကောက်၊ ဆိပ်ဖူးကင်းရွာများကို ရှင်းလင်းပြီး ကန်ကလေးအရောက် ချီတက်ကာ စခန်းချ၏။

ဇွန်လ ၂၆ ရက်နေ့တွင် ကန်ကလေးမှ အစိုးရတပ်သည် အကြွတ်အင်း၊ ငှေးပင်မြောင်၊ ကင်းနိုင်းနှင့် ညောင်ကရားရွာများကို လှည့်လည်ရှင်းလင်းပြီး ရန်ကုန်

မန္တလေးလမ်းမကြီးအရောက် ချီတက်သည်။ ထိုနေ့မှာပင် ကျော်လှမှအစိုးရတပ်သည် ဘုန်းအင်း၊ လိပ်ပေါ၊ ကျောက်တိုင်၊ ဇဟာဦးသာအောင်၊ ဇဟာရှမ်း ရွာများကိုလှည့်လည်ရှင်းလင်းပြီး ရန်ကုန်မန္တလေးလမ်းမကြီးအရောက် ချီတက်၏။

ဂိုပါလ်ဂန့်(ချ)မှ အစိုးရတပ်သည် မန်ဂါ၊ စတာဒီအုန်းအင်၊ ရန်ဂန်တိုလာ၊ တိပါရီချတ်၊မစ္စရေ့လည်းရား၊ဂျေပူရွာများကို လှည့်လည်ရှင်းလင်းပြီး ဇေယျဝတီအရောက်ချီတက်သည်။

ဤစစ်ဆင်မှုအရ အထက်ပါဒေသတဝိုက်မှ သောင်းကျန်းသူများသည် မြောက်ဖက်ရှိ မဲတင်းတိမ်ဖက်သို့ရင်း၊ ဖြူးတောင်ဖက်မှ မီးရထားလမ်းကို ဖြတ်ကျော်၍ ပဲခူးရိုးမတောင်ခြေသို့ရင်း ဆုတ်ပြေးကြလေသည်။

အောင်မြင်စစ်ဆင်မှု

အောင်မြင်စစ်ဆင်မှုကို အမှတ် ၃ ခြေလျင်တပ်မဟာဌာနချုပ်မှ ဦးစီးပြီး စစ်ဆင်မှုပြု၏။ ဤစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ဘလောက်ဘော်သွန်း၊ ပင်ကလောင်၊ သုံးခွတဝိုက်တွင် ခြေကုတ်စခန်းယူနေသော နစ်ဖြူများအား တိုက်ခိုက် ချေမှုန်းရန်အပြင် ပဲခူး ခရမ်း မီးရထားလမ်းနှင့် စစ်တောင်းမြစ်ဝှမ်း အကြားမှ နစ်ဖြူများကို မောင်းနှင်ထုတ်ရန်ဖြစ်သည်။

တပ်မတော်၏ အင်အားမှာ အမှတ် ၂ ကချင်တပ်ရင်း ၂ စု၊ အမှတ် ၁ ခြေလျင်တပ်ရင်း ၄ စု၊ စက်မှုလက်မှု ၁ စိတ်၊ ရဲအဖွဲ့ ၇ စိတ်၊ စစ်ရဲ ၁၀ စိတ်နှင့် ကာကွယ်ရေးတပ် ၉ စုတို့ဖြစ်သည်။

တပ်မတော်က ထိုးစစ်ဆင်ရာတွင် တိုက်ခိုက်ရှင်းလင်းရမည့်ဒေသမှာ ကျယ်ဝန်းသဖြင့် စစ်ဆင်မှုကိုအဆင့်သုံးဆင့်ခွဲ၍ သတ်မှတ်ထားပေသည်။

ပဌမအဆင့်မှာ နစ်ဖြူအင်အားများပြားခြင်းမရှိလှသော ကွင်းရားရှည်၊ ကုက္ကိုကျားခေါင်း၊ ကိုင်းစု၊ ဗီးပလုံး၊ အဒူး၊ မြွေပွေးကုန်း၊ သန့်ဒင်၊ ဘိုးရိုးစု၊ သင်ပန်းကန်း၊ ကညင်နောင်တိုရွာများကို ကာကွယ်ရေး တပ်များက တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်၏။

ဒုတိယဆင့်မှာ နစ်ဖြူများ၏ခြေကုတ်စခန်းဖြစ်သော ဘလောက်၊ဘော်သွန်း၊ပင်ကလောင်နှင့် သုံးခွရွာများကို စစ်ကြောင်းနှစ်ကြောင်းဖြန့်၍ သိမ်းပိုက်ရန်ဖြစ်၏။

တတိယဆင့်မှာ ထိုနယ်တဝိုက်ကို ပိုက်စိတ်တိုက် ရှင်းလင်းရန်ဖြစ်သည်။

ဇွန်လ ၁၇ ရက်နေ့တွင် ကန်ကလေးမှ ချီတက်သော ဘယ်တောင်ပံစစ်ကြောင်း

သည့် ကိုင်းစုနှင့် ဘလောက်ရွာများကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် ရစ်ကန်မှချီတက်သောညာတောင်ပံစစ်ကြောင်းသည် ပင်ကလောင်နှင့်သုံးရွာများကို သိမ်းပိုက်လိုက်၏။

ဇွန်လ ၁၈ ရက်နေ့တွင် အစိုးရတပ်သည် စွန်စီအသင်းနှင့် ပဲပထန်းရွာများကို တိုက်ခိုက်သိမ်းပိုက်၏။ ထိုနေ့မှာပင် အစိုးရတပ်သည် တိုးရိုးစု၊ သတင်ဘန်းကန်၊ ကညင်စသောရွာများကို တိုက်ခိုက်ရှင်းလင်းသည်။

ဇွန်လ ၂၀ ရက်နေ့တွင် မမောက်မှ အစိုးရတပ်သည် သက္ကလ အသင်းကို တိုက်ခိုက်သိမ်းပိုက်သည်။ ဇွန်လ ၂၁ ရက်နေ့၌ သက္ကလအသင်းမှ အစိုးရတပ်သည် ကန်လှကိုဖြတ်၍ သရက်ကုန်းအထိ ချီတက်ပြီး လမ်းတလျှောက် ပိုက်စိတ်တိုက်ရှင်းလင်းသည်။ ထိုနေ့မှာပင် သရက်ကုန်းမှ အစိုးရတပ်သည် ခဲနန်အား အခုအခံမရှိသိမ်းပိုက်လိုက်ရာ သောင်းကျန်းသူများ အောင်ဇေယျသို့ဆုတ်ပြေး၏။

ဇွန်လ ၂၂ ရက်နေ့တွင် အစိုးရတပ်သည် အောင်ဇေယျသို့ဆက်ယက်သိမ်းပိုက်ပြန်၏။ ထိုနေ့မှာပင် ငှက်ကြီးရေကျော်၊ သပြေကန်၊ ကမ်းမြင်စသော ရွာများကို တိုက်ခိုက်ရှင်းလင်းပြီး အောင်သာနှင့် ကန်ထူးရွာများကို သိမ်းပိုက်လိုက်၏။

ဇွန်လ ၂၃ ရက်နေ့တွင် အေးမွန်ရွာကို အစိုးရတပ်က သိမ်းပိုက်ပြီး ဇွန်လ ၂၅ ရက်နေ့၌ စစ်ရဲတပ်သည် ရွှေညောင်ပင်ရွာကို တိုက်ခိုက်ရှင်းလင်းသည်။

အောင်မြေစစ်ဆင်မှုကြောင့် အထက်ပါ ဒေသမှ သောင်းကျန်းသူများသည် သူရဲသမိန်သို့၎င်း၊ ခရမ်းအကြားမှ အနောက်မြောက်ဖက်သို့၎င်း ဆုတ်ခွါသွားကြသည်။

ဇွန်လ ၂၇ ရက်နေ့တွင် အစိုးရတပ်သည် ပေါက်ကုန်းကြီးနှင့် မိုးကနိမ်းကို သိမ်းပိုက်လိုက်၏။

ဇွန်လ ၂၉-၃၀ ရက်များတွင် အစိုးရတပ်သည် ကာမအောက်ရွာ၊တန်ညီနောင်၊ ကမာပကော ပဇင်း နီကန်၊ ကန်ဘဲ့၊ ကျားပင်၊ ကမာပလိန်း၊ ဂျုံးဂျုံးကျ၊ ပေါက်ပင်နှင့်ရွှေလှေရွာများကို တိုက်ခိုက် သိမ်းပိုက်လေသည်။

မော်တင်စစ်ဆင်မှု

ဤမော်တင်စစ်ဆင်မှုမှာ မေလ အတွင်းက အမှတ် ၉ ခြေလျင် တပ်ရင်းမှ ဦးစီး၍ သာယာဝတီအရှေ့ရိုးမတောင်ခြေတလျှောက်တွင် ဆင်နွှဲခဲ့ရာ မပြီးပြတ်ဘဲ ဇွန်လသို့ကူးဝင်လာသောကြော င့်ဆက်လက်ဖော်ပြလိုက်ရပေသည်။

ဇွန်လ ၁ ရက်နေ့တွင် စိန်ကန့်လန့်အရှေ့ဖက်ရှိ အစိုးရတပ်သည် ကင်းလှည့်ထွက်၏။

ဇွန်လ ၃ ရက်နေ့တွင် ဇလွန်၊ သရက်တပင်၊ ကန်ကလေး၊ ဖုတ်လူး၊ ရွာသစ်ရွာများကို အစိုးရတပ်က တိုက်ခိုက်သိမ်းပိုက်လိုက်ပေသည်။

ဇွန်လ ၅ ရက်နေ့တွင် လှချောင်း၊ တောင်ကုန်းရွာများကိုလည်း အစိုးရတပ်က သိမ်းပိုက်လိုက်လေသည်။

လင်းယုန်စစ်ဆင်မှု(ပုပ္ပါးဒေသ)

တောင်သာ၊ကျောက်ပန်းတောင်းနှင့်မိတ္ထီလာအကြားရှိပုပ္ပါးဒေသမှာ ၁၉၄၈ ခုနှစ်မှစ၍ ရဲဘော်ဖြူများလက်တွင်းသို့ ကျရောက်ခဲ့လေသည်။ ၁၉၅၀ ခုနှစ်တွင် ရဲဘော်ဖြူများသည် မုံရွာခရိုင်ယင်းမာပင်နယ်ဖက်သို့ရွှေ့ပြောင်းထွက်ခွါသွားသောအခါ အလံဖြူကွန်မြူနစ်များသည် ပုပ္ပါးဒေသသို့ ဝင်ရောက်လာကြသည်။ သူတို့၏ ဌာနချုပ်ကိုဆင်ကျုံးတွင်ဖွင့်လှစ်ထား၏။ထိုအချိန်မှစ၍ပုပ္ပါးဒေသမှာ အလံဖြူကွန်မြူနစ်များအတွက်အခြေခံစခန်းတခုဖြစ်လာသည်။မိတ္ထီလာ၊ကျောက်ပန်းတောင်းနှင့် တောင်သာတဝိုက်ရှိ မြို့ရွာများမှ ရိက္ခာများကိုလည်းလွယ်လင့်တကူ ရရှိခဲ့သည့်ပြင် ကျောက်ဆည်ခရိုင်အတွင်းရှိ အလံဖြူကွန်မြူနစ်များနှင့်၎င်း၊ ပခုက္ကူခရိုင်အတွင်းရှိ အလံနီများနှင့်၎င်း၊ ယင်းမာပင်ရှိ ရဲဘော်ဖြူများနှင့်၎င်း ဆက်ဆံရေးမှာလွယ်ကူလျက်ရှိပေသည်။ ထိုဒေသတဝိုက်တွင်သောင်းကျန်းသူများ ကြီးစိုးနေသောကြောင့်မိတ္ထီလာ၊ ကျောက်ပန်းတောင်း မြင်းခြံမြို့များ၏ လုံခြုံမှုမှာ များစွာ အနှောင့်အယှက်ပေးနိုင်သဖြင့် ထိုဒေသကို အစိုးရဖက်က ပြန်လည် သိမ်းပိုက်ရန် အရေးကြီးလှပေသည်။ ထိုအပြင် သောင်းကျန်းသူများအား နှိမ်နင်းပြီးသော် ကျောက်ပန်းတောင်း၊ တောင်သာလမ်းကို ပြန်လည်ဖွင့်လှစ်ရန် ရည်ရွယ်ပေသည်။

တပ်မတော်ထိုးစစ်တွင် အဆင့်အားဖြင့် သုံးဆင့်ခွဲထားသည်။ ပါဝင်တိုက်ခိုက်သောတပ်များမှာ အမှတ် ၁ အရေးပေါ်ကချင်တပ်ရင်းမှ တပ်သားများ၊ အမှတ် ၃ ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်သားများ၊ အမှတ် ၆ ခြေလျင်တပ်မဟာမှ တပ်သားများအပြင် လက်ရုံးတပ်များမှ စက်မှုလက်မှုတပ်၊ဗရင်းကယ်ရီယာတပ်နှင့် သံချပ်ကာကားတပ်များပါဝင်ကြသည်။ ပုပ္ပါးဒေသရှိ သောင်းကျန်းသူများ၏ အင်အားမှာ ပြောက်ကျားတပ်များနှင့်တကွ ကာကွယ်ရေးတပ်များပါ စုစုပေါင်း လက်နက်ကိုင် ၇၀၀ ခန့်ရှိသည်ဟုခန့်မှန်းရလေသည်။

လင်းယုန်စစ်ဆင်မှု ပဥ္စမဆင့်ကို ၁၉၅၂ ခု ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်ဆောင်ရွက်သည်။ အမှတ် ၁ စစ်ကြောင်းသည် မိတ္ထီလာမှ ရေဝေကိုဖြတ်၍ ဇရက်ကုန်းသို့ရင်း၊ အမှတ် ၂ စစ်ကြောင်းသည် ရေဝေမှတဆင့် မလှိုင်သို့ရင်း အသီးအသီးချီတက်သွားကြသည်။ ဆိတ်ထိန်းစစ်ကြောင်းသည် မြင်းခြံမှချီတက်လာ၍ ဝဲလောင်ကိုသိမ်းပိုက်လိုက်သည်။ ထိုနောက် လင်းယုန်တပ်ဌာနချုပ်သည် ဝဲလောင်သို့ရောက်ရှိလာသည်။

ဩဂုတ်လ ၁၃ ရက်နေ့တွင် ဇရက်ကုန်းမှ အမှတ် ၁ စစ်ကြောင်းသည် ရေနံ၊ ကျက်ပြစ်၊ တောင်ရိုး၊ ဝက်ချုပ်ကုန်းရွာများကိုချီတက်ရှင်းလင်းပြီးလျှင် လက်ပံဖျားတွင် စခန်းချသည်။ခရီးလမ်းတလျှောက်တွင် သောင်းကျန်းသူများကို မတွေ့ရပေ။ သို့ရာတွင် လမ်းများ ဖျက်ဆီးထားသည်ကို တွေ့ရသည်။ မလှိုင်မှ အမှတ် ၂ စစ်ကြောင်းသည် ကျက်ခင်၊ တဲကြီးတော၊ ကန်ရွာများကိုဖြတ်၍ ဆည်ဒိုအထိ ချီတက်သည်။ လမ်းတွင် သောင်းကျန်းသူများနှင့် လေးကြိမ် တိုက်ပွဲဖြစ်ပွါးသည်။ သောင်းကျန်းသူများဖက်မှ အချို့ဒဏ်ရာရသွားသည်။ ဆိတ်ထိန်းစစ်ကြောင်းသည် ကားလမ်းကို လှည်းဘီးခွေအထိ ရှင်းလင်း၍ကဆတ်ရွာကိုသိမ်းပိုက်လိုက်သည်။ သောင်းကျန်းသူများနှင့် ၁၅ မိနစ်ခန့်တိုက်ပွဲဖြစ်ပွါးလေသည်။

ဩဂုတ်လ ၁၄ ရက်နေ့တွင် လက်ပံဖျားမှ အမှတ် ၁ စစ်ကြောင်းသည် ဝက်ဘားချင်း၊ လွန်းအိုင်စသောရွာများကို ဖြတ်ကျော်၍ နဂါးလယ်ရွာကို သိမ်းပိုက်သည်။ ဆည်ဒိုမှ အမှတ် ၂ စစ်ကြောင်းသည် ဩဇာခြံသို့ချီတက်လာခဲ့ရာ ယာကြီးကုန်းအနီးတွင် သောင်းကျန်းသူများနှင့် တိုက်ပွဲ ဖြစ်ပွါးသည်။ သောင်းကျန်းသူဖက်မှ ၄ ယောက်ကျဆုံး၍ ၁၆ ယောက် ဒဏ်ရာရသွားသည်။ ယာကြီးကုန်းနှင့် ဩဇာခြံရွာများကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ သောင်းကျန်းသူများ၏ အဆောက်အဦနှင့် စစ်တန်းလျားများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ကဘတ်ရွာမှ ဆိတ်ထိန်းစစ်ကြောင်းသည် ဆိတ်ထိန်းကိုသိမ်းပိုက်လိုက်သဖြင့် တပ်ရင်းဌာနချုပ်သည် ဝဲလောင်မှဆိတ်ထိန်းသို့ပြောင်းရွှေ့လာသည်။ အမှတ် ၃ ချင်းသေနတ်ကိုင်တပ်ရင်းမှတပ်သားများသည် လယ်ကြီးကိုသိမ်းပိုက်၍ ကျောက်တံခါးအထိ ကားလမ်းများကို စောင့်ရှောက်ထားသည်။

ဩဂုတ်လ ၁၅ ရက်နေ့တွင် နဂါးလယ်မှ အမှတ် ၁ စစ်ကြောင်းသည် သတင်းအရ ကင်းလှည့်သည်။ သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်ပြီး ထွက်ပြေးသွားကြသည်။ ဩဇာခြံမှအမှတ် ၂ စစ်ကြောင်းသည် သစ်တိန်သို့ချီတက်လာရာ ငွေးညိုဝင်းအရောက်တွင် သောင်းကျန်းသူ ၅၀ ခန့်နှင့် တွေ့၍ တိုက်ပွဲဖြစ်

ပွါးသည်။ တိုက်ပွဲမှာ ၂ နာရီခန့် ကြာ၍ သောင်းကျန်းသူ ၄ ယောက်ကျဆုံးပြီးအများအပြား ဒဏ်ရာရသည်။ တပ်မတော်ချီတက်ရာလမ်းတွင် သောင်းကျန်းသူများသည် တာရှည် မဟန့်တားနိုင်ခဲ့ပေ။ သစ်တိန်နှင့် သပြေကိုင်းကို တပ်မတော်မှ သိမ်းပိုက်လိုက်ပြီး သူပုန်ဆေးရုံနှင့် အဆောက်အဦများကို မီးရှို့ဖျက်ဆီးလိုက်လေသည်။

စစ်ကြောင်းအသီးအသီးတို့သည် မိမိတို့ရောက်ရှိနေသောဒေသတဝိုက်သို့ လျှို
ဝှက်စွာကင်းလှည့်ကြသည်တွင် သောင်းကျန်းသူအချို့ကို ဖမ်းဆီးရရှိသည်။

ဩဂုတ်လ ၁၇ ရက်နေ့တွင် အမှတ် ၁ စစ်ကြောင်းသည် နဂါးလယ်မှ ဆိတ်ထိန်းသို့ချီတက်ရာတွင် ကျောက်ခွက်၌ ဗရင်းကယ်ရီယာတစီးနှင့် ၃ တန်ထရပ်ကား ၁ စီးတွေ့ရှိသဖြင့် ဖျက်ဆီးလိုက်သည်။

အမှတ် ၂ စစ်ကြောင်းသည် သပြေကိုင်းမှ သီးပင်သို့ချီတက်သွားသည်။
အမှတ် ၃ ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲသည် ကျောက်ပန်းတောင်းမှ ချင်းတပ်များနှင့် ပုပ္ပါးရွာတွင် တွေ့ဆုံမိကြသည်။ ကားလမ်းကို ပုပ္ပါးအထိစောင့်ရှောက်ထားလေသည်။

ဩဂုတ်လ ၁၈ ရက်နေ့တွင် အမှတ် ၁ စစ်ကြောင်းသည် ဆိတ်ထိန်းတွင် ယာယီယဆင့် စစ်ဆင်မှုအတွက်ပြင်ဆင်လျက်ရှိသည်။ စစ်တပ်များကိုလည်း "က"၊ "ခ" "ဂ"၊ "ဃ"စသည်ဖြင့် စစ်ကြောင်းလေးကြောင်းဖွဲ့စည်းလိုက်သည်။ အခြား စစ်ကြောင်းများလည်း တတိယဆင့်စစ်ဆင်မှုအတွက် ပြင်ဆင်လျက်ရှိကြသည်။

တတိယဆင့်စစ်ဆင်မှု၏ အစအစဉ်မှာ နဂါးလယ်ဒေသတဝိုက်တွင် ပိုက်စိတ်တိုက်၍ရှင်းလင်းရန်ပင်ဖြစ်သည်။ စစ်ဆင်မှု တတိယဆင့်ကို ဩဂုတ်လ ၂၂ ရက်နေ့တွင်စတင်လေသည်။ သက်ဆိုင်ရာ စစ်ကြောင်း အသီးအသီးတို့သည် တိုက်ကင်းလှည့်ခြင်း၊လမ်းရှင်းလင်းခြင်း၊ သောင်းကျန်းသူများ၏ အဆောက်အဦ စစ်တန်းလျားများကို ဖျက်ဆီးခြင်းစသည်တို့ကို ပြုလုပ်ကြသည်။

ဩဂုတ်လ ၂၂ ရက်နေ့တွင် စစ်ဆင်မှုပြီးဆုံးသွားသဖြင့် စစ်ကြောင်းအားလုံး ညောင်ချိုင်းတွင် ပြန်လည်စုရုံး၍ ဩဂုတ်လ ၂၈ ရက်နေ့တွင် လင်းယုန်စစ်ကြောင်းများသည် မိတ္ထီလာသို့ ထွက်ခွါလာကြသည်။ လင်းယုန်စစ်ကြောင်း စစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ ပုပ္ပါးဒေသတွင် သောင်းကျန်းသူများအား ရှင်းလင်းပစ်ရန်ဖြစ်သည့်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့လေသည်။ လင်းယုန်စစ်ဆင်မှုကြောင့် ပုပ္ပါးဒေသရှိ အလံဖြူကွန်မြူနစ်များ၏ အမှတ် ၆ ခရိုင်ဌာနချုပ်သည် ဖရိုဖရဲကွဲ၍ရေဝတီမြစ်တဖက်ကမ်းသို့ ကစဉ့်ကရဲဆုတ်ခွါထွက်ပြေးကြသည်။

တပ်မတော်ထိုးစစ်သည် သောင်းကျန်းသူများကို အောင်နိုင်လိုက်သည်သာမက ရောက်ရှိရာအရပ်တိုင်းတွင် ရပ်သူရွာသားများ၏ သက်သာချောင်ချိရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သေးသည်။

လင်းယုန်စစ်ဆင်မှုတွင် သောင်းကျန်းသူ ၁၉ ယောက်ကျဆုံး၍ ၂၁ ယောက် ဒဏ်ရာရကာ ၁၅ ယောက် ဖမ်းဆီးမိလေသည်။ ရရှိသော လက်နက်ပစ္စည်းများမှာ ရိုင်ဖယ် ၁၅ လက်၊ စတင်းတလက်၊ ခြောက်လုံးပြူး တလက်အပြင် ကျည်ဆံများ၊ ဗုံးဆံများ အများအပြားပင်ဖြစ်သည်။ ထို့အပြင် ဂျစ်ကား ၃ စီး၊ ၃ တန်ကား ၁ စီး၊ ဗရင်းကယ်ရီယာ ၁ စီး၊ မော်တော်ဆိုင်ကယ်တစီးနှင့် အဆောက်အဦ ၃၈ ခု ကိုလည်း ဖျက်ဆီးနိုင်ခဲ့လေသည်။

ဘုရင့်နောင်စစ်ဆင်မှု
(အမှတ် ၂၄ ခြေလျင်တပ်ရင်းမှ ဦးစီးသည်)

ကူမင်တန်တရုပ်စစ်ပြေးများသည် မောင်းပုအွန်တွင် တပ်စွဲလျက် ပတ်ဝန်းကျင်ဒေသများမှ ရိက္ခာများကို စုဆောင်းနေသည့် အပြင် မောင်းပင်းကိုပင်တိုက်ခိုက်ရန် ခြိမ်းခြောက်လျက်ရှိသည်။ ဘုရင့်နောင် စစ်ဆင်မှု၏ အဓိကရည်ရွယ်ချက်မှာ ထိုတရုပ်စစ်ပြေးတပ်များကို တိုက်ခိုက်ရှင်းလင်းပစ်ရန်ပင်ဖြစ်သည်။

ဘုရင့်နောင်စစ်ဆင်မှုတွင် အဆင့်အားဖြင့် သုံးဆင့်ခွဲခြားထားသည်။ ပဌမ အဆင့်တွင် တပ်မတော်သားအချို့နှင့် ရဲအဖွဲ့ကို မောင်းပင်းသို့ ပို့ထားရန်ဖြစ်သည်။ ဒုတိယဆင့်တွင် မောင်းပင်းကို တိုက်ခိုက်ရန် ကြံရွယ်နေသော တရုပ်ဖြူများအား စတင် တိုက်ခိုက်ရန်ပင် ဖြစ်သည်။ တတိယဆင့်တွင် မောင်းပင်းဒေသတဝိုက်ကို ပိုက်စိတ်တိုက်၍ ရှင်းလင်းရန်ပင် ဖြစ်လေသည်။

ဘုရင့်နောင် စစ်ဆင်မှုတွင် ပါဝင်တိုက်ခိုက်သော တပ်များမှာ အမှတ် ၂၄ ခြေလျင်တပ်ရင်းမှ တပ်သားများ၊ အမှတ် ၁၃ စစ်ရဲတပ်ရင်းမှ တပ်သားများ အပြင် ရဲအဖွဲ့ကလည်း ပါဝင်သည်။ တရုပ် စစ်ပြေး ၂၀၀ ခန့်သည် မောင်းပင်း တောင်ဖက် ၂ မိုင်ခန့်ရှိ ဝမ်နအိုတွင်ရောက်ရှိနေသဖြင့် မောင်းပင်းသို့ စစ်တပ်အင်အား ထပ်မံဖြည့်ထားရသည်။ တပ်မတော်မှ တရုပ်စစ်ပြေးများကို ဖမ်းဆီးရမိစေရန်ထောင်ချောက်များ ထောင်ထားရာ အချို့ကိုဖမ်းဆီးရမိ၏။ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မောင်းပင်းအနောက်ဖက် ၂ မိုင်ခန့်တွင် တရုပ်စစ်ပြေးများနှင့် စတင်၍တိုက်ပွဲဖြစ်ပွါးသည်။

၁၉၅၂ ခု စက်တင်ဘာလ ၁၆ ရက်နေ့တွင် တရုပ်စစ်ပြေး ၃၀၀ ခန့်သည် မောင်းပင်းသို့လာရောက်တိုက်ခိုက်ရာ တပ်မတော်မှ တွန်းလှန်တိုက်ခိုက်လိုက်သဖြင့် တရုပ်စစ်ပြေး သုံးယောက်ကျဆုံးပြီး တောင်ဖက်သို့ဆုတ်ခွါသွားကြသည်။ တရုပ်စစ်ပြေးများစခန်းမှ လဝနှင့် လာဘူးလူမျိုး ငါးယောက်အပြင် တရုပ်စစ်ပြေးတယောက် လာရောက်လက်နက်ချသည်။

ဘုရင့်နောင် စစ်ဆင်မှုအရ မောင်းပင်းအား တိုက်ခိုက်ရန် စုရုံးနေသော တရုပ် စစ်ပြေးများသည် အကျအဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွါထွက်ပြေးကြရသည်။

ဒေါနစစ်ဆင်မှု
အမှတ် ၂ ခြေလျင်တပ်မဟာဌာနချုပ်မှ ဦးစီးသည်

တောင်ငူအနောက်ဖက် ကမ္ဘာ့နီတဝိုက်တွင် အလံဖြူ ကွန်မြူနစ်များသည် ဌာနချုပ်စခန်းများဖွင့်လျက် မီးရထားလမ်းနှင့် ကားလမ်းတို့ကို အမျိုးမျိုးဖျက်ဆီးနှောင့်ယှက်နေကြသည်။ ထိုဒေသများတွင် အောက်မြန်မာပြည် ကွန်မြူနစ်ပါတီဌာနချုပ်ရုံး ဖွင့်လှစ်ထားသည့်ပြင် လက်နက်ရုံများပင်ရှိကြောင်း သိရလေသည။ ဒေါနစစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ ထိုဒေသရှိ သောင်းကျန်းသူများအား တိုက်ခိုက်ရန်အပြင်နောင်တွင်လည်း ထိုဒေသတွင် ခိုအောင်းနိုင်ခွင့်မရအောင် ရှင်းလင်းပစ်ရန်ပင်ဖြစ်သည်။

ချီတက်တိုက်ခိုက်ရမည့်ဒေသသည် ကျယ်ဝန်းလှသဖြင့် သောင်းကျန်းသူများ ပြေးပေါက်မရှိအောင် တိုက်ခိုက်နိုင်ရန်အတွက် ထိုးစစ်ကြောင်းကို သုံးကြောင်းခွဲ၍ ချီတက်ရန်စီစဉ်ရလေသည်။ ပဌမစစ်ကြောင်းမှာ ဇော်စစ်ကြောင်းဖြစ်၍ ခရီးရှည် ထိုးဖောက်တိုက်ခိုက်ရမည့်စစ်ကြောင်းလည်းဖြစ်သည်။ ထိုစစ်ကြောင်း၏ တာဝန်မှာကွန်မြူနစ်တို့၏ တတိယနယ်မြေဖြစ်သော ကရင်ရွာနှင့် ဂျီဟောက်ဒေသတဝိုက်သို့တိုးဖောက်ဝင်ရောက်ပြီးလျှင် ထိုဒေသရှိ ကွန်မြူနစ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ထားရန်ပင်ဖြစ်သည်။ ဒုတိယစစ်ကြောင်းမှာ လှတပ်ဖွဲ့ဖြစ်သည်။ ထိုစစ်ကြောင်းမှာ ထိုးစစ်ဆင်တပ်မကြီးဖြစ်သည့်အလျောက် ကွန်မြူနစ်တို့၏ ဒုတိယနယ်မြေဖြစ်သော သရက်ကုန်းနှင့် ဆီဆုံကုန်းဒေသရှိ စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်ပင်ဖြစ်သည်။ တတိယစစ်ကြောင်းမှာ ဖြတ်တောက်ရေးစစ်ကြောင်းဖြစ်သည်။ ထိုစစ်ကြောင်း၏ တာဝန်မှာ စပါးကြွယ်ဒေသတဝိုက်တွင် တိုက်ခိုက်

ရှင်းလင်းရန်နှင့် ဆုတ်ခွါလာမည့် သောင်းကျန်းသူများကို တားဆီးပိတ်ဆို့ထားရန် ပင်ဖြစ်သည်။

၁၉၅၂ ခု ဇူလိုင်လ ၅ ရက်နေ့တွင် ဇော်တပ်ဖွဲ့သည် တောင်ငူမှ စတင်ထွက်ခွါသည်။ ဇူလိုင်လ ၆ ရက်နေ့တွင် လှတပ်ဖွဲ့သည် တောင်ငူမှ ချီတက်လာပြီးလျှင် ရေနံအနောက်ဖက်ရှိ ရွာများကို ဖြတ်ကျော်သိမ်းပိုက်လိုက်လေသည်။ လမ်းခရီးတွင် သောင်းကျန်းသူများက အနည်းငယ်ခုခံ၍ ဆုတ်ခွါထွက်ပြေးလေသည်။ ထိုနေ့မှာပင် ဇော်စစ်ကြောင်းသည် ကွန်မြူနစ်တို့၏ ဆင်စခန်းတခုကိုသိမ်းပိုက်လိုက်ရ ဆင်သုံးကောင်ဖမ်းဆီးရရှိလေသည်။ ထိုနေ့တွင်ပင် ဂျီဟောက်ဒေသကို သိမ်းပိုက်လိုက်ပြန်သည်။ ကရင်ရွာဖက်သို့ ဆက်လက်ချီတက်တိုက်ခိုက်ရာတွင် လက်နက်မျိုးများလည်းမတွေ့ရပေ။ သောင်းကျန်းသူစခန်းများတွင်လည်း စာရွက်စာတမ်းများ၊ လက်နှိပ်စက်အချို့နှင့် ပုံနှိပ်စက်အချို့အပြင် အသံချဲ့စက်နှင့် ဝိုင်ယာကြိုးများကို သာတွေ့ရလေသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် သပြေကုန်း၌ စခန်းချနေသော လှတပ်ဖွဲ့ကို သောင်းကျန်းသူများက လာရောက်တိုက်ခိုက်သဖြင့် တိုက်ပွဲဖြစ်ပွါးရာ ၃ နာရီခန့်ကြာသည်။ ပိုက်ပွဲတွင် သောင်းကျန်းသူများဖက်မှ ၅ ယောက်ဒဏ်ရာရရှိသွားသဖြင့် ဆုတ်ခွါပြေးကြသည်။ နောက်နေ့တွင် လှတပ်ဖွဲ့သည် ကုန်းတန်းသို့ ဆက်လက်ချီတက်ရာလမ်းခရီးတွင် အနည်းငယ်ခြောင်းမြောင်းပစ်ခတ်မှုမှတပါး အခြား ခုခံမှုများမတွေ့ရပေ။ သိမ်းပိုက်မိသော သောင်းကျန်းသူစခန်းမှ ရုံးအဆောက်အဦနှင့် ဆေးရုံများကို ဖျက်ဆီးလိုက်လေသည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ဖြတ်တောက်ရေးစစ်ကြောင်းသည် ဗိုလ်ကတော်ရွာတဝိုက်တွင် ဆက်လက်၍ရှင်းလင်းလိုက်သည်။ ဤသို့ဖြင့် တပ်မတော်သည် စပါးကြွယ်၊ တဘက်ကျွေ၊ ရွှေလောင်း၊ တောင်ဘိုလှ၊ ကျောက်တန်း အစရှိသောရွာများကိုစစ်ကြောင်းများခွဲ၍ သိမ်းပိုက်လိုက်လေသည်။ လမ်းခရီးတွင် သောင်းကျန်းသူများသည် တပ်မတော်အား အလုံးအရင်းနှင့် ခုခံတိုက်ခိုက်သည်ကို မတွေ့ရပေ။ တပ်မတော်သည်ရောက်လေရာ အရပ်တိုင်းတွင် တရားဟောပွဲများကျင်းပခြင်း၊ စာရွက်စာတမ်းများဝေငှခြင်း၊ ဆေးများထိုးပေးခြင်းစသော လူထုအကျိုးသက်ရောက်မည့်ကိစ္စများကိုဆောင်ရွက်ခဲ့လေသည်။

တောင်ငူခရိုင်အနောက်ဖက်ဒေသတွင် အခြေခံစခန်းများပြုလုပ်လျက် ကြီးစိုးနေကြသောကွန်မြူနစ်များသည် ဒေါနစစ်ဆင်မှုကြောင့် ဖရိုဖရဲပြိုကွဲ၍ ဆုတ်ပြေးကြရလေသည်။ဒေါနစစ်ဆင်ရေးတွင် သောင်းကျန်းသူများကျဆုံး၍ အချို့ ဒဏ်ရာ

ရကာ အချို့ကိုဖမ်းဆီးမိလေသည်။ တပ်မတော်မှသိမ်းဆည်းရမိသော ပစ္စည်းများမှာ လက်နက်ခဲယမ်းမီးကျောက်များအပြင် အသံချဲ့စက်၊လက်နှိပ်စက်၊စာပုံနှိပ်စက်၊ ဂျစ်ကားများနှင့် ဆင် ၆ ကောင်ပါဝင်လေသည်။

အောင်လံစစ်ဆင်မှု

(အမှတ် ၈ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

အစိုးရတပ်များ သိမ်းပိုက်ထားသော တဲကြီးကုန်းနှင့် အပင်နှစ်ဆယ်ကို ကေအင် ဒီ အိုများ လာရောက်တိုက်ခိုက်ရာ စံနစ်တကျ တွန်းလှန် တိုက်ခိုက်လိုက်သဖြင့် ခုံးမချောင်းတောင်ဖက်တွင် သွားရောက်စုရုံးနေကြသည်။ သူတို့သည် အခွင့်ကောင်းရပါက ပုသိမ်၊ ဟင်္သာတမီးရထားလမ်းတလျှောက်ရှိ အစိုးရကင်းစခန်းများကို ထိပါးနှောင့်ယှက်မည်ကို စိုးရိမ်ရသဖြင့် တိုက်ခိုက်ရှင်းလင်း၍ ချေမှုန်းပစ်ရန်လိုပေသည်။ အောင်လံစစ်ဆင်ရေးမှာ အဆိုပါဒေသများကို ရှင်းလင်းပစ်ရန်ပင် ဖြစ်လေသည်။

အောင်လံစစ်ဆင်မှု ပဌမဆင့်တွင် တပ်မတော်သည် တဲကြီးကုန်းမှ စတင်ချီတက်၍ ကွင်းသာ၊ တစ်တီတူးချောင်းနှင့် မကုကျွန်းရွာများကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။ ဒုတိယဆင့်တွင်ပင် မြောင်းကြီးဖျားမှ ချီတက်လာသောစစ်ကြောင်းသည် ပေါက်ပင်ကွင်း၊ တောင်ယာကုန်း၊ စပ်ချောင်း၊ ဘူးတက်၊ အရိုးဒချောင်းနှင့် ကရင်နီကုန်းအစရှိသောရွာများကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်လေသည်။

၁၉၅၂ ခု သြဂုတ်လ ၈ ရက်နေ့တွင် အောင်လံစစ်ကြောင်းသည် တဲကြီးကုန်းမှစတင်ချီတက်သည်။ ထိုနေ့မှာပင် ကုန်းကလေး၊ ကွင်းသာ၊ ဒိုးပင်ဆိပ် တစ်တီတူးချောင်းနှင့် မကုန်းချောင်းရွာများကို သိမ်းပိုက် လိုက်လေသည်။ တစ်တီတူးချောင်းတွင် ကေအင်ဒီအို များက အပြင်းအထန် ခုခံသော်လည်း ကြာရှည်စွာ မခုခံနိုင်ဘဲ အများအပြားကျဆုံးသဖြင့် ဆုတ်ခွါထွက်ပြေးသွားကြသည်။

သြဂုတ်လ ၉ ရက်နေ့တွင် အောင်လံစစ်ကြောင်းသည် မကုကျွန်း၊မင်းသားပုန်း၊ မြောင်းကြီးဖျား၊ခုံးမချောင်း၊စပ်ချောင်း အစရှိသောရွာများကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။မြောင်းကြီးဖျားတွင် ကေအင် ဒီ အိုများ အနည်းငယ်ခုခံသည်ကို တွေ့ရသည်။ သြဂုတ်လ ၁၀ ရက်နေ့တွင် တပ်မတော်သည် အရိုးဒချောင်းကို ဆက်

လက်သိမ်းပိုက်လိုက်ပြီး ပတ်ဝန်းကျင်ဒေသကိုကင်းလှည့်၍ ရှင်းလင်းသည်။ ကရင်နီကုန်းသို့ ဆက်လက် ချီတက်ရာတွင် ရေတပ်မတော်ကလည်း ကူညီလေသည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကရင်နီကုန်းကို တပ်မတော်မှ အောင်မြင်စွာ သိမ်းပိုက်လိုက်လေသည်။ထိုရွာတွင် ကေ အင် ဒီ အို များက အပြင်းအထန်ခုခံကြသေးသော်လည်း ၅ ယောက်ကျဆုံးပြီးလျှင် ဆုတ်ခွါထွက်ပြေးသွားသည်။ သူတို့ ဆုတ်ခွါရာလမ်းအတိုင်း တပ်မတော်က လိုက်လံတိုက်ခိုက်သိမ်းပိုက်သည်။ ထိုကဲ့သို့တပ်မတော်က ချီတက်တိုက်ခိုက်ရာတွင် ရေတပ်မတော်ကလည်း ကေ အင် ဒီ အို စခန်းများကို အမြောက်များဖြင့်ဖို့ခွင်းပေးသည်။ ဩဂုတ်လ ၁၃ ရက်နေ့တွင် အောင်လံစစ်ဆင်မှုမှာ အောင်မြင်စွာ ပြီးဆုံးသွားလေသည်။

ဇေယျာစစ်ဆင်မှု

(အမှတ် ၈ တပ်မဟာမှဦးစီးသည်)

ပုသိမ်မြို့အရှေ့ဖက် ပေပင်ချောင်းရိုးတလျှောက်တွင် အခြားခရိုင်များမှ ထွက်ပြေးလာကြသော ကေ အင် ဒီ အို များသည် စုရုံးရောက်ရှိလာကြကာ ယိုဒေသ တဝိုက်ဘွင် သွားလာလှုပ်ရှားနေကြသည်။ ဇေယျာစစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ အဆိုပါဒေသရှိ ကေ အင် ဒီ အို စခန်းများကို တိုက်ခိုက်သိမ်းပိုက်၍ ကျေးရွာကာကွယ်ရေးအတွက် ပြန်လည်စီစဉ်ပေးရန်ပင်ဖြစ်သည်။

ဩဂုတ်လ ၁၀ရက်နေ့တွင် ဇေယျာစစ်ကြောင်းသည် ကျိုက်လတ်ကမ်းသို့တက်ရောက်လာသည်ဘွင် ကေ အင် ဒီ အိုများကဆီးကြိုပစ်ခတ်လေသည်။သို့ရာတွင် ခုခံမှုမှာ တာမရှည်ဘဲ သူတို့သည် ကျီတောဖက်သို့ဆုတ်ခွါသွားကြသည်။တပ်မတော်မှ တံခွန်တိုင်တဝိုက်ဘွင် ကင်းလှည့်လည်နေစဉ် ရေတပ်မတော်မှ ကျီတောနှင့်ကြူချောင်းရွာများကို အမြောက်နှင့် ဖို့ခွင်းပေးလျက်ရှိသည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ဇေယျာစစ်ကြောင်းသည် လက်တို၊ ပေပင်ချောင်းတလျှောက် ကျုံကရင်ရွာအထိချီတက်ရှင်းလင်းလိုက်သည်။ ရေတပ်မတော်မှ အုန်းပင်ဆိပ်နှင့် ပေပင် စာဖြူစုရွာများကို အမြောက်ဖြင့်ဖို့ခွင်းပေးလေသည်။

တပ်မတော်မှ ချီတက်တိုက်ခိုက်သော လမ်းတလျှောက်တွင် ပြင်းထန်သောခုခံမှုများကိုမတွေ့ရပေ။ ကျောင်းစု၊ ထန်းပင်၊ ဘဲကရက်ကြီးနှင့် လေပွေချောင်းစသောရွာများတဝိုက်တွင်လည်း ကင်းလှည့်ရှင်းလင်းလိုက်လေသည်။ဤဇေယျာစစ်ဆင်မှုမှာ ရည်မှန်းထားသည့်အတိုင်း ပေပင်ချောင်းရိုးတလျှောက်တွင် လှုပ်ရှား

သွားလာနေသော ကေ အင် ဒီ အို များကို တိုက်ခိုက်မောင်းနှင်ထုတ်နိုင်ခဲ့သဖြင့် အောင်မြင်မှု ရရှိခဲ့ပေသည်။

သီတာ စစ်ဆင်မှု

အမှတ် ၈ ခြေလျင်တပ်မဟာမှဦးစီးသည်

ဝန်မြစ်ကြောင်းတလျှောက်တွင် ကေ အင် ဒီအို များနှင့် အလံဖြူကွန်မြူနစ်သောင်းကျန်းသူများစုရုံးနေကြသဖြင့် ဝန်မြစ်ရေကြောင်းခရီးမှာ အန္တရာယ်များလျက်ရှိသည်။ သီတာစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ တပ်မတော်သည် မိုးရာသီဥပင်သောင်းကျန်းသူများကို စွန်းလွန်တမံ ချီတက်တိုက်ခိုက်နိုင်ကြောင်းကိုပြ၍ ဝန်ရေကြောင်းလမ်းကို ရှင်းလင်းရန်ပင်ဖြစ်သည်။ ဝန်မြစ်ကြောင်းတလျှောက်တွင်သောင်းကျန်းသူများ၏အင်အားမှာ ကေ အင် ဒီ အို တပ်ခွဲ ၁ ခွဲခန့်ရှိသည်။ ကွန်မြူနစ်များ ၂၀၀ ခန့်ရှိသည်ဟုသိရလေသည်။

၁၉၅၂ ခု ဩဂုတ်လ ၂၈ ရက်နေ့တွင် သီတာစစ်ကြောင်းသည် ညောင်ချောင်းမှစ၍ ချီတက်လာရာ ဘုရားကုန်းသို့ ရောက်ရှိလာသည်။ တပ်မတော်ချီတက်ရာလမ်းခရီးတွင် သောင်းကျန်းသူများသည် ရင်ဆိုင်ခုခံမတိုက်ခိုက်ဝံ့ကြဘဲ ဆုတ်ခွါထွက်ပြေးကြလေသည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် သီတာစစ်ကြောင်းသည် အိမ်သာဖြူသို့ ချီတက်သည်။ ရေတပ်မတော်မှလည်း သောင်းကျန်းသူများစုရုံးနေသောဒေသများကို အမြောက်ဖြင့်ဖို့ခွင်းပေးသည်။ ထိုနေ့မှာပင် တပ်မတော်သည် အိမ်သာဖြူကို အခုအခံမရှိဘဲသိမ်းပိုက်လိုက်လေသည်။ ခမောက်စုမှ အစိုးရတပ်သည် ကေ အင် ဒီ အို များ တပ်စွဲထားသော မရမ်းအိုင်၊ ပြောင်းခင်း၊ အချုပ်ကလေး၊ အချုပ်ကြီးရွာများကို ရှင်းလင်းတိုက်ခိုက် သိမ်းပိုက်လိုက်လေသည်။

သီတာစစ်ဆင်မှုမှာ ၁၉၅၂ ခု စက်တင်ဘာလ တရက်နေ့တွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။ သီတာစစ်ဆင်မှု၏ရည်ရွယ်ချက်မှာ သောင်းကျန်းသူများကို တိုက်ခိုက်ရှင်းလင်းရုံသာမက သူတို့အခြေအနေအင်အား စသည်တို့ကိုပါ ထောက်လှမ်းရန်ဖြစ်သည်။ ဤသီတာစစ်ဆင်မှုဖြင့် သောင်းကျန်းသူများ၏ အခြေအနေကိုကောင်းစွာ သိရှိခဲ့ရသဖြင့် ထိုဒေသကို ၁၉၅၂ ခု စက်တင်ဘာလ ၁၂ ရက်နေ့တွင် ပြည်တော်သာစစ်ဆင်မှုဖြင့် ဆက်လက်ချေမှုန်းပြန်သည်။ ထိုပြည်တော်သာစစ်ဆင်မှုကို တနေရာတွင်ဖော်ပြထားသည်။

သာယာရွှေပြည်စစ်ဆင်မှု

(တောင်ပိုင်း စစ်ဌာနချုပ်မှဦးစီးသည်)

သာယာရွှေပြည်စစ်ဆင်မှုမှာ မြစ်ဝကျွန်းပေါ်ဒေသရှိ ကေ အင် ဒီ အိုစခန်းများကို ဖြိုခွဲတိုက်ခိုက်ဖျက်ဆီးရန်ပင်ဖြစ်သည်။ အမှတ် ၆ ကော်သူလေးတပ်မဟာမှူး စောစီးပလိန်း၏ လက်အောက်တွင် အမှတ် ၂၂ သူပုန် တပ်ရင်းနှင့် အမှတ် ၁၇ သူပုန်တပ်ရင်းများရှိကြသည်။သူ၏ဌာနချုပ်ကိုဆင်တဲစခန်းတွင်ထားရှိလေသည်။ အမှတ် ၂၂ တပ်ရင်းတွင် အင်အား ၄၀၀ ခန့်ရှိ၍ နေရာအနှံ့အပြားတွင် ထားရှိသည်။ ထိုတပ်မှတပ်ခွဲတခုကို ရန်ကုန်မြို့သို့ရေပေးသွင်းလျက်ရှိသော ဂျိုးဖြူရေပိုက်ကို ဖျက်ဆီးရန် တာဝန်ပေးထားသည်။ အမှတ် ၁၇ တပ်ရင်းမှာ အင်အား ၁၀၀ ခန့်သာရှိသည်ဟု သိရသည်။ အမှတ် ၁ ကော်သူလေး မြစ်ဝကျွန်းပေါ် တပ်မဟာမှူး ဗိုလ်ကျော်မြသန်းမှာ ဌာနချုပ်ကို ကျွဲမကိုင်တွင် ဖွင့်လှစ်ထားပြီး သူ့လက်အောက်တွင် အမှတ် ၁၊ ၁၆၊ ၈ တပ်ရင်း ၃ ရင်း ရှိသည်။ ထိုတပ်များကိုလည်း နေရာအနှံ့အပြား ချထားသည်ဟု သိရလေသည်။ အမှတ် ၁ တပ်ရင်းမှာ အင်အား ၄၀၀ ခန့် ရှိသည်။ အမှတ် ၁၆ တပ်ရင်းသည် အင်အား ၂၀၀ ခန့် ရှိသည်။ အမှတ် ၁၈ တပ်ရင်းမှာ ၃၅၀ ခန့်ရှိသည်။ စောစိန်ညို အုပ်ချုပ်သော အမှတ် ၂၃ မြစ်ဝကျွန်းပေါ် တပ်ရင်းမှာ အင်အား ၃၀၀ ခန့်ရှိသည်။

ဤစစ်ဆင်မှုမှာ မိုးရာသီအခက်အခဲကြောင့် သံချပ်ကာကားများ၊ လေယာဉ်များကို များစွာ အသုံးချခွင့်မရဘဲ ခြေလျင်တိုက်ပွဲများသာ တိုက်ခိုက်ရန် ဖြစ်သည်။ တပ်မတော်ထိုးစစ်ကို အဆင့် ငါးဆင့် ခွဲခြားထားသည်။ ပဌမဆင့်တွင် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ဆင်တဲစခန်းကို သိမ်းပိုက်ရန်ပင်ဖြစ်သည်။ ချီတက်ရာလမ်းတွင်လည်း သောင်းကျန်းသူစခန်းများကို ချေမှုန်းရန်လိုပေသည်။

၁၉၅၂ ခု စက်တင်ဘာလ ၁၂ ရက်နေ့တွင် တပ်မတော်သည် ပျဉ်းမအိုင်၊စမ်းကလေး၊ ကြွတ်ချောင်း၊ ကျောင်းကုန်းရွာများကို ဝင်ရောက်တိုက်ခိုက်သည့်ပြင် ဆင်တဲစခန်းကိုလည်း သိမ်းပိုက်လိုက်လေသည်။ ထိုစခန်းတွင် ရိုင်ဖယ်များ၊မြေမြှုပ်ဗုံးများအပြင် ရိက္ခာများကိုလည်း ရရှိလိုက်သည်။ စက်တင်ဘာလ ၁၅ ရက်နေ့တွင် တပ်မတော်သည် ဂျိုးဖြူရေပိုက်လိုင်းတလျှောက်တွင် ကင်းလှည့်ရာ သောင်းကျန်းသူများကို မတွေ့ရပေ။ ထိုနေ့မှာပင် ကလောမြောင်ကို တိုက်ခိုက် သိမ်းပိုက်လိုက်သည်။

ဒုတိယဆင့်တွင် ညောင်ပင်ဇင်း၊စမ်းဘုတ်နှင့် ကျွဲမကိုင် စခန်းများတွင်ရှိသော

ကေ အင် ဒီ အို တပ်များကို ချီတက်တိုက်ခိုက်ရန်ဖြစ်သည်။ ၁၉၅၂ ခု စက်တင်ဘာလ ၁၇ ရက်နေ့တွင် တပ်မတော်သည် ကေ အင် ဒီ အို အမှတ် ၁ မြစ်ဝကျွန်းပေါ် တပ်ရင်းဌာနချုပ် ဖွင့်လှစ်ထားသော ညောင်ပင်ဇင်းကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုတိုက်ပွဲတွင်လက်နက်များနှင့်တကွ စာရွက်စာတမ်းများကိုလည်း ရရှိလိုက်သည်။

တတိယဆင့်တွင် ပဌမဆင့် စစ်ဆင်မှုကြောင့် ဆုတ်ခွါထွက်ပြေးကြသော ကေ အင် ဒီ အို များသည် အုံးနှဲပင်တွင် စုရုံးနေကြသည်ဟုသိရသဖြင့် ထိုဒေသကို တိုက်ခိုက်ရန်ပင်ဖြစ်သည်။ ၁၉၅၂ ခု စက်တင်ဘာလ ၂၃ ရက်နေ့တွင် တပ်မတော်သည် အုံးနှဲပင်၊လယ်ဇဒုံနှင့် ဝါးနက်ချောင်းတို့ကို ချီတက်တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ဆုတ်ခွါပြေးကြသော ကေ အင် ဒီ အို များသည် တောင်ကုန်းတခုမှနေ၍ အပြင်းအထန် ခုခံသေးသည်။ သို့ရာတွင် တပ်မတော်၏ ထိုးစစ်ကို မခံနိုင်ဘဲ ဇောင်းတူဖက်သို့ ထွက်ပြေးကြသည်။

စတုတ္ထဆင့်တွင် မိုးညိုဒေသတဝိုက်ရှိ ကေ အင် ဒီ အို စခန်းများကိုတိုက်ခိုက်ချေမှုန်း၍ ၁၉၅၂ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် တပ်မတော်သည် ဝဲကြီး၊ စပယ်မြောင်၊ ဝန်လိုသိုက်နှင့် ညောင်ပင်ကာပ်ရွာများကို ချီတက်၍သိမ်းပိုက်လိုက်သည်။ ရေတပ်မတော်ကလည်း ကေ အင် ဒီ အိုများစုဝေးရာဒေသများသို့ အမြောက်ဖြင့်ပစ်ခွင်းခဲ့သဖြင့် သောင်းကျန်းသူများ၏စိတ်ဓါတ်သည် ကျဆင်းလျက်ရှိ၏။ ကေ အင် ဒီ အို တပ်သားအချို့လက်နက်ချကြသည်ကိုလည်း တွေ့ရသည်။စက်တင်ဘာလ ၂၀ ရက်နေ့တွင် တပ်မတော်သည် ထန်းပင်ကုန်း၊ ရွာသစ်၊ ကျည်းပင်တက်၊ကျည်းတုံးလဲ စသောရွာများကို သိမ်းပိုက်လိုက်ပြန်သည်။

ပဉ္စမဆင့်ကို ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ မှ ဦးစီးသည်။ ပဉ္စမဆင့်၏ ရည်ရွယ်ချက်မှာ တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ဇောင်းတူဖက်သို့ ထွက်ပြေးခိုအောင်းနေကြသော ကေ အင် ဒီ အို များကို လိုက်လံ တိုက်ခိုက်ရန်ပင် ဖြစ်လေသည်။

၁၉၅၂ ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပြောက်ကျားတပ်များသည် နတ်စက်တမာပင်၊ ကျောက်လုံးကြီး၊ ကုဒေါင် စသောရွာများကို စတင်တိုက်ခိုက်ရာ စက်တင်ဘာလ ၃၀ ရက်နေ့တွင်အောင်မြင်စွာသိမ်းပိုက်လိုက်သည်။စက်တင်ဘာလ ၃၀ ရက်နေ့တွင် တပ်မတော်သည် ဇောင်းတူဒေသတဝိုက်ကို ချီတက်တိုက်ခိုက်သည်။ ကေ အင် ဒီ အို ၅၀ ခန့် အနည်းငယ်ခုခံတိုက်ခိုက်သေးသည်။ ထိုနေ့မှာပင် တပ်မတော်သည် ဇောင်းတူ၊ လက်ပံချောင်းဝ၊ မန်ကျည်းကုန်း၊ဝက်ကျ၊ အိုင်ကြီးဒေါင့်၊ သဲဖြူရွာများကို သိမ်းပိုက်လိုက်သည်။

ဤသာယာရွှေပြည်စစ်ဆင်မှုမှာ သာယာဝတီ၊ဟင်္သာတ၊အင်းစိန် စသော ခရိုင်များအတွင်းတွင် အလွန်ကျယ်ပြန့်စွာစစ်ဆင်ရသဖြင့် အဆင့်ဆင့် ခွဲခြား၍ တိုက်ခိုက်ရခြင်းဖြစ်ပေသည်။ သို့ရာတွင်သောင်းကျန်းသူများကို အနားမပေးဘဲ တဆင့်ပြီးတဆင့်ဆက်တိုက်နိုင်ခဲ့သဖြင့် ရည်ရွယ်ချက်အတိုင်း အောင်မြင်ခဲ့လေသည်။ သာယာရွှေပြည်စစ်ဆင်မှုတွင် သောင်းကျန်းသူ အများအပြား ကျဆုံးဒဏ်ရာရကာ အချို့ကို ဖမ်းဆီးမိသည်။ ရရှိသော လက်နက်ပစ္စည်းများမှာလည်း များပြားလှပေသည်။

ပြည်တော်သာ စစ်ဆင်မှု

(အမှတ် ၈ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

ပြည်တော်သာစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ သီတာစစ်ဆင်မှုအပြီးတွင် ပြန်လည် လှုပ်ရှားလာသော ဝေန်မြစ်ရိုးတလျှောက်မှ သောင်းကျန်းသူများအား ဆက်လက် ချေမှုန်းရန်နှင့် သူတို့လက်တွင်းသို့ ကျရောက်နေသော သာပေါင်းကို ပြန်လည်သိမ်းပိုက်ရန်ပင် ဖြစ်လေသည်။

ပြည်တော်သာစစ်ဆင်မှုကို နှစ်ဆင့်ခွဲ၍တိုက်ခိုက်ရန် စီစဉ်ခဲ့၏။ ပဌမဆင့်တွင် သာပေါင်း၊ ဇီးဖြူကွင်းနှင့် ကျောက်ချောင်းကြီးတို့ကို သိမ်းပိုက်ရန်ဖြစ်၍ ဒုတိယဆင့်တွင်အလုံးအရင်းဖြင့် ငသိုင်းချောင်းသို့ အောင်လံလွှင့်ချီတက်ရန်ပင် ဖြစ်လေသည်။

၁၉၅၂ ခု စက်တင်ဘာလ ၁၂ ရက်နေ့တွင် ပြည်တော်သာ စစ်ကြောင်းသည် ပုသိမ်မှ စတင်ချီတက်လာသည်။ လမ်းခရီးတလျှောက်တွင် စက်မှုလက်မှုတပ်မှ သောင်းကျန်းသူများ ထောင်ထားသော ဆူးငြောင့်နှင့် ဗုံးများကို ရှင်းလင်းပေးသည်။ ထိုနေ့မှာပင် နံ့နံ့ပင်ကုန်းနှင့် သာပေါင်းကို အခုအခံမရှိဘဲ သိမ်းပိုက်လိုက်သည်။ သာပေါင်းတွင် တပ်မတော်သည် လူထုတရားပွဲများကျင်းပ၍ ရှင်းလင်းဟောပြောခဲ့သေးသည်။ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဇီးဖြူကွင်းကို သိမ်းပိုက်သည်။ ပြည်တော်သာစစ်ကြောင်း ချီတက်တိုက်ခိုက်ရာတွင် ရေတပ်မတော်မှလည်း သောင်းကျန်းသူများစုရုံးနေမည့်ဒေသများသို့အမြောက်ဖြင့်ဖို့ခွင်းပေးသည်။စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရေတပ်မတော် အကူအညီဖြင့် ကျောက်ချောင်းကြီးကိုသိမ်းပိုက်လိုက်သည်။ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဘုရားကုန်းကို ဆက်လက်သိမ်းပိုက်လိုက်သည်။ ဤပြည်တော်သာ စစ်ဆင်မှုတွင် သောင်းကျန်းသူများသည်

တပ်မတော်ကို ရင်ဆိုင်မခုခံဝံ့ကြဘဲ ဆုတ်ခွာ ထွက်ပြေးကြသည်။ စစ်ဆင်မှုမှာ ရည်ရွယ်ချက်အတိုင်း အောင်မြင်ထမြောက်ခဲ့သည့်ပြင် တပ်မတော်ရောက်ရှိရာ ကျေးရွာများက လူထု၏စိတ်ဓာတ်သည်လည်း အစိုးရအပေါ် အားကိုးမှီခိုလိုစိတ်များ ဖြစ်ပေါ်လာရုံတွင်မက သောင်းကျန်းသူများ၏ မဟုတ်မတရားဝါဒဖြန့်မှုများကိုပါ သဘောပေါက်နားလည်လာကြသည်။

မိုးကြိုး စစ်ဆင်မှု

(ရှမ်းပြည်တောင်ပိုင်း အမှတ် ၄ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

ရှမ်းပြည်တောင်ပိုင်း နမ်းပွန်ချောင်းရိုးတလျှောက်တွင် သောင်းကျန်းသူများ စုရုံးနေကြကာ၊ ဟိုပုံး၊ စမ်းယင်၊ ဆီဆိုင် ကားလမ်းတလျှောက်၌ အန္တရာယ်ပြုလျက်ရှိကြသည်။ သောင်းကျန်းသူများသည် နမ်းပွန် ချောင်းရိုးအနောက်ဖက်နှင့် နမ်းပေါင်ချောင်းရိုးအရှေ့ဖက်တို့တွင် စခန်းပြုလျက်နေကြသည်။ နန်းပင်၊ ဖားစမ်း၊ ဟိုနမ်း၊ကန်တူလွန်းစသောစခန်းများတွင် သောင်းကျန်းသူများပေါင်းစုံ နေထိုင်လျက်ရှိကြ၏။ယင်းတို့အနက် ပဒေါင်း၊ကော အင် ဒီ အိုးတောင်သူများအပြင် ကူပင်တန်တရုပ်ဖြူများလည်း ပါဝင်လေသည်။ ထို့အပြင် မိုးနဲ၊ လမ်းခိုနှင့် မောက်မယ်ဒေသဘက်တွင် ခေးပြဂိုဏ်းကြီးတခုလည်း ထကြွသောင်းကျန်းလျက် ရှိသည်။

မိုးကြိုးစစ်ဆင်မှု၏ရည်ရွယ်ချက်မှာ အထက်ဖော်ပြပါစခန်းရှိ သောင်းကျန်းသူများကို •လိုက်လံတိုက်ခိုက်၍ သူတို့၏ စခန်းများကို ချေမှုန်းဖျက်ဆီးရန်ပင်ဖြစ်ပေသည်။ တပ်မတော်က ချီတက်တိုက်ခိုက်ရာတွင် သံချပ်ကာ ကားတပ်ပါဝင်သည့်အပြင် ထိုဒေသတွင် တပ်စွဲထားသော အမှတ် ၁၃ နှင့် အမှတ် ၇ စစ်ရဲတပ်မှလည်း အကူအညီရရှိပေသည်။ ကျေးရွာပြောက်ကျားများ၏ အကူအညီလည်း ရရှိသေးသည်။ ဤမိုးကြိုးစစ်ဆင်မှုကို အဆင့်အားဖြင့် သုံးဆင့်ခွဲ၍ တိုက်ခိုက်သည်။

၁၉၅၂ ခု အောက်တိုဘာလ ၁၄ ရက်နေ့တွင် မောက်မယ်မှ အမှတ် ၁၃ တပ်ရင်းမှစစ်ရဲများသည် လုံးမတ်ဖယ်ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။အမှတ် ၇ စစ်ရဲ တပ်ရင်းမှ ဝမ်စလောင်တောင်ကို သိမ်းပိုက်သည်။ ထိုနေ့မှာပင် တပ်မတော်သည် လွိုင်တိုင်နှင့် ပေါင်ယမ်းကို အခုအခံမရှိဘဲ သိမ်းပိုက်လိုက်သည်။ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကုန်ဝါတန်း၊ တီးစမ်ခမ်း၊ ထမ်းဆေး၊ဟိုနမ်

စသည်တို့ကိုသိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် သောင်းကျန်းသူ တောင်သူအချို့ လက်နက်ချကြသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပန်တလွှာ၊ ထီးတမ့န်း၊ ပုရာဆမ်၊ ထီးတတိုးတို့ကို အောင်မြင်စွာသိမ်းပိုက်လိုက်သည်။

ဤကဲ့သို့ မိုးကြိုးစစ်ဆင်မှုကို မူလက စီစဉ်ခဲ့သည့်အတိုင်း တိုက်ခိုက်လျက်ရှိရာ သောင်းကျန်းသူများ၏ ရွှေလျားလှုပ်ရှားမှုတို့မှာ တမျိုးတဖုံ ပြောင်းလဲလာကြပြန်သဖြင့် တပ်မတော်၏ ထိုးစစ် အစီအစဉ်ကိုလည်း ပြောင်းလဲ၍ တိုက်ခိုက်ကြရပြန်သည်။ သောင်းကျန်းသူများသည် ကျောက်တလုံးတောင်ဖက်တွင် စုရုံးရောက်ရှိနေသဖြင့် တပ်မတော်၏ထိုးစစ်သည် ထိုဒေသသို့ စစ်ဦးလှည့်ရပြန်သည်။

၁၉၅၂ ခု အောက်တိုဘာလ ၂၃ ရက်နေ့တွင် တပ်မတော်သည် ဆောင်ဖိုး၊ တုန်ဟုန်း၊ နောင်တို၊ ဝမ်ခစသောရွာများကို အခုအခံမရှိဘဲ သိမ်းပိုက်လိုက်သည်။ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဆလောင်း၊ ကျောက်တိုင်၊ ကျောက်တလုံးတို့ကိုသိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင်နာမည်ကြီး ဓားပြဗိုလ်တယောက် ကျဆုံးပြီး သေနတ်အများအပြားကို ရရှိလိုက်သည်။ ၁၉၅၂ ခု နိုဝင်ဘာလ ၄ ရက်နေ့တွင် ဗိုလ်စပယ်ရှယ် ခေါင်းဆောင်သော ကေ အင် ဒီ အို များသည် လုံပိုတွင် အစည်းအဝေး ပြုလုပ်မည်ဟု သတင်းရသဖြင့် တပ်မတော်က စောင့်ဆိုင်း တိုက်ခိုက်ရာ ကေ အင် ဒီ အို အများအပြားကျဆုံးပြီး ဒဏ်ရာရရှိသွားသည်။

နိုဝင်ဘာလ ၁၂ရက်နေ့တွင်တပ်မတော်သည် ဟိုနမ်ကိုသိမ်းပိုက်လိုက်ပြန်သည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အစိုးရတပ်သည် ကေ အင် ဒီ အို များ၏ အခြေခံစခန်းဖြစ်သော ကုန်းသာကို သိမ်းပိုက်သည်။နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပင်လောင်နယ်တွင် တိုက်ပွဲဆင်းနေသော အစိုးရတပ်သည် ပျဉ်းမနားနယ်ခြား အလံဖြူကွန်မြူနစ်တို့၏ဌာနချုပ်ဖြစ်သော နန်းအောကို သိမ်းပိုက်လိုက်သည်။ တွေ့ရှိသောတန်းလျားအဆောက်အဦများကို ဖျက်ဆီးခဲ့သည်။ ဤသို့ဖြင့် မိုးကြိုးစစ်ဆင်မှုမှာ အောင်မြင်စွာပြီးဆုံးခဲ့သည်။ အစိုးရတပ်များသည် သောင်းကျန်းသူများကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့ရုံသာမက ရောက်ရှိသောကျေးရွာများတွင် လူထုရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ ရိက္ခာများဝေငှပေးခြင်းစသော လူထုသက်သာ ချောင်ချိမှုလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ပြုလုပ်နိုင်ခဲ့ပေသည်။

မိုးကြိုးစစ်ဆင်မှုတွင် သောင်းကျန်းသူအများပင် ကျဆုံးပြီး ဒဏ်ရာရသွားသည်။ ရိုင်ဖယ်များ၊ ဗရင်းများနှင့် အခြားလက်နက်ခဲယမ်းမီးကျောက်များကိုလည်း သိမ်းဆည်းရရှိ၏။

ဘုရင့်နောင် စစ်ဆင်မှု

(ဒုတိယအကြိမ် အမှတ် ၂၄ ခြေလျင်တပ်ရင်းမှ ဦးစီးသည်)

ကေ အမ် တီ တရုပ်ဖြူများသည် မောင်းပြင်ဒေသတဝိုက်၌ စုရုံးရောက်ရှိလာကြပြန်သည်။ တရုပ်ဖြူတပ်သားများသည် အဆိုပါဒေသတွင် အမျိုးမျိုး အနှောင့်အယှက်ပေးလျက်ရှိသည်။ မောင်းပြင်နှင့်ကျိုင်းတုံကားလမ်းကို အန္တရာယ်ပြုခြင်း၊ ရပ်သူရွာသားများထံမှပစ္စည်းများကို လုယက်ယူငင်ခြင်း၊ မောင်းပြင်ရှိ စစ်ရဲတပ်ကို လာရောက်တိုက်ခိုက်ခြင်းစသည်ဖြင့် ထိပါးနှောင့်ယှက် စော်ကား နေကြပြန်လေသည်။ ဤဘုရင့်နောင် စစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ မောင်းပြင်ဒေသတဝိုက်ကို ရှင်းလင်းရန်နှင့် မောင်းပြင်ရှိစစ်ရဲတပ်အား အကူအညီဖြည့်တင်းပေးရန်ပင် ဖြစ်ပေသည်။ စစ်ဆင်မှုကို နှစ်ဆင့်ခွဲ၍ တိုက်ခိုက်ရန်စီစဉ်ထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အစိုးရတပ်နှင့်တရုပ်ဖြူတပ်များ တိုက်ပွဲဖြစ်ပွါးကြသည်။တရုပ်ဖြူ ၂၀ ကျဆုံးပြီး ၅၀ ခန့် ဒဏ်ရာရရှိသွားကြသည်။နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျိုင်းတုံမှပို့လိုက်သောတပ်ကူများ မောင်းပြင်သို့ ရောက်ရှိလာကြသည်။နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အစိုးရတပ်သည် မောင်းပြင်၊ တောင်တာလမ်းတလျှောက်ကင်းလှည့်ကြရာ သောင်းကျန်းသူများကိုမတွေ့ရပေ၊နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မောင်းပုအွန်၊ လွိုင်ယာမင်း၊ စမ်ဒီဆွမ်းစသော ရွာများကို လေတပ်မတော်မှဗုံးကြဲတိုက်ခိုက်သည်။ ဘုရင့်နောင် စစ်ဆင်မှုမှာ ရည်ရွယ်ချက်အတိုင်းမောင်းပြင်သို့ စစ်ကူများပို့ခဲ့သည်။ ထိုဒေသတဝိုက်၌လည်း ရှင်းလင်းနိုင်ခဲ့သည်။

မင်းလတ်စစ်ဆင်မှု

(မြောက်ပိုင်း စစ်ဌာနချုပ်မှ ဦးစီးသည်)

စစ်ဆင်ရမည့်ဒေသမှာပျဉ်းမနားအနောက်ဖက်ရှိတောင်ညိုဒေသပင်ဖြစ်သည်။ ထိုဒေသကို ၁၉၅၂ ခုနှစ် မေလအတွင်းက “ရန်ရှင်း” စစ်ဆင်မှုဖြင့် တိုက်ခိုက်ခဲ့ဘူးသည်။ထိုဒေသမှာအလံဖြူကွန်မြူနစ်တို့ကြီးစိုးရာဒေသဖြစ်သည်။သောင်းကျန်းသူများသည် ဌာနချုပ်နှင့် စခန်းများကို ယခင်ကအတိုင်းမဟုတ်ဘဲ မြောက်ဖက်သို့ ရွှေ့ပြောင်းထားသည်။ သူတို့၏ လက်နက်ကိုင်အင်အားမှာ တပ်ခွဲ ၅ ခွဲခန့်ရှိသည်။ သောင်းကျန်းသူတို့သည် သူတို့၏တပ်များကို ခြသေ့ တပ်၊ လင်းယုန်တပ် စသည်

ဖြင့် နာမည်ပေးထားသည်။ ခြသေ့်တပ်မှာ အင်အား ၅၀၀ ခန့်ရှိ၍ ဆတိုးကြီး၊ ဆထိုးပေါက်၊ ပြားစီ၊ သံပုရာကုန်း စသည့် ဌာနစခန်းများကို ကာကွယ်လျက်ရှိသည်။ လင်းယုန်တပ်မှာ အမှတ် ၆ တပ်ရင်းဖြစ်သည်။

မင်းလတ် စစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ တောင်ညိုဒေသတွင်ကြီးစိုးနေသော အလံဖြူကွန်မျူနစ်များအား ချေမှုန်းတိုက်ခိုက်ရန်နှင့် ထိုဒေသကို ထိန်းသိမ်းထားရန်ပင်ဖြစ်လေသည်။ ထိုဒေသကို ထိန်းသိမ်းထားခြင်းဖြင့် ပျဉ်းမနား၊ တောင်ညို လမ်းပန်းဆက်သွယ်မှုကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်သည့်အပြင် ပျဉ်းမနားနှင့် တောင်တွင်းကြီးမီးရထားလမ်း ဖွင့်လှစ်ရာတွင်လည်း များစွာလွယ်ကူလာပေမည်။ မင်းလတ်စစ်ဆင်မှုကို အဆင့်အားဖြင့် လေးဆင့်ခွဲခြား တိုက်ခိုက်ရန် စီစဉ်ထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၂၁ ရက်နေ့တွင်မင်းလတ် စစ်ကြောင်းမကြီးသည် ရမည်းသင်းမြို့မှ စတင်ထွက်ခွါလာရာ ကျွဲဒဘ်၊ နတ်တံခါးကန်၊ ကုန်းသာ၊ ပုတီးကုန်းစသောရွာများအထိ ချီတက်ရှင်းလင်းနိုင်ခဲ့လေသည်။ တပ်မကြီးမြို့လှသို့ရောက်ရှိလာသည် ဘွင် သောင်းကျန်းသူ ၁၀၀ ခန့်နှင့် တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွါးသည်။ သို့ရာတွင် သောင်းကျန်းသူများသည် ကာရှည်မခုခံနိုင်ဘဲ ဆုတ်ခွါထွက်ပြေးသွားကြသ ည်။ ထိုနေ့မှာပင် မင်းလတ် စစ်ကြောင်းငယ်သည် တပ်ကုန်းမှ စတင်ထွက်ခွါလာရာ ညောင်ပင်သာ၊မန်ကျည်းစင်၊ဂွေးကြီးစသောရွာများကို ဖြတ်ကျော်ပြီးလျှင် ကျပ်ချောင်းခွသို့ ဆိုက်ရောက်လာသည်။ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် မင်းလတ်စစ်ကြောင်းမသည် ဖျားစီရွာကို တိုက်ခိုက် သိမ်းပိုက်လိုက်သည်။ ထိုနေ့မှာပင် မင်းလတ်စစ်ကြောင်းငယ်သည် တုတ်တွင်းကို သိမ်းပိုက်လိုက်သည်။ ထိုရွာအနီးတွင် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွါးသေးသည်။ တုတ်တွင်းရွာမှ စစ်ဝတ်စစ်စားများနှင့် စာရွက်စာတမ်းအချို့ရရှိလိုက်သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မင်းလတ်စစ်ကြောင်းမကြီးသည် ဇလုတ်ကြီးနှင့် ဆတ်တိုးကြီးရွာများကို သိမ်းပိုက်လိုက်သည်။ လမ်းခရီးတွင် သောင်းကျန်းသူများကခြောင်းမြောင်းပစ်ခတ်ပြီး ထွက်ပြေးကြသည်။ စစ်ကြောင်းငယ်သည် အိုင်ကျယ်နှင့် မယ်ဇလီကျင်းကိုချီတက်သိမ်းပိုက်သည်။ လမ်းခရီးတွင်သောင်းကျန်းသူများဆက်သွယ်ထားသော တယ်လီဖုန်းကြိုးများကို တွေ့သဖြင့် ဖြတ်တောက်ဖျက်ဆီးလိုက်သည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင်မင်းလတ်စစ်ကြောင်းမသည် လွှာပုံ၊သာယာအေး၊ ရွာသစ်၊ ဆထိုးပေါက်၊ သံပုရာကုန်းစသော ရွာများကို သိမ်းပိုက်လိုက်သည်။

ရွာသူရွာသားများပါထွက်ပြေးတိမ်းရှောင်နေသဖြင့် လိုက်လံခေါ်ယူပြီး အစိုးရ၏ ဝါဒနှင့်လုပ်ငန်းစဉ်များကို နားလည်အောင် ရှင်းလင်းဟောပြောခဲ့ကြလေသည်။ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မင်းလတ်စစ်ကြောင်းနှစ်ခု ကျီးအင်းရွာတွင် ဆုံမိကြသည်။ လေကြောင်းမှချပေးသောရိက္ခာများကို ဝေငှဖြန့်ဖြူးပေးပြီးလျှင်လေယာဉ် လုံခြုံမှုအတွက် အစောင့်တပ်များချထားရသည်။ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် စစ်ကြောင်းငယ်သည် တက်ရှိန်းရွာကို အခုအခံမရှိဘဲ သိမ်းပိုက်လိုက်သည်။ တပ်မတော်သည် ရောက်ရှိရာရွာများတွင် ကျေးရွာလူထုသဘောပေါက်အောင် ရှင်းလင်းပွဲများပြုလုပ်ရသည်။ အဆိုပါဒေသမှ ရွာသူရွာသားများသည် ကွန်မျူနစ်များ၏ လက်အောက်ဘွင် ကြာရှည်စွာ နေကြရသဖြင့် မဟုတ်မတရား ဝါဒဖြန့်မှုများကို ယုံကြည်နေကြသည်ကို တွေ့ရှိရ၏။

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မင်းလတ်စစ်ကြောင်းငယ်သည် တောင်ညိုရွာကို အောင်မြင်စွာသိမ်းပိုက်လိုက်သည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သရက်တောတဝိုက်၌ရှင်းလင်းရာ သောင်းကျန်းသူများ အသုံးပြုသော တဲတန်းလျားများကို တွေ့သဖြင့် မီးရှို့ဖျက်ဆီးလိုက်သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဘိုဒက်ရွာနှင့် ဘုရားတောင်ရွာကို အောင်မြင်စွာသိမ်းပိုက်လိုက်သည်။

တပ်မတော်သည် တောင်ညိုဒေသဘဝိုက်ကို ဆက်လက် ထိန်းသိမ်းလျက် အစဉ်မပြတ်ကင်းလှည့်စောင့်ရှောက်လျက်ရှိကြသဖြင့် လမ်းပန်းဆက်သွယ်မှုများကောင်းမွန်လျက်ရှိပေသည်။ ဤမင်းလတ်စစ်ဆင်မှုမှာ ရည်ရွယ်ချက်အတိုင်း အောင်မြင်ထမြောက်ခဲ့လေသည်။ မင်းလတ်စစ်ဆင်မှုတွင် သောင်းကျန်းသူအချို့ ကျဆုံးပြီး အချို့ဒဏ်ရာရကာ အချို့ကိုဖမ်းဆီးမိခဲ့သည်။ ရရှိလိုက်သော လက်နက်ပစ္စည်းများမှာ ရိုင်ဖယ်များ၊ ခြောက်လုံးပြူးများ၊ နှစ်လက်မစိန်ပြောင်း တလက်နှင့် ကျည်ဆံများ၊ စာရွက်စာတမ်းများဖြစ်သည်။

ရာမစစ်ဆင်မှု

အမှတ် ၈ ခြေလျင်တပ်မဟာမှ ဦးစီးသည် (ပုသိမ်ခရိုင်)

ကျောင်းကုန်းနှင့် ကျုံပျော်အကြားရှိ ဒကချောင်းရိုးတလျှောက်တွင် ကေအင် ဒီ အို များသည် သွားလာ လှုပ်ရှားနေကြကာ ထိုဒေသကို အန္တရာယ်ပြုလျက်ရှိကြသည်။ ထို ကေ အင် ဒီ အို များမှာ ကော်သူလေး တပ်ရင်း ၁၉ မှဖြစ်ပြီး အင်အားမှာ ၁၅၀ ခန့်ရှိသည်။ ရာမစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ အဆိုပါ ဒေသမှ

ကေ အင် ဒီ အို စခန်းများကို တိုက်ခိုက်ချေမှုန်းရန်ပင်ဖြစ်လေသည်။ တပ်မတော်ထိုးစစ်ကို နှစ်ဆင့်ခွဲ၍တိုက်ခိုက်ရန် စီစဉ်ထားသည်။

၁၉၅၂ ခု အောက်တိုဘာလ ၁၁ ရက်နေ့တွင် တပ်မတော်မှ သဖန်းချောင်းကို အမြောက်ဖြင့်ဖြိုခွင်းသည်။ ထိုနေ့မှာပင်တပ်မတော်က အင်းရဲကိုသိမ်းပိုက်လိုက်သည်။ ကေ အင် ဒီ အို ၅၀ ခန့်သည် အင်းရဲရှိတပ်မတော်ကို လာရောက်တိုက်ခိုက်သဖြင့် ခုခံပစ်ခတ်ရာ ကေ အင် ဒီ အို ၅ ယောက်ကျဆုံး၍ ၇ ယောက်ဒဏ်ရာရရှိသွားသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကေ အင် ဒီ အို တပ်ရင်း ၁၉ မှ စောရှင်သည် သူ၏နောက်လိုက်များနှင့်အတူ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လာရောက်လက်နက်ချမည်ဟုကတိပေးသွားသည်။ အောက်တိုဘာလ ၁၄ ရက်နေ့တွင် စောရှင်လက်အောက်ခံ ကေ အင် ဒီ အို ၂၄ ယောက်သည် ရိုင်ဖယ် ၁၅ လက်၊ကျည်ဆံ ၁၀၉ တောင့်နှင့် လှည်းဆိပ်တွင်လာရောက်လက်နက်ချသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကေ အင် ဒီ အို ၁၅၀ ခန့်သည် ရွာသာကြီးနှင့် သုံးအိမ်တန်းမှ နေ၍"ဆင်ခလောက်"ရေယာဉ်ဖြင့် လိုက်ပါလာသော အစိုးရတပ်ကို ပစ်ခတ်သည်။ အစိုးရတပ်မှ ပြန်လှန်ပစ်ခတ်သဖြင့် ကေ အင် ဒီ အို တပ်ခွဲမှူး ၂ ယောက်နှင့် ငယ်သား ၁၈ ယောက်ကျဆုံး၍ ၅၀ ခန့်ဒဏ်ရာရသွားကြသည်။

ဤစစ်ဆင်မှုအရ ကျုံပျော်၊ ကျောင်းကုန်းအကြားရှိ ဒကချောင်းရိုးမှာ ရှင်းလင်းသွားသည်။ အထူးအောင်မြင်ချက်မှာ အမြင်မှန်ရရှိလာသော ကေ အင် ဒီ အို များ လက်နက်ချ၍ဝင်ရောက်လာခြင်းပင်ဖြစ်သည်၊ ရာမစစ်ဆင်မှုတွင် သောင်းကျန်းသူ ၂၇ ယောက်ကျဆုံး၍ ၅၈ ယောက်ဒဏ်ရာရသွားသည်။

ဇေယျာစစ်ဆင်မှု

အမှတ် ၂ ခြေလျင်တပ်မဟာမှ ဦးစီးသည် (တောင်ငူခရိုင်)

ဤဇေယျာစစ်ဆင်မှု ပြုလုပ်မည့်နေရာမှာ ယခင်ကတပ်မတော်မှ ဒေါနစစ်ဆင်ရေးပြုလုပ်ခဲ့သောဒေသပင်ဖြစ်သည်။ ဒေါနစစ်ဆင်မှုကြောင့် သောင်းကျန်းသူအလံဖြူကွန်မြူနစ်များသည် ဖရိုဖရဲပြိုကွဲလျက် စိတ်ဓာတ်များကျဆင်းလျက်ရှိကြသည်။ စခန်းအသီးအသီးတွင် စုရုံးနေကြသော အလံဖြူကွန်မြူနစ်များ၏ လက်နက်ကိုင်အင်အားမှာ ၇၀ ခန့်ရှိသည်။ သူတို့နှင့်အတူ ကေ အင် ဒီ အို ၃၀ ခန့်ပူးပေါင်းလျက်ရှိသည်။ ပြောက်ကျား ၇၀ ခန့်လည်း အဆိုပါဒေသတွင် လှုပ်ရှားသွားလာလျက်ရှိကြ၏။ ဇေယျာစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ သောင်းကျန်းသူများ တောင်

ငူနှင့်ဖြူးအကြားရှိ ရထားလမ်း ကားလမ်းတို့ကို ဖျက်ဆီးနှောင့်ယှက်နေသဖြင့် ထိုဒေသကိုအပြီးတိုင် ရှင်းလင်းပစ်ရန်ပင်ဖြစ်လေသည်။ တပ်မတော်ထိုးစစ်ကို လေးဆင့်ခွဲထားလေသည်။

၁၉၅၂ ခု အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဇေယျာစစ်ကြောင်းသည် သောင်းတိုင်ကုန်းမှ စတင်ချီတက်သွားသည်။ ထိုနေ့မှာပင် တပ်မတော်သည် ကြက်တက်ညောင်ပင်၊ ဘိုကုန်း၊ ကုန်းတန်းနှင့် တောင်ဘို့လှရွာများကို သိမ်းပိုက်လိုက်သည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဇေယျာစစ်ကြောင်းသည် ကမ္ဘာနီ၊ မီးတိုင်တော၊ သပွတ်ကြီး၊ အင်းဇောင်း၊ လေးအိမ်စု၊ အင်းဝိုင်းစသော ရွာများကို သိမ်းပိုက်လိုက်သည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် တပ်မတော်သည် ဂျီဟောက်ရွာနှင့် လက်ပံရွာကို ဝင်စီးသည်။လက်ပံရွာတွင် တိုက်ပွဲအနည်းငယ်ဖြစ်ပွားသည်။ ဆင် ၇ ကောင် ဖမ်းဆီးရရှိလိုက်သည်။ ထိုနေ့တိုက်ပွဲတွင် သောင်းကျန်းသူ ၁၀ ယောက်ကျဆုံးသည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အိမ်ရှေ့မြောင်ကို တိုက်ခိုက်သိမ်းပိုက်ရာ သောင်းကျန်းသူ ၇ ယောက်ကျဆုံးပြီး ၆ ယောက်ဖမ်းဆီးမိသည်။ အောက်ဘိုဘာလ ၂၆ ရက်နေ့တွင် ကြို့ပင်ဆိပ်ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားရာ သောင်းကျန်းသူနှစ်ယောက်ကျဆုံးသည်။ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရေရှုံရွာအနောက်ဖက်ဘွင် သောင်းကျန်းသူများနှင့် တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွားရာ သောင်းကျန်းသူ နှစ်ယောက်ကျဆုံး၍ နှစ်ယောက်ဖမ်းဆီးမိသည်။

နိုဝင်ဘာလ ၄ ရက်နေ့တွင် တပ်မတော်သည် ရွှေညောင်ပင်ရွာကို ဝင်ရောက်စီးနင်းရာ ကွန်မြူနစ်ကလပ်စည်း ၃ ယောက်အား လက်နက်များနှင့်တကွ ဖမ်းဆီးရရှိသည်။နိုဝင်ဘာလ ၅ ရက်နေ့တွင် လက်ပံရွာအနီးတွင် သောင်းကျန်းသူ ၅၀ ခန့်နှင့်တွေ့၍တိုက်ပွဲဖြစ်ပွါးရာ ကွန်မြူနစ်လက်နက်ကိုင် ၃ ယောက် ကျဆုံးသည်။နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တပ်မတော်မှတိုက်ကင်းလှည့်ရာကရင်ရွာအနီး၌ ကွန်မြူနစ် ၄၀ ခန့်နှင့်တွေ့၍ တိုက်ပွဲဖြစ်ပွါးသည်။ တိုက်ပွဲတွင် သောင်းကျန်းသူ ၁၀ ယောက်ကျဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြသည်။ တွေ့ရသော တဲတန်းလျား ၁၄ လုံးကိုလည်း ဖျက်ဆီးခဲ့သည်။ကွန်မြူနစ်တို့၏လက်နက်ရုံတွင် ဗုံးအမြောက်အမြားတွေ့ရှိရသဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်သည်။

ဇေယျာစစ်ဆင်မှုမှာ ထိုးစစ်အနေဖြင့် နိုဝင်ဘာလ ပဌမအပတ်လောက်တွင် ပြီးစီးခဲ့သော်လည်း ပိုက်စိတ်တိုက်ရှင်းလင်းခြင်းနှင့် စိတ်ဓာတ်စစ်ဆင်မှုများကိုမူကား နိုဝင်ဘာလ ကုန်လောက်အထိ ဆက်လက်ဆင်နွှဲသွားသည်။ စိတ်ဓာတ်စစ်ဆင်မှုကြောင့် ကွန်မြူနစ်များ စိတ်ဓာတ်ကျဆင်းကာ ခေါင်းဆောင်များ လာရောက်

လက်နက်ချသည်ကိုတွေ့ရလေသည်။ ထိုအပြင်တရားပွဲများ၊ ပြည်တော်သာရှင်းလင်းပွဲများ ရောက်ရာဒေသတွင်ပြုလုပ်ပေးခဲ့သဖြင့် ကျေးရွာလူထုသည် အမြင်မှန်ရရှိလာကာ တပ်မတော်အပေါ် ယုံကြည်အားထားလာကြသည်။ ဤဇေယျာစစ်ဆင်မှုမှာ တပ်မတော်အတွက်ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုရရှိခဲ့ပေသည်။

ဇေယျာစစ်ဆင်မှုတွင် သောင်းကျန်းသူ ၃၅ ယောက်ကျဆုံး၍ ၁၁ ယောက်လက်နက်ချသည်။ ရရှိလိုက်သော လက်နက်များမှာ ရိုင်ဖယ် ၁၈ လက်၊ စတင်း ၁ လက်၊ ကာဗိုင်တလက်၊ ခြောက်လုံးပြူးလေးလက်၊ လက်ပစ်ဗုံးနှင့် ကျည်ဆံများအပြင် ရေဒီယိုတလုံး၊ လက်နှိပ်စက်တလုံး စသည်တို့ဖြစ်၏။ ထိုအပြင်ဆင် ၇ ကောင်ကိုလည်း ရရှိလိုက်သေးသည်။

စည်ပင်သာစစ်ဆင်မှု

(အမှတ် ၅ ခြေလျင်တပ်မဟာမှဦးစီးသည်)

ကေ အင် ဒီ အို တပ်ရင်း ၁ နှင့်တပ်ရင်း ၂ တို့သည်ကျောက်တောင်နှင့်နယ်ခြားတို့တွင် အသီးအသီးဌာနချုပ်များဖွင့်လှစ်လျက် သထုံ၊ ကျိုက်ထိုမီးရထားလမ်းအရှေ့ဖက်ဘွင် လှည့်လည်၍ရပ်ရွာများကိုပြန်ပေးဆွဲခြင်း၊ ဆက်ကြေးတောင်းခြင်း၊ ကျွဲနွားလုခြင်းစသည်ဖြင့် အမျိုးမျိုးအန္တရာယ်ပြုနေကြသည်။ သူတို့၏အင်အားမှာ သထုံဘပ်မဟာ တပ်ရင်း ၁ ကို ဗိုလ်မှူးကြီးလင်းထင်အုပ်ချုပ်၍ လက်နက်ကိုင်တပ်သား ၅၄၀ ခန့်ရှိသည်။ သထုံတပ်မဟာတပ်ရင်း ၂ ကို ဗိုလ်မှူးကြီးရဲထွန်းအုပ်ချုပ်၍ လက်နက်ကိုင်တပ်သား ၃၀၀ ခန့်ရှိသည်။ စည်ပင်သာ စစ်ဆင်မှု၏ရည်ရွယ်ချက်မှာ အဆိုပါကျိုက်ထို၊ သထုံမီးရထားလမ်းနှင့် ကားလမ်းအရှေ့ဖက်ရှိတောင်ခြေများတွင် ခြေကုတ်ယူ၍ထကြွနေသော ကေ အင် ဒီ အို များကို တိုက်ခိုက်ရှင်းလင်းရန်ပင်ဖြစ်ပေသည်။ စစ်ဆင်မှုကို သုံးဆင့်ခွဲခြားထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တပ်မတော်သည် ကေ အင် ဒီ အို များစခန်းချနေသော ကျားကွင်းနှင့် ရင်းအုံရွာများကိုတိုက်ခိုက်ရာ သောင်းကျန်းသူ ၅ ယောက်ကျဆုံးပြီး လက်နက်များပါရလိုက်သည်။ ထိုနောက် တပ်မတော်သည် ဖိုးဝသိန်ကိုတိုက်ခိုက်သိမ်းပိုက်ရာ ကေ အင် ဒီ အို ၂ ယောက်ကျဆုံးသည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် တပ်မတော်သည် ဝိရော၊ မရမ်း၊ သဲကုန်း၊ သုံးအိမ်စု၊ မနုစသောရွာများကို တိုက်ခိုက်သိမ်းပိုက်ရာ ကေ အင် ဒီ အို များက အပြင်းအထန်ခုခံကြသေးသော်လည်း ၈ ယောက်ကျဆုံးပြီး အများအပြားဒဏ်ရာရရှိသွားသဖြင့် ဆုတ်ခွါ

ထွက်ပြေးကြသည်။ တပ်မတော်မှဆက်လက်၍ မရမ်းကုန်းနှင့် ချောင်းဇောက်ကိုသိမ်းပိုက်ရာ ကေ အင် ဒီ အို ၇ ယောက်ကျဆုံးသည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် တပ်မတော်သည် ဝင်းစိန်ရွာသစ်ကိုသိမ်းပိုက်ရာ သောင်းကျန်းသူ ၂၀ ခန့် ဒဏ်ရာရရှိပြီး ထွက်ပြေးသွားကြသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကေ အင် ဒီ အို များ၏စခန်းဖြစ်သော ရော်ဘာခြံကို တပ်မတော်က ,တိုက်ခိုက်သိမ်းပိုက်သည်။ ကေ အင် ဒီ အို များ အပြင်းအထန်ခုခံ ကြသေးသော်လည်း တပ်မတော်ထိုးစစ်ကို မခံနိုင်သဖြင့် ဆုတ်ခွါထွက်ပြေးကြသည်။ ထိုနေ့မှာပင် တပ်မတော်မှ ဆက်လက်၍ အလယ်ရွာနှင့် အုန်းတပင်ရွာများကို အောင်မြင်စွာ,သိမ်းပိုက်လိုက်သည်။

စည်ပင်သာ စစ်ဆင်မှုတွင် သောင်းကျန်းသူ ၂၃ ယောက်ကျဆုံးပြီး ၃၇ ယောက်ဒဏ်ရာရသည်။ ရရှိလိုက်သော လက်နက်များမှာ ရိုင်ဖယ် ၆ လက်နှင့် စတင်းတလက်ဖြစ်သည်။ စာရွက်စာတမ်းများလည်းရရှိခဲ့သည်။

ရခိုင်တိုင်းအထူးစစ်ဆင်မှု

(တောင်ပိုင်းစစ်ဌာနချုပ်မှဦးစီးသည်)

ဤအထူးစစ်ဆင်မှုမှာ ရခိုင်တိုင်းတွင် ထကြွလှုပ်ရှားနေသော ရဲဘော်ဖြူ၊ မူဂျာဟိန်းနှင့် အလံဖြူကွန်မြူနစ်များကိုတိုက်ခိုက်ချေမှုန်းရန်ပင်ဖြစ်ပေသည်။ စစ်ဆင်ရမည့်ဒေသမှာ ကျယ်ဝန်းလှသဖြင့် အရေးကြီးသောနေရာများတွင် တပ်စွဲထားရန်လိုပေသည်။ စစ်ဆင်မှုကို အဆင့်အားဖြင့် သုံးဆင့်ခွဲခြားထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်သည် ကျောက်ပန်းဒူးနှင့် ဥဒေါင်းကိုအောင်မြင်စွာသိမ်းပိုက်လိုက်သည်။ သောင်းကျန်းသူ ၁၀၀ ခန့်သည် အိမ်ထောင်သည်များနှင့်အတူ တောင်ဖက်သို့ထွက်ပြေးကြသည်။ ရသေ့တောင်မှ စစ်ဝန်ထမ်းတပ်သည် တိုက်ကင်းလှည့်ရာ မန်ကျည်းချောင်းတွင် ရဲဘော်ဖြူ ၅၀ ခန့်နှင့်တွေ့၍ တိုက်ပွဲဖြစ်ပွါးသည်။ ရဲဘော်ဖြူများဆုတ်ခွါပြေးကြသည်။ အစိုးရတပ်မှ ရိုင်ဖယ်အချို့ရရှိလိုက်သည်။နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အစိုးရတပ်သည် တောင်ဘရိုးကိုချီတက်သိမ်းပိုက်ရာ မူဂျာဟိန်းများသည် ၂ နာရီခန့် အပြင်းအထန်ခုခံပြီး ဆုတ်ခွါသွားကြသည်။နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အစိုးရတပ်သည် ဝေလတောင်ခြေရှိ သောင်းကျန်းသူများစခန်းကို တိုက်ခိုက်သည်။နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အစိုးရတပ်သည် မြင်းလွတ်နှင့် ကျောက်ပန်းဒူးဖက်သို့တိုက်ကင်းလှည့်ရာ ရွာသား

များ၏အကူအညီဖြင့် သောင်းကျန်းသူများ ဝှက်ထားသော ရိုင်ဖယ်ကျည်ဆံ ၃၈,၇၅၀ တောင့်ကိုရရှိလိုက်သည်။ သောင်းကျန်းသူများအသုံးပြုသော တဲတန်းလျား ၅၀ ခန့်ကိုတွေ့၍ဖျက်ဆီးလိုက်သည်။နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဥဒေါင်းရွာမှ ကျည်ဆံ ၄၀,၀၀၀ နှင့် ဆေးပစ္စည်းများကို ရရှိလိုက်သည်။ ရေတပ်မတော်သည် သောင်းကျန်းသူများခိုလှုံနေသော လက်ပံတောင်ကို အမြောက်ဖြင့် ဖို့ခွင်းသည်။ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အစိုးရတပ်သည် မဲဒိတ်တောင်ကို ဝင်ရောက်စီးနင်းရာ ဗရင်းတလက်နှင့် ကျည်ဆံ ၂၀၀ ရရှိလိုက်သည်။ ဤကဲ့သို့တပ်မတော်ကထိုးစစ်ဆင်နေစဉ်အတွင်း သောင်းကျန်းသူအချို့သည် စိတ်ဓာတ်ကျဆင်းလာကာ လက်နက်ချအပ်ကြသည်ကိုလည်းတွေ့ရသည်။ အချို့သောသောင်းကျန်းသူများ၏စခန်းတွင် ရိက္ခာများအမြောက်အမြားစုဆောင်းထားသည်ကို တွေ့ရသည်။ ဥပမာ်မောင်နှမစခန်းမှဆန်အိတ် ၅၀၀ သိမ်းဆီးရရှိသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အစိုးရတပ်သည် လက်ပံတောင်ကိုချီတက်တိုက်ခိုက်ရာ သောင်းကျန်းသူ ၁၀၀ ခန့်သည် ခံကတုပ်များအတွင်းမှခုခံပြီး ကျောက်ကာတန်းဖက်သို့ ဆုတ်ခွါထွက်ပြေးကြသည်။ဒီဇင်ဘာလ ၂ ရက်နေ့တွင် လက်ပံတောင်ကိုလေတပ်မတော်မှ ဗုံးကြဲတိုက်ခိုက်သည်။ အစိုးရတပ်များ၏ ရှပ်ရှပ်ချွံချွံ ထိုးစစ်ဆင်မှုကြောင့် သောင်းကျန်းသူ အများအပြားပင် လက်နက်ချကာ အလင်းသို့ ဝင်ရောက်လာကြသည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် သောင်းကျန်းသူများ အပြင်းအထန် ခုခံကာကွယ်နေသော လက်ပံတောင်စခန်းကို အစိုးရတပ်မှ အောင်မြင်စွာသိမ်းပိုက်လိုက်သည်။ ထိုစခန်းမှ ရိက္ခာပစ္စည်းများအပြင် လက်နက်အမြောက်အမြား ရရှိလိုက်သည်။ လက်ပံတောင်စခန်းတွင် စက်မှုလက်မှုတပ် အကူအညီဖြင့် တူးဖော်ရရှိသောလက်နက်များမှာ အသုံးပြု၍မရသော အော်လီကွန်း ၂ လက်၊ ပစ်မရသော စက်သေနတ်ကလေး ၂ လက်၊ အသုံးပြုနိုင်သေးသော စက်သေနတ်ကြီး ၁ လက်၊ စက်သေနတ်အငယ်အပျက် ၄ လက်၊ ၃ လက်မစိန်ပြောင်းအကောင်း ၂ လက်၊ ရိုင်ဖယ် ၁၈၅ လက်၊ ရိုင်ဖယ်ပြောင်းအပို ၂၇ ခု၊ ဗရင်းဂန်းကိုယ်ထည် ၁၇ ခု၊ တော်မီဂန်းအပျက် ၂၀ လက်၊စတင်းဂန်းအပျက် ၇ လက်၊ ၃ လက်မ စိန်ပြောင်း ပြောင်းပို ၁၃၊ ၂ လကာမ စိန်ပြောင်းအပျက် ၂ လက်၊ ဗရောင်းနီဂန်းအပျက် ၁ လက်၊ တော်မီဂန်း ၈ လက်၊တင့်ကားပစ်သေနတ်အပျက်တလက်၊ စက်သေနတ်အကြီးကျည်ဆံ ၂၅,၀၀၀၊ ရိုင်ဖယ်ကျည်ဆံ ၁၈၀,၀၀၀၊ တော်မီကျည်ဆံ ၃၀,၀၀၀၊ ၂ လက်မစိန်ပြောင်းဗုံးဆံ ၅၀၀၊ အော်လီကွန်းကျည်ဆံ ၈၀၀၊ ယမ်းပြန်သွင်းထားသော တော်မီကျည်ဆံ

၃၀,၀၀၀၊ယမ်းပြန်သွင်းထားသော ရိုင်ဖယ်ကျည်ဆံ ၅၀,၀၀၀၊ ယမ်းဘီလူးပေါင်ချိန် ၅၀၊ စက်သေနတ်ကြီးတွင် အသုံးပြုသောကျည်ခါးပတ် ၅၅ ခုတို့ဖြစ်လေသည်။အဆိုပါ လက်နက်ပစ္စည်းများကို စက်မှုလက်မှုတပ်မှ ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။

ရခိုင်တိုင်းအထူးစစ်ဆင်မှုမှာ မူဂျာဟိန်းများအား ပဌမဆုံးအကြိမ် အကြီးအကျယ်တိုးစစ်ဆင်ခြင်းဖြစ်သည်။ မူဂျာဟိန်းများမှာ တိုက်ခိုက်ရည်မရှိလှဘဲ ဓားပြအကြီးစားများသာဖြစ်သည်။ဤစစ်ဆင်မှုမှာ အထူးအောင်မြင်ခဲ့ရုံမက မူဂျာဟိန်း ၇၆ ယောက် လက်နက်ချကာ ဝင်ရောက်လာသည်ကိုတွေ့ရပေသည်။လက်နက်ချသူများနှင့် အတူ ယူဆောင်လာသော လက်နက်များမှာ ရိုင်ဖယ် ၇၉ လက်၊ကျည်ဆံ ၂,၄၀၅ တောင့်၊ ခြောက်လုံးပြူးလေးလက်၊ စက်သေနတ် တလက်၊တော်မီလေးလက်၊ ဗရင်း ၂ လက်၊ စတင်း ၂လက်၊ ၂ လက်မ စိန်ပြောင်းတလက်တို့ဖြစ်သည်။

ဖိုးဦးတောင်စစ်ဆင်မှု
(အမှတ် ၃ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

ရဲဘော်ဖြူ ၁၀၀ ခန့်သည် ပြည်မြို့အထက် ဧရာဝတီမြစ်ရိုးတွင်စုရုံးစခန်းချလျက်ရှိကြသည်။ဖိုးဦးတောင်စစ်ဆင်မှု၏ရည်ရွယ်ချက်မှာ အဆိုပါရဲဘော်ဖြူစခန်းများကို ချီတက်တိုက်ခိုက်၍ ထိုဒေသရှိကျေးရွာလူထု၏ သက်သာချောင်ချိမှုကို ဆောင်ရွက်ရန်ပင်ဖြစ်လေသည်။ဤစစ်ဆင်မှုတွင် စစ်ကြောင်းနှစ်ကြောင်းခွဲ၍တိုက်ခိုက်သည်။

၁၉၅၂ ခု နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အမှတ် ၂ စစ်ကြောင်းသည် ဇလုံကို ဝင်ရောက်တိုက်ခိုက်ရာ ရဲဘော်ဖြူ ၈ ယောက်ကို လက်နက်များနှင့်တကွ ဖမ်းဆီးရရှိသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမှတ် ၁ စစ်ကြောင်းသည် စစ်စရမ်း၊ကျွဲထိုးလင်း၊ အလယ်ရွာ၊ ဇီးအိုင်စသောရွာများကိုသိမ်းပိုက်လိုက်သည်။နိုဝင်ဘာလ ၂၀ ရက်နေ့မှာပင် အမှတ် ၂ စစ်ကြောင်းသည် အမှတ် ၁ စစ်ကြောင်းနှင့် ပူးပေါင်းကာ ပြည်မြို့သို့ပြန်လည်ထွက်ခွါလာကြသည်။

ရန်အေးစစ်ဆင်မှု
(အမှတ် ၅ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

၁၉၅၂ ခုနှစ်မေလအတွင်းတွင် ကေ အင် ဒီ အို များ၏ဌာနချုပ်ဖြစ်သောကြာအင်းဆိပ်ကြီးကို တပ်မတော်ကသိမ်းပိုက်လိုက်သဖြင့် ကေ အင် ဒီ အို နှင့် အမ် အင်

ဒီ အို တို့ဆက်သွယ်မှုပြတ်စဲသွားကာ သူတို့အတွက် ရိက္ခာအခက်အခဲများ တွေ့ရလေသည်။ ကေ အင် ဒီ အို များသည် ကြာအင်းဆိပ်ကြီးကို ပြန်လည် သိမ်းပိုက်ရန် အမျိုးမျိုးအဖုံဖုံကြိုးစားသော်လည်း မရရှိနိုင်သဖြင့် ဇာမီချောင်းရိုးတလျှောက်ရှိ ကြာအင်း၊ ရွှေဘိုတောင်၊ ခရင်၊ မြောက်ကွင်းဖြူ၊ ထားဝယ်ပေါက်စသော ကျေးရွာများကို စခန်းပြုလျက် ရေလမ်းတလျှောက်ကို နှောင့်ယှက်နေကြသည်။ ရန်အေးစစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ အဆိုပါ ကေ အင် ဒီ အို စခန်းများကို ချီတက်တိုက်ခိုက်ရှင်းလင်းရန်ပင် ဖြစ်လေသည်။ ဤစစ်ဆင်မှုကို နှစ်ဆင့်ခွဲခြား တိုက်ခိုက်ရန် စီစဉ်ထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အစိုးရတပ်သည် ရွှေဒိုးနှင့်ကြာအင်းကို တိုက်ခိုက်ရှင်းလင်းသည်။ ကြာအင်းတွင် သောင်းကျန်းသူများ အပြင်းအထန်ခုခံတိုက်ခိုက်ကြသည်။နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အစိုးရတပ်သည် ထားဝယ်ပေါက်၊ မြောက်ကွင်းဖြူ၊ ခရင်၊ ရွှေဘိုတောင်စသောရွာများသို့ လှည့်လည်ရှင်းလင်းသည်။ ရန်အေးစစ်ဆင်မှုကြောင့် ကြာအင်းဆိပ်ကြီးတဝိုက်တွင် စုရုံးနေသော ကေ အင် ဒီ အို များ ဖရိုဖရဲပြိုကွဲကုန်ကြသဖြင့် ရေကြောင်းခရီးတွင် လုံခြုံမှုရရှိသည့်အပြင် ကြာအင်းဆိပ်ကြီးကို တိုက်ခိုက်ရန် ကြံစည်မှုလည်း ပျက်ပြားသွားသည်။ ဤစစ်ဆင်မှုတွင် သောင်းကျန်းသူအချို့ကျဆုံး၍ လက်နက် ခဲယမ်းမီးကျောက်များကိုလည်း ရရှိလိုက်၏။

ရန်ဖြိုစစ်ဆင်မှု

(အမှတ် ၅ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

ထားဝယ်ခရိုင် သရက်ချောင်း အရှေ့ဖက်တဝိုက်တွင် အလံဖြူကွန်မြူနစ် ၁၀၀ ခန့် စုရုံးလျက်ရှိသည်။ သူတို့၏ဌာနချုပ်မှာ သစ်လှတွင်ထားလျက် ဝမ်းကပေါ်တွင် စစ်သင်တန်းကျောင်းဖွင့်ထားသည်။ မယ်ခဲတွင်ပြောက်ကျားစခန်းရှိသည်။ ရန်ဖြိုစစ်ဆင်မှု၏ရည်ရွယ်ချက်မှာ အဆိုပါစခန်းများကို တိုက်ခိုက်ရှင်းလင်းရန်ပင် ဖြစ်သည်။ စစ်ဆင်မှုကို သုံးဆင့်ခွဲခြားထားသည်။

၁၉၅၂ ခု နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အစိုးရတပ်သည် ကျောက်မြောင်းနှင့် ကဇီရွာများကိုရှင်းလင်းလိုက်၏။နိုဝင်ဘာလ ၂၉ ရက်နေ့တွင်အစိုးရတပ်များသည် ကွန်မြူနစ်ဌာနချုပ်ရှိသော သစ်လှရွာကို ဝင်ရောက်စီးနင်းရာ ခေါင်းဆောင် နှစ်ယောက်အပြင် နောက်လိုက်ယ်သား ၄ ယောက်ကိုပါ လက်နက်များနှင့်တကွ

ဖမ်းဆီးခဲ့သည်။ ရိက္ခာဂိုဒေါင် ၃၀ ကျော်ကိုလည်း ဖျက်ဆီးခဲ့သည်။ ထိုနေ့မှာပင် ဆက်လက်၍ ဝမ်းကပေါ်ကို တိုက်ခိုက်ရာ သူပုန်တဲတန်းလျား ၃၀ ကျော်ကို တွေ့သဖြင့် ဖျက်ဆီးလိုက်သည်။ နိုဝဘာလ ၃၀ ရက်နေ့တွင် အစိုးရတပ်သည် ကျောက်အိုင်ကို ချီတက်တိုက်ခိုက်ရာ ကွန်မြူနစ်တို့ နေထိုင်သော တန်းလျားများနှင့် အချုပ်ခန်းများကို တွေ့သဖြင့် ဖျက်ဆီးလိုက်သည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင်အစိုးရတပ်သည် ပြင်ဖြူကြီးကို ဝင်ရောက်တိုက်ခိုက်ရာ သူပုန်အဆောက်အဦများကို တွေ့ပြန်သဖြင့် ဖျက်ဆီးခဲ့သည်။

ဤစစ်ဆင်မှုမှာ ရည်ရွယ်ချက်အတိုင်း သောင်းကျန်းသူများ၏ စခန်းများကို အောင်မြင်စွာချေမှုန်းနိုင်ခဲ့လေသည်။ သောင်းကျန်းသူ ၉ ယောက်ဖမ်းဆီးရရှိခဲ့ပြီးလျှင် သေနတ်လက်နက်ခဲယမ်းမီးကျောက်များ ၇ လက် ရရှိခဲ့သည်။

သဇင်စစ်ဆင်မှု

(အမှတ် ၃ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

အာလံမြို့အရှေ့ဖက် ရွှေပန်းတော တဝိုက်တွင် အလံဖြူ ကွန်မြူနစ်များနှင့် ရဲဘော်ဖြူများသည် အုပ်စိုးမင်းမူနေကြသည်။ သူတို့၏ လက်နက်ကိုင်အင်အားမှာ တပ်ခွဲ ၂ ခွဲခန့်ရှိသည်။ သဇင်စစ်ဆင်မှု၏ ရည်ရွယ်ချက်မှာ အဆိုပါဒေသရှိသောင်းကျန်းသူစခန်းများကို ခရီးရှည် ထိုးဖောက်နည်းဖြင့် ဝင်ရောက်ချေမှုန်း၍ ပိုက်စိတ်တိုက်ရှင်းလင်းရန်ပင်ဖြစ်သည်။ ဤစစ်ဆင်မှုတွင် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ချီတက်ရန် စီစဉ်ထားသည်။ စစ်ကြောင်းများကို ဥတ္တရစစ်ကြောင်းနှင့် ဒက္ခိဏစစ်ကြောင်းဟူ၍ အမည်ပေးထားသည်။

၁၉၅၂ ခု ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဥတ္တရစစ်ကြောင်းသည် မြို့သစ်၌သောင်းကျန်းသူများနှင့် တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွါးသည်။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူ ၄ ယောက်ကျဆုံး၍ သေနတ် ၅ လက်ရရှိလိုက်သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဥတ္တရစစ်ကြောင်းသည် ပြင်ပုံရွာကိုတိုက်ခိုက်ရှင်းလင်းရာ သောင်းကျန်းသူများ၏ အဆောက်အဦများနှင့် အကျဉ်းထောင်ကို တွေ့သဖြင့် ဖျက်ဆီးလိုက်သည်။ ထိုနေ့မှာပင် စက်စုဝရွာကို အောင်မြင်စွာ သိမ်းပိုက်လိုက်သည်။ ဥတ္တရစစ်ကြောင်းသည် ဆက်သက်၍ကြက်သွန်ခင်းရွာနှင့်ငါးလှောက်ရွာကိုသိမ်းပိုက်လိုက်သည်။ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဥတ္တရစစ်ကြောင်းသည် သက်ငယ်ပြင်ရွာကို တိုက်ခိုက်ရာ သောင်းကျန်းသူများ အနည်းငယ်ခုခံပြီး ထွက်ပြေးကြသည်။

ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ဒက္ခိဏစစ်ကြောင်းသည် စပါးတွင်းကိုသိမ်းပိုက်ရာ ဆင် ၂ ကောင်ရရှိလိုက်သည်။ ကျော်လဲမွှား၊ ပြင်သာအောင်စု၊ အိုင်ဝင်း၊အုတ်ရှစ်ကုန်း၊ မြေနီကုန်း စသောရွာများကိုလည်း အောင်မြင်စွာ သိမ်းပိုက်လိုက်သည်။ အိုင်ဝင်းရွာမှ သောင်းကျန်းသူ ၉ ယောက် လက်နက်များနှင့်အတူ ဖမ်းဆီးမိသည်။ သူတို့၏အဆောက်အဦများကိုလည်း ဖျက်ဆီးခဲ့သည်။ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဥတ္တရစစ်ကြောင်းသည် သံပုရာကုန်း၊ ပိန်းအင်းနှင့် ရွာသစ်ကို တိုက်ခိုက် သိမ်းပိုက်လိုက်သည်။ ထိုရွာများမှ တပ်မတော်တိုက်ကင်းသည် ပတ်ဝန်းကျင်ဒေသကို လှည့်လည်ရှင်းလင်းခဲ့သည်။

ဤစစ်ဆင်မှုမှာ ခရီးရှည် ထိုးဖောက်နည်းဖြင့် အောင်မြင်စွာချီတက်၍ သောင်းကျန်းသူများ၏စခန်းများကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့လေသည်။ သောင်းကျန်သူများသည် တပ်မတော်၏ ထိုးစစ်ကို မခံနိုင်ဘဲ ဆုတ်ခွါထွက်ပြေးကြသည်။သဇင်စစ်ဆင်မှုတွင် သောင်းကျန်းသူအများကျဆုံး၍ ကွန်မြူနစ် ၁၅ ယောက်နှင့် ရဲဘော်ဖြူတယောက်ကို ဖမ်းဆီးမိခဲ့သည်။ ရရှိလိုက်သော လက်နက်များမှာ ရိုင်ဖယ် ၂၂ လက်၊ သေနတ် ၅ လက်၊ စတင်း ၂ လက်၊ တော်မီတလက်၊ နှစ်လုံးပြူး ၃ လက်တို့ဖြစ်သည်။

နဂါးနီစစ်ဆင်မှု (ပဋမဆင့်)

(အမှတ် ၈ ခြေလျင်တပ်မဟာမှ ဦးစီးသည်)

တပ်မတော်မှ ယခင်ကပြုလုပ်ခဲ့သော မော်ဝင်းစိန်၊ လွန်းစိန်မော်၊ ဝင်းကျော်စစ်ဆင်မှုများကြောင့် မြစ်ဝကျွန်းပေါ်ရှိ ကေ အင် ဒီ အို များမှာ ဖရိုဖရဲပြိုကွဲကုန်ကြသော်လည်း အုပ်စုငယ် ကလေးများ အဖြစ်နှင့် သွားလာ လှုပ်ရှားနေကြပြန်သည်။ သူတို့သည် မီးရထားလမ်း၊ ကားလမ်းများကို အနှောင့်အယှက် ပေးခြင်း၊ ရွာငယ်ကလေးများကို လုယက်ခြင်း စသည့် အဖျက်လုပ်ငန်းများကို ပြုလုပ်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ရှိ ထိုဒေသများတွင် ကေ အင် ဒီ အို လက်နက်ကိုင် စုစုပေါင်း ၂၀၀ ကျော်ခန့်ရှိ၍ အလံဖြူကွန်မြူနစ် ၆၀ ခန့်လည်း ရှိလေသည်။ နဂါးနီစစ်ဆင်မှု၏ရည်ရွယ်ချက်မှာ မြစ်ဝကျွန်းပေါ် ဒေသများတွင် ထိပါးနှောင့်ယှက်နေသော သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်ရန်ပင် ဖြစ်လေသည်။ နဂါးနီစစ်ဆင်မှုတွင် ခြေလျင်တပ်များနှင့်အတူ စက်မှုလက်မှုတပ်၊ သံချပ်ကာ ကားတပ်နှင့် အမြောက်တပ်များလည်း ပါဝင်သည်။

၁၉၅၂ ခု ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်အစိုးရတပ်သည် ကနကလေး၊ပဲသောင်း၊ အင်းဂလာ၊ကျည်းတောကြီး၊သဲကုန်း၊ဆောက်တန်း၊စာဖြူစု၊ကွဲသလင်း၊ရေနောက်၊ ပန်းဒီကုန်းစသောရွာများကို ဝင်ရောက်စီးနင်းရှာဖွေရာ ကေအင်ဒီအို ဗိုလ်ရောဗတ်နှင့်နောက်လိုက်အချို့အား ဗရင်းတလက်၊ရိုင်ဖယ် ၈ လက်နှင့်အတူ ဖမ်းဆီးခဲ့သည်။

အစိုးရတပ်များသည်ကျေးရွာများတွင် ပြည်တော်သာရှင်းလင်းပွဲများ ကျင်းပထာ လူထုနားလည်အောင် ဟောပြောပြကြသည်။ ဟောပြောရာတွင် နိုင်ငံတော်၏ အခြေခံဝါဒနှင့် သောင်းကျန်းသူများ၏လမ်းမှားများကို ထည့်သွင်းပြောဆိုသဖြင့် ကျေးရွာလူထုမှာ စိတ်ဓာတ်တက်ကြွလာသည်ကိုတွေ့ရသည်။

ဤနဂါးနီစစ်ဆင်မှု (ပဋမဆင့်)မှာ နွေရာသီအထူးစစ်ဆင်မှု၏ အစသာဖြစ်သည်။ အလူးစစ်ဆင်မှုကို ၁၉၅၃ ခုနှစ်ဦးကျမှသာလျှင် ဆင်နွှဲရလေသည်။

(ဆ) ကွန်မြူနစ်တို့၏ လျှောနှစ်ခွလမ်းစဉ်

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပုန်ကန်ထကြွရေး ရှုံးနိမ့်သောအကြောင်းရင်းကြီးများအနက် သူတို့၏လုပ်ငန်းစဉ် မှားယွင်းခြင်းအပြင် ဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်းမကြာခဏပြင်ဆင်ပြောင်းလဲရခြင်းအတွက် နောက်လိုက်ငယ်သားများသည် သံသယရှိလာကြ၍ ကွန်မြူနစ်အင်အားစု ဆုတ်ယုတ် ပျက်ပြားလာရသော အကြောင်းရင်းကြီးလည်း ပါဝင်ပေသည်။ ထိုကဲ့သို့ မကြာခဏ လုပ်ငန်းစဉ်များ ပြောင်းလဲရသော သာဓကများကို အောက်တွင် ကောက်နုတ်ဖော်ပြပေအံ့။

၁၉၄၉ ခုနှစ်ဖေဖော်ဝါရီလအတွင်း၌ကျင်းပသော ကွန်မြူနစ်ပါတီဗဟိုကော်မီတီအစည်းအဝေး၌ အကုန်သိမ်း၊ အကုန်ဝေဟူသော မြေယာဝေခြမ်းရေးမူကို ဆုံးဖြတ်ချမှတ်ခဲ့လေသည်။ သို့သော် ထိုနှစ် စက်တင်ဘာလ အတွင်း၌ ကျင်းပသော ဗဟိုကော်မီတီသည့် အစည်းအဝေးတွင် အကုန်သိမ်း၊ အကုန်ဝေ မြေယာဝေခြမ်းရေးမူသည် ကွန်မြူနစ်များ မဟာမိတ်ပြုရမည့် လူလတ်တန်းစားလယ်သမားများအားထိခိုက်စေသဖြင့် မှားယွင်းကြောင်းဆုံးဖြတ်လျက် မြေယာဝေငှရေး မူသစ်တခုကိုပြင်ဆင်ရေးဆွဲခဲ့ပေသည်။ ထိုကဲ့သို့ မူတခုတည်းတွင် လ အနည်းငယ်အတွင်း အကြီးအကျယ်ပြောင်းလဲလိုက်သဖြင့် ကွန်မြူနစ်ပါတီ့၏ လုပ်ငန်းဆောင်တာများလည်း စဉ်းစဉ်းစားစားပြုလုပ်သော လုပ်ငန်းများမဟုတ်ကြောင်းကို တွေးတောစဉ်းစားသူ နောက်လိုက်များက သိရှိကြ၏။

၁၉၅၀ ခုနှစ် မတ်လ အတွင်းတွင် ကွန်မြူနစ်ပါတီသည် ပြည်သူ့ရဲဘော်များအား တန်ပြန်တော်လှန်ရေးသမားများ အဖြစ်ဖြင့် သတ်မှတ်လျက် လက်နက်နှင့် ဖြိုဖျက်ပစ်ရန်တိုက်ပွဲဆင်နွှဲခဲ့ကြလေသည်။ ထိုနှစ်စက်တင်ဘာလ၌ မူကား ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီမှ "ဖ ဆ ပ လ အစိုးရကိုသာ အဓိက ရန်သူ အဖြစ်ဖြင့် ဦးတည်တိုက်ရမည်။ တော်လှန်ရေးပါတီအချင်းချင်း လက်နက်ကိုင်တိုက်ခိုက်နေခြင်းကို ရပ်စဲပစ်ရမည်" ဟူ၍ မူလ ဆုံးဖြတ်ချက်ကို ပြောင်းပြန် ပြုလုပ်လိုက်လေသည်။

၁၉၅၀ ခု စက်တင်ဘာလအတွင်း ကျင်းပသော ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ အစည်းအဝေးတွင် နှစ်နှစ် အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်ကို အတိအကျသတ်

မှတ်ခဲ့၍ ပြင်ဆင်မှုများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့ကြလေသည်။ သို့ရာတွင် ၁၉၅၁ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပသော ဗဟိုကော်မီတီမှ ဆုံးဖြတ်ချက်တရပ်မှာ အထက်ပါနှစ်နှစ်အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်သည် မှားယွင်းကြောင်း၊ မူလက ယူဆသကဲ့သို့ ဖ ဆ ပ လ အစိုးရကို ထိုကာလ အတောအတွင်း အနိုင်တိုက်နိုင်မည်မဟုတ်ကြောင်း၊ တော်လှန်ပုန်ကန်ရေးတိုက်ပွဲများသည် ခရီးရှည်ဦးမည်ဖြစ်ကြောင်း ပြန်လည် သုံးသပ်ခဲ့လေသည်။

၁၉၅၀ ခုနှစ် စက်တင်ဘာအတွင်းက ကွန်မြူနစ်များသည် နှစ်နှစ်အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်ကို ရဲရဲတောက်ချမှတ်ခဲ့ကြောင်းကို အောက်ပါဗမာပြည်ကွန်မြူနစ်ပါတီမှ ထုတ်ဝေသည့် ပြည်သူ့အာဏာဂျာနယ် အတွဲ ၅၊ အမှတ် ၇ တွင် တွေ့နိုင်လေသည်။

"ကွန်မြူနစ်ပါတီ၏ တူတဇင်နှင့် ရဲရဲတောက်နီလွင်သော အောင်လံတော်သည် ကြွားကြွားဝင့်ဝင့်ကြီး မားမားမတ်မတ်စိုက်ထူလွှင့်တင်ခဲ့ရာ ပြည်သူတို့၏ စွန့်စားတိုက်ခိုက်မှုများဖြင့် ပြမ်းတီးလျက်ရှိသော ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးတပ်ဦး၌ တနေ့တခြား မြင့်မားသည်ထက် မြင့်မားလာခဲ့၏။ တနေ့တခြား ခိုင်ခံ့သည်ထက်ခိုင်ခံ့လာခဲ့၏။ တနေ့တခြားခန့်ညားသည်ထက် ခန့်ညားလာခဲ့၏။

ဤသို့ဖြင့်မြင့်မားခန့်ညားထယ်ဝါလာခဲ့သည် နှင့်အမျှ ဗမာပြည်သူလူထုအဖို့ လက်ပမ်းပေါက်ခတ်ကာ ငါတို့၏တော်လှန်ရေးကြီးတွင် မည်သည့်နည်းနှင့်မျှ မရှုံးနိုင်၊ မုချမသွေသာလျှင် ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံနိုင်ရမည်ဟု ကြုံးဝါးခြင်းဖြင့် မကြုံဘူးလောက်အောင် အားတက်စရာပင်ဖြစ်ပေတော့၏။

ကွန်မြူနစ်ပါတီ၏ လမ်းစဉ် တသမတ်တည်း မှန်ကန်လာခဲ့ခြင်း ပေတည်း"

ပြည်သူ့ဂျာနယ်အတွဲ ၅၊ အမှတ် ၂ တွင်လည်း "နှစ်နှစ်အတွင်း ငါတို့အောင်မြင်စရာရှိသည်မှာ အမှန်ပင်ဖြစ်၏။ သံသယရှိစရာမလို။ ထို့ကြောင့် နှစ်နှစ်အတွင်း စစ်နိုင်ရေးနှင့် လျော်ညီသည့် လုပ်ဟန်များအဖြစ်သို့ ပြောင်းလဲကြရမည်။

အိပ်လျှင်လည်း စစ်နိုင်ရေး။

လုပ်လျှင်လည်း စစ်နိုင်ရေး။

စားလျှင်လည်း စစ်နိုင်ရေး။

ဤသို့လုပ်လျှင်စစ်နိုင်ရေးသည် မုချအကောင်အထည်ပေါ်လာသည့် အင်အားစုတရပ်ဖြစ်လာလိမ့်မည်" ဟူ၍ ရေးသားဖော်ပြခဲ့၏။

ကွန်မြူနစ်ပါတီဥက္ကဋ္ဌသခင်သန်းထွန်း၏ အမိန့်ပြန်တမ်းတွင်လည်း "၁၉၄၈ ခုနှစ်ထက် အဆပေါင်းများစွာကျွာသောဇွဲသတ္တိ၊ ဝီရိယနှင့်ငါတို့ဆက်လက်တိုက်ခိုက်

လျှင် နောက်ထပ်နှစ်နှစ်မကြာမီ ရန်သူကိုပြုတ်ပြုတ်ပြုန်းအောင် မုချတိုက်နိုင်လိမ့်မည်” ဟူ၍ထုတ်ပြန်ကျေညာခဲ့၏။

ထိုကဲ့သို့နှစ်နှစ်အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်ကို အဆက်မပြတ် လှုံ့ဆော်ကျေညာခဲ့၍ ကွန်မြူနစ်ပါတီဝင်တို့သည် များစွာအားတက်ခဲ့လေသည်။ သို့ရာတွင် ၁၉၅၃ ခုနှစ် ဇူလိုင်လအတွင်းကျင်းပသော ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ပေါ်လစ်ဗျူရိုနိုင်ငံရေးဆုံးဖြတ်ချက်ဘွင် “ဗမာပြည်လက်ရှိအခြေအနေနှင့် ငါတို့တာဝန်များ” ဟူသော စာတမ်းတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရ၏။

“၁၉၅၁ ခုနှစ်မှစ၍ လက်ဝဲအချောင်သမားဝါဒကို တိုက်နေသည့် ကြားထဲမှ လက်ဝဲအချောင်သမားဝါဒသည် အသွင်အမျိုးမျိုးဖြင့် ပေါ်ခဲ့၏။ ယင်းကား နှစ်နှစ်အတွင်းစစ်နိုင်ရေးဟူသော စစ်ရေး စွန့်စားရေး ဝါဒဖြစ်ပေသည်။ စစ်ရေး စွန့်စားရေးဝါဒသည် ပြင်းထန်သော စစ်ရေးစံနစ် ဖြစ်ပေါ်စေကာမူ နယ်ချဲ့ပဒေသရာဇ်သြဇာဖြစ်သော မနရှင်စစ်ရေးအယူအဆများသည် ကွန်မြူနစ်ပါတီ အတွင်းသို့ တိုးဖောက်ဝင်ရောက်ပျံ့နှံ့ခဲ့ပေသည်”။

ဗမာပြည်ကွန်မြူနစ်ပါတီမှ ထုတ်ဝေသည့် “သဘာဝလော၊ စဉ်းစားစိတ်ကူးမှုလော” သဘောတရားရေးစာစောင် ၁၂-၅၃ ဘွင်လည်း အောက်ပါအရေးအသားများကို တွေ့ရလေသည်။

“ငါတို့၏လမ်းစဉ်တွင် အမှားအယွင်းများ ဖြစ်ခဲ့ရခြင်းမှာ အကြမ်းအားဖြင့် သဘာဝကျသော စဉ်းစားစိတ်ကူးမှုတွင် ချွတ်ယွင်းခဲ့၍ဖြစ်သည်။ ငါတို့သည်အမှားတခုကိုကြည့်ကြဦးစို့။ ၁၉၅၀ ခုနှစ် အလယ်ပိုင်းတွင် နှစ်နှစ်အတွင်း စစ်နိုင်ရေးဟူသော ရေတိုစစ်အယူအဆသည် ရေရှည်စစ်အမြင်ကို လွှမ်းမိုးလာခဲ့၏။ ဤသဘာဝမကျသော စဉ်းစားမှုကြောင့်ပင်လျှင် စည်းရုံးရေးလုပ်ငန်းတွင်လည်း မှားယွင်းသောသဘောထားများရှိလာပေသည်”။

ဗမာပြည်ကွန်မြူနစ်ပါဘီမှ ထုတ်ဝေသော “ဗိုရှီဗစ်ပါတီဖြစ်အောင်လုပ်ကြစို့” ခေါင်းစဉ်ပါစာတမ်းတွင်လည်း “ရေရှည်စစ်ပွဲသဘောတရားကို မေ့ပျောက်သဖြင့် ခေါင်းဆောင်မှု အခြေခံ အလွန်အကျွံပေါ်လာခြင်း၊ နှစ်နှစ်အတွင်း စစ်နိုင်ရေးဟူသောရေတိုစစ်အမြင်များပေါ်လာခြင်းတို့ဖြစ်သည်။ မြို့များကို အတင်းဝင်တိုက်ခြင်း၊ အလွန်အကျွံစစ်ရေးသွေဖည်ခြင်းဖြစ်ပေါ်ခြင်း၊ လူထုအပေါ် ဗိုလ်ကျခြင်းတို့ဖြစ်ခဲ့သည်” ဟူ၍ဖော်ပြပါရှိလေသည်။

ဗမာပြည် ကွန်မြူနစ် ပါတီသည် ၁၉၄၇ ခုနှစ်မှစ၍ ၇ နှစ်ကာလ အတွင်း

နိုင်ငံရေးလမ်းစဉ်များကို အောက်ပါအတိုင်း ကြိမ်ဖန်များစွာ ပြင်ဆင်ပြောင်းလဲခဲ့ကြောင်းကိုလည်း ပြန်လည်ဖော်ထုတ်ပေးရန်လိုအပ်၏။

(၁) ၁၉၄၇ ခုနှစ်တွင် သခင်နုအရှင်ဖမ်းရေး။
(၂) ၁၉၄၉ ခုနှစ်တွင် သခင်နုနှင့် အပေါင်းပါများကိုအပြုတ်တိုက်ရေး။
(၃) ၁၉၅၀ ခုနှစ်တွင် အမေရိကန်သူ ဦးတည်တိုက်ရေးနှင့် နှစ် နှစ်အတွင်း စစ်အောင်နိုင်ရေး။
(၄) ၁၉၅၁ ခုနှစ်တွင် ငြိမ်းချမ်းရေးညွန့်ပေါင်းအစိုးရဖွဲ့စည်းရေး။
(၅) ၁၉၅၂ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး။
(၆) ၁၉၅၃ ခုနှစ်တွင် ဖ ဆ ပ လ အစိုးရကိုဖြိုချဖျက်ဆီးရေး။
(၇) ၁၉၅၅ ခုနှစ်တွင် ပြည်တွင်းစစ်ရပ်စဲရေးပြည်တွင်းငြိမ်းချမ်းရေး။

ကွန်မြူနစ်ပါတီ၏ မြေယာလမ်းစဉ်တွင်လည်း ဤနည်းနှင်နှင့် ဖျက်လိုက်ပြင်လိုက်ဖြစ်ခဲ့ပေသည်။

(၁) ၁၉၄၉ ခုနှစ်တွင် အကုန်သိမ်းအကုန်ဝေ။
(၂) ၁၉၄၉ ခုနှစ်နောက်ပိုင်းတွင် ချမ်းသာမြေရှင် အပြုတ်တိုက်။
(၃) ၁၉၅၀ ခုနှစ်တွင် ချမ်းသာကြားထား။
(၄) ၁၉၅၁ ခုနှစ်တွင်ချမ်းသာမဟာမိတ်ဖွဲ့။
(၅) ၁၉၅၃ ခုနှစ်တွင် မြေရှင်အပြုတ်တိုက် စသည်ဖြင့် မကြာခဏ အပြောင်းအလဲဖြစ်ပေသည်။

အထက်ပါ ဗလောင်းဗလဲနိုင်လှသော အပြောင်းအလဲများကြောင့် ပင်လျှင် အစိုးရထံလက်နက်ချဝင်ရောက်ခဲ့သော ကွန်မြူနစ်ခေါင်းဆောင်တဦးဖြစ်သူ သခင်ဘက အောက်ပါအတိုင်းပြောဆိုထုတ်ဖော်ခဲ့လေသည်။

“တနှစ်တကြိမ်ကျင်းပမြဲဖြစ်သော ပါတီဗဟိုကော်မီတီ အစည်းအဝေးတွင် နှစ်စဉ်လိုလိုလမ်းစဉ်တွေ ပြောင်းခဲ့သည်။ ဖ ဆ ပ လ အပြုတ်တိုက်ရေးလမ်းစဉ် များသာဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် နှစ်စဉ် သခင်သန်းထွန်း၏ အစ ရင်ခံစာမှ တော်လှန်ရေးလမ်းစဉ်ဟူ၍ ဖြစ်ပေါ်လာသည်။ သူရေးသော လမ်းစဉ်ကို သူပင်ပြန်လည်သုံးသပ်ပြီး လမ်းစဉ်အသစ်ကို တင်ပြခြင်းဖြင့် ကျန် ဗဟိုကော်မီတီများက ထောက်ခံခဲ့ကြ၍ လမ်းပြောင်းမြဲဖြစ်သည်။

လမ်းစဉ်မှားလျှင်ထိုလမ်းစဉ်အရ ခေါင်းဆောင်သော ပါတီခေါင်းဆောင်များ ခေါင်းဆောင်အဖြစ်မှ ဆင်းပေးရသော အစဉ်အလာမှာ ကမ္ဘာအရပ်ရပ်ပါတီများ တွင် ကြားရဘူးသည်။ ယခုမူကား ဗမာပြည်ကွန်မြူနစ်ပါတီ၏ လမ်းစဉ်မှာ တနှစ်

တခါဆိုသလို နှစ်စဉ်ဆက်တိုက်မှားနေပါလျက် သခင်သန်းထွန်း၏ခေါင်းဆောင်မှုကား မပြောင်းလဲဘဲ တွေ့နေရသည်မှာ အံ့သြစရာပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဤနည်းဖြင့် ပါတီခေါင်းဆောင်မှုကို ယာယီအားဖြင့်သာလျှင် ထိန်းသိမ်းထားနိုင်မည်။ အနာဂတ်ကာလတွင် သခင်သန်းထွန်း၏ခေါင်းဆောင်မှု ကျဆင်းရမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ရမည်”။

အထက်ပါသာဓကများမှာ ဗမာပြည်ကွန်မြူနစ်ပါတီသည် အခြေအနေအရ လုပ်ငန်းစဉ်များကို အမျိုးမျိုးပြောင်းလဲ၍ ခေါင်းဆောင်ပိုင်းက ပြုလုပ်သမျှကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ နောက်လိုက်ငယ်သားများသည် မျက်စိမှိတ်၍ လိုက်နာဆောင်ရွက်ရသော သာဓကအချို့ ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် စဉ်းစားတွေးခေါ် တတ်သော ကွန်မြူနစ်အများပင် အစိုးရထံသို့ မိမိတို့၏အမှားကိုဝန်ခံလျက် လက်နက်ချဝင်ရောက်လာခြင်း၊ တောတွင်း၌ ရှိနေကြသေးသော ကွန်မြူနစ်အများပင် လက်နက်ချဝင်ရောက်လိုကြခြင်းဟူသော အဖြစ်အပျက်များကို တွေ့ရလေသည်။

ပြည်တွင်းစစ်ရပ်စဲရေး ကြေးကြော်သံများ

၁၉၅၅ ခုနှစ်ကုန်တွင် ကျင်းပမည့်လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာပြည်ရှိဂိုဏ်းဂဏပါတီမရွေးဝင်ရောက်အရွေးခံနိုင်စေရန် ရည်သန်လျက် နိုင်ငံတော်အစိုးရသည် နောက်ဆုံးအခွင့်အရေးတရပ်ကို သဘောထားကြီးစွာ ပေးခဲ့၏။ ထိုသို့ပေးအပ်သော အခွင့်အရေးမှာ အခြားမဟုတ် ၁၉၅၅ ခု အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၅၆ ခု မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ကို နောက်ဆုံးအခွင့်အရေးအနေနှင့် ထုတ်ပေးခြင်းဖြစ်လေသည်။ ထိုလွှတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်မှာ ယခင်ကထုတ်ပြန်ကြေညာခဲ့သော လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်များထက်များစွာသက်ညှာလိုက်လျောသည်ကို တွေ့ရလေသည်။ ထိုအခွင့်အရေးအရ တောခိုသွားသော လက်နက်ကိုင်ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့် ပြည်ထောင်စုစစ်ရဲအဖွဲ့ဝင်များ၊ ရဲအဖွဲ့ဝင်များအတွက် တင်းကြပ်လှသော တပ်စည်းကမ်းဥပဒေများနှင့် ငြိစွန်းမှုမရှိစေဘဲ အထူးပင်သက်ညှာမှုပေးထားလေသည်။ အလင်းသို့ပြန်ဝင်လာသော လက်နက်ကိုင် သောင်းကျန်းသူများအား တပ်စည်းကမ်းဥပဒေအရ စစ်ရုံးမှ သေဒဏ်အပြစ်မျိုးမပေးဘဲ သက်ညှာစွာစဉ်းစားမည်ဟု ဥပဒေစည်းကမ်းများကို များစွာလျော့၍ ပေးထားသည်။ တောခိုပါတီခေါင်းဆောင်များအားလုံး

အတွက်လည်း ရှေးကလွှတ်ငြိမ်းချမ်းသာခွင့်တွင် ဖော်ပြထားသည့် စည်းကမ်းချက်များကို ရုပ်သိမ်း၍ နိုင်ငံတော် သစ္စာဖောက် ဥပဒေဖြင့် အရေးယူတော့မည် မဟုတ်ကြောင်း ဟူ၍လည်း ကတိပေးထားသည်။ အလင်းဝင်လာသူ အားလုံးတို့ကို လူသတ်မှု၊ မုဒိန်းမှု၊ ဓားပြမှုများမှတပါး ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့် ပေးကြောင်းလည်း ကြေညာခဲ့၏။ အထက်ပါပြစ်မှုကြီး ၃ မျိုးအနက် တမျိုးမျိုးကို ကျူးလွန်ခဲ့စေကာမူ လက်နက်နှင့်တကွ အလင်းသို့ဝင်လာမှုကို အကြောင်းပြု၍ သက်ညှာစွာစဉ်းစားမည်ဟူ၍လည်း ဖော်ပြထားသည်။

အလင်းသို့ဝင်လာပြီးသည့်နောက်တွင် ကွန်မြူနစ်ပါတီသည် လက်နက်နှင့်အာဏာလုသောနည်းကို စွန့်လွှတ်ပါမည်ဟု ကတိပေးပါက ထိုပါတီအား ဥပဒေအတွင်း စည်းရုံးခွင့် ဆောင်ရွက်ခွင့် ပြုမည်ဟူ၍လည်း နိုင်ငံတော် အစိုးရသည် အဘည့်အသင်းကတိပေးခဲ့လေသည်။ တနည်းအားဖြင့်ဆိုသော် ကွန်မြူနစ်ပါတီကို တရားဝင်ပါတီအဖြစ် ကြေညာပေးမည်ဟု အစိုးရက လူသိနတ်ကြား ထုတ်ဖော်ကြေညာခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့် နောက်ဆုံးအခွင့်အရေးကို ထုတ်ပြန်ကြေညာခဲ့ပြီးသည့်နောက်၌ လက်နက်ချဝင်လာသူများကို ထိုကြေညာချက်အတိုင်း သက်ညှာမှုပေးကြောင်းကို အစိုးရသည် လက်တွေ့ပြသခဲ့လေသည်။ ဥပမာအားဖြင့် အမှတ် ၂ ကရင်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးစောမြမောင်နှင့် ကရင်အရာရှိ ၄ ဦးတို့၏ အမှုကိုဖော်ပြလိုပေသည်။ သူတို့သည်လက်နက်များနှင့်တကွ အစိုးရတပ်မှထွက်ခွါ တောခိုသွားကြပြီးနောက် နိုင်ငံတော်အစိုးရကို လက်နက်နှင့် ပုန်ကန်တိုက်ခိုက်ခဲ့ကြသူများဖြစ်သည်။ သူတို့သည် အစိုးရတပ်များထံ ပြန်လည် လက်နက်ချပြီးသည့်နောက် စစ်ခုံရုံးက တပ်စည်းကမ်းဥပဒေအတိုင်း အမှုဖွင့်၍ စစ်ဆေးရာ ပြစ်မှုထင်ရှားသဖြင့် သူတို့အား သေဒဏ်အပြစ်ပေးခဲ့သည်။ တရားခံများသည် တရားဥပဒေအရ ပြစ်မှုထင်ရှားကြောင်းမှန်သော်လည်း အစိုးရထုတ်ပြန်ထားသော ပြစ်ဒဏ် လွှတ်ငြိမ်းချမ်းသာခွင့်သည် နောက်ဆုံး အခွင့်အရေးအရ နိုင်ငံတော်သမ္မတကြီးက ဤအမှုကို သက်ညှာစွာ စဉ်းစားပြီးနောက် သေဒဏ်အမိန့်ကိုဖျက်၍ ကွင်းလုံးကျွတ် လွှတ်ပစ်ခဲ့သည်။ ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရသည် ဤသို့သောသာဓကများကို ပြ၍ တောတွင်းမှသောင်းကျန်းသူများကို အလင်းသို့ဝင်လာရန် စိတ်ရှည်လက်ရှည် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုမျှသာမကသေး၊ နောက်ဆုံး လွှတ်ငြိမ်း ချမ်းသာခွင့် လက်ကမ်းချက်ကို တောတွင်းသောင်းကျန်းသူများက အခွင့်ကောင်း ယူကြစေရန်အတွက် နိုင်ငံတော်အစိုးရ

သည် သတင်းစာများမှ ဆောင်းပါး၊ အသံလွှင့်ဌာနမှဆောင်းပါး စာရွက်စာတမ်းများကို သိန်းသန်းချီ၍ ထုတ်ပြန်ကျေညာလျက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သည်။

ထိုသို့စေတနာသန့်သန့်ဖြင့် နိုင်ငံတော်၏အကျိုး၊ ပြည်သူလူထု၏ အကျိုးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိစဉ် အစိုးရသည် သောင်းကျန်းသူများအား စစ်ရေးအရ ထိုးစစ်ဆင်ခြင်းမပြုပေ။ နောက်ဆုံးလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို စတင်ကျေညာခဲ့သော ၁၉၅၅ ခု အောက်တိုဘာလ ၁ ရက်နေ့မှ ထိုနှစ် ဒီဇင်ဘာလကုန်အထိ ၃ လတိတိအချိန်ယူ၍ စောင့်စားနေခဲ့သည်။

ထိုသို့တကယ့် ငြိမ်းချမ်းရေးကိုရှေးရှုလျက် စစ်ရေးအရ တိုက်ခိုက်ခြင်းမပြုဘဲ ဖိတ်ခေါ်လျက်ရှိစဉ် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းသည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီက ၁၉၅၅ ခုနှစ်အတွင်း နောက်ဆုံး ချမှတ်လိုက်သည့် နည်းပရိယာယ်အတိုင်း "ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး" ကြွေးကြော်သံအရ စာတစောင်ကို နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပေးပို့လိုက်၏။

သခင်သန်းထွန်း၏ ပေးစာ အချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) မြန်မာအစိုးရသည် အင်္ဂလိပ်၊ အမေရိကန်တို့၏ ကျူးကျော်ရေးဂိုဏ်းအတွင်းသို့မပါဘဲ အမျိုးသားလွတ်လပ်ရေးနှင့် ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေးဝါဒကို ပြတ်သားစွာကျင့်သုံးရမည်။

(၂) တပြည်လုံးတွင် ဒီမိုကရေစီအခွင့်အရေးပေးရမည်။ ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးကို အာမခံရမည်။ ကွန်မြူနစ်ပါတီဝင်များနှင့် အခြားတိုးတက်သောနိုင်ငံရေးအကျဉ်းသမားများ အားလုံးကို လွှတ်ပစ်ရမည်။

(၃) ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ရှိသမျှသော ဒီမိုကရေစီပါတီများနှင့် လူထုအဖွဲ့အစည်းများ၏ ဥပဒေတွင်းတည်ရှိခွင့်နှင့် လုပ်ကိုင်ဆောင်ရွက်ခွင့်များကို အာမခံရမည်။

အထက်ပါအချက်သုံးချက်ကို အခြေခံ၍ ဖ ဆ ပ လ အစိုးရနှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟူ၍ သူ၏စာတွင် ဖော်ပြပါရှိ၏။

အထက်ပါသခင်သန်းထွန်း၏ တောင်းဆိုချက်များနှင့် စပ်လျဉ်း၍ အစိုးရ၏ကိုယ်စား ထိုအခါကပြန်ကြားရေးဝန်ကြီးဖြစ်သူ ဦးထွန်းဝင်းက အသံလွှင့်ဌာနမှနေ၍ နိုင်ငံတော်အစိုးရ၏ သဘောထားကို အောက်ပါအတိုင်း ပြန်ကြားခဲ့လေသည်။

၁။ သခင်သန်းထွန်းတို့ တွေ့ဆုံဆွေးနွေးလိုသည်ဆိုသော နံပတ် ၁ အချက်မှာ လုံးဝအဓိပ္ပါယ်မရှိ။ အစိုးရ၏နိုင်ငံခြားရေးဝါဒမှာ သီးခြားလွတ်လပ်သော ကြားနေဝါဒဖြစ်သည်။ မည်သည့်အုပ်စုနိုင်ငံရေးကိုမျှ မထောက်ခံ။ အုပ်စုနိုင်ငံရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာတို့၏ အချုပ်အချာ အာဏာတည်မြဲရေးကို မဖြစ်စေနိုင်။ ဗမာနိုင်ငံသည် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရေးကိုသာ လိုလားသည်။ သို့ဖြစ်၍ ဤကိစ္စအတွက် တွေ့ဆုံ ဆွေးနွေးနေရန် အကြောင်းမရှိချေ။

၂။ နံပတ် ၂ အချက်မှာလည်း အဓိပ္ပါယ်မရှိပေ။ ဤနိုင်ငံတွင် အတိုက်အခံအဖွဲ့အစည်းများအပါအဝင် ပြည်ထောင်စုသားတိုင်းသည် ဒီမိုကရေစီအခွင့်အရေးကိုခံစားလျက်ရှိနေကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အာဏာကိုလက်နက်နည်းဖြင့် လုယူရန်မကြံစည်အားမထုတ်သမျှ မည်သူမဆို အတိုက်အခံအဖွဲ့အစည်းများထူထောင်နိုင်ခွင့်ရှိသည်။ လက်ရှိအတိုက်အခံအဖွဲ့အစည်းများ၏အသံပလံများ လွတ်လပ်စွာ ကြွက်ကြွက်ညံနေခြင်းကို ထောက်၍ ဤအချက်မှာ ထင်ရှားသည်။

ထောင်များ၌ နိုင်ငံရေးအကျဉ်းသမားများ ရှိနေသည်ဆိုခြင်းမှာမမှန်။ နိုင်ငံရေးသမားအမည်ခံ လူသတ်မှု၊ ဓားပြမှု၊ မုဒိန်းမှု၊ တန်တားချိုးမှု၊ နိုင်ငံတော်ကိုသစ္စာဖောက်မှုစသည့်ပြစ်မှုများဖြင့် အကျဉ်းခံနေရသူများသာရှိသည်။ နိုင်ငံရေးသဘောကွဲလွဲရုံမျှဖြင့် အစိုးရသည် မည်သူ့ကိုမျှဖမ်းဆီးခြင်း မပြုခဲ့။ တိုင်းပြည်၏အန္တရာယ်ဆူပူသောင်းကျန်းနေသူများကိုသာ ဖမ်းဆီးခဲ့သည်။ သို့ဖြစ်၍ ဤအချက်အတွက် တွေ့ဆုံဆွေးနွေးဖို့ရန်ဆိုသည်မှာလည်း အဓိပ္ပါယ်မရှိ။

၃။ ကွန်မြူနစ်ပါတီကို တရားဝင်ဖြစ်အောင်ကျေညာဖို့မှာ ဝန်ကြီးချုပ်ကိုယ်တိုင် ကျေညာပြီးဖြစ်သည့်အတိုင်း လက်နက်နည်းဖြင့် အာဏာလုသော လမ်းစဉ်မှားယွင်းကြောင်းယနေ့ကျေညာလျှင် ယနေ့ပင်ကွန်မြူနစ်ပါတီကိုလည်းတရားဝင်အသင်းဖြစ်ကြောင်းကျေညာမည်။ သို့ဖြစ်သည့်အတိုင်း ဤအချက်နှင့် စပ်လျဉ်း၍လည်း တွေ့ဆုံဆွေးနွေးရန်အကြောင်းမရှိ။ သခင်သန်းထွန်းတို့ အနေဖြင့် နောက်ဆုံးလွတ်ငြိမ်းချမ်းသာခွင့် ကျေညာချက်အရ "လာချင်လျှင် အနီးကလေးပင်ဖြစ်သည်။ မလာချင်သဖြင့်သာ ခရီးဝေးအောင်လုပ်နေသည်"။

အထက်ပါအတိုင်း အစိုးရအဖွဲ့၏သဘောထားကို အသံလွှင့်ပြန်ကြားပြီးသည့်နောက် များမကြာမီပင် သခင်သန်းထွန်းတို့က ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်တယောက်ကို ရန်ကုန်မြို့သို့စေလွှတ်ခဲ့၏။ ထိုကိုယ်စားလှယ်သည် ကြားလူ

အဖြစ်ဖြင့် တင်မြှောက်ထားသော ဗိုလ်လက်ျာကတဆင့် အစိုးရနှင့် အလင်းဝင်ရေး ကိစ္စများကို ဆွေးနွေးရန် လာရောက်ခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့အား အကြောင်းကြားလာလေသည်။ ထိုကဲ့သို့ အကြောင်းကြားချက်အရ အစိုးရအဖွဲ့ဝင်များသည် စဉ်းစားဆွေးနွေးကြပြီးနောက် ရှေးက တပတ်ရိုက်ခဲ့ဘူးပေါင်းများလှပြီဖြစ်၍ အစိုးရကိုယ်စားလှယ်များနှင့်ကွန်မြူနစ်ကိုယ်စားလှယ်များ တိုက်ရိုက်တွေ့ဆုံဆွေးနွေးရန်မသင့်၊ကွန်မြူနစ်များကကြားလူအဖြစ်တင်မြှောက်ထားသော ဗိုလ်လက်ျာနှင့်သာ တွေ့စေလိုသည်။ ထိုသို့တွေ့ဆုံရာတွင်လည်း အလင်းဝင်ရေး အစီအစဉ်များကို မည်ကဲ့သို့စီစဉ်ရမည်ဟူသော အချက်ကိုသာ ဆွေးနွေးရမည်။ နိုင်ငံရေးကိစ္စများကို မည်သည့်နည်းနှင့်မျှ မဆွေးနွေးရဟု ဝန်ကြီးချုပ်ဦးနုက ဝန်ကြီးဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့အား အမိန့်ပေးလိုက်လေသည်။

ထိုအမိန့်အတိုင်းဝန်ကြီး ဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီး အောင်ကြီးတို့သည် ဗိုလ်လက်ျာကို ကြားလူအဖြစ်ဖြင့် ထား၍ ကွန်မြူနစ်များ အလင်းဝင်ရောက်ရေးအစီအစဉ်ကို ဆွေးနွေးခဲ့လေသည်။ ထိုသို့ဗိုလ်လက်ျာနှင့်ဆွေးနွေးမှုများ အပေါ်တွင်အခြေပြု၍ ကွန်မြူနစ်များ အလင်းသို့ဝင်ရောက်ရေးသည် စိတ်ချယုံကြည်လောက်ပြီဟုယူဆရသည်နှင့် တပြိုင်နက် ဝန်ကြီးဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့သည် ကွန်မြူနစ်များအလင်းသို့ ဝင်ရောက်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သော အမိန့်ညွှန်ကြားချက်နှင့် အသံလွှင့်ကြေညာချက်များကို ၁၉၅၆ ခု မတ်လ ၂၅ ရက်နေ့လယ်ပိုင်းတွင် အသံလွှင့်ရုံမှ အသံလွှင့်ကြေညာခဲ့သည်။

/ ဗိုလ်မှူးကြီးအောင်ကြီး၏ အသံလွှင့်ချက်တွင် "နစ်ဖြူပါတီဝင် လက်နက်ကိုင်သောင်းကျန်းသူများ အစုလိုက်အပြုံလိုက် လက်နက်ချဖွယ်ရာ အကြောင်းရှိသည်။အကယ်၍ သူတို့သည် မည်သည့်နေရာတွင်မဆို တပ်မတော်ထံ လက်နက်ချရန် ကမ်းလှမ်းပါက လက်နက်ချရေးကို လက်ခံဆွေးနွေးပါ။ လက်နက်ချရန် ဆွေးနွေးသလိုပြုပြီး လက်နက်ချရေးမဟုတ်သော နိုင်ငံရေးကိစ္စများကိုဆွေးနွေးလျှင် ဆွေးနွေးပွဲကို ရပ်စဲ၍ သူတို့ကိုတောထဲသို့ပြန်ပါစေ" အစရှိသဖြင့်ပါရှိလေသည်။

ဝန်ကြီး ဗိုလ်ခင်မောင်ကလေး၏ အသံလွှင့်ချက်တွင် "သောင်းကျန်းသူများသည် လက်နက်ချပြီးသည်နောက် သူတို့၏သေနတ်ဝါဒကို စွန့်လွှတ်လျှင် ဒီမိုကရေစီစည်းဝိုင်းအတွင်း၌ သူတို့အားလွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာရေးသားခွင့်နှင့် လွတ်လပ်စွာစည်းရုံးခွင့် တည်းဟူသော ဒီမိုကရေစီ အခွင့်အရေးများကို ခွင့်ပြုမည်ဖြစ်ကြောင်း" အစရှိသဖြင့် ပါရှိလေသည်။

အစိုးရ၏ သဘောထားမှာ လက်နက်ကိုင်သောင်းကျန်းသူများနှင့် တွေ့ဆုံစေ့စပ်ဆွေးနွေးသော မှုကို မည်သည့်နည်းနှင့်မျှလက်မခံ။ လက်နက်ချရေးသည် နိုင်ငံရေးလုံးဝမပါဘဲ ရိုးရိုးလက်နက်ချရေးသာဖြစ်ရမည်။ လက်နက်ချလိုသော လူများသည်အစိုးရကကြေညာထားသည့်အတိုင်း ၁၉၅၆ ခု မတ်လ ၃၁ ရက်နေ့မကုန်ဆုံးမီ အနီးဆုံး လက်နက်ကိုင်တပ်များနှင့် အုပ်ချုပ်ရေးဖက်သို့ လက်နက်ချလိုကြောင်း အကြောင်းကြားရမည်။ ဤသို့အကြောင်းကြားသည်နှင့်တပြိုင်နက် လိုအပ်သော အစီအစဉ်များကို သက်ဆိုင်ရာအရာရှိများက ပြုလုပ်ပေးမည်ဟူ၍ အတည့်အလင်း ကြေညာခဲ့၏။

ထိုအချိန်အထိ ကွန်မြူနစ်များသည် အလင်းသို့ဝင်လာရန်အတွက် တကယ်ပင် စိတ်ပိုင်းဖြတ်ပြီးသား ရှိနေပြီဟု နိုင်ငံတော်အစိုးရသည် ရိုးသားစွာ ယုံကြည်ခဲ့၏။ သို့သော်ကွန်မြူနစ်များသည် သူတို့ပေးပြီးသော ကတိကို အမြဲတန်း ဗလောင်းဗလဲလုပ်တတ်သော အလေ့မျိုးရှိခဲ့သဖြင့် နောက်နောင် အရှုပ်အရှင်း မရှိနိုင်စေရန်အတွက် ကွန်မြူနစ်များထံမှဖြစ်စေ၊ အစိုးရဖက်မှဖြစ်စေ တင်ပြချက်အသီးသီးကို နှုတ်ဖြင့်မဟုတ်ဘဲ စာဖြင့်အတိအကျရေးသားတင်ပြကြရန် ဝန်ကြီးချုပ်က ထပ်မံ အမိန့်ပေးခဲ့လေသည်။

ထိုအမိန့်အတိုင်း ဝန်ကြီးဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့သည် ဗိုလ်လက်ျာကိုခေါ်ယူ၍ ရှင်းလင်းပြောပြခဲ့ကြသည်။ ဗိုလ်လက်ျာသည် အစိုးရဖက်မှ ရှင်းပြချက်ကို နားထောင်ပြီးနောက် ကွန်မြူနစ်ကိုယ်စားလှယ်နှင့် မိမိသည် တွေ့ဆုံပါဦးမည်ဟုပြောဆိုကာ အစိုးရကိုယ်စားလှယ်များလည်း ပြန်လာခဲ့ကြ၏။ ထိုနေ့ညနေဖက်တွင် ဗိုလ်လက်ျာအိမ်မှ လူတယောက်သည် ကွန်မြူနစ်ကိုယ်စားလှယ်ထံမှ စာတစောင်ကိုယူ၍အစိုးရကိုယ်စားလှယ်များအား လာရောက်ပေးပို့ခဲ့သည်။ ထိုစာတွင် အောက်ပါအတိုင်းပါရှိ၏။

ဗိုလ်ခင်မောင်ကလေးခင်ဗျား။

ပူးတွဲပါအတိုင်း အဓိပ္ပါယ်သက်ရောက်သည့် ကြေညာချက်ဆိုလျှင် လိုရာခရီးရောက်ပါလိမ့်မည်။ အသုံးအနှုန်းများကို ကြိုက်သလိုပြင်ဆင်နိုင်ပါသည်။

လေးစားလျက်

ဗိုလ်လက်ျာ

"ဗမာပြည်ကွန်မြူနစ်ပါတီဝင် လက်နက်ကိုင် သောင်းကျန်းသူများတို့သည် လက်နက်ကိုင်တော်လှန်ရေးကို လုံးဝစွန့်လွှတ်၍ အလင်းသို့ဝင်ရောက်ပြီး နိုင်ငံတော်အုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေအတွင်း၌သာ နိုင်ငံရေးလုပ်ငန်း အဝဝကို ဆောင်ရွက်ရန်သဘောတူကြသည်။

ထိုသို့ဆောင်ရွက်ရန် ရှေးဦးစွာ လက်နက်ချရေးကိစ္စကို မည်သို့ နှစ်ဦးနှစ်ဖက်ဆောင်ရွက်မည်ကို ဆွေးနွေးစီစဉ်ရန်လိုအပ်သည်။ ထိုဆွေးနွေးစီစဉ်သည့်အခါ အခြားနိုင်ငံရေးကိစ္စများ လုံးဝမပါစေရဘဲ လက်နက်ချရေးကိစ္စမှ ပေါ်ပေါက်လာသည့် ပြဿနာများသာဖြစ်ရမည်။ ဤအစီအစဉ်အတိုင်း ဆောင်ရွက်ရန်မြောက်ပိုင်း စစ်ဌာနတနေရာတွင် အစိုးရကခန့်အပ်သော သင့်တော်သည့် ကိုယ်စားလှယ်များ၊ တပ်မတော်မှ သက်ဆိုင်ရာ အရာရှိများနှင့် ကွန်မြူနစ်ဗဟိုကော်မီတီမှ ကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးရန် သဘောတူညီကြကြောင်း"။

ထိုစာကိုဖတ်ရလျှင် ဖတ်ရခြင်း ဝန်ကြီးဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့သည် ဝန်ကြီးချုပ်ထံသို့ လာရောက်၍ ဆွေးနွေးကြပြန်သည်။ ထိုစာနှင့်စပ်လျဉ်း၍ အစိုးရပိုင်း၌ မတ်လ ၂၅ ရက်နေ့ ညတညလုံး ဆွေးနွေးကြပြီးနောက် နံနက် ၄ နာရီအချိန်တွင် ထိုစာအတိုင်း သဘောတူလက်ခံကြရန် အားလုံးက သဘောတူညီမှု ရရှိခဲ့ကြသည်။ ဤသို့သဘောတူပြီးနောက် ဝန်ကြီးဗိုလ်ခင်မောင်ကလေးက ဗိုလ်လကျ်ာထံသို့ ပြန်ကြားရန်စာအကြမ်းတခု ရေးသားကြသည်။ ထိုစာ၏ အကျဉ်းချုပ်မှာ

(၁) နိုင်ငံတော်အစိုးရသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်နက်ချခြင်းကို လက်ခံသည်၊

(၂) ဤသို့လက်ခံသည့်အလျောက် ထိုဗမာပြည်ကွန်မြူနစ်ပါတီ၏ အဖွဲ့ဝင်များ လက်နက်ချနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များကို စီစဉ်ပေးမည်၊

(၃) သို့ရာတွင်လက်နက်ချခြင်းမပြုဘဲ လက်နက်စွဲကိုင်၍ သောင်းကျန်းလျက်ရှိသူများအား ဆက်လက်တိုက်ခိုက်ရန် လက်နက်ကိုင်တပ်ပေါင်းစုသည် ယခုလက်ရှိတိုက်ခိုက်ရေး အစီအစဉ်များကို ရပ်စဲမည်မဟုတ်။

ဤစာကိုအကြမ်းရေးပြီးနောက် ကွန်မြူနစ်များလက်နက်ချရန် နေရာအဖြစ်ဖြင့် မန္တလေးမြို့ကိုရွေးချယ်ကြ၏။ အစိုးရကိုယ်စားလှယ် အဖြစ်ဖြင့် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးနှင့် အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူတို့အား ၎င်း၊

တပ်မတော်ကိုယ်စားလှယ် အဖြစ်ဖြင့် ဗိုလ်မှူးချုပ်ကျော်ဇောနှင့် ဗိုလ်မှူးချုပ်ဗလိတ်တို့အား၎င်း ရွေးချယ်ခဲ့ကြသည်။

နောက်တနေ့ဖြစ်သော မတ်လ ၂၆ ရက်နေ့နံနက်တွင် အစိုးရ ကိုယ်စားလှယ်များသည် ဗိုလ်လကျ်ာနှင့်တွေ့ဆုံ၍ ယခင်ညက ရေးထားသော အစိုးရ၏ပြန်ကြားစာကို ဗိုလ်လကျ်ာအားပေးကြသည်။ ဤတွင်ဗိုလ်လကျ်ာက "မနေ့ကကျွန်တော်ရေးပေးလိုက်တဲ့စာဟာ ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော်ရေးပေးလိုက်တဲ့စာပါဘဲ။ ကွန်မြူနစ်ကိုယ်စားလှယ်က ဘာမျှမသိပါဘူး။ သူကိုယ်တိုင် ရေးတဲ့စာကို ကျွန်တော် အခုယူလာခဲ့ပါတယ် ဟောဒီစာဘဲ" ဟူ၍ဆိုလိုက်သည်။

ဤတွင်အစိုးရ၏ ဝမ်းမြောက်စွာ မျှော်လင့်ချက်သည် အလဟဿဖြစ်သွားခဲ့လေသည်။ အစိုးရကိုယ်စားလှယ်တို့လည်း များစွာအံ့အားသင့်လျက် စိတ်ပျက်ဝမ်းနည်းကာ ဖြစ်ကြရလေသည်။ ဗိုလ်လကျ်ာ နောက်ထပ် ယူလာခဲ့သော ကွန်မြူနစ် ကိုယ်စားလှယ်ကိုယ်တိုင် ရေးလိုက်သောစာကို အစိုးရကိုယ်စားလှယ်များသည် တဖန် လေ့လာသုံးသပ်ကြပြန်သည်။ ထိုစာ၌ အစိုးရဖက်က မူလနားလည်ထားခဲ့သော "အလင်းဝင်ရေး၊ လက်နက်ချရေး" ဆိုသော စကားများ လုံးဝမပါရှိသည်သာမက နောက်ဆုံးအပိုဒ်၌ "ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ ဆောင်ရွက်ခွင့်ရရှိရေးတို့အတွက် ဆွေးနွေးရန်" ဟူသော ကွန်မြူနစ်တို့၏ မူလကြွေးကြော်သံ တွေ့ဆုံဆွေးနွေးရေးဒိုရင်းသို့ ပြန်၍ဆိုက်ရောက်သွားကြောင်း တွေ့ရှိနိုင်ပေသည်။

ကွန်မြူနစ်တို့၏ လက်သီးပုန်း

ဤကား တိုင်းပြည်ကနားစွင့်လျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများ ရပ်စဲသွားရသည့် နောက်ခံအကြောင်းများ ဖြစ်လေသည်။ အမှန်စင်စစ်မှာ ကွန်မြူနစ်ပါတီသည် အခြေအနေအရ မည်ကဲ့သို့ပင် ပြည်တွင်းငြိမ်းချမ်းရေး ဟူသောကြွေးကြော်သံကို တဖွဖွဟစ်အော်နေကြသော်လည်း သူတို့၏ အတွင်းသဘောမှာ ထိုကြွေးကြော်သံများသည် ဟန်ဆောင်သော ကြွေးကြော်သံများသာဖြစ်ကြောင်း။ ထိုကြွေးကြော်သံများဖြင့် နိုင်ငံရေးအမြတ်ထုတ်ရန် သက်သက်ဖြစ်ကြောင်း အောက်ပါ အထောက် အထားများက သက်သေခံလျက်ရှိသည်။

(၁) မိတ္ထီလာခရိုင်တွင် ဝေငှသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကျေညာချက်။

"လက်နက်ချဘို့ဟာ ငါတို့အိပ်မက်တောင် မမက်ပါ။ လက်နက်ချလိမ့်မယ်လို့ မျှော်လင့်မနေနဲ့"။

(၂) ပဲခူးခရိုင်တွင်ဝေငှသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ကြေညာချက်။

"လက်နက်ချ အညံ့ခံမည်မဟုတ်။ တန်းတူတွေ့ဆုံ ဖြေရှင်းရေး အမြန်လုပ်ပါ"။

(၃) မင်းဘူးခရိုင်တွင်ဝေငှသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ကြေညာချက်။

"ယနေ့ပြည်သူလူထုသည် ကွန်မြူနစ်တွေလက်နက်ချလိမ့်မည်ဟူသော သံသယဖြင့် စိုးရိမ် ပူပန်လျက် ရှိနေကြပေသည်။ ပြည်သူလူထုရှေ့မှောက်တွင်လည်း သတ္တိကြောင် သူရဲဘောနည်းသော သစ္စာဖောက် အချောင်သမားတို့သည် အလျှိုအလျှို လက်နက်ချခဲ့ပေသည်။ ကွန်မြူနစ်ဆိုတာ ရန်သူကို ဘယ်တော့မှ ဒူးမထောက်၊ စေ့စပ်ဆွေးနွေးရေးဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အရယူသော လမ်းမှအပ အခြားလမ်းလိုက်ရန်မရှိ။"

(၄) "၂၅-၁၀-၅၅ ရက်နေ့တွင် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ဆွေးနွေးသည်" ဟူသောစာတမ်းမှ ကောက်နုတ်ချက်များ။

(က) ပြည်တွင်းစစ် ရပ်စဲရေးရယင် ဥပဒေတွင်းဝင်၊ ဒီမိုကရေစီ တိုက်ပွဲတွေဆင်၊ အင်အားစု၊ နောက်တကြိမ် လက်နက်ကိုင် တိုက်ပွဲအတွက် ပြင်ဆင်ရမှာ ဖြစ်တယ်။ ပြည်တွင်းစစ် ရပ်စဲရေးရယင် ဒီအတိုင်းဘဲ လုပ်သွားရမှာ ဖြစ်တယ်။ ပြည်တင်းစစ် ရပ်စဲရေးမရယင် လက်နက်ကိုင်တိုက်ပွဲကို ဆက်တိုက် ဆက်လက် ဆင်နွဲသွားရမှာ ဖြစ်တယ်။

(ခ) နောက်ဆုံး အာဏာသိမ်းရေးဖက်က ပြောရယင် ဥပဒေတွင်းဝင်ပြီးတော့ ဒီမိုကရေစီတိုက်ပွဲတွေဆင်နွဲဘို့ အခွင့်သာသည့် တိုင်အောင် နောက်ဆုံး အာဏာသိမ်းရေးအတွက် လက်နက်ကိုင်တိုက်ပွဲကို နောက်ထပ် ဆင်နွဲရဦးမှာ ဖြစ်တယ်။

(ဂ) ဥပဒေတွင်း ဒီမိုကရေစီတိုက်ပွဲဆင်နွဲရင်းက အခြေအနေရင့်ကျက်လာယင် နောက်တကြိမ် လက်နက်ကိုင်တိုက်ပွဲကို နောက်ဆုံးအာဏာသိမ်းရေးအတွက် ဆင်နွဲရမှာဖြစ်တယ်။ အခွင့်သာတဲ့အခြေအနေတွေဖန်တီးပြီးတော့ ဥပဒေတွင်း ဒီမိုကရေစီတိုက်ပွဲ ဆင်နွဲရေးဆိုတာဟာ ရန်သူအင်အားကြီးနေချိန်၊ကျွန်တော်တို့ အင်အားကျဆင်းနေချိန်၊ ဒီကနေ့ အင်အားနှိုင်းယှဉ်ချက်အရ ပြောတာဖြစ်တယ်။ ဥပဒေတွင်း ဒီမိုကရေစီ

တိုက်ပွဲ ဆင်နွဲနေသည့်တိုင်အောင် ရသမျှအခွင့် အရေးတွေကိုအသုံးပြုပြီးတော့ နောက်တကြိမ်လက်နက်ကိုင်တိုက်ပွဲအတွက် ပြင်ဆင်ရမယ်။

(ဃ) အခွင့်သာတဲ့ အခြေအနေတွေ ဖန်တီးပြီးတော့ ဥပဒေတွင်း ဒီမိုကရေစီ တိုက်ပွဲဆင်နွဲရေးဟာ ငနုအစိုးရနဲ့ ပူးပေါင်းရေး မဟုတ်ဘဲ ငနုအစိုးရကို အပြီးတိုင်ဖယ်ရှားပစ်ရေးအတွက် နည်းပရိယာယ် ပြောင်းခြင်းဖြစ်တယ်။

(၅) ၁၅-၁၁-၅၆ ရက်နေ့စွဲနှင့် ၃ ပါတီသဘာပတိ အဖွဲ့မှ ဖ ဆ ပ လ ထံ ကြောင်းလမ်းချက်စာတမ်းတွင် အောက်ပါ စကားများပါရှိပေသည်။

"ဖ ဆ လကျ်ာဆိုရှယ်တို့၏ ထုတ်ပြန်သော ပြည်တွင်းစစ်ကို တရားမှန်ကန်တော်လှန်သောစစ်ဖြင့် ဆင်နွဲနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်အဖွဲ့၊ ကော်သူလေးတပ်ဦးပါတီ၊ ပြည်သူ့လွတ်လပ်ရေးပါတီ၊(ရခိုင်ပြည်)။ မွန်အမျိုးသား၊ ပအိုအမျိုးသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အပါအဝင် လက်နက်ကိုင်တော်လှန်ရေးပါတီအားလုံး၊ လူမျိုးစုပါတီအဖွဲ့အစည်းအားလုံးတို့က ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ပြဿနာအရပ်ရပ်ကို နိုင်ငံရေးအရ ငြိမ်းချမ်းစွာဒီမိုကရေစီကျကျလွတ်လပ်တရားမျှတစွာ မျက်နှာစုံညီတွေ့ဆုံဆွေးနွေးရန် ဖ ဆ လကျ်ာဆိုရှယ်တို့ထံ ကြောင်းလမ်းခဲ့ကြပေသည်"။ ထိုကြောင်းလမ်းချက်တွင် အလံနီကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များအဖြစ် သခင်စိုး၊ ရဲနီကျော်ဝင်း၊ ရဲနီမယ်စောမြ၊ ရဲနီမယ်ငွေစံတို့ လက်မှတ်ရေးထိုးကြ၏။ ပြည်သူ့ရဲဘော်အဖွဲ့မှ ကိုယ်စားလှယ်အဖြစ် ဗိုလ်အုန်းတင်၊ ဗိုလ်အောင်နိုင်၊ ဗိုလ်စံမောင်တို့ လက်မှတ်ရေးထိုးကြ၏။ ဗမာပြည် ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များအဖြစ်ဖြင့် သခင်သန်းထွန်း၊ သခင်ချစ်နှင့် ရဲဘော်ထွေးတို့ လက်မှတ်ရေးထိုးကြ၏။

(၆) ၁၅-၁၁-၅၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော တောခိုသုံးပါတီ စစ်ရေးကြေညာချက်မှ ကောက်နုတ်ချက်

"သုံးပါတီ တပ်မတော်တပ်မှူး၊ တပ်ကြပ်၊ တပ်သား၊ရဲဘော်၊ရဲနီအပေါင်းတို့-ပြည်သူလူထုတရပ်လုံး၏ လိုလားတောင့်တ ဆန္ဒပြင်းပြလှသော ငြိမ်းချမ်းရေးအရေးတော်၏ အလိုကိုဖြည့်ဆည်းရန်အလို့ငှါ ဖြိုခွဲ၍မရနိုင်သော စည်းလုံးညီညွတ်မှုအင်အားဖြင့် အကုန်ဖိနှိပ်ညှဉ်းဆဲ၊ အကုန်ဖျက်ဆီး၊ အကုန်လု၊ အကုန်သတ်၊ အကုန်မီးရှို့၊ အကုန်မဒိန်းကျင့်စသော စည်းမျဉ်းအရ ဖက်ဆစ်နည်းကို ကျင့်သုံးနေတဲ့ ဖ ဆ လကျ်ာဆိုရှယ်အစိုးရ၏ မိုက်ရိုင်းကျူးကျော်စော်ကား တိုက်စစ်ဆင်မှုများ

ကို ငါတို့သုံးပါတီတပ်မတော်သုံးရပ်၏ ဖဝါးအောက်တွင် မှုန့်မှုန့်ညက်ညက်ကြေ၊ ပြားပြားမှောက်ရောက်ရှိလာအောင် ငြိမ်းချမ်းရေး အလံတော်အောက်တွင် တရားမှန်ကန် တော်လှန်သော စစ်တံခွန်တော်ဖြင့် သုံးပါတီ တပ်မတော်သုံးရပ်တို့သည် တခဲနက်ပူးတွဲတိုက်ပွဲဆင်ကြလော့။

ကော်သူလေးတပ်မတော်၊ မွန်တပ်မတော် စသောလူမျိုးစုပေါင်းစုံ တပ်မတော်များနှင့်လည်း အစွမ်းကုန် ဆယ်ပြန်သောခွန်အားကိုဆောင်၍ ညီညွတ်ပူးတွဲတိုက်ပွဲဆင်ကြလော့။

ရန်သူကိုအခဲမကြေသောဒေါသဖြင့် စစ်မာန်ကိုတင်းပြီး ခါးသည်းသော မုန်းတီးမှုတို့နှင့်တိုက်ကြလော့။

တမျိုးသားလုံးကို အကုန်ဖျက်ဆီး၊ အကုန်ဖိနှိပ်ညှဉ်းဆဲ၊ အကုန်လု၊ အကုန်သတ်၊ အကုန်မီးရှို့၊ အကုန်မုဒိန်းကျင့်နေသည့် ရန်သူ ဖ ဆ လကျ်ာဆိုရှယ်အစိုးရအား ရဲရဲကြီးတိုက်ပွဲဝင်ကြလော့" ။

အထက်ပါကောက်နုတ်ချက်များအရ ကွန်မျူနစ်ပါတီသည် ပြည်တွင်းစစ်ရပ်စဲရေးဟူသော ဟန်ဆောင်ကြွေးကြော်သံများဖြင့် တိုင်းပြည်အား မှိုင်းတိုက်နေသော်လည်း မိမိတို့၏လက်နက်နှင့်အာဏာ သိမ်းယူရေးဝါဒကို လက်မလွှတ်ကြောင်း ထင်ရှားလှပေသည်။ သို့ရာတွင် လမ်းမှားကို နောင်တရကြ၍ အလင်းသို့ ဝင်လာသူများမှာလည်း နည်းသည် ဟု မဆိုနိုင်ပေ။ အစိုးရ၏ နောက်ဆုံးပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ကို ထုတ်ပြန်လိုက်သော ၁၉၅၅ ခု အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၅၆ ခု ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ သောင်းကျန်းသူပေါင်း ၂,၀၆၅ ဦးမျှ အလင်းသို့ ဝင်ရောက်လာခဲ့၏။ သူတို့အနက် ၅၅၁ ယောက်မှာ ကွန်မျူနစ်များ ဖြစ်ကြသည်။ ဤသို့ အလင်းဝင်လာသူများတွင် ထင်ရှားသော အောက်ပါ သူပုန်ခေါင်းဆောင်များ ပါဝင်ကြ၏။

(၁) ဗမာပြည် ကွန်မျူနစ်ပါတီ အနောက်မြောက်တိုင်း ကော်မီတီဥက္ကဋ္ဌ လွှတ်တော်အမတ်ဟောင်း ဦးသိန်းမောင်။
(၂) မန္တလေးခရိုင် ကွန်မျူနစ်ပါတီ ဥက္ကဋ္ဌ မန္တလေးသူရိယ ဦးသန်းမောင်။
(၃) ကွန်မျူနစ်ပါတီ၏ကြွေးကြော်သံ ပြည်သူ့အာဏာဂျာနယ်အယ်ဒီတာ ဦးအုံးကြွယ်။
(၄) ရခိုင်တိုင်းမှ အလံနီကွန်မျူနစ်ပါတီ ခေါင်းဆောင် ဗိုလ်ပေါက်သာကျော်။
(၅) သရက်ခရိုင်ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်ရဲညွန့်။
(၆) အင်းစိန်ခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ခေါင်းဆောင် ဗိုလ်ဂါမဏိ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာခရီး

ဒုတိယပိုင်း

ဦးသန့် ရေးသည်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပြည်တော်သာခရီး

ဒုတိယပိုင်း

ရေးသူ-ဦးသန့်
ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာနိုင်ငံ
ကိုယ်စားလှယ်တော်

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း